ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန













# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်

# အမျိုးသားစီမံကိန်း

# ဒုတိယ(၆)လပတ်အစီရင်ခံစာ

၂၀၁၅ခုနှစ်၊ မေလ

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်
## အမျိုးသားစီမံကိန်း ဒုတိယ(၆)လပတ်
## အစီရင်ခံစာ

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| အခန်း(၁) | ပြုပြင်ပြောင်းလဲမှုများ | ၁၃ |
| အခန်း(၂) | မေခရိုစီးပွားရေးအခြေအနေ | ၂၁ |
| အခန်း(၃) | မြန်မာနိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးအခြေအနေ | ၃၈ |
| အခန်း(၄) | ငွေကြေးမူဝါဒ၊ဘဏ္ဍာရေးမူဝါဒ၊ရသုံးမှန်းခြေငွေစာရင်း | ၄၉ |
| အခန်း(၅) | ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ | ၅၇ |
| အခန်း(၆) | ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်မှုအခြေအနေ | ၂၀၂ |
| အခန်း(၇) | ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု | ၂၉၆ |
| အခန်း(၈) | အထူးစီးပွားရေးဇုန်များလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၃၀၅ |
| အခန်း(၉) | ပြည်ပအကူအညီအထောက်အပံ့ရရှိမှု | ၃၁၉ |
| အခန်း(၁၀) | ပြည်ပစီးပွားရေးဆက်ဆံမှုများနှင့်မြန်မာနိုင်ငံ | ၃၃၁ |
| | နိဂုံး | ၃၃၅ |

# ပုံပြဂရပ် မာတိကာ


| ပုံပြဂရပ် စဉ် | | အကြောင်းအရာ | က စာမျက်နှာ |
|---|---|---|---|
| ၁ | ပုံ ၂-၁ | ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီ တိုးတက်မှု (ရာခိုင်နှုန်း) | ၂၁ |
| ၂ | ပုံ ၂-၂ | အာဆီယံနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုခန့်မှန်းချက် | ၂၄ |
| ၃ | ပုံ ၂-၃ | မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းထားသည့် တိုးတက်မှုနှုန်းအခြေအနေ | ၂၆ |
| ၄ | ပုံ ၂-၄ | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) (နှစ်အလိုက်ဈေးနှုန်း) | ၂၇ |
| ၅ | ပုံ ၂-၅ | စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစားများ | ၂၈ |
| ၆ | ပုံ ၂-၆ | နိုင်ငံခြားငွေလဲလှယ်နှုန်း | ၂၈ |
| ၇ | ပုံ ၂-၇ | လုပ်ငန်းအမျိုးအစားအလိုက်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု | ၂၉ |
| ၈ | ပုံ ၂-၈ | လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု | ၃၀ |
| ၉ | ပုံ ၂-၉ | အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ | ၃၀ |
| ၁၀ | ပုံ ၂-၁၀ | ပို့ကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၃၁ |
| ၁၁ | ပုံ ၂-၁၁ | သွင်းကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၃၁ |
| ၁၂ | ပုံ ၂-၁၂ | ကုန်သွယ်မှုပမာဏ | ၃၂ |
| ၁၃ | ပုံ ၂-၁၃ | ကုန်သွယ်မှု ပိုငွေ/ လိုငွေ | ၃၂ |
| ၁၄ | ပုံ ၂-၁၄ | ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန် အခြေအနေ | ၃၃ |
| ၁၅ | ပုံ ၂-၁၅ | ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ | ၃၃ |
| ၁၆ | ပုံ ၂-၁၆ | ဆရာဝန်ဦးရေ | ၃၄ |
| ၁၇ | ပုံ ၂-၁၇ | သူနာပြုဦးရေ | ၃၄ |
| ၁၈ | ပုံ ၂-၁၈ | အခြေခံပညာကျောင်းများအခြေအနေ | ၃၅ |
| ၁၉ | ပုံ ၂-၁၉ | အခြေခံပညာကျောင်းဆရာများအခြေအနေ | ၃၅ |
| ၂၀ | ပုံ ၂-၂၀ | အခြေခံပညာကျောင်းသားများအခြေအနေ | ၃၆ |
| ၂၁ | ပုံ ၂-၂၁ | တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အခြေအနေ | ၃၆ |
| ၂၂ | ပုံ ၂-၂၂ | ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ၃၇ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၃ | ပုံ ၂-၂၃ | လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း | ၃၇ |
| ၂၄ | | ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၅-၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၅၇ |
| | ပုံ ၅-၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၅၇ |
| ၂၅ | ပုံ ၅-၃ | ကဏ္ဍများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၅၈ |
| ၂၆ | ပုံ ၅-၄ | ကဏ္ဍများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း(နှစ်အလိုက်ဈေးနှုန်း) | ၅၉ |
| ၂၇ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **လယ်ယာကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၆၁ |
| | ပုံ ၅-၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၆၁ |
| ၂၈ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **သားငါးကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၆၆ |
| | ပုံ ၅-၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၆၆ |
| ၂၉ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **သစ်တောကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၆၉ |
| | ပုံ ၅-၁၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၆၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၀ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **စွမ်းအင်ကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၁၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၇၂ |
| | ပုံ ၅-၁၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၇၂ |
| ၃၁ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ** စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၁၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၇၅ |
| | ပုံ ၅-၁၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၇၅ |
| ၃၂ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **စက်မှုလက်မှုကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၁၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၇၉ |
| | ပုံ ၅-၁၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၇၉ |
| ၃၃ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **လျှပ်စစ်ဓာတ်အားကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၁၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၈၄ |
| | ပုံ ၅-၁၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၈၄ |
| ၃၄ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **ဆောက်လုပ်မှုကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၁၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၉၃ |
| | ပုံ ၅-၂၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၉၃ |

## ပုံပြဂရပ်


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၅ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **ပို့ဆောင်ရေးကဏ္ဍာ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၂၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၉၉ |
| | ပုံ ၅-၂၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၉၉ |
| ၃၆ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **ဆက်သွယ်ရေးကဏ္ဍာ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၂၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၀၉ |
| | ပုံ ၅-၂၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၀၉ |
| ၃၇ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **ငွေရေးကြေးရေးကဏ္ဍာ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၂၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၁၃ |
| | ပုံ ၅-၂၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၁၃ |
| ၃၈ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် **ကုန်သွယ်မှုကဏ္ဍာ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၂၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၁၆ |
| | ပုံ ၅-၂၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၁၆ |
| ၃၉ | ပုံ ၅-၂၉ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ သမဝါယမပိုင်အခန်းမှ ဒုတိယ (၆) လပတ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၂၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၀ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဒုတိယ (၆) လပတ် **ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ | |
| | ပုံ ၅-၃၀ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၂၅ |
| | ပုံ ၅-၃၁ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၂၅ |
| ၄၁ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် **လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ** စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှု နှုန်း အခြေအနေ | |
| | ပုံ ၅-၃၂ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၃၀ |
| | ပုံ ၅-၃၃ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၃၀ |
| ၄၂ | | ကချင်ပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၀၂ |
| | ပုံ ၆-၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၀၂ |
| ၄၃ | | ကယားပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၀၇ |
| | ပုံ ၆-၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၀၇ |
| ၄၄ | | ကရင်ပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၁၂ |
| | ပုံ ၆-၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၁၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၅ | | ချင်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၂၀ |
| | ပုံ ၆-၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၂၀ |
| ၄၆ | | စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၂၅ |
| | ပုံ ၆-၁၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၂၅ |
| ၄၇ | | တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၁၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၃၄ |
| | ပုံ ၆-၁၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၃၄ |
| ၄၈ | | ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၁၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၃၈ |
| | ပုံ ၆-၁၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၃၈ |
| ၄၉ | | မကွေးတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၁၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၄၅ |
| | ပုံ ၆-၁၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၄၅ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၀ | | မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၁၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၅၂ |
| | ပုံ ၆-၁၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၅၂ |
| ၅၁ | | မွန်ပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၁၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၅၇ |
| | ပုံ ၆-၂၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၅၇ |
| ၅၂ | | ရခိုင်ပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၂၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၆၂ |
| | ပုံ ၆-၂၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၆၂ |
| ၅၃ | | ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၂၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၆၆ |
| | ပုံ ၆-၂၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၆၆ |
| ၅၄ | | ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၂၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၇၁ |
| | ပုံ ၆-၂၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၇၁ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၅ | | ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၂၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၈၅ |
| | ပုံ ၆-၂၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၈၅ |
| ၅၆ | | နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | |
| | ပုံ ၆-၂၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၂၉၁ |
| | ပုံ ၆-၃၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၂၉၁ |
| ၅၇ | ပုံ ၉-၁ | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ ရရှိမှုအခြေအနေ (၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်) | ၃၂၂ |
| ၅၈ | ပုံ ၉-၂ | နိုင်ငံအချင်းချင်း နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်) | ၃၂၉ |
| ၅၉ | ပုံ ၉-၃ | ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်) | ၃၃၀ |

# ဇယားမာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ဇယား က-၁ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ဒုတိယ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက် ဈေးနှုန်းအရ) | ၅ |
| ၂ | ဇယား က-၂ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် နှင့် ဒုတိယ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ် အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ) | ၆ |
| ၃ | ဇယား က-၃ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ဒုတိယ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းအရ) | ၇ |
| ၄ | ဇယား က-၄ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်နှင့် ဒုတိယ (၆)လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၈ |
| ၅ | ဇယား က-၅ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ကဏ္ဍကြီးများ အလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၉ |
| ၆ | ဇယား က-၆ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၁၀ |
| ၇ | ဇယား က-၇ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ကဏ္ဍကြီးများ အလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက် ဈေးနှုန်းအရ) | ၁၁ |
| ၈ | ဇယား က-၈ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းအရ) | ၁၂ |

| | | | |
|---|---|---|---|
| ၉ | ဇယား ၃-၁ | မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ | ၃၈ |
| ၁၀ | ဇယား ၃-၂ | မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ | ၃၉ |
| ၁၁ | ဇယား ၃-၃ | ပညာရေးနှင့်ကျန်းမာရေးညွှန်ကိန်းများ | ၄၁ |
| ၁၂ | ဇယား ၃-၄ | ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်မှုအခြေအနေ | ၄၆ |
| ၁၃ | ဇယား ၄-၁ | ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု | ၅၄ |
| ၁၄ | ဇယား ၅-၁ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် လျှပ်စစ်ဓာတ်အား အသုံးပြုမှု အခြေအနေ | ၈၅ |
| ၁၅ | ဇယား ၅-၂ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုမှ ဒုတိယ (၆)လပတ် (အောက်တိုဘာလ မှ မတ်လကုန်အထိ) | ၁၉၉ |
| ၁၆ | ဇယား ၅-၃ | တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုမှ ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ) | ၂၀၁ |
| ၁၇ | ဇယား ၇-၁ | ကဏ္ဍအလိုက်ခွင့်ပြုထားသော မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များ အခြေအနေ | ၃၀၁ |
| ၁၈ | ဇယား ၇-၂ | တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ရှိဆောင်ရွက်နေသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ | ၃၀၂ |
| ၁၉ | ဇယား ၇-၃ | အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု | ၃၀၃ |
| ၂၀ | ဇယား ၇-၄ | နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု | ၃၀၃ |
| ၂၁ | ဇယား ၉-၁ | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှု အခြေအနေ (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်) | ၃၂၁ |
| ၂၂ | ဇယား ၉-၂ | နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်း များ အလိုက် အကူအညီ အထောက်အပံ့ ရရှိမှု (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်) | ၃၂၈ |

## ယေဘုယျရှင်းလင်းချက်

**၁။ ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဈေးနှုန်းကိုဆိုလိုပါသည်။

**၂။ တိုးတက်မှုနှုန်း တွက်ချက်နည်း**

$$r = \left( \frac{Y_t - Y_{t-1}}{Y_{t-1}} \right) \times 100$$

r = တိုးတက်မှုနှုန်း

$Y_t$ = ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

$Y_{t-1}$ = ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

**၃။ အကောင်အထည်ဖော်နိုင်မှုနှုန်း တွက်ချက်နည်း**

$$P_R = \left( \frac{Y_t}{P_t} \right) \times 100$$

$P_R$ = အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း

$Y_t$ = ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

$P_t$ = ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရည်မှန်းချက်

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
# ဒုတိယ(၆)လပတ် အစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၄)၊ ပုဒ်မ ၁၀၀ (ခ) အရ အမျိုးသားစီမံကိန်းနှင့် အခန်း(၄) ပုဒ်မ ၁၉၀ (ခ) အရ ဒေသန္တရစီမံကိန်းတို့ကို ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် အသီးသီးသို့ တင်ပြအတည်ပြု ပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ တစ်မျိုးသားလုံး၏ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု (People Centred Development) ရရှိစေရန် စီးပွားရေးမူဝါဒ ၄ ရပ် ချမှတ်၍ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မူဝါဒများနှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေး၊ သစ်တောသယံဇာတ ထိန်းသိမ်းရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်း ထူထောင်ရေး၊ စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေး၊ လုပ်ငန်းတိုင်းအတွက် လျှပ်စစ်၊ မြို့တိုင်းအတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက် လျှပ်စစ်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ထွန်းရေး၊ မြို့ပြများဖြစ်ထွန်းရေးနှင့် ခေတ်မီလမ်းတံတားများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး၊ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေး၊ လူတိုင်းအတွက်၊ နေရာတိုင်းအတွက် ဆက်သွယ်ရေးစနစ် ပေါ်ပေါက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းရေး၊ အမျိုးသားစာရင်းအင်းစနစ်များ ခိုင်မာကောင်းမွန်စေရေး လုပ်ငန်းစဉ်များကိုလည်း အလေးထားရေးဆွဲခဲ့သည့်အပြင် ပြည်သူတို့၏ အဓိကလိုအပ်ချက်များ၊ လိုလားချက်များအပေါ်

မူတည်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး စသည့် လုပ်ငန်းစဉ် ၇ ရပ်ကို ဦးစားပေး ရည်မှန်းရေးဆွဲခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၄၂,၈၂၇,၈၄၂.၄သန်း ရရှိရန် ရည်မှန်းထား ပါသည်။ ကဏ္ဍတစ်ခုချင်းအလိုက် နှစ်အလိုက်ဈေးနှုန်းများ အရ-

(က) လယ်ယာကဏ္ဍတွင်ကျပ် ၁၀,၄၃၃,၈၁၈.၈ သန်း ဖြစ်ပေါ်ရန်၊

(ခ) သားငါးကဏ္ဍတွင် ကျပ် ၂,၇၁၀,၄၆၁.၆ သန်း ဖြစ်ပေါ်ရန်၊

(ဂ) သစ်တော ကဏ္ဍတွင်ကျပ် ၈၁,၆၉၅.၁ သန်း ဖြစ်ပေါ် ရန်၊

(ဃ) စွမ်းအင်ကဏ္ဍတွင် ကျပ် ၂,၂၃၇,၈၆၁.၁ သန်း ဖြစ်ပေါ်ရန်၊

(င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင်ကျပ် ၃၅၅,၁၇၂.၁ သန်းဖြစ်ပေါ်ရန် ၊

(စ) စက်မှုလက်မှုကဏ္ဍတွင် ကျပ် ၉,၄၇၃,၁၃၁.၃ သန်း ဖြစ်ပေါ်ရန် ၊

(ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ် ၅၀၉,၉၄၇.၁ သန်း ဖြစ်ပေါ်ရန်၊

(ဇ) ဆောက်လုပ်မှုကဏ္ဍတွင် ကျပ် ၂,၂၅၉,၂၃၄.၇ သန်း ဖြစ်ပေါ်ရန်၊

(ဈ) ပို့ဆောင်ရေးကဏ္ဍတွင်ကျပ် ၄,၀၉၇,၁၁၅.၈ သန်း ဖြစ်ပေါ်ရန်၊

(ည) ဆက်သွယ်ရေးကဏ္ဍတွင်ကျပ် ၂၉၄,၂၆၇.၄ သန်းဖြစ်ပေါ်ရန်၊

(ဋ) ငွေရေးကြေးရေးကဏ္ဍတွင်ကျပ် ၆၁,၅၄၄.၇ သန်း ဖြစ်ပေါ်ရန် ၊

(ဌ) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင်ကျပ် ၉၂၅,၇၅၇.၃ သန်းဖြစ်ပေါ်ရန်၊

(ဍ) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ကျပ် ၇၆၄,၀၆၇.၁ သန်း ဖြစ်ပေါ်ရန်၊

(ဎ) ကုန်သွယ်မှုကဏ္ဍတွင် ကျပ် ၈,၆၂၃,၇၆၈.၃ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထား ပါသည်။

ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် တွင် တိုင်းဒေသကြီး / ပြည်နယ် အလိုက် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) ကို နှစ်အလိုက်ဈေးနှုန်းများ အရ-

(က) ကချင်ပြည်နယ်တွင်ကျပ် ၁,၁၄၄,၀၃၆.၄ သန်း ဖြစ်ပေါ်ရန်၊

(ခ) ကယားပြည်နယ်တွင်ကျပ် ၁၃၉,၆၀၀.၀ သန်း ဖြစ်ပေါ်ရန်၊

(ဂ) ကရင်ပြည်နယ်တွင်ကျပ် ၇၇၄,၆၂၆.၃ သန်း ဖြစ်ပေါ်ရန်၊

(ဃ) ချင်းပြည်နယ်တွင်ကျပ် ၁၆၄,၂၆၀.၈ သန်း ဖြစ်ပေါ်ရန်၊

(င) စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျပ် ၅,၀၅၁,၀၁၃.၁ သန်း ဖြစ်ပေါ်ရန်၊

(စ) တနင်္သာရီတိုင်းဒေသကြီးတွင် ကျပ် ၁,၉၆၅,၆၃၂.၈ သန်း ဖြစ်ပေါ်ရန်၊

(ဆ) ပဲခူးတိုင်းဒေသကြီးတွင် ကျပ် ၃,၇၉၈,၁၄၅.၅ သန်း ဖြစ်ပေါ်ရန်၊

(ဇ) မကွေးတိုင်းဒေသကြီး တွင် ကျပ် ၃,၇၈၅,၀၄၅.၇ သန်း ဖြစ်ပေါ်ရန်၊

(ဈ) မန္တလေးတိုင်းဒေသကြီးတွင် ကျပ် ၄,၃၃၉,၂၂၀.၇ သန်း ဖြစ်ပေါ်ရန်၊

(ည) မွန်ပြည်နယ်တွင် ကျပ် ၁, ၈၇၀,၀၇၆.၆ သန်း ဖြစ်ပေါ်ရန်၊

(ဋ) ရခိုင်ပြည်နယ်တွင်ကျပ် ၁,၈၀၁, ၆၂၀.၅ သန်း ဖြစ်ပေါ်ရန်၊

(ဌ) ရန်ကုန်တိုင်းဒေသကြီးတွင် ကျပ် ၈,၇၀၇,၈၅၅.၀ သန်းဖြစ်ပေါ်ရန်၊

(ဍ) ရှမ်းပြည်နယ်တွင် ကျပ် ၂,၆၉၅,၄၁၃.၄ သန်း ဖြစ်ပေါ်ရန်၊

(ဎ) ဧရာဝတီတိုင်းဒေသကြီးတွင် ကျပ် ၅,၆၄၈,၆၆၇.၂ သန်း ဖြစ်ပေါ်ရန်၊

(ဏ) နေပြည်တော်ကောင်စီနယ်မြေတွင်ကျပ် ၉၄၂,၆၂၆.၄ သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် တွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၈.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။ ကဏ္ဍတစ်ခုချင်းအလိုက် ပုံမှန်ဈေးနှုန်းများအရ-

(က) လယ်ယာကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) သားငါးကဏ္ဍတွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) သစ်တောကဏ္ဍတွင် ၂၆.၇ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(ဃ) စွမ်းအင်ကဏ္ဍတွင် ၁၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) စက်မှုလက်မှုကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) ဆောက်လုပ်မှုကဏ္ဍတွင် ၁၉.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဈ) ပို့ဆောင်ရေးကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) ဆက်သွယ်ရေးကဏ္ဍတွင် ၆၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဋ) ငွေရေးကြေးရေးကဏ္ဍတွင် ၂၃.၉ ရာခိုင် နှုန်း တိုးတက်ရန်၊

(ဌ) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁၈.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဍ) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဎ) ကုန်သွယ်မှုကဏ္ဍတွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် တွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပုံမှန်စျေးနှုန်းများအရ -

(က) ကချင်ပြည်နယ်တွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ခ) ကယားပြည်နယ်တွင် ၈.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) ကရင်ပြည်နယ်တွင် ၁၅.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဃ) ချင်းပြည်နယ်တွင် ၂၆.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(င) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(စ) တနင်္သာရီတိုင်းဒေသကြီးတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဆ) ပဲခူးတိုင်းဒေသကြီး တွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဇ) မကွေးတိုင်းဒေသကြီး တွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဈ) မန္တလေးတိုင်းဒေသကြီး တွင် ၁၁.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ည) မွန်ပြည်နယ်တွင် ၁၁.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဋ) ရခိုင်ပြည်နယ်တွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဌ) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဍ) ရှမ်းပြည်နယ်တွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဎ) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဏ) နေပြည်တော်ကောင်စီနယ်မြေတွင် ၃၂.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် တွင် နှစ်အလိုက်စျေးနှုန်းအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုးအစားကို ဖော်ပြပါအတိုင်း ဖြစ်ပေါ်လာစေရန် ရည်မှန်းခဲ့ပါသည် -

(က) လယ်ယာကဏ္ဍကြီးတွင် ၃၀.၉ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) စက်မှုကဏ္ဍကြီးတွင် ၃၄.၆ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၄.၅ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန် ရည်မှန်းခဲ့ပါသည်။

စီးပွားရေးအခြေခံများအပေါ် မူတည်၍ ချမှတ်ထားသော ရည်မှန်းချက်များ ပြည့်မီရေးအတွက် မူဝါဒများ၊ စီးပွားရေး မဟာဗျူဟာများ၊ နည်းဗျူဟာ နှင့် လုပ်နည်း လုပ်ဟန်များတွင် အလျော့အတင်းများ ပြုလုပ်လျက် လိုအပ်သည့် ပြုပြင် ပြောင်းလဲမှု (Reform Measure) များဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာတွင် ဒုတိယ (၆)လပတ် (အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်ခဲ့မှု အခြေအနေကို တင်ပြအပ်ပါသည်။

## ဇယား (က-၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ဒုတိယ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်စျေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | ကဏ္ဍ | စီမံကိန်း ရည်မှန်းချက် | ဒုတိယ (၆)လပတ် ရည်မှန်းချက် | ဒုတိယ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ဒုတိယ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) | ၆၆,၂၃၅,၇၀၆.၆ | ၄၂,၈၂၇,၈၄၂.၄ | ၄၃,၀၉၂,၇၈၉.၂ | ၁၀၀.၆ |
| ၂ | လယ်ယာကဏ္ဍ | ၁၃,၇၅၉,၀၂၉.၉ | ၁၀,၄၃၃,၈၁၈.၈ | ၉,၈၆၇,၉၅၈.၂ | ၉၄.၆ |
| ၃ | သားငါးကဏ္ဍ | ၅,၀၄၄,၄၁၅.၂ | ၂,၇၁၀,၄၆၁.၆ | ၂,၉၂၉,၅၉၅.၀ | ၁၀၈.၁ |
| ၄ | သစ်တောကဏ္ဍ | ၁၁၀,၉၇၆.၆ | ၈၁,၆၉၅.၁ | ၁၀၃,၀၁၃.၆ | ၁၂၆.၁ |
| ၅ | စွမ်းအင်ကဏ္ဍ | ၄,၄၇၅,၇၂၂.၈ | ၂,၂၃၇,၈၆၁.၁ | ၂,၀၉၃,၆၃၀.၂ | ၉၃.၆ |
| ၆ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၇၁၀,၃၄၄.၁ | ၃၅၅,၁၇၂.၁ | ၅၄၄,၂၇၃.၃ | ၁၅၃.၂ |
| ၇ | စက်မှုလက်မှုကဏ္ဍ | ၁၃,၅၄၂,၅၂၈.၉ | ၉,၄၇၃,၁၃၁.၃ | ၉,၀၆၈,၃၁၁.၅ | ၉၅.၇ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁,၀၁၉,၈၉၄.၁ | ၅၀၉,၉၄၇.၁ | ၄၆၂,၂၈၂.၆ | ၉၀.၇ |
| ၉ | ဆောက်လုပ်မှုကဏ္ဍ | ၃,၄၈၀,၆၁၈.၀ | ၂,၂၅၉,၂၃၄.၇ | ၂,၆၁၇,၉၇၆.၇ | ၁၁၅.၉ |
| ၁၀ | ပို့ဆောင်ရေးကဏ္ဍ | ၇,၅၄၀,၉၇၀.၄ | ၄,၀၉၇,၁၁၅.၈ | ၄,၂၆၀,၇၈၃.၀ | ၁၀၄.၀ |
| ၁၁ | ဆက်သွယ်ရေးကဏ္ဍ | ၅၈၈,၅၃၄.၈ | ၂၉၄,၂၆၇.၄ | ၆၉၆,၂၂၀.၅ | ၂၃၆.၆ |
| ၁၂ | ငွေရေးကြေးရေးကဏ္ဍ | ၉၈,၉၂၄.၀ | ၆၁,၅၄၄.၇ | ၇၈,၅၄၆.၁ | ၁၂၇.၆ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၁,၈၈၆,၂၂၂.၁ | ၉၂၅,၇၅၇.၃ | ၁,၁၃၉,၆၇၅.၁ | ၁၂၃.၁ |
| ၁၄ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁,၄၉၈,၁၇၀.၃ | ၇၆၄,၀၆၇.၁ | ၇၉၇,၉၇၃.၆ | ၁၀၄.၄ |
| ၁၅ | ကုန်သွယ်မှုကဏ္ဍ | ၁၂,၄၇၉,၃၅၅.၄ | ၈,၆၂၃,၇၆၈.၃ | ၈,၄၃၂,၅၄၉.၈ | ၉၇.၈ |
|  | **ပါဝင်မှုအချိုးအစား(%)** |  |  |  |  |
| ၁၆ | လယ်ယာကဏ္ဍကြီး | ၂၈.၆ | ၃၀.၉ | ၂၉.၉ |  |
| ၁၇ | စက်မှုကဏ္ဍကြီး | ၃၅.၀ | ၃၄.၆ | ၃၄.၃ |  |
| ၁၈ | ဝန်ဆောင်မှုကဏ္ဍကြီး | ၃၆.၄ | ၃၄.၅ | ၃၅.၈ |  |

**ဇာစ်မြစ်**။ **စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

# ဇယား (က-၂) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ဒုတိယ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စီမံကိန်း ရည်မှန်းချက် | ဒုတိယ (၆)လပတ် ရည်မှန်းချက် | ဒုတိယ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ဒုတိယ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁,၅၅၁,၂၉၀.၅ | ၁,၁၄၄,၀၃၆.၄ | ၉၂၂,၃၂၈.၅ | ၈၀.၆ |
| ၂ | ကယားပြည်နယ် | ၂၂၇,၈၇၆.၇ | ၁၃၉,၆၀၀.၀ | ၁၄၂,၂၇၆.၈ | ၁၀၁.၉ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၃,၀၈၅.၄ | ၇၇၄,၆၂၆.၃ | ၈၄၇,၂၇၃.၀ | ၁၀၉.၄ |
| ၄ | ချင်းပြည်နယ် | ၂၄၂,၄၇၀.၄ | ၁၆၄,၂၆၀.၈ | ၁၅၅,၈၆၉.၀ | ၉၄.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၇,၂၃၂,၂၅၅.၇ | ၅,၀၅၁,၀၁၃.၁ | ၅,၃၃၈,၈၃၉.၃ | ၁၀၅.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၃၆,၁၆၆.၂ | ၁,၉၆၅,၆၃၂.၈ | ၁,၈၈၉,၉၇၃.၅ | ၉၆.၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၈၈,၆၇၄.၁ | ၃,၇၉၈,၁၄၅.၅ | ၃,၈၆၂,၉၈၅.၅ | ၁၀၁.၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၁၃၉,၁၃၂.၃ | ၃,၇၈၅,၀၄၅.၇ | ၃,၆၇၅,၆၉၉.၅ | ၉၇.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၇၈၆,၀၈၅.၆ | ၄,၃၃၉,၂၂၁.၇ | ၄,၃၇၄,၆၆၅.၆ | ၁၀၀.၈ |
| ၁၀ | မွန်ပြည်နယ် | ၂,၆၅၈,၇၁၉.၆ | ၁,၈၇၀,၀၇၆.၆ | ၁,၇၁၈,၂၇၃.၄ | ၉၁.၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၉၅၆,၄၀၆.၄ | ၁,၈၀၁,၆၂၁.၅ | ၁,၉၈၀,၆၀၇.၄ | ၁၀၉.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၉၉၀,၉၈၆.၅ | ၈,၇၀၇,၈၅၅.၀ | ၉,၂၂၀,၄၄၂.၀ | ၁၀၅.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၁၇၃,၄၄၆.၁ | ၂,၆၉၅,၄၁၃.၄ | ၂,၆၆၅,၁၉၁.၃ | ၉၈.၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈,၉၇၄,၇၉၈.၂ | ၅,၆၄၈,၆၆၇.၂ | ၅,၃၆၆,၅၂၆.၈ | ၉၅.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၄၄၄,၃၁၂.၉ | ၉၄၂,၆၂၆.၄ | ၉၃၁,၈၃၇.၆ | ၉၈.၉ |

**ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## ဇယား (က-၃) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် နှင့် ဒုတိယ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | ကဏ္ဍ | စီမံကိန်း ရည်မှန်းချက် | ဒုတိယ (၆)လပတ် ရည်မှန်းချက် | ဒုတိယ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ဒုတိယ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) | ၅၄,၄၂၈,၂၆၃.၃ | ၃၅,၅၄၁,၉၉၅.၀ | ၃၅,၂၇၁,၀၉၃.၈ | ၉၉.၂ |
| ၂ | လယ်ယာကဏ္ဍ | ၁၁,၉၄၄,၀၈၇.၈ | ၉,၀၆၄,၈၇၃.၇ | ၈,၄၈၀,၇၇၁.၀ | ၉၃.၆ |
| ၃ | သားငါးကဏ္ဍ | ၄,၄၃၉,၈၀၉.၉ | ၂,၃၈၆,၂၆၆.၃ | ၂,၄၃၈,၉၄၈.၂ | ၁၀၂.၂ |
| ၄ | သစ်တောကဏ္ဍ | ၁၀၅,၄၁၀.၅ | ၇၆,၃၃၄.၈ | ၉၄,၀၂၉.၄ | ၁၂၃.၂ |
| ၅ | စွမ်းအင်ကဏ္ဍ | ၈၀,၅၂၄.၁ | ၄၀,၂၅၁.၉ | ၄၇,၇၅၈.၂ | ၁၁၈.၆ |
| ၆ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၄၅၁,၆၇၈.၆ | ၂၂၅,၈၃၉.၃ | ၄၁၉,၄၀၁.၇ | ၁၈၅.၇ |
| ၇ | စက်မှုလက်မှုကဏ္ဍ | ၁၁,၈၀၂,၃၈၄.၁ | ၈,၂၅၅,၈၉၀.၆ | ၇,၉၅၀,၂၀၅.၈ | ၉၆.၃ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၆၄၀,၂၀၆.၈ | ၃၂၀,၁၀၃.၄ | ၃၁၁,၄၇၄.၆ | ၉၇.၃ |
| ၉ | ဆောက်လုပ်မှုကဏ္ဍ | ၂,၈၅၂,၈၁၉.၁ | ၁,၈၅၁,၅၂၄.၄ | ၂,၀၃၈,၄၆၂.၁ | ၁၁၀.၁ |
| ၁၀ | ပို့ဆောင်ရေးကဏ္ဍ | ၆,၆၇၅,၂၉၃.၇ | ၃,၆၅၄,၁၈၃.၄ | ၃,၇၀၄,၈၃၁.၆ | ၁၀၁.၄ |
| ၁၁ | ဆက်သွယ်ရေးကဏ္ဍ | ၂,၆၁၄,၁၇၉.၅ | ၁,၃၀၇,၀၈၉.၇ | ၁,၅၄၇,၂၀၀.၀ | ၁၁၈.၄ |
| ၁၂ | ငွေရေးကြေးရေးကဏ္ဍ | ၁၂၇,၆၆၀.၄ | ၇၉,၄၂၃.၂ | ၁၀၁,၃၆၄.၀ | ၁၂၇.၆ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၁,၃၈၆,၉၃၉.၇ | ၆၇၉,၈၄၁.၄ | ၈၀၇,၅၈၀.၇ | ၁၁၈.၈ |
| ၁၄ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁,၂၅၁,၁၃၁.၄ | ၆၃၈,၀၇၇.၀ | ၆၆၈,၇၃၉.၄ | ၁၀၄.၈ |
| ၁၅ | ကုန်သွယ်မှုကဏ္ဍ | ၁၀,၀၅၆,၁၃၇.၇ | ၆,၉၆၂,၂၉၅.၉ | ၆,၆၆၀,၃၂၇.၁ | ၉၅.၇ |

**ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

# ဇယား (က-၄) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စိမ်ကိန်းရည်မှန်းချက် နှင့် ဒုတိယ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စီမံကိန်း ရည်မှန်းချက် | ဒုတိယ (၆)လပတ် ရည်မှန်းချက် | ဒုတိယ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ဒုတိယ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁,၂၆၁,၇၅၅.၆ | ၉၄၁,၂၁၉.၂ | ၇၄၇,၈၁၁.၆ | ၇၉.၅ |
| ၂ | ကယားပြည်နယ် | ၁၉၆,၃၂၀.၅ | ၁၁၉,၇၉၇.၇ | ၁၂၃,၅၈၃.၈ | ၁၀၃.၂ |
| ၃ | ကရင်ပြည်နယ် | ၁,၀၀၂,၇၄၈.၉ | ၆၇၈,၅၀၃.၂ | ၇၂၂,၉၈၄.၀ | ၁၀၆.၆ |
| ၄ | ချင်းပြည်နယ် | ၂၂၀,၆၀၂.၄ | ၁၄၆,၃၉၇.၃ | ၁၃၀,၅၈၂.၈ | ၈၉.၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၃၂၉,၀၁၅.၉ | ၄,၄၁၈,၃၄၅.၄ | ၄,၆၀၈,၅၉၄.၄ | ၁၀၄.၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၈၆၃,၁၀၁.၃ | ၁,၀၉၃,၉၇၇.၄ | ၁,၀၇၀,၁၁၃.၈ | ၉၇.၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၆၇၂,၇၄၅.၃ | ၃,၃၆၉,၂၈၂.၇ | ၃,၃၃၃,၀၃၄.၉ | ၉၈.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၇၀,၁၁၉.၀ | ၃,၁၇၀,၃၃၉.၄ | ၃,၀၉၃,၃၃၇.၅ | ၉၇.၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၂၁၃,၉၇၆.၇ | ၃,၉၁၉,၃၀၆.၁ | ၃,၉၀၁,၄၀၀.၂ | ၉၉.၅ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၅၅,၇၉၀.၀ | ၁,၆၃၆,၁၇၁.၉ | ၁,၄၇၈,၁၀၄.၀ | ၉၀.၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၀၂၂,၈၉၅.၀ | ၁,၂၉၅,၅၉၄.၆ | ၁,၃၁၉,၈၇၆.၃ | ၁၀၁.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂,၁၁၂,၈၀၆.၈ | ၇,၅၂၀,၂၀၀.၀ | ၇,၉၃၄,၂၇၇.၄ | ၁၀၅.၅ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၆၉၉,၇၉၉.၁ | ၂,၃၇၇,၀၇၇.၅ | ၂,၂၃၈,၁၄၅.၃ | ၉၄.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၀၀၇,၈၅၄.၆ | ၄,၀၂၁,၀၇၁.၈ | ၃,၇၃၇,၀၈၆.၆ | ၉၂.၉ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၉၈,၅၃၂.၂ | ၈၃၄,၇၁၀.၈ | ၈၁၁,၇၆၁.၂ | ၉၉.၆ |

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

# ဇယား (က- ၅)

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) | | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | |
| | | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၁,၁၂၄,၇၄၃.၈** | **၁၀,၇၁၄,၅၇၅.၅** | **၉၆.၃** | **၁၁,၅၂၇,၄၇၄.၈** | **၃.၆** | **၁၁,၀၁၃,၇၄၈.၆** | **၉၅.၅** | **၂.၈** |
| | ၁ | လယ်ယာ | ၈,၈၂၆,၁၆၄.၆ | ၈,၂၉၁,၆၃၇.၂ | ၉၃.၉ | ၉,၀၆၄,၈၇၃.၇ | ၂.၇ | ၈,၄၈၀,၇၇၁.၀ | ၉၃.၆ | ၂.၃ |
| | ၂ | သားငါး | ၂,၁၉၄,၄၁၃.၆ | ၂,၂၉၃,၂၉၈.၀ | ၁၀၄.၅ | ၂,၃၈၆,၂၆၆.၃ | ၈.၇ | ၂,၄၃၈,၉၄၈.၂ | ၁၀၂.၂ | ၆.၄ |
| | ၃ | သစ်တော | ၁၀၄,၁၆၅.၆ | ၁၂၉,၆၄၀.၃ | ၁၂၄.၅ | ၇၆,၃၃၄.၈ | -၂၆.၇ | ၉၄,၀၂၉.၄ | ၁၂၃.၂ | -၂၇.၅ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၉,၆၁၉,၂၀၈.၁** | **၉,၄၈၄,၈၈၆.၁** | **၉၈.၆** | **၁၀,၆၉၃,၆၀၉.၆** | **၁၁.၂** | **၁၀,၇၆၇,၃၀၂.၄** | **၁၀၀.၇** | **၁၃.၅** |
| | ၁ | စွမ်းအင် | ၃၅,၄၉၉.၅ | ၃၄,၇၃၆.၁ | ၉၇.၈ | ၄၀,၂၅၁.၉ | ၁၃.၄ | ၄၇,၇၅၈.၂ | ၁၁၈.၆ | ၃၇.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၀၇,၅၆၃.၄ | ၂၅၄,၀၀၃.၆ | ၁၂၂.၄ | ၂၂၅,၈၃၉.၃ | ၈.၈ | ၄၁၉,၄၀၁.၇ | ၁၈၅.၇ | ၆၅.၁ |
| | ၃ | စက်မှုလက်မှု | ၇,၅၄၂,၇၇၆.၂ | ၇,၁၉၁,၄၀၆.၇ | ၉၅.၃ | ၈,၂၅၅,၈၉၀.၆ | ၉.၅ | ၇,၉၅၀,၂၀၅.၈ | ၉၆.၃ | ၁၀.၆ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၂၈၆,၉၀၂.၂ | ၂၇၃,၂၇၈.၁ | ၉၅.၃ | ၃၂၀,၁၀၃.၄ | ၁၁.၆ | ၃၁၁,၄၇၄.၆ | ၉၇.၃ | ၁၄.၀ |
| | ၅ | ဆောက်လုပ်မှု | ၁,၅၄၆,၄၆၆.၈ | ၁,၇၃၁,၄၆၁.၆ | ၁၁၂.၀ | ၁,၈၅၁,၅၂၄.၄ | ၁၉.၇ | ၂,၀၃၈,၄၆၂.၁ | ၁၁၀.၁ | ၁၇.၇ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၁,၉၉၅,၀၄၇.၅** | **၁၂,၂၈၀,၉၂၂.၈** | **၁၀၂.၄** | **၁၃,၃၂၀,၉၁၀.၆** | **၁၁.၁** | **၁၃,၄၉၀,၀၄၂.၈** | **၁၀၁.၃** | **၉.၈** |
| | ၁ | ပို့ဆောင်ရေး | ၃,၄၂၃,၁၃၀.၅ | ၃,၄၉၄,၂၁၂.၈ | ၁၀၂.၁ | ၃,၆၅၄,၁၈၃.၄ | ၆.၇ | ၃,၇၀၄,၈၁၁.၆ | ၁၀၁.၄ | ၆.၀ |
| | ၂ | ဆက်သွယ်ရေး | ၇၇၃,၈၆၂.၅ | ၁,၀၂၁,၆၁၃.၂ | ၁၃၂.၀ | ၁,၃၀၇,၀၈၉.၇ | ၆၈.၉ | ၁,၅၄၇,၂၀၀.၀ | ၁၁၈.၄ | ၅၁.၄ |
| | ၃ | ငွေရေးကြေးရေး | ၆၄,၁၀၄.၀ | ၈၉,၈၇၉.၀ | ၁၄၀.၂ | ၇၉,၄၂၃.၂ | ၂၃.၉ | ၁၀၁,၃၆၄.၀ | ၁၂၇.၆ | ၁၂.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၇၂,၁၄၈.၀ | ၇၃၄,၉၉၅.၇ | ၁၂၈.၅ | ၆၇၉,၈၄၁.၄ | ၁၈.၈ | ၈၀၇,၅၈၀.၇ | ၁၁၈.၈ | ၉.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၅၇၁,၀၃၃.၄ | ၆၀၅,၃၇၉.၂ | ၁၀၆.၀ | ၆၃၈,၀၇၇.၀ | ၁၁.၇ | ၆၆၈,၇၃၉.၄ | ၁၀၄.၈ | ၁၀.၅ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၆,၅၉၀,၇၆၉.၁ | ၆,၃၃၄,၈၄၂.၉ | ၉၆.၁ | ၆,၉၆၂,၂၉၅.၉ | ၅.၆ | ၆,၆၆၀,၃၂၇.၁ | ၉၅.၇ | ၅.၁ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၂,၇၃၈,၉၉၉.၄** | **၃၂,၄၈၀,၃၈၄.၄** | **၉၉.၂** | **၃၅,၅၄၀,၉၉၅.၀** | **၈.၆** | **၃၅,၂၇၁,၀၉၃.၈** | **၉၉.၂** | **၈.၆** |

## ဇယား (က- ၆)

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) | | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | |
| | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ကချင်ပြည်နယ် | ၉၁၉,၇၀၇.၄ | ၆၇၆,၉၉၇.၆ | ၇၃.၆ | ၉၄၁,၂၁၉.၂ | ၂.၃ | ၇၄၇,၈၁၁.၆ | ၇၉.၅ | ၁၀.၅ |
| ၂ | ကယားပြည်နယ် | ၁၁၀,၃၆၅.၉ | ၁၀၇,၈၅၄.၇ | ၉၇.၇ | ၁၁၉,၇၉၇.၇ | ၈.၅ | ၁၂၃,၅၈၃.၈ | ၁၀၃.၂ | ၁၄.၆ |
| ၃ | ကရင်ပြည်နယ် | ၅၈၉,၅၇၁.၅ | ၆၅၅,၃၈၇.၁ | ၁၁၁.၂ | ၆၇၈,၅၀၃.၂ | ၁၅.၁ | ၇၂၂,၉၈၄.၀ | ၁၀၆.၆ | ၁၀.၃ |
| ၄ | ချင်းပြည်နယ် | ၁၁၆,၁၈၈.၀ | ၁၁၀,၀၇၅.၆ | ၉၄.၇ | ၁၄၆,၃၉၇.၃ | ၂၆.၀ | ၁၃၀,၅၈၂.၈ | ၈၉.၂ | ၁၈.၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄,၀၂၄,၀၀၁.၂ | ၄,၁၃၅,၂၀၅.၈ | ၁၀၂.၈ | ၄,၄၁၈,၃၄၅.၄ | ၉.၈ | ၄,၆၀၈,၅၉၄.၄ | ၁၀၄.၃ | ၁၁.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၉၉၉,၁၂၄.၅ | ၉၉၂,၄၂၉.၈ | ၉၉.၃ | ၁,၀၉၃,၉၇၇.၄ | ၉.၅ | ၁,၀၇၀,၃၁၃.၈ | ၉၇.၈ | ၇.၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃,၁၂၇,၈၉၃.၀ | ၃,၁၀၆,၈၆၇.၁ | ၉၉.၃ | ၃,၃၆၉,၂၈၂.၇ | ၇.၇ | ၃,၃၃၃,၀၃၄.၉ | ၉၈.၉ | ၇.၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၉၁၉,၇၂၀.၀ | ၂,၉၄၇,၇၂၀.၈ | ၁၀၁.၀ | ၃,၁၇၀,၃၃၉.၄ | ၈.၆ | ၃,၀၉၃,၃၃၇.၅ | ၉၇.၆ | ၄.၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃,၅၁၅,၈၉၃.၇ | ၃,၅၁၀,၅၆၂.၅ | ၉၉.၈ | ၃,၉၁၉,၃၀၆.၁ | ၁၁.၅ | ၃,၉၀၁,၄၀၀.၂ | ၉၉.၅ | ၁၁.၁ |
| ၁၀ | မွန်ပြည်နယ် | ၁,၄၆၇,၆၃၇.၈ | ၁,၃၆၄,၉၄၀.၈ | ၉၃.၀ | ၁,၆၃၆,၁၇၁.၉ | ၁၁.၅ | ၁,၄၇၈,၃၀၄.၀ | ၉၀.၄ | ၈.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၂၅၁,၈၉၅.၃ | ၁,၂၅၃,၀၉၃.၁ | ၁၀၀.၁ | ၁,၂၉၅,၅၉၄.၆ | ၃.၅ | ၁,၃၁၉,၈၇၆.၃ | ၁၀၁.၉ | ၅.၃ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၆,၉၃၈,၃၇၁.၅ | ၇,၂၂၁,၁၁၃.၉ | ၁၀၄.၁ | ၇,၅၂၀,၂၀၀.၀ | ၈.၄ | ၇,၉၃၄,၂၇၇.၄ | ၁၀၅.၅ | ၉.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၂,၂၉၇,၄၆၀.၉ | ၂,၁၂၇,၄၂၅.၈ | ၉၂.၆ | ၂,၃၇၇,၀၇၇.၅ | ၃.၅ | ၂,၂၃၈,၁၄၅.၃ | ၉၄.၂ | ၅.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃,၈၃၂,၉၀၃.၄ | ၃,၄၈၂,၃၈၆.၃ | ၉၀.၉ | ၄,၀၂၁,၀၇၁.၈ | ၄.၉ | ၃,၇၃၇,၀၈၆.၆ | ၉၂.၉ | ၇.၃ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၆၂၈,၂၆၅.၃ | ၇၈၈,၃၂၃.၅ | ၁၂၅.၅ | ၈၃၄,၇၁၀.၈ | ၃၂.၉ | ၈၃၁,၇၆၁.၂ | ၉၉.၆ | ၅.၅ |

# ဇယား (က- ၇)

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) တန်ဖိုး | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု ယခင်နှစ်အလားတူကာလအပေါ် ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၂,၄၃၆,၉၂၀.၁** | **၁၂,၁၁၄,၃၂၂.၂** | **၉၇.၄** | **၁၃,၂၂၅,၉၇၅.၅** | **၆.၃** | **၁၂,၉၀၀,၅၆၆.၈** | **၉၇.၅** | **၆.၅** |
| | ၁ | လယ်ယာ | ၉,၉၀၀,၆၅၅.၈ | ၉,၄၂၆,၉၉၀.၀ | ၉၅.၂ | ၁၀,၄၃၃,၈၁၈.၈ | ၅.၄ | ၉,၈၆၇,၉၅၈.၂ | ၉၄.၆ | ၄.၇ |
| | ၂ | သားငါး | ၂,၄၂၃,၅၈၄.၀ | ၂,၅၄၄,၈၄၃.၉ | ၁၀၅.၀ | ၂,၇၁၀,၄၆၀.၆ | ၁၁.၈ | ၂,၉၂၉,၅၉၅.၀ | ၁၀၈.၁ | ၁၅.၁ |
| | ၃ | သစ်တော | ၁၁၂,၆၈၀.၃ | ၁၄၂,၄၈၈.၃ | ၁၂၆.၅ | ၈၁,၆၉၅.၁ | -၂၇.၅ | ၁၀၃,၀၁၃.၆ | ၁၂၆.၁ | -၂၇.၇ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၂,၇၃၃,၄၄၀.၆** | **၁၂,၂၆၈,၇၉၈.၈** | **၉၆.၄** | **၁၄,၈၃၅,၃၄၆.၃** | **၁၆.၅** | **၁၄,၇၈၆,၄၇၄.၃** | **၉၉.၇** | **၂၀.၅** |
| | ၁ | စွမ်းအင် | ၁,၈၈၃,၅၄၈.၁ | ၁,၅၅၄,၄၆၀.၉ | ၈၂.၅ | ၂,၂၃၇,၈၆၀.၁ | ၁၈.၈ | ၂,၀၉၃,၆၃၀.၂ | ၉၃.၆ | ၃၄.၇ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၅၄,၂၅၈.၅ | ၃၅၃,၁၀၄.၇ | ၉၉.၇ | ၃၅၅,၁၇၂.၁ | ၀.၃ | ၅၄၄,၂၇၃.၃ | ၁၅၃.၂ | ၅၄.၁ |
| | ၃ | စက်မှုလက်မှု | ၈,၄၆၀,၀၇၂.၃ | ၇,၉၄၆,၂၉၅.၁ | ၉၃.၉ | ၉,၄၇၃,၁၃၁.၃ | ၁၂.၀ | ၉,၀၆၈,၃၁၁.၅ | ၉၅.၇ | ၁၄.၁ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၃၆၄,၆၂.၃ | ၃၄၈,၄၈၂.၇ | ၉၅.၇ | ၅၀၉,၉၄၇.၁ | ၄၀.၀ | ၄၆၂,၂၈၂.၆ | ၉၀.၇ | ၃၂.၇ |
| | ၅ | ဆောက်လုပ်မှု | ၁,၆၇၁,၂၉၉.၄ | ၂,၀၆၆,၄၅၄.၄ | ၁၂၃.၆ | ၂,၂၅၉,၂၃၄.၇ | ၃၅.၂ | ၂,၆၁၇,၉၇၆.၇ | ၁၁၅.၉ | ၂၆.၇ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၃,၂၄၇,၉၆၄.၁** | **၁၃,၈၄၆,၃၄၆.၇** | **၁၀၄.၅** | **၁၄,၇၆၆,၅၂၀.၆** | **၁၁.၅** | **၁၅,၄၀၅,၇၄၈.၁** | **၁၀၄.၃** | **၁၁.၃** |
| | ၁ | ပို့ဆောင်ရေး | ၃,၇၇၇,၅၉၄.၈ | ၃,၈၉၂,၉၂၄.၃ | ၁၀၃.၁ | ၄,၀၉၇,၁၁၅.၈ | ၈.၅ | ၄,၂၆၀,၇၈၃.၀ | ၁၀၄.၀ | ၉.၄ |
| | ၂ | ဆက်သွယ်ရေး | ၂၈၀,၃၆၃.၁ | ၅၅၃,၂၅၀.၇ | ၁၉၇.၃ | ၂၉၄,၂၆၇.၄ | ၅.၀ | ၆၉၆,၂၂၀.၅ | ၂၃၆.၆ | ၂၅.၈ |
| | ၃ | ငွေရေးကြေးရေး | ၄၉,၆၇၃.၁ | ၆၉,၆၄၇.၁ | ၁၄၀.၂ | ၆၀,၅၄၄.၇ | ၂၃.၉ | ၇၈,၅၄၆.၁ | ၁၂၇.၆ | ၁၂.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၇၇,၈၀၅.၀ | ၉၆၈,၃၃၃.၂ | ၁၄၂.၉ | ၉၂၅,၇၃၇.၃ | ၃၆.၆ | ၁,၁၃၉,၆၇၅.၁ | ၁၂၃.၁ | ၁၇.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၆၂၆,၆၀၀.၄ | ၆၈၈,၁၈၇.၆ | ၁၀၉.၈ | ၇၆၄,၀၆၇.၁ | ၂၁.၉ | ၇၉၇,၉၇၃.၆ | ၁၀၄.၄ | ၁၆.၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၇,၈၃၅,၉၂၇.၇ | ၇,၆၇၄,၀၀၃.၈ | ၉၇.၉ | ၈,၆၂၃,၇၆၈.၃ | ၁၀.၁ | ၈,၄၃၂,၅၄၉.၈ | ၉၇.၈ | ၉.၉ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၈,၄၁၈,၃၂၄.၈** | **၃၈,၂၂၉,၄၆၇.၇** | **၉၉.၅** | **၄၂,၈၂၇,၈၄၂.၄** | **၁၁.၅** | **၄၃,၀၉၂,၇၈၉.၂** | **၁၀၀.၆** | **၁၂.၇** |

# ဇယား (က-၈)

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | စီမံကိန်းရည်မှန်းချက် (ဒုတိယ ၆ လ) | | ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | |
| | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တန်ဖိုး | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ကချင်ပြည်နယ် | ၁,၁၁၇,၇၅၃.၉ | ၇၉၄,၉၃၅.၂ | ၇၁.၁ | ၁,၁၄၄,၀၃၆.၄ | ၂.၄ | ၉၂၂,၃၂၈.၅ | ၈၀.၆ | ၁၆.၀ |
| ၂ | ကယားပြည်နယ် | ၁၂၁,၇၈၀.၇ | ၁၂၁,၃၉၃.၆ | ၉၉.၇ | ၁၃၉,၆၀၀.၀ | ၁၄.၆ | ၁၄၂,၂၇၆.၈ | ၁၀၁.၉ | ၁၇.၂ |
| ၃ | ကရင်ပြည်နယ် | ၆၅၅,၁၆၂.၅ | ၇၄၄,၈၉၀.၀ | ၁၁၃.၇ | ၇၇၄,၆၂၆.၃ | ၁၈.၂ | ၈၄၇,၂၇၃.၀ | ၁၀၉.၄ | ၁၃.၇ |
| ၄ | ချင်းပြည်နယ် | ၁၂၉,၅၇၄.၈ | ၁၂၂,၇၅၄.၆ | ၉၄.၇ | ၁၆၄,၂၆၀.၈ | ၂၆.၈ | ၁၅၅,၈၆၉.၀ | ၉၄.၉ | ၂၇.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄,၅၂၂,၇၇၈.၅ | ၄,၆၈၉,၇၄၅.၅ | ၁၀၃.၇ | ၅,၀၅၁,၀၁၃.၁ | ၁၁.၇ | ၅,၃၃၈,၈၃၉.၃ | ၁၀၅.၇ | ၁၃.၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၇၉၉,၂၅၁.၅ | ၁,၈၅၃,၃၃၈.၉ | ၁၀၃.၀ | ၁,၉၆၅,၆၃၂.၈ | ၉.၂ | ၁,၈၈၉,၉၇၃.၅ | ၉၆.၂ | ၂.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃,၄၅၁,၉၂၂.၂ | ၃,၄၅၄,၂၅၄.၄ | ၁၀၀.၁ | ၃,၇၉၈,၁၄၅.၅ | ၁၀.၀ | ၃,၈၆၂,၉၈၅.၅ | ၁၀၁.၇ | ၁၁.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၃,၃၆၁,၇၉၅.၃ | ၃,၃၆၉,၀၁၄.၃ | ၁၀၀.၂ | ၃,၇၈၅,၀၄၅.၇ | ၁၂.၆ | ၃,၆၇၅,၆၉၉.၅ | ၉၇.၁ | ၉.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃,၉၀၈,၅၉၃.၆ | ၃,၈၉၁,၇၁၉.၄ | ၉၉.၆ | ၄,၃၃၉,၂၂၀.၇ | ၁၁.၀ | ၄,၃၇၄,၆၆၅.၆ | ၁၀၀.၈ | ၁၂.၄ |
| ၁၀ | မွန်ပြည်နယ် | ၁,၆၂၉,၂၇၂.၈ | ၁,၅၆၅,၀၈၀.၉ | ၉၆.၁ | ၁,၈၇၀,၀၇၆.၆ | ၁၄.၈ | ၁,၇၁၈,၂၇၃.၄ | ၉၁.၉ | ၉.၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၇၂၁,၂၉၃.၉ | ၁,၆၂၉,၉၅၂.၈ | ၉၄.၇ | ၁,၈၀၁,၆၂၁.၅ | ၄.၇ | ၁,၉၈၀,၆၀၇.၄ | ၁၀၉.၉ | ၂၁.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇,၇၆၆,၀၅၈.၃ | ၈,၁၇၃,၇၁၈.၁ | ၁၀၅.၂ | ၈,၇၀၇,၈၅၅.၀ | ၁၂.၁ | ၉,၂၂၀,၄၄၂.၀ | ၁၀၅.၉ | ၁၂.၈ |
| ၁၃ | ရှမ်းပြည်နယ် | ၂,၅၅၀,၅၂၈.၈ | ၂,၄၇၃,၄၃၃.၀ | ၉၇.၀ | ၂,၆၉၅,၄၁၃.၄ | ၅.၇ | ၂,၆၆၅,၁၉၁.၃ | ၉၈.၉ | ၇.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၀၁၀,၅၅၁.၇ | ၄,၄၄၁,၁၇၈.၀ | ၈၈.၆ | ၅,၆၄၈,၆၆၇.၂ | ၁၂.၇ | ၅,၃၆၆,၅၂၆.၈ | ၉၅.၀ | ၂၀.၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၆၇၂,၀၀၆.၃ | ၉၀၄,၀၅၉.၀ | ၁၃၄.၅ | ၉၄၂,၆၂၆.၄ | ၄၀.၃ | ၉၃၁,၈၃၇.၆ | ၉၈.၉ | ၃.၁ |

## အခန်း(၁)

## ပြုပြင်ပြောင်းလဲမှုများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ တာဝန်ယူသည့် ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်ရန်အတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြုပြင်ပြောင်းလဲမှုများကို အောက်ဖော်ပြပါ အဆင့် ၄ ဆင့်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်-

(က) နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊

(ခ) လူမှုရေးနှင့်စီးပွားရေး ပြုပြင် ပြောင်းလဲမှု၊

(ဂ) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု၊

(ဃ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု တို့ဖြစ်ပါသည်။

**နိုင်ငံရေးပြုပြင်ပြောင်းလဲမှု။** နိုင်ငံတော်အစိုးရ၏ ပထမအဆင့်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်း၊ မီဒီယာအတွက် အကန့်အသတ်များကိုပယ်ဖျက်ပေးခြင်း၊ ပုဂ္ဂလိကသတင်းစာ ထုတ်ဝေခွင့်နှင့် ပြည်သူများ၏ ဆန္ဒသဘောထားများအား ဥပဒေနှင့်အညီထုတ်ဖော်ခွင့်ပေးခြင်းစသည်တို့မှာ သိသာထင်ရှားသော ပြောင်းလဲမှုများဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်စနစ်နှင့် ကိုက်ညီခြင်းမရှိတော့သည့် ဥပဒေများကိုလည်း ဖျက်သိမ်းပြီး ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးခေါင်းဆောင်များနှင့်လည်း ရင်းနှီးပွင့်လင်းစွာတွေ့ဆုံခဲ့ပြီး မတူညီသည်များကိုဘေးဖယ်၍ တူညီသည်များကို လက်တွဲဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြုပြင်ပြောင်းလဲရေးကိုစတင်ခဲ့သည်မှ လေးနှစ်မြောက်နှစ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့သည် ငြိမ်းချမ်းရေး တံခါးကိုပွင့်စေမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် မူကြမ်းကို ၃၁-၃-၂၀၁၅ ရက်နေ့တွင် လက်မှတ်ရေး ထိုးနိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှု။** ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုအဖြစ် လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်များသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအတွက် အလျင်အမြန်အောင်မြင်မှုများ (Quick-

Wins) ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကာလရှည်တွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု (People centred development) နှင့် ပြည်သူအားလုံးပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးမှု (inclusive growth) တို့ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ချမှတ်ထားသည့် မူဝါဒများ၊ ကာလတို၊ ကာလရှည် စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပေါင်းစပ်ပေးမည်ဖြစ်ပါသည်။ အစီရင်ခံသည့် ဒုတိယ (၆) လပတ် ကာလအတွင်း အောက်ပါလူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါသည်-

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ**

- မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင် အပ်နှင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ခြင်း၊
- မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေမည့် e-Visa ကို အကောင်အထည်ဖော်နိုင်ခဲ့မှုကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့် ခရီးသည် ၅ သန်းအထိလာရောက်ခဲ့ခြင်း၊
- အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်ကိုထုတ်ပြန်ခဲ့ခြင်း၊

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ**

- ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး ကျင်းပခဲ့ခြင်းနှင့် ယင်းအစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အာဆီယံ-အမေရိကန်နိုင်ငံများအကြား ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ခြင်း၊
- မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ပူးတွဲကြေညာချက် တစ်ရပ်ထုတ်ပြန် ခဲ့ခြင်း၊
- Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီကို အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၄ ဖြင့်ဖွဲ့စည်းခဲ့ခြင်း၊

**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ**

- ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ ထုံးဘိုမြို့တွင် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း ဖွင့်လှစ်ခဲ့ခြင်း၊

- အရင်းအနှီးဈေးကွက် ဖြစ်ပေါ်လာစေရေးအတွက် ရည်ရွယ်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်တို့ပူးပေါင်း၍ ရန်ကုန်စတော့အိတ်ချိန်း ဖက်စပ်ကုမ္ပဏီလီမိတက်ထူထောင်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း၊

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ**

- ဝင်ငွေနည်းပြည်သူများ ဝယ်ယူနိုင်စွမ်းရှိစေမည့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊
- အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အကူအညီရယူလျက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လ(၃၁) ရက်နေ့အထိ လုပ်သားအင်အားစစ်တမ်းကောက်ယူခဲ့ခြင်း၊
- မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များလာရောက်မှု တိုးတက်မြင့်မားလာစေရန် e-Visa စနစ်ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှစ၍ ကမ္ဘာ့နိုင်ငံပေါင်း ၃၂ နိုင်ငံကို ထပ်မံခွင့်ပြုလိုက်သဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ မှ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်နိုင်ပြီဖြစ်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ချက်များကို ကြေညာချက်အမှတ်(၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့ခြင်း၊

**၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ**

- ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုချီးမြှင့်ရေး စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊
- အခြေခံပညာကဏ္ဍတွင်၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေး ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့ အထက်တန်းပညာရေး တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊

**၂၀၁၅ ခုနှစ်၊ မတ်လ**

- နေစွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် အရှေ့တောင်အာရှနိုင်ငံများ အနက် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင် ဆင်းသက်ခဲ့ခြင်း၊
- နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း(IPL) ၏ (၆၅) ကြိမ်မြောက် ကမ္ဘာ့ညီလာခံကို ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့ခြင်း၊

- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများတိုးမြှင့်သတ်မှတ်ပေးရန် အမိန့်ကြော်ငြာစာအမှတ်၊ ၈၇၂/၂၀၁၅ ကို ထုတ်ပြန်ခဲ့ခြင်း၊
- ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့သည် ငြိမ်းချမ်းရေးတံခါးကိုပွင့်စေမည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊

**အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု။** တတိယအဆင့် ပြုပြင်ပြောင်းလဲမှုဖြစ်သည့်ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရ ဖြစ်စေရေးအတွက် သွက်လက်ထိရောက်သော စီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်၊ ရုံးအဖွဲ့အစည်းများတွင် အောက်ခြေပိုင်းမှစ၍ ပြုပြင်ပြောင်းလဲမှုဖြစ်စေရေး၊ ဖွဲ့စည်းမှုဆိုင်ရာတိုးတက်မြင့်မားစေရေး၊ ဆောင်ရွက်မှုစွမ်းရည် ပြည့်ဝရေး၊ ခေတ်နောက်ကျပြီးဖောင်းပွနေသောစည်းမျဉ်း၊ စည်းကမ်းများပြုပြင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးအတွက် -

(က) ထိရောက်သည့် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် စွမ်းရည်ပြည့် အကောင်အထည်ဖော်ခြင်း၊

(ခ) တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း၊

(ဂ) တရားဥပဒေစိုးမိုးခြင်း၊

(ဃ) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(င) ကိစ္စရပ်များနှင့် ပြဿနာများကို မဆိုင်းမတွ အလိုက်သင့် တုန့်ပြန် ဖြေရှင်းခြင်း၊

(စ) အများပါဝင်ခြင်း၊ အများအားအသိပေးခြင်းနှင့် တုန့်ပြန်မှုရယူခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်း၊

(ဆ) အများသဘော၊ အများဆန္ဒနှင့်အညီ တရားမျှတသော အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုရှိခြင်း၊

(ဇ) ဘက်လိုက်မှုနှင့် အဂတိလိုက်စားမှု ကင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အစိုးရဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များမှာ-

(က) ပေါ်လစီနှင့် ရည်မှန်းချက်များသတ်မှတ်ခြင်း၊

(ခ) ဥပဒေများရေးဆွဲခြင်း၊

(ဂ) ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း၊

(ဃ) စီမံကိန်းနှင့်အစီအစဉ်များရေးဆွဲခြင်း၊

(င) အုပ်ချုပ်မှုအလွှာများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ဌာနဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကြိုးနီစနစ် ဖြတ်တောက်ခြင်း၊

(စ) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊

(ဆ) တိကျသော လုပ်ပိုင်ခွင့်နှင့် တာဝန်ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ပြဿနာများ ဖြေရှင်းပိုင်ခွင့်သတ်မှတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေခြင်း၊

(ဇ) အစိုးရဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့်ပျိုးထောင်ခြင်း၊

(ဈ) ပေါင်းစပ်ညှိနှိုင်းခြင်း (အထက်မှအောက်၊ အောက်မှအထက်၊ ဘေးတိုက်)၊

(ည) ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း တို့ဖြစ်ပါသည်။

စီမံကိန်းများကိုရေးဆွဲရာတွင် ပြည်သူဗဟိုပြု၍ပြည်သူအများ ပူးပေါင်းပါဝင်သော အောက်ခြေမှတင်ပြသည့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင် အဓိကကျသည့် တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်း၊ မြို့ပြစီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကို ထိရောက်စွာရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများပါဝင်သည့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက် ရှိပါသည်။ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကိုရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်များကို ရယူ ဆောင်ရွက်ပါသည်။

**ဥပဒေများပြဋ္ဌာန်းမှု။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လ (အောက်တိုဘာလမှမတ်လ) အတွင်း အောက်ဖော်ပြပါ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်-

(က) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈)

(ခ) မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉)

(ဂ) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀)

(ဃ) လျှပ်စစ်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄)

(င) ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅)

(စ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၆)

(ဆ) ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁)

(ဇ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂)

(ဈ) သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃)

(ည) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄)

(ဋ) မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ )

(ဌ) ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ )

(ဍ) လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ )

(ဃ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈)

(ဏ) ယှဉ်ပြိုင်မှုဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉)

(တ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀)

(ထ) မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁)

(ဒ) ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂)

(ဓ) ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃)

(န) ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄)

(ပ) မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅)

(ဖ) မြေနှင့် အခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆)

(ဗ) ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇)

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု။** ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နှစ်ကုန်အထိ ပုဂ္ဂလိကဘဏ် ၂၃ ခုမှ ဘဏ်ခွဲပေါင်း ၁,၀၄၀ ခု ဖွင့်လှစ်ခဲ့ရာ ဒုတိယ(၆)လပတ် အတွင်း ဘဏ်ခွဲအသစ် ၁၂၀ ဖွင့်လှစ်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန် အတွက် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် မြန်မာအထူး

စီးပွားရေးဇုန် ဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ (က) နှင့်အညီ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၈၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဖြေလျှော့ပေးခဲ့မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုများ သိသာစွာတိုးတက်ခဲ့ပါသည်။ ထို့အပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ကုမ္ပဏီများဖွဲ့စည်းခြင်းမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးခွဲများကို တိုးချဲ့ ဖွင့်လှစ်ရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။

# အခန်း(၂)


# မေခရိုစီးပွားရေးအခြေအနေ

## ကမ္ဘာ့စီးပွားရေးအခြေအနေ


အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ထုတ်ဝေသော World Economic Outlook (ဇန်နဝါရီလ၊၂၀၁၅) အရ ကမ္ဘာ့စီးပွားရေးအခြေအနေ တိုးတက်မှုသည် ၂၀၁၄ ခုနှစ်တွင် ၃.၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၃.၅ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

အမေရိကန် ပြည်ထောင်စု၊ ယူရိုငွေကြေး သုံးစွဲသည့် နိုင်ငံများ၊ ဂျပန်နိုင်ငံနှင့် အခြားစီးပွားရေးထွန်းသစ်စနိုင်ငံများ၏ စီးပွားရေးအခြေအနေကြောင့်ကမ္ဘာ့စီးပွားရေးအခြေအနေသည် မျှော်မှန်းထားသည်ထက် လျော့နည်းနိုင်မည်ဟု ခန့်မှန်းထားပါသည်။

**ပုံ(၂-၁) ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)**





Source; IMF.World Economic Outlook ,Jan 2015




Source; IMF.World Economic Outlook ,Jan 2015

**လက်တင်အမေရိကနိုင်ငံများ**




Source; IMF.World Economic Outlook ,Jan 2015

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအခြေအနေသည် ၂၀၁၄ ခုနှစ်ပထမသုံးလပတ်တွင် အားနည်းမှုရှိခဲ့သော်လည်း အလုပ်လက်မဲ့များ ကျဆင်းလာမှု၊ ငွေကြေးဖောင်းပွမှုနှုန်း တည်ငြိမ်နေမှု၊ ဒေါ်လာတန်ဖိုး မြင့်တက်လာမှုနှင့် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာမှုတို့ကြောင့် စတုတ္ထသုံးလပတ်တွင် စီးပွားရေး တိုးတက်မှုနှုန်း၂.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာမှု နှင့် ဒေါ်လာတန်ဖိုး မြင့်တက်လာမှုတို့ကြောင့် အသားတင်ပို့ကုန်ကို ကျဆင်းစေမည် ဖြစ်သော်လည်း ပြည်တွင်းလိုအားမြင့်တက်လာမှု၊ ငွေကြေးဆိုင်ရာမူဝါဒများကို အမြဲမပြတ် စီမံခန့်ခွဲထောက်ပံ့ပေးနေနိုင်မှုများကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များအတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၃.၃ ရာခိုင်နှုန်း တိုးတက်မည်ဟု IMF ကခန့်မှန်းထားပါသည်။

ယူရိုငွေကြေးသုံးစွဲသည့် နိုင်ငံများအနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်ပေါ်ပြီးနောက်ပိုင်းတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး စီးပွားရေးတိုးတက်မည်ဟု မျှော်မှန်းခဲ့ကြပါသည်။ သို့သော် စီးပွားရေးဆိုင်ရာလုပ်ငန်းများ ပြန်လည်နာလန်ထူလာနိုင်ရန် ဆောင်ရွက်ရန်လုပ်ငန်းများ များစွာကျန်ရှိနေခဲ့ပါသည်။ သို့ရာတွင် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းခဲ့မှု၊ EURO ငွေကြေးတန်ဖိုးမြင့်တက်လာမှုနှင့် ဥရောပဆိုင်ရာဘဏ်လုပ်ငန်းအချို့ ဖျက်သိမ်းခဲ့သည့်အစီအစဉ်များကြောင့် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဥရောပကော်မရှင်မှ ဖော်ပြခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ၁.၇ ရာခိုင်နှုန်း၊ ၂၀၁၆ခုနှစ်တွင် ၂.၁ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းပါသည်။

ဂျပန်နိုင်ငံတွင် စားသုံးခွန်များ မျှော်မှန်းသည်ထက် တိုးမြင့်လာမှုကြောင့် ပြည်တွင်းဝယ်လိုအားကျဆင်းလာခြင်း၊ Structure ပြုပြင်ပြောင်းလဲမှုများ နှေးကွေး အားနည်းနေခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှု အပိုင်းတွင် အားနည်းခဲ့ပြီး စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့်

ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)သည် မျှော်မှန်းထားသည်ထက် လျော့နည်းနေမည်ဖြစ်ကြောင်း IMF က ဖော်ပြထားပါသည်။

တရုတ်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေပြီး၊ အခြားဦးဆောင်ကဏ္ဍများတွင်လည်း တိုးတက်မှုများ နှေးကွေးနေသည့်အတွက် ၂၀၁၄ ခုနှစ် စီးပွားရေးတိုးတက်မှုသည် ၇.၄ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် ၆.၈ ရာခိုင်နှုန်းခန့်သာ ရှိမည်ဖြစ်ကြောင်း ခန့်မှန်းပါသည်။

သို့ဖြစ်၍ တရုတ်အာဏာပိုင်များသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွန်လျှော့ချခြင်း၊ စီးပွားရေးအခြေခံအဆောက်အအုံအတွက် ဘဏ္ဍာရေးသုံးစွဲမှုကို မြှင့်တင်ခြင်း၊ ပို့ကုန်တိုးမြှင့်ခြင်း စသည်ဖြင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုခန့်မှန်းခြေသည် ကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲမှုမရှိပါ ။ ကမ္ဘာ့လောင်စာဆီဈေးနှုန်းကျဆင်းမှုကြောင့် ပြည်ပဝယ်လိုအားကျဆင်းမှုကို ကာမိစေပြီး အစိုးရသစ်၏ မူဝါဒ ပြောင်းလဲမှုများကြောင့် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာခဲ့သဖြင့် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၇.၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၇.၄ ရာခိုင်နှုန်းသို့ တိုးတက်မည်ဟု IMF မှ ခန့်မှန်းပါသည်။

စီးပွားရေး ထွန်းသစ်စ နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပြည်တွင်းဝယ်လိုအား တိုးလာခြင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ဆက်သွယ်မှုများလာခြင်းတို့ကြောင့် စီးပွားရေး တိုးတက်မှုနှုန်းအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်း၊၂၀၁၅ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၄.၃ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းပါသည်။

**အာဆီယံနိုင်ငံအချို့၏စီးပွားရေးအခြေအနေ**

အာဆီယံဒေသသည် ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အားတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၃.၃ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားချိန်တွင် အာဆီယံ၏ ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၄ ခုနှစ်တွင် ၄.၆ ရာခိုင်နှုန်း မှ ၂၀၁၅ ခုနှစ်တွင် ၅.၃ ရာခိုင်နှုန်း ရရှိမည်ဟု ခန့်မှန်းထားပါသည်။ အစိုးရများ၏ ကြွေးမြီလျော့နည်းမှု၊ သေချာသော စီးပွားရေးအခြေခံအုတ်မြစ်များ ခိုင်မာစွာ ဆောင်ရွက်ထားနိုင်မှုတို့ကြောင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးမှာ ကောင်းမွန်သော အနေအထားတွင် ရှိပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာနှင့် အာဆီယံနိုင်ငံများ စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး Core ASEAN Regional Outlook (IMF,OECD) အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၅.၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းပါသည်။ စီးပွားရေးတိုးတက်မှုသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်၊ နောက်ဆုံးသုံးလပတ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ခဲ့၍ ပျမ်းမျှ ၅.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်း အနိမ့်ဆုံးဖြစ်ပေါ်စေရန် ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း တိုးတက်ခဲ့ပါသည်။

ထိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများအနက် ဒုတိယစီးပွားရေး အခိုင်မာဆုံးသော နိုင်ငံဖြစ်ပါသည်။ ကာလရှည်နိုင်ငံရေးဖိအားများကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါ က မျှော်မှန်းထားသည်ထက် လျော့နည်းခဲ့ပါသည်။ သို့သော် နိုင်ငံရေးတည်ငြိမ်လာမှုကြောင့် ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ် စီးပွားရေးတိုးတက်မှုနှုန်းသည် ၀.၆ ရာခိုင်နှုန်းမှ နောက်ဆုံးသုံးလပတ်တွင် ၂.၂ ရာခိုင်နှုန်းသို့ ရရှိလာ၍ ပျမ်းမျှ ၀.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှစ်စဉ် တိုးတက်မှု နှုန်း ၄.၀ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။

**ပုံ(၂-၂) အာဆီယံနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု ခန့်မှန်းချက်**




Source; IMF. World Economic Outlook ,Jan 2015

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် ယခုအခါတွင် တည်ငြိမ်မှုရှိနေပြီးပို့ကုန် ကုန်ပစ္စည်းများ အဓိကလုပ်ဆောင်သော လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုများပြား

လာသည်ဟု ဗီယက်နမ်အာဏာပိုင်များကဆိုပါသည်။ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏသည် အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းစာလျှင် ပမာဏအများဆုံးဖြစ်ပြီး ဂျီဒီပီ ၏ ၆ ရာခိုင်နှုန်း ရှိကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြထားပါသည်။ ဗီယက်နမ်နိုင်ငံသို့ လာရောက် ရင်းနှီး မြှုပ်နှံသူအများစုမှာ အရှေ့အာရှနိုင်ငံများမှ ဖြစ်ပါသည်။ အစိုးရပိုင်ဘဏ်လုပ်ငန်းနှင့် သမဝါယမ ကဏ္ဍတွင် အကြွေးတင်ရှိနေသောကြောင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်း လျော့ကျဖွယ် ရှိနေသော်လည်း ပို့ကုန် အဓိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုသည် ပြည်တွင်း ဝယ်လိုအားနည်းပါးမှုကို တစ်စိတ်တစ်ဒေသအားဖြင့် ကာမိစေ ပါသည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၁၄ ခုနှစ် တွင် ၅.၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅ ခုနှစ် တွင် ၅.၆ ရာခိုင်နှုန်းသို့ တိုးတက်လာနိုင်ဖွယ်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB) တို့မှ ခန့်မှန်း ထားပါသည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ခိုင်မာသော အကောင်အထည်ဖော်နိုင်မှုနှင့် အတူ ၂၀၁၆ ခုနှစ်တိုင် ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းပါသည်။ ပြည်တွင်း ဝယ်လိုအား အခြေခံ ချဲ့ထွင်လာနိုင်မှုကြောင့် ၂၀၁၄ ခုနှစ် တတိယသုံးလပတ်တွင် စီးပွားရေးတိုးတက်မှု သည် ၅.၆ ရာခိုင်နှုန်းရှိရာမှ စတုတ္ထသုံးလပတ်တွင် ၆.၀ ရာခိုင်နှုန်းသို့ တိုးတက်လာပါသည်။ အိမ်ထောင်စုဝင်ငွေများတိုးတက်လာမှု၊ အထောက်အကူပေးနိုင်သောလုပ်သားဈေးကွက်များရှိမှု၊ လောင်စာဆီဈေးနှုန်းကျဆင်းမှုတို့က ပြည်တွင်းသုံးစွဲမှုကို မြင့်တက်စေခဲ့ပါသည်။ နိုင်ငံတကာ ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ပြည်ပပို့ကုန်တင်ပို့မှု လျော့နည်းလာမှုတို့ ကြောင့် စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ၅.၀ ရာခိုင်နှုန်း ခန့်သာ တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။


ကုန်သွယ်မှုဦးစားပေးဆောင်ရွက်နေသော စင်ကာပူနိုင်ငံသည် ၂၀၁၄ ခုနှစ် နှစ်ဝက်တွင် ဥရောပသမဂ္ဂ၊ ဂျပန်၊ တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကျဆင်းလာမှုကြောင့် စီးပွားရေးတိုးတက်မှု အခြေအနေသည် ၂၀၁၄ ခုနှစ် ပထမသုံးလပတ်တွင်ရှိနေသော စီးပွားရေးတိုးတက်မှုနှုန်း ၃.၂ ရာခိုင်နှုန်းမှ နှစ်ဝက်တွင် ခန့်မှန်းထားသည်ထက် အနည်းငယ်လျော့နည်းပြီး ၂၀၁၄ ခုနှစ်၊ နောက်ဆုံးသုံးလပတ်တွင် ၂.၈ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၏ ဝယ်လိုအားမြင့်တက်လာမှု၊ ကမ္ဘာ့နည်းပညာ စက်မှုလုပ်ငန်း များ ပြန်လည်ဖွံ့ဖြိုးလာမှု၊ အိမ်ထောင်စုများ၏ ကျန်းမာရေးဆိုင်ရာ စရိတ်သုံးစွဲမှုများကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စင်ကာပူနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုသည် နှစ်စဉ် ၃.၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးသည် ၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်တွင် စီးပွားရေး တိုးတက်မှုသည် ၅.၃ ရာခိုင်နှုန်းရှိရာမှ စတုတ္ထသုံးလပတ်တွင် ၆.၉ ရာခိုင်နှုန်းသို့ တိုးတက်လာပါသည်။ ပြည်တွင်းအိမ်ထောင်စုများ၏ စားသုံးမှုမြင့်တက်လာမှု၊ နိုင်ငံခြားရောက် ဖိလစ်ပိုင် အလုပ်သမားများ၏ စွမ်းဆောင်ရည်မြင့်မားလာမှု၊ ဂျီဒီပီ၏ ၈.၆% နှုန်းမျှရှိသော နိုင်ငံခြား ရောက် ဖိလစ်ပိုင်အလုပ်သမားများ၏ ပို့ငွေတိုးတက်လာမှုတို့ကြောင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၆.၂၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။


မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုနှုန်း အခြေအနေကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ IMF)နှင့် ကမ္ဘာ့ဘဏ်တို့က ၈.၅ ရာခိုင်နှုန်း နှင့် အာရှဖွံ့ဖြိုးရေး ဘဏ်(ADB) က ၈.၃ ရာခိုင်နှုန်းဖြင့် အရှေ့တောင်အာရှနိုင်ငံများအနက် ၂၀၁၅ ခုနှစ်၌ အလျင်မြန်ဆုံး တိုးတက်သည့် နိုင်ငံဖြစ်မည်ဟု ခန့်မှန်းပါသည်။ ပို့ကုန်ပစ္စည်းအမျိုးအမည် တိုးပွားလာခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူ နိုင်ငံခြားခရီးသွားဧည့်သည် တိုးပွား လာခြင်း၊ အကြွေး စနစ်ကျယ်ပြန့် လာခြင်း(credit growth)၊ မြန်မာနိုင်ငံတွင် အမြောက် အမြား ရင်းနှီးမြှုပ်နှံကြခြင်း၊ မူဝါဒပြုပြင် ပြောင်းလဲခြင်း၏ ရလဒ်အဖြစ် စီးပွားရေးအရ ယုံကြည်မှု ရှိလာခြင်းတို့ကြောင့် မြန်မာ့စီးပွားရေး တိုးတက်မှု မြင့်မားလာခြင်းဖြစ်သည်ဟု အာရှဖွံ့ဖြိုးရေး ဘဏ်(ADB) မှ သုံးသပ်ပါသည်။

**ပုံ(၂-၃) မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက**
**ခန့်မှန်းသည့် တိုးတက်မှုနှုန်း အခြေအနေ**




Source: ADB April 2015, IMF Mar 2015, The World Bank March2015

# ပုံ(၂-၄) စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ(၆) လပတ်တွင်ကျပ် ၄၂,၈၂၇,၈၄၂.၄ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ရာ ကျပ် ၄၃,၀၉၂,၇၈၉.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၁၀၀.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၁၂.၇ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

**လယ်ယာကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက် ဈေးနှုန်းများအရ ဒုတိယ (၆) လပတ်တွင် ကျပ် ၁၃,၂၂၅,၉၇၅.၅ သန် ရည်မှန်းထားရှိခဲ့ရာ ကျပ် ၁၂,၉၀၀,၅၆၆.၈ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၇.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၆.၅ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

**စက်မှုကဏ္ဍကြီး**အနေဖြင့် နှစ်အလိုက် ဈေးနှုန်းများအရ ဒုတိယ (၆) လပတ်တွင် ကျပ် ၁၄,၈၃၅,၃၄၆.၃ သန်း ရည်မှန်းထားရှိခဲ့ရာ ကျပ် ၁၄,၇၈၆,၄၇၄.၃ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက် အပေါ်၉၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၂၀.၅ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

**ဝန်ဆောင်မှုကဏ္ဍကြီး**အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ဒုတိယ (၆) လပတ်တွင် ကျပ် ၁၄,၇၆၆,၅၂၀.၆ သန်း ရည်မှန်းထားရှိခဲ့ရာ ကျပ် ၁၅,၄၀၅,၇၄၈.၁ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၄.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၁၁.၃ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

## ပုံ (၂-၅) စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစားများ





စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လ ပတ်၏ လယ်ယာကဏ္ဍကြီးတွင် ၃၀.၉ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာ ၂၉.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၄.၆ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာ ၃၄.၃ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး တွင် ၃၄.၅ ရာခိုင်နှုန်း ရည်မှန်းထားရာ ၃၅.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစား မြင့်မားရခြင်းမှာ နိုင်ငံတော်မှ တန်ဖိုးနည်း မိုဘိုင်းဖုန်းများ ပိုမိုချပေးခြင်း၊ ဆက်သွယ်ရေးစနစ် အမျိုးမျိုးကို အသုံးပြု၍ အင်တာနက် ချိတ်ဆက်အသုံးပြုမှုများ တိုးတက်လာခြင်း၊ ပင်စင်လစာ နှင့် လုပ်ခများ တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်း ပိုမို ဖွံ့ဖြိုး တိုးတက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ပုံ (၂-၆) နိုင်ငံခြားငွေလဲလှယ်နှုန်း





ဇာစ်မြစ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်

နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ များကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေရှိရန် ပြုပြင်ပြောင်းလဲလျက်ရှိရာ

နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နေ့စဉ်ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်း ထုတ်ပြန်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း အခြေအနေအား စိစစ်တင်ပြခြင်း၊ ရန်ကုန်နိုင်ငံခြား ငွေကြေးဈေးကွက် ဖွံ့ဖြိုးမှုအခြေအနေကို တင်ပြခြင်းအစရှိသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ပျမ်းမျှ ၉၉၅.၆ ကျပ် ရှိခဲ့ရာမှ မတ်လတွင် ၁,၀၂၇.၀ ကျပ်ထိ မြင့်တက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေ ပျမ်းမျှ လဲလှယ်နှုန်း မှာ ၁,၀၂၃.၀ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။ သွင်းကုန်အတွက် ဒေါ်လာဝယ်လိုအား မြင့်တက်လာခြင်းနှင့် ပြည်ပတွင် အမေရိကန် ဒေါ်လာတန်ဖိုး ပိုမိုခိုင်မာလာခြင်းတို့ကြောင့် ဒေါ်လာတန်ဖိုး မြင့်တက်လာခြင်း ဖြစ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှု အခြေအနေ


### ပုံ (၂-၇) လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက် (၄၄) ခုမှာ စိုက်ပျိုးရေးလုပ်ငန်း (၁) ခု၊ မွေးမြူရေး နှင့် ရေလုပ်ငန်း (၁) ခု၊ သတ္တုတူးဖော်ရေး လုပ်ငန်း(၁) ခု၊ စက်မှုလုပ်ငန်း (၁၃)ခု၊ ဆောက်လုပ်ရေး လုပ်ငန်း (၂) ခု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း (၃)ခု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (၁၈)ခု နှင့် အခြားလုပ်ငန်း(၅)ခုတို့ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၆၁၉,၆၅၂.၄ သန်းရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန


## ပုံ (၂-၈) လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု




ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြု ခဲ့သော လုပ်ငန်းအရေအတွက် (၁၁၂) ခုမှာ စိုက်ပျိုးရေးလုပ်ငန်း (၂) ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း (၄) ခု၊ သတ္တုတူးဖော်ရေးလုပ်ငန်း(၁) ခု၊ စက်မှုလုပ်ငန်း (၈၃) ခု၊ ရေနံ နှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း (၁၀) ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း (၁) ခု၊ အိမ်ရာအဆောက် အအုံ တည်ဆောက်ဖွံ့ဖြိုးမှု လုပ်ငန်း (၁) ခုနှင့် အခြားလုပ်ငန်း (၁၀) ခု တို့ ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၄,၂၄၇,၅၅၅.၆ သန်း ရှိပါ သည်။

## ပုံ (၂-၉) အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ





ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှာ စင်ကာပူ၊ ဟောင်ကောင်၊ တရုတ်၊ ကိုရီးယား၊ ဘရူနိုင်း၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ နယ်သာလန်၊ ကနေဒါ၊ ဗြိတိန်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ဗီယက်နမ်၊ မော်ရစ်သျှ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဆာမိုအာ၊ မာရှယ်ကျွန်းနှင့် နော်ဝေး နိုင်ငံတို့ ဖြစ်ပါသည်။

# ပြည်ပကုန်သွယ်ရေးအခြေအနေ

## ပုံ(၂-၁၀) ပို့ကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ





၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ပြည်ပ ပို့ကုန်တန်ဖိုး ကျပ် ၆,၇၆၇,၂၈၄.၅ သန်း ရရှိရန်ရည်မှန်း ထားရှိခဲ့ပြီး ကျပ် ၆,၇၉၆,၅၃၄.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၁၀၀.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်။

အများဆုံး တင်ပို့သော ကုန်စည်များမှာ သဘာဝ ဓာတ်ငွေ့၊ ကျောက်စိမ်း၊ ချုပ်ပြီးအထည် ပဲအမျိုးမျိုး နှင့် ဆန်တို့ဖြစ်ပြီး အများဆုံး တင်ပို့သော ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ စင်္ကာပူ၊ အိန္ဒိယ၊ ဂျပန်နှင့် မလေးရှား နိုင်ငံတို့ ဖြစ်ပါ သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ပုံ(၂-၁၁) သွင်းကုန်အကောင်အထည်ဖော်နိုင်မှု အခြေအနေ





၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လ ပတ်တွင် သွင်းကုန်တန်ဖိုး ကျပ် ၆,၈၆၀,၀၀၀.၀ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ကျပ် ၈,၅၇၈,၂၄၂.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၁၂၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

အများဆုံးတင်သွင်းသော ကုန်စည်များမှာ ရေနံထွက်ပစ္စည်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ အခြားစက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေး ပစ္စည်းနှင့် စားအုန်းဆီ တို့ဖြစ်ပြီး အများဆုံးတင်သွင်းသော ကုန်သွယ်ဘက်နိုင်ငံများမှာ တရုတ်၊ စင်္ကာပူ၊ ဂျပန်၊ ထိုင်း နှင့် မလေးရှားနိုင်ငံတို့ ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့


## ပုံ(၂-၁၂) ကုန်သွယ်မှုပမာဏ




ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် ကုန်သွယ်မှုပမာဏကို ကျပ် ၁၃,၆၂၇,၂၈၄.၅ သန်း ရရှိရန် ရည်မှန်းထားရှိခဲ့ပြီး ကျပ် ၁၅,၃၇၄,၇၇၆.၄ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်၏ ၁၁၂.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။


## ပုံ(၂-၁၃) ကုန်သွယ်မှု ပိုငွေ/လိုငွေ




ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပို့ကုန်တန်ဖိုး ကျပ် ၆,၇၉၆,၅၃၄.၂ သန်း ဖြစ်ပြီး သွင်းကုန်တန်ဖိုး ကျပ် ၈,၅၇၈,၂၄၂.၂ သန်း ရှိသောကြောင့် ကုန်သွယ်မှုလိုငွေ ကျပ် ၁,၇၈၁,၇၀၈.၀ သန်း ဖြစ်ပါသည်။

## ပုံ(၂-၁၄) ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန် အခြေအနေ





၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အများဆုံးတင်ပို့ခဲ့သည့် ကုန်စည်များမှာ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပစ္စည်း ကျပ် ၂,၈၁၈,၂၉၂.၈ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်း ကျပ် ၁၇၆,၈၃၆၂.၂ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းများ ကျပ် ၇၀၈,၃၂၅.၇ သန်း၊ စက်မှုကုန်ချောပစ္စည်းများ ကျပ် ၅၄၁,၈၇၄.၃ သန်း၊ ရေထွက်ပစ္စည်းများ ကျပ် ၂၂၉,၃၁၂.၄ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ကျပ် ၆,၄၉၀.၄ သန်း၊ သစ်တောထွက်ပစ္စည်း ကျပ် ၆၈,၀၀၃.၀ သန်းနှင့် အခြား ပစ္စည်းများ ကျပ် ၆၅၅,၈၇၃.၄ သန်း တို့ဖြစ်ပါသည်။

ဤကဲ့သို့တင်ပို့နိုင်ခဲ့ခြင်းမှာ ကုန်သွယ်ရေး ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ခြင်း၊ ဥရောပ နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးခြင်း၊ ဈေးကွက်များ ကျယ်ပြန့်စွာ ထိုးဖောက်လာနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ပုံ(၂-၁၅) ကုန်ပစ္စည်းအုပ်စုအလိုက်သွင်းကုန် အခြေအနေ





၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများကို ကျပ် ၃,၀၁၈,၄၀၀.၀ သန်း တင်သွင်းရန် ရည်မှန်းခဲ့ရာ ကျပ် ၄,၁၅၀,၅၂၁.၁ သန်း တင်သွင်းခဲ့၍ ၁၃၇.၅ ရာခိုင်နှုန်း၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို ကျပ် ၂,၆၇၅,၄၀၀.၀ သန်း ရည်မှန်းခဲ့ရာ ကျပ် ၂,၅၂၂,၆၉၁.၈ သန်း ဖြစ်သဖြင့် ၉၄.၃ ရာခိုင်နှုန်း၊ စားသုံးကုန်ပစ္စည်းများကို ကျပ် ၁,၁၆၆,၂၀၀.၀ သန်း ရည်မှန်းခဲ့ရာ ကျပ် ၁,၉၀၅,၀၂၉.၃ သန်းဖြစ်သဖြင့် ၁၆၃.၄ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် အခြေခံ ကျသော ရင်းနှီးကုန်ပစ္စည်းများ၊ စားသုံး ကုန် ပစ္စည်းများကို ရည်မှန်းချက်ထက် ပိုမိုတင်သွင်းခဲ့ ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

# ကျန်းမာရေး


## ပုံ(၂-၁၆) ဆရာဝန်ဦးရေ




ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆေးတက္ကသိုလ်များမှ ဘွဲ့ရဆရာဝန်ဦးရေ တိုးတက်မွေးထုတ်နိုင်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ် များအလိုက် နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ တိုးချဲ့ ခန့်ထားခဲ့သည့်အပြင် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင်လည်း ဆရာဝန်ဦးရေ တိုးတက်လာခဲ့ခြင်းကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် ကုန်တွင် ဆရာဝန်ဦးရေသည် စီမံကိန်းလျာထားချက်နီးပါး တိုးတက်လာခဲ့ပါသည်။

## ပုံ(၂-၁၇) သူနာပြုဦးရေ





ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးစောင့်ရှောက်မှု အမျိုးအစားအလိုက် လိုအပ်မည့် ကျန်းမာရေး စွမ်းအားစုများကို အရည်အသွေးပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ရန် နှင့် အခြေခံ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်မှန်းချက်များနှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ကုန်တွင် သူနာပြုဦးရေကို တိုးမြှင့် ခန့်ထားနိုင်ခဲ့ပါသည်။

# ပညာရေး

## ပုံ(၂-၁၈) အခြေခံပညာကျောင်းများ အခြေအနေ





၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်ကုန်ဆုံးချိန်တွင် မူလတန်းကျောင်း အရေအတွက်သည် တစ်နှစ်လုံးလျာထားချက်ကို မပြည့်မီနိုင်ခြင်းမှာ ဒုတိယ (၆)လပတ်ကာလအတွင်း မူလတန်းကျောင်းအသစ်များကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သော်လည်း မူလတန်းလွန်ကျောင်းများကို အလယ်တန်းအဆင့်သို့ မြှင့်တင်ခဲ့သဖြင့် မူလတန်းကျောင်း အရေအတွက် လျော့နည်းသွားခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်းခွဲများ အဖြစ်လည်းကောင်း၊ အလယ်တန်းကျောင်းများကို အထက်တန်း ကျောင်းခွဲများ အဖြစ်လည်းကောင်း အသီးသီး အဆင့်မြှင့်တင်ခဲ့သည့်အတွက် ယင်းအဆင့်များတွင် ရည်မှန်းထားသည်ထက် ကျောင်းဦးရေ ပိုမိုတိုးတက်လာခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

## ပုံ(၂-၁၉) အခြေခံပညာကျောင်းဆရာများအခြေအနေ





မူလတန်းအဆင့်တွင် ယခင်က နေ့စားလပေး ခန့်အပ်ခဲ့သော ဆရာ၊ ဆရာမများကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည့်အတွက် ဒုတိယ (၆) လပတ်ကုန်တွင် စီမံကိန်း ရည်မှန်းချက်ထက် မူလတန်းဆရာ/ ဆရာမများ ပိုမိုတိုးတက် ခဲ့ပါသည်။

အလယ်တန်းနှင့် အထက်တန်း အဆင့်များတွင် သက်ဆိုင်ရာ ဘာသာရပ်နှင့် ကိုက်ညီသော လိုအပ်သည့် ဆရာ၊ ဆရာမများ မရရှိခြင်း၊ ရာထူးတိုးမြှင့်ခန့်ထားမှု မပြုနိုင်သေးခြင်း၊ ဖွဲ့စည်းပုံပြည့်မီအောင် ခန့်ထားပေးရန် လိုအပ်နေခြင်း တို့ကြောင့် ဒုတိယ (၆)လပတ်ကုန်ဆုံးချိန်တွင် ရည်မှန်းချက်ထက် ဆရာ၊ ဆရာမဦးရေ လျော့နည်းနေခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

## ပုံ(၂-၂၀) အခြေခံပညာကျောင်းသားများအခြေအနေ





ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ ပညာသင်နှစ် စီမံကိန်းလျာထားချက်သည် ယခင်လူဦးရေ သန်း ၆၀ ပေါ်တွင် အသက်အပိုင်းအခြား အလိုက် ခန့်မှန်းခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယ (၆) လပတ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီစာရင်းများအရ ဖော်ပြထားခြင်း ဖြစ်ပါသည်။

## ပုံ(၂-၂၁) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အခြေအနေ





ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ကျောင်းဆရာဦးရေသည် ဖွဲ့စည်းပုံအပြည့်ခန့်ထားရန် ရေးဆွဲထားသော၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျောင်းဆရာရည်မှန်းချက်ထက် လျော့နည်းခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ကျောင်းများရှိသောဝန်ကြီးဌာန အသီးသီးတွင် စီမံကိန်းရည်မှန်းချက်နှင့်အညီ ဆရာခန့်ထားနိုင်ခြင်း မရှိခဲ့ပါ ။ ဘာသာရပ်အလိုက် အရည်အသွေးပြည့်ဝသော ဆရာ/ ဆရာမများ ပိုမို ခန့်အပ်နိုင်ရန် လိုအပ်ပါသည်။

ကျောင်းသားဦးရေတွင် ပညာရေးကောလိပ်များရှိ ဘွဲ့လွန်ကျောင်းသားများ သင်တန်းပြီးဆုံးသွားသဖြင့် ကျောင်းသားဦးရေ လျော့နည်းရခြင်း ဖြစ်ပါသည်။ ပညာသင် ကာလပြီးဆုံးသည့် ကျောင်းသားဦးရေများ လျော့နည်းခြင်း ဖြစ်ပါသည်။

# အခြေခံအဆောက်အအုံများ အခြေအနေ


## ပုံ(၂-၂၂) ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ပြည်တွင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၇၃၄၃.၇ သန်း သုံးစွဲရန် ရည်မှန်းထားရာ ကီလိုဝပ် နာရီ ၇၂၂၅.၃ သန်း သုံးစွဲနိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၉၈.၄ ရာခိုင်နှုန်း သုံးစွဲနိုင်ခဲ့ပါသည်။ နေပြည်တော် ကောင်စီနယ်မြေရှိ နန်ချို၊ အထက်ပေါင်းလောင်း၊ ကချင်ပြည်နယ်ရှိ ချီဖွေငယ်၊ ကယားပြည်နယ်ရှိ ဘီလူးချောင်း(၃)၊ ပဲခူးတိုင်းအရှေ့ပိုင်းရှိ ဖြူးချောင်းရေအားလျှပ်စစ် စက်ရုံအသစ်များ လည်ပတ်နိုင်ခဲ့ခြင်း၊ ချင်းပြည်နယ်တွင် မဟာဓာတ်အားလိုင်းအသစ် ရောက်ရှိခြင်း၊ တနင်္သာရီတိုင်း ဒေသကြီးတွင် ပုဂ္ဂလိက ဒီဇယ်မီးပေးရေးလုပ်ငန်းများမှ ပိုမိုမီးပေးလာနိုင် ခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေဓာတ်ငွေ့ပိုက်လိုင်းမှ ရရှိသည့် သဘာဝဓာတ်ငွေ့ဖြင့် ကျောက်ဖြူဒေသနှင့် အနီး ပတ်ဝန်းကျင် ဒေသများသို့ ဓာတ်အားဖြန့်ဖြူးခဲ့ခြင်း တို့ကြောင့် ရည်မှန်းချက်ကို ပြည့်မီနီးပါး အကောင် အထည်ဖော် နိုင်ခဲ့သည်။

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## ပုံ(၂-၂၃) လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း




ဆက်သွယ်ရေးကဏ္ဍ အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် လူတစ်ထောင်လျှင် တယ်လီဖုန်း ၂၅၈ လုံး သုံးစွဲနိုင်ရေးအတွက် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၁၃,၃၁၈,၂၁၅ လုံး တပ်ဆင်ရန် ရည်မှန်းထားခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ထိ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကအော်ပရေတာများက တယ်လီဖုန်းလုံးရေ စုစုပေါင်း ၂၈,၁၃၄,၈၁၄ လုံး တပ်ဆင် နိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၂၁၁.၃ ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပြီး လူတစ်ထောင်လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာလည်း ၅၄၄ လုံး ရှိလာပြီ ဖြစ်ပါသည်။

ဇာစ်မြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

## အခန်း(၃)

## မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လူဦးရေ အခြေအနေ။** ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရှေ့ပြေးလူဦးရေစာရင်းများအရ ပြုစုထားသည့် ယာယီစာရင်းများတွင် မြန်မာနိုင်ငံ လူဦးရေစုစုပေါင်းမှာ ၅၁.၄၀၂ သန်း ဖြစ်ပြီး ကျား ဦးရေမှာ ၂၄.၉၃၆ သန်း၊ မ ဦးရေမှာ ၂၆.၄၆၅ သန်း ဖြစ်ပါသည်။ လူဦးရေများသော တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ၇.၃၅၀ သန်းဖြင့် ၁၄.၃၃ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၁၉၄ သန်းဖြင့် ၁၁.၉၈ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၆.၁၈၂ သန်းဖြင့် ၁၁.၉၆ ရာခိုင်နှုန်းဖြစ်ရာ ယင်းတိုင်းဒေသကြီးသုံးခု၏ စုစုပေါင်းလူဦးရေမှာ နိုင်ငံလူဦးရေ၏ ၃၈.၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ လူဦးရေအနည်းဆုံး ပြည်နယ်များမှာ ကယားပြည်နယ်တွင် ၀.၂၈၉ သန်းဖြင့် ၀.၅၆ ရာခိုင်နှုန်း၊ ချင်းပြည်နယ်တွင် ၀.၄၈၀ သန်းဖြင့် ၀.၉၃ ရာခိုင်နှုန်းနှင့် နေပြည်တော် တွင် ၁.၁၆၅ သန်း ဖြင့် ၂.၂၅ ရာခိုင်နှုန်းတို့ဖြစ်ရာ နိုင်ငံလူဦးရေ စုစုပေါင်း၏ ၃.၇၄ ရာခိုင်နှုန်းဖြစ်ပါသည်။

**လူဦးရေသိပ်သည်းမှု။** ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ယာယီ လူဦးရေစာရင်းအရ တစ်စတုရန်း ကီလိုမီတာလျှင် ၇၆ ဦး ဖြစ်ပါသည်။ လူဦးရေ အထူထပ်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး ၇၂၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီး ၂၀၆ ဦး တို့ဖြစ်ပါသည်။ လူဦးရေ အကျဲပါးဆုံးဒေသမှာ ချင်းပြည်နယ် ၁၃ ဦးနှင့် ကချင်ပြည်နယ် ၁၉ ဦး တို့ဖြစ်ပါသည်။

**မြို့ပြ/ကျေးလက်နေလူဦးရေ။** ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ စာရင်းကောက်ယူရရှိသော ယာယီလူဦးရေစာရင်းအရ မြို့ပြနေ လူဦးရေမှာ ၁၅.၁၇၃ သန်း ဖြစ်ပြီး၊ ကျေးလက်နေလူဦးရေမှာ ၃၆.၅၂၈ သန်း ဖြစ်ပါသည်။

**ဇယား (၃-၁) မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်လယ်လူဦးရေ) |
|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | |
| **လူဦးရေ** | ထောင်ပေါင်း | ၅၁,၇၀၂ |
| ကျား | ထောင်ပေါင်း | ၂၄,၉၃၆ |
| မ | ထောင်ပေါင်း | ၂၆,၇၆၅ |

**ဇယား(၃-၁)အဆက်**

| **အကြောင်းအရာ** | **ရေတွက်ပုံ** | **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (နှစ်လယ်လူဦးရေ)** |
|---|---|---|
| မြို့ပြလူဦးရေ | ထောင်ပေါင်း | ၁၅,၁၇၃ |
| ကျေးလက် လူဦးရေ | ထောင်ပေါင်း | ၃၆,၅၂၈ |
| လူဦးရေသိပ်သည်းမှု (population Density) | တစ်စတုရန်း ကီလိုမီတာ | ၇၆ |

**မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ။** စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation Rate)၊ စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှု အချိုးအစား၊ ဘဏ်လုပ်ငန်းများကို အောက်ပါအတိုင်း တင်ပြ အပ်ပါသည်-

**ဇယား(၃-၂) မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ**

| **စဉ်** | **အကြောင်းအရာ** | **ရေတွက်ပုံ** | **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်** | **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်** |
|---|---|---|---|---|
| ၁ | စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (နှစ်အလိုက် ဈေးနှုန်း) | ကျပ်သန်း ထောင်ပေါင်း | ၃၈,၂၂၉,၄၆၇.၇ | ၄၃,၀၉၂,၇၈၉.၂ |
| ၂ | **စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍကြီးများအလိုက်ပါဝင်မှု အချိုး** (နှစ်အလိုက်ဈေးနှုန်း) | | | |
| | လယ်ယာ | (%) | ၃၂.၄ | ၃၀.၉ |
| | စက်မှု | (%) | ၃၃.၁ | ၃၄.၆ |
| | ဝန်ဆောင်မှု | (%) | ၃၄.၅ | ၃၄.၅ |
| ၃ | **ကဏ္ဍကြီးများအလိုက်စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး** | | | |
| | **တိုးတက်မှုနှုန်း** | | | |
| | လယ်ယာ | (%) | | ၂.၈ |
| | စက်မှု | (%) | | ၁၃.၅ |

**ဇယား(၃-၂) အဆုံး**



| | ဝန်ဆောင်မှု | (%) | | ၉.၈ |
|---|---|---|---|---|
| **စဉ်** | **အကြောင်းအရာ** | **ရေတွက်ပုံ** | **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်** | **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်** |
| ၄ | **ငွေကြေးဖောင်းပွမှုနှုန်း** | | | |
| | ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပျမ်းမျှ) Inflation Rate (Annual Average) | (%) | ၅.၇၂ | ၅.၉၀ |
| | ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက်ပြောင်းလဲမှု) Inflation Rate(Year on Year) | (%) | ၆.၂၆ | ၇.၄၅ |
| ၅ | **ဘဏ်လုပ်ငန်း** | | | |
| | တစ်နိုင်ငံလုံးရှိဘဏ် | ခုရေ | ၂၂ | ၂၃ |
| | တစ်နိုင်ငံလုံးရှိဘဏ် ခွဲ | ခုရေ | ၆၉၅ | ၁,၀၄၀ |
| | အလိုအလျောက်ငွေထုတ်စက် စနစ်ဖြင့်ဆောင်ရွက်သောဘဏ် | ခုရေ | ၉ | ၁၃ |
| | မှတ်ပုံတင်ထားသော ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီ | ခုရေ | ၄ | ၉ |
| ၆ | **ငွေလဲလှယ်နှုန်း (Exchange Rate)** | | | |
| | ပျမ်းမျှ ကျပ်/ဒေါ်လာ | | ၉၈၀ | ၁,၀၂၃ |

**ဘဏ်လုပ်ငန်း**။ တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကဘဏ် အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ဘဏ် ၂၃ ခုနှင့် စုစုပေါင်းဘဏ်ခွဲ ၁၀၄၀ ခု ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ဘဏ် ၂၂ ခုနှင့် စုစုပေါင်းဘဏ်ခွဲ ၆၉၅ ခု ရှိခဲ့ပါသည်။ အလိုအလျောက်

ငွေထုတ်စက်စနစ်ဖြင့် ဆောင်ရွက်သော ပုဂ္ဂလိကဘဏ်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ဘဏ် ၁၃ ခု နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် တွင် ဘဏ် ၉ ခု ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မှတ်ပုံတင်ထားသော ပြည်တွင်း ငွေရေးကြေးရေးကုမ္ပဏီမှာ ၉ ခု ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၄ ခု ရှိခဲ့ပါသည်။

**ငွေလဲလှယ်နှုန်း။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လ ပျမ်းမျှ ငွေလဲလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၁,၀၂၃ ကျပ် ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လတွင် ၉၈၀ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

**လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

**ဇယား(၃-၃) ပညာရေးနှင့် ကျန်းမာရေး ညွှန်ကိန်းများ**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| ပညာရေး(အခြေခံ) | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၄၃,၁၈၁ | ၄၄,၄၀၄ |
| ကျောင်းသား | ဦးရေ(ထောင်) | ၈,၅၁၇ | ၈,၇၇၇ |
| ဆရာ/ဆရာမ | ဦးရေ | ၂၈၁,၄၅၁ | ၃၄၇,၀၃၅ |
| **ပုဂ္ဂလိက** | | | |
| ကျောင်း | ဦးရေ | ၁၅၉ | ၂၈၀ |
| ကျောင်းသား | ဦးရေ | ၄၅,၂၇၄ | ၅၄,၂၅၁ |
| ဆရာ/ဆရာမ | ဦးရေ | ၂,၉၉၄ | ၂,၈၁၈ |
| ပညာရေး(အဆင့်မြင့်) | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၁၆၉ | ၁၆၉ |

**ဇယား(၃-၃) အဆုံး**

| | | | |
|---|---|---|---|
| ကျောင်းသား | ဦးရေ | ၄၉၆,၅၀၅ | ၆၃၆,၈၁၅ |
| ဆရာ/ဆရာမ | ဦးရေ | ၂၃,၄၁၂ | ၂၅,၂၇၄ |
| **အကြောင်းအရာ** | **ရေတွက်ပုံ** | **၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်** | **၂၀၁၄-၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်** |
| **သက်ကြီး စာတတ်မြောက်မှုနှုန်း** | | | |
| စုစုပေါင်း | (%) | ၉၅.၁၃ | ၉၅.၄၁ |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၉၈၈ | ၁,၀၂၉ |
| ပုဂ္ဂလိကဆေးရုံများ | ဦးရေ | ၁၇၆ | ၁၈၂ |
| ပုဂ္ဂလိကဆေးပေးခန်းများ | ဦးရေ | ၅,၅၆၈ | ၅,၀၈၈ |
| ခုတင်(အစိုးရ) | ဦးရေ | ၄၅,၇၇၈ | ၄၇,၄၅၄ |
| ဆရာဝန် | ဦးရေ | ၃၁,၅၄၂ | ၃၂,၈၆၁ |
| သူနာပြု | ဦးရေ | ၂၉,၅၃၂ | ၃၂,၆၀၉ |
| ကျန်းမာရေးကြီးကြပ်(အဆင့်-၁) | ဦးရေ | ၅၃၆ | ၆၂၈ |
| ကျွမ်းကျင်သူများနှင့် ကလေးမွေးဖွားမှု | % | ၇၁.၆ | ၇၄.၉ |
| အသက်၁၅နှစ်နှင့်အထက် လူဦးရေ အတွင်း HIV ဖြစ်ပွားမှုနှုန်း (၂၀၀၉ခုနှစ် အပေါ် အခြေခံ) | % | ၀.၄၇ | ၀.၅၃ |

မှတ်ချက်။ ပညာရေး (အဆင့်မြင့်)တွင် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ မပါဝင်ပါ။

**မော်တော်ယာဉ်တင်သွင်းမှု။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၁.၄ သန်း တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၂,၃၈၇ စီး၊ အမေရိကန်ဒေါ်လာ ၁၅.၃ သန်း တန်ဖိုးရှိ ထွန်စက် ၂၂,၈၂၀ စီး၊ အမေရိကန်ဒေါ်လာ ၄၇၇.၀ သန်း တန်ဖိုးရှိ ကုန်တင်ယာဉ် ၄၀,၅၇၆ စီး၊ အမေရိကန်ဒေါ်လာ ၆၈.၂ သန်း တန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား

၁,၈၇၈ စီး၊ အမေရိကန်ဒေါ်လာ ၃၇၉.၇ သန်း တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၁၃,၀၅၉ စီး၊ အမေရိကန် ဒေါ်လာ ၂၆.၉ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၃၁၀ စီး တင်သွင်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် အမေရိကန်ဒေါ်လာ ၁၉.၈ သန်း တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၁၇,၅၂၈ စီး၊ အမေရိကန်ဒေါ်လာ ၈၁.၅ သန်း တန်ဖိုးရှိ ထွန်စက် ၇,၄၇၆ စီး၊ အမေရိကန် ဒေါ်လာ ၂၃၆.၃ သန်း တန်ဖိုးရှိ ကုန်တင်ယာဉ် ၂၁,၈၃၀ စီး၊ အမေရိကန် ဒေါ်လာ ၁၉၄.၆ သန်း တန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား ၁၃,၂၈၇ စီး၊ အမေရိကန်ဒေါ်လာ ၁၆၁.၃ သန်း တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၁၂,၁၁၈ စီး၊ အမေရိကန် ဒေါ်လာ ၁၉.၈ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၂၄၄ စီး တင်သွင်းခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** လျှပ်စစ်မီး ရရှိသော ကျေးရွာများမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၃,၃၂၁ ရွာ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်အထိ ၂၄,၉၉၆ ရွာဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၂,၂၆၅ ရွာဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၂၈,၁၉၄ ရွာ ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃,၁၉၈ ရွာ ထပ်မံ မီးရရှိခဲ့ပါသည်။

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် လိုင်းပေါင်း ၅၃၃,၈၈၃ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် လိုင်းပေါင်း ၅၂၆,၇၉၂ ဖြစ်ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် လိုင်းပေါင်း ၇,၇၂၅,၅၇၃ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူး မြန်မာလီမိတက်နှင့် တယ်လီနော မြန်မာလီမိတက်တို့မှ စုစုပေါင်းတပ်ဆင်ပြီး မိုဘိုင်းဖုန်းလိုင်း အရေအတွက် ၂၇,၅၆၈,၂၄၄ အထိ တိုးတက် လာခဲ့ပါသည်။

**တယ်လီဖုန်းသုံးစွဲမှု။** လူဦးရေ ၁,၀၀၀ လျှင်သုံးစွဲနိုင်သော တယ်လီဖုန်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၁၆၂ လုံးဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ထိတွင် ၅၄၄ လုံးထိ တိုးတက်လာပါသည်။ အင်တာနက်အသုံးပြုမှု လိုင်းပေါင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ထိတွင် ၂,၅၁၃,၂၀၅ လိုင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့်

တယ်လီနောမြန်မာ လီမိတက်တို့မှ စုစုပေါင်း တပ်ဆင်ပြီး အင်တာနက်လိုင်းအရေအတွက် ၁၇,၇၃၆,၄၂၆ လိုင်းထိ တိုးတက်လာခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ထိ တွင် အစိုးရစာတိုက်ပေါင်း ၁,၃၈၇ ခု ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်ထိတွင် ၁,၃၈၄ ခု ဖြစ်ပါသည်။

**သယ်ယူပို့ဆောင်ရေး။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ ၄၀,၁၂၉ ကီလိုမီတာဖြစ်ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၀,၅၈၂ ကီလိုမီတာဖြစ်ပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အထိ တစ်စတုရန်း ကီလိုမီတာလျှင် ၀.၀၅၉ ကီလိုမီတာ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိတွင် ၀.၀၆၀ ကီလိုမီတာ ဖြစ်ပါသည်။

ယာဉ်အသုံးပြုမှုတွင် စုစုပေါင်း မှတ်ပုံတင်သော ယာဉ်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် စီးရေ ၄,၂၃၇,၆၈၂ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးရေ ၅,၀၇၇,၆၉၉ ထိ တိုးတက်ခဲ့ပါသည်။ မှတ်ပုံတင်ထားသော ခရီးသည်နှင့် ကုန်တင် မော်တော်ယာဉ်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးရေ ၅၆၃,၉၃၉ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးရေ ၆၉၀,၁၄၂ ထိ တိုးတက်ခဲ့ပါသည်။ ခရီးသည်တင်ယာဉ်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးရေ ၄၀၄,၉၂၅ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးရေ ၄၅၆,၂၃၉ ထိ တိုးတက်ခဲ့ပါသည်။ ကုန်တင်ယာဉ်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးရေ ၁၅၉,၀၁၄ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးရေ ၂၃၃,၉၀၃ ထိ တိုးတက်ခဲ့ပါသည်။ မီးရထားလမ်းအရှည်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သံလမ်းမိုင် ၄,၈၅၅ မိုင် ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သံလမ်းမိုင် ၄,၉၃၃ မိုင်ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် မီးရထား ခရီးသည် ၂၆.၆ သန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ခရီးသည် ၂၃.၂ သန်း ဖြစ်ပါသည်။ တစ်ကီလိုမီတာလျှင် သွားရောက်ခဲ့သည့်ခရီးသည်ဦးရေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၃,၄၀၃ ဦး ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၂,၉၂၃ ဦး ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ကုန်တန်ချိန် ၁.၂၂ သန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ၁.၁၅ သန်း ဖြစ်ပါသည်။

**ဆိပ်ကမ်း။** ဆိပ်ကမ်းအခြေအနေမှာ (နိုင်ငံခြား/ကမ်းရိုးတန်း) သင်္ဘောအဝင်စီးရေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သင်္ဘော ၂,၆၈၁ စီး ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်

ဒုတိယ(၆)လပတ်တွင် သဘော် ၂,၇၁၆ စီး ဖြစ်ပါသည်။ စုစုပေါင်း ပို့ကုန်/သွင်းကုန် ကုန်သေတ္တာ ထောင်ပေါင်း (၂၀ ပေ တူညီယူနစ် လုံးရေ) မှာ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ၃၃၆ ရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ၃၆၅ သို့ တိုးတက်ခဲ့ပါသည်။ ကုန်သေတ္တာအပါ စုစုပေါင်းပို့ကုန်၊ သွင်းကုန် အားလုံးမှာ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မက်ထရစ်တန် ထောင်ပေါင်း ၁၄,၃၇၆ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မက်ထရစ်တန် ထောင်ပေါင်း ၁၃,၉၃၇ ဖြစ်ပါသည်။ ပြည်တွင်း ကုန်စည်ပမာဏ မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် တန် ၁.၅၀ သန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် တန် ၁.၄၅ သန်း ဖြစ်ပါသည်။ ပြည်ပဆိပ်ကမ်း မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိတွင် ဆိပ်ကမ်း ၉ ခု ရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အထိ အရေအတွက် ပြောင်းလဲခြင်း မရှိပါ။ ပြည်ပကုန်စည် ပမာဏ မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် တွင် တန် ၁၂.၈၀ သန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် တန် ၁၂.၄၉ သန်း ဖြစ်ပါသည်။

**ပုံနှိပ်ထုတ်ဝေ အဆင့်ရှိ မီဒီယာ။** ကြေးမုံသတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စောင်ရေ ၃၃၇.၈၀ သိန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၃၂၉.၂၄ သိန်း ဖြစ်ပါသည်။ မြန်မာ့အလင်းသတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် စောင်ရေ ၂၆၃.၂၇ သိန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၆၅.၁၄ သိန်း ဖြစ်ပါသည်။ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာထုတ်ဝေမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် တွင် စောင်ရေ ၂၈.၃၄ သိန်းဖြစ်ပြီး၊ ၁-၉-၂၀၁၄ မှစ၍ ပုဂ္ဂလိကသို့ လွှဲပြောင်း၍ The Global New Light of Myanmar ဟု အမည်ပြောင်းလဲခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်ထုတ်ဝေမှုမှာ စောင်ရေ ၃၀.၄၅ သိန်း ဖြစ်ပါသည်။ မြဝတီသတင်းစာထုတ်ဝေမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စောင်ရေ ၇၆.၃၅ သိန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် စောင်ရေ ၁၁၀.၈၈ သိန်း ဖြစ်ပါသည်။ မြို့တော်သတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စောင်ရေ ၅.၅၅ သိန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်တွင် စောင်ရေ ၅.၅၈ သိန်း ဖြစ်ပါသည်။ ရတနာပုံ သတင်းစာထုတ်ဝေမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စောင်ရေ ၂.၁၀ သိန်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စောင်ရေ ၂.၁၅ သိန်း ဖြစ်ပါသည်။

## ဇယား(၃-၄) ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှု အခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| ဆိပ်ကမ်း | | | |
| သင်္ဘောအဝင် | စီး | ၂,၆၈၁ | ၂,၇၁၆ |
| စုစုပေါင်း ပို့ကုန်/သွင်းကုန် ကုန်သေတ္တာပေါင်း | သေတ္တာ(၀၀၀) | ၃၃၆ | ၃၆၅ |
| ကုန်သေတ္တာ အပါစုစုပေါင်းပို့ကုန်/ သွင်းကုန် အားလုံး | မ/တန် ထောင်ပေါင်း | ၁၄,၃၇၆ | ၁၃,၉၃၇ |
| ပြည်တွင်းကုန်စည်ပမာဏ | တန်(သန်း) | ၁.၅၀ | ၁.၄၅ |
| ပြည်ပကုန်စည်ပမာဏ | တန်(သန်း) | ၁၂.၈၀ | ၁၂.၄၉ |
| မော်တော်ယာဉ်တင်သွင်းမှု | | | |
| မော်တော်ဆိုင်ကယ် | စီး | ၂၃၈၇ | ၁၇၅၂၈ |
| ထွန်စက် | စီး | ၂၂၈၂၀ | ၇၄၇၆ |
| ကုန်တင်ယာဉ် | စီး | ၄၀၅၇၆ | ၂၁၈၃၀ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | စီး | ၁၈၇၈ | ၁၃၂၈၇ |
| မော်တော်ကား (ဆလွန်း) | စီး | ၁၃၀၅၉ | ၁၂၁၁၈ |
| အခြေခံ အဆောက်အအုံဆိုင်ရာ သုံးစွဲမှု | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃,၃၂၁ | ၂,၂၆၅ |
| ဆက်သွယ်ရေး | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၃၃,၈၈၃ | ၅၂၆,၇၉၂ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၇,၇၂၅,၅၇၃ | ၂၇,၅၆၈,၂၄၄ |
| လူဦးရေ ၁,၀၀၀ လျှင်သုံးစွဲနိုင်သောတယ်လီဖုန်း | လုံး | ၁၆၂ | ၅၄၄ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၂,၅၁၃,၂၀၅ | ၁၇,၇၃၆,၄၂၆ |

ဇယား(၃-၄) အဆက်

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| စာတိုက် | | | |
| အစိုးရစာတိုက် | ခု | ၁,၃၈၇ | ၁,၃၈၄ |
| ယာဉ်အသုံးပြုမှု | | | |
| စုစုပေါင်းမှတ်ပုံတင် မော်တော်ယာဉ်(ခရီးသည်+ကုန်တင်) | စီး | ၅၆၃,၉၃၉ | ၆၉၀,၁၄၂ |
| ကုန်တင်ယာဉ် | စီး | ၁၅၉,၀၁၄ | ၂၃၃,၉၀၃ |
| မီးရထား | | | |
| မီးရထားလမ်းအရှည် | သံလမ်းမိုင် | ၄,၈၅၅ | ၄,၉၃၃ |
| ခရီးသည် | သန်း | ၂၆.၆ | ၂၃.၂ |
| ခရီးသည်(တစ်ကီလိုမီတာ) | ဦးရေ | ၃,၄၀၃ | ၂,၉၂၃ |
| ကုန်တန်ချိန် | တန်သန်း | ၁.၂၂ | ၁.၁၅ |
| ပုံနှိပ်မီဒီယာ | | | |
| ကြေးမုံသတင်းစာ | စောင်ရေသိန်း | ၃၃၇.၈၀ | ၃၂၉.၂၄ |
| မြန်မာ့အလင်းသတင်းစာ | စောင်ရေသိန်း | ၂၆၃.၂၇ | ၂၆၅.၁၄ |
| The Global New Light of Myanmar | စောင်ရေသိန်း | ၂၈.၃၄ | ၃၀.၄၅ |
| မြဝတီသတင်းစာ | စောင်ရေသိန်း | ၇၆.၃၅ | ၁၁၀.၈၈ |
| မြို့တော်သတင်းစာ | စောင်ရေသိန်း | ၅.၅၅ | ၅.၅၈ |
| ရတနာပုံသတင်းစာ | စောင်ရေသိန်း | ၂.၁၀ | ၂.၁၅ |
| အီလက်ထရောနစ်မီဒီယာ | | | |
| တယ်လီဗီးရှင်းလိုင်းများ | | | |
| အစိုးရ | | | |
| မြန်မာ (MRTV,MWD) | လိုင်း | ၅ | ၁၅ |
| ဖက်စပ် | | | |

ဇယား(၃-၄) အဆုံး

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|
| မြန်မာ (MRTV-4 ) နှင့် ဆက်စပ် ရုပ်သံလိုင်းများ | လိုင်း | ၃ | ၁၀ |
| **အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းများ** | **လိုင်း** | **၃** | **၁၀၈** |
| ရေဒီယိုလိုင်းများ | | | |
| အစိုးရ | | | |
| ပြန်ကြားရေး (မြန်မာ့အသံတိုင်းရင်းသား) | လိုင်း | ၂ | ၁၇ |
| ပြန်ကြားရေး (မြန်မာ့အသံ အင်္ဂလိပ်) | လိုင်း | ၁ | ၁ |
| ကကပြည်မှမြန်မာ(သဇင်) | လိုင်း | ၁ | ၁ |
| ရန်ကုန်စည်ပင်(City FM) | လိုင်း | ၁ | ၁ |
| ဖက်စပ် | | | |
| မြန်မာ(ဒေသဆိုင်ရာ FM များ) | လိုင်း | ၆ | ၆ |

## အခန်း(၄)
## ငွေကြေး မူဝါဒ၊ ဘဏ္ဍာရေး မူဝါဒ၊ ရသုံးမှန်းခြေငွေစာရင်း

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး ဒုတိယအဆင့်ဖြစ်သော စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများအတွက် စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုမူဘောင် ချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍများကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေရှိလာစေရန် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### ငွေကြေးမူဝါဒ (Monetary Policy)

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး၊ ထိရောက်သောငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေး၊ ရှင်သန်သော စီးပွားရေး ဖွံ့ဖြိုးမှုရရှိစေရန် အစိုးရအဖွဲ့၏ အထွေထွေ စီးပွားရေးမူဝါဒများကို အထောက်အကူပြုရေး စသည့် ငွေကြေးမူဝါဒများကို ချမှတ်ခဲ့ပြီး ငွေကြေးမူဝါဒရေးရာမူဘောင် (Monetary Policy Framework) ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းဆိုင်ရာ သတ်မှတ်ချက်အပေါ် သုံးလပတ်တစ်ကြိမ် သုံးသပ်လေ့လာမှုပြုခြင်း၊

(ခ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံခြားငွေ ရန်ပုံငွေ ရည်မှန်းချက် (Reserve Money Targeting) အား တင်ပြခြင်း၊

(ဂ) ဘဏ်များကထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) ပြင်ဆင်သတ်မှတ်ခြင်း၊ ညွှန်ကြားချက်အား ဘဏ်များသို့ ဖြန့်ဝေခြင်းနှင့် ဘဏ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊

(ဃ) အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား အပြီးသတ်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်သည့်ဌာနများသို့ ဖြန့်ဝေခြင်း၊

စသည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေး အတွက် အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပုဂ္ဂလိကဘဏ် ၂၃ ခုတို့ မှ ဘဏ်ခွဲ ပေါင်း ၁၂၀ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ ၄၂ ခုနှင့် နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ ၁ ခု၊ ပြည်တွင်းငွေရေးကြေးရေး ကုမ္ပဏီ ၉ ခု ဖွင့်လှစ်ထားရှိ၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်တွင်း၌ နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင်ရန် နိုင်ငံခြားဘဏ် ၉ ခု အတွက် ကနဦးအတည်ပြုချက်ကို မြန်မာ နိုင်ငံတော် ဗဟိုဘဏ်နှင့် နိုင်ငံခြားဘဏ်လုပ်ငန်း ရွေးချယ်ရေးကော်မတီတို့က ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။

(ဂ) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ပူးပေါင်း၍ အစိုးရငွေတိုက်လက်မှတ် (Treasury Bills) များကို လေလံစနစ်ဖြင့် စတင်ရောင်းချခဲ့ပါသည်။ နိုင်ငံပိုင်ဘဏ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိထားသော ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအားလုံး လေလံတွင် ပါဝင်ဆွဲဝယ်ခွင့် ရှိပါသည်။

(ဃ) ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာ ပါသည်။

### ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)

ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေး အထောက်အကူပြုနိုင်သော ရသင့်ရထိုက်သည့် ရငွေများ တိုးမြှင့်လျာထားရန်နှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အားပေးဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် ငွေကြေးနှင့်နည်းပညာများ ကို ရေတို၊ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးစရိတ် ပိုမိုခွဲဝေပေးခြင်းဖြင့် အရင်းအမြစ်

များကို အကျိုးရှိဆုံး ခွဲဝေအသုံးချ ဆောင်ရွက်သွားရန် ဘဏ္ဍာရေးမူဝါဒချမှတ်ပြီး အောက်ပါ ရည်မှန်းချက်များကို ထားရှိခဲ့ပါသည်-

(က) ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုနိုင်သော ရသင့်ရထိုက်သည့်ရငွေများ တိုးမြှင့်လျာထားရေး၊

(ခ) အစိုးရဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်များ ပြုပြင်ပြောင်းလဲရေး၊

(ဂ) ခေတ်မီထိရောက်သည့် အခွန်စည်းကြပ်မှုတစ်ခု ဖြစ်စေရေးနှင့် အခွန်အကောက် ဆိုင်ရာ ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းရေး၊

အထက်ပါမူဝါဒ ရည်မှန်းချက်များအရ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်း များမှာ-

(က) ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးရန် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၇/၂၀၁၅) ၌ တိုးမြှင့်သတ်မှတ်ရန် အတည်ပြုဆုံးဖြတ်ခဲ့ခြင်း၊

(ဂ) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ တိုးတက်ရရှိအောင် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး ညီညွတ် မျှတသော အခွန်စည်းကြပ်ကောက်ခံမှုများ ဖြစ်စေရန် ဆောင်ရွက်ခြင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဘဏ္ဍာငွေခွဲဝေ သုံးစွဲမှုအား ဖော်ပြပါအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်-

(က) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ ပြည်နယ် များ၏ သာမန်အသုံးစရိတ်စာရင်း စုစုပေါင်းတွင် ကယားပြည်နယ်သည် ကျပ် ၁၆,၉၄၂.၇၁၄ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ကျပ် ၁၃၆,၇၀၇.၇၈၅ သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်တွင်

မွန်ပြည်နယ်သည် ကျပ် ၂၂,၂၇၈.၀၅၆ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် ၁၇၆,၆၄၅.၄၄၇ သန်းဖြင့် အများဆုံး ဖြစ်ပါသည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် စုစုပေါင်းအသုံးစရိတ်စာရင်းတွင် သာမန်အသုံးစရိတ်စာရင်း ၄၉.၃၉၀ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၅၀.၄၃၈ ရာခိုင်နှုန်းနှင့် ကြွေးမြီ ၀.၁၇၂ ရာခိုင်နှုန်း ပါဝင်ပါသည်။

**အရအသုံးခန့်မှန်းခြေငွေစာရင်း**

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ပြုစုရေးဆွဲခြင်း၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း ပြုစုရေးဆွဲခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အကျဉ်းချုပ်ဇယားများ ပြုစုရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြီးသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြန်လည်တင်ပြနိုင်ရန် စာရင်းများပြုစုခြင်း၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ရငွေနှင့် အသုံးစရိတ် ခွင့်ပြုမိန့်များ ထုတ်ပြန်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနတွင် ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ခြင်းExtractive Industries Transparency Initative –(EITI) ဌာနခွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့မှ စတင်၍ Myanmar Extractive Industries Transparency Initative – Multi Stateholder Groups (MEITI-MSG) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ညှိနှိုင်းဖော်ဆောင်ရေး အတွင်းရေးမှူးရုံးဖွင့်လှစ်၍ တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ စုစုပေါင်းရငွေ ကျပ် ၁၀,၃၆၅,၆၆၃.၅၀၆ သန်းတွင် သာမန်ရငွေ ကျပ် ၉,၈၀၄,၃၆၆.၅၀၃ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၂၇၄,၇၅၈.၃၅၁ သန်း ဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၂၈၆,၅၃၈.၆၅၂ သန်း ဖြစ်ပါသည်။ စုစုပေါင်းရငွေ အနက် တိုင်းဒေသကြီး/ ပြည်နယ်၏ စုစုပေါင်းရငွေမှာ ကျပ်

၁,၇၇၉,၄၈၆.၅၂၈ သန်းဖြစ်၍ စုစုပေါင်းရငွေအပေါ် ၁၇.၁၆၇ ရာခိုင်နှုန်း ရရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်မှ စုစုပေါင်း သာမန်ရငွေတွင် ကျပ် ၁,၆၅၃,၄၃၄.၇၆၉ သန်း၊ ငွေလုံးငွေရင်းရငွေတွင် ကျပ် ၁၂၂,၉၀၉.၇၁၁ သန်းနှင့် ကြွေးမြီရငွေတွင် ကျပ် ၃,၁၄၂.၀၄၈ သန်း ရရှိခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်စာရင်းတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၃,၁၀၅,၉၉၈.၆၁၇ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၈,၃၈၃,၄၈၄.၇၃၇ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၄,၄၁၈,၉၂၀.၅၁၈ သန်းနှင့် ကြွေးမြီ အသုံးစရိတ် ကျပ် ၃၀၃,၅၉၃.၃၆၂ သန်း ဖြစ်ပါသည်။ စုစုပေါင်း အသုံးစရိတ်အနက် တိုင်းဒေသကြီး/ ပြည်နယ် စုစုပေါင်းအသုံးစရိတ် ကျပ် ၁,၉၃၃,၉၄၉.၀၂၁ သန်းဖြစ်၍ ၁၄.၇၅၆ ရာခိုင်နှုန်း ပါဝင်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် သာမန်အသုံးစရိတ်မှာ ကျပ် ၉၇၅,၄၅၁.၂၇၈ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၉၅၅,၁၇၆.၉၂၅ သန်းနှင့် ကြွေးမြီ အသုံးစရိတ်မှာ ကျပ် ၃,၃၂၀.၈၁၈ သန်းဖြစ်ပါသည်။

**အခွန်အကောက်ရငွေ အခြေအနေ**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲနေသော စီးပွားရေးစနစ်နှင့် လိုက်လျော ညီထွေဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ရန်နှင့် ရှင်းလင်းလွယ်ကူသော အခွန်စနစ်ဖြစ်ပေါ်စေရန် အခွန်စည်းကြပ် ကောက်ခံမှုများကို ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် လိုအပ်သော အခွန်အကောက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ပြင်ဆင်ပြဋ္ဌာန်းမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်နှင့် ပြည်သူများအတွက် အခွန်ကောက်ခံမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဝန်းကျင်နှင့် နိုင်ငံတကာအခွန်စနစ်များ၏ ကောင်းမွန်သော စံနှုန်းများနှင့် လိုက်လျောညီထွေစွာ လုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိပြီး အခြားနိုင်ငံများ၏ Goods and Services Tax (GST) နှင့် Value Added Tax (VAT) တို့ကို လေ့လာလျက် International Tax and Investment Centre (ITIC) ၏ ကူညီပံ့ပိုးမှုဖြင့် အထူးကုန်စည်ခွန် ဥပဒေမူကြမ်း Special Commercial Tax ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

## ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု

ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန် စုစုပေါင်း အခွန် (၄) မျိုးကို တာဝန်ယူ ကောက်ခံပေးလျက်ရှိရာ အခွန်အမျိုးအစားအလိုက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကုန်အထိ ကောက်ခံရရှိမှုကို ယခင်နှစ်အလားတူ အမှန်ကောက်ခံရရှိမှုနှင့် နှိုင်းယှဉ်ချက်အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**ဇယား (၄-၁) ပြည်တွင်းအခွန်များဦးစီးဌာနမှအခွန်ကောက်ခံရရှိမှု**

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစား | ၁-၁၀-၂၀၁၃ မှ ၃၁-၃-၂၀၁၄ ထိ ကောက်ခံရရှိမှု | ၁-၁၀-၂၀၁၄ မှ ၃၁-၃-၂၀၁၅ ထိ ကောက်ခံရရှိမှု | ပို(+)/လို(-) |
|---|---|---|---|---|
| ၁ | ကုန်သွယ်လုပ်ငန်းခွန် | ၁,၆၉၃,၅၆၇.၉၂၀ | ၁,၁၆၉,၁၃၅.၅၅၄ | (-) ၅၂၄,၄၃၂.၃၆၆ |
| ၂ | ဝင်ငွေခွန် | ၁,၈၁၆,၉၃၃.၇၉၆ | ၁,၄၈၃,၆၅၁.၆၄၁ | (-) ၃၃၃,၂၈၂.၁၅၅ |
| ၃ | တံဆိပ်ခေါင်းခွန် | ၄၂,၂၆၃.၈၁၂ | ၄၂,၀၀၀.၀၂၉ | (-) ၂၆၃.၇၈၃ |
| ၄ | အောင်ဘာလေသိန်းဆုခွန် | ၂၉,၆၃၃.၁၉၆ | ၁၇,၀၂၉.၅၃၇ | (-) ၁၂,၆၀၃.၆၅၉ |
| | **စုစုပေါင်း** | ၃,၅၈၂,၃၉၈.၇၂၄ | ၂,၇၁၁,၈၁၆.၇၆၁ | (-) ၈၇၀,၅၈၁.၉၆၃ |

ဇာစ်မြစ်။ဘဏ္ဍာရေးဝန်ကြီးဌာန

## အကောက်ခွန်ဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု

အကောက်ခွန်ဦးစီးဌာနသည် အကောက်ခွန်နှုန်းထား လျှော့ချပြင်ဆင် သတ်မှတ်ခြင်း၊ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံနိုင်ခြင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးဇုန်များတွင် တာဝန်ထမ်းဆောင်နေသည့် အကောက်ခွန်ဝန်ထမ်းများ ကုန်ပစ္စည်းများ စစ်ဆေးရာ၌ (Rick Management) တာဝန်ခံစီမံခန့်ခွဲခြင်း၊ ပုံမှန်တင်သွင်းလာသော ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော် ယာဉ်များအတွက် ဒဏ်ကြေးပြင်ဆင်သတ်မှတ်ခြင်း၊ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်ပစ္စည်း (၁၅၃) လိုင်းအား (HS Code) ဖြင့် ထပ်မံသတ်မှတ်ထုတ်ပြန်ခြင်း၊ ကုန်သွယ် လုပ်ငန်းခွန်

မကျသင့်သည့် ကုန်စည်များနှင့် ပတ်သက်သော အဓိပ္ပါယ် သတ်မှတ်ချက်များအား ထုတ်ပြန်ခြင်း၊ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးရန် မလိုသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ကိစ္စများအား ဆောင်ရွက်လျက် ရှိပါသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၁-၁၀-၂၀၁၄ ရက်နေ့ မှ ၃၁-၃-၂၀၁၅ ရက်နေ့အထိ အခွန်ငွေ ကောက်ခံရရှိမှု(ရုံးချုပ်)တွင် ကျပ် ၂၁၁,၃၉၀.၁၉၀ သန်း ဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၆၁.၇၇ ရာခိုင်နှုန်းနှင့် (မြို့နယ်ရုံး) များတွင် ကျပ် ၄၆,၅၅၂.၂၀၀ သန်းဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၁၅၅.၁၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ၁၄-၈-၂၀၁၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၄)၏ သဘောတူညီချက်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁-၉-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်၊ ၁၅၆၀/၂၀၁၄ တို့ဖြင့် ခွင့်ပြုချက်အရ **မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း**ကို **ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန** အဖြစ်သို့ ၁-၉-၂၀၁၄ ရက်နေ့မှစ၍ ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ပုဂ္ဂလိက အာမခံလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးနိုင်ရန်အတွက် "အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ" ကို ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။

## ပင်စင်ဦးစီးဌာန

ပင်စင်ဦးစီးဌာနသည် ဦးစီးဌာနများနှင့် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများမှ ပင်စင်အမှုတွဲများကို လက်ခံဆောင်ရွက်လျက်ရှိပြီး အစီရင်ခံသည့်ကာလအတွင်း အငြိမ်းစား လစာငွေ ကျပ် ၇၁၁.၄၈၀ သန်းနှင့် လုပ်သက်ဆုငွေ ကျပ် ၁၉,၅၇၁.၄၁၅ သန်း ထုတ်ပေးနိုင်ခဲ့ပါသည်။

## အခွန်အယူခံခုံအဖွဲ့ရုံး

အခွန်အယူခံခုံအဖွဲ့ရုံးသည် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အခွန်စည်းကြပ်ခြင်း၊ အကောက်ခွန်ဦးစီးဌာနမှ ပစ္စည်းများ၊ ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ငွေရိုက်ခြင်းအမိန့်များအပေါ် မကျေနပ်၍ အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှုနှင့် လွှဲအပ်မှုများကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကြားနာစစ်ဆေး စီရင်

ဆုံးဖြတ်ပေးရသော အခွန်ဘက်ဆိုင်ရာ အယူခံတရားရုံးအဖြစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း အကောက်ခွန်အယူခံမှု (၅၁) မှုနှင့် အကောက်ခွန်ပြန်လည်သုံးသပ်မှု (၁၂) မှု၊ စုစုပေါင်း (၆၃) မှု လက်ခံရရှိခဲ့ပါသည်။ အဆိုပါ လက်ခံရရှိသည့် အမှုတွဲများအနက်မှ အကောက်ခွန်အယူခံမှု (၄၅) မှုနှင့် အကောက်ခွန်ပြန်လည်သုံးသပ်မှု (၉) မှုအား ပြီးပြတ်အောင် စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ အကောက်ခွန် အယူခံမှု (၆)မှုနှင့် အကောက်ခွန်ပြန်လည်သုံးသပ်မှု (၃) မှု၊ စုစုပေါင်း (၉) မှု စီရင်ဆုံးဖြတ်ရန် ကျန်ရှိပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးအား ၁၄-၈-၂၀၁၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၄) ၏ သဘောတူညီချက်အရ ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေဖြင့် အစီရင်ခံသည့် ကာလအတွင်း စတော့အိပ်ချိန်းတွင် ပါဝင်ဆောင်ရွက်မည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ လိုင်စင်လျှောက်ထားရန်အတွက် လိုင်စင်ပုံစံများ ရောင်းချခြင်းနှင့် လျှောက်လွှာများ လက်ခံခြင်း၊ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ နည်းဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းနိုင်ရန် စိစစ်ခြင်းနှင့် ဈေးကွက်တွင် ရောင်းဝယ်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အမိန့်ကြော်ငြာစာများ ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်း ဖွဲ့စည်းတည်ထောင်ရန်အတွက် Joint Venture (JV) ကုမ္ပဏီအဖြစ် ဖွဲ့စည်းခြင်း၊ စတော့အိပ်ချိန်းတွင် အသုံးပြုမည့် Information Communication Technology (ICT) System အတွက် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းနှင့် Settlement Bank ရွေးချယ်ရန် စီစဉ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

# အခန်း(၅)


## ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်မှုအခြေအနေ

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၄၂,၈၂၇,၈၄၂.၄ သန်း ရရှိရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၈.၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၄၃,၀၉၂,၇၈၉.၂ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၁၀၀.၆ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၈.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ကဏ္ဍကြီးများအလိုက် တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီးတွင် ၃.၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၁.၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၁၁.၁ ရာခိုင်နှုန်း ရည်မှန်းရာတွင် အစီရင်ခံသည့်

ဒုတိယ(၆) လပတ်၌ လယ်ယာကဏ္ဍကြီး တွင် ၂.၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၃.၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၉.၈ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့ပါသည်။

စီးပွားရေးကဏ္ဍအလိုက် တိုးတက်မှုအခြေအနေများကို အောက်ပါအတိုင်း ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

**ပုံ(၅-၃) ကဏ္ဍများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တိုးတက်မှုနှုန်း**


**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စီးပွားရေးကဏ္ဍများ၏ နှစ်အလိုက်ဈေးနှုန်းများအရ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို အောက်ပါ ပုံပြဂရပ် ဖြင့် ဖော်ပြအပ်ပါသည်။

## ပုံ(၅-၄) ကဏ္ဍများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြအပ်ပါသည်။


## လယ်ယာကဏ္ဍ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၁၀,၄၃၃,၈၁၈.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် လယ်ယာကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ


ပုံ(၅–၅) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅–၆) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၉,၈၆၇,၉၅၈.၂ သန်းရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၉၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၂.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် မိုးစပါးစိုက်ပျိုးမှု၌ ဆည်မြောင်းတာတမံများ ပြုပြင်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ မြေအောက်ရေ ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ခြင်း၊ ရေပေးမြောင်းများနှင့် တူးမြောင်းအဆောက်အဦများကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ ဆည်မြောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပိုမို ဆောင်ရွက်ခဲ့သဖြင့် အကျိုးပြု ဧက ပိုမိုခဲ့ခြင်း၊ မျိုးကောင်း မျိုးသန့် မျိုးစေ့များနှင့် စပ်မျိုးစပါးများကို ဖြန့်ဖြူးပေးခဲ့ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် တိုးချဲ့စိုက်ပျိုးလာနိုင်ခြင်း၊ သွင်းအားစုများကို အချိန်ကိုက်

အချိုးကျ ထိရောက်စွာသုံးစွဲလာခြင်း၊ လယ်လုပ်မြေများအား စက်မှုလယ်ယာ စနစ်ကျ လယ်မြေများ အဖြစ် ဖော်ထုတ်ပေးခဲ့ခြင်းတို့ကြောင့် မိုးစပါးထွက်ရှိမှုမှာ တင်း ထောင်ပေါင်း ၁၈,၀၂၁ ပိုမိုထွက်ရှိခဲ့ပါသည်။

အစေ့ထုတ်ပြောင်းမှာ ဈေးကွက်ကောင်းမွန်ခြင်းကြောင့် ပိုမို စိုက်ပျိုးလာခြင်း၊ ရာသီဥတု ကောင်းမွန်မှုကြောင့် အထွက်နှုန်းအနည်းငယ်ပိုမိုလာသဖြင့် အထွက်တင်း ထောင်ပေါင်း ၅,၅၅၅ ပိုမိုထွက်ရှိခဲ့ပါသည်။ ပဲတီစိမ်းစိုက်ပျိုးမှုမှာ အထွက်နှုန်းကောင်းမွန်သည့် မုံရွာရွှေဒင်္ဂါးမျိုး ပြောင်းလဲသုံးစွဲခြင်းနှင့် သီးနှံပန်းပွင့်ချိန်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် တင်းထောင်ပေါင်း ၂,၂၆၅ ပိုမိုထွက်ရှိခဲ့ပါသည်။ မိုးမြေပဲနှင့် ဆောင်းမြေပဲကို ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးခဲ့ပြီး၊ ရာသီဥတုမျှတခဲ့ခြင်းကြောင့် အထွက်နှုန်း ကောင်းမွန်ပြီး မိုးမြေပဲ တင်းထောင်ပေါင်း ၄,၂၁၂ နှင့် ဆောင်းမြေပဲတင်းထောင်ပေါင်း ၁,၁၅၇ ပိုမို ထွက်ရှိခဲ့ပါသည်။ ချည်မျှင်ရှည်ဝါမှာ အထွက်နှုန်း ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုး နိုင်ခြင်းကြောင့် ပိဿာထောင်ပေါင်း ၇,၅၈၃ ပိုမိုခဲ့ပါသည်။

ကြက်ပေါင်စေးစိုက်ပျိုးမှုမှာ ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူး ပေးခဲ့ခြင်း၊ ပျိုးထောင်ခြင်းနှင့် အဖူးကူးသရုပ်ပြပွဲ၊ အစေးလှီးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း သရုပ်ပြပွဲများနှင့် သင်တန်းများ ပြုလုပ်ပေးခြင်း၊ အပင်အိုများ ခုတ်လှဲ၍ အပင်ပျိုများဖြင့် အစားထိုးစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် အပင်ပျိုများ၏ အထွက်နှုန်းတိုးတက်လာခြင်း၊ ရေမြေ သဘာဝနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးလာကြခြင်း၊ အစေးလှီးဧက ပိုမို လာခြင်း၊ နည်းပညာဖြန့်ဖြူးမှုများကို တောင်သူများမှလက်ခံကျင့်သုံးလာခြင်း၊ နည်းစနစ်မှန် အစေးလှီးစနစ်များ အသုံးပြုခြင်းတို့ကြောင့် အထွက်နှုန်းတိုးတက်လာကာ အထွက် ပိုမိုခဲ့ပြီး၊ ကြက်ပေါင်စေးပေါင်ထောင်ပေါင်း ၂၈,၃၈၉ ပိုမို ထွက်ရှိခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် **ကချင်ပြည်နယ်**၌ မိုးစပါးစိုက်ပျိုးရာတွင် မိုးညှင်းခရိုင်ရှိ ဆည်မြောင်းတာတမံများပြုပြင်ခြင်း၊ ဗန်းမော်ခရိုင်တွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက် ခဲ့ခြင်း၊ မြစ်ကြီးနား၊ မိုးညှင်းနှင့် ဗန်းမော်ခရိုင်များတွင် မြေအောက်ရေ ရရှိရေးအတွက် စက်ရေတွင်း ၂၃ တွင်းတူးဖော်ခဲ့သဖြင့် စိုက်ဧက တိုးတက်လာခြင်း၊ သိပ္ပံနည်းကျ စိုက်နည်း စနစ်ဖြင့် စိုက်ပျိုးလာနိုင်ခြင်း၊ သွင်းအားစုများကို အချိန်ကိုက် အချိုးကျ ထိရောက်စွာ သုံးစွဲ လာခြင်းတို့ကြောင့် အထွက်နှုန်းတိုး၍ အထွက်ပိုမိုခဲ့ပါသည်။ **ကယားပြည်နယ်**၌ တောင်ယာမြေ များတွင် ရာသီဥတုနှင့်ကိုက်ညီပြီး ဈေးနှုန်းကောင်းမွန်သည့် အစေ့ထုတ်ပြောင်းကို ပြောင်းလဲ စိုက်ပျိုးခြင်း၊ သွင်းအားစုများကို နည်းစနစ်ကျကျ သုံးစွဲခြင်းကြောင့် အစေ့ထုတ်ပြောင်း ပိုမို ထွက်ရှိခဲ့ပါသည်။

**ကရင်ပြည်နယ်**တွင် မိုးစပါးစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် စပ်မျိုးစပါးများကို ဖြန့်ဖြူးပေးခဲ့ခြင်း၊ လျှပ်စစ်မြစ်ရေ တင်လုပ်ငန်း ၄ ခုမှ မိုးစပါးအောင်ရေ ပေးဝေနိုင်ခဲ့ခြင်း၊ လယ်လုပ်မြေများအား စက်မှုလယ်ယာ စနစ်ကျလယ်မြေများအဖြစ် ဖော်ထုတ်ပေးခဲ့ခြင်း၊ ရေပေးမြောင်းများနှင့် တူးမြောင်းအဆောက်အဦများကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ ဆည်မြောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သဖြင့် အကျိုးပြုဧက ပိုမိုခဲ့ခြင်း၊ သွင်းအားစုများအတွက် ပြည်နယ်အစိုးရမှ ယူရီးယား မြေဩဇာကို လက်ငင်းစနစ်ဖြင့်လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့်လည်းကောင်း ရောင်းချပေးခြင်းတို့ကြောင့် မိုးစပါးစိုက်ပျိုးထွက်ရှိမှု ပိုမိုခဲ့ပါသည်။ ကြက်ပေါင်စေးစိုက်ပျိုးမှုတွင်လည်း ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခဲ့ခြင်း၊ ပျိုးထောင်ခြင်းနှင့် အဖူးကူးသရုပ်ပြပွဲ၊ အစေးလှီးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းသရုပ်ပြပွဲများ၊ သင်တန်းများ ပြုလုပ်ပေးခြင်းတို့ကြောင့် အထွက်တိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**တွင် မိုးစပါးစိုက်ပျိုးရာ၌ သီးနှံဈေးကောင်းသဖြင့် စိုက်ပျိုးမှုပိုမိုခြင်း၊ အထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲလာခြင်းတို့ကြောင့် အထွက်တိုးတက်ခဲ့ရခြင်းဖြစ်ပါသည်။ **တနင်္သာရီတိုင်းဒေသကြီး**တွင် ကြက်ပေါင်စေးမှာ အပင်အိုများ ခုတ်လှဲ၍ အပင်ပျိုများဖြင့် အစားထိုးစိုက်ပျိုးထားခြင်းကြောင့် အပင်ပျိုများမှ အထွက်နှုန်းတိုးတက်လာခြင်း၊ ရေမြေသဘာဝနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးထားခြင်း၊ အစေးလှီးဧက ပိုမိုလာခြင်း၊ နည်းပညာ ဖြန့်ဖြူးမှုများကို တောင်သူများမှ လက်ခံကျင့်သုံးလာခြင်း၊ နည်းစနစ်မှန် အစေးလှီးစနစ်များ အသုံးပြုခြင်းကြောင့် အထွက်နှုန်းတိုးတက်လာပြီး အထွက်ပိုမိုခဲ့ခြင်း ဖြစ်ပါသည်။ ကွမ်းသီးမှာ လွန်ခဲ့သော ၆ နှစ်ခန့်မှ စိုက်ပျိုးထားသော ကွမ်းသီးပင်များ ခူးဆွတ်နိုင်သဖြင့် ရိတ်သိမ်းဧက ပိုမိုခဲ့သည့်အပြင်၊ အသီးခူးခြင်းကို မိုးနှင့် နွေ နှစ်ရာသီလုံး ဆောင်ရွက်လာကြခြင်းတို့ ကြောင့် အထွက်ပိုလာခြင်း ဖြစ်ပါသည်။

**ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)** အနေဖြင့် မိုးစပါးစိုက်ပျိုးမှုတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှ ဖြည့်စွက်ရေကို ပေးဝေနိုင်ခဲ့ခြင်း၊ ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးနိုင်ခဲ့ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် ကိုအသုံးပြုနိုင်ခြင်း၊ ဆင့်ပွားမျိုးစေ့နှင့်မျိုးသန့်မျိုးပွားစေ့များ အသုံးပြုခဲ့ခြင်းကြောင့် အထွက်နှုန်းပိုမိုခဲ့ပြီး အထွက်တိုးခဲ့ခြင်း ဖြစ်ပါသည်။ **ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)**အနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်ကို တောင်သူများ စိတ်ဝင်စား၍ ပိုမိုစိုက်ပျိုးလာကြခြင်း၊ သွင်းအားစုများပြည့်ဝစွာသုံးစွဲ လာကြခြင်း၊ အထွက်ကောင်းမျိုးများ ပိုမိုစိုက်ပျိုးလာကြခြင်းတို့ကြောင့် အထွက်နှုန်းနှင့် အထွက်ပိုမိုခဲ့ခြင်း ဖြစ်ပါသည်။

**မကွေးတိုင်းဒေသကြီး**တွင် မိုးမြေပဲနှင့် ဆောင်းမြေပဲကို ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးခဲ့ပြီး၊ ရာသီဥတု မျှတခဲ့ခြင်းကြောင့် အထွက်နှုန်းကောင်းမွန်ပြီး အထွက်ပိုမိုခဲ့ခြင်း ဖြစ်ပါ သည်။ ချည်မျှင်ရှည်ဝါမှာ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ခြင်းကြောင့် အထွက်ပိုမိုခဲ့ခြင်း ဖြစ်ပါသည်။ **မန္တလေးတိုင်းဒေသကြီး**၏ ပဲတီစိမ်း စိုက်ပျိုးရာတွင် ဈေးကွက်ကောင်းမွန်မှုကြောင့် စိုက်ပျိုးမှုပိုမိုခဲ့ခြင်း၊ အထွက်နှုန်းကောင်းမွန်သည့် မုံရွာရွှေဒင်္ဂါးမျိုး ပြောင်းလဲသုံးစွဲခြင်းနှင့် သီးနှံပန်းပွင့်ချိန်တွင် ရာသီဥတု ကောင်းမွန်မှုကြောင့် အထွက် ပိုမိုခဲ့ရခြင်း ဖြစ်ပါသည်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)**၌ အစေ့ထုတ်ပြောင်းမှာ ဈေးကွက်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးမှု ပိုမိုလာပြီး၊ ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်နှုန်းအနည်းငယ်ပိုမိုလာပြီး အထွက်လည်း ပိုမိုခဲ့ပါသည်။ **ဧရာဝတီတိုင်းဒေသကြီး**တွင် မိုးစပါးစိုက်ပျိုးရာတွင် အထူး အထွက်တိုးမျိုးစပါးစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစနစ်ဖြင့် ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးစရိတ်ပြည့်စုံ၍ သွင်းအားစုများ ပိုမို ထည့်သွင်းနိုင်ခြင်းတို့ကြောင့် အထွက်နှုန်းနှင့် အထွက်ပိုမိုလာခဲ့ပါသည်။

**မျိုးကောင်း မျိုးသန့် မျိုးစေ့ ထုတ်လုပ်ခြင်း**

လယ်ယာကဏ္ဍအနေဖြင့် ၂.၃ ရာခိုင်နှုန်းတိုးတက်ရရှိခဲ့ခြင်းမှာ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်နှင့် စိုက်ပျိုးသူတောင်သူများ စီးပွားရေး တွက်ခြေကိုက်ပြီး ဝင်ငွေအကျိုးအမြတ် မြင့်မား၍ လူနေမှုဘဝတိုးတက်လာစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါမျိုးများမှာ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ စားသုံးမှု အရည်အသွေးကောင်းမွန်ခြင်း စသည့် အရည်အသွေးများနှင့် ပြည့်စုံပါသည်။ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲကျင့်သုံး ဆောင်ရွက်ရန် အထူးအထွက်တိုး စပ်မျိုးစပါး၊ စပ်မျိုးနေကြာ ထုတ်လုပ်ခြင်းများအပြင် သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးများ ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြပါသည်။

စပ်မျိုးစပါးထုတ်လုပ်ခြင်းကို ကုမ္ပဏီ အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ အထွက်နှုန်းကောင်းသော မိုးရာသီစပ်မျိုးစပါးထုတ်လုပ်ခြင်းကို ပြည်ထောင်စုနယ်မြေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစီရင်ခံသည့် ကာလအထိ ၈၉၈ ဧက၊ နွေစပါးရာသီ စပ်မျိုးစပါးထုတ်လုပ်ခြင်းကို ပြည်ထောင်စုနယ်မြေ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်း

ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ၁,၁၄၆.၅၀ ဧက ကိုလည်းကောင်း အသီးသီး စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးစပ်မျိုး နေကြာ ထုတ်လုပ်ခြင်းကို ၁၈၉ ဧကနှင့် နွေစပ်မျိုးနေကြာ ထုတ်လုပ်ခြင်းကို ၁၅၀ ဧက အသီးသီးစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

ရေ၊ မြေ၊ ရာသီဥတု နှင့်ရောဂါပိုးမွှားဒဏ်ခံနိုင်သည့် သီးနှံမျိုးသစ်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊ ဥယျာဉ်ခြံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများအား ဇီဝ နည်းပညာများနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုများကို လေ့လာခြင်းနှင့် အရည်အသွေးများ စမ်းသပ်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများနှင့်ပတ်သက်၍ သုတေသနပြုခြင်း၊ ထုတ်လုပ်ပြီး မျိုးသစ်များအား မှတ်ပုံတင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ အမာခံရိက္ခာသီးနှံဖြစ်သည့် ဆန်စပါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးနိုင်ရန် သက်လျင်၊ သက်လတ်လယ်စပါးမျိုးများ၊ ရေအနည်းလိုစပါးမျိုးများ၊ ဆားငံခံစပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများ၊တောင်ပေါ်ယာစပါးမျိုးများ၊ မြေပြန့်စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများကို ဖြန့်ဖြူးခဲ့ပါသည်။ စက်မှုသီးနှံများဖြစ်သည့် ဝါ ၊ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်တို့ကို သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP) ဖြင့် စိုက်ပျိုး၍ သုတေသန ပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**လေ့ကျင့်ပညာပေးခြင်း**

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် နည်းပညာသင်တန်းများကို ဝန်ထမ်းများ၊ တောင်သူများ၊ ပုဂ္ဂလိကများအား သင်ကြားပို့ချပေးလျက် ရှိပါသည်။ ထို့ပြင် တောင်သူပညာပေး ဟောပြောပွဲများ၊ သရုပ်ပြပွဲများကို ပြသ၍ နည်းပညာများကို လက်တွေ့ စည်းရုံးပညာပေးလျက် ရှိပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခေတ်မီစံပြ စက်မှုလယ်ယာ တောင်သူပညာပေး စိုက်ခင်းများသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ နိုင်ငံခြားဧည့်သည်တော်များ လာရောက်လျက်ရှိရာ လေ့လာမှုကို အခြေခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စံပြ စက်မှုလယ်ယာ စိုက်ခင်းများ စီမံဆောင်ရွက်လျက် ရှိပါသည်။

မျိုးကောင်းမျိုးသန့်များကို အသုံးပြုပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP) လိုက်နာကျင့်သုံးနိုင်မှသာ မျှော်မှန်းသည့်အထွက်နှုန်းကို ရရှိမည်ဖြစ်သဖြင့် စိုက်ပျိုးရေးဆိုင်ရာ

ပညာရှင်များ၊ တောင်သူများ၊ ဝန်ထမ်းများတို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ရာသီအလိုက်ကွင်းဆင်း ပညာပေးလုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။

**လယ်ယာမြေများ ဖော်ထုတ်ခြင်း**

စိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ရေနက်ကွင်းနှင့် ရေအောက်မြေများမှ လယ်ယာမြေများကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့် ကာလအထိ ကုမ္ပဏီ ၃၈၁ ခုသို့ မြေယာ ၂,၃၇၆,၈၆၀ ဧက ခွဲဝေချထားခဲ့ရာ ၅၄၉,၈၃၈ ဧက ဖော်ထုတ်ပြီးစီးခဲ့ပြီး ၃၉၈,၉၈၃ ဧက သီးနှံစိုက်ပျိုးပြီးစီးခဲ့ပါသည်။

**ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် သွင်းအားစုဖြစ်သည့် ဓါတ်မြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ဓါတ်မြေသြဇာအတုများ ပြုလုပ် ရောင်းချခြင်း၊ အရည်အသွေး စံချိန်စံညွှန်းများ ပြည့်ဝမှုမရှိခြင်းတို့ကြောင့် သုံးစွဲသူ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၇/၂၀၀၂ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် မြေသြဇာ ဥပဒေကို လက်ရှိခေတ်စနစ်နှင့် လျော်ညီစေရန် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) အား အစီရင်ခံသည့်ကာလတွင် ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါသည်။

ထိုအတူ လက်ရှိမျိုးစေ့ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲ၍ ဥပဒေ (မူကြမ်း)ကို ပထမ(၆)လပတ်အတွင်း ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၅) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

**စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း**


သီးနှံစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုငွေကြေးကို တောင်သူများသို့ ထုတ်ချေးလျက်ရှိရာတွင် သီးနှံအမျိုးအစားအလိုက်လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သော စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ရန်အတွက် ဖွံ့ဖြိုးရေးချေးငွေနှင့် အထူးစီမံချက် ချေးငွေများကိုလည်းကောင်း နှစ်တိုချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ပါသည်။

## သားငါးကဏ္ဍ


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂,၇၁၀,၄၆၁.၆ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၈.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် သားငါးကဏ္ဍ**
**စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ**

ပုံ(၅-၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၂,၉၂၉,၅၉၅.၀ သန်း ရရှိခဲ့၍ ရည်မှန်းချက်အပေါ် ၁၀၈.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**များအရ ၆.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ဖွံ့ဖြိုးတိုးတက်မှု

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မွေးမြူသူများအား အရင်းအနှီးရရှိစေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေမှ တိရစ္ဆာန် မွေးမြူရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ နို့ထုတ်လုပ်မှု တိုးတက်စေရန် မွေးမြူရေး ဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းနှင့် ဒေသခံနွားမများအား နို့ထွက်

ကောင်းမွန်သည့် နို့စားနွားမျိုးများဖြင့် မျိုးမြှင့်တင်သားစပ်၍ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှလည်း မွေးမြူရေးချေးငွေများထုတ်ချေးပေးခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်နှင့် တိုးတက်မွေးမြူလာနိုင်စေရန်အတွက် မေထုန်မဲ့သားစပ်သင်တန်းနှင့် တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် INGO/NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မွေးမြူရေး ဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် မွေးမြူရန်တိရစ္ဆာန်များ ထောက်ပံ့ပေးခြင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမျိုးရည်ခဲချောင်းများဖြင့် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မေထုန်မဲ့နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်/ ကျေးရွာများအထိ ကွင်းဆင်း၍သားစပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များ သေဆုံးမှုလျော့ပါးရေးအတွက် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အသားထုတ်လုပ်မှု**

အသားထုတ်လုပ်မှုတွင် ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှု ဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ တိုင်းရင်းကြက်များ မွေးမြူထားပါသည်။ မကွေးတိုင်းတွင် သရက်စံပြနို့စားနွား မွေးမြူရေးခြံ၊ မင်းလှစံပြ ဆိတ်မွေးမြူရေးခြံ၊ ရေစကြိုဆိတ်မွေးမြူရေးခြံ၊ ပွင့်ဖြူစံပြဝက်မွေးမြူရေးခြံ၊ ရေတာရှည် စံပြ ဝက်မွေးမြူရေးခြံ၊ လပွတ္တာ ကျွဲမွေးမြူရေးခြံများဖြင့် နွား၊ ဆိတ်၊ ဝက်၊ ကျွဲများမွေးမြူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယ(၆) လပတ်ကုန်အထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဥစားကြက် ကောင်ရေ ၁၇.၂၃၁ သန်း၊ အသားစားကြက်ကောင်ရေ ၁၅.၈၄၉၂ သန်း၊ တိုင်းရင်းကြက် ကောင်ရေ ၂၃၆.၂၀၅၄ သန်း၊ ကြက်စုစုပေါင်းကောင်ရေ ၂၆၉.၂၈၅၇ သန်း မွေးမြူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေး အမျိုးမျိုးတွင် အဆ ၅၆၁.၆၇၃ သန်း၊ ကာကွယ်ဆေး အမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ ၂၂.၉၉၇ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၂.၄၂၂ သန်း ဆောင်ရွက် နိုင်ခဲ့ပါသည်။ နွားမျိုးကောင်း မျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ ၁၅,၃၅၄၊ စနစ်တကျ သဘာဝသားစပ်မှုတွင် ကြိမ်ရေ ၁၁၈,၀၂၃ ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ပုလဲထုတ်လုပ်မှု

ဒုတိယ(၆)လပတ် ကာလအတွင်း ပုလဲထုတ်လုပ်မှုတွင် ပေါင်ထောင်ပေါင်း ၆၃၉၇ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပြည်ပတင်ပို့ ရောင်းချရန် လျာထားချက် ၂၃၃၀ တန်တွင် ၃၂၇၅.၄၇ တန်၊ အမေရိကန်ဒေါ်လာ ၃.၇၆၆ သန်း ရရှိခဲ့ပါသည်။ ပုလဲများဖြင့် ဝတ်မှုန်ကူးစေခြင်းဖြင့် မျိုးကောင်းမျိုးသန့်နှင့် အောင်မြင်သောသီးနှံများ၊ မျိုးစေ့များကိုရရှိစေရန်အတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စိုက်ကွင်းများတွင် ပုလဲအုံများကို ရွှေ့ပြောင်းမွေးမြူခြင်းစနစ်ဖြင့် ဝတ်မှုန်ကူးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

## ရေထွက်ပစ္စည်းထုတ်လုပ်မှု

ငါးလုပ်ငန်းဦးစီးဌာနသည် ဒုတိယ(၆)လပတ် ကာလအတွင်း ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက်ရှိရာတွင် ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန် ၃၅.၂၆ တန်၊ ရေချိုငါး ၃၆,၉၀၈.၇၅ တန်၊ ရေငန်ပုစွန် ၅,၉၄၄.၃၅ တန်၊ ရေငန်ငါး ၁၆,၉၄၆.၇၆ တန်၊ ကဏန်း၊ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့် ၁,၃၆၅.၁၁ တန်နှင့် အခြား ရေထွက်ပစ္စည်း ၁၃,၃၄၀.၅၈ တန်၊ စုစုပေါင်း ၇၄,၅၄၀.၈၁ တန်ကို အရည်အသွေး စစ်ဆေးပေး နိုင်ခဲ့ပါသည်။ ရေထွက်ကုန်နမူနာ အရေအတွက် ၁၉,၂၄၂ ခုကိုလည်း စစ်ဆေး ပေးနိုင်ခဲ့ပါသည်။


ပုဂ္ဂလိကပိုင်အခန်းမှ ငါးမွေးမြူရေးလုပ်ငန်းများတွင် ဈေးကွက်ဝင် တန်ဖိုးမြင့် ငါးမျိုးစိတ်များတိုးချဲ့မွေးမြူလာခြင်း၊ဘုံငါးဖမ်းလုပ်ငန်းတွင် မြစ်ချောင်း ၊ တာတမံ၊ ဆည်ရေပြင် နှင့်စပါးခင်းများအတွင်းသို့ ငါးမျိုးစိတ်များထည့်သွင်း မွေးမြူလာခြင်း၊ သဘာဝရေပြင် ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် သမားရိုးကျသဘာဝ မွေးမြူရေးစနစ်မှ သားပေါက်အစာ ထည့်သွင်းကျွေးမွေး၍ မွေးမြူလာခဲ့ပါသည်။ အင်းငါးထုတ်လုပ်မှုတွင်လည်း သဘာဝအတိုင်း ဖမ်းဆီးထုတ်လုပ်မှုအပြင် ငါးနေငါးထိုင်ကောင်းစေသော အစီအမံများဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေး လုပ်ငန်းရှင်များအတွက် ငါးမျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေး ဆောင်ရွက်ပေးခြင်းအပြင် ငါးမွေးမြူရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း ကျင်းပနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ**


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၈၁,၆၉၅.၁သန်း အကောင်အထည်ဖော်ရန် နှင့်**ပုံမှန်ဈေးနှုန်း**များအရ ၂၆.၇ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါသည်။

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် သစ်တောကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုးသည် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၀၃,၀၁၃.၆ သန်း ရရှိခဲ့၍ ရည်မှန်းချက် အပေါ် ၁၂၆.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး**ပုံမှန်ဈေးနှုန်း**များအရ ၂၇.၅ ရာခိုင်နှုန်း လျော့နည်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှစ၍ နိုင်ငံပိုင် နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်း နှစ်ရပ်လုံး သစ်အလုံးလိုက်တင်ပို့မှုကို လုံးဝရပ်ဆိုင်းခဲ့ပြီးဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ နှစ်စဉ်တောထွက်ဘောင်အတွင်းမှ ထုတ်လုပ်ရန် သတ်မှတ်ခဲ့ခြင်းကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် သစ်တောကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုးသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက လျော့နည်းခဲ့သော်လည်း ဒုတိယ(၆)လပတ် ရည်မှန်းချက်အပေါ် ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်းမှ ကျွန်း ၅၉,၈၈၂ ကုဗတန်နှင့် သစ်မာ ၆၂၆,၄၀၀ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများဖြစ်သည့် တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါး နှင့် ကြိမ် အစရှိသည် တို့ကိုလည်း ဈေးကွက်လိုအပ်ချက်အရ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောသယံဇာတ ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးကိုရည်မှန်း၍ သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ကျွန်းစိုရိုက်မှတ်ခြင်း ၆၄,၂၈၂ပင်၊ သစ်မာပင်ထောင် ရိုက်မှတ်ခြင်း ၂၁၃,၅၆၁ ပင်၊ ဓမ္မတာမျိုးဆက်ခြင်း ၄၀,၄၇၄ ဧက၊ အုပ်မိုးကာဆိုင်း လှဲခြင်း ၇,၇၁၂ ဧက၊ ပင်ကျပ်နှုတ်ခြင်း ၉,၉၇၉ ဧက၊ နွယ်ဖြတ် ညှောင်ပတ် လှဲခြင်း ၁၃၄,၂၄၄ ဧက၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၁,၄၄၅ မိုင်၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း ၁,၃၇၂ မိုင်၊ ကြိုးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်း ၉၀ စတုရန်းမိုင် နှင့် မီးကာကွယ်ခြင်း ၁၀၁,၄၈၃ဧက တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း လုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများဖြစ်သည့် စီးပွားရေးစိုက်ခင်း၊ ကျေးရွာ သုံးစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီ ကာလအတွင်း ရည်မှန်းချက်ပြည့်မီစွာစိုက်ပျိုးတည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပုဂ္ဂလိက လုပ်ငန်းရှင်များအား သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိရာတွင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၈,၀၁၁ ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၁၂,၂၇၀ ဧက တို့ကိုလည်း စိုက်ပျိုး တည်ထောင် ခွင့်ပြုခဲ့ပါသည်။

**အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဒုတိယ(၆) လပတ် အတွင်းစိုက်ခင်းတည်ထောင်ခြင်း၅,၀၀၀ဧက၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ၅၀,၀၀၀ဧက၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေးဆောင်ရွက်ခြင်းတွင် စွမ်းအား မြင့်မီးဖို ဖြန့်ဖြူးခြင်း ၉,၆၄၅ လုံး၊ လောင်စာတုံးသုံးစွဲခြင်း ၄,၆၁၂,၄၃၅ တုံး နှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၁၁၅,၉၄၈ တန် တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေးလုပ်ငန်းတွင်

ရေကန်ငယ် ၂၁ ကန်၊ မြေအောက်ရေတွင်း ၃ တွင်း၊ နှန်းတားဆည်ငယ် ၁၂၂ ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အလေးထား ဖိတ်ခေါ်ရန်လိုအပ်သကဲ့သို့ နိုင်ငံပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများတွင်လည်း စက်စွမ်းအားမြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင် လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှု များကိုလည်း တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရန် လိုအပ် ပါသည်။


ဒေသခံပြည်သူများအတွက်လိုအပ်သော သစ်တောဆိုင်ရာ ထွက်ကုန်များ ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရေးတို့အတွက် သစ်တောသယံဇာတများ ရေရှည် ထုတ်ယူ သုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့သည် သစ်တောကဏ္ဍ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများနိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် သစ်တောထောက်ခံချက်ရရှိရေးလုပ်ငန်းများကိုလည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ**


၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂,၂၃၇,၈၆၁.၁သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၃.၄ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် စွမ်းအင်ကဏ္ဍ**
**စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၅-၁၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၂,၀၉၃,၆၃၀.၂ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၉၃.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၃၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၃.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခြင်းမှာ နိုင်ငံပိုင်ထုတ်လုပ်မှုတွင်၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်းမှ ကမ်းလွန်သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိခြင်း၊ ပုဂ္ဂလိကပိုင် ထုတ်လုပ်မှု တွင် သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရေနံမှော်မှ ရေနံစိမ်းများ သဘာဝအလျောက် တိုးတက် ထွက်ရှိလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် (အောက်တိုဘာလ မှ မတ်လ) တွင် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စွမ်းအင်မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သောလုပ်ငန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) အစီရင်ခံသည့် ကာလတွင် ရေနံတွင်းသစ် (၃၃) တွင်း တူးဖော်ခဲ့ပါသည်။

(ခ) ကုန်းပိုင်းလုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ချောက်/ရေနံချောင်း ရေနံမြေ၊ မန်းရေနံမြေ၊ပြည်ရေနံမြေ၊မြန်အောင်ရေနံမြေ၊ မဟူတောင်၊ ရွှေဘို/ မုံရွာ၊ ဟူးကောင်းဒေသ၊ ဥရုဒေသ၊ ငလှိုင်တွင်းဒေသ၊ မဲပလေဒေသ၊ ပြလို့-ပေါက်ခေါင်း၊ တူရွှင်းတောင်-မြိုင် တောင်ဒေသ၊ ငွေးချို-ငရုန်တောင်ဒေသ၊ ဟသ်ာတ ဒေသ၊ အောင်လံဒေသ၊ တောင်တွင်းကြီးဒေသ၊ အင်ပင်-တဲကြီးကုန်းဒေသ၊ မြင်းခြံ ဒေသ၊ ပဒန်းဒေသ၊ ပေါက်/လယ်ယားဒေသ၊ လက်ပံတိုရေနံမြေ၊ ရမည်းသင်းဒေသ၊ အုန်းတွဲဒေသ၊ ပိတောက်ပင်-နတ်မီးဒေသ၊ ဇီးဖြူတောင်-နန်တောဒေသ၊ သဲကုန်း-ရွှေကူဒေသ၊ မရမန်ဒေသ၊ ရနန်း-အင်းတော်ဒေသ၊ တောင်ငူ-ပျဉ်းမနားဒေသ၊ ကျောက်ကြီး-မင်းတုန်းဒေသ တို့၌ ဆောင်ရွက်ခဲ့ပါသည်။

(ဂ) ကမ်းလွန်လုပ်ကွက်များတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ်များချုပ်ဆို၍ စီအင်ပီစီ၊ အမ်ပီအာအယ်၊ ရမ်ဘူနမ်ပက်ထရိုဂက်စ်/ယူအန်အိုဂျီပီတီအီး၊ ပက်ထရိုဗီယက်နမ်ကုမ္ပဏီ/အေဒင်ကုမ္ပဏီ၊ ပီတီတီအီးပီအိုင်ကုမ္ပဏီများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ မုတ္တမကမ်းလွန် ရေတိမ်ပိုင်းလုပ်ကွက် အမ်-၄၊ တနင်္သာရီကမ်းလွန်ရေတိမ်ပိုင်း လုပ်ကွက်တို့ကို စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့မှ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်များကို ချုပ်ဆိုခဲ့ပါသည်။

(ဃ) ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ လောင်စာဆီသုံးမော်တော်ယာဉ်များမှ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲရေးစီမံချက်အား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ရာ ယခုအချိန်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် ၂၆,၈၄၉ စီး၊ မကွေးတိုင်းဒေသကြီးအတွင်း၌ မော်တော်ယာဉ် ၄၆၃ စီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် ၇၂၈ စီးတို့အား စီအင်န်ဂျီသုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင် အသုံးပြုလျက်ရှိပါသည်။

(င) မော်တော်ယာဉ် ၈ စီး တစ်ပြိုင်တည်း သဘာဝဓာတ်ငွေ့ ဖြည့်တင်းနိုင်မည့် ဓာတ်ငွေ့ ဖြန့်ဖြူးစက် (Dispenser) လေးခုတပ်ဆင်ရန် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် (ထောက်ကြန့် မြို့ရှောင်လမ်း) ဘွတ်ကြီးကျေးရွာအုပ်စု ရဲစုကျေးရွာအနီး ဧရိယာ အကျယ်အဝန်း(၁.၅၇) ဧကရှိ မြေနေရာသည် မှော်ဘီ၊

တိုက်ကြီး လှည်းကူးနှင့် ပဲခူးမြို့နယ်များမှ စီအင်န်ဂျီသုံး မော်တော်ယာဉ်များ လွယ်ကူ သွက်လက်လျင်မြန်စွာ ဝယ်ယူဖြည့်တင်းနိုင်ခြင်း၊ ကန့်သတ် စည်ပင် သာယာရေး နယ်နိမိတ်မှ လွတ်ကင်းပြီး အဓိကလမ်းမကြီးများ ယာဉ်ကြော ပိတ်ဆို့မှုမှ ရှောင်ရှားနိုင်ခြင်း၊ အဖျောက်-ရန်ကုန် ပင်မသဘာဝဓာတ်ငွေ့ပိုက်လိုင်း နှင့် အနီးဆုံး နေရာဖြစ်ခြင်း၊ လူနေရပ်ကွက်များအား မဖြတ်သန်းဘဲ သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း အမြန်ဆုံး ဆက်သွယ်တည်ဆောက်နိုင်မည့် ပတ်ဝန်းကျင် ဖြစ်ခြင်း၊ စီအင်န်ဂျီဆိုင်အတွက် လုံခြုံ၍ ဘေးအန္တရာယ် ကင်းရှင်းပြီး မော်တော်ယာဉ် ၈ စီး တစ်ပြိုင်တည်း ဖြည့်တင်းနိုင်မည့် (Dispenser) လေးခု တပ်ဆင်ရန် လုံလောက်သော မြေနေရာအကျယ်အဝန်းရှိခြင်းတို့ကြောင့် စီအင်န်ဂျီ ဆိုင်အမှတ် (၁၄၂) တည်ဆောက်ရန် မြေနေရာ ရွေးချယ်ပြီး လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ပါသည်။

(စ) စီအင်န်ဂျီအရောင်းဆိုင်အမှတ် (၁၄၂) တည်ဆောက်ခဲ့ရာတွင် အချိန်မီပြီးစီးနိုင် ရန်အတွက် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းဟူ၍ အပိုင်း (၄) ပိုင်းခွဲခြားပြီး စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကာယ၊ ဉာဏဝန်ထမ်း များမှ ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်း ပြီးစီး နေပြီ ဖြစ်ပါသည်။

(ဇ) လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါသည်။

(ဈ) အဖျောက်-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ စီအင်န်ဂျီဆိုင်အမှတ်(၁၄၂)သို့ ဖလက်မပိုက်လိုင်းအရှည် ၂.၅ မိုင်သွယ်တန်းခြင်းလုပ်ငန်းမှာ ၃၂ ရာခိုင်နှုန်း ပြီးစီး နေပြီ ဖြစ်ပါသည်။


(ည) စီအင်န်ဂျီ မော်တော်ယာဉ် ၈ စီးအား တစ်ချိန်တည်းဖြည့်တင်းနိုင်မည့် Air Cooling (ASPRO) အမျိုးအစား ဖိအားမြှင့်စက် (Compressor Unit) လေးခု ကို အာဂျင်တီးနားနိုင်ငံမှ မှာယူခဲ့ပြီး ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃၅၅,၁၇၂.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ**

**ပုံ(၅-၁၃) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၅-၁၄) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**များဖြင့် ကျပ် ၅၄၄,၂၇၃.၃ သန်း ရရှိခဲ့၍ ရည်မှန်းချက်၏ ၁၅၃.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၆၅.၁ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ၁၅၃.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင်စီမံကိန်းရည်မှန်းချက်ကို ပြည့်မီအောင်အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

ကရင်ပြည်နယ်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ တန်(၄,၀၀၀)နှင့် တန်(၉၀၀) ဘိလပ်မြေစက်ရုံများအတွက် ရွှံ့စေးဖြူနှင့် အမယ်သစ် ဂေါဒန်ကျောက် ထုတ်လုပ်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်စိမ်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ကျောက်ပုထိုး ရွှေစင်အကြီးစားနှင့် အသေးစား ရွှေလုပ်ကွက်များမှ ရွှေ၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်းမှ ဖယ်ရိုနီကယ်ထုတ်လုပ်မှုများ ရည်မှန်းချက် ပြည့်မီကျော်လွန်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး ကျောက်မီးသွေးကုမ္ပဏီ အသစ် (၅) ခုမှ ကျောက်မီးသွေး ထုတ်လုပ်နိုင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေသတ္တုအသေးစား လုပ်ကွက် များမှ သက်တမ်းတိုးလုပ်ကိုင်ရန် လျှောက်ထားမှုနှင့် လုပ်ကွက်သစ် လျှောက်ထားမှု များ တိုးတက်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင်အမှတ် (၃) သတ္တုတွင်းလုပ်ငန်းမှ ကျောက်မီးသွေး ထုတ်လုပ်သည့် ကုမ္ပဏီသစ်များ တိုးခဲ့ပါသည်။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ စီမံကိန်းရည်မှန်းချက်တွင် ရည်မှန်းထားခြင်းမရှိသော ကြေးနီနှင့်ရောရာသတ္တုရိုင်းနှင့် ခရိုမီယမ်သတ္တုရိုင်း အမယ်သစ်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းမှ ကျောက်မီးသွေး၊ မာဘယ်ကျောက်တုံး၊ ထုံးကျောက်နှင့် ဘရိုက်တီးကျောက် ထုတ်လုပ်မှုများ တိုးလာသည်နှင့်အမျှ ကုမ္ပဏီအသစ်များလည်း တိုးခဲ့ပါသည်။ ထို့အပြင်ဖယ်ရိုနီကယ် သတ္တုအမယ်သစ်ကိုလည်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

စီမံကိန်းလျာထားချက်နှင့်အညီ ဓာတ်သတ္တုများ တိုးချဲ့ရှာဖွေနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ဆောမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ သိန်းနီမြို့နယ်တို့တွင် ကျောက်မီးသွေး ရှာဖွေ စမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တို့တွင် ထုံးကျောက် ရှာဖွေ စမ်းသပ်တိုင်းတာရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် ခဲတူ (ဂရက်ဖိုက်) နှင့် ကျောက်မျက် ရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၊ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တို့တွင် ရွှေရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသတို့တွင် သံသတ္တုရိုင်းရှာဖွေစမ်းသပ်ရေးလုပ်ငန်း၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဂေါဒန်ကျောက် ရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပန်လုံမြို့နယ် ခဲ၊ သွပ်နှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၊ ဘိုပီဘွမ်းဒေသတွင် ခရိုမိုက်သတ္တု ရှာဖွေစမ်းသပ်တိုင်း တာရေးသုတေသနလုပ်ငန်းနှင့် ရှမ်းပြည်

နယ်(မြောက်ပိုင်း)မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့်မိုးမိတ်မြို့နယ်တို့တွင်(Mineral Database) လုပ်ငန်းများကို ဒုတိယ (၆) လပတ်အတွင်း အလေးထားတိုးချဲ့ရှာဖွေဆောင်ရွက်ခဲ့ပါသည်။

သတ္တုသိုက်များ၏ တန်ချိန်ပမာဏနှင့် အရည်အသွေးများကို ဖော်ထုတ် တွက်ချက် ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ဆောမြို့နယ်တို့မှ ကျောက်မီးသွေးမက်ထရစ်တန်ချိန် (ဖြစ်နိုင်သည့်သတ္တုသိုက်ပမာဏအဆင့်) ၀.၈ သန်း၊ (အလားအလာရှိသော သတ္တုသိုက်ပမာဏအဆင့်) ၁.၂၅သန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်တို့မှ ထုံးကျောက်မက်ထရစ်တန်ချိန် (ဖြစ်နိုင်သည့်သတ္တုသိုက် ပမာဏအဆင့်) ၄၀.၇၈ သန်း၊ (အလားအလာရှိသောသတ္တုသိုက်ပမာဏ အဆင့်) ၄၃.၂၁ သန်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ထုံးကျောက် မက်ထရစ်တန်ချိန် (ဖြစ်နိုင်သည့် သတ္တုသိုက်ပမာဏအဆင့်) ၁,၁၆၅.၈၇ သန်း၊ (အလားအလာရှိသော သတ္တုသိုက်ပမာဏအဆင့်) ၆၃.၀၄ သန်းတို့ကို ဒုတိယ (၆)လပတ်အတွင်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အခြား တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း သတ္တုသိုက်များ၏ တန်ချိန် ပမာဏ တွက်ချက်နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

ဘိလပ်မြေစက်ရုံများအတွက် ကုန်ကြမ်းဖြစ်သည့် ထုံးကျောက်များကို စက်ရုံတည် ဆောက်လုပ်ကိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဦးစားပေး၍လုပ်ကိုင်ခွင့်များ ချထားပေးပြီး ဖြစ်ပါသည်။ ဂေါဒန်ကျောက်အနေဖြင့် မြန်မာနိုင်ငံတွင် သတ္တုသိုက်ပမာဏ နည်းခြင်းကြောင့် ဘိလပ်မြေစက်ရုံများအတွက် မလုံလောက်၍ ပုဂ္ဂလိကကုမ္ပဏီဖြစ်သည့် First Resources ကုမ္ပဏီနှင့် အကျိုးတူ ဆောင်ရွက်ပြီး ဝယ်ယူသုံးစွဲ ပါသည်။

ရွှေရောင်ပုလဲ(Deep Gold) များရရှိအောင် မုတ်ကောင် သားဖောက်မွေးမြူခြင်းလုပ်ငန်း အား (Pilot Scale) အနေနှင့် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ သားဖောက် ရယူပြီးနောက် ရွှေရောင် နူတ်ခမ်းသားမုတ်ကောင်ကို ရွေးချယ်ကာ ရွှေရောင်ရင့်သောအပိုင်းကို ဆက်သားစ အဖြစ် အသုံးပြုပြီးစမ်းသပ် ဝတ်ဆံသွင်း မွေးမြူလျက်ရှိရာ ဌာနပိုင် ပုလဲကျွန်းတွင် အောင်မြင်မှု ၅၀ ရာခိုင်နှုန်းကျော် ရရှိလာပြီဖြစ်ပါသည်။ ကုမ္ပဏီများအနေနှင့် ဆက်လက်စမ်းသပ် မွေးမြူ ဆောင်ရွက်လျက်ရှိပါသည်။

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် ဥရုချောင်းနှင့် ချောင်းလက်တက်များအတွင်း နုန်းကနယ်များ ဆယ်ယူရှင်းလင်းခြင်း၊ ရေကြီး ရေလျှံမှုမဖြစ်စေရေးအတွက် တာဘောင်များ ပြုလုပ်ခြင်း၊ စွန့်ပစ်မြေစာပုံများမှ မြေစာများ ချောင်းအတွင်း မကျရောက်စေရေးအတွက် အထိန်းအတားများကို လေ့ကားထစ်ပုံ ဖော်ဆောင်ခြင်းနှင့် တူးဖော်ပြီး လုပ်ကွက်များတွင် ဒေသ နှင့်ကိုက်ညီသည့် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

မော်လူးမော်ဟန် ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများမှ တာဝန်ရှိသူများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေး ဆွေးနွေးခြင်းများ လစဉ် ဆောင်ရွက်လျက်ရှိပြီး တူးဖော်ရေးဆောင်ရွက်သည့် ဝန်းကျင်ရှိ မြစ်ချောင်းများ ရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

ခန္တီးရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော် ထုတ်လုပ်ရာ၌ စနစ်တကျဆောင်ရွက်ရေး၊ ချောင်းအတွင်းသို့ နုန်းကနယ်များ မကျရောက်စေရေး၊ နုန်းဖမ်းကန်၊ ရေစစ်ကန်၊ ရေကြည်ကန်များ တူးဖော်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ကျောက်ရိုင်းရှာဖွေပြီး စွန့်ပစ်မြေကနယ်များ ရေချောင်းများအတွင်း တိုက်ရိုက်မကျရောက်စေရန် လုံလောက်သော နုန်းစုကန်များ၊ ရေကြည်စုကန်များ တည်ဆောက်ခြင်း၊ လျှိုမြောင်များအတွင်း စွန့်ပစ် မြေကနယ်များကို တိုက်ရိုက် မကျရောက်စေရန်အတွက် ကျောက်စီတမံများ ပြုလုပ်ခြင်း၊ တူးဖော်ပြီး ကျင်းချိုင့်နေရာများတွင် မြေပြန်ဖို့၍ ဒေသနှင့်ကိုက်ညီမည့်သစ်ပင်များ ပြန်လည် စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

မိုးကုတ်မြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ရေနီချောင်း ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေကြီးရေလျှံမှု မဖြစ်စေရန်အတွက် ချောင်းအတွင်းမှ မြေကနယ်၊ သဲနုန်းများကို ဆယ်တင်ခြင်း၊ ချောင်းဘေးဝဲယာတွင် တာဘောင်ပြုလုပ်ခြင်းနှင့် မိုးဦးကာလတွင် စိုက်ပျိုးနိုင်ရန် ပျိုးခင်းများ တည်ထောင်ထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။


သယံဇာတ ထုတ်ယူမှု ပွင့်လင်းမြင်သာရေးအဖွဲ့ (EITI) အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် အရပ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆွေးနွေးပြီး စည်းကမ်းချက်များကို အောက်ခြေအဆင့်အထိ လိုက်နာနိုင်ရေးဆောင်ရွက်ရန် သတ္တုတွင်းဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## စက်မှုလက်မှုကဏ္ဍ


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၉,၄၇၃,၁၃၁.၃ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၉.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် စက်မှုလက်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ်အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၅–၁၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅–၁၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၉,၀၆၈,၃၁၁.၅ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၉၅.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် ၁၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

စက်မှုလက်မှုကဏ္ဍ အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော စိုက်ပျိုးရေးကဏ္ဍကို ပိုမို တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးဟူသော စီးပွားရေး မူဝါဒနှင့် အညီ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေးဖြစ်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် ဆောင်ရွက်လျက် ရှိပါသည်။

ဒုတိယ(၆)လပတ်တွင် ကရင်ပြည်နယ်၌ ဟံသာကြယ် ပလပ်စတစ် စက်ရုံသစ်တိုး လာခြင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း ပဲခူးစက်မှုနယ်မြေတွင် Hung Kiu အထည်ချုပ်စက်ရုံ

Ward A အပြင် B နှင့် C ရုံ ပါစတင်လည်ပတ်နေခြင်း၊ KM Healthcare Co-Ltd မှ ဆေးရုံသုံး ခွဲစိတ်ခန်းသုံးဝတ်ရုံနှင့် ခြုံလွှာဝတ်စုံစက်ရုံ၊ Delta AIG ကားကူရှင်အစွပ် စက်ရုံ၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် Jmks အထည်ချုပ်စက်ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရတနာလင်းဆီစက်၊ ရတနာအောင်ဆီစက်၊ ရွှေနဂါးရေခဲစက်၊ မင်းညီနောင်ရေခဲစက်၊ နေမင်းသောက်ရေသန့်စက်၊ ကြီးပွား၊ ယူနီယံ၊ ဆုမွန် ပေါင်မုန့်ဖုတ်လုပ်ငန်းများ၊ စတား သံပန်းသံတံခါး၊ သီဟကမ္ဘာ မော်တော်ယာဉ်ပြင်ဆင်သည့်လုပ်ငန်းနှင့် အထွေအထွေစက်မှုလက်မှု လုပ်ငန်းများအနေဖြင့် ဝင်း၊ အောင်ဇော်မိုး၊ ဝန်းရံခ၊ ရခိုင်၊ ပိုင်၊ ရန်နောင်စိုး၊ နီလာ၊ ဦးလှထွန်း၊ စိန်မြခိုင်၊ ဆန်းသစ်၊ ဖိုးခွားလေး၊ ဝါဝါဝင်း၊ အောင်၊ ထွန်းညီနောင် စသည့်လုပ်ငန်းသစ်များ တိုးတက် လာခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာန တွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှာ အကြီးစား စက်မှုလုပ်ငန်း (၅,၇၀၄) ခု၊ အလတ်စား စက်မှုလုပ်ငန်း (၈,၄၈၉) ခု၊ အငယ်စားစက်မှုလုပ်ငန်း (၃၀,၂၄၆) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၄၄,၄၃၉) ခု ရှိပါသည်။ လက်ရှိ တည်ဆောက်ပြီး စက်မှုဇုန် (၁၉) ဇုန်တွင် အကြီးစားစက်မှုလုပ်ငန်း (၂,၉၂၁) ခု၊ အလတ်စားစက်မှုလုပ်ငန်း(၂,၅၅၀) ခု၊ အငယ်စားစက်မှု လုပ်ငန်း (၃,၅၆၃) ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း (၉,၀၃၄) ခု တို့ မှတ်ပုံတင် ဆောင်ရွက်လျက် ရှိပါသည်။

စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပချေးငွေ၊ နိုင်ငံပိုင် နိုင်ငံခြား ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဖော်ပြပါလုပ်ငန်း စီမံကိန်းများအား ဆက်လက် ဆောင်ရွက် လျက်ရှိပါသည်-

(က) ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်း၊

(ခ) ကုန်တင်ယာဉ်ဝင်ရိုးထုတ်လုပ်မှု စီမံကိန်း၊

(ဂ) မော်တော်ယာဉ် မိုလ် နှင့် ဒိုင်ထုတ်လုပ်မှုစီမံကိန်း၊

(ဃ) အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်း၊

(င) အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်း၊

(စ) တစ်နေ့တန်(၆၀)ကျ သတင်းစာစက္ကူစီမံကိန်း(သာပေါင်း)၊

(ဆ) ကော့စတစ်ဆိုဒါ စက်ရုံစီမံကိန်း၊

ပြည်တွင်း စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်တွင် ဖော်ပြပါ သုတေသနနှင့် တီထွင်စမ်းသပ် ထုတ်လုပ်မှုများ ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည် -

(က) ဆေးဝါးနှင့်စားသောက်ကုန်ဆိုင်ရာသုတေသနစမ်းသပ်မှုများ

(၁) ဆေးဝါးအမယ်သစ်၊ Formula ပြုပြင်ခြင်းနှင့် Coating အသစ် တီထွင်စမ်းသပ်ခြင်းများ၊

(၂) စက်ရုံထုတ်ဆေးဝါးများ ဈေးကွက်မှ နမူနာဝယ်ယူစမ်းသပ်ခြင်း၊

(၃) ဆေးဘက်ဝင်အပင်များစမ်းသပ်ခြင်း၊

(၄) Fermentation ဌာနသုတေသနစမ်းသပ်မှုများ၊

(၅) ဆေးဝါးထုတ်လုပ်မှုများ စမ်းသပ်ခြင်း၊

(၆) စွန့်ပစ်ရေဆိုး စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(၇) အရက်ပြင်းနှင့် ပုလင်းသွင်းအရက် စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(၈) အချိုရည်စမ်းသပ်မှုများ ပြုလုပ်ခြင်း၊

(၉) စားသောက်ကုန် အရည်အသွေးစမ်းသပ်ခြင်း၊

(၁၀) စားသောက်ကုန် သုတေသနဆောင်ရွက်မှုများ ပြုလုပ်ခြင်း။

(ခ) စက်မှုပိုင်းဆိုင်ရာတီထွင်စမ်းသပ်မှု

(၁) တီထွင်မှုများ (TaTa Truck မော်တော်ယာဉ်၏ Axle ထုတ်လုပ် နိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲဆောင်ရွက်ခြင်း)၊

(၂) စွမ်းအင်သုတေသနလုပ်ငန်းများ (စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက် မြန်မာနိုင်ငံ၏ Renewable Energy နှင့် Energy Efficiency ဆိုင်ရာလုပ်ငန်းများကို အခြားဝန်ကြီးဌာန များနှင့် ပူးတွဲ ဆောင်ရွက်လျက်ရှိခြင်း)။

မြန်မာနိုင်ငံ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အများစုပါဝင်နေပြီး ဖွံ့ဖြိုးမှုအတွက် အရေးပါသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိခြင်း၊

(ခ) SMEs များအား ဘဏ်ချေးငွေ ရရှိရေးဆောင်ရွက်ခြင်း၊

(ဂ) SMEs လုပ်ငန်းများ ရှင်သန်လာစေရန်အတွက် ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် ကန့်သတ်ချက်များကို လျှော့ချပေးခြင်း၊

(ဃ) SMIDB Bank မှ ချေးငွေရရှိရေး ဆောင်ရွက်ခြင်း၊

လုပ်ငန်းရှင် (၂၅၂) ဦးအား ချေးငွေထုတ်ပေးရန် အတည်ပြုချက်ရရှိခဲ့ပြီး ယင်းတို့အနက် လုပ်ငန်းရှင် (၂၃၇) ဦးအား ချေးငွေလျာထားချက်၏ ၃၄.၅၆ % ဖြစ်သော ကျပ် (၆,၉၁၁) သန်း ထုတ်ချေးပြီးနိုင်ခဲ့ပါသည်၊

(င) ချေးငွေဆောင်ရွက်ခြင်း၊

(၁) ရိုးရိုးချေးငွေ ၈၉၇ ဦး ကျပ် (၁၀၀,၃၈၄.၆၃) သန်း၊

(၂) SME ချေးငွေ ၂၈၈ ဦး ကျပ် (၁၄,၇၅၀.၅) သန်း၊

(၃) Hire Purchase စနစ်ဖြင့် လုပ်ငန်းရှင် (၁၀၁) ဦးသို့ ချေးငွေ ကျပ် (၁၀၀၉.၈၆) သန်း၊

(စ) အစုရှယ်ယာ ရောင်းချခြင်း၊

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ရောင်းချပြီး အစုရှယ်ယာ (၅၆,၉၆၂) ဦးနှင့် တန်ဖိုးငွေ ကျပ် (၂၈,၄၈၁) သန်း။

ထို့အပြင်အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုဌာနအနေဖြင့် SMEs များ၏ Database တည်ဆောက်လျက် လိုအပ်သည့် အကူအညီများ၊ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ SMEs များ၏ လုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် ငွေကြေးရယူလိုခြင်းများအတွက် ကူညီပံ့ပိုးပေးခြင်း၊ လုပ်ငန်းစတင် တည်ထောင်လိုသူများအတွက် အကြံဉာဏ် နှင့် သတင်းအချက်အလက်များဖြင့် တိုင်ပင် ဆွေးနွေး ညှိနှိုင်းပေးခြင်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများပို့ချခြင်းကို ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် EU မှလည်း မြန်မာနိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်း တိုးပွားလာစေရေးနှင့် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး စီးပွားရေးလုပ်ငန်း ဖြစ်သည့် အထည်ချုပ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် SWITCH-Asia စီမံချက်ကို စတင်ဖော်ဆောင်နေပြီ ဖြစ်သည်။

ထို့အပြင် ASEAN SMEs Portal နှင့်ချိတ်ဆက်၍ Online Servicing ပေးခြင်း၊ Business Matching များပြုလုပ်၍ ပြည်တွင်းပြည်ပ SMEs များအားချိတ်ဆက်ပေးခြင်း၊ ပြည်ပ ဈေးကွက် ရရှိရန်အတွက် Export Consortia Team (Cluster) ဖွဲ့စည်းပေးခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲများပြုလုပ်ခြင်း၊

နိုင်ငံတကာအဖွဲ့အစည်းများအားလက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ဌာနတွင်းသင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူ ပြုစေရန် မြန်မာ့စီးပွားရေးဘဏ်၊ သမဝါယမဘဏ်၊ အသေးစား၊ အလတ်စား စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် တို့မှ ချေးငွေရရှိရေးကို ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရက်ကန်းလုပ်ငန်း၊ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်မှု လုပ်ငန်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ မြန်မာ့ရိုးရာယွန်းထည် လက်မှုလုပ်ငန်းများအတွက် အတတ်ပညာ၊ နည်းပညာရရှိရေး၊ စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ ဖြစ်စေရေးတို့အတွက် သင်တန်းများဖွင့်လှစ်ပေးခဲ့ပါသည်။

## လျှပ်စစ်ဓာတ်အားကဏ္ဍ


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၅၀၉,၉၄၇.၁ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၁.၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် လျှပ်စစ်ဓာတ်အားကဏ္ဍ**
**စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၅-၁၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၄၆၂,၂၈၂.၆ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၉၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၁၄.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ နန်းချိုရေအားလျှပ်စစ်စက်ရုံ၊ ကချင်ပြည်နယ်ရှိ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ၊ ပုဂ္ဂလိကပိုင် (B.O.T) ဖြင့်ဆောင်ရွက်သော ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စက်ရုံ၊ ပဲခူးတိုင်းအရှေ့ပိုင်းရှိ ဖြူးချောင်း၊ နေပြည်တော်ရှိအထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံအသစ်များ လည်ပတ်နိုင်ခဲ့၍ နိုင်ငံပိုင်လျှပ်စစ်မီး ပိုမိုသုံးစွဲ နိုင်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားကို ကရင်ပြည်နယ် သံတောင်ကြီး မြို့၊ ဘောဂလိမြို့နှင့် အနီးဝန်းကျင် ကျေးရွာများသို့ ဓာတ်အားလိုင်းအသစ်၊ ခွဲရုံအသစ်များ သွယ်တန်း တပ်ဆင်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် မဟာဓာတ်အားလိုင်း အသစ်ရောက်ရှိ ခြင်း၊ ဆိုလာစနစ်၊ အသေးစားရေအား၊ ဒီဇယ်တို့ဖြင့် မီးလင်းပြီးကျေးရွာများ ပိုမိုလာခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် သန်းဖြူးသူ၊ ဖိုးသီးချို ဒီဇယ်မီးပေးရေး လုပ်ငန်း များမှ ပိုမိုမီးပေး

လာနိုင်ခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေပိုက်လိုင်းမှ ရရှိမည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင် ဒေသများသို့ (၁) မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့သုံး အင်ဂျင်စက် (Gas Engine) (၄)လုံးငှားရမ်း၍ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိခြင်း တို့ကြောင့် ရည်မှန်းချက်ကို ပြည့်မီနီးပါး အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင်အခန်းဌ အကြီးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၅ ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၀ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင်သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၈ ရုံ၊ အသေးစားရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ (၅)ရုံတို့၌ စုစုပေါင်း ၄,၇၈၉ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၇,၉၆၂.၉ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အား ဖြန့်ဖြူးမှုအတွက် လျှပ်စစ် ဓာတ်အားလိုင်း ၃,၀၀၂ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၄၅,၆၂၁ မိုင်အထိ သွယ်တန်းနိုင်ခဲ့ ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် လျှပ်စစ်ဓာတ်အား အသုံးပြုမှုများကို ဇယားဖြင့် ဖော်ပြအပ်ပါ သည်-

**ဇယား (၅-၁)**

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်**

**လျှပ်စစ်ဓာတ်အားအသုံးပြုမှု အခြေအနေ**

(ကီလိုဝပ်နာရီသန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ဒုတိယ(၆)လပတ် | | အကောင်အထည်ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက် | ဓာတ်အားအသုံးပြုမှု | |
| ၁ | | ၂ | ၃ | ၄ | ၅ |
| | | **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | **၈၆၃၄.၇** | **၇၉၆၂.၉** | **၉၂.၂** |
| **၁** | | **နိုင်ငံပိုင်** | **၅၇၉၅.၉** | **၅၅၄၈.၄** | **၉၅.၇** |
| | ၁ | စက်ရုံသုံး | ၁၈၄၉.၇ | ၁၄၁၈.၈ | ၇၆.၇ |
| | ၂ | အိမ်သုံး | ၁၅၈၉.၃ | ၁၉၂၀.၀ | ၁၂၀.၈ |
| | ၃ | ဆေးရုံ၊ရုံး၊ကျောင်းစသည်များ | ၁၁၅၀.၅ | ၈၃၆.၆ | ၇၂.၇ |
| | ၄ | အထွေထွေသုံး | ၄၅.၂ | ၄၁.၉ | ၉၂.၇ |
| | ၅ | ကုမ္ပဏီသို့ရောင်းချခြင်း | ၁၁၆၁.၂ | ၁၃၃၁.၁ | ၁၁၄.၆ |
| **၂** | | **သမဝါယမပိုင်** | **၀.၇** | **၀.၅** | **၇၁.၄** |
| **၃** | | **ပုဂ္ဂလိကပိုင်** | **၂၈၃၈.၁** | **၂၄၁၄.၀** | **၈၅.၁** |

ဓာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊

တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ၊ ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ

မြို့နယ်ခွဲများအပါအဝင် ၄၈၉ မြို့ မီးလင်းပြီးဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်မတ်လကုန် အထိ ဓာတ်အားစနစ်အတွင်းမှ ၆,၈၈၃ ရွာ၊ မီးစက်စနစ်ဖြင့် ၁၃,၆၁၆ ရွာ၊ အသေးစား ရေအားစနစ်ဖြင့် ၂,၅၃၇ ရွာ၊ ဆိုလာစနစ်ဖြင့် ၃,၇၇၁ ရွာ၊ ဇီဝဓာတ်ငွေ့/ ဒြပ်ထုစနစ်(Bio gas/ Bio mass) ဖြင့် ၁,၀၉၄ ရွာ၊ လေအားစနစ်ဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ရွာ၊ ဒီဇယ်နှင့် ရေအားစနစ် နှစ်မျိုးပေါင်းဖြင့် ၂၆ ရွာ၊ အိမ်နီးချင်း နိုင်ငံမှဝယ်ယူမှုဖြင့် ကချင်၊ ကရင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ၂၆၆ ရွာ၊ စုစုပေါင်း ၂၈,၁၉၄ ရွာ မီးလင်းခဲ့ပါသည်။ နိုင်ငံအတွင်း စုစုပေါင်း ကျေးရွာ ၆၃,၈၉၇ ရှိသဖြင့် ကျေးရွာအလိုက်မီးလင်းမှုမှာ ၄၄.၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၄,၃၉၀ ရွာအထိ မီးလင်းရန် လျာထားခဲ့သဖြင့် ၁၁၅.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ဖြစ်ပါသည်။ ပထမ (၆) လပတ်ကုန်တွင် ၂၅,၉၂၉ ရွာမီးလင်းပြီးဖြစ်၍ ဒုတိယ ၆ လပတ်အတွင်း ၂,၂၆၅ ရွာ မီးလင်းရန် ထပ်မံဆောင်ရွက် နိုင်ခဲ့ပါသည်။

ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများတွင် Transformer Losses လျော့နည်းစေရေးအတွက် အရည်အသွေးကောင်းမွန်သော Transformer များ ဝယ်ယူသုံးစွဲခြင်း၊ Transmission Line နှင့် Distribution Line များတွင် Losses လျော့နည်းစေရေး အတွက် အရည်အသွေး ကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများဝယ်ယူ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်လိုက်သော ဓာတ်အားကို Voltage Level အလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ပို့လွှတ်ပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများတွင် Capacitor Bank များ၊ Shunt Reactor (သို့မဟုတ်) Static Var Compensator (SVC) များ ထပ်မံတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် Toyo-Thai ကုမ္ပဏီမှ (၁၂၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်း၏ ပထမအဆင့်အဖြစ် (၄၇) မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်ငွေ့တာဘိုင် (Gas Turbine) (၂)လုံး တပ်ဆင်ပြီးစီးခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါစက်မှုဇုန်သို့ ဓာတ်အားထုတ်လုပ် ပို့လွှတ်ပေးနိုင်ရေး အတွက် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် ကိုရီးယားနိုင်ငံ BKB ကုမ္ပဏီမှ (၅၀၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် စွန့်ပစ် အပူသုံး ဓာတ်အားပေးစက်ရုံတည် ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ-တရုတ် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ ရရှိမည့် သဘာဝ ဓာတ်ငွေ့ကိုအသုံးပြု၍ (၅၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး

ဓာတ်အားပေးစက်ရုံကို တရုတ်နိုင်ငံ EXIM Bank မှ ချေးငွေဖြင့် တည်ဆောက်ရန် International Tender ခေါ်ယူခဲ့ပါသည်။ ရွှေပိုက်လိုင်းမှရရှိမည့် သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးခြင်း ဆောင်ရွက်နိုင်ရန် V-Power ကုမ္ပဏီမှ (၁.၅၆) မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့သုံး အင်ဂျင်စက် (Gas Engines) (၃၂) လုံးကို တင်ဒါဆောင်ရွက်ဆဲ ကာလ (၁၈) လ ငှားရမ်း၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိပါသည်။

မြင်းခြံဒေသတွင် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးခြင်း ဆောင်ရွက်နိုင်ရန် Aggreko ကုမ္ပဏီမှ (၁.၁၂) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက် (Gas Engines) (၉၂) လုံး ငှားရမ်း၍ ဓာတ်အားထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ မြင်းခြံဒေသ၊ ကျောက်ဆည်နှင့် ဘဲလင်းဒေသ တို့တွင် IPP Developer တို့မှ တာဝန်ယူတည်ဆောက်မည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံအတွက် International Tender ခေါ်ယူဆောင်ရွက် ခဲ့ပါသည်။ သထုံမြို့ရှိ သထုံဓာတ်အားပေးစက်ရုံဝန်းတွင် World Bank မှ ချေးငွေ အမေရိကန် ဒေါ်လာသန်း ၁၄၀ ဖြင့် (၈၀.၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။

လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအတွက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်ကာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီး သိမ်ငူကျေးရွာ၊ ဇင်းကျိုက်မြို့အနီး ကုလားမတောင်၊ တနင်္သာရီတိုင်း၊ မေတ္တာမြို့အနီး ကျောက်မဲတောင်တို့တွင် မိုးလေဝသနှင့် လေတိုက်နှုန်း တိုင်းတာရေး တာဝါတိုင်များ တည်ဆောက်၍ လေတိုက်နှုန်းနှင့် မိုးလေဝသအချက်အလက်များကို နေ့စဉ်စောင့်ကြည့် ကောက်ယူခဲ့ပါသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနသည် (၁၀၀၀) မဂ္ဂါဝပ်အောက် စီမံကိန်း(၂)ခု၊ ဆောင်ရွက်ဆဲ (၁၀၀၀)မဂ္ဂါဝပ်အောက် ရေအားလျှပ်စစ်စီမံကိန်း (၈)ခု၊ တည်ဆောက်ဆဲ (၁၀၀၀) မဂ္ဂါဝပ်နှင့်အထက် ရေအားလျှပ်စစ်စီမံကိန်း တစ်ခုတို့ကို ဆောင်ရွက် ခဲ့ပါသည်။ ထို့ပြင် အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်း စက်တပ်ဆင် အင်အား {(၇၁၁ မဂ္ဂါဝပ်) x (၁၀)လုံး} = (၇၁၁၀ မဂ္ဂါဝပ်)နှင့် ဟတ်ကြီးရေအားလျှပ်စစ် စီမံကိန်း စက်တပ်ဆင်အင်အား {(၁၇၀ မဂ္ဂါဝပ်) x (၈)လုံး} =(၁၃၆၀ မဂ္ဂါဝပ်) တို့ကို စူးစမ်းတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ကြီးကြပ်မှုအောက်ရှိ အသေးစားရေအား လျှပ်စစ်စက်ရုံ (၃၂)ခုနှင့် ဒီဇယ်ဓာတ်အားပေးစက်လုံးရေ (၅၇၀) လုံး၊ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းရှိ ရေအားလျှပ်စစ်စက်ရုံ (၂၀) ရုံနှင့် ကျောက်မီးသွေးသုံး

ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ (၁) ရုံတို့ကို လည်ပတ်၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခဲ့ပါသည်။ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားပေးစက်ရုံများအား အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည့်အပြင် အောက်ပါ စီမံကိန်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည် -

(၁) **၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** သပြေဝ (မိတ္ထီလာ)- နေပြည်တော်-တောင်ငူ (၁၁၄.၉၇)မိုင် (၄၇%) ပြီးစီးပြီး ကျန်အပိုင်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်၊

(၂) **၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** ဥသျှစ်ပင် - တောင်ကုတ် (၅၄.၄၁)မိုင်၊ တောင်ကုတ်-မအီ (၄၆.၇၈)မိုင်၊ အမ်း-မအီ (၃၆.၂၈)မိုင်၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း (၁၁၅.၇၃) မိုင်၊ ရွှေတောင်-မြောင်းတကာ (၁၃၀.၉၆) မိုင်နှင့် မအီ-ကျောက်ဖြူ (၆၀.၆၀) မိုင်တို့ ပြီးစီးခဲ့ပါသည်။ အမ်း-မန်း (၆၇)မိုင် (၆၁.၀၀%)၊ ဘီလူးချောင်း(၂)-ရွှေမြို့ (၁၀၁.၄၄၃)မိုင် (၈၃.၀၀%)၊ အသုတ်-ပုသိမ်(၃၁)မိုင်(၇၂.၇၀%)၊ တောင်တွင်းကြီး-ရွှေတောင်(၁၀၀)မိုင် (၁၈.၈၀%)၊ အထက်ရဲရွာ - ရွှေစာရံ (၇၆.၆၇)မိုင် (၄.၀၀%)၊ ဂန့်ဂေါ-ကလေး(၆၉.၄၄)မိုင် (၄၃.၈၀%)၊ သာကေတ - အရှေ့ဒဂုံ (၁၂.၂၄)မိုင် (၃၈.၀၀%) ၊ လှိုင်သာယာ-ကျိုက်လတ် (၅၁.၈၁) မိုင် (၃.၆၀%)တို့ ပြီးစီး၍ ကျန်အပိုင်းများအားဆက်လက် ဆောင်ရွက်လျက်ရှိပါ သည်၊

(၃) **၆၆ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများ။** တောင်ကုတ်-သံတွဲ (၂၈)မိုင်၊ မိုင်းရယ်-တန့်ယန်း (၃၂.၅၀)မိုင်၊ ဂန့်ဂေါ-ဟားခါး (ကျောက်တိုင်အပိုင်း) (၂၁.၈၅)မိုင်၊ ဂန့်ဂေါ-ဟားခါး(တာဝါအပိုင်း) (၃၅.၁၅)မိုင်၊ ခိုလန်-ကွန်ဟိန်း (၃၂.၆၆)မိုင်၊ ပုဏ္ဏားကျွန်း-စစ်တွေအမှတ်(၁) (၂၁.၅၇)မိုင်၊ ပုဏ္ဏားကျွန်း-ကျောက်တော်(၃၇.၀၁)မိုင်၊ ပုဏ္ဏားကျွန်း-မြောက်ဦး (၃၅.၃၇)မိုင်၊ ကျောက်ဖြူ (GT)-ကျောက်ဖြူ(၅.၅၃)မိုင်၊ ကျောက်ဖြူ(GT)-ရမ်းဗြဲ (၄၁)မိုင်၊ လွိုင်ကော်-ရှားတော (၁၉.၇၉)မိုင်နှင့် တောင်ကုတ်-သူငွေးချောင်း (၅.၅)မိုင်တို့ ပြီးစီး ခဲ့ပါသည်။ ပုဏ္ဏားကျွန်း-စစ်တွေအမှတ်(၂) (၁၈.၉၆)မိုင် (၈၇.၄၄%)၊ ဗန်းမော်-မြို့သစ်-ဒေါ့ဖုန်းယန် (၄၅.၇၇)မိုင် (၉၉.၈၃%)၊ ကျောက်ဖြူ-မဒဲကျွန်း (၁၃.၂၃)မိုင် (၈၄.၅၀%)၊ ထားဝယ်-ကံပေါက် (၅၁) မိုင် (၉၉.၀၀%)၊ လွိုင်ကော်-ဘော်လခဲ (၄၂.၄၇)မိုင် (၆၄.၅၀%)၊ မြောက်ဦး-မင်းပြား (၁၇.၂၈) မိုင် (၅၇.၅၀%)၊ မိုးကုတ်-မိုးမိတ် (၂၄.၆၅)မိုင် (၇.၆၂%)၊ မိုင်းနောင်-မိုင်းရှူး (၃၃)မိုင် (၁၁.၈၆%)၊

မိုင်းနောင်-ကျေးသီး (၂၈.၁၉)မိုင် (၄၀.၄၆%)၊ မိုးကောင်း-ဖားကန့် (၅၅.၀၃)မိုင် (၁၄.၀၉%)၊ ပေါက်-မင်းတပ် (၃၀)မိုင် (၃၆.၈၉%)၊ ချောင်းကူး-ပေါက် (၃.၅၉)မိုင် (၄၅.၁၁%)၊ ဥသျှစ်ပင်-ကံမ-မင်းတုန်း (၅၄.၉၆)မိုင် (၄၀.၀၀%)၊ ရေဘုတလင်-ကနီ-မင်းကင်း (၆၆.၇၉)မိုင် (၉.၅၄%) နှင့် ဟားခါး-ဖလမ်း (၂၄.၅၀)မိုင် (၃၀.၀၄%)၊ ထီးလင်း-ဆော (၄၂.၆၆)မိုင် (၇.၄၆)မိုင်၊ ကျောက်ဖြူ - ကျောက်ဖြူ ( SEZ ) (၅.၇၈)မိုင် (၁၀.၀၀%)၊ တောင်ကုတ်-မအီ(၄၄.၇၄)မိုင် (၁၇.၀၀%)တို့ ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက် တည်ဆောက်လျက်ရှိပါသည်၊

(၄) **၃၃ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများ**။ ဆားလင်းကြီး - ညောင်ပင်ကြီး (၁၁.၈) မိုင်၊ နောင်ကား-နောင်ယာဆိုင် (၁၄.၉၆) မိုင်တို့ ပြီးစီးခဲ့ပါသည်။ မြို့ကြီး-တောင်တော်ကွင်း (၁၀.၆၅)မိုင်မှ (၉၆.၂၈%)ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်လျက်ရှိပါသည်၊

(၅) **၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ**။ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ တောင်ကုတ်၊ ပုဏ္ဏားကျွန်း၊ ကျောက်ဖြူ၊ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၄၅ အမ်ဗွီအေ အမ်းပင်မဓာတ်အားခွဲရုံများ ပြီးစီးခဲ့ပါသည်။ ၂၃၀/ ၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများဖြစ်သော ပုသိမ်(၄၀.၀၀%)၊ အရှေ့ဒဂုံ (၉၇.၀၀%)၊ ကလေး(၂၂.၇၅%) နှင့် မြဝတီ(၅၅.၀၀%)တို့ပြီးစီး၍ ကျန်အပိုင်း များအား ဆက်လက် တည်ဆောက်လျက် ရှိပါသည်၊

(၆) **၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ**။ ၁၃၂/၆၆/၁၁ကေဗွီ၊ ၆၀အမ်ဗွီအေ ဗန်းမော်ခွဲရုံ (၄၉.၇၅%)၊ တောင်ကြီးခွဲရုံ (၇၅.၀၀%) နှင့် ၁၃၂/၆၆/၁၁ ကေဗွီ၊ ၅၀ အမ်ဗွီအေ လွိုင်ကော်ခွဲရုံ(၈၇.၀၀%) တို့ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်လျက်ရှိပါသည်၊

(၇) **၆၆ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းများ**။ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေခွဲရုံများ ဖြစ်သော သံတွဲ ၊ မြောက်ဦး ၊ ကျောက်တော် ၊ ရမ်းဗြဲ ၊ ကွန်ဟိန်း၊ ဟားခါး၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေခွဲရုံများဖြစ်သော စစ်တွေ၊ ကျောက်ဖြူတို့ပြီးစီးခဲ့ ပါသည်။ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများ တန့်ယန်း (၉၀.၀၀%)၊ တာမိုးညဲ (၇၆.၀၀%)၊ မင်းတပ် (၇၃.၀၀%)၊ မင်းပြား (၄၅.၀၀%)၊ ဆော(၄၄.၂၅%)၊ ကွတ်ခိုင်(၄၁.၇၅%)၊ ကျေးသီး (၄၅.၀၀%)၊ မင်းကင်း(၃၈.၅၀%)၊ ဂွ(၃၅.၀၀%)၊ မအီ(၆၅.၀၀%)၊ မင်းတုန်း (၆၇.၀၀%)၊ မဒဲ(၅၂.၀၀%)၊ ချောင်းဆုံ(၆၇.၀၀%)၊ ရှားတော (၁၅.၀၀%)၊ ကံမ (၂၀.၀၀%)၊ ၆၆/ ၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အား

ခွဲရုံများ မြစ်ကြီးနား(၁) (၇၀.၀၀%)၊ ကလေး(သိုင်းငင်) (၄၁.၂၅%)၊ ၆၆/ ၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများ မြစ်ကြီးနား(၂) (၉၃.၀၀%)၊ ကျောက်ဖြူ (SEZ) (၂၀.၀၀%)၊ ၆၆/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ ဓာတ်အားခွဲရုံများ မြို့သစ် (၅၉.၀၀%)၊ ဒေ့ါဖုန်းယန်(၅၉.၀၀%)၊ ၆၆/၁၁ကေဗွီ၊ ၂×၁၅အမ်ဗွီအေ ဓာတ်အား ခွဲရုံများ ဖလမ်း (၃၅.၂၀%)၊ ကော့ကရိတ် (၄၃.၀၀%)၊ ၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများ ထားဝယ် (၆၅.၀၀%)၊ ဘုရားကုန်း (၄၃.၀၀%)၊ ၆၆/၁၁ ကေဗွီ၊ ၂×၂၀ အမ်ဗွီအေ ကံပေါက်ခွဲရုံ (၇၀.၀၀%)၊ ၆၆/၁၁ကေဗွီ၊ ၃၆အမ်ဗွီအေ ဖားဆောင်းခွဲရုံ (၅၅.၀၀%)၊ ၆၆/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေနှင့် ၅ အမ်ဗွီအေ ဘော်လခဲခွဲရုံ (၅.၀၀%)တို့ ပြီးစီးခဲ့၍ ကျန်အပိုင်း များအား ဆက်လက် တည်ဆောက်လျက်ရှိပါသည်၊

(၈) **၃၃ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းများ။** ၃၃/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အား ခွဲရုံများ ဆားလင်းကြီး၊ ကျိုက်ထို၊ ဝါးခယ်မ၊ ကျိုက်ခမီတို့ ပြီးစီး ခဲ့ပါသည်။ ၃၃/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မိုးညို(၃၀%) နှင့် ၃၃/ ၁၁ကေဗွီ၊ ၃ အမ်ဗွီအေ ကျွဲပွဲ (၁၀%)တို့ ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက် တည်ဆောက်လျက် ရှိပါသည်၊

(၉) **အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့ အရှေ့ဘက် (၂၆)မိုင်အကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၇၀မဂ္ဂါဝပ်)x(၂)လုံး }= (၁၄၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၄၅၄) သန်း၊ လုပ်ငန်းတစ်ခုလုံး၏ ပြီးစီးမှု(၉၉.၂၅%) ဖြစ်ပါ သည်၊

(၁၀) **နန်ချိုရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့ အရှေ့ဘက်(၁၆)မိုင်ခန့်အကွာ တွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၂၀မဂ္ဂါဝပ်)x(၂)လုံး} = (၄၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ (၁၅၂) သန်း၊ (၁၁-၄-၂၀၁၄) နေ့တွင် စက်ရုံ ဖွင့်လှစ်ပြီးဖြစ်ပါသည်၊

(၁၁) **ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂) မိုင်အကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၂၆၂.၅ မဂ္ဂါဝပ်)x(၄)လုံး } = (၁၀၅၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ (၃၃၀၀) သန်း၊ လုပ်ငန်းတစ်ခုလုံး၏ ပြီးစီးမှု (၉.၅၄%) ဖြစ်ပါသည်၊

(၁၂) **ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း။** ပဲခူးတိုင်း၊ ဖြူးမြို့၏ အနောက်ဘက် (၇)မိုင်ခန့်အကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၂၀မဂ္ဂါဝပ်)x(၂)လုံး} = (၄၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ် နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၁၂၀) သန်း၊ (၈-၁-၂၀၁၅) ရက်နေ့တွင် စက်ရုံဖွင့်လှစ်ပြီးဖြစ်ပါသည်၊

(၁၃) **အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၏ တောင်ဘက် (၂၀) မိုင် အကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၇၀မဂ္ဂါဝပ်)x(၄)လုံး} = (၂၈၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ (၁၄၀၉) သန်း လုပ်ငန်းတစ်ခုလုံး၏ ပြီးစီးမှု(၂၃.၃၂ %) ဖြစ်ပါသည်၊

(၁၄) **ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း။** ကရင်ပြည်နယ်၊ ကမမောင်းမြို့နယ် အနီး၊ သံလွင်မြစ်နှင့် သောင်ရင်းမြစ်ဆုံ၏ အောက်ဘက် (၂၉) မိုင်အကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၁၇၀မဂ္ဂါဝပ်) x (၈) လုံး} = (၁၃၆၀မဂ္ဂါဝပ်)၊ တစ်နှစ် ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ (၇,၃၂၅) သန်းဖြစ်ပါ သည်၊

(၁၅) **မဏိပူရရေအားလျှပ်စစ်စီမံကိန်း။** စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၏ တောင်ဘက်(၃၁)မိုင်ခန့်အကွာတွင် တည်ရှိပြီး စက်တပ်ဆင် အင်အား {(၉၅မဂ္ဂါဝပ်)x ၄)လုံး}=(၃၈၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ် နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၁၉၀၃)သန်း၊ လုပ်ငန်းတစ်ခုလုံး၏ ပြီးစီးမှု (၄.၅၂%) ဖြစ်ပါသည်၊

(၁၆) **သူငွေးရေအားလျှပ်စစ်စီမံကိန်း။** ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့၏ အရှေ့မြောက်ဘက်(၁၂)မိုင်ခန့်အကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၃၇မဂ္ဂါဝပ်)x(၃)လုံး}=(၁၁၁မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ(၃၈၆)သန်း၊ လုပ်ငန်းတစ်ခုလုံး၏ပြီးစီးမှု(၃၉.၅၂%) ဖြစ်ပါသည်၊

(၁၇) **အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက်(၁၄)မိုင်ခန့်အကွာ တွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၁၇မဂ္ဂါဝပ်)x(၃)လုံး}= (၅၁ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၂၆၇) သန်း၊ လုပ်ငန်း တစ်ခုလုံး၏ ပြီးစီးမှု (၂၈.၉၉%)ဖြစ်ပါသည်၊

(၁၈) **အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့အရှေ့မြောက်ဘက်(၂၀)မိုင်ခန့်အကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား{(၅၀ မဂ္ဂါဝပ်) x (၂)လုံး} = (၁၀၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ(၅၀၀)သန်း၊ လုပ်ငန်းတစ်ခုလုံး၏ပြီးစီးမှု(၀.၃%)ဖြစ်ပါ သည်၊

(၁၉) **အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း။** ကချင်ပြည်နယ်၊ ပူတာအိုမြို့၏ အနောက်တောင်ဘက် (၇)မိုင်ခန့်အကွာတွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၀.၈မဂ္ဂါဝပ်)x(၄)လုံး} = (၃.၂မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ (၁၄.၁၃)သန်း၊ လုပ်ငန်းတစ်ခုလုံး၏ ပြီးစီးမှု (၁၄.၃၈%) ဖြစ်ပါသည်၊

(၂၀) **အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့မှ အနောက်တောင်ဘက် (၁၄.၄) မိုင်ခန့် အကွာတွင် တည်ရှိပြီး စက်တပ်ဆင် အင်အား{(၁၀.၂ မဂ္ဂါဝပ်) x (၂)လုံး+ (၅ မဂ္ဂါဝပ်) x (၂)လုံး } = (၃၀.၄ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၁၃၄.၄)သန်း၊ လုပ်ငန်းတစ်ခုလုံး၏ ပြီးစီးမှု (၃၃.၅၆၁%) ဖြစ်ပါ သည်၊

(၂၁) **ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် (၂၀)မိုင်အကွာတွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၁၃၀မဂ္ဂါဝပ်)x(၄)လုံး}=(၅၂၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ(၂၈၁၄) သန်း၊ အကြိုတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ သည်၊


(၂၂) **အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၏အရှေ့ဘက်(၁၉၅)မိုင်ခန့်အကွာတွင် တည်ရှိပြီး စက်တပ်ဆင် အင်အား {(၇၁၁မဂ္ဂါဝပ်) x (၁၀)လုံး} = (၇၁၁၀မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ(၃၅၄၄၆)သန်း၊ စူးစမ်းတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ဆောက်လုပ်မှုကဏ္ဍ


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း**များအရ ကျပ် ၂,၂၅၉,၂၄၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၉.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ဆောက်လုပ်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**များဖြင့် ကျပ် ၂,၆၁၇,၉၇၆.၇ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၁၅.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလ ထက် ၁၇.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ အကောင်အထည် ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) **လမ်း၊ တံတားဦးစီးဌာန** ၏ **နယ်စပ်ဖွံ့ဖြိုးရေးလမ်း**များအနေဖြင့် ကယားပြည်နယ်တွင် ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်းလမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျိုင်းတုံ-မိုင်းမ-မိုင်းလားလမ်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သီပေါ-မန်စံ-နမ္မတူလမ်းတို့ကို ဖောက်လုပ်လျက်ရှိပါသည်၊

**လမ်းတံတား(အထူး)** သတ်မှတ်လုပ်ငန်းများအနေဖြင့် ကချင်ပြည်နယ်တွင် မိုးကောင်း-ပါဟုတ်-ကာမိုင်းလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ ကရင်ပြည်နယ်တွင် သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရန်ကုန်-မန္တလေး-အမြန်လမ်း၊ မကွေးတိုင်းဒေသကြီးတွင် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မွန်ပြည်နယ်တွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တာလေ-ပါသျှိုး-ကျိုင်းလပ်-တာချီလိတ်လမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကြိမ်ပင်ဆည်-စက္ကော့-ဓနုဖြူ-ဇလွန်လမ်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရန်ကုန်-မန္တလေး အမြန်လမ်း တို့ကို ဖောက်လုပ်လျက်ရှိပါသည်၊

**လမ်းတံတား(ယေဘုယျ)** သတ်မှတ်လုပ်ငန်းများအနေဖြင့် ကချင်ပြည်နယ်တွင် မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်း၊ ကရင်ပြည်နယ်တွင် ထီလုံ-တာပေါင်-ပတ-နဘူး-တံတားကျိုး (ကော့ကရိတ်လမ်း)၊ ကော့ကရိတ် - ကုဒုံ- အဖွန်း - လံဖား - ကျိုက်ဒုံ-အဇင်းလမ်း၊ ချင်းပြည်နယ်တွင် ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါးမတူပီလမ်း၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ပဲခူး- သနပ္ပင်- ခရမ်း- သုံးခွ- သန်လျင်လမ်း၊ ရှမ်းပြည်နယ်တွင် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း၊ လွိုင်လင်-ပန်ကေတု-သီပေါ လမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် မအူပင်- ရေလဲကလေး- ရွှေတောင်မှော်-ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် မွန်းတည့်ခွင်-ကျည်တောင်- ခေါမ- နေပြည်တော်ပတ်လမ်း၊ တပ်ကုန်းမှ အမြန်လမ်းသို့ ဆက်သွယ်သော အမှတ်(၅)လမ်းတို့ကို ဖောက်လုပ်လျက်ရှိပါသည်၊

(ခ) **တံတား(အထူး)**စီမံကိန်းများအနေဖြင့် ကချင်ပြည်နယ်တွင် မူလာရှီဒီးတံတား၊ ဖုန်အင်ခတံတား၊ မချမ်းဘောတံတား၊ တဝမ်တံတား၊ ကယားပြည်နယ်တွင် ပွန်ချောင်းတံတား၊ သံလွင်တံတား(ဖားဆောင်း)၊ ကရင်ပြည်နယ်တွင် ယွန်းစလင်း ချောင်းတံတား၊ ဟောင်သရောတံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဝါးရဲချောင်း တံတား၊ ကိုးတန်တံတား၊ တနင်္သာရီတိုင်းဒေသကြီးတွင် ညောင်ပင်ကွင်းတံတား၊ ပုလောတံတား၊ ကလိန်အောင်တံတား၊ တံတားဖြူတံတား၊ ရေဖြူတံတား၊

ပိတောက်ငယ်တံတား၊ ပဲခူးတိုင်းဒေသကြီးတွင် စစ်တောင်းမြစ်ကူးတံတား(၃)၊ ထန်းပင်ကုန်းတံတား၊ မဒေါက်ကလေးတံတား၊ ဘောဂထာတံတား၊ မကွေးတိုင်းဒေသကြီးတွင် ဆောချောင်းတံတား၊ အမှတ်(၁)ပေါက်(အုန်းတော)တံတား၊ အမှတ်(၂)ပေါက်(ရေပြာ)တံတား၊ မန္တလေးတိုင်းဒေသကြီးတွင် ကိုင်းချောင်း တံတား၊ ချောင်းမချောင်းတံတား၊ ဆီမီးကန်ချောင်းတံတား၊ ရခိုင်ပြည်နယ်တွင် ဂယ်လောင်းတံတား၊ ဆင်ခုံတိုင်မြစ်ကူးတံတား၊ စွန်ရဲတံတား၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဘုရင့်နောင်တံတား၊ ရှမ်းပြည်နယ်တွင် နမ့်ပန်ချောင်း (မိုင်းရှူး) ကြိုးတံတား၊ ဘီလူးချောင်းတံတား(မိုးဗြဲ)၊ ဟိုခိုတံတား၊ ခိုလောင်းတံတား၊ မဲခေါင်မြစ်ကူးတံတား၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းတံတား၊ ဘိုကလေးမြစ်ကူးတံတား၊ သကံချောင်းတံတား၊ စက်ဆန်းချောင်းတံတား၊ ကျွဲခြံရေကျော်တံတားတို့ကို ဆောက်လုပ်လျက်ရှိပါသည်၊

**တံတား (ယေဘုယျ)** စီမံကိန်းများအနေဖြင့် ကချင်ပြည်နယ်တွင် မိုးစစ်ချောင်းတံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖားပန့်တံတား၊ ခြသေ့်ချောင်းတံတား၊ နန်ထိန်ကွင်းတံတား၊ ဒုဋ္ဌဝတီတံတား၊ ရွှေဥဒေါင်းတံတား၊ ရခိုင်ပြည်နယ်တွင် သဲတန်းတံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စံမတီးချောင်းတံတား၊ ရှမ်းပြည်နယ်တွင် နန့်မွေတံတား၊ မုံးစမ်းကြိုးတံတား၊ ဧရာဝတီတိုင်းဒေသကြီးတွင် လိပ်ချောင်းတံတား၊ ပြွန်ဝချောင်းတံတား၊ ပိုးလောင်းလေးတံတား၊ ရေဝန်းလေးတံတား၊ ဘင်္ဂလားကြီးတံတား၊ သုဋ္ဌေးကုန်းတံတား၊ နေပြည်တော်ကောင်စီနယ်မြေတွင် ပေါင်းလောင်းမြစ်ကူးတံတားတို့ကို ဆောက်လုပ်လျက်ရှိပါသည်၊

(ဂ) **မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ** ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)တွင် ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းနှင့် လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း (၂) တို့ကို ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်၊

(ဃ) သက်တမ်းလွန် ပြည်သူ့အိမ်ရာများအနက် ရန်ကုန်တိုင်းဒေသကြီးတွင် ဗိုလ်တထောင်မြို့နယ် (၅၁) လမ်းအိမ်ရာစခန်း၊ ဗဟန်းမြို့နယ် လင့်လမ်း (ရွှေဂုံတိုင်) အိမ်ရာစခန်းနှင့် မန္တလေးတိုင်းဒေသကြီး စိတ္တရမဟီအိမ်ရာစခန်းတို့ကို ခေတ်မီဖွံ့ဖြိုးရေးအိမ်ရာအဖြစ် ပြန်လည်ဆောက်လုပ်ရန် ဆောင်ရွက်လျက် ရှိပါသည်၊

(င) ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် "ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်"အနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ခဲ့သော ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ ရောင်းချသော တိုက်ခန်းများကို ဝယ်ယူခွင့် ရရှိသူများအား ဝယ်ငှား (Hire Purchase) စနစ်ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှ စ၍ ရောင်းချ ပေးလျက်ရှိပါသည်၊

(စ) မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့များ၏ **မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း**ရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်း လူမှုရေး၊ စီးပွားရေး အချက်အချာကျသည့် မြို့ပေါင်း (၅၆)မြို့ကို ဆောင်ရွက်ရန်စီမံထားသည့်အနက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ပြစီမံကိန်းရေးဆွဲပြီးမြို့ (၃၄)မြို့၊ ဆောင်ရွက်ဆဲ (၂) မြို့နှင့် ကျန်ရှိသည့် မြို့ပေါင်း (၂၀) အနက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ကော့သောင်းမြို့ မြို့ပြစီမံကိန်းလုပ်ငန်းများ၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြို့ တန်ဖိုးနည်းအိမ်ရာစီမံကိန်း အဆောက်အဦပန္နက်ရိုက်ခြင်း၊ လမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး၊ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာမြို့များ၏ စက်မှုဇုန် စီမံကိန်းလုပ်ငန်းများ၊ မိုးကုတ်နှင့် ပြင်ဦးလွင်မြို့များ၏ မြို့ပြ စီမံကိန်းများ၊ ရခိုင်ပြည်နယ် ကျောက်ဖြူ မြို့ပြစီမံကိန်း၊ ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့၊ မြောက်ဦးမြို့၊ သံတွဲမြို့စသည့်မြို့များ၏ မြို့ပြစီမံကိန်းလုပ်ငန်းများ၊ ရှမ်းပြည်နယ်တွင် တောင်ကြီးမြို့နှင့် ကလောမြို့ပြစီမံကိန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟသ်ာတ မြို့ပြစီမံကိန်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်၊

(ဆ) စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးလျက်ရှိပြီး ဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရေးဌာနမှ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်၊

(ဇ) နိုင်ငံတစ်ဝန်း မြို့ပြလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် United Nations Human Settlements Program (UN-Habitat)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ KOICA (Korea)၊ Ministry of Land, Infrastructure, Tourism and Transport (MLIT) and JICA စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်၊

(ဈ) **ကချင်ပြည်နယ်တွင်** ရေဝိ ရေလွှဲဆည်ဆောက်လုပ်ခြင်း၊ **ကယားပြည်နယ်တွင်** မယ်စဲ့စီးပွားရေးဘဏ်၊ စာကြည့်တိုက်များ၊ ရုံးနှင့်ဝန်ထမ်းအိမ်ရာများ၊ ကရင်

ပြည်နယ်တွင် ဝန်ထမ်းအိမ်ရာများ၊ ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျန်းမာရေး ဌာနခွဲများ တိုးချဲ့ဆောက်လုပ်ခြင်း၊ **ချင်းပြည်နယ်တွင်** ဌာနဆိုင်ရာ ဝန်ထမ်း အိမ်ရာများ၊ စာကြည့်တိုက်များ၊ **စစ်ကိုင်းတိုင်းဒေသကြီးတွင်** ရာဇဂြိုလ်ဆည်၊ မဏိပူရဆည်၊ ပေါင်းနက်ရေလွှဲဆည်၊ ကုန်းကြီးရေလွှဲဆည် တည်ဆောက်ခြင်း၊ **တနင်္သာရီတိုင်းဒေသကြီးတွင်** ရုပ်သံထပ်ဆင့်လွှင့်စက်တပ်ဆင်ခြင်း၊ **ပဲခူးတိုင်း ဒေသကြီးတွင်** တယ်လီနော၊ အော်ရီဒူးတာဝါတိုင်များ၊ ဘော်ဒါဆောင်နှင့် ပုဂ္ဂလိကဘဏ်များ ဆောက်လုပ်ခြင်း၊ **မကွေးတိုင်းဒေသကြီးတွင်** အမှတ်(၃၁) သရက်ဘိလပ်မြေစက်ရုံ ပြုပြင်မွမ်းမံခြင်း၊ မြိုင် Auto Mobile Mold & Die Manufacturing စက်ရုံ ပြုပြင်ခြင်း၊ **မန္တလေးတိုင်းဒေသကြီးတွင်** မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ၊ ဆီမီးခုံဆိပ်ကမ်းနှင့် ဆိပ်ကမ်းပတ်လမ်း၊ မြို့သာ စက်မှု ဥယျာဉ်၊ ထီးတော်မိုးလျှပ်စစ်မြစ်ရေတင်တည်ဆောက်ခြင်း၊ **မွန်ပြည်နယ်တွင်** ဆင်ရှာပဒုမ္မာတန်ဖိုးမြှင့်ရာဘာစက်ရုံ၊ ကမ္ဘာ့ရတနာဘဏ်၊ ထောင်ဖု စာကြည့် တိုက်၊ ကျုံကဒတ်ဆေးရုံ၊ သဲချောင်းတိုက်နယ်ဆေးရုံ၊ ချောင်းနှစ်ခွ တိုက်နယ် ဆေးရုံတည်ဆောက်ခြင်း၊ ကျိုက်ထိုမြို့နယ်တွင် တည်းခိုဆောင် ဆောက်လုပ်ခြင်း၊ **ရခိုင်ပြည်နယ်တွင်** စစ်တွေမြို့၌ မန်မိုရီဟိုတယ်၊ ကျောက်ဖြူမြို့၌ ဗာရာဏသီ ဟိုတယ်တည်ဆောက်ခြင်း၊ **ရန်ကုန်တိုင်းဒေသကြီးတွင်** မြေနီကုန်းခုံးကျော် တံတား၊ ကမ္ဘာအေးလူကူးခုံးကျော်တံတား၊ ဘုရင့်နောင်တံတားအမှတ်(၂)၊ ပန်းဆိုးတန်းလူကူးခုံးကျော်တံတား၊ အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့ ခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ၊ နယ်စပ်ရေးရာဌာန သိုလှောင်ရုံ ဆောက်လုပ်ခြင်း၊ ဆေးတက္ကသိုလ်(၂) အကြီးစား ပြုပြင်ခြင်း၊ ကူးစက်ဆေးရုံ၊ စိတ်ကျန်းမာရေးဆေးရုံ တည်ဆောက်ခြင်း၊ SHANGALA ဟိုတယ်၊ မိုးကုတ် အင်းဟိုတယ်၊ ဗိုလ်ဗိုလ်မင်းဟိုတယ်၊ ဂရင်းမီးရထားဟိုတယ်၊ FMI ဟိုတယ်၊ ဗီယက်နမ်ဟိုတယ်တည်ဆောက်ခြင်း၊ ကွန်တိန်နာရပ်နားစခန်း ဆောက်လုပ်ခြင်း၊ Crown Roffing (Space) အိမ်ရာစီမံကိန်း၊ ရွှေမိုးကောင်း ကွန်ဒို၊ ရန်ရှင်း ကွန်ဒိုမီနီယံ(၂)ထပ်၊ Golden City Sedona (၂၉)ထပ်၊ Myint & Associate Business Tower (၁၇) ထပ်၊ 555 Merchant Business Center၊ ကုန်သွယ်လယ်ယာရုံးဟောင်း Business Tower၊ Center Point Business Tower (၂၂)ထပ် ဆောက်လုပ်ခြင်း၊ တိုယိုတာဂျပန်ကားကုမ္ပဏီမှ မော်တော်ကား အလုပ်ရုံနှင့် ပိုကာအချိုရည်စက်ရုံ တည်ဆောက်ခြင်း၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)**

**တွင်** ရုံးများ၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ ညောင်ရွှေမြို့၌ ဟိုတယ်ဇုန် ဆောက်လုပ်ခြင်း၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်** ဌာနဆိုင်ရာရုံးနှင့် ဝန်ထမ်း အိမ်ရာများ၊ မြန်မာ့စီးပွားရေးဘဏ် ဆောက်လုပ်ခြင်း၊ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင်** ရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ တာချီလိတ်မြို့ ပါဆတ် ကားလေးကွင်း၊ ဝမ်ကောင်းမြို့မဈေး တည်ဆောက်ခြင်း၊ တာချီလိတ်ခရိုင် အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် မီနီမားကက် တည်ဆောက်ခြင်း၊ **ဧရာဝတီတိုင်း ဒေသကြီးတွင်** (၁၆) ကုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်များ တည်ဆောက်ခြင်း၊ ယူနိုက်တက်ဧရာဝတီကုမ္ပဏီမှ ပုဂ္ဂလိကဆေးရုံနှင့် Shopping Mall တည်ဆောက်ခြင်း၊ ညောင်တုန်းမြို့နယ်တွင် Good Brother Co. မှ ဆန်စက် တည်ဆောက်ခြင်း၊ Bloss Wealth၊ Snow White၊ Kido Sakura အထည်ချုပ် စက်ရုံများဆောက်လုပ်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်များ၊ ပြည့်ဝခိုင်မာ အဝေးပြေးကားဝင်း၊ ကားဂိတ်များတည်ဆောက်ခြင်း၊ **နေပြည်တော်ကောင်စီ နယ်မြေတွင်** သံဃာ့ဆေးရုံတည်ဆောက်ခြင်း၊ ဟိုတယ်၊ ကျောက်မျက်အရောင်းထည် အလုပ်ရုံများ၊ ကားအရောင်းပြခန်း ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။


## ပို့ဆောင်ရေးကဏ္ဍ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆)လပတ်တွင် **နှစ်အလိုက်စျေးနှုန်း**များအရ ကျပ် ၄,၀၉၇,၁၁၅.၈သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်စျေးနှုန်း**များအရ ၆.၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ပို့ဆောင်ရေးကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၅-၂၁) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်စျေးနှုန်း)




ပုံ(၅-၂၂) တိုးတက်မှုနှုန်း

(ပုံမှန်စျေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်စျေးနှုန်း**များဖြင့် ကျပ် ၄,၂၆၀,၇၈၃.၀ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၁၀၁.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်စျေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၆.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် အမြန်လမ်းများ၊ အဝေးပြေးလမ်းများ၊ ခရိုင်၊ မြို့နယ်နှင့်ကျေးရွာချင်းဆက်လမ်းများ ချောမွေ့လာခြင်းကြောင့် ပုဂ္ဂလိကအဝေးပြေးကားလိုင်းများ၊ အဆင့်မြင့်မော်တော်ယာဉ်လိုင်းသစ်များ၊ အငှားယာဉ်များ စီးရေတိုးချဲ့ပြေးဆွဲလာခြင်း၊ ပုဂ္ဂလိကလေကြောင်းလိုင်းနှင့် လေယာဉ်သစ်များ တိုးတက်လာခြင်း၊ နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းဝန်ဆောင်မှု ပိုမိုလာခြင်း၊ ပြည်တွင်းနှင့် နိုင်ငံခြားသားခရီးသွားဦးရေ တိုးတက်လာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ ရည်မှန်းချက်အပေါ် ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် ဖော်ပြပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ ၂၇.၄ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ဒုတိယ(၆)လပတ်တွင် ၇.၄ သန်း ပို့ဆောင်ပေးနိုင်သဖြင့် ၂၇.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် ၁,၁၆၀.၁ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၂၅၅.၉ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၂၂.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

(ခ) မြန်မာ့မီးရထားသည် ခရီးသည်ဦးရေ ၆၁.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၂၃.၂ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၈.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် ၂,၇၀၀.၀သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၁,၀၁၃.၈ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၇.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ ၁၃.၆ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၆.၁ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၄၄.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် ၁၆၀.၃ သန်း ပို့ဆောင်ပေးရန် ရည်မှန်းခဲ့ရာ ၄၇.၅သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၂၉.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

(ဃ) မြန်မာအမျိုးသားလေကြောင်းသည် ခရီးသည်ဦးရေ ၀.၄၆ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၂၈ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၆၀.၉ ရာခိုင်နှုန်း နှင့် ခရီးသည်မိုင် ၁၃၈.၀ သန်း ပို့ဆောင်ပေးရန်ရည်မှန်းခဲ့ရာ ၈၂.၆ သန်း ပို့ဆောင်ပေးနိုင်သဖြင့် ၅၉.၆ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။

(င) ကုန်းလမ်းပို့ဆောင်ရေးသည် ကုန်တန်ချိန်၂.၁သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၁.၀သန်း ပို့ဆောင်ပေးနိုင်သဖြင့် ၄၇.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် ၂၆၈.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၁၃၃.၄ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၄၉.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(စ) မြန်မာ့မီးရထားသည် ကုန်တန်ချိန် ၃.၁ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၁.၂ သန်း ပို့ဆောင်ပေးနိုင်သဖြင့် ၃၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါ

သည်။ ကုန်တန်မိုင် ၇၀၀.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၂၅၆.၃ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၆.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

(ဆ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကုန်တန်ချိန် ၂.၁ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၉ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၄၂.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် ၃၈၇.၉သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၁၂၇.၄ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၂.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ဇ) မြန်မာအမျိုးသားလေကြောင်းသည် ကုန်တန်ချိန် ၀.၀၀၁သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၀၀၁ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၁၀၀.၀ ရာခိုင်နှုန်း၊ ကုန်တန်မိုင် ၀.၃၇ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၃၃ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၈၉.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ကမ်းရိုးတန်းသွား ပုဂ္ဂလိကပိုင်ရေယာဉ် ၉ စင်း ကို တိုင်းတာ စစ်ဆေး၍ မှတ်ပုံတင်ပေးခြင်း၊ နိုင်ငံခြားနှင့်ကမ်းရိုးတန်းသွားရေယာဉ် ၁,၀၀၂စီး ကို အသက်ကယ်ပစ္စည်း ကိရိယာများစစ်ဆေး၍ သက်သေခံလက်မှတ်ထုတ်ပေးခြင်း၊ ၃,၉၀၇ စီးအား အန္တရာယ် လုံခြုံမှု ဆိုင်ရာလက်မှတ်များစစ်ဆေးပြီး ရေယာဉ်ထွက်ခွာခွင့် လက်မှတ်များထုတ်ပေးခြင်း၊ ပုဂ္ဂလိကပိုင် ရေယာဉ် ၇ စီး နှင့် အစိုးရအဖွဲ့အစည်းပိုင် ရေယာဉ် ၁၀ စီးကို ဆက်သွယ်ရေး ကိရိယာများ စစ်ဆေး၍ သက်သေခံ လက်မှတ်ထုတ်ပေးခြင်း၊ ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသော ခရီးသည်တင် သင်္ဘောများအား စစ်ဆေးပြီး B Certificate ၁၁ ကြိမ် ထုတ်ပေးခဲ့ခြင်း၊ ပြည်တွင်းရေကြောင်း သွား စက်တပ်ရေယာဉ်သစ် ၁၂၅ စီး တည်ဆောက်ခွင့် လျှောက်လွှာများကို စိစစ်ခွင့်ပြုခြင်း၊ စက်တပ်ရေယာဉ်သစ် ၈၄၈ စီးကို နှစ်ပတ်လည် စစ်ဆေးခဲ့ပြီး လိုင်စင်ထုတ်ပေးခြင်း၊ နိုင်ငံခြား သင်္ဘောများတွင် အမှုထမ်းဆောင်ရန် သင်္ဘောသား ၁၃,၉၁၆ ဦးအား စေလွှတ်ပေးခြင်း၊ နိုင်ငံခြား သင်္ဘောသားများထံမှ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၀၅၂ သန်း ကောက်ခံခြင်း၊ မိမိနိုင်ငံ အတွင်း ယူဆောင်ငွေ အမေရိကန်ဒေါ်လာ ၀.၀၈၉ သန်း နှင့် မြန်မာငွေ ကျပ် ၉၁.၀၅၇ သန်းကို စိစစ် ထောက်ခံခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်အတွင်းဆောင်ရွက်ဆဲလုပ်ငန်းများအတွက် ကျပ် ၁,၆၈၂.၂၁၉ သန်း၊ လုပ်ငန်းသစ်များအတွက် ကျပ် ၁၃၀.၈၈၅ သန်း သုံးစွဲခဲ့ပါသည်။ ထို့အပြင် သီးသန့် ရန်ပုံငွေ

စရိတ်ဖြင့် စုစုပေါင်းလုပ်ငန်း(၈)ခုအတွက် ကျပ် ၂,၃၀၂.၆၁၆ သန်းကို သုံးစွဲဆောင်ရွက်ခဲ့ ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပန်းဆိုးတန်း-ဒလ၊ ဝါးတန်း-ဒလ၊ ရန်ကုန်-မော်ကျွန်း အပျော်စီး ပြည်တွင်းငှားသင်္ဘောများ၊ မန္တလေး-ညောင်ဦး၊ မန္တလေး-ဗန်းမော်၊ မုံရွာ-ကလေးဝ အမြန်သင်္ဘောများ၊ မန္တလေး-ဗန်းမော် အထူးအမြန်သင်္ဘောများ၊ မော်လမြိုင်-ကလို့၊ မော်လမြိုင်-နတ်မှော်၊ စစ်တွေ-မြောက်ဦး၊ စစ်တွေ-တောင်ကုတ် သင်္ဘောများဖြင့် ကမ္ဘာလှည့်ခရီးသည် ၆၇,၂၁၅ ဦး ပို့ဆောင်ပေးနိုင်ခဲ့ရာ ခရီးသည်ခ နှင့် ရေယာဉ်ငှားရမ်းခများ ကျပ် ၆၂၈.၅၉၈ သန်း (အမေရိကန်ဒေါ်လာ ၀.၆၃၁သန်း) ရရှိခဲ့ပါ သည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း လေယာဉ်ပျံသန်းဆင်းသက်မှုထိန်းသိမ်းခြင်း ၃၁,၅၅၉ ကြိမ်၊ မြန်မာနိုင်ငံနယ်နိမိတ်အပေါ် ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်များထိန်းသိမ်းခြင်း ၁၇၈,၅၁၉ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့် နောင်မွန်းလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကလေးမြို့လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ လွိုင်ကော်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ သံတွဲလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကိုကိုးကျွန်းလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ မိုင်းဆတ် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ JAC ဝန်ထမ်းအိမ်ရာများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများအတွက် စုစုပေါင်းကျပ်၆၂၈၉.၇၆၉သန်း၊ လုပ်ငန်းသစ်များဖြစ်သည့် ပူတာအိုလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ မြစ်ကြီးနားလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဟုမ္မလင်းလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကလေးမြို့လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဟဲဟိုးလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ တာချီလိတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ သံတွဲလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ မြိတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ စစ်တွေလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကိုကိုးကျွန်းလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း (လျော်ကြေးပေးချေခြင်း)၊ လေယာဉ်ကွင်းများ အရေးပေါ်မွမ်းမံခြင်းလုပ်ငန်း၊ လေကြောင်းပညာသိပ္ပံဖွံ့ဖြိုးရေးလုပ်ငန်း၊ အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ စက်တပ်ဆင်ရန် အဆောက်အဦနှင့် ဆက်စပ်လုပ်ငန်းများအတွက် စုစုပေါင်း ကျပ် ၈,၀၃၃.၀၉၅ သန်း သုံးစွဲ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပျံသန်းချိန်နာရီစွမ်းဆောင်မှုနှုန်းများမှာ ATR-42 လေယာဉ် ၁ စီးဖြင့် ၉၈ ရာခိုင်နှုန်း၊ ATR-72 လေယာဉ် ၃စီးဖြင့် ၁၀၉ ရာခိုင်နှုန်း၊ B 1900 (D) လေယာဉ် ၂ စီးဖြင့် ၁၃၅ ရာခိုင်နှုန်း၊ EMBRAER လေယာဉ် ၂ စီးဖြင့် ၁၀၇ ရာခိုင်နှုန်း၊ CARAVAN လေယာဉ် ၂ စီးဖြင့် ၁၀၆.၃၆

ရာခိုင်နှုန်း၊ စုစုပေါင်းလေယာဉ် ၁၀ စီးဖြင့် ၁၀၉.၅၂၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ လေယာဉ် ပုံမှန်ခရီးစဉ် ခေါက်ရေ ၁,၇၃၁ နှင့် စင်းလုံးငှား ခရီးစဉ် ခေါက်ရေ ၅၉၂ စုစုပေါင်း ခေါက်ရေ ၂,၃၂၃ ပျံသန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း မိုးလေဝသစခန်း ၆၄ ခုမှ ၅၃,၆၉၀ ကြိမ်၊ ဇလဗေဒစခန်း ၃၀ ခုမှ ၁၆,၃၈၀ ကြိမ်၊ မိုးလေဝသနှင့် ဇလဗေဒ(မိုး)စခန်း ၄၂ ခုနှင့် (ဇလ)စခန်း ၄၂ ခုတို့မှ ၅၈,၂၄၀ ကြိမ်၊ စိုက်ပျိုးရေးမိုးလေဝသစခန်း ၁၈ ခု မှ ၁၅,၄၇၀ ကြိမ်၊ လေကြောင်းမိုးလေဝသစခန်း ၁၅ ခုမှ ၁၈,၀၉၀ ကြိမ်၊ မြေငလျင်တိုင်းတာရေး စခန်း ၁၄ ခုတို့မှ ၂၉ ကြိမ် တိုင်းထွာချက်များ ဆောင်ရွက်ခဲ့ပါသည်။ ပုံမှန်ခန့်မှန်းချက်များကို သက်ဆိုင်ရာအဖွဲ့ အစည်းများသို့ ၂,၁၆၉ ကြိမ် ထုတ်ပြန်ပေးခဲ့ပါသည်။ လစဉ် ပထမ ၁၀ ရက်ပတ်၊ ဒုတိယ ၁၀ ရက်ပတ်၊ တတိယ ၁၀ ရက်ပတ် တို့အတွက် ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်ရေ အခြေအနေများ ကို ထုတ်ပြန်ပေးခဲ့ရာ ရေနည်းမည့်သတိပေးချက် ၇ ကြိမ်၊ မြစ်ရေကြီးမှု အခြေအနေသတင်း ၄ ကြိမ်၊ ရေနည်းမည့်အခြေအနေ သတင်း ၃ ကြိမ်၊ မြစ်ရေကြီးခြင်းသတိပေးချက် ၂ ကြိမ်ကို ထုတ်ပြန်ပေးခဲ့ပါသည်။ ပြည်တွင်းသယ်ပို့စခန်း ၅၀ အနက် အက်(စ်)အက်(စ်)ဘီ တပ်ဆင်ထား သော စခန်း ၄၇ ခုမှ အချိန်မီ ပေးပို့သည့် မိုးလေဝသ သတင်း ၃၅,၁၂၆ ကြိမ် ရရှိခဲ့ပါ သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း အင်အားအနည်းငယ်ရှိသော ငလျင် ၁၈ ကြိမ်၊ အသင့်အတင့်ရှိသော ငလျင် ၉ ကြိမ် နှင့် ပြင်းထန်သော ငလျင် ၃ ကြိမ် ကို မှတ်တမ်းတင် နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသည် လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ငန်းများကို ၂,၅၁၄ ကြိမ် ယာဉ်စီးရေ ၆၄,၉၄၉ စီးကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး၊ လုပ်ငန်း လိုင်စင် ဆိုင်ရာစာရင်းနှင့် ညီညွတ်မှုရှိ/မရှိ ၅,၃၆၀ ကြိမ်၊ ယာဉ်စီးရေ ၁၃၁,၇၈၄ စီး စစ်ဆေး ဆောင်ရွက် နိုင်ခဲ့ပါသည်။ မူလယာဉ်စီးရေအပေါ် သက်တမ်းပြတ်ယာဉ်စီးရေ ရာခိုင်နှုန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် နှိုင်းယှဉ်ပါက မော်တော်ယာဉ် တွင် ၄.၄၃ ရာခိုင်နှုန်း မှ ၃.၆၄ ရာခိုင်နှုန်း၊ ထရော်လာဂျီတွင် ၂၁.၄၈ ရာခိုင်နှုန်းမှ ၁၄.၂၄ ရာခိုင်နှုန်း လျော့ချနိုင်ခဲ့ပြီး သုံးဘီးဆိုင်ကယ်တွင် ၃.၄၂ ရာခိုင်နှုန်းမှ ၄.၀၃ ရာခိုင် နှုန်း ပြောင်းလဲခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သည့် ယာဉ် ၃,၀၉၇ စီး၊ ပြည်ပမှ တင်သွင်း သည့် ယာဉ် ၃၆၅,၃၃၇ စီး ကို မှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်။ မှတ်ပုံတင်သက်တမ်း ကြာမြင့်ယာဉ်

များ ဖျက်သိမ်းအပ်နှံခြင်းကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှ စ၍ မှတ်ပုံတင်ရုံးများ အားလုံးတွင် လက်ခံ ဆောင်ရွက်ပေးခဲ့ ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အတွင်း ယာဉ်မောင်းလိုင်စင်လုပ်ငန်းပေါင်း ၁,၄၅၆,၃၅၉ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကယာဉ်မောင်း သင်တန်းကျောင်းများအတွက် စည်းကမ်းချက်များအား လက်ရှိအခြေအနေနှင့် ကိုက်ညီစေရန် ထပ်မံဖြည့်စွက်ခဲ့ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ကွန်ပျူတာစနစ်ဖြင့် ပြောင်းလဲဖြေဆိုခြင်း၊ အော်တိုဂီယာ မောင်းနှင်အသုံးပြုမှု အမေးအဖြေကဏ္ဍ ဆောင်းပါးဖြန့်ဝေခြင်း၊ လက်တွေ့ယာဉ်မောင်း စစ်ဆေးရာတွင် Bus ယာဉ်ဖြင့် စစ်ဆေးလက်မှတ်ထုတ်ပေးခြင်း၊ "ဃ" "င" ယာဉ်မောင်း လိုင်စင်လျှောက်ထားသူများအား Simulator အသုံးပြု စစ်ဆေးခြင်း၊ ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် ၂၅ ရုံးအား ညွှန်ကြားခြင်းများ ဆောင်ရွက်ခဲ့ပါ သည်။

၂၀၁၄-၂၀၁၅ ဒုတိယ(၆)လပတ် အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အတွက် ၆၇၈ ကြိမ် ကွင်းဆင်း အရေးယူခဲ့ခြင်း၊ ရွာသာကြီးယာဉ်မောင်းသင်တန်းကျောင်းတွင် သင်တန်း ၆ ကြိမ် ဖွင့်လှစ်ခဲ့ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရက်တို မွမ်းမံ သင်တန်းများကို သင်တန်းသား ၁၇၀,၃၃၇ ဦးအား ပို့ချပေးနိုင်ခဲ့ခြင်း၊ ပညာပေး ဟောပြော ပို့ချမှု ၉၆၃ ကြိမ်ပြုလုပ်ခြင်း နှင့် အဝေးပြေးလမ်းမကြီးပေါ်တွင် ပြေးဆွဲနေသည့် ခရီးသည်တင် ယာဉ် ၂၈,၇၂၇ စီးကို စစ်ဆေး၍ ၇,၆၈၆ စီးကို အရေးယူခဲ့ခြင်း တို့ကို ဆောင်ရွက် ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ်အတွင်းမြန်မာ့မီးရထား၏ လမ်းပိုင်း အသီးသီး၌ စုစုပေါင်း လူစီးရထား ၄၂၃ စင်းနှင့် ကုန်ရထား ၂၄ စင်းတို့ကို ပြေးဆွဲလျက်ရှိရာ တစ်လ ပျမ်းမျှ အချိန်မှန်ကန်မှုမှာ အမြန်ရထား ၅၈ ရာခိုင်နှုန်း၊ စာပို့ရထား ၇၉ ရာခိုင်နှုန်း၊ လူစီး ကုန်တင်ရထား ၆၉ ရာခိုင်နှုန်းနှင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ၉၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကာလအတွင်း အထက်တန်းလူစီးတွဲသစ် ၁၅ တွဲနှင့် ရိုးရိုးတွဲ ၁၅ တွဲ၊ ကုန်ဘရိတ်တွဲ ၁၀တွဲ တည်ဆောက်ပြီး ဘိုဂီအသစ်အလုံး ၃၀ ထုတ်လုပ်ခဲ့ပါသည်။ ဒီဇယ်၊ လျှပ်စစ်စက်ခေါင်းများ တွင် အသုံးပြုသည့် ထရက်ရှင်မော်တာ ၁၁၂ လုံး ပြုပြင် ပြီးစီးခဲ့ပါသည်။ စက်ခေါင်းအရန်ပစ္စည်း၂၆၄ မျိုး ၄၉,၄၇၃ ခု ၊ တွဲအရန်ပစ္စည်း ၁၂၉ မျိုး၊ ၆၃,၇၃၇ ခု တို့ကို သက်သာသည့်တန်ဖိုးဖြင့် ပြည်တွင်းတွင် တီထွင်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဒီဇယ်စက်ခေါင်း ၁၆ လုံးကို အကြီးတန်း ပြင်ဆင်ခြင်း၊ လုံးရေ ၂၀ ကို အလတ်တန်း မွမ်းမံခြင်း၊ ၁၀၆ လုံးကို အလတ်တန်း ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူစီးတွဲ အကြီးတန်း ၂၄၂ တွဲ၊ အလတ်တန်း (မပြောက်) ၂၀၉ တွဲ၊ ကုန်တွဲအကြီးတန်း ၄၉၉ တွဲ၊ အလတ်တန်း (မပြောက်) ၆၅၇ တွဲ ပြင်ဆင်ပေးနိုင်ခဲ့ပါသည်။သံလမ်း ၆၅၈.၄၆ မိုင်၊ တံတား ၃၄ စင်း၊ အဆောက်အဦအလုံး

၁၆၀ ၊ ဘူတာရုံနှင့် နေအိမ်ရေပေးရေးလုပ်ငန်း ၉ ခု၊ စက်ကိရိယာ ခုရေ ၁၁၀ ပြုပြင် ထိန်းသိမ်းခြင်း၊သစ်သားဇလီဖား ၅၆,၂၃၃ တုံး၊ ကွန်ကရစ်ဇလီဖား ၂၈၀,၅၁၂ တုံး လဲလှယ်ခြင်း၊ လမ်းခင်းကျောက် ၆၃,၃၆၈.၁၈ ကျင်း ဖြည့်တင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကာလတွင် အိန္ဒိယသမ္မတနိုင်ငံချေးငွေဖြင့် ဘူတာများတွင် အချက်ပြနှင့် ဆက်သွယ်ရေးစနစ် အဆင့်မြှင့်တင်နိုင်ရန် ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်-

(က) လေးဒေါင့်ကန်မှ ဘုရားသုံးဆူအထိ ဘူတာ ၆ ဘူတာအတွက် Solid State Interlocking အချက်ပြစနစ် တပ်ဆင်ခြင်း၊ ကွန်ပျူတာကွန်ထရိုးစနစ်သုံးမည့် မီးရောင်ပြောင်းအချက်ပြစနစ် ပစ္စည်းများ ဝယ်ယူခြင်းနှင့် Block Proving with Axle Counter အချက်ပြစနစ်များ တပ်ဆင်ခြင်း

(ခ) ဘူတာအချင်းချင်းဆက်သွယ်ရန်အတွက် ရန်ကုန်-မန္တလေး လမ်းပိုင်းရှိ ဘူတာများတွင် EPABX Exchange များ တပ်ဆင်ကာ Cable Media အသုံးပြုသည့် Fibre Phone ကွန်ယက်ဖြင့် Block Phone များ တပ်ဆင် ဆက်သွယ် ခြင်းလုပ်ငန်း

(ဂ) Electronic Private Automatic Branch Exchange စက်ခလုတ်ခုံ (၈) ခုံ တပ်ဆင်ခြင်း

(ဃ) Optical Fibre Cable (OFC) သွယ်တန်းခြင်းနှင့် Transmission စက်များ တပ်ဆင်ခြင်း

(င) နေပြည်တော်ဘူတာကြီးတွင် ခေတ်မီသည့် Computer Based Interlocking (CBI) အချက်ပြစနစ် တပ်ဆင်ခြင်း

(စ) သာစည် ယာဒ်ဝင်း Shuting Neck တိုးချဲ့ခြင်းလုပ်ငန်း

(ဆ) မော်လမြိုင်-ရေး လမ်းပိုင်း အချက်ပြချို့ယွင်းမှုနှင့် အလံချိုး အုတ်ခုံပြင်ဆင်ခြင်း

(ဇ) မော်ဟန်-ဆားမှော် လမ်းပိုင်းနှင့် ထိုးပု-မြစ်ကြီးနား လမ်းပိုင်းတွင် Point နှင့် သော့အိမ်များ ပြုပြင်ခြင်း၊ အသစ်တပ်ဆင်ခြင်း

(ဈ) ရွှေကြက်ယက်ဘူတာ နှင့် နန်းမျှော်ဘူတာတို့တွင် သော့အိမ်ထိန်းချုပ်သည့် Simplex အချက်ပြစနစ်များ ပြောင်းလဲတပ်ဆင်ခြင်း

ရထားသံလမ်း ပြုပြင်ထိန်းသိမ်းရေး စက်ယန္တရား(၅) မျိုး ဝယ်ယူ အသုံးပြု ဆောင်ရွက်ခဲ့ပါသည်။ရထား ခုန်၊ ဆောင့် ၊ လူး ခြင်း လျော့နည်းစေရန် ရထားသံလမ်းတစ်မိုင်လျှင် (၂၂) ဆက်သို့ လျော့ချခြင်း နှင့် သံလမ်းဂဟေဆက်ခြင်းများကို ရန်ကုန်-မန္တလေး၊ ပဲခူး-မော်လမြိုင်နှင့်

ရန်ကုန်-ပြည်ရထားလမ်းပိုင်းများတွင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စက်မှုဝန်ကြီး ဌာန က ထုတ်လုပ်သည့် ဒီဇယ်အင်ဂျင်များကို မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ် စက်ခေါင်း များတွင် အစားထိုး တပ်ဆင်ပြီး Repower ပြုလုပ်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ခေါင်း (၃)လုံး ပြီးစီးခဲ့ပါသည်။

DF-2000HP Alstom စက်ခေါင်းများအား Repower ပြုလုပ်ရာတွင် MOI 16 V 170 (1500)rpm အင်ဂျင်ပြောင်းလဲသည့်အတွက် Engine Foundation frame နှင့် Alternator Stator Housing Flange များ တီထွင်အသုံးပြုခြင်း၊ 2000 HP ( Alstom, France) စက်ခေါင်းများတွင် မူလပါရှိသည့် စနစ်ချို့ယွင်းပါက ဆက်လက်လုပ်ဆောင်နိုင်ရန် Fixed Excitation System (ETS) ဖြင့် အရေးပေါ်စနစ် တီထွင်တပ်ဆင်ခြင်း၊ အရေးပေါ်ဘရိတ် ဖမ်းနိုင်ရန် Dead Man Control Unit အားစက်ခေါင်း (၇၅) ခုတွင် ပုံစံသစ် ဖြင့် တီထွင် တပ်ဆင်ခြင်း၊ လက်ရှိထုတ်လုပ်မှု မရှိတော့သည့် Air Compressor များအစား W 1.6 / 9 Air Compressor ကို Alstom စက်ခေါင်း (၅)လုံးတွင် နည်းလမ်းရှာဖွေ တီထွင်တပ်ဆင်ခြင်း၊ စက်ခေါင်း (၁၃)ခေါင်းတွင် Pre-Lubricating System တပ်ဆင်ခြင်း၊ Tour Train အဖြစ်ပြေးဆွဲနိုင်ရန် ရေနွေးငွေ့စက်ခေါင်း YC-629 ကို ပြုပြင်ခြင်း၊ စက်ခေါင်းချို့ယွင်းမှု ပြစ်ချက်ရှာရာတွင် လွယ်ကူစေရန် JZ-6 နှင့် JZ-7 Test Brake Valve တည်ဆောက်ခြင်း၊ ဂျာမနီနိုင်ငံထုတ် Krupp စက်ခေါင်းများရှိ Fine Regulating Valve with Thermostat မှာ ချို့ယွင်းမှုဖြစ်ပေါ်ခဲ့ရာ ပြည်တွင်းဈေးကွက်တွင်ရရှိသည့် Temperature State with Magnet Valve ဖြင့် စက်ခေါင်း(၇)ခုအား Modification ဖြင့်တီထွင် အစားထိုးခြင်းများပြုလုပ်၍ မီးရထားစက်ခေါင်းများအား စွမ်းအားမြှင့်တင် ဆောင်ရွက်ခဲ့ ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးသည် အာဆီယံထိပ်သီး အစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများ၊ ဗိုလ်ရှုခံအခမ်းအနား၊ ပြည်ထောင်စုနေ့ အခမ်းအနား၊ အမျိုးသား အားကစားပွဲတော်တို့တွင် ကံလှသကြားစက်ရုံနှင့်ကန့်ဘလူသကြားစက်ရုံ၊ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ မကွေးမြို့ရှိ တက္ကသိုလ်များမှ ကျောင်းသားများ၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ ပြည်ထဲရေး၊ ပြန်ကြားရေး နှင့် ပညာရေးဝန်ကြီးဌာနများ၏ လိုအပ်ချက်တောင်းခံလာမှုတို့အား မော်တော်ယာဉ်များဖြင့်ပို့ဆောင်ပေးခဲ့ ပါသည်။

ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မကွေး-အမ်း၊ ရန်ကုန်မှ မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာ၊ မအူပင်ခရီးစဉ်များ၊ နေပြည်တော်-မကွေး-ပွင့်ဖြူ၊ နေပြည်တော်မှ မန္တလေး၊ မော်လမြိုင်၊ သံဖြူဇရပ်ခရီးစဉ်များ ပြေးဆွဲပေးခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများအား အပတ်စဉ် သောကြာနေ့နှင့် တနင်္ဂနွေနေ့တိုင်းတွင် နေပြည်တော်-ရန်ကုန်-နေပြည်တော်ခရီးစဉ်များ ပြေးဆွဲ

ပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ကာလအတွင်း ခြေလျင်တောင်တက်ပစ္စည်းများအား ပခုက္ကူမြို့မှမင်းတပ်သို့၊ ဆီမီး ၉ ထောင် ဘုရားဖူးများအား ရန်ကုန်မှကျိုက်ထီးရိုးသို့ ပို့ဆောင်ပေး ခဲ့ပါသည်။

Forever Green Right Service Co,Ltd နှင့် ကုန်းလမ်းပို့ဆောင်ရေး အကျိုးတူပူးပေါင်း၍ Forever Green Road Transport Co,Ltd အဖြစ် JV ကုမ္ပဏီ တည်ထောင်ပြီး City Bus ၇၅ စီး၊ High Way Bus ၁၆ စီး၊ ယာဉ်ပြင်ဆင်ရေးအလုပ်ရုံ Bus Terminal များ ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် CNG သုံး City Bus ယာဉ် ၂၅ စီးဖြင့် ဒဂုံတက္ကသိုလ် - ဆူးလေ ခရီးစဉ်အား၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ပြေးဆွဲခဲ့ပါသည်။

စန်းရောင်နီကုမ္ပဏီလီမိတက်နှင့် ကုန်းလမ်းပို့ဆောင်ရေး အကျိုးတူ ပူးပေါင်း၍ စန်းရောင်နီ ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီ အဖြစ် JV ကုမ္ပဏီတည်ထောင်ပြီး City Bus ၇၇ စီး၊ အမောင်း သင်ယာဉ်စီးရေ ၈၀၊ စီးလုံးငှားယာဉ် ၄၅ စီး၊ ယာဉ်ပြင်ဆင်ရေးအလုပ်ရုံ Bus Terminal များ ဆောင်ရွက်နိုင်ရန် ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။ CNG City Bus ယာဉ် ၂၅ စီးဖြင့် မိုလ်တထောင် - ရန်ကုန်ဘူတာကြီး - အောင်မင်္ဂလာ အဝေးပြေးဂိတ် ယာဉ်လိုင်း ပြေးဆွဲရန် ပြင်ဆင် ဆောင်ရွက်နေ ပါသည်။

မြန်မာဒေဝူးလီမိတက်က ၅၅ ရာခိုင်နှုန်း ကုန်းလမ်းပို့ဆောင်ရေးက ၄၅ ရာခိုင်နှုန်းဖြင့် အကျိုးတူပူးပေါင်း၍ MDCM Co.,Ltd အဖြစ် JV ကုမ္ပဏီ တည်ဆောက် ဆောင်ရွက်နေပါသည်။ Sumhang Co., Ltd မှ စက်ယန္တရားငှားရမ်းခြင်းလုပ်ငန်းကို ကုန်းလမ်းပို့ဆောင်ရေးစခန်း (ဘုရင့်နောင်) ရှိ မြေ ၃.၅ ဧကၡ ဆောင်ရွက်နိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။

ကုန်စည်ပို့ဆောင်ရေးစခန်း(အင်းစိန်)ရှိ မြေ ၃.၂၅ ဧကတွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် စင်ကာပူ သမ္မတနိုင်ငံမှ CJ Korea Express Asia Pte. Ltd အကျိုးတူပူးပေါင်းကာ CJ Korea Express RT Myanmar Co., Ltd အဖြစ် JV ကုမ္ပဏီဖွဲ့စည်းပြီး ကုန်စည်သိုလှောင်ခြင်းနှင့် ပို့ဆောင်ခြင်းလုပ်ငန်းများဆိုင်ရာ မြေငှားစာချုပ်၊ ဖက်စပ်သဘောတူစာချုပ်၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတို့ကို ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဌာနပိုင်မြေနေရာ (၂၀) ခုတွင် သယ်ယူပို့ဆောင်ရေး နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူခဲ့ရာ မြေငှားရမ်းခ ကျပ် ၁၅၂၈.၁၃၂ သန်း၊ ပရီမီယံကြေး ကျပ် ၄၁၅၇.၀၀၀ သန်း၊ လုပ်ငန်းအာမခံကြေး ကျပ် ၂၂၅.၉၉၆ သန်း၊ ဝင်ငွေရရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဒုတိယ (၆)လပတ်အတွင်း Toyota ကုမ္ပဏီက Toyota COROLLA မော်တော်ယာဉ် (၄) စီးကို ကုန်းလမ်းပို့ဆောင်ရေးအား လှူဒါန်းခဲ့ပါသည်။


ပို့ဆောင်ရေးကဏ္ဍ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းနှင့် ရထားပို့ဆောင်ရေးကဏ္ဍအားလုံးပါဝင်သည့် အမျိုးသားပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပင်မ အစီအမံ (National Transport Development Master Plan)အပြီးသတ်မူကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူခဲ့ပြီး ဖြစ်ပါသည်။ အာဆီယံဘက်စုံပို့ဆောင်ရေး သဘောတူစာချုပ် (ASEAN Framework Agreement on Multimodal Transport) အရ အာဆီယံဒေသတွင်း ဘက်စုံပို့ဆောင်ရေးစနစ် အကောင်အထည်ဖော်ရန် နည်းဥပဒေကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၄၃/၂၀၁၄) ဖြင့် ထုတ်ပြန်နိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ**


၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ (၆) လပတ် တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၂၉၄,၂၆၇.၄ သန်း အကောင်အထည် ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၆၈.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် ဆက်သွယ်ရေးကဏ္ဍ**
**စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ**

ပုံ(၅-၂၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် (ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၆၉၆,၂၂၀.၅ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၂၃၆.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၅၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း (၁,၅၀၀ ကျပ်တန်) တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို နိုင်ငံအနှံ့သို့ လစဉ် တိုးချဲ့ တပ်ဆင်ပေးခဲ့သောကြောင့် ဆက်သွယ်ရေးကဏ္ဍ၏ အကောင်အထည် ဖော်နိုင်မှုမှာ ၂၃၆.၆ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ တယ်လီဖုန်း တပ်ဆင်မှု အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၅,၈၁၀,၃၀၀ ရည်မှန်းခဲ့ရာ ဒုတိယ (၆) လပတ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း နှင့် ပုဂ္ဂလိက အော်ပရေတာများမှတပ်ဆင်သော တယ်လီဖုန်းလုံးရေ စုစုပေါင်း ၁၄,၆၇၈,၉၅၅ လုံး ဖြစ်ပြီး ၂၅၂.၆ ရာခိုင်နှုန်း တပ်ဆင်နိုင်ခဲ့၍

သုံးစွဲခများလည်းတိုးလာပါသည်။ မိုဘိုင်းဖုန်းများ တိုးလာသည်နှင့်အမျှ အင်တာနက် သုံးစွဲမှု လည်း များလာ၍ တယ်လီဖုန်း ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန် အထိ မိုဘိုင်းဖုန်းများကို လစဉ် တိုးချဲ့တပ်ဆင် ဆောင်ရွက် ခဲ့ပါသဖြင့် ရည်မှန်းချက်အပေါ် ရာခိုင်နှုန်း ပြည့်မီကျော်လွန်စွာ အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(က) ယခုအခါတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၁.၉.၂၀၁၄ ရက်နေ့တွင် KDDI Summit Global Myanmar ကုမ္ပဏီ နှင့် Joint Operation အဖြစ် စတင် ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တင်ဒါအောင်မြင်ပြီးသည့် ပြည်ပကုမ္ပဏီများ ဖြစ်သော Telenor Myanmar Ltd. နှင့် Ooredoo Myanmar Ltd. တို့သည်လည်း ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ယှဉ်ပြိုင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် နိုင်ငံတော် ဘတ်ဂျက် သာမက ပြည်တွင်း/ပြည်ပမှ ချေးငွေနှင့် အကူအညီ အထောက်အပံ့များပါ ရယူ၍ စီမံကိန်း လုပ်ငန်းများကို ရည်မှန်းချက်များ ပြည့်မီစေရန် ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကာလအတွင်း နေပြည်တော်၊ ရန်ကုန် နှင့် မန္တလေးမြို့များမှ ဝိုင်းမော်မြို့၊ ရန်ကုန်-ညောင်ရွှေ၊ ရန်ကုန်- နတ်မောက်၊ မန္တလေး- ကျိုင်းတုံ နှင့် မန္တလေး- တာချီလိတ် အမြန်ချောပို့ ချောလမ်း (၇) လမ်း တိုးချဲ့ ပေးပို့နိုင်ခဲ့ပြီး အမြန်ငွေပို့လွှာ လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး မော်လူး၊ မြိုင်၊ မော်လိုက်နှင့် ကလေးဝ၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်၊ ပဲခူးတိုင်း ဒေသကြီး ဥသာမြို့သစ်နှင့် ရေနီ၊ ပေါင်းတလည်၊ မန္တလေးတိုင်းဒေသကြီး တံတားဦး၊ နွားထိုးကြီး၊ ငါန်းဇွန်နှင့် ပဒေသာ မြို့သစ်၊ မွန်ပြည်နယ် မော်လမြိုင် တက္ကသိုလ်၊ လမိုင်းနှင့် ဘီးလင်းမြို့ များသို့ တိုးချဲ့နိုင်ခဲ့ ပါသည်။ တနင်္သာရီတိုင်း ဒေသကြီး ရေဖြူ၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ၊ ဧရာဝတီတိုင်းဒေသကြီး ကျုံမငေးနှင့် ဇလွန်မြို့တို့တွင် ကြေးနန်း ရုံးများကို အဆင့်မြှင့် တင်ခဲ့ပါသည်။

(ဂ) ရခိုင်ပြည်နယ် ရမ်းဗြဲ နှင့် ဂွ၊ ရန်ကုန်တိုင်းဒေသကြီး ကမာကလုတ်၊ မင်္ဂလွန်း၊ ခနောင်၊ ငါးဆူတောင်၊ ဒါးပိန်နှင့် ကြို့ကုန်းတို့တွင် တယ်လီဖုန်းရုံးသစ် (၈) ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီး၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်၊ မကွေးတိုင်းဒေသကြီး ရေစကြို၊ မန္တလေးတိုင်းဒေသကြီး အမရပူရ နှင့် နွားထိုးကြီးမြို့တို့တွင် လိုင်းအင်အား တိုးချဲ့ခြင်း (၅) ခု ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လစဉ်မိုဘိုင်းဖုန်းများကို တိုင်းဒေသကြီး/ ပြည်နယ် များအလိုက် တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အထိ တပ်ဆင်ပြီး မိုဘိုင်းဖုန်း ၁၇,၈၃၉,၂၄၄ လုံးအပါအဝင် တယ်လီဖုန်း လုံးရေ စုစုပေါင်း ၁၈,၄၀၅,၈၁၄ လုံး တပ်ဆင်ပြီးဖြစ်ပါသည်။ ပုဂ္ဂလိက အော်ပရေတာများ တပ်ဆင်လာသော မိုဘိုင်းဖုန်းများအပါအဝင် တပ်ဆင်ပြီး တယ်လီဖုန်းလုံးရေ စုစုပေါင်းမှာ ၂၈,၁၃၄,၈၁၄ လုံး ဖြစ်ပါသည်။

(င) GSM/ WCDMA မိုဘိုင်းတယ်လီဖုန်းဖြင့် အခြားနိုင်ငံများသို့ သွားရောက် အသုံးပြုနိုင်သော International Roaming ချိတ်ဆက်မှု စနစ်ကို ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံပေါင်း (၅၉) နိုင်ငံမှ Operator (၁၀၂) ဦး၏ မိုဘိုင်းတယ်လီဖုန်း သုံးစွဲသူများမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက် သုံးစွဲနိုင်ပြီဖြစ်ပါသည်။

(စ) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ပက်ကက်ဆွီချင်လိုင်း၊ ဖိုက်ဘာလိုင်း၊ MPT Satellite Terminal E1 လိုင်း၊ ADSL လိုင်း၊ Dial up လိုင်း စသည်ဖြင့် ဆက်သွယ်ရေး စနစ် အမျိုးမျိုးကို အသုံးပြု၍ အင်တာနက်ချိတ်ဆက်အသုံးပြု လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်အထိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာ လီမိတက်တို့၏ အင်တာနက်လိုင်း အင်အား ၁၇,၇၃၆,၄၂၆ လိုင်း နှင့် သုံးစွဲသူ ဦးရေမှာ ၁၇,၈၆၅,၆၆၆ ရှိလာပြီ ဖြစ်ပါသည်။

(ဆ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် မင်းတပ်-ကန်ပက်လက်-ဆော GbE IP (2+0) မိုက္ကရိုဝေ့ဗ် ဆက်ကြောင်း (2 Hops) တွင် ဆောနှင့် ကန်ပက်လက် မိုက္ကရိုဝေ့ဗ် စခန်းများဆောက်လုပ်ခြင်း၊ မန္တလေး- မြစ်ကြီးနား GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းအား Capacity တိုးချဲ့ခြင်း (16 Hops)၊ ပခုက္ကူ-ကလေး-ဟားခါး SDH ဆက်ကြောင်း အား GbE IP မိုက္ကရိုဝေ့ဗ်

ဆက်ကြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း (10 Hops)၊ ကြံခင်း-ပြည်-မင်းဘူး-ပွင့်ဖြူ- ဆင်ဖြူကျွန်း- ပခုက္ကူ SDH ဆက်ကြောင်း အား GbE IP မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း (12 Hops)၊ ရန်ကုန်-မြဝတီ STM-4 ဆက်ကြောင်းအား GbE IP မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း (9 Hops)၊ မန္တလေး-လားရှိုး-မူဆယ် STM-4 ဆက်ကြောင်း အား GbE IP မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း (9 Hops)၊ ကလေး-တမူး GbE IP မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းအား Capacity တိုးချဲ့ခြင်း (3 Hops) နှင့် 8E1/4E1 PDH ဆက်ကြောင်း များအား GbE IP မိုက္ကရိုဝေ့ဗ် ဆက်ကြောင်း အဖြစ် အဆင့်မြှင့်တင်ခြင်း (30 Hops) များတွင် စက်ပစ္စည်းတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

Telenor Myanmar Ltd. ၊ Ooredoo Myanmar Ltd. နှင့် Myanmar Posts & Telecommunications တာဝါဆောက်လုပ်ပြီးစီးမှုအခြေအနေမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **အော်ပရေတာအမည်** | **ဆောက်လုပ်မည့် တာဝါ** | **ဆောက်လုပ်ပြီး တာဝါ** | **ဆောက်လုပ် ပြီးစီးသည့် %** |
|---|---|---|---|---|
| ၁ | Ooredoo Myanmar | ၂၆၁၁ | ၁၆၁၇ | ၆၁.၉၃ % |
| ၂ | Telenor Myanmar Ltd | ၂၇၅၂ | ၁၇၃၄ | ၆၃.၀၁ % |
| ၃ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ၂၅၃၈ | ၂၁၃၄ | ၈၄.၀၈ % |
| **စုစုပေါင်း** | | **၇၉၀၁** | **၅၄၈၅** | **၆၉.၄၂ %** |

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြည်တွင်း /ပြည်ပ အော်ပရေတာများကို ယှဉ်ပြိုင်လုပ်ကိုင် စေခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများ နှင့် ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက် ဝန်ဆောင်မှုများကို ပြည်သူများက စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ဝင်ငွေများ တိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေမည် ဖြစ်ပါသည်။

## ငွေရေးကြေးရေးကဏ္ဍ


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၆၁,၅၄၄.၇ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၂၃.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ငွေရေးကြေးရေးကဏ္ဍ**

**စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း အခြေအနေ**


ပုံ(၅-၂၅) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၆) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် (ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၇၈,၅၆၈.၁ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၁၂၇.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၁၂.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် နိုင်ငံပိုင်အခန်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တို့၏ ဝင်ငွေများ တိုးတက်ခဲ့သော်လည်း မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ငွေလဲလှယ်ခြင်းမှ ရငွေများ လျော့နည်းခဲ့ပါသည်။ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအား ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာနအဖြစ် ပြင်ဆင် ပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် ၂၀၁၄-၂၀၁၅

ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ငွေချေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း မရှိသောကြောင့် အတိုးရငွေများ လျော့နည်းခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို တိုးချဲ့ထုတ်ချေးပေးလျက်ရှိပါသည်။ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးသီးနှံတစ်ဧကလျှင် ကျပ်တစ်သိန်း၊ အခြားသီးနှံများကို တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် တောင်သူများအား ထုတ်ချေးပေးလျက်ရှိပြီး လက်ဖက်ထုတ်လုပ်မှုနှင့် အထူးစီမံချက် လုပ်ငန်းများအတွက် အထူးဖွံ့ဖြိုးရေး ချေးငွေများကိုလည်း ထုတ်ချေးပေးလျက် ရှိပါသည်။ သို့ရာတွင် တောင်သူများ၏ စိုက်ပျိုးစရိတ် သက်သာစေရန်အတွက် ဘဏ်ချေးငွေ အတိုးနှုန်းများအား ၈.၅ ရာခိုင်နှုန်းမှ ၅.၀ ရာခိုင်နှုန်းသို့ လျော့ချပေးခဲ့သဖြင့် ယခင်နှစ်ထက် ဘဏ်အတိုးရငွေများ လျော့နည်းခဲ့ပါသည်။

မြန်မာ့အာမခံလုပ်ငန်းသည် အသက်အာမခံ၊ မီး၊ အင်ဂျင်နီယာနှင့် အထွေထွေအာမခံ၊ သူတစ်ပါး ထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ရေကြောင်း၊ လေကြောင်းနှင့် ခရီးသွား အာမခံ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့အာမခံ လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။ ရေကြောင်း၊ လေကြောင်းအာမခံဌာနသည် အဝေးပြေးအမြန် လမ်းမကြီးများဆိုင်ရာ အထူးခရီးသွားအာမခံလုပ်ငန်း ချဲ့ထွင်ဆောင်ရွက်ခြင်း၊ ခရီးသွား အာမခံအတွက် ယာဉ်လိုင်းများ တိုးတက် လက်ခံခြင်းများကြောင့် လျာထားချက် ဝင်ငွေပြည့်မီသော်လည်း အာမခံထားရှိသော လေကြောင်းလိုင်းများ၊ ရေနံကုမ္ပဏီ များ၏ အာမခံပရီမီယံများ မရရှိသေး၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထက် ဝင်ငွေလျော့နည်းခဲ့ပါသည်။

သမဝါယမပိုင်အခန်းတွင် သမဝါယမငွေစုငွေချေး အသင်းများ၊ ဈေးသမဝါယမ အသင်းများ၊ အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းများနှင့် ငွေစုငွေချေးလုပ်ငန်းခွဲ သမဝါ ယမ အသင်းများမှ အသင်းသားများ၏ အစုငွေနှင့်စုဆောင်းငွေများ အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်/သွင်းကုန်ဘဏ်မှ ရရှိသည့် ချေးငွေများဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အသင်းသားများအတွက် ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့သောကြောင့် သမဝါ ယမ ငွေစုငွေချေးအသင်းများ၏ အတိုးရငွေများ တိုးတက် ရရှိခဲ့ပါသည်။ အသင်းသားများအတွက် ချေးငွေများအပြင် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရေလုပ်ငန်းသုံးပစ္စည်းများအား Hire Purchase စနစ်ဖြင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကဘဏ် (၂၃) ဘဏ်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် အတွင်း စုစုပေါင်းဘဏ်ခွဲ ၁၂၀ ခု အသစ် ထပ်မံ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်ထားရှိသဖြင့် ပြည်သူများသည် ဘဏ်နှင့်ဆက်သွယ်၍ တွင်ကျယ်စွာအသုံးပြုလာနိုင်ပြီး ပုဂ္ဂလိကဘဏ်များ၏ ဝင်ငွေများလည်း တိုးတက်ရရှိခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်များအပြင် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ (၄၂) ရုံး၊ နိုင်ငံခြား ငွေရေးကြေးရေး ကုမ္ပဏီ (၁) ခု၊ ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီ (၉) ခု ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်တွင်း၌ နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင်ရန် နိုင်ငံခြားဘဏ် ၉ ခု အတွက် ကနဦး အတည်ပြုချက်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နိုင်ငံခြားဘဏ်လုပ်ငန်း ရွေးချယ်ရေးကော်မတီ မှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။

ပုဂ္ဂလိက အာမခံကုမ္ပဏီများအား အာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားရှိရာ အသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးနှင့်အထွေထွေ အာမခံ၊ သမာဓိအာမခံ၊ ငွေသားလုံခြုံမှု အာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ အထူးခရီးသွားအာမခံ လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။


နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ပါဝင်သော အသေးစားချေးငွေလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော ပုဂ္ဂလိက အဖွဲ့အစည်းများအား ဥပဒေနှင့်အညီ တရားဝင် လိုင်စင်များ ခွင့်ပြုပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် INGO (၃) ဖွဲ့၊ ပြည်ပကုမ္ပဏီ (၁၆) ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ (၁၃) ဖွဲ့၊ အစုစပ်ကုမ္ပဏီ (၂) ဖွဲ့၊ စုစုပေါင်း (၃၄) ဖွဲ့အား လုပ်ငန်းလိုင်စင်များ တိုးချဲ့ ထုတ်ပေးခဲ့ပါသည်။ ပုဂ္ဂလိက အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ချေးငွေများဖြင့် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ**


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၈,၆၂၃,၇၆၈.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၅.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ကုန်သွယ်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ**

ပုံ(၅-၂၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၈,၄၃၂,၅၄၉.၈ သန်း ဖြစ်ပေါ်ခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၉၇.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်မှုမှာ ပြည်ပပို့ကုန်ကို ကျပ် ၆,၇၉၆,၅၃၄.၂ သန်း၊ ပြည်ပသွင်းကုန် ကျပ် ၈,၅၇၈,၂၄၂.၂ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကျပ် ၁၅,၃၇၄,၇၇၆.၄ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၂,၇၆၄.၉ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၇၄၂.၂ သန်း၊ စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ ၅၂၉.၇ သန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆၉၀.၁ သန်း၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၂၄.၈ သန်း၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆၇.၄ သန်း၊

တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆.၄ သန်းနှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ ၆၃၈.၈ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆,၆၆၄.၃ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

ပြည်ပမှတင်သွင်းကုန်များမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၄,၀၅၈.၂ သန်း၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၂,၄၆၆.၆ သန်း၊ လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၈၆၂.၇ သန်း၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၈,၃၈၇.၅ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၃၃.၅ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၂၀.၆ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံနှင့် ၁၈.၄ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၇.၆ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၅.၂ ရာခိုင်နှုန်း ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၅၁၄.၁ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၁၉၃.၆ သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၈၀.၈ သန်း၊ စင်္ကာပူနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၅၄.၅ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၀၃.၂ သန်း ဖြစ်ပါသည်။ အများဆုံးတင်ပို့သည့် ကုန်ပစ္စည်း များမှာ သဘာဝဓာတ်ငွေ့၊ ပဲအမျိုးမျိုး၊ ချုပ်ပြီးအထည်၊ ကျောက်စိမ်း၊ ဆန်၊ ပြောင်းတို့ ဖြစ်ကြပါသည်။

သွင်းကုန်အများဆုံး တင်သွင်းသည့် နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂,၅၃၁.၄ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၃၀၈.၃ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၀၂.၈ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၈၃၃.၆ သန်း၊ မလေးရှားနိုင်ငံမှ အမေရိကန် ဒေါ်လာ ၃၅၄.၆ သန်း တင်သွင်းခဲ့ပါသည်။ အများဆုံးတင်သွင်းသည့် ကုန်ပစ္စည်းများမှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြားစက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေး အပိုပစ္စည်းများ၊ စားအုန်းဆီတို့ ဖြစ်ကြပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကုန်သွယ်မှုလိုငွေမှာ ကျပ် ၁,၇၈၁,၇၀၈.၀ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

**ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့ပေးမှုများနှင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ Website များ Design ပြင်ဆင်ခြင်း၊ Mobile Version ပြင်ဆင်ခြင်း၊ အကောက်ခွန်ဦးစီးဌာန၏ Website နှင့် ချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်အောက်ရှိ Tier 1 Project Proposal (မူကြမ်း) ပြင်ဆင်မှုများပြုလုပ်ခြင်း၊ Capacity Assessment Mission အဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လူ့စွမ်းအားအရင်းအမြစ်ဌာနခွဲတို့ ပူးပေါင်း၍ နိုင်ငံခြားအကူအညီ၊ အထောက်အပံ့၊ ချေးငွေကိစ္စများနှင့် ပတ်သက်သော မူဝါဒများ၊ အစီအစဉ်များ၊ ဝယ်ယူရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေး စည်းမျဉ်းနှင့် စာရင်းစစ်ဆေးမှုစနစ်များအား သက်ဆိုင်ရာ ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး လိုအပ်သည့် ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ဆွေးနွေးပွဲတွင် EIF Global Platform အစီအစဉ်သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် အကျိုးရှိသည့် အစီအစဉ်ဖြစ်၍ ၂၀၁၅ ခုနှစ်တွင် သက်တမ်း ကုန်ဆုံးသွားသော်လည်း ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ထပ်မံသက်တမ်းတိုး ဆက်လက် ဆောင်ရွက်မည်ဖြစ်သည်။

Trade Policy Review (TPR) Follow up Workshop မှ ဖော်ထုတ် ရရှိသည့် လုပ်ငန်းစဉ်များဖြစ်သော ကုန်သွယ်ရေးဖြေလျှော့မှု သဘောတူညီချက်ဆိုင်ရာများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဥပဒေစည်းမျဉ်း အသိပေးချက်ဆိုင်ရာများ၊ စားသုံးသူ ကာကွယ်ရေး အသိပညာပေး ကိစ္စရပ်ဆိုင်ရာများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(GIZ) မှ ကျွမ်းကျင်သူများနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့် အစီအစဉ်များဖြစ်သော Food Safety၊ Sanitary and Phytosanitary Measure ကိစ္စရပ်များ၊ သားငါး ထုတ်လုပ်တင်ပို့မှု၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကိစ္စများ၊ National Quality Infrastructure ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ Standardization Accreditation၊ Metrology၊ Conformity Assessment Bodies ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါသည်။ WTO ၏အပြင်၊ တိရစ္ဆာန်ပိုးမွှားကင်းစင်ရေးနှင့် ကုန်သွယ်မှုတွင်ကြုံတွေ့ရသော

နည်းပညာ အတားအဆီးများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဘရူနိုင်း၊ စင်္ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့အကြား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ထုတ်လုပ် တင်ပို့သူ ကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေငြာသည့်စနစ် (Self-certification System)၏ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ စက်မှုထုတ်ကုန်များအတွက် ပင်ရင်းနိုင်ငံ ထုတ်ကုန်ပစ္စည်း မှတ်ပုံတင်လက်မှတ်များအား စိစစ် ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

နယ်စပ်စခန်းများဖြစ်သော လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူး၊ ရိဒ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်းနှင့်မြိတ် စသည့် နယ်စပ်စခန်းများတွင် တစ်ဖက်သတ်အကောက်ခွန် သက်သာခွင့်ရှိသည့် ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ်များထုတ်ပေးလျက်ရှိပါသည်။

အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံနှင့် အခြားဆွေးနွေးဖက်နိုင်ငံများ၏ လွတ်လပ်သော ကုန်သွယ်မှု ဒေသများဖြစ်သည့် အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဂျပန်၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်နှင့် အာဆီယံ-အိန္ဒိယ၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ-ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသများ၏ ပင်ရင်းနိုင်ငံဆိုင်ရာစည်းမျဉ်း (Rules of Origin) များ ဆွေးနွေးညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် အကောက်ခွန်မဟုတ်သော အတားအဆီးများဖယ်ရှားရေးနှင့်စပ်လျဉ်း၍ အာဆီယံတွင် နိုင်ငံအလိုက် (National Level Work Program) နှင့် ဒေသအလိုက် (Regional Level Work Program) တို့အရ အကောင် အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အကောက်ခွန် မဟုတ်သော အတားအဆီးများ ဖယ်ရှားရေးနှင့် စပ်လျဉ်း၍ World Bank ၏ အကူအညီဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သုတေသနစာတမ်း(၃)စောင် ပြုစုနိုင်ရေးဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် တဆက်တည်း ASEAN Business and Investment Summit နှင့် ASEAN Business Award ဆုပေးပွဲတို့ကို အောင်မြင်စွာကျင်းပနိုင်ရေး စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် အထောက်အပံ့ပေးသော ကုမ္ပဏီများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်ရေးဆိုင်ရာ ကုစားမှု အစီအမံများ ဥပဒေရေးဆွဲရေးအတွက် အကာအကွယ်ပေးရေးဥပဒေများ (Safeguard Law, Anti-dumping and Countervailing Law) တို့ကို ရေးဆွဲပြဋ္ဌာန်းရန် လုပ်ဆောင်ခဲ့ခြင်း၊ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေနှင့် ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစုအနေဖြင့် သုတေသနလုပ်ငန်းများဖြစ်သော မြေပဲဆီတွင် မှိုဆိပ်ပါဝင်မှုနှင့် ကလေးအာဟာရ အစားအစာများတွင် မှိုဆိပ်ပါဝင်မှု ရှိ/မရှိ စူးစမ်းလေ့လာခြင်း၊ ပြည်ပပို့ကုန် လုပ်ငန်းရှင်များမှ ပေးပို့လာသော သီးနှံနမူနာများ၏ ရူပဓာတုအရည်အသွေး ဓာတ်ခွဲစမ်းသပ်ခြင်းများစသည့် သုတေသန ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ သတင်းပြန်ကြားရေးဌာနများအား တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်၍ ဈေးကွက်၊ ဈေးနှုန်းသတင်း အချက်အလက်များ ဖြန့်ဝေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ကွင်းဆင်းထိတွေ့၍ သတင်းကိုင်တွယ် ထိန်းသိမ်းမှုနည်းပညာ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ ကုန်စည်ပြပွဲဌာနစိတ်မှ ပြည်တွင်းကုန်စည်ပြပွဲ (၃၅) ပွဲ၊ ပြည်ပ ကုန်စည်ပြပွဲ (၁၆) ပွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပခဲ့သည့် ဒေသထွက်ကုန် ကုန်စည်ပြပွဲ (၅) ပွဲတို့ကို အောင်မြင်စွာ ပြသနိုင်ရေးအတွက် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု ပိုမိုအားကောင်း ခိုင်မာလာစေရန်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများအလိုက် အလုပ်ရုံ ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းတွင် လှုပ်ရှားရှာဖွေ တားဆီးစစ်ဆေးရေးအဖွဲ့ (Mobile Team) များဖွဲ့စည်းပြီး စီမံချက်အဆင့် (၁) ကို ဗဟိုကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် မူဆယ်-မန္တလေးလမ်းကြောင်း Mobile Team (လရ-၁) နှင့် မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်တွင် Mobile Team (လရ-၂) တို့ဖြင့် ဖွဲ့စည်း၍ သတ်မှတ်ချက်ကာလဖြင့် တားဆီးစစ်ဆေးခဲ့ပြီး၊ စီမံချက် အဆင့်(၂)အား မြဝတီ-ရန်ကုန် လမ်းကြောင်းတွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းတာဝန်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့လည်းကောင်း၊ မန္တလေး-မူဆယ်လမ်းကြောင်းတွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းတာဝန်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ လည်းကောင်း လွှဲပြောင်းပေးခဲ့ပါသည်။

Mobile Team လုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် ကမ်းရိုးတန်းသွား သင်္ဘော/ရေယာဉ်များမှ ပစ္စည်းအပိုပါရှိမှု၊ အကောက်ခွန်မဲ့သယ်ဆောင်မှု၊ ပစ္စည်း အမည်ကွဲလွဲမှု၊ ပင်ရင်းနိုင်ငံကွဲလွဲမှုနှင့် နိုင်ငံတော်မှ တင်သွင်းခွင့်မပြုသော ပစ္စည်းများသယ်ဆောင်မှုများ စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး၊ ယာယီတားဆီး၍ အကောက်ခွန်ဒဏ်ကြေးငွေ ပေးဆောင်ခြင်း၊ အကောက်ခွန်သွင်းကုန်ကြေညာလွှာဖြင့် ကျသင့်အခွန်ပေးဆောင်စေခြင်းများ ဆောင်ရွက်လျက် ရှိသည့်အပြင်၊ တရားမဝင် ကန့်သတ်ကုန်ပစ္စည်း သယ်ဆောင်မှုများအား အကောက်ခွန်အမှုတွဲ ဖွင့်လှစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားနည်းချက်၊ အားသာချက်များကိုလည်း ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်ပါသည်။ အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ Non-Tariff Measures (NTMs) များကို UNCTAD Classification 2012 နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။


ASEAN Trade Repository တွင်မြန်မာနိုင်ငံ၏ National Trade Repository ကိုချိတ်ဆက်၍ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ထင်သာမြင်သာရှိစေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးသွားနိုင်မည် ဖြစ်ပါသည်။

**သမဝါ ယမကဏ္ဍ**

သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိရာ အဓိကမူဝါဒများမှာ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်၊ ခေတ်မီနည်းပညာနှင့်အတတ်ပညာ တတ်မြောက်အသုံးပြုနိုင်သည့် သမဝါ ယမအသင်းများ၊ အသင်းသားများဖြစ်စေရေး အားပေး ဆောင်ရွက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်ကို အထောက် အကူဖြစ်စေရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။

သမဝါယမပိုင် အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု စုစုပေါင်း တန်ဖိုးကို ဒုတိယ(၆) လပတ်တွင် ကျပ် ၄၆၃,၄၅၅.၅ သန်း ရရှိရန် မျှော်မှန်းထားရှိခဲ့ရာ ကျပ် ၅၂၇,၄၅၃.၁ သန်း ရရှိခဲ့သဖြင့် ၁၁၃.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ တိုးတက်မှုနှုန်း ၈.၅ ရာခိုင်နှုန်း မျှော်မှန်းခဲ့ရာ ၁၃.၄ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါသည်။

**ပုံ(၅-၂၉) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၊ သမဝါယမပိုင်အခန်းမှ ဒုတိယ (၆) လပတ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု အကောင်အထည်ဖော်နိုင်မှုအခြေအနေ**




ဇာစ်မြစ်။ သမဝါယမဝန်ကြီးဌာန

စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များအပေါ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း အကောင်အထည်ဖော်မှု အခြေအနေများမှာ လူတန်းစားအလွှာပေါင်းစုံ ဆောင်ရွက်စေနိုင်မည့် အခြေခံသမဝါယမအသင်း ၃,၄၁၆ သင်းနှင့် သမဝါယမအသင်းစု ၁၁ သင်း စုစုပေါင်း သမဝါ ယမအသင်း ၃,၄၂၇ သင်းကို တိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး ၃၁-၃-၂၀၁၅ အထိ သမဝါ ယမ အသင်းပေါင်း ၃၄,၂၀၂ သင်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန် ငွေစုငွေချေးနှင့် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်သော အသင်းများသို့ ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော သမဝါ ယမအသင်း ၁,၀၉၆ သင်း၏ ငွေစုငွေချေးလုပ်ငန်းခွဲများမှ အသင်းသား ၉၁,၁၄၀ ဦး သို့ လုပ်ငန်းမတည်ရင်းနှီးနိုင်ရန်အတွက် ကျပ် ၅,၆၂၈.၃၆၂ သန်းကို ထုတ်ချေးပေးနိုင်ခဲ့ပါ သည်။

ဒေသထွက်သယံဇာတ အရင်းအမြစ်များကို အသုံးပြုလုပ်ဆောင်သော စီးပွားရေး လုပ်ငန်းများဖြစ်သည့် ရေနံစိမ်းထုတ်လုပ်ခြင်းကို သမဝါယမအသင်း ၅ သင်းမှလည်းကောင်း၊ မြေဖြူ၊ ကြွေကျောက်၊ ကျောက်စိမ်းအသားကျောက်၊ ရောရာကျောက်မျက်အရိုင်း ထုတ်လုပ်မှု လုပ်ငန်း၊ ဂဝံအုတ်ပြား၊ လမ်းခင်းကျောက်၊ မြစ်သဲ၊ ရေတွင်းကျောက်၊ ကျင်းကျောက်၊ စကျင် ကျောက် ထုတ်လုပ်ခြင်း လုပ်ငန်းများကို သမဝါယမအသင်း ၁၆ သင်းမှ လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး အတွက် ချေးငွေများ ထုတ်ချေးပေးပြီး ဝက်၊ နွား၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်းများ၊ အိမ်တွင်းမှုနှင့် လက်မှုလုပ်ငန်းများဖြင့် ဝင်ငွေ တိုးပွားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သမဝါယမအသင်းများမှ လိုအပ်လျက်ရှိသော ငွေကြေး၊ စက်ပစ္စည်းနှင့် နည်းပညာများကို ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံများရှိ စီးပွားရေး အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပို့ကုန်ပစ္စည်းများ ပိုမိုဈေးကွက်ရရှိလာစေရန်နှင့် ပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးလာစေရန် မူဆယ်မြို့တွင် ကျင်းပသည့် (၁၄) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲသို့ သမဝါယမအသင်း(၇)သင်းမှ သစ်အချောထည်၊ ပန်းပုရုပ်မျိုးစုံနှင့် မြန်မာ့လက်မှုအနုပညာပစ္စည်းများ သွားရောက် ပြသနိုင်ခဲ့ပါသည်။

သမဝါယမနှင့် လူမှုစီးပွားရေးကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့် မွေးထုတ်ပေးနိုင်ရန် သမဝါယမတက္ကသိုလ် ၂ ခုနှင့် သမဝါယမကောလိပ် ၂ ခုတို့တွင် ကျောင်းသား ၄,၃၁၀ ဦး သင်ကြားပေးလျက်ရှိပြီး သမဝါယမသင်တန်းကျောင်း ၄ ကျောင်း နှင့် သမဝါယမ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း ၃ ကျောင်းတွင် လက်မှတ်ရစာရင်းရေး စာရင်းကိုင် သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အရာရှိများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး၊ တစ်ဦးချင်းဝင်ငွေတိုးစေရေးနှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စားသောက်ကုန်၊ လူသုံးကုန်၊ အခြားနည်းပညာသင်တန်း ၇၃ ကြိမ် ဖွင့်လှစ်ရန် လျာထားခဲ့ရာ ၅၃ ကြိမ် ဖွင့်လှစ်ပေးနိုင် ခဲ့ပါသည်။

ယွန်းအတတ်ပညာရှင်နှင့် ရက်ကန်းအတတ်ပညာရှင် ၁,၆၀၀ ဦး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လျာထားခဲ့ရာ ၇၉၆ ဦး လေ့ကျင့်ပျိုးထောင် ပေးနိုင်ခဲ့ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေအရ မှတ်ပုံတင်ရန် လုပ်ငန်း ၁,၂၅၀ ခု လျာထားရာ ၉၈၀ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

Facebook ၏ လူမှုကွန်ရက်၌ သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အမည်ဖြင့် ၁၃-၅-၂၀၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။

သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများမှ အချိန်နှင့်တပြေးညီ လုပ်ရှားဆောင်ရွက်မှုဓာတ်ပုံနှင့် သတင်းများရယူ၍ သမဝါ ယမ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ Internet Web Page နှင့် Facebook စာမျက်နှာတွင် ပြည်သူများ သိရှိနိုင်ရန် ဖော်ပြပေးလျက်ရှိပါသည်။


ဖွဲ့စည်းပုံလုပ်ငန်းတာဝန်သစ်အရ သမဝါယမကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနသည် သမဝါယမပညာရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သမဝါယမသတင်းနှင့် ပြန်ကြားရေးလုပ်ငန်း၊ သမဝါယမစီမံကိန်းနှင့် စစ်ဆေးရေးလုပ်ငန်းများကို ပိုမို အလေးထား ဆောင်ရွက်ရန်နှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်း ဈေးနှုန်းသတင်းများ၊ ငွေလဲလှယ် ဈေးနှုန်းများ၊ နိုင်ငံတော်၏ ကုန်သွယ်မှု မူဝါဒနှင့် လုပ်ထုံး လုပ်နည်းများစသည့် ကုန်သွယ်မှုဆိုင်ရာ သတင်းများကို Internet Website၊ Facebook၊ E-mail၊ Fax များမှတစ်ဆင့် သမဝါ ယမ အသင်းများသို့သတင်းဖြန့်ဝေလျက်ရှိပါသည်။

## ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၇၆၄,၀၆၇.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၁.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၇၉၇,၉၇၃.၆ သန်း ရရှိခဲ့၍ စီမံကိန်း ရည်မှန်းချက်၏ ၁၀၄.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် ၁၀.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံး ပါဝင်သော ကဏ္ဍဖြစ်ပါသည်။ အစီရင်ခံသည့် ဒုတိယ(၆)လပတ်သည် ပွင့်လင်းရာသီ ဖြစ်သဖြင့် ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေ များနှင့် အရေအတွက်များ တိုးတက်ခဲ့ ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ပုဂ္ဂလိကကျောင်း ၂၆ ခု၊ ဘော်ဒါဆောင်လုပ်ငန်းနှင့် Day Special လုပ်ငန်း စုစုပေါင်း ၉၅၂ ခု၊ နေ့ကလေးထိန်း လုပ်ငန်းဦးရေ ၈၂ ခု၊ ပုဂ္ဂလိကဆေးရုံ ၈ ရုံ၊ ဆေးကုသခန်း ၉၁ ခု၊ တိုင်းရင်းဆေးကုသခန်း ၄၆ ခု တိုးတက်လာပြီး စုစုပေါင်း လုပ်ငန်းအရေအတွက်

၁,၂၀၅ ခုအထိ တိုးတက်ခဲ့ပါသည်။ ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍတွင်ပါဝင်သော ခရီးသွားလုပ်ငန်းသည် သိသာစွာ ဖွံ့ဖြိုးတိုးတက်မှုရှိသော လုပ်ငန်းဖြစ်ခြင်းကြောင့် နိုင်ငံခြား ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာသဖြင့် ဝင်ငွေ များလည်း တိုးတက်ခဲ့ ပါသည်။

**ခရီးသွားလုပ်ငန်း။** မြန်မာနိုင်ငံ၏ ကဏ္ဍစုံ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာ အသိုက်အဝန်းမှ အသိအမှတ်ပြုလာသည်နှင့်အညီ စီးပွားရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များအပြင် ခရီးသွားလုပ်ငန်း အရင်းအမြစ်များကို စိတ်ပါ ဝင်စားပြီး လေ့လာခံစားရန် အတွက် လာရောက်လည်ပတ်လိုသူများ ပိုမိုများပြားစွာ ဝင်ရောက်လာလျက်ရှိရာ ခရီးသွား လုပ်ငန်းသည်လည်း တစ်နေ့ထက်တစ်နေ့ တိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအား ကမ္ဘာ့ ထင်ရှားကျော်ကြားသော ခရီးစဉ်ဒေသတစ်ခု ဖြစ်လာစေရေးအတွက် ခရီးစဉ်ဒေသများအား မြှင့်တင်ကြော်ငြာခြင်း၊ နိုင်ငံတကာခရီးသွားလုပ်ငန်း ပြပွဲများသို့ သွားရောက်ပြသခြင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသတွင်းဆိုင်ရာ ခရီးသွားအဖွဲ့များ နှင့် ညှိနှိုင်းပေါင်းစပ်ကာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် ကမ္ဘာလှည့်ခရီးသည် ဦးရေကို ၂,၀၀၀,၀၀၀ ဦး ရည်မှန်းခဲ့ရာ ခရီးသည် ဦးရေ ၁,၇၈၆,၇၃၅ ဦး ရောက်ရှိခဲ့ပါ သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မဟာမဲခေါင် ခရီးသွားလုပ်ငန်း အဖွဲ့ အစည်းအဝေး၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အလုပ်ရုံဆွေးနွေးပွဲ၊ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးနှင့် ဆက်သွယ်ရေးအဖွဲ့ အထူးအစည်းအဝေး၊ နိုင်ငံတကာ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း ကွန်ဖရင့်၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ အာရှပစိဖိတ် ခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ ကမ္ဘာ့စီးပွားရေးကွန်ဖရင့်၊ အပြည်ပြည်ဆိုင်ရာ အစားအစာပွဲတော်၊ အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်းဖိုရမ်၊ ACMECS ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် အရှေ့အာရှကမ္ဘာ့ စီးပွားရေးဖိုရမ်စသည့် ဒေသတွင်းနှင့် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ၊ ကွန်ဖရင့်များ၊ အစည်းအဝေးများသို့ တက်ရောက်လျက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ခရီးသွားမြှင့်တင်မှုနှင့် နိုင်ငံတကာဆက်ဆံရေးဌာနခွဲသည် မြန်မာနိုင်ငံကမ္ဘာလှည့် ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ရေးလုပ်ငန်းများဖြစ်သော ခရီးစဉ်မြှင့်တင် ကြော်ငြာခြင်း၊ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ လုပ်ငန်းဆက်စပ်လျက်ရှိသည့်

ပြည်တွင်းဌာနဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းများအပြင် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် ရုရှားနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများရှိ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ မဟာမဲခေါင်ဒေသခွဲ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့တို့နှင့် ဆက်သွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာကိစ္စများ တွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်စေရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ ဖိလစ်ပိုင်နိုင်ငံ၏ Asian Air Safari TV ရုပ်သံဌာနမှ မန္တလေးနှင့် ပုဂံဒေသတို့၌ ရိုက်ကူးမှုများ ပြုလုပ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံရှိ ABS-CBN-ANC ရုပ်သံလိုင်း၊ TFC ကမ္ဘာလုံးဆိုင်ရာ ရုပ်သံလိုင်းတို့တွင် ပြသခဲ့ပါသည်။ ထို့အပြင် တရုတ်နိုင်ငံရှိ TVB-8 ရုပ်သံလိုင်းတွင်လည်း တရုတ်ဘာသာဖြင့် ပြန်လည် ထုတ်လွှင့်မည် ဖြစ်ပါ သည်။

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (JICA) နှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည့် Pilot Model for Regional Tourism Development စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး Best in Travel AEC Country နိုင်ငံ ခရီးသွားဆုကို Lonely Planet Traveller Destination AWARDS 2014 တတိယအကြိမ်မြောက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပေးအပ်ခဲ့ခြင်းကို ဝန်ကြီးဌာန website နှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၌ ၁၉၉၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေဖြင့် ခွင့်ပြုချက်အရ ပုဂ္ဂလိကများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ၅၉ မြို့နယ်၌ ဟိုတယ်နှင့်တည်းခိုရိပ်သာများ ပေါ်ထွက်လာသကဲ့သို့ ခရီးလှည့်လည်ရေး ကုမ္ပဏီများ၊ ပို့ဆောင်ရေးယာဉ်များနှင့် ဧည့်လမ်းညွှန်များလည်း ယခင်ကထက် ပိုမို တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရ ခရီးသွားလာရေးလုပ်ငန်း ကြီးကြပ်မှုဌာနသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းရှင်များကို လုပ်ငန်းလိုင်စင် ၄ မျိုး ထုတ်ပေးလျက်ရှိပါသည်။

(က) **ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်**

ပြည်တွင်းပုဂ္ဂလိကပိုင်ဟိုတယ် ၁,၀၉၆ လုံး (၃၉,၉၄၆ ခန်း)၊ နိုင်ငံခြားနှင့် ပြည်တွင်းဖက်စပ် ဟိုတယ် ၃၁ လုံး( ၄,၄၁၇ ခန်း)၊ ဌာနပိုင်ဌာနရမ်း ဟိုတယ် ၂၁ လုံး(၉၆၈ ခန်း)၊ စုစုပေါင်း ၁,၁၄၈ လုံး(၄၅,၃၃၁ ခန်း) ရှိပါသည်။

(ခ ) **ခရီးလှည့်လည်ရေးကုမ္ပဏီများ**

(၁) ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေးကုမ္ပဏီများမှာ စုစုပေါင်း ၁,၆၃၃ ခု ရှိပါသည်။ ၎င်းကုမ္ပဏီများသည် ရန်ကုန်ဝင်ပေါက်မှဝင်ရောက်လာသော ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးစဉ်ချောမွေ့စေရေးနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအတွက် ခရီးစဉ်များကို ဆောင်ရွက်ကြပါ သည်။

(၂) နိုင်ငံခြားမှ ရာနှုန်းပြည့် ရင်းနှီးလုပ်ကိုင်သော ခရီးလှည့်လည်ရေး ကုမ္ပဏီ ၁ ခုရှိပြီး၊ ပြည်တွင်းနှင့် နိုင်ငံခြားဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီ ၃၆ ခု ရှိပါ သည်။

(ဂ) **ဧည့်လမ်းညွှန်လိုင်စင်**

(၁) ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ၎င်းတို့၏ ဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်းကို နှစ်သက်၍ ယင်းသို့ ရှင်းလင်းပြောကြားနိုင်ရန် သက်ဆိုင်ရာဘာသာရပ် အလိုက် ဧည့်လမ်းညွှန်များကို အခါအားလျော်စွာ လေ့ကျင့်မွေးထုတ်ပေး လျက်ရှိရာ ဧည့်လမ်းညွှန် စုစုပေါင်း ၃,၇၈၃ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

(၂) ဧည့်လမ်းညွှန်များတွင် အင်္ဂလိပ်ဘာသာဖြင့် လိုင်စင်ရရှိသူ အများဆုံး ဖြစ်ပြီး ဂျပန်ဘာသာသည် ဒုတိယအများဆုံးဖြစ်၍ တရုတ်ဘာသာသည် တတိယအများဆုံး ဖြစ်ပါသည်။ ကျန်ဘာသာရပ်များမှာ အနည်းအကျဉ်းသာ ရှိကြပါသည်။

(ဃ) **ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်**

(၁) မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များကို သက်တောင့် သက်သာစွာ ပို့ဆောင်ပေးနိုင်ရန် ပို့ဆောင်ရေးလုပ်ငန်း လိုင်စင် စုစုပေါင်း ၃၆၃ ခု၊ ယာဉ်စီးရေပေါင်း ၄၃၄ စီး ထုတ်ပေးခဲ့ပါ သည်။

(၂) ပုဂံ-ညောင်ဦးဒေသအတွင်း မိုးပျံပူဖောင်းဖြင့် လှည့်လည် ကြည့်ရှုရန် ခရီး လှည့်လည်ရေးကုမ္ပဏီ ၃ ခုကို လုပ်ငန်းလုပ်ကိုင် ခွင့်ပြုထားပါသည်။

စက်တပ်ရွက်လှေဖြင့် ကမ်းရိုးတန်းဒေသများဖြစ်သည့် ကော့သောင်းနှင့် မြိတ်ဒေသများ သို့ ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်လည်ပတ်ခွင့်ကို ၁၉၉၇ ခုနှစ်မှစတင်၍ ခွင့်ပြုထားပါ သည်။ ၎င်းခရီးစဉ်များဆောင်ရွက်ရန် နိုင်ငံခြားရွက်လှေကုမ္ပဏီ ၂၁ ခုအား လုပ်ငန်းလိုင်စင် ထုတ်ပေးခဲ့ပါသည်။ ၎င်းကုမ္ပဏီများ၏ ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသည်များစက်တပ် ရွက်လှေဖြင့် တစ်နှစ် ထက်တစ်နှစ် ပိုမိုလာရောက်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည် နှင့်အမျှ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျက် ရှိသော အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရ၏ ဆင်းရဲမှု လျှော့ချရေး လုပ်ငန်းများကို များစွာအထောက်အကူပြုလျက်ရှိပါသည်။


ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် အဓိကအားဖြင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်း များ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ Toll Gate လုပ်ငန်းများ၊ အိမ်ငှားလုပ်ငန်းများ၊ အလှပြင်ဆိုင်နှင့် ဆက်စပ် လုပ်ငန်းများ၊ Internet ဝန်ဆောင်မှုလုပ်ငန်းများ၊ စတိုးဆိုင်လုပ်ငန်းများ၊ စက်သုံးဆီ ရောင်းဝယ်ရေးလုပ်ငန်းများ၏ အရေအတွက် နှင့် ဝင်ငွေများလည်း တိုးတက်လာသောကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော် နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၉၂၅,၇၅၇.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၅-၃၂) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၅-၃၃) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် (ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁,၁၃၉,၆၇၅.၁ သန်းရရှိခဲ့၍ ရည်မှန်းချက်၏ ၁၂၃.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူ ကာလထက် ၉.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ကာကွယ်ရေးဝန်ကြီးဌာန။** ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်လျက် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(က) ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဝါရှောင်၊ မံဝိန်း၊ ဆီနီကူး၊ မံတောင်၊ လော်ခွန်ယန်၊ ဆဒုံးဒေသအတွင်း နိုင်ငံတော်၏သယံဇာတဖြစ်သည့် အဖိုးတန်သစ်များအား တရားမဝင် ခုတ်ယူရောင်းချရန် စုစည်းထားသည့် သစ်တင်

မော်တော်ယာဉ်မျိုးစုံ ၅၇၅ စီး၊ ဆိုင်ကယ် ၉ စီး၊ မြန်မာ နိုင်ငံသား ၁၉ ဦး၊ တရုတ်နိုင်ငံသား ၁၃၈ ဦး၊ ကျွန်းနှင့်အခြားသစ် ၁,၉၅၄ လုံး နှင့် အခြားဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပါသည်။

(ခ) မြန်မာ့ပင်လယ်ပြင်ပိုင်နက်လုံခြုံရေးကို တပ်မတော်(ရေ)မှ ကာကွယ်စောင့်ရှောက်လျက်ရှိရာ နိုင်ငံခြား ငါးဖမ်းရေယာဉ် ၇ စီး၊ ပြည်တွင်း ငါးဖမ်းရေယာဉ် ၃ စီး၊ ပြည်တွင်းစည်းကမ်းပျက် ရေယာဉ် ၉ စီး၊ ငါးမိုင်းခွဲလှေ ၁ စီး၊ ပြည်တွင်းသစ်လှေ ၁၃ စီး၊ ကုန်လှေ ၂ စီး၊ ပြည်တွင်းကျွဲ၊ နွားမှောင်ခို လှေ ၉ စီး၊ လူမှောင်ခိုလှေ ၆ စီး၊ ဘိန်းစာမှုန့်တင်လှေ ၁ စီး၊ မူးယစ်ဆေးဝါးတင်လှေ ၃ စီး၊ ရေယာဉ်နှင့်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေ ကျပ် ၁,၉၂၉.၃၆ သန်းနှင့် နိုင်ငံခြားသားတရားခံ ၁၀၄ ဦး၊ မြန်မာလူမျိုးတရားခံ ၁၇၈ ဦး ကို ဖမ်းဆီးရမိခဲ့ပါသည်။

(ဂ) တပ်မတော်(လေ)မှ လေကြောင်းပိုင်နက်လုံခြုံရေးကို လေကြောင်းကင်းထောက်ခြင်း၊ ကင်းလှည့်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် တပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြင့် အရာရှိ၊ စစ်သည်၊ မှီခိုသူ စုစုပေါင်း ၁,၉၆၅ ဦး နှင့် သက်သာပစ္စည်း တန်ချိန် ၂၀.၇၄ တန်အား သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဃ) တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသခံ တိုင်းရင်းသား လူနာစုစုပေါင်း ၉၅,၆၈၃ ဦး အခမဲ့ဆေးဝါးကုသပေးခဲ့ပါသည်။

(င) တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စိတ်ကြွဆေးပြား ၈၄၇,၆၁၆ ပြား၊ ဘိန်းဖြူ ၀.၉၇၀ ကီလိုဂရမ်၊ ဘိန်းစိမ်း ၄.၆၀၀ ကီလိုဂရမ်၊ ဘိန်းမဲ ၁၀.၈၅၁ ကီလိုဂရမ် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။

(စ) ဘိန်းခင်းများ ဖျက်ဆီးမှုအနေဖြင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ၁,၄၁၇.၂၆ ဧက၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၄၈၁.၇၅ ဧက၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၂၄,၈၃၈ ဧက၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၁,၈၀၉ ဧက၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၉၃၄.၄၅ ဧက၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေတွင်

၆၆၀.၈၁ ဧကနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၁၁.၆ ဧက စုစုပေါင်းဘိန်းခင်း ၃၀,၁၅၂.၉ ဧက ဖျက်ဆီးနိုင်ခဲ့ပါသည်။

(ဆ) သစ်တောထွက်ပစ္စည်းများ တရားမဝင်သစ်ထုတ်ခြင်း၊ မှောင်ခိုသယ်ဆောင်ခြင်းကို စစ်ဆေး ဖမ်းဆီးမှုများကို ဆောင်ရွက်လျက်ရှိရာ ကျွန်းသစ် ၁,၄၅၈.၄၃ တန်၊ အခြားသစ် ၈၃၁.၅ တန်၊ စုစုပေါင်းသစ် ၂,၁၀၄.၂၈ တန်ကို ဖော်ထုတ်ဖမ်းဆီးခဲ့ပါသည်။

(ဇ) ရှမ်းပြည်နယ်အတွင်း နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လောက်ကိုင်နယ်မြေအတွင်း ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အင်အားစုများနှင့်တွေ့ဆုံတိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပါသည်။ တိုက်ခိုက်ရေးရဟတ်ယာဉ်တို့ဖြင့် ပစ်ကူပေးခြင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ယင်းတို့၏ရည်ရွယ်ချက် ပျက်ပြားအောင် တားဆီးနိုင်ခဲ့ပါသည်။

(ဈ) လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံးမှ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်ပစ္စည်း (၄၂) မျိုးကို ထုတ်လုပ်ပေးသွင်းခဲ့ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန။** နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးကို ရည်မှန်းချက်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း အောက်ပါ အတိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင်များနှင့်အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ဥပဒေပညာရှင်များပါဝင်သော ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နည်းဥပဒေ (မူကြမ်း) ရေးဆွဲရေး အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

(ခ) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလတွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အမေရိကန်နိုင်ငံ၊ အခွန်ဝန်ကြီးဌာန၊ နည်းပညာ အကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းများအဖွဲ့ (ECT) နှင့် ဗြိတိန်နိုင်ငံ အပြည်ပြည် ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့(GovRisk)တို့ ပူးပေါင်းပြုလုပ်သည့် သတင်းပို့ချက်များ လက်ခံစိစစ်ရေးစနစ်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ ပါသည်။

(ဂ) ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ဥပဒေပညာရှင်များ ပါဝင်သော ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက် (၄၀) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဃ) ၂၀၁၅ ခုနှစ်၊ မတ်လတွင် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေ အဖွဲ့ (GovRisk) တို့ ပူးပေါင်းပြုလုပ်သည့် သတင်းပို့ချက်များကို ကွန်ပျူတာဖြင့် လက်ခံစိစစ်မည့် စနစ်ဆိုင်ရာ နည်းပညာအကူအညီပေးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ ပါသည်။

(င) ၂၀၁၅ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့(MFIU)နှင့် ဂျပန်နိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးဗဟိုဌာန (JAFIC) တို့အကြား ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အခြားဆက်စပ် မှုခင်းများဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပါသည်။

(စ) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေး ဥပဒေ (CMLL)အရ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးမှု၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ (AML) အရစိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် စုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှု၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှညှိနှိုင်းမှုများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညှိနှိုင်းမှုများ၊ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းမိန့် ထုတ်ပြန်ခြင်း စသည်တို့ ဆောင်ရွက်ခဲ့ပါသည်။ သတင်းပေးပို့ချက် (၁၆၆,၆၁၆) လက်ခံစုဆောင်း ရရှိခဲ့ပါသည်။

(ဆ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၉ အရ ငွေကြေးခဝါချမှုနှင့် အကြမ်း ဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများ နှင့် ဆက်နွယ်သည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့ပါသည်။

(ဇ) ဒုတိယ(၆)လပတ်အတွင်း Hot line သတင်းပေးပို့မှု (၃၅) ကြိမ်တွင် လူကုန်ကူးမှု (၃) မှု၊ လူမှောင်ခိုမှု (၂)မှု၊ လူပျောက်မှု (၁၄) မှု၊ အခြားအမှု (၁၆) မှု လက်ခံရရှိခဲ့ပါ သည်။ လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုများအား စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခဲ့ရာ အစီရင်ခံသည့်ကာလအတွင်း အမှုပေါင်း (၆၈)မှု တရားစွဲဆိုတင်ပို့နိုင်ခဲ့ပြီး လူကုန်ကူးမှု ကျူးလွန်သူ ကျား (၇၉) ဦး၊ မ (၁၁၄) ဦး၊ ပေါင်း (၁၉၃) ဦး အရေးယူဆောင်ရွက် နိုင်ခဲ့ပါသည်။ လူကုန်ကူးခံရသူ ကျား (၁၆၁) ဦး၊ မ (၁၀၂) ဦး၊ ပေါင်း (၂၆၃) ဦး

ကယ်တင်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံသို့ ဦးတည်ဖြစ်ပွားမှု (၁၂) မှု၊ တရုတ် နိုင်ငံသို့ ဦးတည်ဖြစ်ပွားမှု (၃၅) မှု၊ မလေးရှားနိုင်ငံသို့ ဦးတည်ဖြစ်ပွားမှု (၁) မှုနှင့် ပြည်တွင်းဖြစ်ပွားမှု (၂၀) မှု ဖော်ထုတ်နိုင်ခဲ့ပါသည်။

(ဈ) ၂၀၁၅ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

(ည) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ဘိန်းခင်း (၃၂,၂၃၃.၉၁) ဧက၊ (၁၃,၀၃၃.၉၄) ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်နှင့် မူးယစ်(အထူး) အဖွဲ့များမှ အမှုပေါင်း ၃,၀၅၄ မှု နှင့် တရားခံစုစုပေါင်း ၄,၃၀၁ ဦးကို ဖမ်းဆီးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးအမှုနှင့် ဆက်နွယ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့် ချမှတ်ခဲ့သော ငွေကြေးပစ္စည်းများ၏ ခန့်မှန်း စုစုပေါင်းတန်ဖိုးမှာ (၆၉၉,၄၁၁,၉၁၈) သိန်း ဖြစ်ပါသည်။

(ဋ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား ပြစ်မှုဆိုင်ရာကိစ္စရပ်များ နှင့် ပတ်သက်၍ အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံဒေသအတွင်း နိုင်ငံများနှင့်သော်လည်းကောင်း၊ အခြားကမ္ဘာ့နိုင်ငံများနှင့်သော်လည်းကောင်း ပြစ်မှုဆိုင်ရာ အပြန်အလှန်အကူအညီပေးရေး ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ တည်ဆဲပြည်တွင်း ဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

(ဌ) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည်နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးသို့ လာရောက်လျှောက်ထားသူ ကျား (၁၀၆,၂၈၅) ဦး၊ မ (၉၃,၁၈၆) ဦး၊ စုစုပေါင်း (၁၉၉,၄၇၁) ဦးရှိပြီး ကျား (၁၀၃,၆၀၆) ဦး၊ မ (၉၂,၄၀၉) ဦး၊ စုစုပေါင်း (၁၉၆,၀၁၅) ဦးတို့အား မြန်မာနိုင်ငံကူး လက်မှတ်များ ထုတ်ပေးခဲ့ပြီး ထုတ်ယူခြင်းမပြုသေးသည့် စာအုပ် (၁၉,၃၄၉) အုပ် ကျန်ရှိပါသည်။

(ဍ) မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ် အနေဖြင့် ကင်းရှင်းသူ စုစုပေါင်း (၁၂၂) ဦးအား မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် ထုတ်ပေးခဲ့ပါသည်။ ဆက်လက်၍ အထူးအစီအစဉ်သစ်အရ မြန်မာရွှေ့ပြောင်းအလုပ်သမား (၂,၀၁၀) ဦး၏ မြန်မာနိုင်ငံကူး လက်မှတ်

လျှောက်ထားမှုအား စိစစ်ခဲ့ပြီး (၄,၅၀၉) ဦးအား မြန်မာနိုင်ငံကူး လက်မှတ်များ ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

(ဎ) ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာသံရုံးရှိ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံး အနေဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အစီရင်ခံသည့်ကာလအတွင်း မြန်မာနိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားသူ မြန်မာအလုပ်သမား (၂၀,၀၂၀) ဦးအား လက်ခံ စိစစ်ပေးခဲ့ပြီး အလုပ်သမား (၁,၇၀၄) ဦး အား မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

(ဏ) အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၈ နှင့် ပုဒ်မ ၁၇ အရ ယာယီမှတ်ပုံတင်လက်မှတ်များထုတ်ပေးလျက်ရှိရာ ပြည်တွင်းအသင်းအဖွဲ့ (၅၅) သင်းနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (၉) သင်း၊ စုစုပေါင်း (၆၄) သင်းတို့အား ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

(တ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့/ တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟ တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေး နှင့်တရားဥပဒေစိုးမိုးရေး တံဆိပ် စုစုပေါင်း ၆၁,၉၁၈ ဦးကို ပေးအပ်ချီးမြှင့်နိုင်ခဲ့ပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက် ပြဋ္ဌာန်းချက်အား နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၇၄/၂၀၁၄) ဖြင့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ် (၁၂) မျိုးအား ထုတ်ပြန်ခဲ့ပါသည်။

(ထ) နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်အတွက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆု ချီးမြှင့်ရေးလုပ်ငန်း ကော်မတီမှ အောက်ပါဆု (၉) မျိုးအား ချီးမြှင့်ပေးအပ်နိုင်ရေး အမှတ်ပေးဇယားများဖြင့် စိစစ်ရွေးချယ် ဆောင်ရွက်လျက် ရှိပါသည်-

(က) ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု
(ခ) ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးစံပြကျေးရွာဆု
(ဂ) စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု
(ဃ) စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု
(င) မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု

(စ) မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု

(ဆ) ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု

(ဇ) စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြု ကော်မတီဆု

(ဈ) စွမ်းဆောင်မှုအကောင်းဆုံးမြို့နယ်စည်ပင်သာယာရေးကော်မတီဆု

(ဒ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာ စိစစ်ရေး အဖွဲ့သည် ဥပဒေအရ တင်ပြလာသော အမှုတွဲများနှင့် စပ်လျဉ်း၍ စိစစ်ရေးအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး ခရိုင်စုံစမ်းစစ်ဆေးရေး အဖွဲ့ (၁၆) ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(ဓ) အကြမ်းဖက်မှုတိုက်ဖျက်ရေး နည်းဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီသည် ကိုယ်စားလှယ် အဖွဲ့ဝင်(၁၉)ဦးဖြင့် ညှိနှိုင်းအစည်းအဝေး (၃) ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

(န) အမျိုးသားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီသည် တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခုတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု (၂၅၆) ကြိမ်တွင် အင်အား (၃,၀၃၈) ဦးဖြင့် အိမ်ခြေ (၈၂၆) လုံး၊ ဒုက္ခသည်ပေါင်း (၂,၃၈၄) ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(ပ) နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီမှ အမည်မည်း စာရင်းစိစစ်ဦးရေ နိုင်ငံသား (၇) ဦး၊ နိုင်ငံခြားသား (၃၀၂) ဦး၊ အမည်မည်း စာရင်း ရေးသွင်းဦးရေ နိုင်ငံသား (၅၆) ဦး၊ အမည်မည်းစာရင်းပယ်ဖျက်ဦးရေနိုင်ငံသား (၄၆) ဦး အား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် INGO အသင်းအဖွဲ့စုစုပေါင်း (၄) ဖွဲ့တွင် ပါဝင်သော အမှုဆောင်အဖွဲ့ဝင် နိုင်ငံခြားသား (၁၇) ဦးအား စိစစ်ခဲ့ ပါသည်။

(ဖ) အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီသည် အရေးပေါ်ကာလ စီမံခန့်ခွဲရေး ဗဟိုကော်မတီရုံး ဖွင့်လှစ်ထားရှိပြီး မြန်မာနိုင်ငံတစ်ဝှမ်းရှိ နေ့စဉ်ထူးခြားဖြစ်စဉ်များကို အချိန်နှင့် တစ်ပြေးညီ သတင်းလက်ခံ၍ တင်ပြခြင်း၊ မြန်မာနိုင်ငံ အမျိုးသားအရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုရုံး ဖွင့်လှစ်၍ နေ့စဉ်ဆူပူအကြမ်းဖက် ဖျက်ဆီးမှုနှင့် အဓိကရုဏ်းအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်မည့်သတင်းများ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဒုတိယသမ္မတ ဦးဉာဏ်ထွန်း (ဥက္ကဋ္ဌ၊ အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီ) ဦးဆောင်၍ ပြင်ဆင် ဖွဲ့စည်းခဲ့သည့် အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး

အမှတ်စဉ် (၁/၂၀၁၅) ကို ၂၀၁၅ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(ဗ) တိုင်းဒေသကြီး/ ပြည်နယ်များတွင် ခရိုင် (၇၄) ခရိုင်၊ မြို့နယ် (၃၃၀) မြို့နယ်၊ မြို့ (၄၂၂) မြို့၊ ရပ်ကွက် (၃,၁၈၃)၊ ကျေးရွာအုပ်စု (၁၃,၆၀၂) အုပ်စုနှင့် ကျေးရွာ (၆၃,၈၆၀) ရွာ တည်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြင်ဆင် ဖွဲ့စည်းခြင်းများကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးကို ခရိုင် (၉) ခရိုင်ဖြင့် ဖွဲ့စည်းထားရာမှ ရွှေဘိုခရိုင်အား ရွှေဘိုခရိုင်နှင့် ကန့်ဘလူခရိုင်ဟူ၍ ပြင်ဆင် ဖွဲ့စည်းပြီး၊ ခရိုင် (၁) ခရိုင် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ရွှေဘိုခရိုင်၊ တန့်ဆည် မြို့နယ်အတွင်း ကျေးရွာ (၁) ရွာ တိုးချဲ့ ဖွဲ့စည်းခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်အတွင်း ပိန်းဇလုပ်ကျေးရွာ အုပ်စုအား ရပ်ကွက် (၂) ရပ်ကွက် ပါဝင်သော ပိန်းဇလုပ်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်အတွင်း ဆင်ဖြူကျွန်း (၁) ကျေးရွာအုပ်စုနှင့် ဆင်ဖြူကျွန်း (၂) ကျေးရွာအုပ်စုတို့အားစုစည်း၍ ရပ်ကွက် (၃) ရပ်ကွက်ပါဝင်သော ဆင်ဖြူကျွန်းမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်အတွင်း ကမ္မကျေးရွာအုပ်စုအား ရပ်ကွက် (၁၂) ရပ်ကွက် ပါဝင်သော ကမ္မမြို့အဖြစ် တိုးချဲ့ ဖွဲ့စည်းခြင်းနှင့် ဂန့်ဂေါခရိုင်အတွင်း ဂန့်ဂေါမြို့နယ်၊ ကျော ကျေးရွာအုပ်စုအား ရပ်ကွက် (၃)ရပ်ကွက်ပါဝင်သော ကျောမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်းမြို့နယ်အတွင်း သမုန်းကိုင်း ကျေးရွာနှင့် မြောက်ကျွန်း ကျေးရွာအား ကျေးရွာအမည်စာရင်းမှ ပယ်ဖျက်ခြင်း၊ တောင်သာ မြို့နယ်အတွင်း ကျေးရွာအုပ်စု (၅)အုပ်စုအား အမည် ပြောင်းလဲ ပြင်ဆင် ဖွဲ့စည်းခြင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်အတွင်း ဖောင်စိန်ကျေးရွာ အုပ်စုအား ဖောင်စိန်ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ရခိုင်ပြည်နယ်၊ မြောက်ဦး ခရိုင်၊ မြေပုံမြို့နယ်အတွင်း ကျွန်းသာယာကျေးရွာ အုပ်စု အား ကျွန်းသာယာကျေးရွာ အုပ်စုနှင့် ငပသုန်ကျေးရွာအုပ်စုဟူ၍ ပြင်ဆင်ဖွဲ့စည်းပြီး၊ ကျေးရွာအုပ်စု (၁)အုပ်စု တိုးချဲ့ဖွဲ့စည်းခြင်းတို့အား ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှာစာ တင်ပြထားပါသည်။

(ဘ) မြန်မာနိုင်ငံ၏ကောင်းမွန်သောအုပ်ချုပ်မှုလုပ်ငန်းစဉ်ဆိုင်ရာဖိုရမ် (Myanmar Good Governance Forum) ကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှ (၂၅) ရက်နေ့အထိ နေပြည်တော် MICC II တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ

၏ ကောင်းမွန်သော အုပ်ချုပ်မှုလုပ်ငန်းစဉ် ဆိုင်ရာဖိုရမ်သည် ပြည်ထဲရေးဝန်ကြီး ဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme- UNDP) တို့ ပူးတွဲကျင်းပပြုလုပ်သည့် ဖိုရမ် ဖြစ်ပါသည်။

(မ) လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ကျင့်ထုံး-၄၀၁(၁) အရ အကျဉ်းသားများ လွတ်မြောက်မှု အခြေအနေမှာ နိုင်ငံသား၊ နိုင်ငံသူ (၃,၀၁၈) ဦး နှင့် နိုင်ငံခြားသား/သူ (၅၈) တို့ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် ပူးပေါင်း ဆောင်ရွက်မှုတွင် အစီရင်ခံသည့်ကာလအတွင်း ICRC အဖွဲ့မှ အကျဉ်းထောင်/ စခန်း (၁၄) ခုသို့ ဝင်ရောက်လေ့လာခဲ့ပါသည်။ အားကစား(၅)မျိုး၊ ကလေးအသုံး အဆောင် ပစ္စည်းများနှင့်ကစားစရာများ၊ ဘာသာရေးစာအုပ်များ၊ အခြားဗဟုသုတ စာအုပ်များ အင်္ကျီနှင့်ပုဆိုးများ၊ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ ကလေး ခြင်ထောင်၊ ပိတ်ပြာစနှင့် အမျိုးသမီး အတွင်းခံ (၃) မျိုး၊ ရသစုံစာအုပ်စာပေ (၁၀) မျိုး လှူဒါန်းခဲ့ပါသည်။

(ယ) အင်းစိန်ဗဟိုအကျဉ်းထောင်၊ မန္တလေး ဗဟိုအကျဉ်းထောင်နှင့် တောင်ကြီး အကျဉ်းထောင်တို့တွင် Union ART Supply အဖွဲ့မှ HIV/ AIDS ရောဂါ ခံစား နေရသော အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများအား စမ်းသပ် စစ်ဆေးခြင်း၊ ပိုးတန့်ဆေး (ART)ဖြင့်ကုသခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း အင်းစိန် ဗဟို အကျဉ်းထောင်သို့ (၂၁) ကြိမ်၊ မန္တလေးဗဟိုအကျဉ်းထောင်သို့ (၂၀) ကြိမ်၊ တောင်ကြီး အကျဉ်းထောင်သို့ (၂) ကြိမ်ဝင်ရောက်၍ ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ရ) မီးသတ်ဦးစီးဌာနတွင်း ဖွင့်လှစ်သည့် သင်တန်း (၂၁) ခုသို့ အင်အား (၂,၁၃၅) ဦး၊ အခြား ဝန်ကြီးဌာနနှင့် အဖွဲ့ အစည်းများမှ ကြီးမှူးကျင်းပသော သင်တန်း (၂၀) ခု သို့ အင်အား (၃၈) ဦး၊ ပြင်ပသင်တန်း (၃၀) ခုသို့ အင်အား (၂,၆၇၅) ဦး စေလွှတ် တက်ရောက်စေခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များ၌ အကြို အခြေခံ မီးသတ်ပညာသင်တန်း (၁၈၀) ကြိမ် ဖွင့်လှစ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင် (၇,၀၂၀) ဦး ကို သင်ကြားပို့ ချခဲ့ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နယ်စပ်ရေးရာဝန်ကြီးဌာနသည်နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းတံတားတွင် မြေလမ်း (၃၅၈/၀) မိုင်၊ ကျောက်လမ်း (၁၂၄/၁) မိုင်၊ ကတ္တရာလမ်း (၃၂/၀) မိုင် ဆောက်လုပ်ပြီးစီးခဲ့ပြီး၊ လမ်းမိုင် (၁၅၃/၀) မိုင် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ တံတားကြီး (၁၀) စင်း၊ တံတားငယ် (၂၁၉)စင်း၊ ကြိုးတံတား (၅) စင်းနှင့် ရေပြွန် (၁၉၇) ခု တည်ဆောက်ပြီးစီးခဲ့ပါသည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးမြေ (၃,၆၆၀) ဧက ဖော်ထုတ်ပေးခြင်း၊ မွေးမြူရေးလုပ်ငန်း အတွက် မွေးမြူရေးခြံ (၂၁) ခြံဆောက်လုပ်ပေးခြင်း၊ စွမ်းအင်လုပ်ငန်းအတွက် ဆိုလာ (၁,၁၇၈) ခု တပ်ဆင်ပေးခြင်း၊ ကျေးရွာ (၂၁) ရွာကို ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအနေဖြင့် စာကြည့်တိုက်(၅)ခု တည်ဆောက်ပေးခြင်း၊ သာသနာရေးလုပ်ငန်းအနေဖြင့် ဘုန်းကြီးကျောင်း (၁၃) ကျောင်းနှင့်အခြား သာသနိက အဆောက်အဦ (၈) ခု ဆောက်လုပ်ပေးခြင်းတို့ဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ပူးပေါင်း၍ ချင်းပြည်နယ်တွင် စာသင်ကျောင်း ၁၁ ကျောင်း၊ တံတား ၅ စင်း၊ ကျန်းမာရေးလုပ်ငန်း ၉ ခု နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စာသင်ကျောင်း ၁၀ ကျောင်း၊ တံတား ၃ စင်း၊ ကျန်းမာရေးလုပ်ငန်း ၈ ခု တို့ကိုတည်ဆောက်ပေးခဲ့ပါသည်။

(ဃ) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် အခြေခံပညာမူလတန်းကျောင်း ၈ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း နှင့် တွဲဘက်အခြေခံပညာအလယ်တန်းကျောင်းတို့ကို တည်ဆောက်ပေးခဲ့ပါသည်။

(င) SWISS Agency For Development Cooperation (SDC) နှင့် ပူးပေါင်း၍ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း ၂၀ ကျောင်း၊ အလယ်တန်းကျောင်း ၁ ကျောင်း နှင့် အထက်တန်းကျောင်း ၁ ကျောင်း၊ ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၂ ခု၊ ရေကန် ၁ ကန်၊ ရေစက် ၁ ခု

ဆောက်လုပ်ပေးခဲ့ပြီး၊ ဆေးဝါး နှင့် အစားအစာတို့ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။

(စ) အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ပူးပေါင်း၍ မင်းပြားမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်တို့တွင် အခြေခံပညာ မူလတန်းကျောင်း ၄ ကျောင်း ဆောက်လုပ်ခဲ့ပါသည်။

(ဆ) United Nations Development Programme (UNDP) နှင့်ပူးပေါင်း၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်တို့တွင် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းမှုသင်တန်း၊ လမ်း/ တံတားနှင့် အခြေခံ အဆောက်အဦးများ၊ လူမှုကာကွယ်ရေးသင်တန်း၊ လူမှုကာကွယ်ရေးအထောက်အပံ့နှင့် အခြားလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

(ဇ) United Nations High Commissioner for Refugees (UNHCR) နှင့် ပူးပေါင်း၍ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေရရှိရေးလုပ်ငန်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်လူထုဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်း၊ နေအိမ်နှင့် အခြေခံအဆောက်အအုံလုပ်ငန်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါ သည်။

(ဈ) World Food Programme(WFP)၊ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)၊ Malteser International၊ Swiss Foundation for Development Cooperation (SWISSAID)၊ SWISS Agency For Development Cooperation (SDC)၊ Japan International Cooperation Agency (JICA) တို့နှင့် ပူးပေါင်း၍ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အမျိုးသမီးဖွံ့ဖြိုးရေး စီမံကိန်း၊ စာသင်ကျောင်းဆောက်လုပ်ခြင်း၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေ ရရှိရေး၊ မွေးမြူရေး၊ ဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ သဘာဝအရင်းအမြစ်ရေရှည် တည့်တံ့ရေး၊

လူထုစွမ်းဆောင်ရည်မြှင့်တင်ရေး၊အသေးစားငွေစုငွေချေးလုပ်ငန်း စီမံကိန်းတို့ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိ ပါသည်။

(ည) အသက်မွေးမှုပညာ လေ့ကျင့်သင်တန်းကျောင်း (စက်ပြင်/အလုပ်ရုံ) တွင် သင်တန်းသား ၇၅၀ ဦး နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (၃၇) ကျောင်းတွင် အခြေခံစက်ချုပ်၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေး၊ ဂျပ်ခုတ်/ရက်ကန်း စသည့် သင်တန်းများကို ဖွင့်လှစ်ပေးပြီး သင်တန်းသူ စုစုပေါင်း (၄,၀၀၉) ဦး သင်ကြားပေးခဲ့ပါသည်။

(ဋ) အထူးဖွင့်လှစ်သည့်သင်တန်းများတွင် သင်တန်းသူ (၁,၁၁၄)ဦး တက်ရောက် ခဲ့ကြပြီး ခေတ်မီမော်တာအထည်ချုပ်စက်ရုံများသို့ (၈၈၂) ဦး တို့အား ကျွမ်းကျင် ဝန်ထမ်းများအဖြစ် ခန့်အပ်ပြီးဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း သင်တန်း သား (၅၄၂) ဦးတို့အား အထည်ချုပ် စက်ရုံများ တွင် အလုပ်ခန့်အပ်ပေးခဲ့ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**။ နိုင်ငံတော်၏ လူမှုစီးပွားရေးစီမံကိန်း များနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အတွက်အထောက်အကူဖြစ်စေမည့် လူဦးရေ ကိန်းဂဏန်း များ ရရှိစေရန် စစ်တမ်းများ ကောက်ယူခြင်းနှင့် နိုင်ငံတော်၏ ဒေသအသီးသီးအလိုက် လူဦးရေ ခန့်မှန်းပေးခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်-

(က) မိုးပွင့်စီမံချက် အဆင့် ၇ ကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်း ၁၄၀,၁၅၉ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၁၆,၃၄၉ ကတ်နှင့် မိုးပွင့် (အထူး)စီမံချက်အရ အိမ်ထောင်စုလူဦးရေစာရင်း ၁၄၄,၅၁၃ ခု၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၆၇၅,၄၉၃ ကတ်အား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(ခ) တည်ဆဲမြန်မာနိုင်ငံသားဥပဒေအရ ဧည့်နိုင်ငံသား လက်မှတ်နှင့် ဧည့်နိုင်ငံသား စိစစ်ရေးကတ်ပြားစုစုပေါင်း ၁၈၁ ဦး၊ နိုင်ငံသားပြုခွင့် လက်မှတ်နှင့် နိုင်ငံသား ပြုခွင့် စိစစ်ရေးကတ်ပြား စုစုပေါင်း ၁,၄၁၈ ဦးတို့ ထုတ်ပေးခဲ့ပါသည်။

(ဂ) နိုင်ငံခြားသားများပြည်တွင်းနေထိုင်ခွင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား သူ ၂၇,၈၄၇ ဦး၊ ပြည်ပြန်ဝင်ဗီဇာအတွက် ၄,၇၀၇ ဦးနှင့် ဆိုက်ရောက်ဗီဇာ (On Arrival Visa) ၁၉၇,၆၉၃ ဦးတို့အတွက် တင်ပြခွင့်ပြုချက်ရရှိရေး ဆောင်ရွက် ပေးခဲ့ပါသည်။

(ဃ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေအား (၁၈-၁၁-၂၀၁၄) ရက်နေ့ တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာ

စာအမှတ် (၁/၂၀၁၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံခြားသား အမြဲနေထိုင် ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

(င) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက် နေ့မှစတင်၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် (၃)ခုတွင် e-Visa စနစ်ဖြင့် နိုင်ငံပေါင်း (၁၀၀) အား အသုံးပြုခွင့်ပေးနေပြီ ဖြစ်ပါသည်။စမ်းသပ်ကာလ ၁၀-၈-၂၀၁၄ ခုနှစ်မှ ၂၄-၃-၂၀၁၅ ရက်နေ့အထိ နိုင်ငံပေါင်း ၁၀၀ မှ e-Visa လျှောက်ထားသူ ၈၈,၉၈၈ ဦး အနက် ခွင့်ပြုပြီးသူ ၈၈,၃၂၆ ဦး ရှိရာ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အသီးသီးမှ ဝင်ရောက်သူ ၇၄,၀၃၇ ဦး ရှိပါသည်။

(စ) ရေဆိပ်စစ်ဆေးရေးအဖွဲ့မှ ဝင်ရောက် သင်္ဘော ၉၀၈ စီး နှင့် ထွက်ခွာ သင်္ဘော ၇၆၃ စီးကိုစစ်ဆေးခဲ့ပြီး၊ ကမ္ဘာလှည့်သင်္ဘော ၂၃ စီး ဝင်ရောက်/ထွက်ခွာ ခဲ့ပါသည်။ ကမ်းဆင်း ခွင့်ပြုခဲ့သော သင်္ဘောသားဦးရေ ၂၅,၄၄၁ ဦး ရှိပါသည်။ လေဆိပ်စစ်ဆေးရေးအဖွဲ့သည် နိုင်ငံခြားသားအဝင် ၆၀၂,၂၆၈ ဦး၊ အထွက် ၅၉၀,၄၉၃ ဦး၊ မြန်မာ နိုင်ငံသားအဝင် ၃၃၈,၃၁၅ ဦး၊ အထွက်၃၃၄,၅၇၇ ဦးစစ်ဆေးခဲ့ပြီး၊ နိုင်ငံကူးလက်မှတ် ၇၁၂ အုပ် ကိုအပ်နှံခဲ့ပါသည်။ လေဆိပ်စစ်ဆေးရေးအဖွဲ့မှ ON ARRIVAL VISA နှင့် OVER STAY ဖြစ်သူ စုစုပေါင်း ၇၄,၄၇၉ ဦး အတွက် အမေရိကန်ဒေါ်လာ ၃.၇၁၁ သန်း ရရှိခဲ့ပါသည်။ နယ်စပ်နှင့် ကုန်းလမ်းမှ နိုင်ငံခြား သား ၇၈၇,၄၅၇ ဦး ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသား ၃,၂၇၅,၁၅၆ ဦးထွက်ခွာ ခဲ့ပါသည်။ ပြည်ပြန်ဝင်ခွင့်ဗီဇာ ထုတ်ပေးပြီး သူ ၄,၇၀၇ ဦးနှင့် ဆက်လက်နေထိုင်ခွင့်ပြုသူ ၁၇,၇၅၆ ဦး၊ အခွန်ကင်းလွတ်ခွင့်ပြုသူ ၃,၄၉၁ ဦးတို့ဖြစ်ပါသည်။

(ဆ) အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးမှု ၆၅၅,၉၀၆ ဦး၊ အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုမှာ ၄၂၇,၆၁၆ ဦး၊ အသက် (၁၀) နှစ်မှ (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ် ရေးကတ်ပြား လဲလှယ်ထုတ်ပေးသူ ၁၄၈,၁၀၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူထုတ်ပေးမှု ၂၂၃,၅၉၁ ဦး၊ သက်သေခံ ကတ်ပြားထုတ်ပေးမှုမှာ ၃,၅၁၆ ဦး၊ ယာယီသက်သေခံ ကတ်ပြား ထုတ်ပေးမှုမှာ ၁,၈၈၃ ဦး ဖြစ်ပါသည်။

(ဇ) ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် ပင်မအစီရင်ခံစာ တွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် အချက်အလက် အသုံးပြုသူများ အလုပ်ရုံ

ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း နှင့်ပတ်သက်၍ နိုင်ငံတကာအကြံပေးအဖွဲ့ International Technical Advisory Board - ITAB အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ ပြုလုပ်ခဲ့ပါ သည်။

(ဈ) တိုင်းဒေသကြီး/ပြည်နယ်များရှိ မြေပုံများကို ခေတ်မီ G.I.S နည်းပညာနှင့် Database တည်ဆောက်လျက်ရှိပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စု မြေပုံများကို Arc GIS Software ကို အသုံးပြု၍ နယ်နိမိတ်များရေးဆွဲခြင်း လုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတို့တွင် ဆောင်ရွက်ခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး ရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

(ည) ကောက်ကွက်တစ်ကွက်ချင်းအလိုက် အဆောက်အအုံစာရင်း (ဆ-၀၂) များအား Scan ရေးဆွဲခြင်းလုပ်ငန်းများကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး နှင့်ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ မြို့နယ်များတွင် ဆောင်ရွက်ခဲ့ပါသည်။

(ဋ) ၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အုပ်ချုပ်မှု အစီရင် ခံစာ စာအုပ်နှင့် လူဦးရေနှင့်လူမှုဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စာရင်းဇယားများ ပါရှိသည့် လက်စွဲစာစောင်စာအုပ် ပြုစုနိုင်ရန်အတွက် စာရင်းဇယားများ ပြုစု လျက်ရှိပါသည်။

(ဌ) အလုပ်အကိုင်နှင့် လုပ်ငန်းဆိုင်ရာ ဂဏန်းသင်္ကေတတင်ခြင်း လုပ်ငန်းအတွက် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတို့တွင်ဆောင်ရွက်ခဲ့ပြီး၊ ရန်ကုန်တိုင်း ဒေသကြီး တွင် ဆောင်ရွက်လျက် ရှိပါသည်။

(ဍ) သန်းခေါင်စာရင်းထုတ်ပြန်ရန်အတွက် အဖွဲ့ကြီး (၈) ဖွဲ့ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စာရင်းဇယားများ စစ်ဆေးခြင်းနှင့် အစီရင်ခံစာ ပြုစုခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

(ဎ) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် ငွေလုံးငွေရင်း အသုံး စရိတ် ကျပ် ၄၂၇.၁၇၂ သန်းသုံးစွဲခဲ့ပြီး ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်။

(ဏ) မြို့နယ်ဦးစီးဌာနမှူးရုံး ၁၅ ရုံး နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးရုံး၊ ခရိုင် ဦးစီးဌာနမှူးရုံး၊မြို့နယ်ဦးစီးဌာနမှူးရုံး၊စုစုပေါင်း၇ ရုံး တို့အား အထွေထွေ ပြင်ဆင်မှု များ ပြုလုပ်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန။** အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်နိုင်ရေး နယ်နိမိတ် သတ်မှတ်ခြင်းများအား ဆောင်ရွက်ရန်နှင့် မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် မူဝါဒများချမှတ် ဆောင်ရွက်လျက် ရှိပါသည်။

(က) နိုင်ငံခြားရေးဝန်ကြီးဌာန၊နိုင်ငံခြားရေးရာ မူဝါဒကော်မတီ အစည်းအဝေး ကျင်းပခဲ့ပါသည်။

(ခ) မြန်မာ-တရုတ် နယ်စပ်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရန် ကိစ္စနှင့်တင်ပြခြင်း၊ မြန်မာ့တပ်မတော်နှင့် ကိုးကန့်သောင်းကျန်းသူအကြားဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်မည့် သတင်းထုတ်ပြန်ချက်အား နိုင်ငံတော်သမ္မတ ဦးစီးရုံးသို့ တင်ပြခဲ့ပါသည်။

(ဂ) တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲ ကော်မရှင် အစည်းအဝေးကို မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်နိုင်ရန် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်အသစ် မစ္စတာပရာယုဒ်ချန်အိုချာ ၏ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နှင့် ယင်းခရီးစဉ်အတွင်း နားလည်မှု စာချွန်လွှာ ၃ ခု လက်မှတ်ရေးထိုးရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အီသီယိုပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ တို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

(စ) အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် ၃၄/၂၀၁၄ သင်တန်း ကို သင်တန်းသူ ၁၆၈ ဦး တက်ရောက်ခဲ့ကြပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဟာဗျူဟာနှင့် မူဝါဒရေးရာ လေ့လာရေး ဦးစီးဌာန အား ၂၅-၃-၂၀၁၅ ရက်နေ့ ၌ ဖျက်သိမ်း၍ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန လက်အောက်သို့ ထည့်သွင်းကာ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်း ခဲ့ပါသည်။

(ဆ) ဒုတိယအကြိမ်မြောက် မြန်မာ-အမေရိကန် လူ့အခွင့်အရေးဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄၊ ၁၅ ရက်နေ့များတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့ပါသည်။

(ဓ) နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့တွင်ရှိသော ဓာတုလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်ဆိုင်ရာ အဖွဲ့အစည်းဌာနချုပ်၌ အဖွဲ့ဝင်နိုင်ငံများ၏ ၁၉ ကြိမ်မြောက် ညီလာခံနှင့် ဩစတြီးယားအစိုးရ ၏ ဖိတ်ကြားချက်အရ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့ရှိ Hofburg Palace ၌ ကျင်းပသော နျူကလီးယားလက်နက်များ၏ လူသားချင်းစာနာမှု အကျိုး သက်ရောက်ခြင်း ဆိုင်ရာ တတိယအကြိမ်မြောက် ညီလာခံသို့ ဒုတိယဝန်ကြီး တက်ရောက်ခဲ့ပြီး ဇီဝလက်နက် တားဆီး ပိတ်ပင်ရေး စာချုပ်သို့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့တွင် ဇီဝလက်နက် တားဆီး ပိတ်ပင်ရေးစာချုပ်၏ ၁၇၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ် လာပါသည်။

(ဈ) မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေစဉ် အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားခဲ့သူများနှင့် ထိခိုက်ဒဏ်ရာရရှိသူ မြန်မာနိုင်ငံသား ၁၂၅ ဦး၏ လျော်ကြေး ငွေများရရှိရေးကိစ္စနှင့်ပတ်သက်၍ မြန်မာသံရုံး ကွာလာလမ်ပူမြို့နှင့် လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မလေးရှား သံရုံးနှင့်လည်းကောင်း၊ လျော်ကြေးငွေများ ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များနှင့် လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

(ည) အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားဟောင်း များ မြန်မာနိုင်ငံသို့ အပြီးပြန်လာရန် လျှောက်ထားသူများကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရမှ ခွင့်ပြုချက်ရရှိပြီးသူ ၅၀ ဦးအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့်လည်းကောင်း၊ သက်ဆိုင်ရာ မြန်မာသံရုံးများနှင့်လည်းကောင်း မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေး အတွက် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ပါသည်။

(ဋ) မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ အတည်ပြုသတ်မှတ်ပြီးသည့် နယ်နိမိတ်တစ်လျောက်ရှိ နယ်နိမိတ် မှတ်တိုင်များအကြားနှင့် နှစ်နိုင်ငံ သဘောတူညီချက်ဖြစ်သည့် နယ်နိမိတ်မျဉ်းမှအဆောက်အဦ မဆောက်လုပ်ရဇုန် ၁၀ မီတာအတွင်း သာမက မြန်မာနိုင်ငံ ပိုင်နက်အတွင်း ကျရောက်နေသော အိန္ဒိယဘက်က ကျူးကျော် ဆောက်လုပ်ထားသည့် အဆောက်အဦများအား ပြန်လည် ဖယ်ရှားပေးရန် နှစ်နိုင်ငံအကြားကျင်းပသည့် အစည်းအဝေးများတွင် အစဉ်တစိုက် ရပ်တည် ဆွေးနွေးခဲ့ပါသည်။

(ဌ) နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဥပဒေများအနက် သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေတို့အား ပြင်ဆင် ပြဋ္ဌာန်းနိုင်ရေးအတွက် အက်ဥပဒေနှစ်ရပ်အား ၁၄-၂-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

(ဍ) ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ ကမ်းလှမ်းလာသည့် ပညာသင်ဆုများ ဂျာမဏီနိုင်ငံ German Academic Exchange Service (DAAD)၊ ဂျပန်နိုင်ငံ Monbukagakusho (MEXT)၊ SEAMEO၊ Japan Foundation၊ New Zealand၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ Beijing Forestry University၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကမ်းလှမ်းလာသည့် ပညာသင်ဆုများကို ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများ၊ ပြည်ပရှိ မြန်မာသံရုံးများနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန တို့အကြား ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။** နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုစီးပွားလျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ (၈) ရပ်ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြည်တွင်း၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်း၍ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့်သင်တန်းများ ၉ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဝန်ကြီးဌာနမှအရာထမ်း/ အမှုထမ်း ၁၈၂ ဦးသည် ပြည်ပ နိုင်ငံများသို့ အစည်းအဝေး၊ ဆွေးနွေးပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲနှင့် သင်တန်းများ တက်ရောက်ခဲ့ပါသည်။

(ခ) နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(၁) အာရှဖွံ့ဖြိုးရေးဘဏ်မှ ၎င်း၏လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၃ ရက်နေ့ အထိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၌ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

(၂) ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဦးဆောင်၍ ဘင်္ဂလားဒေ့ရှ်-တရုတ်

- အိန္ဒိယ-မြန်မာ ၄ နိုင်ငံ စီးပွားရေး စင်္ကြံဆိုင်ရာ နိုင်ငံအစီရင်ခံစာနှင့် စပ်လျဉ်းသည့် ကြိုတင် ညှိနှိုင်းအစည်းအဝေးကို သက်ဆိုင်ရာ ဝန်ကြီး ဌာနများနှင့်ပူးပေါင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

(၃) ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ- မြန်မာ ၄ နိုင်ငံ စီးပွားရေး စင်္ကြံဆိုင်ရာ BCIM-EC Country Report (draft) နှင့် စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနတွင် ကျင်းပပြုလုပ် ခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပုဂ္ဂိုလ် ၁၄ ဦး တက်ရောက်ခဲ့ပါသည်။

(ဂ) အစီရင်ခံသည့် ကာလအတွင်း အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ နှင့် ဆွေးနွေးဖက်နိုင်ငံများတို့ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ဒေသအလိုက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(၁) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ဖွံ့ဖြိုးမှု အဖွဲ့အစည်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့နှင့် ကိုရီးယား အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်း၍ KOICA Flagship Projects Launch Forum on Establishing the Myanmar Development Institute(MDI) and Implementation of the Saemaul-Undong (New Village/ Community Movement) in Myanmar ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) နေပြည်တော်တွင် ကျင်းပ ပြုလုပ်ခဲ့ပြီး၊ ဖိုရမ်သို့ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ လယ်သမားများ တက်ရောက်ခဲ့ကြပါ သည်။

(၂) နယူးဇီးလန်နိုင်ငံ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အင်္ဂလိပ်စာ သင်တန်း (Advanced English Language Training Course)၊ ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးနှင့် DFID တို့၏အထောက်အပံ့ဖြင့်

ဖြိတိသျှကောင်စီ၏ အင်္ဂလိပ်ဘာသာစကား စွမ်းရည်မြှင့်တင်မှုနှင့် ကျွမ်းကျင်မှုသင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပါသည်။

(၃) ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီ ဂျပန်ယန်း ၁၇ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးဆိုင်ရာ ဒေသတွင်း ဖွံ့ဖြိုးမှုစီမံကိန်းနှင့် စပ်လျဉ်း သည့်အစည်းအဝေးကို ၁၃-၂-၂၀၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

(င) ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာကုမ္ပဏီ ၂,၉၄၁ ခု နှင့် အများပိုင် ကုမ္ပဏီ ၂၆ ခု၊ စုစုပေါင်း ၂,၉၆၇ ခု ကို ဖွဲ့စည်း မှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။ ထို့အပြင် နိုင်ငံခြားကုမ္ပဏီ ၅ ခု၊ ဖက်စပ် ကုမ္ပဏီ ၂ ခုနှင့် အသင်း ၄ သင်း တို့ကို ဖွဲ့စည်းမှတ်ပုံတင် ပေးနိုင်ခဲ့ပါသည်။ မြန်မာကုမ္ပဏီ ၂,၄၅၈ ခု၊ နိုင်ငံခြားကုမ္ပဏီ ၆၃ ခုတို့ကို ငါးနှစ်သက်တမ်းတိုး ပေးခဲ့ပြီး၊ ကုမ္ပဏီ ၂ ခုအား အမည်မည်း (Black List) သတ်မှတ်ခြင်းမှ ပြန်လည် ပယ်ဖျက်ခဲ့ပါ သည်။

(စ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး ၁၂ ကြိမ် ကျင်းပ ဆောင်ရွက် ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြုချက် ၇၄ ခု၊ မြန်မာ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြုချက် ၃၉ ခု၊ ကော်မရှင် ခွင့်ပြု မိန့်ရပြီး လုပ်ငန်းများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်ပြချက် ၈၇ ခု၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်ပြချက် ၄၉ ခု၊ အထွေထွေ တင်ပြချက် ၅၈ ခု နှင့် စားပွဲတင် တင်ပြချက် ၅၄ ခု တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခု တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁၂ ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၄,၃၃၄.၂၄ သန်း အတွက် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂,၄၁၆.၇၆ သန်း ဖြင့် ရင်းနှီးမြှုပ်နှံမှု အများဆုံး ဝင်ရောက် ခဲ့ပါသည်။အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သော စက်မှုကဏ္ဍ သည် လည်းလုပ်ငန်း ၈၃ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၁,၁၃၆.၁၉၇၄ သန်း ဖြင့် ဒုတိယ အများဆုံးရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာခဲ့ပါသည်။

(ဇ) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၁ ခု တွင် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၄၄ ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၆၁၉,၆၅၂.၃၅ သန်း အတွက် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ လုပ်ငန်း ၃ ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၁၆၁,၇၂၃.၅၄ သန်းဖြင့် အများဆုံး ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး

ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် လုပ်ငန်း ၁၈ ခုအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၁၈၁,၃၇၅.၆၆ သန်းခွင့်ပြုပေးခဲ့ပါသည်။

(ဈ) အထူးစီးပွားရေးဇုန် လုပ်ငန်းများ အနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(၁) ထားဝယ် အထူးစီးပွားရေးဇုန် လုပ်ငန်းများအနေဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂ ရက်နေ့ အထိ ကျင်းပသည့် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆိုင်ရာ မြန်မာ-ထိုင်းလုပ်ငန်းအဖွဲ့၏ (၁၁) ကြိမ်မြောက်အစည်းအဝေး ကျင်းပပြုလုပ်ခြင်းအပါအဝင် အစည်းအဝေး (၉) ကြိမ် ဆောင်ရွက်နိုင်ခဲ့ ပြီး နိုင်ငံခြားသား ကျား (၄၇၃) ဦးနှင့် မ (၉၇) ဦး စုစုပေါင်း (၅၇၀) ဦး ရောက်ရှိ တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

(၂) ထားဝယ်အထူးစီးပွားရေးဇုန်၏ ဆောက်လုပ်ရေးကဏ္ဍတွင် ပယင်းဖြူ ဆည်တည်ဆောက်ခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍတွင် ဆိပ်ကမ်းငယ် တည်ဆောက်ခြင်းနှင့် အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်း နယ်စပ် ဖူနာရွန်အထိ မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

(၃) သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများစတင် လုပ်ကိုင် နိုင်ရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် မြန်မာ အထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၉၅ ပုဒ်မခွဲ (က) နှင့်အညီ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ အမိန့် ကြော်ငြာစာ အမှတ် ၈၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်၊

(၄) Myanmar Japan Thilawa Development Ltd. မှ စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရေ နှင့် လျှပ်စစ်မီး ရရှိရေး အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၅) သီလဝါအထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အဦ တည်ဆောက် နေမှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေမှာ MJTD Co., Ltd. (Development)မှ ဇုန်အေဟက်တာ (၄၀၀) တွင် Infrastructure

ဆောင်ရွက် ပြီးစီးမှု ၄ ရာခိုင်နှုန်း ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ စုစုပေါင်း တည်ဆောက်ပြီးစီးမှု ၇၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ ပထမအဆင့် အေဟက်တာ (၄၀၀)တွင်ဆောက်လုပ်ရေးလုပ်ငန်း၌ MJTD Co., Ltd. (Development) မှ ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီး ဖြစ်ပါသည်။

(၆) သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားကုမ္ပဏီ (၂၅) ခုဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင် ၂ ဦး ရောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

(၇) ၂၀၁၄ခုနှစ်နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ ကျောက်ဖြူ အထူးစီးပွားရေးဇုန် တွင်ဂျာမန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) ၏ ငွေကြေးထောက်ပံ့မှု၊ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ ပါဝင်ကူညီမှု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ စီမံကြီးကြပ်မှုတို့ဖြင့် ကျောက်ဖြူ ဒေသခံ အမျိုး သမီးသင်တန်းသူ (၅၀) ဦးကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ သင်တန်းခန်းမတွင် အထည်ချုပ် သင်တန်းအား တစ်လကြာ ဖွင့်လှစ်ပို့ချခဲ့ပါသည်၊

(၈) ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်၊ ၂၁ ရက် နှင့် ၂၄ ရက်နေ့များတွင် မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေဆိုင်ရာ ညှိနှိုင်း အစည်းအဝေး ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(ည) အစီရင်ခံသည့်ကာလအတွင်း တရားရုံးများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ဌာန ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSS) မှ ဖမ်းဆီးရမိ၍ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းထားသည့် မော်တော်ယာဉ် (၇၇) စီးနှင့် မော်တော်ဆိုင်ကယ် (၁၀) စီးတို့အား နိုင်ငံပိုင် စာရင်းရေးသွင်းနိုင်ရေး ဆောင်ရွက်ခဲ့ပြီး သံရည်ကျို ဖျက်ဆီးရန် အတွက် မော်တော်ယာဉ် (၅၄) စီး၊ မော်တော်ဆိုင်ကယ် (၇) စီးတို့အား မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းသို့ အပ်နှံနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

(ဋ) မှတ်တမ်းမော်ကွန်းများ ရယူစုဆောင်းခြင်း လုပ်ငန်းတွင် ပြည်ထောင်စု ဝန်ကြီး ဌာနများမှ ပုံမှန်ပေးပို့သော မှတ်တမ်း၊ မော်ကွန်းများအပြင် မှတ်တမ်း ဖလှယ်ခြင်းအစီအစဉ်ဖြင့် အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် မှတ်တမ်းများအား မြို့နယ်အဆင့်အထိ ကွင်းဆင်းရယူ ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(၁) ပြည်ထောင်စုလွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရုံးတို့မှ ပေးပို့သော အစည်းအဝေးမှတ်တမ်း စာအုပ် (၂၅) အုပ်နှင့် ပြည်ထောင်စု ဝန်ကြီးဌာနအသီးသီးတို့မှ ပေးပို့သော စာအုပ် (၁၇၈၂) အုပ်၊ စာတွဲ (၈၁) တွဲ၊ ပြန်တမ်း (၂၄) စောင်၊ ဥပဒေ (၅၈) တွဲ၊ သတင်းစဉ် (၅၀) စောင်၊ အယ်လ်ဘမ် (၁၂) အုပ်၊ CD/ DVD (၄၆) ချပ်တို့ကို စုဆောင်းနိုင်ခဲ့ပါသည်။

(၂) မှတ်တမ်းဖလှယ်ခြင်း အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ သူရိယသတင်းစာ (Microfilm) များအား ငှားရမ်း၍ Microfilm မှ Digitization သို့ ကူးပြောင်းရယူ သိမ်းဆည်းနိုင်ခဲ့ခြင်းနှင့် ပညာရေးနှင့် သက်ဆိုင်သည့် သုတေသနဆိုင်ရာ စာအုပ်များအား Digitizationနည်းပညာဖြင့် သိမ်းဆည်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

(၃) ဤဦးစီးဌာန၏ မှတ်တမ်းရယူရေးစီမံချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကွင်းဆင်း ရယူထားသော ပြန်တမ်းများ၊ ဒေသဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီရင်ခံစာများ၊စီမံချက်၊ စီမံကိန်း ရည်မှန်းချက်များ ပါဝင်သည့် မှတ်တမ်း စာအုပ် (၁၃၀) အုပ်၊ CD (၂) ချပ်စုဆောင်းနိုင်ခဲ့ပါသည်။

(၄) ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကွင်းဆင်း ရယူထားသော တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဒေသဆိုင်ရာ အချက်အလက်များ၊ အစီရင်ခံစာများ၊ Gazetteer များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ ပါ ဝင်သည့် မှတ်တမ်းစာအုပ် (၁၈၃) အုပ်၊ CD (၂၅) ချပ် တို့ကို စုဆောင်းရယူခဲ့ပါသည်။

(၅) နိုင်ငံခြားရေးဝန်ကြီးဌာနသို့မှတ်တမ်းများ ရယူနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ ချုပ်ဆိုသည့် စာချုပ် (၁၃)ခု၊ စာတွဲ (၂၆) တွဲအား စိစစ်၍ လွှဲပြောင်း ရယူနိုင်ရန် ခွင့်ပြုမိန့်တင်ပြဆဲနှင့် (၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးနှင့်

ပတ်သက်သည့် မှတ်တမ်းများ DVD (၅) ချပ် တို့ကို စုဆောင်း ရယူခဲ့ပါသည်။

(၆) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပေးပို့သော စာချုပ် မူရင်း/ မိတ္တူ (၃)ခုနှင့် ပျဉ်းမနားမြို့နယ်၊ ညောင်ပင်ကြီးစုရွာ၊ သိမ်ကျောင်းတွင် ထိန်းသိမ်း ထားသော ရှေးဟောင်းပေစာချုပ်များဖြစ်သည့် သီပေါမင်း လက်ထက် စာချွန်လွှာ၊ မဏိရတနာပုံကျမ်း (မြန်မာသက္ကရာဇ် ၈၅၂ ခုနှစ်)၊ ဝိဓူရဇာတ်တော်ကြီး (မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ်)တို့အား Digitization လုပ်ငန်းဆောင်ရွက်၍ Digital Format ဖြင့် ရယူ စုဆောင်းနိုင်ခဲ့ပါသည်။

(၇) နိုင်ငံခြားရေးဝန်ကြီးဌာနမှ မော်ကွန်းပညာပြန့်ပွားရေး အစီအစဉ်အဖြစ် မှတ်တမ်း ထိန်းသိမ်းမှု နည်းစနစ်များအား ဌာနဆိုင်ရာ အရာထမ်း/ အမှုထမ်းများ သိရှိ နားလည်စေရေးအတွက် ပညာပေးဆွေးနွေးခဲ့ခြင်းနှင့် မော်ကွန်းဥပဒေစာအုပ်များ၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(၈) သုတေသီများမှီငြမ်းနိုင်ရန် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော မော်ကွန်းဝင်မှတ်တမ်းများအား မပျောက်မပျက်စေဘဲ တစ်စုတစ်စည်းတည်း ထိန်းသိမ်းထားရှိရန် စီမံချက်ဖြင့် ပြင်ပမှ အုပ်ချုပ်မှုဆိုင်ရာ သမိုင်းဆိုင်ရာ အထောက်အထား တန်ဘိုးရှိသော ရှားပါးစာအုပ် (၁၄၄) အုပ်နှင့် မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း (၂) အုပ်၊ မြန်မာ-အင်္ဂလိပ် အဘိဓာန် စာအုပ် (၂) အုပ်တို့အား ဝယ်ယူ စုဆောင်းခဲ့ပါသည်။

(၉) မှတ်တမ်းစီမံခန့်ခွဲမှု လုပ်ငန်းအနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ ပြည်ပခရီးစဉ်မှတ်တမ်း (အသံဖိုင်) စီဒီ/ ဒီဗွီဒီ (၁၈၉) ချပ်အား External Hard disk များဖြင့် သိမ်းဆည်းခြင်း၊ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှထုတ်ပြန်သည့် ဥပဒေ ပြဋ္ဌာန်းချက်များအား နေ့စဉ်ထုတ် သတင်းစာများမှ ရှာဖွေ ကောက်နုတ်၍ သီးသန့် စုဆောင်းသိမ်းဆည်းခဲ့ပါသည်။

(၅) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေအပေါ် ပထမ (၆) လပတ် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ပါသည်၊

(ဍ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကို စီမံကိန်း ကော်မရှင်၏ အတည်ပြုချက် ရယူပြီးနောက် ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း တင်ပြနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်၊

(ဎ) အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပထမ (၅) နှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု) တို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တွင် လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ပါသည်။

(ဏ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် တတိယ သုံးလပတ် (ဧပြီလမှ ဒီဇင်ဘာလအထိ) အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြုစုခဲ့ပါသည်။

(တ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၌ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ (၁/၂၀၁၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၃-၃-၂၀၁၅ရက်နေ့ တွင် ပြည်ထောင်စုဝန်ကြီးမှ ဦးဆောင်၍ကျင်းပခဲ့ပါသည်။

(ထ) စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စတုတ္ထအကြိမ် စာရင်းအင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပတ်သက်သည့် တစ်မျိုးသားလုံး ဆိုင်ရာ စာရင်းအင်းစနစ် SNA 1968 မှ SNA 1993/ 2008 သို့ ပြောင်းလဲတွက်ချက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ပြုစုခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

(ဒ) ဒုတိယသမ္မတ (၂) နှင့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ အတွင်းရေးမှူးချုပ်တို့ တွေ့ဆုံရာတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့၏ အချက်အလက်များအား အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြုစုခြင်း ဆောင်ရွက်ခဲ့ပါသည်။

(ဓ) ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (၄) နိုင်ငံ စီးပွားရေးစင်္ကြံဆိုင်ရာ အစီရင်ခံစာနှင့် ပတ်သက်၍ လိုအပ်သော အချက်အလက်များအား ပြုစုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

(န) မြန်မာနိုင်ငံဆင်းရဲမှုနှင့် စားဝတ်နေရေးအခြေအနေ လေ့လာမှုစစ်တမ်း (MPLCS) အတွက်ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

(ပ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံဆင်းရဲမှုနှင့် စားဝတ်နေရေး အခြေအနေ လေ့လာမှုစစ်တမ်း Myanmar Poverty Living Condition Survey (MPLCS) ကောက်ယူရေးအတွက်ကူညီဆောင်ရွက်ပေးခြင်းနှင့် ၂၆-၁-၂၀၁၅ မှ ၁၂-၂-၂၀၁၅ ရက်နေ့အထိ (MPLCS) စစ်တမ်းကောက်ယူမှု အခြေအနေအား အစီရင်ခံစာများ ပြုစုခဲ့ပါသည်။

(ဖ) **တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းစနစ်ကို ၁၉၉၃/၂၀၀၈သို့ ပြောင်းလဲတွက်ချက်**ရာတွင်နည်းစနစ်များ၊စာရင်းဇယားများရယူစုစည်းခြင်း၊ လိုအပ်သည့် စစ်တမ်းကောက်ယူခြင်းတို့အတွက် နိုင်ငံခြားပညာရှင်များဖြစ်သော ကိုရီးယားနိုင်ငံ KOICA မှ ကျွမ်းကျင်ပညာရှင်နှင့် ADB မှ ကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ်တို့မှ ကျွမ်းကျင်မှုနည်းပညာအကူအညီတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားပညာရှင်များသည် သက်ဆိုင်ရာဝန်ကြီးဌာန(၁၀) ခုသို့ တာဝန်ရှိသူများနှင့်အတူသွားရောက်၍ အမျိုးသားစာရင်းအင်းစနစ် ပြောင်းလဲရာတွင်လိုအပ်သည့်ကိန်းဂဏန်းအချက် အလက်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပြီး၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလ အတွင်း စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ စုစုပေါင်း အရာထမ်း (၉၀) ဦးကို အမျိုးသား စာရင်းအင်းစနစ်ဆိုင်ရာ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဗ) လုပ်ငန်းစီမံကိန်းများ၏ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစိစစ်သုံးသပ်တင်ပြရာတွင် စီမံကိန်းများ၏ ဘီကျူ (Bill of Quantity) များ စိစစ်ခြင်းလုပ်ငန်းတွင် စီမံကိန်း လုပ်ငန်းတန်ဖိုးများ သတ်မှတ်အတည်ပြုမည့် အစည်းအဝေးသို့ တင်ပြနိုင်ရန်အတွက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ(၃) ခု၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ (၂)ခု၊ စုစုပေါင်း အထူးစီမံကိန်း (၅) ခု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော လုပ်ငန်း (၁) ခုနှင့်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အောက်ရှိ လုပ်ငန်း (၂၆) ခုတို့၏ ဘီကျူ (Bill of Quantity)များကို စိစစ်ခဲ့ပါသည်။

(ဘ) ရန်ကုန်မြို့အတွက် ရွေးချယ်ထားသော ကုန်ပစ္စည်း(၁၅၈) မျိုး၏ လက်လီဈေးနှုန်း များကို စည်ပင် သာယာဈေး (၇) ဈေးသို့ သွားရောက်ကောက်ယူပြီး ရန်ကုန်မြို့၏ စားသုံးသူ ဈေးဆနှုန်းကို နေ့စဉ်တွက်ချက် တင်ပြခြင်း၊ ရွှေဈေးနှုန်း၊ အမေရိကန် ဒေါ်လာ ဈေးနှုန်း၊ ဓါတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများကို နေ့စဉ် ကောက်ယူပြီး ဂရပ်ဖ်များ ရေးဆွဲတင်ပြခြင်း၊ နေပြည်တော်၊ လယ်ဝေး၊ တပ်ကုန်း၊ ပျဉ်းမနားမြို့ တို့၏ စားသုံးသူ ဈေးဆနှုန်းများကို နေ့စဉ် တွက်ချက်တင်ပြခြင်း၊ တစ်နိုင်ငံလုံး ၏ စားသုံးသူ ဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို လစဉ်တွက်ချက် တင်ပြခြင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လမှစ၍ နေပြည်တော်နှင့် လူဦးရေထူထပ်သော မြို့ကြီးများ တွင်ဖြစ်ပေါ်နေသော အခြေခံစားသောက်ကုန် ဈေးနှုန်းများအား နိုင်ငံတော် သမ္မတရုံးသို့ အပတ်စဉ် တင်ပြခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

(မ) လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စာရင်းအင်းလုပ်ငန်းများတွင် လူမှုရေးစာရင်းအင်း များအနေဖြင့် လူဦးရေဆိုင်ရာစာရင်းအင်းများ၊ လုပ်သားနှင့် အလုပ်အကိုင် ရရှိရေးဆိုင်ရာ စာရင်းများ၊ ပညာရေးဆိုင်ရာ စာရင်းအင်းများ၊ ကျန်းမာရေး ဆိုင်ရာ စာရင်းအင်းများ၊ ပြစ်မှုဆိုင်ရာစာရင်းအင်းများ၊ လူထု ဆက်သွယ်ရေး ဆိုင်ရာ(MassMedia) စာရင်းအင်းများ၊ အခြားလူမှုရေးဆိုင်ရာ စာရင်းအင်း များ၊ ကမ္ဘာလှည့်ခရီးသွားဆိုင်ရာ စာရင်းအင်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် update ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။

(ယ) မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းလုပ်ငန်းများတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး တို့တွင် ပြုလုပ်မည့် မွေးဖွားမှု မှတ်ပုံတင်ခြင်းရက် သတ္တပတ် အတွက် ညှိနှိုင်းအစည်းအဝေးကို ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

**ပညာရေးဝန်ကြီးဌာန**။ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားပညာရေးဥပဒေ၏ နည်းဥပဒေ၊ ဆက်စပ်ဥပဒေနှင့် တက္ကသိုလ် ပဋိညာဉ်များရေးဆွဲရေး အစည်းအဝေး အစီအစဉ်များကို ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

(ခ) ပညာရေးဝန်ကြီးဌာန နှင့် မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံ၍ ပညာရေးကဏ္ဍ ပြုပြင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးနှင့် ပညာရေး ဆက်စပ်ဥပဒေကြမ်း များ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိကပညာရေးဥပဒေရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

(ဂ) အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ ဥပဒေပြုလွှတ်တော်၊ ပညာရေး ပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) နှင့် ကျောင်းသား ကိုယ်စားလှယ်များ ပါဝင်သော လေးပွင့်ဆိုင် ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

(ဃ) ကျောင်းသူ/ကျောင်းသားများအား အဆောင်ထားရှိနိုင်ရေးအတွက် အင်းဝဆောင်၊ စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ ပဲခူးဆောင်၊ သထုံဆောင်၊ ရွှေဘိုဆောင်၊ ဒဂုံဆောင်၊ အင်းလျားဆောင်၊ ရတနာဆောင်၊ အင်ကြင်းဆောင်၊ သီရိဆောင်နှင့် မာလာဆောင် တို့ကို ပြင်ဆင်မွမ်းမံခဲ့ပါသည်။

(င) ပညာသင်နှစ်အတွင်း အထောက်အကူပြု သင်တန်းများ၊ ပုံမှန်သင်တန်းများ၊ အဝေးသင် သင်တန်းများ နှင့် ဒီပလိုမာ သင်တန်းများကို ဖွင့်လှစ်ခဲ့ပါသည်။

(စ) အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားအဆင့် အင်္ဂလိပ် ဘာသာစကားစွမ်းရည်ပြိုင်ပွဲ ၊ ဘွဲ့လွန်အဆင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ပါသည်။

(ဆ) အခြေခံမူလတန်းနှင့် အလယ်တန်းဗဟိုအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ရန်ကုန် တက္ကသိုလ်တွင် ကျင်းပခဲ့ပါသည်။

(ဇ) ရန်ကုန်တက္ကသိုလ်၊ ပထမနှစ် သမိုင်းအထူးပြု ကျောင်းသား/ကျောင်းသူ ၁၂ ဦး၊ ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား/ကျောင်းသူ ၂၃ ဦးနှင့် ဆရာ/ဆရာမ ၁၀ ဦး တို့သည် ပုဂံမြို့သို့ လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

(ဈ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများတွင် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် အတွက် HRD သင်တန်း ၅၈ ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ည) ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းအားလုံးတွင် မူလတန်းကြိုအတန်းများ တွဲဖက် ဖွင့်လှစ်ထားရာ မူကြိုကလေး ဦးရေ ကျား ၄၆၅ ဦး၊ မ ၄၅၁ ဦး၊ စုစုပေါင်း ၉၁၆ ဦး တက်ရောက် သင်ယူခဲ့ပါသည်။

(ဋ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မူလတန်းအဆင့် ကျောင်းသုံးစာအုပ် အုပ်ရေ ၂၄.၂၅သန်း၊ အလယ်တန်းအဆင့် ကျောင်းသုံးစာအုပ် အုပ်ရေ ၂၄.၉၉ သန်း၊ အထက်တန်းအဆင့် ကျောင်းသုံးစာအုပ် ၈.၀၁သန်း၊ ကျောင်းသုံးစာအုပ် အုပ်ရေ စုစုပေါင်း ၅၇.၂၅ သန်း ရိုက်နှိပ်ရန်အတွက် တင်ဒါများ ခေါ်ယူစိစစ်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အမီ ရိုက်နှိပ်ခဲ့ပါ သည်။

(ဌ) ပညာရည်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား အခြေခံပညာ အလယ်တန်း ပညာသင်ဆု၊ အထက်တန်းအဆင့် ပညာသင်ဆုများနှင့် အခြေခံ ပညာအဆင့်အလိုက် အတန်းအားလုံးတွင် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့် နိုင်ရေးအတွက် ဆောင်ရွက်ရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပညာသင် ထောက်ပံ့ကြေးကို မူလတန်းအဆင့်တွင် ၁၀,၀၁၀ ဦး၊ အလယ်တန်း အဆင့်တွင် ၄,၀၀၈ ဦးနှင့် အထက်တန်း အဆင့်တွင် ၂,၀၀၄ ဦး၊ စုစုပေါင်း ၁၆,၀၂၂ ဦး ထောက်ပံ့ ပေးနိုင်ခဲ့ပါသည်။

(ဍ) ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နှင့် ဆရာ/ဆရာမများ၏ အရည်အသွေး မြင့်မားစေရန်အတွက် ပါရဂူဘွဲ့တက်ရောက်ရန် ၃ ဦး၊ မဟာဘွဲ့တက်ရောက်ရန် ၄ ဦး၊ ဒီပလိုမာ/သင်တန်းတက်ရောက်ရန် ၁၄၉ ဦး တို့ကို ပြည်ပသို့ စေလွှတ်ခဲ့ ပါသည်။ ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများအား ပြည်ပသင်တန်း၊ ဆွေးနွေးပွဲ နှင့် လေ့လာရေးခရီးစဉ်သို့ စေလွှတ်ရာတွင် အလုပ်ရုံဆွေးနွေးပွဲ/အစည်းအဝေးသို့ ၄၃၉ ဦး၊ လေ့လာရေးခရီး/ပြိုင်ပွဲသို့ ၅၃၂ ဦး ၊ စုစုပေါင်း ၁,၁၂၇ ဦးကို စေလွှတ် ခဲ့ပါသည်။

(ဎ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပုဂ္ဂလိကကျောင်းများကို စမ်းသပ်ခွင့်ပြုချက် ကာလ ၁ နှစ် ဖြင့် ၂၅ ကျောင်း၊ ယာယီခွင့်ပြုကာလ ၂ နှစ် ဖြင့် ၁၇ ကျောင်း၊ စုစုပေါင်း ပုဂ္ဂလိကကျောင်း ၄၂ ကျောင်းကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ယာယီ/ စမ်းသပ် ခွင့်ပြုချက်ကာလ ကုန်ဆုံးသည့် ကိုယ်ပိုင်ကျောင်းများကို အသစ်မှတ်ပုံတင်ရန် နှင့် အသစ်လျှောက်ထားသည့် ကိုယ်ပိုင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း ဆရာအဖြစ် လျှောက်ထားမှုများကို စိစစ် ဆောင်ရွက်ခဲ့ပါသည်။

(ဏ) တစ်နိုင်ငံလုံး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး ဆောင်ရွက်ခဲ့ခြင်းကြောင့် သူငယ်တန်းကျောင်းဝင်နှုန်းမှာ ၉၉.၀၈% အထိ တိုးတက်လာခဲ့ပါသည်။

(တ) အဖွဲ့အစည်းအသီးသီးနှင့် အလှူရှင်များမှ ထန်းတပင်မြို့နယ် အထက-ထန်းတပင်၊ တွံတေးမြို့နယ် အထက(ခွဲ) မငေးထိန်ကုန်း၊ မှော်ဘီမြို့နယ် အမက-လိပ်ပွတ်နှင့် အထက(ခွဲ) ကုန်းကလေး၊ လှည်းကူးမြို့နယ် မူလွန်-ဆင်ဖုန်၊ မူလွန်-ဝါးနက်ကုန်းနှင့် အမက-ခြံတဲ၊ သာကေတမြို့နယ် အလက-၆၊ ခရမ်းမြို့နယ် အလက-ကျုံးကျုံးကျ၊ အင်းစိန်မြို့နယ် အမက-၂၉ ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

(ထ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စီမံချက်မြို့နယ် ၇၂ မြို့နယ်တွင် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း (CCA) ဖြင့် ထိရောက်စွာသင်ကြားပေးနိုင်ရေးအတွက် ဗဟိုအဆင့်နည်းပြသင်တန်းကို ရန်ကုန်မြို့၊ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပခဲ့ရာ နည်းပြများအပါအဝင် ၃၀၀ ဦး တက်ရောက်ခဲ့ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန။** ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ် အကောင်အထည်ဖော်မှု အခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(က) ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးရုံ ၂၉ ရုံ အသစ်ဖွင့်လှစ်ခဲ့ပြီး ဆေးရုံ ၆ ရုံကို အဆင့်မြှင့်တင်ခဲ့ပါသည်။ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၅၇၂ ရုံကို ဖွဲ့စည်းပုံအသစ်ဖြင့် ဝန်ထမ်းအင်အား ပြင်ဆင်ခဲ့ ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ ဌာန အသစ်ဖွင့်လှစ် ခဲ့ပြီး ကျေးလက် ကျန်းမာရေးဌာန ၁,၆၈၄ ဌာနတို့ကို ဖွဲ့စည်းပုံအသစ်ဖြင့် ဝန်ထမ်းအင်အား ပြင်ဆင်ခဲ့ ပါသည်။

(ခ) **ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင်** နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ကျင်းပရေးစီမံချက် ၂၀၁၅ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။ အသည်းရောင်အသားဝါ“ဘီ”ပိုး ကာကွယ်ဆေးနှင့် ဖြန့်ဖြူးရေးဆေးခန်းတွင် အသည်းရောင်အသားဝါ ရောဂါ ကာကွယ်ဆေး ၁၁,၀၅၈ ဦး လာရောက်ထိုးနှံခဲ့ ပါသည်။

(ဂ) ဗဟိုဆေးသိုလှောင်ရေးဌာနခွဲမှ တိုင်းဒေသကြီးနှင့်ပြည်နယ် ဆေးရုံအသီးသီးသို့ ကျပ် ၉၅,၇၈၂.၈၅၇ သန်း၊ FEC ၁၃၀ နှင့် အမေရိကန် ဒေါ်လာ ၈၉,၃၀၀ တန်ဘိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ခွဲဝေဖြန့်ဖြူးခဲ့ပါသည်။ UNICEF မှ အမေရိကန်ဒေါ်လာ ၁,၈၀၈,၇၉၉.၇ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ၊ WHO

မှ အမေရိကန်ဒေါ်လာ ၃,၉၉၁,၁၁၈.၅၃၂ တန်ဘိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိခဲ့ပြီး စီမံချက်အလိုက် ဆေးရုံ၊ ဆေးပေးခန်းများသို့ ပြန်လည်ဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။

(ဃ) **ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍** ချင်းပြည်နယ် ၄ မြို့နယ်နှင့်  မကွေးတိုင်းဒေသကြီး ၂ မြို့နယ်တို့တွင် အချိန်နှင့်တစ်ပြေးညီ အာဟာရအခြေအနေ စောင့်ကြပ်ဖော် ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကလေးငယ်များ အစာကျွေးမွေးပြုစု စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ နို့စို့ ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာ အမိန့်ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာ နိုင်ခဲ့ပြီး လက်တွေ့ ကျင့်သုံး ဆောင်ရွက်နိုင်ရန်အတွက် စောင့်ကြပ်ကွပ်ကဲခြင်း သင်တန်းများပြုလုပ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ရေ အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ် နိုင်ရေးအတွက် ဓါတ်ခွဲခန်း(အဆိပ်ဗေဒ)မှ တိုင်းတာနိုင်သည့် Parameter များ စာရင်းအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့ ခဲ့ပါသည်။

(င) **ရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်ရာတွင်** ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက် ကျန်းမာရေး ဌာနများသို့ ငှက်ဖျားရောဂါဖြစ်ပွားသူ လူနာစုစုပေါင်း ၁၀၇,၁၁၅ ဦး၊ (RDT/ Microscope) ဖြင့် သွေးစစ်ဆေးပေးခဲ့သည့် လူနာ ၃၉၄,၀၀၃ ဦး အနက် ရောဂါပိုးတွေ့ရှိသူ ၈၇,၂၂၆ ဦးတို့အား ကုသပေး နိုင်ခဲ့ပြီး ငှက်ဖျားပိုးတွေ့နှုန်းမှာ ၂၇.၁၈% ဖြစ်ပါသည်။

(စ) သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးအတွက် ရပ်ကွက်/ ကျေးရွာပေါင်း ၂,၈၃၈၊ အိမ်ခြေပေါင်း ၆၃,၇၈၄ တို့တွင် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခဲ့ပြီး၊ ၇၁၄,၄၀၆ဦးအား ကာကွယ် ပေးနိုင်ခဲ့ပါသည်။ ရပ်ကွက်/ကျေးရွာပေါင်း ၁၉၄၊ အိမ်ခြေ/ကျောင်းပေါင်း ၁၂,၈၃၀ တို့တွင် ဆေးမှုတ် ဆောင်ရွက်ခဲ့ကာ ကာကွယ် ပေးလူဦးရေ ၇၆,၀၆၃ ဦးရှိပါသည်။ ပြည်သူ ၂၂၉,၅၇၂ ဦး တို့အား ကျန်းမာရေး ပညာပေး ဆောင်ရွက်ခဲ့ ပါသည်။

(ဆ) **အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးတွင်** တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံး DOTS နည်းပညာ ဖြင့် တစ်နိုင်ငံလုံး ရာနှုန်းပြည့် လွှမ်းခြုံ ဆောင်ရွက်လျက်ရှိပြီး အစီရင်ခံ ကာလအတွင်း လူဦးရေ တစ်သိန်းလျှင် Bact. Confirmed Cases ၅၀

ဦးနှင့် Total TB Cases ၁၅၅ ဦးနှုန်းဖြင့် တီဘီရောဂါ ရှာဖွေတွေ့ရှိကုသမှုပေးနိုင်ခဲ့ပါသည်။ သလိပ်ပိုးတွေ့လူနာသစ် ရောဂါကုသအောင်မြင်မှုနှုန်း ၈၄.၁ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ဆေးယဉ်ပါး တီဘီ ကုသရေးအတွက် 3MDG ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဇ) အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် နှစ်သိမ့်ဆွေးနွေးပညာပေးအဖွဲ့သည် မိမိဆန္ဒဖြင့်လာရောက် ဆွေးနွေးသူများ၊ အခြားဌာနအဖွဲ့အစည်းများမှ လွှဲပြောင်းပေးသူများအား နှစ်သိမ့် ဆွေးနွေးခြင်း ၁၉၅ ကြိမ်၊ တယ်လီဖုန်းဖြင့် ၄၈ ကြိမ် ဆွေးနွေးပညာပေးခဲ့ပါသည်။ ခုခံကျ/ကာလသား ရောဂါ ကာကွယ် ကုသရေးလုပ်ငန်းတိုက်ဖျက်ရေးအဖွဲ့ ၄၆ ဖွဲ့မှလည်း စုစုပေါင်း ၁၀၆,၃၅၇ ဦးကို ဆစ်ဖလစ်ရောဂါပိုးစစ်ဆေးပေးနိုင်ပြီး ပိုးတွေ့ရှိသူ ၁,၅၉၉ ဦးကို ကုသပေးနိုင်ခဲ့ပါသည်။

(ဈ) **အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံကိန်း** အနေဖြင့် လက်ကျန်မှတ်ပုံတင်ဆေးကုသသူ ၂,၄၁၆ ဦး၊ အမ်ဒီတီဆေး တိုက်ကျွေးသူ လူနာ ၂,၄၁၆ ဦး၊ လူနာသစ် ၁,၃၉၂ ဦး၊ စံနှုန်းပြည့် ဆေးစားပြီးသူ ၁,၃၆၇ ဦး တို့အား ကုသပေးနိုင်ခဲ့ပါသည်။

(ည) **မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံချက်** အနေဖြင့် မျက်မမြင်ကာကွယ်ကုသမှုလုပ်ငန်းမှ အကြီးစား ခွဲစိတ်မှု ၅,၂၄၅ ခု၊ အသေးစား ခွဲစိတ်မှု ၂,၇၈၇ ခု၊ ပြင်ပလူနာကြည့်ရှုခြင်း ၃၅,၅၂၂ ဦး၊ ကျေးလက်ပြည်သူ ၂၈,၉၅၄ ဦး၊ ကျောင်းသား ၄,၇၇၈ ဦးတို့အား ကွင်းဆင်းကုသ ဆောင်ရွက်ပေးခဲ့ ပါသည်။

(ဋ) ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဓါတ်ခွဲစမ်းသပ်မှု ၃၉,၄၂၇ ခု၊ ရောဂါရှာဖွေရေးဆိုင်ရာ ဓါတ်ခွဲ စမ်းသပ်မှု ၂၆,၈၃၇ ခု၊ အသားမျှင်စစ်ဆေးမှု ၁,၂၀၀ ခု၊ အသည်းရောင်အသားဝါ (ဘီ)ပိုး ရှာဖွေရေး သွေးနမူနာပေါင်း ၃,၀၈၂ ခု၊ အသည်းရောင်အသားဝါ(စီ)ပိုး သွေးနမူနာ ၂,၀၂၄ ခု၊ သွေးလွန်တုပ်ကွေး ရောဂါ စမ်းသပ်မှု ၂၃ ဦး၊ ပိုလီယိုဗိုင်းရပ်(စ်)ရောဂါ ရှာဖွေစမ်းသပ်မှု ၄၂၃ ဦး၊ ဝက်သက်ရောဂါအတွက် ၂၉ ဦး၊ Chikaungunya ရောဂါရှာဖွေရေးအတွက် ဓာတ်ခွဲနမူနာ ၃၈ ဦး၊ ဂျပန်ဦးနှောက်ရောင် ရောဂါအတွက် သွေးနမူနာ ၂၆၃ ဦး၊ Combo(HBV) ရောဂါရှာဖွေစမ်းသပ်မှု ၁၄၉ ဦး၊ HBsAb သွေးနမူနာပေါင်း ၄၉၇ ဦး၊ Rubella Test အတွက် သွေးနမူနာပေါင်း ၅၀ ဦး၊ HIV DNA PCR အတွက် ၁၃၅ ဦး၊ Rectal swab & Stool sample နမူနာစုစုပေါင်း ၅၂၀ ဦးတို့ကို ဓါတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။

(ဠ) **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုခွင့်ပြုရာတွင်** ၃၁-၃-၂၀၁၅ ရက်နေ့ အထိ အထူးကု ဆေးခန်း ၄၈၂ ခန်း၊ ဆေးရုံ ၁၈၂ ရုံ၊ သားဖွားခန်း ၁၇ ခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း(ဓါတ်ခွဲ) ၁၅၂ ခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း (ဓါတ်မှန်) ၁၁၅ခန်း၊ သူနာပြုစုရေး ဂေဟာ(၁)ခု၊ ကျန်းမာရေး အကျိုးဆောင် လုပ်ငန်း ၁၃ ခု၊ အထွေထွေ ကျန်းမာရေးလုပ်ငန်း ၁၂ ခု တို့အား လုပ်ငန်းလိုင်စင် (ယာယီ) ခွင့်ပြုပေးခဲ့ပါသည်။

(ဍ) တိုင်းရင်းဆေးရုံများတွင် ပြင်ပလူနာ ၇၆၉၀၇ ဦး၊ အတွင်းလူနာ ၅,၅၇၈ ဦး၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများတွင် ပြင်ပလူနာ ၄၃၇,၆၀၅ ဦးတို့အား ကုသပေးခဲ့ပြီး ကွင်းဆင်းကုသလူနာ ၂၁၄,၂၅၃ ဦး တို့အား ကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

(ဎ) တိုင်းရင်းဆေးဝါးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အသစ် ထုတ်ပေးခြင်း ၄၀၁ ခု၊ မှတ်ပုံတင် သက်တမ်းတိုးခြင်း ၄၆၆ ခု၊ ထုတ်လုပ်ခွင့် လိုင်စင်သစ် ၅၅ ခု၊ ထုတ်လုပ်ခွင့် လိုင်စင် သက်တမ်းတိုး ၂၀၃ ခုနှင့် ထုတ်လုပ်ခွင့် လိုင်စင် ဖြည့်စွက် ၃၃ ခုတို့အား ခွင့်ပြုပေးခဲ့ပါသည်။

(ဏ) တိုင်းရင်းဆေးပညာ သုတေသနနှင့်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် မှတ်ပုံတင် ဆေးဝါး ဓါတ်ခွဲ စမ်းသပ်မှု အဖြေလွှာထုတ်ပေးခြင်း၊ Certificate ထုတ်ပေးခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပေးပို့လာသော ပရဆေး ကုန်ကြမ်းများ၏ စစ်မှန်မှုအား စစ်ပေးခြင်း၊ ဓါတ်ခွဲခန်း Report ပေးပို့ပြီးသော မှတ်ပုံတင် တိုင်းရင်းဆေးဝါးများ၏ (Stability and Shelf-Life) အား စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

(တ) လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံရေးအတွက် မရှိမဖြစ် ပေးအပ်ရမည့် ကျန်းမာရေးဝန်ဆောင်မှုများ ဖော်ထုတ်ရေး ညှိနှိုင်း အစည်းအဝေးနှင့် ကျန်းမာရေး ဝန်ဆောင်မှု ကုန်ကျစရိတ်များကို One Health Costing Tool Software အသုံးပြု၍ တွက်ချက်ခြင်း ဆွေးနွေးပွဲကို ကျန်းမာရေးစီမံကိန်းဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ထ) ကုသမှုတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ တို့မှ ခွဲစိတ်ကုအဖွဲ့သည် မြန်မာခွဲစိတ် ကုအဖွဲ့နှင့် ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား လည်းကောင်း၊ ကိုရီးယားနိုင်ငံ Vincent Hospital Medical Team အဖွဲ့မှ အခမဲ့ဆေး

ကုသမှုများအားလည်းကောင်း ပြုလုပ်ခဲ့ပါသည်။ ပြင်သစ်နိုင်ငံ အရိုးခွဲစိတ် အထူးကုဆရာဝန် Professor J Sale de Gauzy နှင့် ပြင်သစ်နိုင်ငံမှ မေ့ဆေးအထူးကု ဆရာဝန် Dr. Jean Francois Trinchero တို့သည် အရိုးကုသဆောင်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ခဲ့ပါသည်။

(ဒ) စင်္ကာပူနိုင်ငံမှ ပထမအကြိမ် အတွင်းကြည့်မှန်ပြောင်းသုံး တီဗီဓာတ်မှန်ဖြင့် စမ်းသပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (မြန်မာ) ကို ကျင်းပခဲ့ပြီး၊ စင်္ကာပူနိုင်ငံ National University Heart Center သည် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် မြန်မာဆရာဝန်များနှင့် ပူးပေါင်း၍ လည်းကောင်း၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် လူမှုရေးအဖွဲ့အစည်း နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ရေးအသင်း၊ Australia နိုင်ငံမှ ပါမောက္ခ Dr. Gerard Sutton နှင့် အဖွဲ့၊ အမေရိကန် နိုင်ငံ၊ နယူးယောက်အခြေစိုက် International Surgical Mission Support မှ Dr. Medhat E.Allan နှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့၊ နီပေါနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr. Sanduk Ruit ဦးဆောင်သော အဖွဲ့တို့သည် မြန်မာ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ လည်းကောင်း ကုသမှုများ ပြုလုပ်ခဲ့ပါသည်။

(ဓ) ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ကျန်းမာရေး ဥပဒေများကို ပြင်ဆင်ရေးဆွဲခဲ့ရာ သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေတို့ကို ဆက်လက်စီစဉ် ဆောင်ရွက် လျက် ရှိပါသည်။

(န) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ဆေးတက္ကသိုလ် (တောင်ကြီး) အား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ စတင်ဖွင့်လှစ် သင်ကြား နိုင်ရေး စီစဉ်လျက်ရှိပါသည်။

(ပ) ကျန်းမာရေး သတင်းအချက်အလက် ရယူမှုနှင့် စပ်လျဉ်း၍ ဆေးရုံများတွင် ဆေးမှတ်တမ်းထိန်းများ၏ လုပ်ငန်းဆောင်ရွက်မှု၊ ဆရာဝန်များ၏ ဆေးမှတ်တမ်း လုပ်ငန်းအပေါ် ထားရှိသော သဘောထားအမြင်၊ သေဆုံးရသော အကြောင်း အရင်းကို သတ်မှတ်ပုံစံဖြင့် ဆန်းစစ်ခြင်းတို့အပေါ် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ပြီး၊ လွန်ခဲ့သော (၃) လ၏ ဆေးမှတ်တမ်းများမှ ရောဂါသင်္ကေတ ပြုစုမှု အရည်အသွေးဆန်းစစ်ခြင်းစသည့် ဆေးမှတ်တမ်းလုပ်ငန်း ဆောင်ရွက်မှု များအား ကွင်းဆင်းလေ့လာခြင်းကို ပန်းတနော်မြို့နယ်ဆေးရုံ၊ ရန်ကုန်ပြည်သူ့

ဆေးရုံ၊ သန်လျင်ခရိုင်ပြည်သူ့ဆေးရုံ၊ ကျောက်ဆည် အထွေထွေရောဂါကု ဆေးရုံ၊ မန္တလေးပြည်သူ့ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေရောဂါကု ဆေးရုံကြီး (ထားဝယ်) တို့တွင် သွားရောက် ဆောင်ရွက်ခဲ့ပါသည်။

(ဖ) ကျန်းမာရေးစနစ်သုတေသနလုပ်ငန်း အထောက်အကူပြုရန် Health Systems Research Methodology ဘာသာရပ်ကို အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) နှင့် မြို့နယ်အဆင့် အခြေခံကျန်းမာရေး ဝန်ထမ်းများအတွက် ကျန်းမာရေးစနစ် သုတေသန နည်းပညာနှင့် သုတေသန စီမံခန့်ခွဲမှုသင်တန်းကို ရေတာရှည်မြို့နယ်နှင့်ရမည်းသင်းမြို့နယ်တို့တွင် သင်တန်း ပို့ချခဲ့ပါသည်။

(ဗ) **ကျန်းမာရေးစနစ် သုတေသနလုပ်ငန်းများ အနေဖြင့်** "Social determinants of under-five child mortality in central regions" ဆိုင်ရာ ကွင်းဆင်း အချက်အလက်များ ကောက်ယူခြင်း၊ "Current practice of contraceptives and intention to use hormonal implants among married couples" ကွင်းဆင်းအချက်အလက်များ ကောက်ယူခြင်း၊ "2014 Health Facility Assessment for Reproductive Health Commodities and Services" သုတေသန လုပ်ငန်းများအတွက် ၂၀၁၅ခုနှစ်၊ နှစ်လည်ပိုင်းတွင် ပြုလုပ်မည့် ကွင်းဆင်းလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးနှင့် သွားရောက်မည့်ဒေသ များ ရွေးချယ်ခြင်း၊ ခရီးစဉ်ရေးဆွဲခြင်း၊ ကွင်းဆင်း၍ အချက်အလက် ကောက်ယူခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

(ဘ) **ကူးစက်တတ်သောရောဂါများ သုတေသနလုပ်ငန်းများ** အနေဖြင့် Perceptions and preferences of Abstinence-only or comprehensive sex education among students, teachers and parents of Pyin Oo Lwin သုတေသန လုပ်ငန်းနှင့် ပတ်သက်သည့် ကွင်းဆင်း လုပ်ငန်းများ ဆောင်ရွက် ခဲ့ပါသည်။

(မ) **ကူးစက်မှုမရှိသောရောဂါများ သုတေသနလုပ်ငန်းများ** အနေဖြင့် "Prevalence of hypertension and assessment of its factors in adult population at selected townships of Central Myanmar" သုတေသနလုပ်ငန်းကို ပြင်ဦးလွင်မြို့ပေါ်နှင့် ကျေးရွာ/ ရပ်ကွက်များ တွင် သုတေသနအချက်အလက်များ သွားရောက်ကောက်ယူခြင်း၊ Community တစ်ခု၏ ကျန်းမာရေး အခြေအနေနှင့် ဇီဝဓါတု အခြေအနေများအား ခြုံငုံသုံးသပ်နိုင်မည့် သုတေသနလုပ်ငန်းများ

ဆောင်ရွက် လျက်ရှိပြီး၊ ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများအား ဆက်လက် လုပ်ဆောင် လျက်ရှိ ပါသည်။

(ယ) အစီရင်ခံကာလအတွင်း ဆေးသုတေသန လုပ်ငန်း (၁၉) ခု ဆောင်ရွက်လျက်ရှိပြီး ပင်စိမ်းနက် အရွက်၏ Ethanol fraction ၏ ပလတ်စမိုဒီယမ်ဖာစီပါရမ် ငှက်ဖျားပိုး အပေါ်တွင် အာနိသင်ရှိမှုကို ခန္ဓာကိုယ်ပြင်ပပုံစံ (In vitro anti-malarial activity) ဖြင့် စမ်းသပ် လေ့လာသည့် သုတေသန၊ ဥသျှစ်သီး အစိမ်းနုအခြောက်မှုန့်၏ ရူပ-ဓါတုဂုဏ်သတ္တိများကို စမ်းသပ်သည့် သုတေသန၊ ကြက်သွန်ဖြူဥ အခြောက်မှုန့် ဆေးပြားများကို သွေးတိုးရောဂါ အဆင့်-၁ ရှိသော လူနာများအား တိုက်ကျွေးပြီး သွေးပေါင်ချိန် ကျစေခြင်း ရှိ/မရှိ လေ့လာသော သုတေသန၊ ပင်မှည့်အရွက်ခြောက်၏ ရေပျော်ဝင်ဆေးနှစ်နှင့် ၇၀ ရာခိုင်နှုန်း အယ်လ်ကိုဟော ပျော်ဝင်ဆေးနှစ်တို့၏ သွေးချိုကျ အာနိသင်ကို လေ့လာသော သုတေသန၊ ရေတွင်ပါဝင်သော သတ္တုဓါတ်ပမာဏအတိုင်းအဆ လေ့လာသော သုတေသန၊ ကြောင်ရိုသေပင်အရွက်နှင့် ကြောင်ပန်းကြီးပင် အမြစ်တို့၏ ရေပျော်ဝင် ဆေးနှစ်နှင့် ၉၅ ရာခိုင်နှုန်း အယ်လ်ကိုဟော ပျော်ဝင်ဆေးနှစ်တို့၏ လတ်တလော အဆိပ်အာနိသင် စမ်းသပ်ခြင်း သုတေသနများ ဆောင်ရွက် ခဲ့ပါသည်။

(ရ) အာတီမီစီနင်း ဆေးယဉ်ပါးမှုနှင့် ဆက်စပ်သော ကေ-၁၃ မျိုးရိုး ဗီဇစစ်ဆေးခြင်း များ ပြုလုပ်ရန် ဘူးသီးတောင်မြို့နယ်မှ ဖာစီပါရမ် ငှက်ဖျားပိုးရှိ သုတေသနစံမီ လူနာ ၂၄ ဦး၊ ပဲခူးတိုင်း ဒေသကြီး၊ ရွှေကျင်မြို့နယ်မှ သုတေသနစံမီ လူနာ ၃၇ ဦးတို့၏ သွေးနမူနာများကို အမေရိကန်နိုင်ငံ မေရီလင်း တက္ကသိုလ်သို့ ပို့ဆောင်စစ်ဆေးခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ မြေကြီးနမူနာနှင့် ရေနမူနာတို့ကို ကောက်ယူပြီး ရေဒွန် ပါဝင်မှု ပမာဏကို တိုင်းတာတွက်ချက်ခဲ့ပါသည်။

(လ) ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်၊ ဆေးဝါးများ သုံးစွဲနိုင်ရေးအတွက် အစားအသောက် ကြီးကြပ်ကွပ်ကဲရေးတွင် အစားအသောက် နမူနာ ၂,၀၇၁ မျိုး ဈေးကွက်နမူနာ ကောက်ယူ ဓာတ်ခွဲစစ်ဆေးခဲ့ပြီး အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်း ၁၆၀ ခုအား ကွင်းဆင်း စစ်ဆေး ခဲ့ပါသည်။ ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဆောင်ရွက်မှုတွင် ဆေးဝါး ၈၈၈ မျိုး

မှတ်ပုံတင်ခြင်း၊ ဆေးဝါးနမူနာ ၇၀၀ မျိုးကို ဓါတ်ခွဲ စစ်ဆေးခြင်း၊ ဆေးဝါး ၄၉ ခုအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အမှု ၇ မှုအား အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆို အရေးယူခဲ့ပါသည်။ ဈေးကွက်အတွင်းရှိ ဆေးဝါးများကိုစိစစ်၍ နိုင်ငံအတွင်း မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ ဆေးဝါးအတုတို့ကို အများပြည်သူသိရှိစေရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာ ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ဆေးဝါး မှတ်ပုံတင်ထားခြင်း မရှိသောဆေးဝါးများကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဆေးဝါး (၂၀) မျိုးနှင့် မတ်လတွင် ဆေးဝါး (၁၀) မျိုးကို ကြေညာခဲ့ ပါသည်။

(ဝ) ဆေးပစ္စည်း၊အလှကုန်/ လူသုံးကုန်ပစ္စည်းကြီးကြပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တစ်ခါသုံး ဆေးပစ္စည်းတင်သွင်းခွင့် ထောက်ခံချက် ၄၂၅ ခု၊ တစ်ခါသုံး ဆေးပစ္စည်း တင်သွင်းခြင်း အတွက် မှတ်တမ်းတင်ခြင်း ၄၂ ခု၊ ဆေးပစ္စည်း(Test Kit) တင်သွင်းခြင်းအတွက် မှတ်တမ်းတင်ခြင်း ၁၄၁ ခု ထုတ်ပေးခဲ့ပါသည်။ အလှကုန်ပစ္စည်း မှတ်တမ်းတင်ခြင်း၊ မှတ်တမ်းတင် သက်တမ်းတိုးခြင်း၊ ပြောင်းလဲခြင်း၊ တင်သွင်းခွင့်ထောက်ခံချက်နှင့် ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်း၊ ထုတ်လုပ် စစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဈေးကွက် ထောက်လှမ်းရေးတို့ ဆောင်ရွက်ခဲ့ပါသည်။

(သ) အစားအသောက်၊ ဆေးဝါးနှင့် အလှကုန် ဓါတ်ခွဲခန်းများတွင် ဓါတုဗေဒ ဓါတ်ခွဲစစ်ဆေးခြင်း၊ အဏုဇီဝဓါတ်ခွဲ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆေးဝါးဓါတု နမူနာ ၆၀၉ ခု၊ အလှကုန်နမူနာ စုစုပေါင်း ၂၂၀ ခု နှင့် ဆေးပစ္စည်းနမူနာ စုစုပေါင်း ၂၂၀ ခုတို့ကို ဓါတ်ခွဲစစ်ဆေးခဲ့ပါသည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် နယ်လှည့် ဓါတ်ခွဲစစ်ဆေးယာဉ်ဖြင့် ဈေးကွက်နမူနာ ကောက်ယူ စစ်ဆေးခဲ့ပါသည်။ စာသင်ကျောင်းမုန့်ဈေးတန်း အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး စီမံချက်အရ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ မှ ပေးပို့စစ်ဆေးသည့် နမူနာစုစုပေါင်း ၆၉၈ ခုကို ဓါတ်ခွဲ စစ်ဆေးခဲ့ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) Petron Engine Trainer Stand ၊ Diesel Engine Trainer Stand နှင့် Automobile Lighting System Trainer Board သင်ထောက်ကူ ပစ္စည်း ၃ မျိုးကို အောင်မြင်စွာ သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ပါသည်။

(ခ) Auto motive Airconditioning System နှင့်ပတ်သက်သော သုတေသနလုပ်ငန်း ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ၌ လိုအပ်သော Automotive Airconditioning System Trainer များ၊ Automotive Airconditioning System Trainer (Model No.ATRI-2001) တို့အား အောင်မြင်စွာသုတေသနပြု၍ ထုတ်လုပ်နိုင်ခဲ့ပါသည်။

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာသုတေသနလုပ်ငန်းများအလိုက် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးပေးခြင်းနှင့် လက်တွေ့သုံးစွဲနည်းများအား ကျေးရွာများသို့ အရောက် ကွင်းဆင်းပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဃ) စက်မှုနှင့်သက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် စင်္ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျာမန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည့် နိုင်ငံများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

(င) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ရေး အတွက် လိုအပ်သော သင်ကြားရေး ဆရာ၊ ဆရာမများ ဖြည့်ဆည်း ခန့်အပ်ပေးခြင်း၊ ဆရာ၊ ဆရာမ အရည်အသွေးမြှင့်တင်နိုင်ရေး ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ စာတမ်းများဖတ်ကြားခြင်း၊ သင်ခန်းစာများအား ဆွေးနွေးပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(စ) ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာ တက္ကသိုလ်တို့၌ (အင်ဂျင်နီယာ/ ဗိသုကာ) ပါရဂူဘွဲ့နှင့် ဇီဝနည်းပညာသင်တန်းများ၊ ကွန်ပျူတာတက္ကသိုလ်များတွင် ဘွဲ့လွန်ဒီပလိုမာ ၂ နှစ်သင်တန်းများ၊ ကွန်ပျူတာ တက္ကသိုလ် (ပင်လုံ၊ လှိုင်ကော်၊ ကျိုင်းတုံ)တို့တွင် သုတေသနဆိုင်ရာ Module သင်တန်းများ၊ နိုင်ငံတော်သမ္မတပညာသင်ဆု၊ အရည်အချင်းစစ်စာမေးပွဲ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် မဟာအင်ဂျင်နီယာဘွဲ့ (လေကြောင်းနှင့် အာကာသ) သင်တန်းနှင့် လေဆိပ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းတို့ကို ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

(ဆ) ဝန်ကြီးဌာနအသီးသီးတွင် e-Government ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် ဝန်ကြီးဌာနများမှ သင်တန်းသားများခေါ်ယူ၍ သင်တန်းအပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၅၀ ဦးဖြင့် သင်တန်းကာလ ၂ လခွဲကြာ e-Government ဆိုင်ရာ ကွန်ပျူတာဘာသာရပ် ကျွမ်းကျင်မှု သင်တန်းများအား အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းကျောင်း၊ နေပြည်တော်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

(ဇ) ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) မှ ပညာသင်ဆုရရှိသူ မဟာဘွဲ့သင်တန်းသား ၈ ဦးနှင့် ပါရဂူဘွဲ့ သင်တန်းသား ၅ ဦးအား တစ်ဦးလျှင် တစ်နှစ် ပညာသင်ထောက်ပံ့ကြေးကျပ် ၆.၅ သိန်းစီအား ပညာသင်ဆုအဖြစ် ပေးအပ် ခဲ့ပါသည်။

(ဈ) အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်အရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ် (၃၀) ဦးနှင့် သင်တန်းသား (၄၀) ဦး၊ စုစုပေါင်း (၇၀) ဦးအား ပြည်ပလေ့လာရေး၊ သင်တန်းနှင့် ဆွေးနွေးပွဲများ စေလွှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီမှ ကျွမ်းကျင်ပညာရှင် (၃၆) ဦးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများအတွက် အကြံပြု ဆွေးနွေးမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ည) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ကို ကျပ် ၆၈.၃၀၄ ဘီလီယံ သုံးစွဲရန် လျာထားခဲ့ရာ ဒုတိယ(၆)လပတ်အထိ ၆၀.၀၉၆ ဘီလီယံ သုံးစွဲခဲ့ပါသည်။ National Laboratory ၏အခန်း (၁၅) ခန်း ဖွဲ့စည်းဆောင်ရွက်ခြင်း၊ Metrology (၆) ထပ် ပင်မရုံးခန်း ဆောက်လုပ်ခြင်း၊ နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာ ကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့တွင် ဆရာ/ဆရာမ ဆောင်ဆောက်လုပ်ခြင်း၊ သံကူကွန်ကရစ် အလုပ်ရုံဆောက်လုပ်ခြင်း၊ စာသင်ဆောင်ဆောက်လုပ်ခြင်း/တိုးချဲ့ခြင်းလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် အခြားတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက် ခဲ့ပါသည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန။** ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများရှာဖွေဖော်ထုတ်ခြင်း၊လုပ်သားများလုပ်ငန်းခွင် ကျွမ်းကျင်မှုလေ့ကျင့်ပေးခြင်း၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်း ဖြေရှင်း ဆောင်ရွက်ခြင်း အပါအဝင် လုပ်ငန်းစဉ် ၃၃ ရပ် ကို အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိပါသည်။

(က) (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမား ဝန်ကြီးများအစည်းအဝေး၊ (၁၀)ကြိမ် မြောက် အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေး၊ သတ္တမ အကြိမ်မြောက်အာဆီယံယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန် တိုးတက်ကောင်းမွန်သော အလုပ်သမားရေးရာ ကျင့်သုံးမှုများဆိုင်ရာ အာဆီယံအဆင့်မြင့် အလုပ်သမား အရာရှိကြီးများ၏ လုပ်ငန်းအဖွဲ့အစည်းအဝေး၊ သတ္တမအကြိမ်မြောက် ရွှေ့ပြောင်း အလုပ်သမားများ၏အခွင့်အရေးများကာကွယ် စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်း ဆိုင်ရာ အာဆီယံကြေငြာစာတမ်း အကောင်အထည် ဖော်ရေးအာဆီယံ ကော်မတီ ၏အစည်းအဝေး၊သတ္တမအကြိမ် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အာဆီယံဖိုရမ်၊ (၁၀)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ တို့ကို လက်ခံကျင်းပခဲ့ပါသည်။

(ခ) ရွှေ့ပြောင်းလုပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကောင်းဆုံး လုပ်နည်း လုပ်ဟန်များနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲနှင့်ဆက်စပ်သော အာဆီယံဖိုရမ်ကို လက်ခံကျင်းပခဲ့ပါသည်။

(ဂ) အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ဖွဲ့စည်းထားသော အလုပ်သမားနှင့် အလုပ် ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ လူမှုရေးအရ တာဝန် ယူဆောင်ရွက်မှု (CSR) တိုးမြှင့်စေရေးဆိုင်ရာ အစိုးရ၊ အလုပ်ရှင်၊ အလုပ် သမား (၃)ပွင့်ဆိုင် ဆွေးနွေးပွဲများကျင်းပခဲ့ပါသည်။

(ဃ) အသိပညာပေး လက်ကမ်းစာစောင်များအား တိုင်းရင်းသား ဘာသာသို့ပြန်ဆို၍ ဖြန့်ဝေ ခဲ့ပါသည်။

(င) တရားဝင် အလုပ်လုပ်ကိုင်နိုင်ရန် ယာယီမြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးခြင်း၊ အလုပ် ခေါ်စာများအရ အလုပ်ခန့်ရန်ရွေးချယ်ပေးခြင်း၊ အလုပ်ရှင်/အလုပ်သမား သဘောတူ စာချုပ်ချုပ်ဆိုပေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

(စ) လက်ရှိ အခြေအနေတွင် ထိုင်းနိုင်ငံ၊ ကိုးရီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် Labour Attche (၁) ဦးစီ ထားရှိဆောင်ရွက်ပြီးဖြစ်ပါသည်။

(ဆ) Labour Force Sample Survey ကို ကောက်ယူခဲ့ပါသည်။ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ပြုစုထုတ်ဝေနိုင်ရန်၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ခဲ့ပါသည်။

(ဇ) ဂျပန်နိုင်ငံ၏အထောက်အပံ့ဖြင့် ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံတစ်နိုင်ငံသို့ ကျွမ်းကျင် မှုမြှင့်တင်ရေးသင်တန်းများ တက်ရောက်ရန် နိုင်ငံအဆင့် ဆွေးနွေးပွဲ ပြုလုပ်ခဲ့ ပါသည်။

(ဈ) စက်မှုဇုန်စာရင်းများ၊ ပုဂ္ဂလိက၊ ဖက်စပ်နှင့် ကိုယ်တိုင်အခြားလုပ်ငန်းရှိ အလုပ် ဌာနနှင့် အလုပ်သမားစာရင်းများ၊ အလုပ်အကိုင်အခကြေးငွေနှင့် အလုပ်ချိန် ဆိုင်ရာ စာရင်းများ ကောက်ယူခဲ့ပါသည်။

(ည) ရန်ကင်း၊ မန္တလေး နှင့် ပုသိမ်တွင် တို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (၃) ခု တို့တွင် အခြေခံဂဟေသင်တန်း၊ လျှပ်စစ်သင်တန်း၊ တွင်ခုံ/ဖောက်ခုံ သင်တန်း၊ ပိုက်ပြင်၊ ပိုက်ဆက်၊ ကြီးကြပ်ရေးမှူးသင်တန်း၊ ထုတ်လုပ်မှု စွမ်းအား မြှင့်တင်ရေးသင်တန်း၊ ညွှန်ကြားပြသမှု နည်းစနစ် သင်တန်း၊ ကျွမ်းကျင်မှု စစ်ဆေးရေးသင်တန်း၊ အင်ဂျင်နီယာ ပုံဆွဲသင်တန်း၊ လက်သမားသင်တန်း၊ အာရွန်ဓာတ်ငွေ့ ဂဟေသင်တန်း၊ Steel Structure သင်တန်းများ ဖွင့်လှစ် ခဲ့ပါသည်။

(ဋ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် သံဖြူဇရပ်မြို့နယ်ရုံး ပြုပြင်ခြင်းနှင့် သံဖြူဇရပ် မြို့နယ်၊ စက်စဲတွင် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း တို့ကို ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပါသည်။

(ဌ) တိုင်းဒေသကြီး/ပြည်နယ်များသို့ အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ အသိ ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေ ခဲ့ခြင်းတို့ကြောင့် အဓမ္မခိုင်းစေမှုနှင့် ပတ်သက်၍ အသိပညာများတိုးပွားလာပြီး တိုင်ကြားချက်များ လျော့ကျလာ ပါသည်။ အလုပ်သမားအဖွဲ့အစည်း ဥပဒေပြဌာန်း၍ အလုပ်သမား အဖွဲ့အစည်း များကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ မတ်လကုန်အထိ စုစုပေါင်းအလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ၁,၆၄၅ ဖွဲ့ကို အသိအမှတ်ပြု လက်မှတ် ထုတ်ပေးပြီး ဖွဲ့စည်း ခွင့်ပြုနိုင်ခဲ့ပါသည်။

(ဍ) ၂၄-၃-၂၀၁၅ ရက်နေ့တွင် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက် အကူပြုမည့် လုပ်ငန်းခွင် အခွင့်အရေးနှင့် စံသတ်မှတ်ချက်များ ရရှိစေရေး စီမံကိန်းများ၏ရည်ရွယ်ချက်ကို ဆန်းစစ်မှုပြုရန် အကြံပေးကော်မတီ (Advisory

Committee)ထူထောင်ရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် အစည်းဝေး ကျင်းပပြုလုပ်ခဲ့ပါ သည်။

(ဃ) အမျိုးသမီး အလုပ်သမားများ အလုပ်အကိုင်နှင့် စက်မှုလုပ်ငန်းခွင် ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေး ဆဌမအကြိမ်မြောက် အာဆီယံဒေသတွင်း သုံးပွင့်ဆိုင်လူမှုရေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါ သည်။

(ဏ) အနည်းဆုံး အခကြေးငွေဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ အပါအဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အိမ်ထောင်စုများ၏ နေထိုင် စားသုံးမှုစရိတ် အခြေအနေစစ်တမ်း ကောက်ယူမည့် အဖွဲ့ဝင်များအား စာရင်း ကောက်ယူ ရေးသင်တန်းများပို့ချခဲ့ပြီး၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေး အတွက် အိမ်ထောင်စုများ၏ နေထိုင်စားသုံးမှု စရိတ်စစ်တမ်းများ ကောက်ယူ ခဲ့ပါ သည်။

(တ) လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်းကောက်ယူနိုင်ရေး အတွက် အိမ်ထောင်စု စာရင်းစဉ်ပြုစုခြင်း (Update Household Listing)နှင့် မေးခွန်းလွှာသင်တန်းကို မန္တလေးမြို့နှင့် နေပြည်တော်တွင် လည်းကောင်း၊ ကြီးကြပ်ရေးမှူး သင်တန်းကို နေပြည်တော်တွင်လည်းကောင်း သင်တန်းပို့ချပြီး၊ စစ်တမ်းကောက်ယူခဲ့ပါသည်။ ထိုစစ်တမ်းမှ မြန်မာနိုင်ငံ၏ လုပ်သားအင်အား၊ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့နှင့် တစ်ဝက် တစ်ပျက် အလုပ်လက်မဲ့ဆိုင်ရာ ကိန်းဂဏန်းများ၊ ကလေးလုပ်သား ဆိုင်ရာ ကိန်း ဂဏန်းများနှင့် လူငယ်များ၏ ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက် မှုအခြေအနေ ဆိုင်ရာ ကိန်းဂဏန်းများကို ရရှိနိုင်မည်ဖြစ် ပါသည်။

(ထ) လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူနိုင်ရေးအတွက် ILO မှ US$ ၁. ၄၁၂ သန်းထောက်ပံ့ခဲ့ရာ US$ ၁.၂၆၉ သန်းသုံးစွဲခဲ့ပြီး၊ လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါသည်။

(ဒ) လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်ကိန်းများ လက်စွဲစာအုပ် ၂၀၁၃ ခုနှစ် ပုံနှိပ်ထုတ်ဝေ ရန်ဆောင်ရွက် လျက်ရှိပါသည်။ လူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်ကိန်းများ လက်စွဲ စာအုပ် ၂၀၁၄ ခုနှစ် မူကြမ်းပါ အချက်အလက်များ အတည်ပြုပေးနိုင်ရေး ဆောင်ရွက် လျက်ရှိပါသည်။

(ဓ) ပြည်တွင်းအလုပ်အကိုင် အလုပ်သမား မှတ်ပုံတင် အသစ်တင်ဦးရေ ၄၀၅,၁၄၉ ဦးရှိပြီး၊ အလုပ်ရရှိသူမှာ ၁၃၀,၉၉၀ ဦးရှိသဖြင့် ၃၂.၃၃% အလုပ်ရရှိခဲ့ ပါသည်။ ပြည်တွင်းအလုပ်အကိုင် အလုပ်ရရှိသူ နိုင်ငံပိုင်ကဏ္ဍမှ ၁၂,၁၁၁ ဦး၊ ပုဂ္ဂလိက ၁၁၈,၈၇၉ ဦး စုစု ပေါင်း ၁၃၀,၉၉၀ ဦး ရရှိခဲ့ပါသည်။

(န) ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်း ကျောင်းများမှ အခြေခံဂဟေဆက်သင်တန်း (၂)ကြိမ်၊ ပိုက်ဆက်သင်တန်း (၁)ကြိမ်၊ ကြီးကြပ်ရေးမှူးသင်တန်း (၃)ကြိမ် တို့ကို ဖွင့်လှစ်ခဲ့ပါသည်။ ကျွမ်းကျင်မှု "စံ" (၆)မျိုး ရေးဆွဲသတ်မှတ်ခြင်း၊ စမ်းသပ်စစ်ဆေးရေးဌာန (၆) ခု တည်ထောင်ခြင်း၊ လေ့ကျင့်ရေးနည်းပြ (၄၀) ဦး၊ စစ်ဆေးရေးမှူး (၆၀) ဦးတို့ကို သင်တန်းပေးနိုင်ခဲ့ပါ သည်။

(ပ) ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၂၂၅ ခု အနက် အေဂျင်စီ ၁၅၅ ခုမှ ပြည်ပနိုင်ငံ ၆ နိုင်ငံသို့ အလုပ်သမား ၄၉,၁၆၁ ဦး စေလွှတ်ခဲ့ပါ သည်။ မြန်မာ-ထိုင်း နယ်စပ်မြို့များဖြစ်သော မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များတွင် One-Stop Service Center များဖွင့်လှစ်၍ အထောက်အထားထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၁,၅၂၀ ဦးအား သာမန်နိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါ သည်။

(ဖ) အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း သွားလာသူနေ့ အခမ်းအနား ကျင်းပခြင်း၊ International Centre for Migration Policy Development (ICMPD) & European Union (EU) ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အသိပညာ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ အာဆီယံဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ ခဲ့ပါသည်။

(ဗ) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ရုံးသစ်(၁၀)ရုံး ဆောက်လုပ်ခြင်း၊ ထားဝယ်ခရိုင်ရုံး၊ နေပြည်တော် ကောင်စီ နယ်မြေ၊ မအူပင် ခရိုင်ရုံးများ ပြုပြင်ခြင်းနှင့် ရုံးသုံးစက်ကိရိယာပရိဘောဂ စုစုပေါင်းကျပ် ၅၁၅.၁၅၈ သန်း သုံးစွဲခဲ့ပါသည်။

(ဘ) အလုပ်သမားဥပဒေစစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံပေါင်း ၆,၆၂၇ ရုံ၊ ဆိုင်နှင့်အလုပ်ဌာန ၅,၅၁၆ ဌာနတို့ကို စစ်ဆေးနိုင်ခဲ့ပါသည်။ အလုပ်ရုံ စစ်ဆေးရေး အရာရှိများသည် စက်ရုံ၊ အလုပ်ရုံ ပေါင်း၄,၉၇၂ ရုံ စစ်ဆေးနိုင်ခဲ့ ပါသည်။

(မ) Global Enchanping Education Center (GEEC) နှင့်ပူးပေါင်း၍ Safety Hearts and Minds အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

(ယ) ကိုးရီးယားနိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အေဂျင်စီ မှ ကျွမ်းကျင်သူ(၂)ဦးသည် မြန်မာနိုင်ငံသို့လာရောက်၍ Occupational Safety Health ဘာသာရပ် ဆွေးနွေး ပို့ချခဲ့ရာ ဤဦးစီးဌာနမှ စစ်ဆေးရေး အရာရှိ(၁၀)ဦး တက်ရောက်ခဲ့ပါသည်။

(ရ) အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေရုံး (၁)ရုံး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြို့နယ်ရုံး(၅)ရုံး၊ မန္တလေးတိုင်းဒေသကြီး အတွင်း၌ မြို့နယ်ရုံး(၃)ရုံး၊ စုစုပေါင်းရုံး(၉)ရုံးအား ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် ရုံးတို့ကို ဆောက်လုပ်ခဲ့ပါသည်။

(လ) အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဆိုင်ရာ နှီးနှောဖလှယ်ပွဲ တစ်ရပ်ကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဝ) လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးအာမခံစနစ်(၆)မျိုးအနက် (၃)မျိုးကို ကျင့်သုံး အကောင်အထည်ဖော် လျက်ရှိရာ ၊ ဒုတိယ(၆)လပတ်အတွင်းအလုပ်ဌာန ၇၆၈ ခု နှင့် အာမခံအလုပ်သမား ၃၇,၀၆၄ ဦး မှတ်ပုံတင်နိုင်ခဲ့ပါသည်။

(သ) မန္တလေးအလုပ်သမားဆေးရုံကြီး ခွဲစိတ်ခန်းအား ကျန်းမာရေးစံနှုန်းနှင့်အညီ ဆောက်လုပ်ခြင်း၊ ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် အကြီးစား ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

(ဟ) အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ဒုတိယ(၆)လပတ် ကာလအတွင်း ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၈,၀၉၉.၂၇၃ သန်းသုံးစွဲခဲ့ပြီး ၉၂.၉ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဠ) လူမှုဖူလုံရေးရုံးအဆောက်အဦများ ဥပဓိရုပ်ကောင်းမွန်ပြီး ခေတ်မီလှပသော အဆောက်အဦများ ဖြစ်စေရေးအတွက် နေပြည်တော်ဥတ္တရသီရိ၊ ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာမြို့နယ် အပါအဝင်(၆)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အပါအဝင် (၆)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ကလေးမြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် တောင်ငူမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အပါအဝင် (၃)မြို့နယ်တွင် ရုံးနှင့် ဆေးခန်းများ အသစ် ဆောက်လုပ်ခြင်း၊ ဂိတ်တံခါး အပါအဝင် ခြံစည်းရိုးကာရံခြင်းနှင့် မြေဖို့ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော် ဥတ္တရသီရိ၊ ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာမြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ မင်္ဂလာဒုံ မြို့နယ်တို့တွင်

ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ နေပြည်တော်ဥတ္တရသီရိနှင့် မင်္ဂလာဒုံမြို့နယ် တို့တွင် မြေကွက်ဝယ်ယူခြင်းတို့ကို တစ်ဆက်တည်း ဆောင်ရွက်ခဲ့ပါသည်။ ရုံးသုံးစက် ကိရိယာများ၊ ပရိဘောဂများ၊ ရုံးသုံးယာဉ်များ၊ ဆေးပစ္စည်း ကရိယာ များလည်း ဝယ်ယူခဲ့ပါသည်။

(အ) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် စည်းကြပ် ဆောင်ရွက် လျက်ရှိသောဥပဒေများမှာ ပြဋ္ဌာန်းပြီး ဥပဒေ(၆)ခု၊ ပြင်ဆင် ရေးဆွဲ လျက်ရှိသည့် ဥပဒေ(၄)ခု၊ ရုပ်သိမ်းပြီး အသစ်ရေးဆွဲလျက်ရှိသည့် ဥပဒေ(၆)ခုနှင့် အသစ်ထပ်မံရေးဆွဲမည့် ဥပဒေ(၂)ခု စုစုပေါင်း ဥပဒေ(၁၈)ခု ရှိပါသည်။ အသစ်ထပ်မံရေးဆွဲမည့်ဥပဒေ(၂)ခုမှာ နိုင်ငံခြားသားအလုပ်သမားဆိုင်ရာ ဥပဒေ နှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး နှင့်ကျန်းမာရေး ဥပဒေတို့ ဖြစ်ကြ ပါ သည်။

**လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။** လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည်လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးဖြစ်စဉ်များအတွက် ထောက်ပံ့မှု လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(က) ကလေးပြုစုရေးဌာန ၆ ခုတွင် ကလေးငယ် ၂၀၈ ဦး၊ မူလတန်းကြိုကျောင်း ၇၅ ကျောင်းတွင် ကလေးငယ် ၁၁,၈၇၃ ဦးကို ပြုစုလေ့ကျင့် ပျိုးထောင်ပေးခြင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၉၀၀ တွင် ကလေး ၃၃,၃၃၈ ဦးတို့ကို ပြုစုပျိုးထောင်ခြင်း တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

(ခ) လူငယ်ရိပ်သာ ၆၉ ခု တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ပရိဘောဂနှင့် အားကစား ပစ္စည်းများကို ထောက်ပံ့ပေးလျက် ရှိပါသည်။ စေတနာမူလတန်း ညကျောင်း ၆၀ ကျောင်းတွင် လူငယ်ကျောင်းသားပေါင်း ၅,၁၀၃ ဦး ကို မူလတန်းပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိပြီး၊ အဆိုပါမူလတန်း ညကျောင်းများသို့ လူမှုဝန်ထမ်း ဦးစီး ဌာနမှ ဆရာဂုဏ်ပြုငွေ၊ စာရေးကိရိယာပစ္စည်းများ၊ ပရိဘောဂ နှင့် လျှပ်စစ် မီတာခ ကျသင့်ငွေများကို ထောက်ပံ့ပေးလျက်ရှိပါသည်။

(ဂ) အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း ၄ ကျောင်းတွင် အမျိုးသမီး ၁၉၀ ဦး၊ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဌာန ၂ ခုတွင် ၁၆၁ ဦးတို့ကို

လက်ခံစောင့်ရှောက် ပေးလျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၇ ကျောင်းတွင် သင်တန်းသား စုစုပေါင်း ၈၆၄ ဦး တက်ရောက်လျက်ရှိပါသည်။

(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဘိုးဘွားရိပ်သာ ၇၃ ခု တွင် ဘိုးဘွားပေါင်း ၂၀၀၀ ကျော်ကို စောင့်ရှောက်ထား ပါသည်။ သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်မှု ဂေဟာ ရန်ကုန်တိုင်းဒေသကြီးတွင် အသက် ၇၀ နှစ်နှင့် အထက် ဘိုးဘွား ၇၀ ဦးကို စောင့်ရှောက်ပေးလျက် ရှိပါသည်။

(င) မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာတွင် ကလေး ၆၈ ဦး၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း(ရန်ကုန်)တွင် ကျောင်းသား ၂၃၄ ဦး၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း(မန္တလေး)တွင် ကျောင်းသား ၉၀ ဦးကို လေ့ကျင့်ပေး လျက်ရှိပါသည်။ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းတွင် သင်တန်းသား ၅၉ ဦး၊ မျက်မမြင်ကျောင်း (ရန်ကုန်)တွင် ကျောင်းသား ၁၄၀ ဦး၊ မျက်မမြင်ကျောင်း (စစ်ကိုင်း)တွင် ကျောင်းသား/ကျောင်းသူ ၈၀ ဦးကို လက်ခံစောင့်ရှောက်ထား ပါသည်။ နားမကြားသော ကလေးများ ကျောင်း (မန္တလေး) တွင် ကျောင်းသား ၁၈၃ ဦး၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)တွင် ကျောင်းသား ၃၅ ဦး တို့ကို Sign Language ဖြင့် ကျောင်းပညာသင်ကြားခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

(စ) မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည် ထူထောင်ရေးလုပ်ငန်းတွင် ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းနှင့် မြစ်ကြီးနားပြန်လည် ထူထောင်ရေးစခန်းတွင် လူနာ ၂၆၉ ဦးအား(Social Counselling) ဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပါသည်။ မန္တလေး၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ရွှေပြည်သာ ပြန်လည်ထူထောင်ရေး စခန်း(၅)ခုတွင် သင်တန်းသား ၁၃၆ ဦးအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြန်လည်ထူထောင်ရေးစခန်းအသီးသီး မှ သင်တန်းဆင်းပြီးသူများအား ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ရန်အတွက် တစ်နှစ်ကြာကာလအထိ နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်း (After Care Service) ကို စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း၏ ကူညီမှုဖြင့် စုစုပေါင်း ၂၄၆ ဦးအား နောက်ဆက်တွဲ စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိပါသည်။

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနသည် ထောက်ပံ့ကြေး ခေါင်းစဉ်အလိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၂၂၇ ခု၊ မသန်စွမ်းဂေဟာ ၁၀ ခု၊ ဘိုးဘွားရိပ်သာ ၇၃ ခု၊ အမျိုးသမီးဂေဟာ ၁၁ ခု တို့ကို ကူညီပေးလျက်ရှိပါသည် ။

(ဇ) မရမ်းချောင်ပရဟိတဂေဟာတွင် ၇၆ ဦးကို လက်ခံစောင့်ရှောက်ထားပြီး၊ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(တွံတေး)တွင် သင်တန်းသူ(၁၄)ဦး၊ ပုသိမ်ကြီးမြို့နယ်တွင် သင်တန်းသူ ၈ ဦး၊ လူမှုရေးစောင့်ရှောက်မှုဌာန မော်ဘီမြို့နယ်၊ ဝါးနက် ချောင်းကျေးရွာအနီးတွင် ကျား/မ စုစုပေါင်း ၄၈ ဦးကို လက်ခံစောင့်ရှောက် လေ့ကျင့်ပေးလျက်ရှိပါသည်။

(ဈ) မူဆယ်ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာတွင် လူကုန်ကူးခံရသူ အမျိုးသမီးနှင့် ကလေး ၃၄ ဦး အား မိဘနေရပ် သို့ ပြန်လည် အပ်နှံခဲ့ပါသည်။ ကော့သောင်းယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာတွင် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ အမျိုးသား ၁၄ ဦး ကို နေရပ်သို့ ပြန်လည် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ မြဝတီ၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မြဝတီမြို့၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၊ ရွှေ့ပြောင်းအလုပ်သမား ၁၇၀ ဦး အား ဂေဟာ တွင် ကူညီလက်ခံ စောင့်ရှောက်နိုင်ခဲ့ပါသည်။ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများသို့ လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသူများအား ယာယီလက်ခံစောင့်ရှောက်ရန် မန္တလေးယာယီ လက်ခံစောင့်ရှောက်ရေးဂေဟာ ကို ဖွင့်လှစ် ခဲ့ပါသည်။

(ည) လူကုန်ကူး ခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာ စင်တာ (Information Center for Trafficked Persons)မှ အကူအညီလာရောက်တောင်းခံသူ Survivor ၂၁ ဦးအနက် ၅ ဦးအားစီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အကူအညီပေးခဲ့ပါ သည်။

(ဋ) ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသူများအနက် ၂၂၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့ပြီး ၊ ၎င်းတို့၏နေရပ်သို့ ပြန်လည်ပို့ ဆောင်နိုင်ခဲ့ပါသည်။ ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူများအနက် နောက်ဆက်တွဲ စောင့်ရှောက်မှုအဖြစ် လူကုန်ကူးခံရသူ ၆၇ဦး အား ဆောင်ရွက်နိုင်ခဲ့ပြီး ၁၂ ဦးအား UNICEF၏ ထောက်ပံ့မှုဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး လုပ်ငန်း ထူထောင်ရန် ရင်းနှီးမတည်ငွေ စုစုပေါင်းကျပ် ၁.၃၅၀ သန်း နှင့်

လူမှုဝန်ထမ်းဦးစီးဌာနမှ ၇ ဦးအတွက် ကျပ် ဂ.၇သန်း ထောက်ပံ့ပေး နိုင်ခဲ့ပါသည်။

(ဌ) ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ(မူကြမ်း)ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ညှိနှိုင်း အစည်းအဝေး ၄ ကြိမ်ပြုလုပ်ခဲ့ပြီး၊ ဌာနဆိုင်ရာများ၊ INGOs, NGOs အဖွဲ့ အစည်းများသို့ ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များအား စုစည်းခြင်းနှင့် ပြင်ဆင် ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဍ) ဒုတိယအကြိမ် Universal Periodic Review(UPR) မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရမည့်အချက်များနှင့် စပ်လျဉ်း၍ ကလေးသူငယ် အခွင့် အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အကောင် အထည်ဖော်မှု လုပ်ငန်းများ ပြုစုရေးသားခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဎ) အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ရေးနှင့် မြှင့်တင်ရေးကော်မရှင် အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် အာဆီယံ အမျိုး သမီးရေးရာကော်မတီနှင့် ၆ ကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာ ကော်မတီ + ၃ နိုင်ငံ (တရုတ်၊ ကိုရီးယား၊ ဂျပန်) ညှိနှိုင်းအစည်းအဝေးတို့အား အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ် ခဲ့ပါသည်။

(ဏ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် Action Aid Myanmar တို့ ပူးပေါင်း၍ အမျိုးသမီးရေးရာအဖွဲ့ဝင် ၃ဂ ဦးအား စိတ်လူမှုဆက်ဆံရေး (အခြေခံ) သင်တန်း ကို ရန်ကုန်မြို့၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းတွင် ဖွင့်လှစ်ခဲ့ ပါသည်။

(တ) ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးဖိုရမ်အား နေပြည်တော်ရှိ MICC2 နှင့် ရန်ကုန်မြို့ Chatrium Hotel တို့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။လူမှုဝန်ထမ်းဦးစီးဌာနနှင့် Gender Equality Network တို့ ပူးပေါင်းရေးဆွဲလျက် ရှိသော Violence Against Women Law ရေးဆွဲမှု အကြိုညှိနှိုင်း အစည်းအဝေးအား လူမှုဝန်ထမ်း ဦးစီးဌာန (ရုံးချုပ်)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ထ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် Action Aid Myanmar တို့ပူးပေါင်း၍ ကျား/မ အခြေပြု အကြမ်းဖက်သင်တန်းအား နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင် (၄၅)ဦးအား သင်တန်းပို့ချပေးခဲ့ပါသည်။

(ဒ) အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ စတုတ္ထအကြိမ် နှင့် ပဥ္စမအကြိမ် Convention on the Elimination of All Forms of

Discrimination Against Women (CEDAW) 4th and 5th Report (မြန်မာ-အင်္ဂလိပ်) အစီရင်ခံစာအား UNCEDAW ကော်မတီသို့ တင်ပြခဲ့ပါသည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်း၍ Situation Analysis in Myanmar Validation Workshop အား နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(န) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ ရေးဆွဲရေးလုပ်ငန်း ကော်မတီအစည်းအဝေးကို ၂ ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါသည်။ စိတ်လူမှု ဆက်ဆံရေး(အဆင့်မြင့်)သင်တန်းကို ရန်ကုန်မြို့တွင် အမျိုးသမီးရေးရာအဖွဲ့ဝင် ၃၀ ဦး ဖြင့်ဖွင့်လှစ်ခဲ့ပါသည်။နေပြည်တော်၊မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးတို့မှ ရဲဝန်ထမ်း ၅၀ ဦးကို Gender & CEDAW အသိပညာပေး ဆွေးနွေးပွဲအားနေပြည်တော်တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ အပြည်ပြည် ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားအား နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပပြုလုပ် ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် International Medical Corp တို့ ပူးပေါင်း၍ ကျား/မ အကြမ်းဖက်မှု ဆိုင်ရာ သင်တန်းကို နေပြည်တော်ရှိ အမရာဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ပ) လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်(မူကြမ်း)ကို လုပ်ငန်းကော်မတီနှင့် နည်းပညာအထောက်အကူပြုအဖွဲ့တို့ အပြီးသတ်ရေးဆွဲ ခဲ့ပြီး ၂၀၁၄ ခုနှစ်၊နိုဝင်ဘာလ (၂၇)ရက်နေ့တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သော လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အတည်ပြုခဲ့ပါ သည်။

(ဖ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (HAI)တို့ ပူးပေါင်း၍ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အရာထမ်းများ စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာန အပါအဝင် ဦးစီးဌာနအသီးသီးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်(HAI)၊ (UNICEF)၊ (ILO) စသည့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ အစည်းများမှ ပညာရှင်များက ဆွေးနွေးပို့ချခဲ့ကြပါသည်။

(ဗ) မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၄) တွင် တင်ပြခဲ့ပြီး မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် မိတ်ဆက်ခြင်း အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

(ဘ) လူမှုဝန်ထမ်းဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့(HAI) တို့ပူးပေါင်း၍ သက်ကြီးရွယ်အို လူမှုရေးပင်စင်ပေးနိုင်ရေး ဖြစ်တန်စွမ်း လေ့လာမှုလုပ်ငန်းအား မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ လေ့လာမှုမှ တွေ့ရှိချက်များအား ပြန်လည် ဆွေးနွေးတင်ပြခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့(HAI) တို့ ပူးပေါင်း၍ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လှိုင်ကော်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လူမှုကာကွယ် စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အား (English Version) ဖြင့် ပုံနှိပ်ခဲ့ပြီး 3rd Myanmar Development Forum တွင် စတင်ဖြန့်ဝေခဲ့ပါသည်။ တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် 3rd Myanmar Development Forum တွင် Social Protection ဆိုင်ရာ Panel Discussion ပြုလုပ်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (HAI) တို့ပူးပေါင်း၍ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပုသိမ်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(မ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသော အသက်(၁၀၀) နှစ်နှင့်အထက် သက်ကြီးဝါကြီး အဘိုး ၁၈၅ ဦး၊ အဘွား ၄၂၃ ဦး စုစုပေါင်း ၆၀၈ ဦးတို့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ တွင် နိုင်ငံတော်သမ္မတ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံ သက်ကြီးဝါကြီးပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့မှ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရရှိသည့် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၏၂၅ ရာခိုင်နှုန်း စုဆောင်း

ထားရှိသော ရန်ပုံငွေထဲမှ အထောက်အပံ့အဖြစ် တစ်ဦးလျှင် ငွေကျပ် ၂ သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ ပေးပို့လာသည့် စာရင်းများ အရ ထပ်မံတိုးလာသည့် အဘိုး ၃၅ ဦး၊ အဘွား ၁၀၆ ဦး စုစုပေါင်း ၁၄၁ ဦးကိုလည်း အလားတူ တစ်ဦးလျှင် ငွေကျပ် ၂ သိန်းစီ ချီးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(ယ) လုပ်ငန်းစီမံကိန်းလျာထားချက်များ ဖြစ်သည့် မူလတန်းကြိုကျောင်း ၈ ကျောင်း၊ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း ၂ ကျောင်း၊ သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက် ရေးဂေဟာ ၁ ခု၊ လူမှုဝန်ထမ်းရုံး ၈ ရုံးတို့ကို ဆောက်လုပ်ခြင်း၊ လုပ်ငန်းစီမံကိန်းသစ်များတွင် ကလေးပြုစုရေးဌာန ၁ ခု၊ မူလတန်းကြိုကျောင်း ၇ ကျောင်း၊ သင်တန်းကျောင်း ၄ ကျောင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်ကျောင်း ၂ ကျောင်း၊ လူမှုဝန်ထမ်းရုံး ၂ ရုံး ဆောက်လုပ်ခြင်း စုစုပေါင်းလုပ်ငန်း ၃၅ ခုကို ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ရ) ဘေးဒုက္ခသည်များအား ကယ်ဆယ်ထောက်ပံ့ခြင်းကိုတိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ပါသည်။ ဒုက္ခသည် များစားသောက်ရေးအတွက် လူဦးရေအလိုက် ဆန်ရိက္ခာ (၃) ရက်စာမှ (၁)လစာထိ ထောက်ပံ့ခြင်း၊ လတ်တလော သုံးစွဲနိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ဘေးသင့်အိမ်ထောင်စုအလိုက် ထောက်ပံ့ခြင်း၊ ပျက်စီးအိမ်ခြေအတွက် (၁)အိမ်လျှင် ကျပ် ၅၀,၀၀၀ နှုန်းနှင့် ဘာသာရေး အဆောက်အဦဖြစ်သော ဘုန်းကြီးကျောင်း (၁) ကျောင်းလျှင် ကျပ် ၆၀,၀၀၀ နှုန်း ထောက်ပံ့ခြင်း၊ သဘာဝဘေး အန္တရာယ်ကြောင့် သေဆုံးသူများအတွက် လူကြီး ၁ ဦးလျှင် ကျပ် ၁၀၀,၀၀၀၊ ကလေး ၁ ဦး လျှင် ကျပ် ၅၀,၀၀၀ နှုန်း ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

(လ) မီးဘေး ၉၁ ကြိမ်၊ လေဘေး ၁၆ ကြိမ်၊ ရေဘေး ၃ ကြိမ်၊ ကမ်းပြိုဘေး ၈ ကြိမ် ဖြစ်ပွားခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း ၊ ဆန်ရိက္ခာ၊ အိမ်ဆောက် ပစ္စည်းအပါအဝင် စုစုပေါင်းကျပ် ၁၉၃.၇၈၉ သန်း ထောက်ပံ့ခဲ့ပါသည်။

(ဝ) ရှမ်းပြည်နယ်၊လောက်ကိုင်ဒေသတွင် တိုက်ပွဲရှောင် ပြည်သူများနှင့် တိုက်ပွဲကျစစ်သည်များ အတွက် ငွေသားနှင့် ကယ်ဆယ်ရေးပစ္စည်း၊ စုစုပေါင်းကျပ် ၉၈.၁၄၄ သန်း ထောက်ပံ့ ခဲ့ပါသည်။

(သ) ရခိုင်ပြည်နယ်၊ အောင်တံခွန်(၃)ခရီးသည်တင်ရေယာဉ် နစ်မြုပ်ခဲ့ရာတွင် အသက်ရှင် ကျန်ရစ်သူ ကျား ၁၀၃ ဦး၊ မ ၆၄ ဦး၊ စုစုပေါင်း ၁၆၇ ဦး နှင့် သေဆုံးသူ ၆၁ ဦး အလောင်းများရှာဖွေ တွေ့ရှိခဲ့ပါသည်။ ယင်းဘေးအတွက် ကယ်ဆယ်ရေးပစ္စည်း ၄ မျိုး၊ ရန်ပုံငွေအပါအဝင် စုစုပေါင်း ကျပ် ၄.၄၉၀ သန်း ထောက်ပံ့ခဲ့ပါသည်။

(ဠ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့၊ မန္တလေးမြို့)နှင့် သိုလှောင်ရုံ ၃ ခု တို့တွင် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး အတွက်ကျပ် ၁၈၇.၉၇၈သန်း ဝယ်ယူဖြည့်တင်း ခဲ့ပါသည်။

(အ) ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေး ဦးစီးဌာနသည် သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလုပ်ငန်း(နည်းပြ) သင်တန်းများကို စစ်တွေမြို့၊ ထားဝယ်မြို့၊ လားရှိုးမြို့၊ ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်းခရိုင်)၊ ခန္တီးမြို့တို့၌ ဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။

- ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNDP အဖွဲ့အစည်းတို့ ပူးပေါင်း၍"လူအများထိခိုက်မှုနှင့် ဘေးအန္တရာယ်ကြိုတင် ပြင်ဆင်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသင်တန်း"ကို ကျင်းပပြုလုပ်ခဲ့ ပါသည်။
- ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ UNOCHA နှင့် USAID အဖွဲ့အစည်းတို့ပူးပေါင်း၍ "အရေးပေါ်အခြေအနေကြပ်ကဲမှုဗဟိုဌာန တည်ထောင် ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အဦဆောက်လုပ်နိုင်ရေး ဒီဇိုင်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ"ကို ကျင်းပပြုလုပ်ခဲ့ပါသည်။
- ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့်UNDP အဖွဲ့အစည်းတို့ ပူးပေါင်း၍ "အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေး" သင်တန်း ကျင်းပပြုလုပ် ခဲ့ရာ ဝန်ကြီးဌာနမှ အမှုထမ်း ၄၀ ဦး တက်ရောက်ခဲ့ပါသည်။
- ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNDP အဖွဲ့အစည်းတို့ ပူးပေါင်း၍"အာဆီယံပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ် ရေးဆွဲရေး အစည်းအဝေး"ကိုကျင်းပပြုလုပ်ခဲ့ရာ ASEAN နိုင်ငံများမှ ဧည့်သည်တော်များ၊ ဌာနဆိုင်ရာမှ အရာထမ်းများနှင့် UNDP မှ ဖိတ်ကြားထားသော ဧည့်သည်တော် များ တက်ရောက်ခဲ့ကြပါသည်။
- ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနသည် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ ADPC တို့ နှင့်ပူးပေါင်း၍ "3rd National Training Course on

Mainstreaming Disaster/Climate Risk Management into Development Planning" ဖွင့်လှစ်ခဲ့ပါသည်။

- တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခု တွင် ပြည်သူလူထု ၁၂၈၂၀ ဦးအား သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာများကို ဖြန့်ဝေ နိုင်ခဲ့ပါသည်။
- သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၃၂ မြို့နယ်တွင် သင်တန်းသား ၃၀ ဦးစီဖြင့် စုစုပေါင်းသင်တန်းသား ၈၇၀ ဦး သဘာဝဘေး အသိပညာများ ဟောပြော ဆွေးနွေးပို့ချ ခဲ့ပါသည်။
- ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာနမှ "၂၀၁၄ခုနှစ်၊ အပြည် ပြည်ဆိုင်ရာ သဘာဝဘေး လျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနား" ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ် ခဲ့ပါသည်။
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့ပြီး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု နည်းဥပဒေကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက် လျက် ရှိပါသည်။
- ကလေးသူငယ်ဥပဒေ ၁၉၉၃ ကို ပြင်ဆင်ရေးဆွဲပြီး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေ၊ အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီး ကာကွယ်ရေး ဥပဒေ၊ သက်ကြီး ရွယ်အို အခွင့်အရေးများဆိုင်ရာ ဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ရှေးဦး အရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေ ကိုလည်း ရေးဆွဲလျက် ရှိပါသည်။
- မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ e-Government Application ဖြစ်သည့် EDMS (Electronic Document Management System) ဖြင့် ရုံးစာနှင့် အချက်အလက်များပေးပို့ ဆောင်ရွက်လျက်ရှိပြီး Video Conferencing System ကိုလည်း ချိတ်ဆက်ထားပြီးဖြစ်ပါသည်။ လက်တွေ့ချိတ်ဆက် အသုံးပြုနိုင်သည် အထိ ဝန်ထမ်းများကို ဖွဲ့စည်းလေ့ကျင့် စီမံ ဆောင်ရွက်လျက် ရှိပါသည်။
- မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ပါ လုပ်ငန်းအစီအစဉ်(၈)ရပ် ဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း တို့ကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီးရုံး၊ ခရိုင်ရုံး ၅ ခု ဒက္ခိဏသီရိခရိုင်၊ကသာခရိုင်၊ မိတ္ထီလာခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မြောက်ဦးခ

ရိုင်နှင့် သိုလှောင်ရုံ ၄ လုံး ဒက္ခိဏသီရိ ခရိုင်၊ မိုးညှင်းခရိုင်၊ မြဝတီခရိုင်နှင့် မြောက်ဦးခရိုင်တို့တွင်လည်းကောင်း၊ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင်တွင် သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်း အဆောက်အဦ ၆ ခု၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင်ပြုပြင် မွမ်းမံမှုခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ တွင်လိုအပ်သည့် ရုံးသုံးပစ္စည်း၊စက်ကိရိယာ၊ ပရိဘောဂ၊ မော်တော်ယာဉ်များကို ဝယ်ယူခဲ့ပါသည်။

- လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနသည် ဒုတိယ (၆) လပတ် ကာလအတွင်း ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၅,၃၄၄.၁ဝ၈ သန်းသုံးစွဲ ခဲ့ပြီး ၉၇.၁ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။
- International Service Voluntee Association အဖွဲ့အစည်းမှ သဘာဝဘေး ကျရောက်လွယ်သောဒေသရှိ ထိခိုက်လွယ်သော အိမ်ထောင်စုများအား အကျိုး ခံစား ခွင့်ရှိနိုင်ရန် အသိပညာပံ့ပိုးပေးခြင်းနှင့်လူမှုစီးပွားဖွံ့ဖြိုး တိုးတက် ရေး အတွက် US $ ၅.၁ သန်းထောက်ပံ့ရန်လျာထားခဲ့ရာ US$ ၃.၈၂သန်းသုံးစွဲခဲ့ပြီး၊ ကျန်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက် လျက်ရှိပါသည်။
- Trocaire အဖွဲ့အစည်းမှ အမျိုးသမီးများ တိုးတက်မြင့်မားရေး အတွက် US$ ၅.ဝ သန်း ထောက်ပံ့ရန် လျာထားခဲ့ရာ၊ US$ ဝ.၆၈၁ သန်းသုံးစွဲပြီး၊ ကျန်လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။
- ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Center for Vocational Training (CVT) အဖွဲ့အစည်းမှ အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများနှင့် လူငယ်လေးများအတွက် အသက်မွေးပညာ အခြေခံသင်တန်းများအတွက် US$ ၂.၇ သန်းထောက်ပံ့ရန် လျာထားခဲ့ရာ၊ US$ ဝ.၅၄၈ သန်းသုံးစွဲခဲ့ပြီး၊ ကျန်လုပ်ငန်း များကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။
- New Humanity Myanmar အဖွဲ့အစည်းမှ ဘဝရပ်တည်ရန်ခက်ခဲသော ပြည်သူ လူထုအတွက် US$ ၃.ဝ သန်းထောက်ပံ့ရန် လျာထားခဲ့ရာ၊ US$ ဝ.၁၄၈ သန်း သုံးစွဲပြီး ကျန်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

- Care Myanmar အဖွဲ့အစည်းမှ အမျိုးသမီးများ အခွင့်အရေးနှင့်ခေါင်းဆောင်မှု စီမံချက်အတွက် US$ ၆.၀ သန်း ထောက်ပံ့ရန် လျာထားခဲ့ရာ၊ US$ ၁.၈၆၂ သန်း သုံးစွဲပြီး ကျန်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။
- Dan Church Aid(Myanmar)အဖွဲ့အစည်းမှ ပေါက်ကွဲပစ္စည်းများ ခြိမ်းခြောက်မှု အန္တရာယ်လျှော့ချရေးစီမံချက်အတွက် US$ ၅.၀ သန်း လျာထား ထောက်ပံ့ခဲ့ရာ၊ US$ ၀.၂၆၂ သန်းသုံးစွဲပြီး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိ ပါသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန**။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မျိုးဆက်သစ် အနုပညာရှင်များ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းအနေဖြင့် အမျိုးသား ယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ကျောင်းသား၊ ကျောင်းသူ ၆၂၀ ဦး၊ အမျိုးသား ယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ် (မန္တလေး)တွင် ကျောင်းသား၊ ကျောင်းသူ ၁၉၈ ဦး၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်) တွင် ကျောင်းသား၊ ကျောင်းသူ ၁၁၅ ဦး နှင့် အနုပညာအထက်တန်းကျောင်း (မန္တလေး) တွင် ကျောင်းသား၊ ကျောင်းသူ ၈၅ ဦး ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။

(ခ) (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်း အဝေး ဖွင့်ပွဲအခမ်းအနားနှင့် (၉) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး သို့ တက်ရောက်လာကြသည့် အာဆီယံနှင့် အရှေ့အာရှ ထိပ်သီး အဖွဲ့ဝင်နိုင်ငံများ မှ နိုင်ငံခေါင်းဆောင်များ ဂုဏ်ပြုညစာစားပွဲ အပါအဝင် နိုင်ငံတော်အဆင့် ဧည့်သည်တော်များအား ဖျော်ဖြေတင်ဆက်ခြင်း ၂၀၁၆ ခုနှစ်၊ အာဆီယံခရီးသွား လုပ်ငန်းဖိုရမ်ကို လက်ခံကျင်းပပြုလုပ်မည့် ဖိလစ်ပိုင်နိုင်ငံသို့ အလံလွှဲပြောင်းပေး အပ်ခြင်း အခမ်းအနားနှင့် ၂၀၁၅ ခုနှစ် အာဆီယံ ခရီးသွားဖိုရမ် ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းရှင် များအား ဂုဏ်ပြုညစာစားပွဲ အပါအဝင် အာဆီယံနိုင်ငံများနှင့် အခြားသော နိုင်ငံများမှ ပြည်ပဧည့်သည်တော်များအား ဖျော်ဖြေတင်ဆက်ခြင်း၊ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော် များအား နိုင်ငံတော်သမ္မတ အိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ပွဲတွင် ဖျော်ဖြေတင်ဆက်ခြင်း အပါအဝင် အခြားသော ဧည့်ခံဖျော်ဖြေတင်ဆက်

မှုများကို ပြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဧည့်ခံခဲ့ ကြပါသည်။

(ဂ) UNESCO မှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ခွင့်ရရှိရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

(ဃ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း (World Heritage List)ဝင်ရောက်ခွင့်ရရှိရေးအတွက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၀.၁.၂၀၁၅) ရက်နေ့တွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ဆောင်ရွက်ခဲ့ပါသည်။

(င) ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ပျူမြို့ဟောင်း (၃) မြို့အား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် Management Plan (၅) နှစ်တာ စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ၊ ပူးပေါင်းပါဝင်မှုများ၊ ကြုံတွေ့နေရသည့်အခက်အခဲများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခြင်းကို ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်) ဆွေးနွေးခန်းမဆောင်တွင် ပြုလုပ်ခဲ့ပါသည်။

(စ) ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ၏ Booklet စာအုပ်များကို ကမ္ဘာ့အမွေအနှစ်ဒေသနှင့် လျော်ညီသည့် Booklet စာအုပ် ထုတ်ဝေနိုင်ရေးအတွက် Perfect Magazine ထုတ်ဝေခြင်း၊ Monitoring Note များ ရေးသားခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(ဆ) ကြေးခေတ်သုတေသနလုပ်ငန်းကို မြန်မာ-ပြင်သစ် ပညာရှင်များ ပူးပေါင်း၍ ကြေးခေတ်၊သံခေတ် သင်္ချိုင်းရာများတည်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်း၊ အုတ်အိုင်ဒေသအနီးတွင် သုတေသနလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။

(ဇ) မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း၊ တူးဖော်သုတေသနလုပ်ငန်းတို့ကို ပုဂံဒေသ၊ စစ်ကိုင်းဌာနခွဲ၊ စစ်တွေဌာနခွဲ၊ ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း၊ ရန်ကုန်ဌာနခွဲ၊ ရှေးဟောင်းသုတေသနနည်းပညာ သင်တန်းကျောင်း(ပြည်)၊ မန္တလေးဌာနခွဲ၊ ဟားခါးဌာနခွဲ၊ ကျိုင်းတုံဌာနစု၊ ထားဝယ်(မြိတ်)ဌာနခွဲ၊ တကောင်းဌာနခွဲ၊ ရွှေဘို-ဟန်လင်းဌာနစု စသည်တို့တွင် ဆောင်ရွက်လျက်ရှိပါသည်။

(ဈ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများတွင် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) မှ ပညာရှင်များ၊ ဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ ပုဂံဒေသရှိ အာနန္ဒာဘုရားကြီးအား မွမ်းမံထိန်းသိမ်းခြင်း

လုပ်ငန်းများအားလည်းကောင်း၊ ရွှေနန်းတော်ကျောင်းကြီးအား ပြုပြင်ထိန်းသိမ်းရန်အတွက် WMF အဖွဲ့ဖြင့်လည်းကောင်း UNESCO မှ Mr Dr.rik Ponne သည် သရေ ခေတ္တရာ မြို့ဟောင်းသို့ရောက်ရှိပြီး ဌာနဝန်ထမ်းများနှင့် ပူးပေါင်း၍ ကွင်းဆင်း သုတေသနပြုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ည) ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေးဟောင်းအဆောက်အအုံ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေ(မူကြမ်း) ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(ဋ) UNESCO မှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ပုဂံဒေသ၏ ဇုန်နယ်နိမိတ် သတ်မှတ်ရေး နှင့် နယ်နိမိတ်ဆိုင်ရာစည်းကမ်း (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

(ဌ) အင်းတိုင်းရင်းသားတို့၏ ရိုးရာတေးဂီတနှင့်သီချင်းများကို ပြန်လည် ဖော်ထုတ်ရေး နှင့် ထိန်းသိမ်း စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ညောင်ရွှေမြို့နယ်ရှိ ကျေးရွာများသို့ လူမှုရေးစစ်တမ်း ကောက်ယူခြင်း၊ တေးသီချင်းများ၊ သရုပ်ဖော်ကကွက် များကို အသံသွင်းရိုက်ကူးခြင်း၊ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန** ။ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုအသိပညာပေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်ခြင်း၊ စာပေဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးတက် ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်း၊ မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းမြှင့်တင်ရေးတို့ကို အဓိကထားဆောင်ရွက်ရန် အပါအဝင် လုပ်ငန်းစဉ် ၃၃ ရပ်ကိုချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည် -

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန် ၆၃,၁၆၈ ကြိမ်၊ ပညာပေးရန် ၁၀,၇၀၆ ကြိမ် နှင့် ဖျော်ဖြေပေးရန် ၅၄,၅၃၂ ကြိမ်အပေါ် ပြန်ကြားခြင်း ၉၅,၉၆၀ ကြိမ်၊ ပညာပေးခြင်း ၁၄,၁၆၆ ကြိမ်၊ ဖျော်ဖြေပေးခြင်း ၆၅,၃၇၂ ကြိမ်တို့ကို ဆောင်ရွက်ခဲ့ ပါသည်။

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်မှ နေပြည်တော် (တပ်ကုန်း) တွင် လူပျိုဆောင်(၂) ထပ်ဆောင် (၁) လုံး ဆောက်လုပ်ခြင်း၊ (၃၀ မီတာ) တာဝါတိုင်ဆေးသုတ်ခြင်း၊ တပ်ကုန်းမှ အခြားလုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းသစ်များအတွက်

Fiberလိုင်း အသစ် ဆွဲခြင်း၊ Solar System ပစ္စည်းများ ဝယ်ယူခြင်း၊ DVB-T2 Transmitter ဝယ်ယူခြင်း တို့ကို ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) မိုင်းယု (၁၀၅မိုင်) စက်ရုံ(50W)၊ မာန်ဟီးရိုး (စယ်လန့်) စက်ရုံ (50W) တို့ကို တိုးချဲ့ တည်ဆောက်ပြီး ရုပ်သံအစီအစဉ်များ ထုတ်လွှင့်ပေးနိုင် ခဲ့ပါသည်။

(ဃ) ဒီဂျစ်တယ်စနစ်ဖြစ်သည့် DVB-T2 စနစ်ဖြင့်ထုတ်လွှင့်ရာတွင် ပေါက်စက်ရုံ (100W)၊အမ်းစက်ရုံ (100W)၊ ဘီးလင်းစက်ရုံ (1KW)အပါအဝင် စုစုပေါင်း စက်ရုံ ၅၅ ရုံ တို့တွင် DVB-T2 စက်များ တပ်ဆင်ပြီး Channel ၁၄ ခု ကို ထုတ်လွှင့် ပေးလျက်ရှိပါသည်။

(င) ငွေဆောင်စက်ရုံ (500W)၊ ဟိုင်းကြီး ကျွန်းစက်ရုံ (500W) အပါအဝင် စုစုပေါင်း စက်ရုံ ၁၉ ရုံတွင် Radio FM လွှင့်စက်များတပ်ဆင်ပြီးဖြစ်၍ ရေဒီယို မြန်မာ့ အသံအစီစဉ်များကို ထုတ်လွှင့်ပေးလျက် ရှိပါသည်။

(စ) တိုင်းဒေသကြီး/ပြည်နယ်များ အတွင်း၌ စံနှင့်ညီ ကျေးရွာ စာကြည့်တိုက်ပေါင်း ၅,၈၂၅ တိုက် ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ရပ်ကွက်စာကြည့်တိုက်ပေါင်း ၃၆၅ တိုက်ကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဆ) ကျေးရွာ စာကြည့်တိုက် ၂၀၀ တိုက်ကို ဆောက်လုပ်ပြီးစီးရေး ဆောင်ရွက်လျက် ရှိပါသည်။

(ဇ) ကချင်ပြည်နယ်မှအပ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတွင် ADSL နှင့် SkyNet စုစုပေါင်း ၁၄ ရုံး တပ်ဆင်ပြီး၊ ခရိုင်ရုံး ၇၂ ရုံး တွင် ADSL ၄၃ ရုံး ၊ Sky Net ၁၉ ရုံး စုစုပေါင်း ၆၂ ရုံးသာ တပ်ဆင်ပြီး ဖြစ်ပါသည်။

(ဈ) ခရိုင်ရုံး ၄၃ ရုံးနှင့် မြို့နယ်ရုံး ၃ ရုံး၊ စုစုပေါင်း ၄၆ ရုံးတွင် Wifi များ တပ်ဆင် ပေးပြီးဖြစ်၍ WiFi ထုတ်လွှင့်ပြသခြင်းဖြင့် ပြည်တွင်းပြည်ပ ဖြစ်ပေါ် ပြောင်းလဲ နေသော သတင်းအချက်အလက်များကို လွယ်လင့်တကူ မြန်ဆန်စွာ သိရှိရသည့် အတွက် အကျိုးရှိ ထိရောက်သော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်း ဖြစ်ပါသည်။

(ည) ခရိုင်နှင့် မြို့နယ်ရုံး ၄၁၂ ရုံးတွင် မြေစိုက်နံရံကပ်စာစောင်များ စိုက်ထူပြသ ထားပြီး ပြည်သူကို ဗဟိုပြုသော အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများကို အကောင် အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ဋ) နိုင်ငံတော်မှ ခွင့်ပြုငွေဖြင့် စာပေရေချမ်းစင် ၇၂ ခု အပြင် အလှူရှင်များမှ လှူဒါန်း မှုဖြင့် ရရှိသည့် စာပေရေချမ်းစင် ၄၆ ခု၊ စုစုပေါင်း ၁၁၈ ခု ဖွင့်လှစ်ထားရှိ ခဲ့ပါသည်။ နိုင်ငံတော်မှ ခွင့်ပြုငွေဖြင့် နံရံကပ်စာပေရေချမ်းစင် ၅,၀၂၁ အိတ် နှင့်

စေတနာအလှူရှင်များမှ လှူဒါန်းမှု ၆၄၄ အိတ်၊ စုစုပေါင်း ၅,၆၆၅ အိတ် ထားရှိ ဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ဌ) နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်/ ကျေးရွာ အုပ်စုများရှိ မူလတန်းကျောင်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးများ၌ နယ်လှည့် စာကြည့်တိုက် လှုပ်ရှားမှု ၆,၄၂၂ ကြိမ်၊ လက်ကမ်းစာစောင် ထုတ်ဝေမှု ၆၇၅ ကြိမ်၊ နံရံကပ် စာစောင်ပြသမှု ၆,၆၉၀ ကြိမ်၊ ဓာတ်ပုံပြပွဲ ၆,၂၇၅ ကြိမ်၊ ဟောပြောပွဲ ၆,၀၈၈ ကြိမ် ခင်းကျင်းပြသ ပေးနိုင်ခဲ့ပါသည်။

(ဍ) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကူညီဆောင်ရွက်မှုများဖြင့် e-Library ၁၂ ခု ကိုဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါ သည်။

(ဎ) နိုင်ငံတော်မှကြီးမှူး ကျင်းပသည့် အခမ်းအနားများ၊ အစည်းအဝေးများ၊ နေ့ကြီး ရက်ကြီး အခမ်းအနားများအား မှတ်တမ်းတင်ရိုက်ကူးခြင်းတွင် ပုံအရေအတွက် ပေါင်း ၅၄,၀၀၀ ကို မှတ်တမ်းတင်ခဲ့၍ ဓာတ်ပုံ ၃,၁၂၈ ပုံ ကူးယူခဲ့ပါသည်။

(ဏ) ဒို့ကျေးရွာဂျာနယ်ကိုတစ်လလျှင် ၂ ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရာအတွဲ ၁၁၊ အမှတ် ၁၉ မှ အတွဲ ၁၂ ၊ အမှတ် ၆ အထိ စောင်ရေ ၇၃၈,၄၆၀ စောင် ပုံနှိပ်ဖြန့်ချီ ခဲ့ပါ သည်။

(တ) ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၏ သတင်းများ၊ ထူးခြားဖြစ်စဉ် သတင်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှ ပေးပို့သည့် သတင်းများကို ဘာသာပြန်ဆိုပြီး Video File များ ပြုလုပ်၍ တပြေးညီ လွှင့်တင်ခြင်း၊ နေ့စဉ်နိုင်ငံတကာသတင်းများကို ဘာသာပြန်ဆိုပြီး MOI Facebook နှင့် Youtube များတွင် လွှင့်တင်ခြင်း၊ Web Media Portal တွင် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်လုပ်ငန်းများ၏ လျှောက်လွှာပုံစံများအား e-Service Form ပုံစံ ပြုလုပ် ၍လွှင့်တင်ခြင်း၊ ဝန်ကြီးဌာနကိုယ်စား EDMS Admin အဖြစ် ဆောင်ရွက်ပြီး အခြားဝန်ကြီးဌာနများအား EDMS စနစ်ဖြင့်ရုံးစာများပေးပို့ခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် အခြားဝန်ကြီးဌာနများအား EDMS စနစ်ဖြင့်ရုံးစာများ ပေးပို့ခြင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စု ဝန်ကြီးတို့၏ မိန့်ခွန်းများမှတ်တမ်းပြုစုခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်သည့် ပြည်ပသတင်းဌာနများမှ မီဒီယာသမားများအတွက် ပြည်ဝင်ခွင့် ဗီဇာများ ရရှိစေရန် စိစစ်ထောက်ခံမှုများ ပြုလုပ်ပေးခြင်း၊ လွှတ်တော်များတွင်

ဆွေးနွေးမှုများကို မှတ်တမ်းပြုစုခြင်း၊အစိုးရ သစ်လက်ထက် ပြည်ထောင်စု ဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်မှုများ၊ တိုင်းဒေသ ကြီး/ပြည်နယ် ဝန်ကြီးချုပ် ပြောင်းလဲတာဝန် ပေးအပ်မှုများကို မှတ်တမ်းပြုစုခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။ ဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်း(၉) ကြိမ်၊ အလုပ်ရုံ ဆွေးနွေးပွဲ (၁) ကြိမ်နှင့် အခြား အဖွဲ့အစည်းများဖြင့် ပူးပေါင်း ဖွင့်လှစ်သော သင်တန်း (၆) ကြိမ်၊ အလုပ်ရုံ ဆွေးနွေးပွဲ (၂) ကြိမ်ပြုလုပ် နိုင်ခဲ့ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာန၊တိုင်းဒေသကြီး/ပြည်နယ်များမှ သတင်းများကို File Transfer Protocol (FTP) စနစ်ဖြင့် ပေးပို့ခဲ့ပြီးပေးပို့ခဲ့သည့် သတင်းပုဒ်ရေစုစုပေါင်းမှာ ၉,၈၈၄ ပုဒ် ဖြစ်ပါသည်။

(ထ) သတင်းမီဒီယာ နည်းဥပဒေများ(မူကြမ်း)ကို ညှိနှိုင်းရေးဆွဲခဲ့ပြီး နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

(ဒ) ပုံနှိပ်လုပ်ငန်းတွင်အသစ် ၁၄၃ ဦး ခွင့်ပြုခြင်း၊ သက်တမ်းတိုး ၈၉၆ ဦး၊ ထုတ်ဝေခြင်း လုပ်ငန်းတွင် အသစ် ၃၄၂ ဦး၊ သက်တမ်းတိုး ၉၀၆ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း ၈ ဦး ကို အသစ်ခွင့်ပြုခဲ့ပါသည်။ သတင်းစာ ၂ စောင်၊ ဂျာနယ် ၂၄ စောင်နှင့် မဂ္ဂဇင်း ၁၅ စောင် အသစ်ထွက်ရှိခဲ့ပါသည်။

(ဓ) မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနသည် ရုပ်ရှင်ကားစစ်ဆေးရန် ၆၀ လျာထား သော် လည်း ၆၇ ကား၊ ဗီဒီယိုတိပ်ခွေ ၁,၂၀၀ စစ်ဆေးရန် လျာထားရာ ၁,၃၂၈ ခွေ စစ်ဆေး နိုင်ခဲ့ပါသည်။

(န) နိုင်ငံပိုင် စက်ပစ္စည်းနှင့် ထုတ်လုပ်မှုအနေဖြင့် ရုပ်ရှင်ကား ကူးဆေးခြင်းလုပ်ငန်း အတွက် ပေ ၀.၀၂၅ သန်း လျာထားခဲ့ရာ ပေ ၀.၀၄၇ သန်း ဆောင်ရွက် နိုင်ခဲ့ပါသည်။ သတင်းကား ရိုက်ကူးခြင်းတွင် သတင်းကား ၉ ကား လျာထားခဲ့ရာ ၆ ကား ရိုက်ကူး ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ပ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် ကျောင်းသုံးစာအုပ် ၂၈၂.၁ သိန်း၊ ပညာပေး ၈.၀၃၇ သိန်း၊ ပုံနှိပ်စာအုပ် ၈.၁၉၉ သိန်းနှင့် ပုံစံရွက်လွတ် ၄၀.၉၈၆ သိန်း ထုတ်လုပ် နိုင်ခဲ့ပါသည်။

(ဖ) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းတွင် စက်ရုံပေါင်း ၇ ရုံ အတွက် စာဖောင် ပေါင်း ၁၃၈.၅၃၀ သန်း ပုံနှိပ်နိုင်ခဲ့ပါသည်။

(ဗ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် မြန်မာ့အလင်း သတင်းစာစောင်ရေ ၂၆၅.၁၀၉ သိန်း၊ ကြေးမုံသတင်းစာစောင်ရေ ၃၂၉.၃၀၉ သိန်းနှင့် သတင်းလွှာ

စောင်ရေ ၀.၁၀၇ သိန်းတို့ကို ထုတ်လုပ် နိုင်ခဲ့ပါသည်။ နယူးလိုက်အော့ဖ် မြန်မာသတင်း စာစောင်ရေ ထုတ်လုပ် ရန် လျာထားခဲ့သော်လည်း Global New Light of Myanmar သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့သဖြင့် စောင်ရေ လျော့နည်းရခြင်း ဖြစ်ပါသည်။

(ဘ) သတင်းစာတိုက် ၁၄ ခုတွင် စောင်ရေ ၅၉.၄၄၂ သန်း ရိုက်နှိပ်ထုတ်လုပ် နိုင်ခဲ့ပါသည်။ သတင်းစာတိုက် ၁၄ ခု အတွက် စက်လုံးရေ ၂၂ လုံးဖြင့် လည်ပတ်လျက် ရှိရာ စက် တစ်လုံးချင်း အနေဖြင့် မူလစက်စွမ်းအားအပေါ် ထုတ်လုပ်မှုရာခိုင်နှုန်းမှာ ၆၁.၁၆ ရာခိုင်နှုန်း ထုတ်လုပ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(မ) ပြန်ကြားရေးဝန်ကြီးဌာနသည် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၂၂၈၆၆.၀၀၇ သန်း သုံးစွဲခဲ့ပြီး ၆၂.၅၃ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သာသနာရေးဝန်ကြီးဌာန**။ သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပညာရေးဆောင်ရွက်ချက်များအနေဖြင့် ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာ နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ စာဖြေဌာန ၅၀ တို့၌ **ဓမ္မာစရိယ(ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ) စာမေးပွဲတို့** ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ခ) ပိဋကတ်ကျမ်းစာအုပ်များ၊ ဗုဒ္ဓဓမ္မစာပေများ၊ ပြင်ပမှဆရာတော် သံဃာတော်များ အပ်နှံသည့် ဘာသာရေး ဆိုင်ရာစာအုပ်များကို ပုံနှိပ်ပေးလျက်ရှိရာ ပိဋကတ်ကျမ်း စာအုပ်ကြီး၊ ပိဋကတ် ကျမ်းစာအုပ်သေး၊ ပညာပေးတရားစာအုပ်၊ ပြင်ပလုပ်ငန်း စာအုပ်ကြီး၊ ပြင်ပလုပ်ငန်းစာအုပ်သေးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ကျမ်း စာအုပ်များ၊ စုစုပေါင်း ၁,၈၅၈,၉၅၄ အုပ် ၊ တန်ဖိုးမှာ ငွေကျပ် ၃၉၁.၅၆၁ သန်း ရိုက်နှိပ် ပြီးစီးပြီး ခဲ့ပါသည်။

(ဂ) သာသနာပြုဌာန ၈ ဌာနတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် နယ်စပ်တောင်တန်းဒေသနှင့် ဝေးလံ ခေါင်သီသောနေရာများတွင် သာသနာပြုဌာန ပေါင်း ၅၆၉ ဌာနရှိပါသည်။ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များအတွက် ဘုန်းတော်ကြီးသင် ပညာရေး (မူ/ မူလွန်/အလယ်)တန်းကျောင်း ၁,၅၁၁ ကျောင်း ဖွင့်လှစ်ခဲ့ရာ အစီအစဉ် ကာလအတွင်း

ဘုန်းတော်ကြီးသင် (မူ/မူလွန်/အလယ်)တန်းကျောင်း ၇၅ ကျောင်း တိုးမြှင့် ဖွင့်လှစ်ခဲ့သဖြင့် စုစုပေါင်း ၁,၆၀၆ အထိ ဖွင့်လှစ်ပြီးဖြစ်ပါသည်။

(ဃ) တရားအားထုတ်ရန် လာရောက်ကြသော နိုင်ငံပေါင်း ၆၇ နိုင်ငံမှ နိုင်ငံခြားသား ရဟန်းတော် ၃၂၇ ပါး၊ သီလရှင် ၁၈၃ပါး၊ ယောဂီ ၃၅၇ ဦးတို့၏ ပြည်နေခွင့် သက်တမ်းတိုးမြှင့်ခြင်း၊ ပြည်ဝင်ဗီဇာလျှောက်ထားခြင်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာ လျှောက်ထားခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

(င) ပြည်ပနိုင်ငံများသို့သာသနာပြု ဆောင်ရွက်ရန်နှင့် ဘုရားဖူးကြွရောက် ကြသည့် ရဟန်း ၁,၄၈၈ ပါး နှင့် သီလရှင် ၅၀ ပါး၊ စုစုပေါင်း ၁,၅၃၈ ပါး တို့အတွက် နိုင်ငံကူး လက်မှတ်များ ဆောင်ရွက်ပေးခဲ့ပါသည်။

(စ) မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့ တွင် မြန်မာ - တရုတ် " The Future development of Buddha Dhamma and the right thought of peace and harmony of the human beings" စာတမ်းဖတ်ပွဲကို ကျင်းပခဲ့ပါသည်။ " The International Conference on Buddhist Meditation Practices and Buddhist Psychology with a focus pain Management (Vedanaupassana) စာတမ်းဖတ်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ၊ ထိုင်း၊ သြစတြေးလျ၊ အိန္ဒိယ၊ အမေရိကန်၊ ဗြိတိန်စသော နိုင်ငံပေါင်း ၆ နိုင်ငံမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား/သူများက စာတမ်း ၂၂ စောင်ကို ဖတ်ကြားခဲ့ပြီး စာတမ်းဖတ်ပွဲ အခမ်းအနားသို့ သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်တော်များ၊ သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

(ဆ) မဟာပါသာဏလိုဏ်ဂူတော်ကြီးမွမ်းမံပြင်ဆင်ခြင်း၊ ရန်ကုန်၊ ကမ္ဘာအေး ၆ ခန်းတွဲ ဝန်ထမ်း အိမ်ရာ ၃ လုံး အတွက် ရေမီးသွယ်တန်းခြင်းနှင့် မိလ္လာကန်များ ဆောက်လုပ်ခြင်း၊ မန္တလေးခရိုင်သာသနာရေးမှူးရုံး RC ၁ ထပ် ဆောက်လုပ်ခြင်း၊ ရမည်းသင်းခရိုင်သာသနာရေးမှူးရုံးRC ၁ ထပ်ဆောက်လုပ်ခြင်း၊ ဥတ္တရခရိုင်သာသနာ ရေးမှူးရုံး RC ၁ ထပ် ဆောက်လုပ်ခြင်း၊ ဒက္ခိဏခရိုင်သာသနာရေးမှူးရုံး RC ၁ ထပ် ဆောက်လုပ်ခြင်း၊ မိုးကောင်းမြို့နယ် သာသနာရေးမှူးရုံး RC ၁ ထပ်ဆောက်လုပ်ခြင်း၊ လှည်းကူးမြို့နယ် သာသနာရေးမှူးရုံး RC ၁ ထပ်ဆောက်လုပ်ခြင်း၊ မိုးကုတ်မြို့နယ် သာသနာရေးမှူးရုံး RC ၁ ထပ်ဆောက်လုပ်ခြင်း၊ ထီးလင်းမြို့နယ်သာသနာရေးမှူးရုံး RC ၁ ထပ် ဆောက်လုပ်ခြင်း၊ လှိုင်းဘွဲ့မြို့နယ် သာသနာရေးမှူးရုံး RC ၁ ထပ် ဆောက်လုပ်ခြင်း၊ မကွေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဆောက်လုပ်ခြင်းအတွက်

ရေ/မီးတပ်ဆင်ခြင်း၊ ရေသန့်နှင့်မိလ္လာကန် လုပ်ငန်းဆောင်ရွက်ခြင်း၊ ကရင်ပြည်နယ် သာသနာရေးမှူးရုံးဆောက်လုပ်ခြင်းအတွက် ရေ/မီးတပ်ဆင်ခြင်း၊ ရေသန့်နှင့် မိလ္လာကန် လုပ်ငန်းဆောင်ရွက်ခြင်း၊ နေပြည်တော် သာသနာရေးမှူးရုံး ဆောက်လုပ်ခြင်းအတွက် ရေ၊ မီးတပ်ဆင်ခြင်း၊ ရေသန့်လုပ်ငန်းနှင့် မိလ္လာကန်လုပ်ငန်း ဆောင်ရွက်ခြင်း၊ နေပြည်တော်သာသနာရေးမှူးရုံး (ညွှန်မှူးအိမ်ယာ) တည်ဆောက်ခြင်း၊ နေပြည်တော် သာသနာရေးမှူးရုံး (ဦး/ရှိအိမ်ယာ) တည်ဆောက်ခြင်း၊ နေပြည်တော် သာသနာရေးမှူးရုံး (ဝန်ထမ်းအိမ်ယာ) တည်ဆောက်ခြင်းတို့ကို ရာနှုန်းပြည့် နီးပါး ဆောင်ရွက်ခဲ့ပါသည်။

(ဓ) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝိဇ္ဇာလယကျောင်းဆောင် ၄ ဆောင် မွမ်းမံခြင်းအနက်(၂)ဆောင် မွမ်းမံခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) တွင် ဂါလံ ၅၀၀၀ ဆံ့(သံကူကွန်ကရစ်) ရေစင် ၁ လုံး ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ ၄ ခန်းတွဲ ဆောက်လုပ်ခြင်း၊ ဘွဲ့နှင်းခန်းမကြီး မွမ်းမံရန်နှင့် အောက်ကြမ်းခင်းကွန်ကရစ်လမ်းခင်းခြင်း (၇၀'×၉၈'×ဒေါက်တိုင် အမြင့်၅')၊ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်သာသနာရေးမှူးရုံး ဆောက်လုပ်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ် သာသနာရေးမှူးရုံး ဆောက်လုပ်ခြင်း၊ သင်ကြား/စာချ ဆရာတော်များ သီတင်းသုံးရန် RCC တစ်လုံးဆောက်လုပ်ခြင်း တို့ကို ရာနှုန်းပြည့် နီးပါး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**အားကစားဝန်ကြီးဌာန**။ အားကစားဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲ၊ သတ္တမ အကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ၊ တတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား အားကစားပြိုင်ပွဲ၊ (၁၅) ကြိမ်မြောက် ဂရိတ်ဝေါ အမျိုးသားတံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ၊တရုတ်ကုန်သည်ကြီးများအသင်း ဖလား အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ၊ ၂၀၁၅ ခုနှစ် မြန်မာအိုးပင်း လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲ၊မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲစသည့် ပြည်တွင်း အားကစားပြိုင်ပွဲ စုစုပေါင်း ၈၁ ပွဲ ကျင်းပပြုလုပ် ပေးနိုင်ခဲ့ပါသည်။

(ခ) အရှေ့တောင်အာရှကနူးလှေလှော်ပြိုင်ပွဲ၊သေနတ်ပစ်ပြိုင်ပွဲ၊ အလွတ်တန်း Squash ပြိုင်ပွဲ၊ အလွတ်တန်းရွက်လှေပြိုင်ပွဲ၊ အနောက်တိုင်းလှေလှော်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊

အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲ၊ ကမ္ဘာ့အကြီးတန်း ကရာတေးဒိုပြိုင်ပွဲ၊ ကမ္ဘာ့ရေကူးပြိုင်ပွဲ စသည့် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၃၃ ခု၊ ငွေတံဆိပ် ၂၈ ခု၊ ကြေးတံဆိပ် ၃၁ ခု စုစုပေါင်း ဆုတံဆိပ် ၉၂ ခု ရရှိခဲ့ပါသည်။

(ဂ) တတိယအကြိမ်မြောက် အရှေ့တောင်အာရှဗိုဗီနမ်ပြိုင်ပွဲ၊ စူပါစီးရီး ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပထမအကြိမ် အာရှဖိတ်ခေါ်ခြင်းလုံးခတ်ပြိုင်ပွဲ၊ မြန်မာ-ကိုးရီးယား (ဂျွန်ဗွတ်)ချစ်ကြည်ရေး မြင်းစီး အားကစားပြိုင်ပွဲစသည့် အပြည်ပြည်ဆိုင်ရာ အားကစား ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် ပြိုင်ပွဲများ လက်ခံကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၆ ခု၊ ကြေးတံဆိပ် ၁၂ ခု စုစုပေါင်း ၂၈ ခု ရရှိခဲ့ပါသည်။

(ဃ) ပြည်ပနိုင်ငံများသို့ ညီလာခံ၊ အစည်းအဝေး၊ဆွေးနွေးပွဲ၊ လေ့လာရေး နှင့် ဒိုင်တာဝန် ထမ်းဆောင်ရန် အတွက် ကိုယ်စားလှယ် စုစုပေါင်း ၅၃ ဦးကို စေလွှတ်ခဲ့ပါသည်။ တရုတ်နိုင်ငံတွင် ဖွင့်လှစ်သည့် Master in International Sport Humanity Socialism မဟာဘွဲ့သင်တန်းသို့ သင်တန်းသား(၁)ဦး စေလွှတ်ခဲ့ပါသည်။အားကစားသမား ၂၃၂ ဦးအား ပြည်ပနိုင်ငံများသို့သွားရောက်၍ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ခဲ့ပါသည်။

(င) တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံများမှ နိုင်ငံခြားနည်းပြဆရာ ၇၆ ဦးတို့မှ အားကစားနည်း ပညာများအား လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

(စ) အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင် အားကစားသမားများအား စခန်းသွင်း လေ့ကျင့်လျက်ရှိရာ နေပြည်တော် နှင့် ရန်ကုန်မြို့တွင် အားကစားနည်း ၄၄ နည်းအတွက် အုပ်ချုပ်သူ/နည်းပြ ၁၁၃ ဦး၊ အားကစားသမား စုစုပေါင်း ၉၃၁ ဦးတို့ဖြင့် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပါသည်။

(ဆ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ တက္ကသိုလ်/ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် အားကစားနည်း ၁၉ မျိုးကို အခြေခံ၍ အားကစားသင်တန်းများဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ပါသည်။

(ဇ) အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် အားကစားနည်း ၂၅ နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ ၅၆၄ ဦး လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး

အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းမှ သင်တန်းသားများ အားကစားပြိုင်ပွဲ ၂၆ ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၆၈ ခု၊ ငွေတံဆိပ် ၁၅၉ ခု၊ ကြေးတံဆိပ် ၁၄၉ ခု စုစုပေါင်း ၄၇၆ ခု ရရှိခဲ့ပါသည်။ ပြည်ပအားကစားပြိုင်ပွဲများဖြစ်သည့် ရွက်လှေ နှင့် သေနတ်ပစ် ပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

(ဈ) အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် အားကစားနည်း ၂၅ နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ ၅၇၆ ဦး လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းမှ သင်တန်းသားများအားတိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲ နှင့် အမျိုးသားအားကစားပွဲတော်၊ မြို့တော်ဝန်မာရသွန် အားကစားပြိုင်ပွဲ တို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၃၁ ခု၊ ငွေတံဆိပ် ၁၅၈ ခု၊ ကြေးတံဆိပ် ၁၆၂ ခု စုစုပေါင်း ၄၅၁ ခု ရရှိခဲ့ပါသည်။ ပြည်ပအားကစားပြိုင်ပွဲများဖြစ်သည့် ၉ ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ၊ အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ၊ ၁၆ နှစ်အောက် အမျိုးသား/အမျိုးသမီး Champioship ဘောလုံးပြိုင်ပွဲ နှင့် သက်တမ်းအလိုက် နိုင်ငံတကာ ဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၈ ခု၊ ကြေးတံဆိပ် ၇ ခု စုစုပေါင်း ၂၀ ခု ရရှိခဲ့ပါသည်။

(ည) အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)တွင် အားကစားနည်း ၁၀ နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ ၁၅၀ ဦး လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းမှ သင်တန်းသားများအားအားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်) ကျောင်းပေါင်းစုံပြိုင်ပွဲ၊ Japan Cup သံအမတ်ကြီးဖလား ဂျူဒိုပြိုင်ပွဲ၊ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ နှင့် မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား စသည့်အားကစားပြိုင်ပွဲ တို့ကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၆ ခု၊ ငွေတံဆိပ် ၁၅ ခု၊ ကြေးတံဆိပ် ၄၀ ခု စုစုပေါင်း ၆၁ ခု ရရှိခဲ့ပါသည်။

(ဋ) အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)တွင် အားကစားနည်း ၁၀ နည်း ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သင်တန်းသူ ၁၅၀ ဦး လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

(၄) အားကစားဝန်ကြီးဌာန အနေဖြင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ကို ကျပ် ၁၄.၆၃၄ ဘီလီယံ သုံးစွဲရန် လျာထားခဲ့ရာ ဒုတိယ(၆)လပတ်အထိ ၁၄.၈၈၃ ဘီလီယံ သုံးစွဲခဲ့ပါသည်။

(၃) မော်လမြိုင်အားကစားနှင့်ကာယပညာသိပ္ပံတည်ဆောက်ခြင်း၊ တောင်ကြီး အားကစားနှင့်ကာယပညာသိပ္ပံ တည်ဆောက်ခြင်း၊ ဝဏ္ဏသိဒ္ဓိ (Sport Complex) တည်ဆောက်ခြင်း၊မန္တလေးအားကစားနှင့်ကာယပညာသိပ္ပံ အဆင့်မြင့်ပြုပြင် မွမ်းမံခြင်း၊ ဖားဆောင်း အားကစားကွင်း Innerfencing ကာရံခြင်း၊ ဂိုးတိုင်၊ Scoreboaed ပြုလုပ်ခြင်း၊ တွန်းဇံမြို့တင်းနစ်ကွင်းတည်ဆောက်ခြင်း၊ မင်းတပ်မြို့နယ်မီတာ (၄၀၀) ပြေးလမ်းပါ ကွင်းအုတ်တံတိုင်း၊ ပွဲကြည့်စင်တည်ဆောက်ခြင်း၊ ဝန်းသိုမြို့ ပွဲကြည့်စင် အုတ်တံတိုင်းကာရံခြင်း၊ တမူးမြို့ အားကစားရုံပြုပြင်ခြင်း၊ ချောင်းဦးမြို့ အားကစားကွင်း Innerfencing နှင့်အုတ်တံတိုင်း တဖက်ကာရံခြင်း၊ အမရပူရအားကစားကွင်း ပွဲကြည့်စင်ပြုပြင်ခြင်း၊ဝင်းတံခါးနှင့် Innerfencing တည်ဆောက်ခြင်း၊ မြင်းမူ အားကစားကွင်း Scoreboaed ပြုလုပ်ခြင်း၊ မြောင်အားကစားကွင်း၊ ပွဲကြည့်စင်နှင့်Scoreboaed ပြုလုပ်ခြင်း၊ လဟယ်မြို့ အားကစားရုံ (ခ)အဆင့် (၁) ရုံတည်ဆောက်ခြင်း၊ လောင်းလုံမြို့မအားကစားကွင်း ပြုပြင်မွမ်းမံခြင်း၊ ရေနံချောင်းမြို့နယ်၊ အားကစားကွင်းရေဖျန်းစနစ်အားကစားရုံ မီးတပ်ဆင်ခြင်း၊ ရေစကြိုမြို့နယ်၊ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ခြင်း၊ ဇီးကုန်းမြို့နယ်အားကစားကွင်း မီတာ(၄၀၀)ပြေးလမ်းနှင့် ဘောလုံးကွင်း ပြုပြင်ခြင်း၊ ပန်းတောင်း မြို့နယ်အားကစားကွင်း Scoreboaed ပြုလုပ်ခြင်း၊ ဖြူးမြို့နယ်၊ရုံးနှင့်အိမ်ဆောက်လုပ်ခြင်း၊ တံတားဦးမြို့နယ် အားကစားကွင်း၊ ချောင်းဆုံမြို့နယ်၊ ဘောလုံး အားကစားကွင်းနှင့်ပွဲကြည့်စင် မိုးလုံလေလုံရုံပြုပြင်ခြင်း၊ မင်္ဂလာဒုံ ရွှေနံ့သာစံပြအား ကစားကွင်းပြုပြင်မွမ်းမံခြင်း၊ သန်လျင်မြို့မိုးလုံလေလုံ အားကစားရုံ အကြီးစားမွမ်းမံခြင်း၊ နမ့်စန်မြို့နယ်အားကစားကွင်း အထူးတန်းပွဲကြည့်စင်နှင့် ပရိသတ်ပွဲကြည့်စင် တည်ဆောက်ခြင်း၊ လွိုင်လင်ခရိုင် အားကစားကွင်း Innerfencing ကာရံခြင်း၊ အင်းလေးဒေသ မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ခြင်း၊ မိုင်းပြင်းအားကစားကွင်း အဆင့်မြင့်မွမ်းမံခြင်း၊ မိုင်းပန်ဘောလုံးကွင်း ပြန်လည်ဖော်ထုတ်ခြင်း၊ တောင်ကြီးမြို့ အားကစားကွင်းသစ် အုတ်တံတိုင်း Innerfencing၊ ကာရံခြင်း၊ ကွမ်းလုံမြို့နယ် အားကစားရုံ(ခ)အဆင့် ၁ ရုံတည်ဆောက်ခြင်း၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့ အားကစားကွင်း နှင့်ပွဲကြည့်စင် တည်ဆောက်ခြင်း၊ ပန်းတနော်မြို့နယ်

အားကစားရုံ(ခ)အဆင့် ၁ ရုံ တည်ဆောက်ခြင်းနှင့် မိုင်းယန်းအားကစားရုံ အကြီးစား ပြုပြင်ခြင်းတို့မှာ ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးခဲ့ပါသည်။

(ဃ) ရန်ကုန် အားကစားနှင့်ကာယပညာသိပ္ပံ အဆင့်မြင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းတွင် လေ့ကျင့်ရေးသေနတ်ပစ်ကွင်း အဆင့်မြင့်ခြင်း၊ လေ့ကျင့်ရေးအားကစားခန်းမ ၃ လုံး အား ၂ ထပ်ကြမ်းခင်းခြင်းတို့ကို ရာနှုန်းပြည့်ဆောင်ရွက်ခဲ့ပြီး မူလအဆောင်ဟောင်း များ တွင် သင်တန်းသားများ ဆက်လက်နေရာချထားခြင်းကြောင့် အမျိုးသား ၃ ထပ် အိပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆောက်လုပ်ခြင်းမပြုဘဲ အထွေထွေပိုလျှံ ရန်ပုံငွေ(GRF)သို့ပြန်လည်အပ်နှံခဲ့ပါသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

**နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု**

ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာ ကျပ် ၅,၆၈၃,၃၂၇.၁၃၃ သန်းဖြစ်ပြီး ဒုတိယ(၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၃,၄၆၃,၇၄၃.၅၉၃ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်၏ ၆၀.၉၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာ ကျပ် ၆၆,၄၂၄.၃၄၄ သန်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၄၀,၃၀၀.၆၀၂ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက် ၏ ၆၀.၆၇ ရာခိုင်နှုန်းသုံးစွဲခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်နှင့် နှိုင်းယှဉ်၍ တင်ပြအပ်ပါသည်-**

**(က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်အပေါ်တွင် ရာခိုင်နှုန်း ပြည့်မီကျော်လွန်သုံးစွဲသော ဝန်ကြီးဌာန များ**

| | |
|---|---|
| (၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၁၅၉.၇၁ % |
| (၂) သိပ္ပံနှင့်နည်းပညာ | ၁၀၈.၃၃ % |
| (၃) သမဝါ ယမ | ၁၀၅.၃၁ % |
| (၄) ကျန်းမာရေး | ၁၀၄.၂၀ % |

**(ခ) ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်အပေါ်တွင် ၈၀ ရာခိုင်နှုန်း မှ ၁၀၀ ရာခိုင်နှုန်းအတွင်း သုံးစွဲသော ဝန်ကြီးဌာနများ-**

| | |
|---|---|
| (၁) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၉၇.၁၃ % |
| (၂) အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၉၂.၈၅ % |
| (၃) နိုင်ငံခြားရေး | ၉၂.၄၃ % |
| (၄) နယ်စပ်ရေးရာ | ၉၀.၆၁ % |
| (၅) ပြည်ထဲရေး | ၈၅.၆၇ % |
| (၆) ကာကွယ်ရေး | ၈၅.၀၃ % |

(၇) ပညာရေး ၈၄.၀၇ %

(၈) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ၈၂.၉၃ %

(၉) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၈၂.၉၂ %

**(ဂ) ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်အပေါ်တွင် ၆၀ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်းအတွင်း သုံးစွဲသော ဝန်ကြီးဌာနများ-**

(၁) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ၇၉.၉၄ %

(၂) ယဉ်ကျေးမှု ၇၈.၃၃ %

(၃) သတ္တုတွင်း ၇၇.၆၈ %

(၄) သာသနာရေး ၇၇.၄၀ %

(၅) စွမ်းအင် ၆၇.၉၅ %

(၆) လျှပ်စစ်စွမ်းအား ၆၄.၇၀ %

(၇) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ၆၂.၇၅ %

(၈) ပြန်ကြားရေး ၆၂.၅၃ %

**(ဃ) ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယ(၆) လပတ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်အပေါ်တွင် ၆၀ ရာခိုင်နှုန်း အောက် သုံးစွဲသော ဝန်ကြီးဌာနများ-**

(၁) စက်မှု ၅၉.၄၇ %

(၂) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ၅၁.၃၇ %

(၃) ဘဏ္ဍာရေး ၄၈.၆၁ %

(၄) ရထားပို့ဆောင်ရေး ၄၀.၁၁ %

(၅) အားကစား ၃၄.၆၅ %

(၆) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ၃၀.၃၆ %

(၇) ဆောက်လုပ်ရေး ၁၉.၀၇ %

(၈) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ၁၈.၁၆ %

(၉) ပို့ဆောင်ရေး ၁၅.၄၉ %

အသီးသီးသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက် မှာ ကျပ် ၂,၇၅၉.၇၄၅ သန်းဖြစ်ပြီး ဒုတိယ(၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၁၁,၈၉၆.၀၀၄ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်၏ ၄၃၁.၀၅ ရာခိုင်နှုန်းသုံးစွဲခဲ့ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ကျပ် ၂,၃၀၀.၀၀၀ သန်းဖြစ်ပြီး ဒုတိယ(၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၁,၂၀၁.၅၄၁ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်၏ ၅၂.၂၄ ရာခိုင်နှုန်းသုံးစွဲခဲ့ပါသည်။

နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက် မှာ ကျပ် ၁၁၀,၂၂၃.၆၉၂ သန်းဖြစ်ပြီး ဒုတိယ(၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၅၅,၁၉၂.၆၃၉ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်၏ ၅၀.၀၇ ရာခိုင်နှုန်းသုံးစွဲခဲ့ပါသည်။

တပ်မြို့စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက် မှာ ကျပ် ၄၁.၅၀၀ သန်းဖြစ်ပြီး ဒုတိယ(၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၄၁.၅၀၀ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံး လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်အတွင်း နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား(၅-၂)**

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု**

**ဒုတိယ ( ၆ )လပတ် (အောက်တိုဘာလမှ မတ်လထိ)**

( ကျပ်သန်း )

| အမှတ်စဉ် | ဝန်ကြီးဌာနအမည် | လျာထားချက် (B E) | သုံးစွဲပြီး | သုံးစွဲပြီးရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅=(၄/၃)% |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၆၆,၄၂၄.၃၄၄ | ၄၀,၃၀၀.၆၀၂ | ၆၀.၆၇% |
| ၂ | နိုင်ငံခြားရေး | ၂၄,၁၀၆.၅၆၀ | ၂၂,၂၈၀.၇၇၆ | ၉၂.၄၃% |
| ၃ | ကာကွယ်ရေး | ၁,၂၁၅,၁၂၈.၃၆၀ | ၁,၀၃၃,၁၇၉.၇၇၇ | ၈၅.၀၃% |
| | -တပ်မြို့စည်ပင်သာယာရေး | ၄၁.၅၀၀ | ၄၁.၅၀၀ | ၁၀၀.၀၀% |
| ၄ | နယ်စပ်ရေးရာ | ၈၈,၁၅၄.၀၁၇ | ၇၉,၈၇၃.၄၀၉ | ၉၀.၆၀% |
| ၅ | ပြည်ထဲရေး | ၁၀၄,၂၉၃.၁၈၂ | ၈၉,၃၄၉.၅၀၄ | ၈၅.၆၇% |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၃,၀၆၄.၄၂၇ | ၉၃၀.၃၄၃ | ၃၀.၃၆% |
| ၇ | သာသနာရေး | ၁,၆၄၃.၂၂၇ | ၁,၂၇၁.၉၀၂ | ၇၇.၄၀% |
| ၈ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၅,၅၀၂.၁၄၁ | ၅,၃၄၄.၁၀၈ | ၉၇.၁၃% |
| ၉ | ပြန်ကြားရေး | ၃၆,၅၆၆.၉၉၀ | ၂၂,၈၆၆.၀၀၇ | ၆၂.၅၃% |
| ၁၀ | ယဉ်ကျေးမှု | ၁၅,၆၆၇.၀၈၀ | ၁၂,၂၇၁.၄၃၁ | ၇၈.၃၃% |
| ၁၁ | ပညာရေး | ၂၆၈,၅၈၁.၆၄၇ | ၂၂၅,၈၀၄.၅၂၀ | ၈၄.၀၇% |
| ၁၂ | ကျန်းမာရေး | ၂၇၀,၄၆၆.၉၃၀ | ၂၈၁,၈၁၉.၂၈၉ | ၁၀၄.၂၀% |
| ၁၃ | အားကစား | ၁၄,၆၃၃.၈၇၅ | ၅,၀၇၁.၀၇၃ | ၃၄.၆၅% |
| ၁၄ | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၈,၇၂၂.၆၈၆ | ၈,၀၉၉.၂၇၃ | ၉၂.၈၅% |
| ၁၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၃,၇၇၀.၆၂၉ | ၆,၀၂၁.၉၄၄ | ၁၅၉.၇၁% |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၂၆၉,၈၃၀.၆၄၉ | ၁၆၉,၁၂၆.၇၀၃ | ၆၂.၇၅% |
| ၁၇ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၃၃၆,၇၁၀.၅၀၄ | ၂၆၉,၁၆၂.၁၃၀ | ၇၉.၉၄% |
| ၁၈ | သတ္တုတွင်း | ၄၅၂.၇၅၄ | ၃၅၁.၇၀၄ | ၇၇.၆၈% |

**ဇယား(၅-၂) အဆုံး**

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု**

**ဒုတိယ ( ၆ )လပတ် (အောက်တိုဘာလမှ မတ်လထိ)**

( ကျပ်သန်း )

| အမှတ်စဉ် | ဝန်ကြီးဌာနအမည် | လျာထားချက် (B E) | သုံးစွဲပြီး | သုံးစွဲပြီးရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅=(၄/၃)% |
| ၁၉ | စက်မှု | ၃၅၈,၄၈၁.၀၇၀ | ၂၁၃,၁၉၁.၆၈၀ | ၅၉.၄၇% |
| ၂၀ | သိပ္ပံနှင့်နည်းပညာ | ၆၈,၃၀၄.၁၃၇ | ၇၃,၉၉၅.၇၈၀ | ၁၀၈.၃၃% |
| ၂၁ | စွမ်းအင် | ၁၂၀,၄၄၅.၇၅၁ | ၈၁,၈၄၂.၈၈၃ | ၆၇.၉၅% |
| ၂၂ | လျှပ်စစ်စွမ်းအား | ၆၀၃,၉၇၉.၀၄၂ | ၃၉၀,၇၅၂.၅၄၄ | ၆၄.၇၀% |
| ၂၃ | ဆောက်လုပ်ရေး | ၇၅၄,၉၅၂.၆၁၈ | ၁၄၃,၉၅၈.၂၃၉ | ၁၉.၀၇% |
| ၂၄ | ပို့ဆောင်ရေး | ၃၄၃,၄၈၃.၂၁၁ | ၅၃,၂၁၈.၄၁၆ | ၁၅.၄၉% |
| ၂၅ | ရထားပို့ဆောင်ရေး | ၁၄၈,၅၄၈.၂၁၈ | ၅၉,၅၈၄.၅၇၆ | ၄၀.၁၁% |
| ၂၆ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၃၇၁,၆၀၉.၂၁၆ | ၆၇,၄၈၇.၅၉၇ | ၁၈.၁၆% |
| ၂၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၃,၃၉၂.၁၇၉ | ၂,၈၁၃.၂၁၄ | ၈၂.၉၃% |
| ၂၈ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၂၆၅.၇၅၄ | ၁၃၆.၅၁၁ | ၅၁.၃၇% |
| ၂၉ | သမဝါယမ | ၃,၆၁၈.၆၁၅ | ၃,၈၁၀.၇၉၀ | ၁၀၅.၃၀% |
| ၃၀ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၁၀,၁၆၄.၉၈၉ | ၈,၄၂၈.၆၂၇ | ၈၂.၉၂% |
| ၃၁ | ဘဏ္ဍာရေး | ၄၇,၀၃၇.၃၉၄ | ၂၂,၈၆၅.၃၅၇ | ၄၈.၆၀% |
| ၃၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂,၇၅၉.၇၄၅ | ၁၁,၈၉၆.၀၀၄ | ၄၃၁.၀၅% |
| ၃၃ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၂,၃၀၀.၀၀၀ | ၁,၂၀၁.၅၄၁ | ၅၂.၂၄% |
| ၃၄ | နေပြည်တော်ကောင်စီ | ၁၁၀,၂၂၃.၆၉၂ | ၅၅,၁၉၂.၆၃၉ | ၅၀.၀၇% |
| | **ပြည်ထောင်စု စုစုပေါင်း** | **၅,၆၈၃,၃၂၇.၁၃၃** | **၃,၄၆၃,၇၄၃.၅၉၃** | **၆၀.၉၅%** |
| | **တိုင်းဒေသကြီး / ပြည်နယ်** | **၁,၁၇၆,၅၉၅.၃၃၀** | **၉၅၅,၁၇၆.၉၂၅** | **၈၁.၁၈%** |
| | **စုစုပေါင်း** | **၆,၈၅၉,၉၂၂.၄၆၃** | **၄,၄၁၈,၉၂၀.၅၁၈** | **၆၄.၄၂%** |

**ဇယား(၅-၃)**

**တိုင်းဒေသကြီး/ ပြည်နယ်များ၏**

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု**

**ဒုတိယ(၆)လပတ် (အောက်တိုဘာလမှမတ်လထိ)**

( ကျပ်သန်း )

| အမှတ်စဉ် | အကြောင်းအရာ | လျာထားချက် (BE) | သုံးစွဲပြီး | သုံးစွဲပြီးရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကချင် | ၉၆၅၄၁.၇၅၄ | ၈၂၁၅၆.၇၇၂ | ၈၅.၁၀% |
| ၂ | ကယား | ၂၉၆၃၆.၁၄၆ | ၂၅၁၈၇.၃၇၈ | ၈၄.၉၉% |
| ၃ | ကရင် | ၄၈၇၀၄.၉၂၅ | ၃၇၈၇၆.၀၉၈ | ၇၇.၇၇% |
| ၄ | ချင်း | ၈၄၉၄၄.၉၂၀ | ၅၉၀၅၂.၄၅၆ | ၆၉.၅၂% |
| ၅ | စစ်ကိုင်း | ၉၅၀၄၈.၄၂၇ | ၆၄၄၉၉.၈၅၇ | ၆၇.၈၆% |
| ၆ | တနင်္သာရီ | ၄၈၃၆၈.၄၃၅ | ၃၈၇၁၉.၁၃၉ | ၈၀.၀၅% |
| ၇ | ပဲခူး | ၄၀၅၂၃.၁၈၃ | ၃၃၇၀၅.၈၁၂ | ၈၃.၁၈% |
| ၈ | မကွေး | ၉၂၇၆၇.၁၈၀ | ၇၂၂၆၈.၂၇၁ | ၇၇.၉၀% |
| ၉ | မန္တလေး | ၆၆၉၉၅.၁၃၈ | ၅၃၆၈၀.၇၀၉ | ၈၀.၁၃% |
| ၁၀ | မွန် | ၂၈၈၉၆.၀၀၄ | ၂၂၂၇၈.၀၅၆ | ၇၇.၁၀% |
| ၁၁ | ရခိုင် | ၉၀၄၆၈.၉၈၃ | ၇၉၂၇၇.၀၉၀ | ၈၇.၆၃% |
| ၁၂ | ရန်ကုန် | ၂၁၈၆၃၇.၉၉၅ | ၁၇၆၆၄၅.၄၄၇ | ၈၀.၇၉% |
| ၁၃ | ရှမ်း | ၁၆၇၇၀၆.၀၃၈ | ၁၅၉၅၅၈.၅၂၃ | ၉၅.၁၄% |
| ၁၄ | ဧရာဝတီ | ၆၇၃၅၆.၂၀၂ | ၅၀၂၇၁.၃၁၇ | ၇၄.၆၄% |
| | **တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း** | **၁၁၇၆၅၉၅.၃၃၀** | **၉၅၅၁၇၆.၉၂၅** | **၈၁.၁၈%** |

# အခန်း(၆)

## ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်မှုအခြေအနေ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ မိမိတို့၏ ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဆောင်ရွက်အကောင်အထည်ဖော်မှုကို တင်ပြအပ်ပါသည်။

### ကချင်ပြည်နယ်


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၁,၁၄၄,၀၃၆.၄** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၂.၃** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ကချင်ပြည်နယ်၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

ပုံ(၆-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ကချင်ပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ) စာရင်းအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် **၉၂၂,၃၂၈.၅** သန်းရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၈၀.၆**

ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်စျေးနှုန်း**များအရ ယခင်နှစ် အလားတူကာလ ထက် **၁၀.၅** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ကချင်ပြည်နယ်အနေဖြင့် လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းခြင်း၊ ကွင်းဆင်းတိုင်းတာခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်းကို ဝိုင်းမော်မြို့နယ်တွင် ဧက ၁၀၀၊ မိုးကောင်း မြို့နယ်တွင် ဧက ၁၀၀၊ ဟိုပင်မြို့နယ်တွင် ဧက ၁၀၀ စုစုပေါင်းဧက ၃၀၀ ဖော်ထုတ်ခဲ့ပါသည်။ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန်အတွက် ပူတာအိုမြို့နယ် ဟိုဖိုင်ရေလွှဲဆည်၊ မိုးညှင်းမြို့နယ် ဆောင်းခါ ရေလွှဲဆည်၊ ဗန်းမော်မြို့နယ် ပေါင်းနက် ရေလှောင်တမံ စီမံကိန်းများကို ဆောင်ရွက်ခဲ့ပါသည်။ တောင်သူလယ်သမားများကို တောင်သူပညာပေးသင်တန်းများနှင့် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အကျိုးဆောင်တောင်သူများ၏ လယ်ယာမြေများတွင်စံပြစမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ သုတေသနလုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေး သုတေသန ဦးစီးဌာနမှ စမ်းသပ်တွေ့ရှိသည့် စိုက်နည်းစနစ်များ၊ သီးနှံမျိုးကောင်း မျိုးသန့် စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းများကို စံပြကွက်များဆောင်ရွက်ခြင်း၊ စပ်မျိုး သီးနှံများ စမ်းသပ် ထုတ်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် အတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ စိုက်ပျိုးရေ စက်ရေတွင်း ၂၃ တွင်း တူးဖော်၍ မြေအောက်ရေ ထုတ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဖရီးရှန်နို့စားနွားမ ကောင်ရေ ၆၀ ဖြန့်ဖြူး ပေးခဲ့ပါသည်။ ကချင်ပြည်နယ်အတွင်းနို့စားနွား၊ ဒေသနွား၊ အသားတိုးနွား မျိုးကောင်း မျိုးသန့်များ တိုးပွားလာစေရန် နို့စားနွား ၁၁၂ ကောင်၊ ဒေသနွား ၅၀,၁၄၇ ကောင်၊ အသားတိုးနွား ၆,၀၈၂ ကောင် တို့ကို မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်သားစပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံတော်၏ သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည် တည်တံ့စေရန်၊ ထိန်းသိမ်းကာကွယ်ခြင်းနှင့် တရားမဝင်သစ်ခိုးထုတ်မှုလျော့နည်းပပျောက်စေရန် ရည်ရွယ်လျက် လစဉ်စီမံချက်များရေးဆွဲ၍ စစ်ကြောင်းအသွင်ဖြင့် နယ်မြေရှင်းလင်း ဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ်တွင် တရားမဝင် ကျွန်းသစ် ၂,၆၀၁.၈၈၉ တန် နှင့် သစ်မာ ၇,၉၉၄.၂၂၃ တန်၊ စုစုပေါင်း ၁၀,၅၉၆.၁၁၂ တန် ဖမ်းဆီးရမိခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** လုံးခင်း၊ ဖားကန့်နှင့် မိုးညှင်းရတနာနယ်မြေများ အတွင်း ၁-၉-၂၀၁၄ ရက်နေ့မှစ၍ ခေတ်မီစက်ယန္တရားများဖြင့် ကျောက်စိမ်း တူးဖော်ရေး လုပ်ငန်းကိုစနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ လုံးခင်း၊ ဖားကန့်နှင့်မိုးညှင်း ရတနာနယ်မြေ များအတွင်း အကျိုးတူ/ပုဂ္ဂလိကလုပ်ကွက်များတူးဖော်လုပ်ကိုင်ခွင့်ကို တိုင်းရင်းသားလုပ်ငန်းရှင် များ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ကချင်ပြည်နယ်တွင် စက်မှုဇုန်မရှိသေးသဖြင့် ဗလမင်းထင် ဧရာဝတီမြစ်ကူးတံတား ချဉ်းကပ်လမ်းဘေးဝဲ/ယာတွင် စက်မှုရပ်ကွက်ဖော်ထုတ်၍ စက်မှု လုပ်ငန်းရှင်များ ကော်မတီဖွဲ့စည်းထားရှိပြီး စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေး အတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံ ပိုမို လည်ပတ်နိုင်ခဲ့ခြင်း၊ ဓာတ်အား လိုင်းအသစ်များသွယ်တန်းပြီး၍ နိုင်ငံပိုင်လျှပ်စစ်မီးပိုမိုသုံးစွဲနိုင်ခဲ့ခြင်း၊ ဓာတ်ကြိုး တပ်ဆင်ခ၊ မီတာအသစ်တပ်ဆင်ခများ၊ အခြားဝင်ငွေများ ပိုမိုရရှိခဲ့ပါသည်။ ကျေးလက် မီးလင်းရေးအနေဖြင့် ကချင်ပြည်နယ်ရှိခရိုင် ၄ ခု၌ ကျေးရွာပေါင်း ၂,၅၇၉ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၄၇၈ ရွာကို ကျေးလက် မီးလင်း ရေးဆောင်ရွက်ပေးနိုင်ခဲ့၍ ၁၈.၅၃ ရာခိုင်နှုန်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကွန်ကရစ်လမ်း ၁ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း ၂၁၈ မိုင် ၇ မိုင်ဖာလုံ၊ ကျောက်ချောလမ်း ၉၉ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၉၆ မိုင် ၁ ဖာလုံ၊ မြေလမ်း ၆ မိုင် ၆ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး ကွန်ကရစ် တံတားများအနေဖြင့် ရေပြွန်အပါ ၇၉၁ စင်း၊ သစ်သားတံတား ၁၉၅ စင်း တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ လမ်းတံတား (အထူး)အနေဖြင့် မိုးကောင်း- ပါဟုတ်- ကာမိုင်းလမ်းနှင့် မန္တလေး-တကောင်း-ဗန်းမော်- မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်း၊ တံတား(အထူး) အနေဖြင့် မူလာရှီးဒီး တံတား၊ မချမ်းဘောတံတား၊ တဝမ်တံတားများ ဆောက်လုပ်လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရွှေဘို-မြစ်ကြီးနား ကားလမ်းအား ၁၂ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းချဲ့ထွင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြစ်ကြီးနားလေဆိပ်၊ ပူတာအိုလေဆိပ်နှင့် နောင်မွန်းလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကသာ-ဗန်းမော် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ကချင်ပြည်နယ် မိုဘိုင်းစခန်းများမှ အော်တိုတယ်လီဖုန်း ၂၃ လုံး၊ WCDMA mobile (၁၅၀၀ ကျပ်) ၅၂,၁၀၀ လုံး၊ စုစုပေါင်း တယ်လီဖုန်း ၅၂,၁၂၃ လုံး တပ်ဆင်အသုံးပြုလျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ် ၁၁ မြို့နယ်သို့ မိုးစပါး နှင့် ဆောင်းသီးနှံ ချေးငွေ ကျပ် **၁၇,၅၈၂.၆** သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ ပညာသင်နှစ်တွင် ကချင် ပြည်နယ်အတွင်း အထက်တန်းကျောင်းအဆင့် ၉ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၄ ကျောင်း၊ အလယ်တန်း ၂၀ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၃၄ ကျောင်း၊ မူလွန် ၃၄ ကျောင်း၊ မူလတန်းကျောင်း ၂၃ ကျောင်း၊ မူလတန်း ကျောင်းခွဲ ၄၂ ကျောင်း၊ တွဲဖက် မူလတန်းကျောင်း ၃ ကျောင်း၊ စုစုပေါင်း ၁၇၉ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အခြေခံပညာ ကျောင်းများတွင် အရည်သွေးမီ သင်ကြားသင်ယူမှု ပတ်ဝန်းကျင် ဖြစ်ထွန်းရေးအတွက် Computer များ၊ Media ပစ္စည်းများ၊ နိုင်ငံတော်မှချပေးသော သိပ္ပံပစ္စည်းများဖြင့် အရည်အသွေးပြည့်မီအောင် သင်ကြား သင်ယူမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုနှင့် အထက်အဆင့် များသို့လူနာလွှဲပြောင်းပေးခြင်းစီမံချက်၊ မိသားစုကျန်းမာရေး စီမံချက်၊ အာဟာရဖွံ့ဖြိုးရေး စီမံချက်၊ ကလေးကျန်းမာဖွံ့ဖြိုးရေးစီမံချက်၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ နှလုံးသွေး ကြောရောဂါထိန်းသိမ်းရေးစီမံချက်၊ ဖွားသေစာရင်းအင်း များကို မြို့နယ်အလိုက် ဆောင်ရွက်ခဲ့ ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုလုပ်ငန်းများအနေဖြင့် ယင်လုံအိမ်သာ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိစေရန် အတွက် ကျန်းမာရေးနှင့်ညီညွတ်သောအဝီစိတွင်း၊ စမ်းတွင်း၊ ရေပိုက်လိုင်းစနစ်၊ မိုးရေလှောင်ကန် များတူးဖော်ခြင်း၊ ဆေးရုံဆေးခန်းများမှ အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများစနစ်တကျ စွန့်ပစ်ရေးလုပ်ငန်း၊ ကျန်းမာရေးအသိပညာ တိုးပွားစေရန်အတွက် တစ်ဦးချင်း၊ အုပ်စုလိုက် ပညာပေးဟောပြောခြင်းလုပ်ငန်းများ၊ လက်ကမ်းစာစောင်၊ ကြော်ငြာဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြစ်ကြီးနားမြို့နယ်ပြည်သူ့ဆေးရုံ ၂၅ ကုတင်ဆံ့ တိုးချဲ့ ဆောင်၊ ဟိုပင်မြို့နယ် ၂၅ ကုတင်ဆံ့တိုက်နယ်ဆေးရုံ၊ မိုးညှင်းမြို့နယ်ရှိ နန့်မွန်း ၁၆ ကုတင်ဆံ့ တိုက်နယ် ဆေးရုံ၊ ဟဲပုကျေးလက်ကျန်းမာရေးဌာန၊ ဆိပ်သာကျေးလက်ကျန်းမာရေးဌာန၊ ၁၀ မိုင် ရွာသစ် ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းအနေဖြင့်မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းကြောင့် ငှားရမ်းခဝင်ငွေ

များနှင့် ရုပ်ရှင်လုပ်ငန်းဦးစီးမှ ငှားရမ်းခဝင်ငွေများတိုးတက်ပါသည်။ ပုဂ္ဂလိကပိုင် ဝန်ဆောင်မှုအနေဖြင့် ကိုယ်ပိုင်အထက်တန်းကျောင်း ၁ ကျောင်း၊ ဆေးကုသခန်းများ၊ အလှပြင်ဆိုင်နှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းများ၊ ကုန်တင်ကုန်ချလုပ်ငန်းများမှ လုပ်ငန်းဦးရေ နှင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ကချင်ပြည်နယ်အတွင်းရှိ မြစ်ဆုံအပန်းဖြေစခန်း၊ ရေခဲတောင်တန်းများ၏ သဘာဝအလှ ဆွဲဆောင်မှုများကြောင့် ပြည်တွင်းပြည်ပမှခရီးသည်များ လာရောက်လေ့လာ လည်ပတ်မှုများကြောင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** နယ်စပ်ကုန်သွယ်ရေးစခန်း လွယ်ဂျယ်နှင့် ကန်ပိုက်တီး တို့တွင် ပို့ကုန်အနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ရာဘာ၊ ပြောင်းနှင့် ဖရဲသီးတို့ကိုတင်ပို့လျက်ရှိပါသည်။ ဆန်နှင့်ရာဘာကို ပုံမှန်တင်ပို့လျက်ရှိပြီး ပြောင်းနှင့် ဖရဲသီးတို့ကို ဒေသတွင်းထွက်ရှိချိန်၌သာ တင်ပို့နိုင်ပါသည်။ သစ်တောထွက်ပစ္စည်း ကြိမ်နှင့် သတ္တုတွင်းထွက်ပစ္စည်းခဲသတ္တုတို့ကို တင်ပို့လျက်ရှိပါသည်။ သွင်းကုန်ပစ္စည်းအနေဖြင့် ရင်းနှီးကုန်ပစ္စည်းဖြစ်သော ဘိလပ်မြေနှင့်လူသုံးကုန်ပစ္စည်းဖြစ်သော ချည်ထည်ပိတ်စများ၊ ချုပ်ပြီးသား အဝတ် အထည်များ၊ အခြားအထည်အလိပ်များကိုပုံမှန်တင်သွင်းလျက်ရှိပါသည်။ စားသုံးသူများ အန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများမှအပ အခြားကုန်ပစ္စည်းများကို တင်သွင်းခွင့် ပြုလျက်ရှိပါသည်။

## ကယားပြည်နယ်


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၁၃၉,၆၀၀.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၈.၅** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ကယားပြည်နယ်၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**ပုံ(၆-၃) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၄) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် **၁၄၂,၂၇၆.၈** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၀၁.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**များအရ **ယခင်နှစ်အလားတူကာလထက် ၁၄.၆** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** အစီရင်ခံသည့် ကာလအတွင်း အစေ့ထုတ်ပြောင်း၊ ပဲစဉ်းငုံ၊ ကုလားပဲနှင့် နှမ်းတို့ကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာမှ လုပ်ငန်းဝင် ထွန်စက် ၃၂ စီးဖြင့် ထွန်ယက်ဧက ၃,၇၆၂ ဧက ထွန်ယက်ခဲ့ပါသည်။ ဆည်၊ ကန်၊ ရေလှောင်တမံ ၃၂ ခုကို ထိန်းသိမ်းထားရှိပြီး၊ အကျိုးပြုဧက ၄၄,၇၇၁ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးထုတ်လုပ်မှုအတွက် ကျပ်သန်း ၁,၈၈၅.၆ ထုတ်ချေးခဲ့ပါသည်။

**သားငါးကဏ္ဍ။** ပြည်နယ်အတွင်း အသားစားသုံးမှု ဖူလုံစေရန်ဒေသနှင့် ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူနိုင်ရေးအတွက် နို့စားနွား မွေးမြူရေးလုပ်ငန်း၊ မေထုန်မဲ့သားစပ်လုပ်ငန်းများကို အလားအလာရှိသည့် မြို့နယ်များတွင် ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး၊ မိတ္ထီလာမြို့နယ် မွေးမြူရေးခြံမှ နွားမျိုးသန့်များ ဝယ်ယူမွေးမြူလျက်ရှိပါသည်။

ပြည်နယ်အတွင်း ဒီးမော့ဆိုမြို့နယ်သည် ငါးအများဆုံးမွေးမြူလျက်ရှိပြီး၊ ငါးမွေးမြူသူ ၁၂၃ ဦးမှ ငါးမွေးကန် ၇၅၉.၀၄ ဧက တွင် မွေးမြူလျက်ရှိပါသည်။ ပျားများကို ဝတ်မှုန်ကူးစေခြင်းဖြင့် မျိုးကောင်းမျိုးသန့်နှင့် အောင်မြင်သော သီးနှံများ၊ မျိုးစေ့များကို ရရှိစေရန် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စိုက်ကွင်းများတွင် ပျားအုံများကို ရွှေ့ပြောင်းမွေးမြူသည့်စနစ်ဖြင့် ဝတ်မှုန်ကူးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ မြစိမ်းရောင် ကျေးရွာ စီမံကိန်းတွင် ကျေးရွာ ၅ ရွာကို ကျေးရွာ ၁ ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျပ်သိန်း ၁,၅၀၀ ကို ပြည်ထောင်စု အစိုးရထံမှ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်း အမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝသစ်တော ထိန်းသိမ်းခြင်း လုပ်ငန်းအနေဖြင့် ကျေးရွာ ၈၆ ရွာတွင် တစ်အိမ်ထောင်လျှင် ကျွန်း ၃ ပင် နှင့် စုစုပေါင်း ကျွန်း ၂၃,၇၄၂ ပင်၊ ကျေးရွာ ၁၂ ရွာတွင် တစ်အိမ်ထောင် သစ်မာပင် ၂၀ ပင် နှင့် စုစုပေါင်းသစ်မာပင် ၁၆,၉၀၀ ပင်၊ အခြားသစ်မျိုးစုံကို ကျေးရွာ တစ်ရွာ ၁ ဧက၊ ကျေးရွာ ၃၅ ရွာတွင် စုစုပေါင်း ၂၁,၀၀၀ ပင် စိုက်ပျိုးနိုင်ခဲ့ပါသည်။ မထောရူ ကြိုးဝိုင်းတွင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက ၅၀၊ သစ်မာစိုက်ခင်း ပိတောက် ဧက ၄၀၊ ဒီးမော့ဆိုမြို့နယ် နန့်စံဖူး ကြိုးပြင်ကာကွယ်တောတွင် သစ်မာမျိုးစုံ ဧက ၁၉၀ စိုက်ပျိုးနိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်တွင် ပုဂ္ဂလိကပိုင်အခန်းမှ ခဲမဖြူအဖြိုက်နက် ရှီးလိုက်ရောရာ (အမှတ်-၂ သတ္တုတွင်း၊ ဦးပိုင်ဝေစု ၃၀ ရာခိုင်နှုန်း မက်ထရစ်တန် ၅၁.၆၅၈၀၊ ခဲမဖြူအဖြိုက်နက် ရှီးလိုက်ရောရာ (ဦးပိုင်) ၇၀ ရာခိုင်နှုန်း မက်ထရစ်တန် ၁၀၅.၈၃၅၇၊ ခနောက်စိမ်း မက်ထရစ်တန် ၁၈၆ နှင့် ထုံးကျောက် ၁,၉၈၄ တန် ထုတ်လုပ်နိုင်ခဲ့ ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ကယားပြည်နယ်တွင် ရွှေကန္တရဝတီ ကိန္နရီကိန္နရာ၊ ရွှေထီး၊ DAY DAY၊ ရွှေယွန်းကြီး၊ ရွှေကယား၊ စက်ယက္ကန်းများအပြင် ဒုတိယ(၆)လပတ်အတွင်း အသစ်တိုးလာသော ငွေတောင်ပြည်၊ ပတ္တမြားမိုး၊ အေးအေးနိုင်၊ ယုယပန်း၊ ပြည်ငွေတောင် ယက္ကန်းတို့မှ ရိုးရာအမျိုးသား/ အမျိုးသမီးဝတ် အင်္ကျီ/လုံချည်များ ထုတ်လုပ်ခြင်း၊ KK

ဘလောက်အုတ် လုပ်ငန်းအသစ်တိုးလာခြင်း၊ ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ချေးငွေများ ပံ့ပိုးကူညီလျက်ရှိခြင်း တို့ကြောင့် အိမ်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပါသည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်မှုလုပ်ငန်းများမှာ အကြီးစား ၁၆ ခု၊ အလတ်စား ၂၈၀ ခု၊ အငယ်စား ၁၀၃ ခု၊ စုစုပေါင်း ၃၉၉ ခု ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ကယားပြည်နယ်အတွင်းရှိ မြို့ ၇ မြို့လုံးတွင် မီးလင်းပြီး ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အထိ ၂၃၄ ရွာ မီးလင်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီထောင်ပေါင်း **၂၀,၆၃၇** နှင့် ပုဂ္ဂလိကပိုင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီထောင်ပေါင်း **၆၂၉** စုစုပေါင်း ကီလိုဝပ်နာရီထောင်ပေါင်း **၂၁,၂၆၆** အသုံးပြု ခဲ့ပါသည်။

နိုင်ငံတော်သမ္မတ၏ ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်တွင် လျှပ်စစ်မီးရရှိရေးအနေဖြင့် ကယားပြည်နယ်အတွင်း လောပိတအမှတ်(၁)၊ အမှတ်(၂) နှင့် အမှတ် (၃) လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့မှ လျှပ်စစ်ဓာတ်အားရယူ၍ 33KV ဓာတ်အားလိုင်း (၁၈)မိုင် ဖြင့် လွိုင်ကော်မြို့သို့ လည်းကောင်း၊ လွိုင်ကော်မြို့ 33/11KV ခွဲရုံများမှ 11KV လိုင်းဖြင့် ဒီးမော့ဆိုမြို့နှင့် ဖရူဆိုမြို့များသို့လည်းကောင်း၊ ဘောလခဲ-ဖားဆောင်း 33KV ဓာတ်အား လိုင်း(၇၇)မိုင်ဖြင့် ဘောလခဲမြို့နယ်၊ နန်းဖဲကျေးရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ ပါသည်။ ရှားတောမြို့နယ် ရွာသစ်မြို့နှင့် မော်ချီးဒေသများသို့ 66KV၊ 33KV နှင့် 12KV စသည့် လိုင်းများဖြင့် ထပ်မံဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။

ကယားပြည်နယ်တွင် မီတာတပ်ဆင်ပြီးစီးသည့် အိမ်ထောင်စု ၆၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ဓာတ်အားလိုင်းစနစ်မှ မြို့ (၆) မြို့၊ ဒီဇယ် ဓာတ်အားပေးစက်နှင့် ရွာပေါင်း (၁၅) ရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါသည်။ လွိုင်ကော်မြို့၊ ဒီးမော့ဆိုမြို့၊ ဖရူဆိုမြို့၊ ဘောလခဲမြို့၊ ဖားဆောင်းမြို့၊ ရှားတောမြို့များသည် ဓာတ်အားပေးလိုင်းစနစ်မှ ဓာတ်အားရယူပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ဓာတ်အားလိုင်း၊ ဆိုလာ၊ ဒီဇယ်နှင့် အသေးစားရေအားတို့ဖြင့် ၁၆၄ ရွာ မီးလင်းခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ကယားပြည်နယ်တွင် ဘီလူးချောင်းကို ဖြတ်ကူးသည့် ဥတ္တရာရုံ တံတား စတင်ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ဖွံ့ဖြိုးရေးလမ်းများအနေဖြင့် ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်းလမ်းဖောက်လုပ်ခြင်း၊ တံတား(အထူး) စီမံကိန်း များအနေဖြင့် ပွန်ချောင်းတံတား၊ သံလွင်တံတား (ဖားဆောင်း) တို့ကို ပြုပြင်တည်ဆောက် ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများ ခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှု လွယ်ကူ ချောမွေ့စေရန် လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်း အကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်းသံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပြည်နယ်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်သို့ မော်တော်ယာဉ်လိုင်း ၁၈ လိုင်း၊ အခြားဒေသများမှ ကယားပြည်နယ်သို့ မော်တော်ယာဉ်လိုင်း ၁၀ လိုင်းတို့မှ ယာဉ်စီးရေ ၁၂၄ စီး ဖြင့် လွိုင်ကော်-ရန်ကုန်၊ လွိုင်ကော်-နေပြည်တော်-တောင်ငူ၊ လွိုင်ကော်-တောင်ကြီး၊ လွိုင်ကော်-မန္တလေး၊ လွိုင်ကော်-မိတ္ထီလာခရီးစဉ်များကိုလည်းကောင်း၊ ပြည်နယ်အတွင်း ယာဉ်လိုင်း ၁၄ လိုင်း နှင့် ယာဉ်စီးရေ ၆၂ စီး ဖြင့် လည်းကောင်း၊ မြို့နယ်တွင်း လိုင်း ၁ လိုင်းကိုလည်းကောင်း ပြေးဆွဲလျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ကယားပြည်နယ်အတွင်း တန်ဖိုးနည်းတယ်လီဖုန်းများကို ပြည်သူများသို့ လစဉ် ဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း အော်တိုတယ်လီဖုန်း ၈၅လုံး၊ WCDMA mobile (၁၅၀၀ ကျပ်) ၄၆၀၀၀ လုံး၊ စုစုပေါင်း ၄၆၀၈၅ လုံး ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** သမဝါယမ ငွေစုငွေချေးအသင်းများ၊ ဈေးသမဝါယမအသင်းများ၊ အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းများနှင့် ငွေစုငွေချေးလုပ်ငန်းခွဲ သမဝါယမအသင်းများတွင် ချေးငွေအပေါ်ရရှိသည့် အတိုးဝင်ငွေ ကျပ် ၁၈၉.၂ သန်း ရရှိခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်/ သွင်းကုန်ဘဏ်မှ ချေးငွေ ကျပ် ၅၅၇.၄၃ သန်းဖြင့် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရေလုပ်ငန်းသုံး ပစ္စည်းများကို Hire Purchase စနစ်ဖြင့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်း၌ ပုဂ္ဂလိကဘဏ်ခွဲ ၇ ခု တိုးတက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**လူမှုရေး နှင့် စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန် ပြည်နယ်၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်၊ ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာပြည့်ဝသူများပေါ်ထွန်းလာစေရန်၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်၊ လက်တွေ့စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် တိုက်ရိုက်အသုံးပြုနိုင်မည့် အလယ်အလတ်တန်းစားကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်ရန်စသည့် ရည်မှန်းချက်များ ထားရှိပါသည်။

ဒုတိယ(၆)လပတ်ကုန်အထိ အထက်တန်းကျောင်း ၁၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ အလယ်တန်းကျောင်း ၁၅ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၄ ကျောင်း၊ မူလတန်းကျောင်း ၂၉၃ ကျောင်း၊ မူလတန်းကျောင်းခွဲ ၃၂ ကျောင်း ဖွင့်လှစ်ပြီး အခြေခံပညာရပ်များ သင်ကြားလျက်ရှိပါသည်။ အထက်တန်းတွင် ကျောင်းသား/ ကျောင်းသူ ၆,၆၄၈ ဦး၊ အလယ်တန်းတွင် ၂၀,၅၆၁ ဦး၊ မူလတန်းတွင် ၃၅,၀၄၉ ဦး၊ ပေါင်း ၆၂,၂၅၈ ဦး သင်ယူလျက်ရှိပါသည်။

ကျန်းမာရေးတွင် အစီရင်ခံသည့်ကာလအတွင်း လွိုင်ကော်မြို့နယ် ဆေးရုံကြီးကို တိုးချဲ့ ၂ ထပ်ဆောင်ဆောက်လုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန ၆ ခု ဆောက်လုပ်ခြင်း၊ နိုင်ငံတော်မှ အခမဲ့ဆေးဝါးများ ပိုမိုထောက်ပံ့နိုင်ခဲ့ခြင်း၊ NGO နှင့် ပူးပေါင်း၍ ပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဆေးဝါးဖြန့်ဖြူးခြင်း၊ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ဟိုတယ်၊ နိုင်ငံ့ အခြားဝန်ဆောင်မှုကဏ္ဍ**။ ပညာရေး ဝန်ဆောင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ စားသောက်ဆိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ အလှပြင်ဆိုင်၊ ပုဂ္ဂလိက ဝန်ဆောင်မှု လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားနိုင်သော နေရာများမှာ ငွေတောင်ဆည်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကန်၊ ထီးဆဲခါးရေတံခွန်၊ ကန် ၇ ဆင့် ရေကန်၊ နေစက်လစက်ဘုရားတို့ဖြစ်ပါသည်။ လက်ရှိ အခြေအနေအရ ပြည်ပခရီးသွားများ တည်းခိုနေထိုင်နိုင်သည့် ဟိုတယ်၊ မိုတယ် (၈) ခုရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အစီရင်ခံသည့် လအတွင်း ပြည်ပခရီးသွား ၂,၇၅၁ ဦး၊ ပြည်တွင်းခရီးသွား ၁၄,၅၃၄ ဦး လာရောက်လည်ပတ်ခဲ့ခြင်းကြောင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ဝင်ငွေများ တိုးတက်ရရှိလာရေးကို တိုးချဲ့စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။


**ကုန်သွယ်မှုကဏ္ဍ**။ ကယားပြည်နယ်သည် လွိုင်ကော်-ပင်လောင်း-တောင်ကြီးလမ်း၊ လွိုင်ကော်-ပင်လောင်း-မန္တလေးလမ်း၊ လွိုင်ကော်-ပင်လောင်း-နေပြည်တော်-ရန်ကုန်လမ်းတို့ဖြင့် ပြည်နယ် ထွက်ကုန်များနှင့် ပြည်နယ် ပြင်ပ ဒေသများမှ ထွက်ကုန်များ စီးဆင်းလျက်ရှိပါသည်။

## ကရင်ပြည်နယ်


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရကျပ် **၇၇၄,၆၂၆.၃** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၁၅.၁** ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ကရင်ပြည်နယ်၏
### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၆-၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ် (ယာယီ)စာရင်းတွင် **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် **၈၄၇,၂၇၃.၀** သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၁၀၉.၄** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၁၀.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်ဘားအံမြို့၌ မြေကြီးမြေပုံ မှန်ကန်ရေးနှင့် တောင်သူများ၏ လုပ်ကွက်ဧရိယာများ မှန်ကန်ရေးအတွက် ကွင်းမြေပုံများ ပြန်လည်တိုင်းတာဆောင်ရွက်ရန် ကွင်းပေါင်း ၁၂၁ ကွင်း၊ ကွင်းရှိဧရိယာ ၆၁,၃၁၇ ဧက၊ လက်ရှိဧရိယာ ၄၀,၃၄၂ ဧကအား လျာထားခဲ့ပြီး ကွင်းပေါင်း ၁၂၁ ကွင်းကို လျာထားချက် အတိုင်း ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြစ်သော ပုလဲသွယ်စပ်မျိုးစပါးကီလို ၇,၇၂၀ ၊ အထွက်ကောင်းမျိုးစပါးတင်း၄,၇၀၀၊စိုက်ဧကအားဖြင့်အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ၆၄၃ဧက၊ အထွက်ကောင်းစပါးမျိုး ၃၇၈,၇၉၁ ဧက၊ အရည်အသွေးကောင်းစပါးမျိုးဧက ၄၄,၆၅၀ ၊ ဒေသစပါးမျိုး ၁၀၄,၈၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

ကရင်ပြည်နယ်အတွင်း လျှပ်စစ်မြစ်ရေတင် ၄ ခု၏ အကျိုးပြုစိစစ် ဧက ၄,၁၀၀၊ ဒီဇယ်မြစ်ရေတင် (ရေစုပ်စက်ငှားရမ်း) အကျိုးပြုဧက ၅,၂၀၀ အနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း မိုးစပါးအောင်ရေ ၁၅၄ ဧကနှင့် နွေသီးနှံ ၁,၅၅၆ ဧက စုစုပေါင်းဧက ၁,၇၁၀ ရေသွင်းစိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆည်မြောင်းလုပ်ငန်းများဖြင့်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၆,၇၅၃ ဧက အကျိုးပြုနိုင်ခဲ့ပါသည်။

ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် မိုးစပါးတစ်ဧက အထွက်နှုန်း တိုးတက်ထွက်ရှိရေး အတွက်ယူရီးယားမြေဩဇာ တစ်အိတ်လျှင်ကျပ် ၁၆,၅၀၀ နှုန်းဖြင့် လက်ငင်းငွေချေစနစ်ဖြင့် လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူလိုပါက တစ်အိတ်လျှင် ကျပ်၁၇,၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးပေးခဲ့ပါသည်။ မြို့နယ်အလိုက် စပေါင်းတမန်းနှိုးခြင်း၊ မြေဩဇာကြဲပက်ခြင်းများဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့မှ ယခင်နှစ်ကထက် ချေးငွေများထုတ်ချေးပေးနိုင်ခြင်းကြောင့် တောင်သူများ ဓာတ်မြေဩဇာများ ပိုမိုဝယ်ယူသုံးစွဲနိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီအတွင်း ရာဘာဧက ၁၃,၀၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားသတ်မှတ်ပြီး စည်းရုံးဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၃၇,၆၉၄ ဧက တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါသည်။

ထို့အပြင်ရာဘာ၊ ကြံ၊ ကော်ဖီစသည့် စက်မှုသီးနှံများ လျာထားချက် ပြည့်မီစိုက်ပျိုးနိုင်သည့်အပြင် နိုင်ငံတော်မှနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ် ၆၁၁.၇၂ သန်း ဖြင့် မြိုင်ကြီးငူအထူးဒေသရှိ မသန်စွမ်းငြိမ်းချမ်းရေး မိသားစုတစ်စုလျှင် ရာဘာ ၅ ဧက နှုန်းဖြင့် မိသားစု ၅၀၀ အတွက် ရာဘာဧက ၂,၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၁၀၀ အတွက် ရာဘာဧက ၅၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အိမ်ထောင်စု ၁၇၃ စု အတွက် ရာဘာ ၈၆၅ ဧက စုစုပေါင်း ၁,၃၆၅ ဧကအား စိုက်ပျိုးပေးခဲ့ပြီးဖြစ်ပါသည်။၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လျာထားဧက ၆၆၀ အနက် ၃၈၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးစုစုပေါင်း ၁,၇၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ**။ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တိရစ္ဆာန်ကျန်းမာရေးနှင့် ပညာပေးလုပ်ငန်းများ၊ မြို့နယ်ကျေးရွာအဆင့်နှင့် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို

တိုးချဲ့ လုပ်ဆောင်နိုင်ခဲ့ပြီး မေထုန်မဲ့သားစပ်သင်တန်းနှင့် မြက်ချဉ်ဖတ် သင်တန်းတို့ကို တိုးချဲ့ ပို့ချနိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တိရစ္ဆာန်များဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်ကာကွယ်ဆေးနှင့်ပစ္စည်းကို ကျပ် ၂၇၁.၈၅ သိန်း ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

မွေးမြူရေးဇုန်များတွင် အသားကဏ္ဍ ထုတ်လုပ်မှုတိုးတက်ရန် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဖာပွန်၊ မြဝတီတို့တွင် ဇုန်များတည်ထောင်ပြီး နို့စားနွားမွေးမြူရေးမှလွဲ၍ ကျန်ဥစားကြက်၊ အသားစားကြက်၊ ခိုင်းနွား၊ ဆိတ်နှင့် ဝက်မွေးမြူရေးလုပ်ငန်းများတိုးတက် မွေးမြူနိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြေသားကန် အသစ်တူးဖော်ခြင်း၊ မြေသားကန်ဘောင် မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ပြည်နယ်ရန်ပုံငွေဖြင့် ကျပ် ၁၁၃.၄၀၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါ သည်။ ယခင်နှစ်တွင် ငါးမွေးကန်ဦးရေ ၄၃၃ ကန် ရှိခဲ့ရာမှ ၄၅၄ ကန်အထိ တိုးချဲ့နိုင်ခဲ့၍ ငါး၊ ပုစွန်ထုတ်လုပ်မှုပိုမိုတိုးတက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုတွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာသောကြောင့် ကျွန်းနှင့်သစ်မာတိုင်၊ မျောမှအပ ကျန်သစ်တောထွက် ပစ္စည်းထုတ်လုပ်သူ များပြားလာပြီး ထင်း၊ ဝါး၊ ကြိမ်၊ သစ်ခေါက်၊ ဖာလာစေ့၊ခနီ၊ သက်ကယ်၊ ပျားရည်၊ လင်းနို့ချေး၊သစ်စေး၊ ဘုမ္မရာဇာများအား လျာထားချက် ပြည့်မီကျော်လွန်သည်အထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏တန်(၄၀၀၀)နှင့် တန် (၉၀၀) ဘိလပ်မြေစက်ရုံများအတွက် ရွှံ့စေးဖြူနှင့်အမယ်သစ် ဂေါဒန်ကျောက် ထုတ်လုပ် လာခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် အထူးအလေးထား ဆောင်ရွက်ခြင်း၊ သတ္တုတွင်း လမ်းများပြုပြင်ခြင်း၊ အဆင့်မြင့်နည်းပညာများဖြင့် သတ္တုထုတ်လုပ်ရေးလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြင် သင်တန်း၊ ရိုးရာဂျပ်ခုတ် သင်တန်းများဖွင့်လှစ်ခဲ့ပြီးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေး ခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် ဘားအံစက်မှုဇုန်အတွင်း UMH အထည်ချုပ်စက်ရုံ၊ မြဒွေး ကြွယ်လင်းစက်ဘီးပြုပြင်တပ်ဆင်စက်ရုံ၊သစ်အချောထည်စက်ရုံ၊ ဝင်းဝင်းဖယောင်းတိုင်လုပ်ငန်း များလည်းပတ်လျက်ရှိပါသည်။ ဟံသာကြယ် ပလပ်စတစ်ရေသန့်ဘူးခွံ လုပ်ငန်းတိုးချဲ့ ဖွင့်လှစ်နိုင်

ခဲ့ပါသည်။ ချစ်လင်းမြိုင် အထည်ချုပ်စက်ရုံ၊ ချစ်လင်းမြိုင်တိုးချဲ့ အထည်ချုပ်စက်ရုံ၊ UMH Ware house ရွှေသံလွင် စီးကရက်စက်ရုံ၊ စိန်နှင့်သောင်းအထည်ချုပ်စက်ရုံ၊ 5 speed ကုမ္ပဏီ အထည်ချုပ်စက်ရုံ၊ မဟာဘားအံ အထည်ချုပ်စက်ရုံ(A)(B)၊ ဖဖဖ ပလပ်စတစ်ကော်ဖြတ်စ၊ ကော်စေ့လုပ်ငန်း၊ မို့သိုလ်လင်း ကွန်ကရစ်အုတ်စက်ရုံ ၊ ဦးစိုးသိန်း ကွန်ကရစ်လုပ်ငန်း၊ ညွန့်ဆိုင် စတီးလုပ်ငန်း၊ သံပန်းလုပ်ငန်း၊ ဆန်နီသိန်း ကွန်ကရစ်အုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ပါသည်။

မြဝတီမြို့နယ် သဃ်န်းညီနောင်နှင့် ရွာသစ်ကျေးရွာကြား မြေဧရိယာ ၁,၂၀၁ ဧက တွင် စက်မှုဇုန်ဖော်ထုတ်ရန် လျာထားပါသည်။ မြဝတီစက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းများကို ညီနောင်ဦးကုမ္ပဏီမှ ၁၇-၃-၂၀၁၃ ရက်နေ့မှ စတင်၍တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါသည်။ မြဝတီစက်မှုဇုန်၌ အသေးစားအလတ်စားစက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူ ပညာရှင်နှင့်လုပ်ငန်းရှင်များအား ဖိတ်ခေါ် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ရှိ သောက်ရေခပ်(၂)ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားကိုဓာတ်အားလိုင်းအသစ်၊ခွဲရုံအသစ် များသွယ်တန်းတပ်ဆင်ပြီး သံတောင်ကြီးမြို့၊ ဘောဂလိမြို့နှင့် အနီးဝန်းကျင်ကျေးရွာ ၂၄ ရွာကို မီးပေးနိုင်ခြင်း၊ လျှပ်စစ်ဝန်ကြီးဌာနပိုင် ဒီဇယ်ဓာတ်အားပေးစက် ၄ လုံးတိုးချဲ့တပ်ဆင်ခြင်း၊ ဒေသတွင်းကိုယ့်အားကိုယ်ကိုး အသေးစားရေအား၊ ဆိုလာ၊ ဒီဇယ်ပုဂ္ဂလိက လျှပ်စစ်မီးများပိုမို ထုတ်လုပ်သုံးစွဲနိုင်သောကြောင့်ကျေးရွာ ၂၈၇ ရွာထပ်မံမီးလင်းနိုင်ခဲ့ပါသည်။

ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နိုင်ခဲ့၍ ကျေးလက်နေ ပြည်သူများလူနေမှုဘဝ မြင့်မားလာခြင်း၊ လျှပ်စစ်မီး ၂၄ နာရီသုံးစွဲရသဖြင့် သတင်းမီဒီယာကဏ္ဍ များကြည့်ရှုနိုင်ပြီး အကြားအမြင်၊ အသိပညာတိုးပွားလာခြင်း၊ ကျေးလက်နေကျောင်းသူ၊ ကျောင်းသားများ စာပေလေ့လာမှုတွင် အထောက်အကူ ဖြစ်ခြင်း၊ ကျေးလက်ကျောင်းများတွင် ကွန်ပျူတာကဲ့သို့သောသင်ထောက်ကူပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားနိုင်ခြင်းများ ဆောင်ရွက် နိုင်ခဲ့ပါသည်။ လက်တန်းများကြိုးပဲ့၍ ဓာတ်ကြိုးများမြေပြင်ပေါ်သို့ ကျရောက်ခြင်းများမဖြစ် ပေါ်စေရန် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်၊ ဌာနဝင်ငွေတိုးတက်စေရန်၊ ပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ တန်(၄၀၀၀) ဘိလပ်မြေစက်ရုံမှ စွန့်ပစ်အပူသုံးရေနွေးငွေ့တာဘိုင် ၁ လုံးကို တည်ဆောက်ပြီး စက်ရုံဝန်ထမ်းများ၏ အိမ်ရာများတွင် လျှပ်စစ်ဓာတ်အား အသုံးပြုလျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လမ်းတံတားလုပ်ငန်းများကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘားအံ-လှိုင်းဘွဲလမ်း၊ ဘားအံ-ပိုင်ရမ်းလမ်း ၊ လှိုင်းဘွဲ- ပိုင်ကျုံလမ်း၊ လှိုင်းဘွဲ ရွှေဂွန်းလမ်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်း၊ အိန္ဒူ-ဇာသပြင်လမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ တောင်ငူ-လိပ်သို- ယာဒို- လွိုင်ကော်လမ်း၊ သံတောင်သစ် - သံတောင်ကြီး(လမ်းသစ်)၊ ဘားအံ-နောင်လုံ-ဂျိုင်း-ကျုံဒိုးလမ်း၊ ကျုံဒိုး-လှိုင်ကွယ်လမ်း၊ မုဒုံ-မြဝတီလမ်း (မဲသရော-လှိုင်ကွယ်အပိုင်း)၊ ဘုရားငါးဆူ-တံခွန်တိုင်-တောင်ဒီး- ဖားပြ- အနန်းကွင်းလမ်း၊ ကြာအင်းဆိပ်ကြီး- ဘုရားသုံးဆူ လမ်း၊ ကြာအင်းဆိပ်ကြီး- တဂေး- ခုတ်ခွား- ကျိုက်ဒုံလမ်း၊ ကြာအင်းဆိပ်ကြီး၊ ချောင်းနှစ်ခွ လမ်း၊ သဃ်န်းညီနောင်-မဲပလဲလမ်း၊ မြဝတီ-ဝေါလေလမ်း၊ သံဖြူဇရပ်- ဘုရားသုံးဆူလမ်း၊ ထီလုံ -တာပေါင်- ပတ- နဘူး- တံတားကျိုးလမ်း၊ ဖာပွန် - ကမမောင်းလမ်း၊ ဝါးဘိုးတော - ကမမောင်း လမ်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ထီလုံ- တာပေါင်- ပတ- နဘူး- တံတားကျိုး- ကော့ကရိတ် လမ်း၊ ကော့ကရိတ်- အစွန်း- ကျိတ်- ကျိုက်ဒုံ- အဇင်းလမ်းတို့ကို တိုးချဲ့ပြုပြင်တည်ဆောက်ခဲ့ ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ယခင်ကနယ်မြေဒေသ ငြိမ်းချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အဟန့်အတားများဖြစ်ခဲ့ပါသည်။ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းတံတား တည်ဆောက်မှုများ အားနည်းခဲ့ပါသည်။ အဓိကအသုံးပြုသည့် လမ်းပန်းဆက်သွယ်ရေးမှာ ကုန်းလမ်းဖြစ်ပြီး ရေလမ်းကို ဒုတိယအသုံးပြုကြပါသည်။

ယခုအခါ နယ်မြေငြိမ်းချမ်းမှုများ ရရှိလာ၍ ပြည်နယ်အတွင်း လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ကျေးလက်လမ်းတံတားများ၊ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကော့ကရိတ်မြို့နယ် တောင်ပိုင်းဒေသများ၊ ကြာအင်းဆိပ်ကြီး မြို့နယ်၏ အရှေ့ပိုင်း၊ မြောက်ပိုင်းဒေသများသည်သွားလာရေးခက်ခဲမှုများရှိနေပါသည်။ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းများချောမွေ့လာခြင်း၊ အဝေးပြေးကားလိုင်းများ၊ ပုဂ္ဂလိကပိုင် အဆင့်မြင့် မော်တော်ယာဉ်လိုင်းများ၊ အငှားယာဉ်များ၊ စီးရေ တိုးချဲ့ပြေးဆွဲလာခြင်းကြောင့် ပြည်တွင်းပြည်ပ ခရီးသွား ဦးရေတိုးတက်လာခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ကရင်ပြည်နယ်တွင် တာဝါတိုင် ၂၀ တိုင် တည်ဆောက်လျက်ရှိပြီး KDDI/ Sumitomo ဂျပန်ကုမ္ပဏီနှင့်ပူးပေါင်း၍

GSM တာဝါတိုင်များကို တိုးချဲ့တည်ဆောက် သွားမည်ဖြစ်ပါသည်။ အော်တိုအိတ်ချိန်း တပ်ဆင်ခြင်း မရှိသေးသည့် ဖာပွန်မြို့တွင် ၂၀၀ အော်တိုအိတ်ချိန်းတစ်ခု တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ADSL တပ်ဆင်ပြီးစီးမှုအခြေအနေမှာ ဘားအံအော်တို အိတ်ချိန်း တွင် ၁၁၈ လိုင်း၊ ကော့ကရိတ်တွင် ၆ လိုင်း၊ မြဝတီတွင် ၁၄ လိုင်း စုစုပေါင်း ၁၃၈ လိုင်း တပ်ဆင်ပြီးဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ကရင်ပြည်နယ်အတွင်းရှိလယ်သမားများအား မိုးစပါးသီးနှံ၊ ဆောင်းသီးနှံ၊ ကြံ စိုက်ပျိုးထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေများ ထုတ်ချေးရာတွင် ဆောင်းသီးနှံ အတွက်ကျေးရွာ ၃၈ ရွာမှ လူဦးရေ ၈၅၃ ဦး ကို ၄,၆၈၅ ဧက အတွက်ကျပ် ၃,၉၁၃.၈သိန်း၊ ကြံစိုက်ပျိုးမှုအတွက် ကျေးရွာ ၁၁ ရွာမှ လူဦးရေ ၃၁၁ ဦးကို ဧက ၂,၀၇၀ အတွက်ထုတ်ချေးငွေ ကျပ် ၂,၀၇၀ သိန်း၊ မိုးသီးနှံ ကျပ် ၅၆,၇၆၇ သိန်း အတွက် အတိုးငွေ ကျပ် ၁,၇၂၆.၀၉ သိန်းကို ၃၁-၃-၂၀၁၅ နေ့တွင် ပြည်နယ်လုံးကျွတ် ကောက်ခံရရှိခဲ့ပါသည်။

နိုင်ငံပိုင်အခန်းအနေဖြင့် မြန်မာ့စီးပွားရေးပြည်နယ်ဘဏ် ၁ ရုံးနှင့်မြို့နယ်ဘဏ်ရုံးခွဲ ၈ ရုံး မှလိုင်စင်မဲ့ယာဉ်များအား လေလံစနစ်ဖြင့် ရောင်းချရာတွင် ချလံရောင်းရငွေနှင့် အဆောက်အဦး များဆောက်လုပ်ရာတွင် အာမခံစဘော်ငွေအတွက် ငွေပေးအမိန့်လွှာ ရောင်းချရငွေ၊ ငွေလွှဲ လုပ်ငန်းများမှငွေလွှဲခရငွေများကြောင့်ဝင်ငွေများတိုးတက်လာပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးပြည်နယ်ဘဏ် ၁ ရုံးနှင့်မြို့နယ်ဘဏ်ရုံးခွဲ ၄ ရုံးမှတောင်သူများ သို့စိုက်ပျိုးစရိတ်ချေးငွေနှင့် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် အတိုးရငွေများကြောင့် ဝင်ငွေများတိုးတက်ခဲ့ပါသည်။ မြန်မာ့အာမခံလုပ်ငန်းသည် အသက်အာမခံ၊ မီးနှင့် အထွေထွေ အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ရေကြောင်း(ကုန်ပစ္စည်း) အာမခံစသည့်လုပ်ငန်းများမှ ဝင်ငွေများတိုးတက်ခဲ့ပါသည်။

သမဝါယမပိုင်အခန်းတွင် ငွေစုငွေချေးလုပ်ငန်းများ၏ အတိုးရငွေများ၊ သမဝါယမ ဘဏ်၏ ဘဏ်ချေးငွေမှ အတိုးရငွေ၊ ငွေလွှဲခမှုရငွေ၊ အခြားရငွေ၊ ကော်မရှင်ရငွေများ ရရှိခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းတွင် ကမ္ဘောဇရတနာဘဏ် ၂ ခု၊ ရိုးမဘဏ် ၁ ခု၊ ကမ္ဘောဇဘဏ် ၃ ခု၊ အသေးစားအလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ၂ ခု၊ ဧရာဝတီဘဏ် ၁ ခု၊ စုစုပေါင်း ပုဂ္ဂလိကဘဏ် ၉ ခု နှင့် မြို့နယ်များရှိအပေါင်ဆိုင် ၄၈ ဆိုင်၊ ဖာပွန်မြို့ရှိ ယွန်းနဒီ ငွေစုငွေချေး လုပ်ငန်းများ၏ အတိုးရငွေများရရှိခဲ့ပြီး ပြည်နယ်အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေများမှ အတိုးရငွေသည် ယခင်နှစ်ထက် ပိုမိုများပြားလာပါသည်။

ပုဂ္ဂလိကဘဏ်များမှာ ဘားအံမြို့နယ်တွင် ၄ ရုံး၊ မြဝတီမြို့နယ်တွင် ၅ ရုံးရှိပြီးအသေးစား နှင့်အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ အသေးစားစက်မှုလုပ်ငန်းများသို့ ချေးငွေများ ပိုမိုထုတ်ချေးပေးခြင်း၊ မြဝတီမြို့မှ တစ်ဖက်နိုင်ငံသို့ နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းကြောင့် အလုပ်သွားရောက်လုပ်သူများမှ ငွေလွှဲပို့ခြင်း၊ ကမ္ဘာ့ရတနာဘဏ်၊ ကမ္ဘောဇဘဏ်၊ ရိုးမဘဏ်၊ ဧရာဝတီဘဏ်စသည့်ဘဏ်များမှ ငွေလွှဲပို့ခဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ပညာရေး လုပ်ငန်းများ ဆောင်ရွက်မှုတွင် လူတိုင်းအတွက် ပညာရေးအစီအစဉ်များအရ ကျောင်းနေရွယ် ကလေးတိုင်းကျောင်းနေရေး၊ မူလတန်းအဆင့်ပြီးမြောက်ရေး၊ ကျောင်းပြင်ပ ပညာရေး ဆောင်ရွက်မှု၊ သက်ကြီးစာတတ်မြောက်မှု၊ ကျောင်းအဆောက်အဦ ပိုမိုကောင်းမွန်ရေးနှင့် ဆရာ၊ ဆရာမများ အရေအတွက် ပြည့်စုံလုံလောက်ပြီး အရည်အသွေးပိုမိုမြင့်မားရေးတို့ကို ကြိုးပမ်း ဆောင်ရွက် လျက်ရှိပါသည်။

ကျန်းမာရေးဝန်ဆောင်မှုတွင် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ပေါက်ကျေးလက် ကျန်းမာရေးဌာနကို ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံကို ၂၅ ကုတင်ဆံ့ဆေးရုံအဖြစ်လည်းကောင်း ကျန်းမာရေးဌာန၏ ခွင့်ပြုမိန့်များအရ အဆင့်တိုးမြှင့် နိုင်ခဲ့ပါသည်။

**ဗွားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ လုပ်ငန်း ရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ မြန်မာနိုင်ငံဟိုတယ် ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ကရင်ဇုန်)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်)တို့အား ဖွဲ့စည်းခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိလာ၍ နယ်မြေအေးချမ်းသာယာလာသည်နှင့်အမျှ ပြည်နယ်အတွင်း ဝင်ရောက်လည်ပတ်သည့် နိုင်ငံခြားသားဝင်ရောက်မှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၃,၄၆၄ ဦး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၆,၉၆၄ ဦးထိ တိုးတက်လာခဲ့၍ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၀လုံး၊ အခန်းပေါင်း ၃၁၂ ခန်း၊ တည်ဆောက်ဆဲ ဟိုတယ် ၃ လုံး အခန်းပေါင်း ၂၆၂ ခန်း၊ ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ရပြီး ဟိုတယ် ၂ လုံး အခန်းပေါင်း ၁၀၉ ခန်း၊ ပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားဆဲ ဟိုတယ် ၄ လုံး အခန်းပေါင်း ၁၂၆ ခန်း ဖြစ်သဖြင့် ပြည်နယ်အတွင်းဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၉ လုံး အခန်းပေါင်း ၈၀၉ ခန်း ရှိလာမည်ဖြစ်ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** နယ်စပ်ကုန်သွယ်ရေးအနေဖြင့် မြဝတီမြို့ ကုန်သွယ်ရေးဇုန်မှ တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့သော ပို့ကုန်များအနက် အများဆုံး တင်ပို့ခဲ့သောပို့ကုန် ၈ မျိုးမှာ ငရုတ်သီးခြောက်၊ မြေပဲဆံ၊ ငါးမျိုးစုံ၊ ကြက်သွန်နီ၊ နှမ်း၊ ဂဏန်း၊ ပုစွန်၊ ပဲတီစိမ်းတို့ ဖြစ်ပြီး တစ်ဖက်ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သော သွင်းကုန်များအနက် အများဆုံးတင်သွင်းခဲ့သော သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ အခြားလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ အလှကုန်ပစ္စည်းမျိုးစုံ၊ ပလပ်စတစ် ကုန်ကြမ်း ပစ္စည်းများ၊ ဆပ်ပြာနှင့် နို့ဆီ၊ နို့စိမ်းတို့ဖြစ်ပါသည်။ မြဝတီမြို့မှတဆင့် စက်ပစ္စည်း အမျိုးမျိုး၊ အချိုရည်၊ ပလပ်စတစ်ပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ စက်သုံးဆီများ၊ စားသုံးဆီ (စားအုန်းဆီ) များကို ဘားအံမြို့မှအခြား မြန်မာပြည်အထက်ပိုင်း၊ အလယ်ပိုင်းနှင့် အခြားမြို့နယ်များသို့ ပုံမှန်စီးဆင်းလျက်ရှိပါသည်။


ကရင်ပြည်နယ်တွင် အထက်ဖော်ပြပါ ကုန်စည်စီးဆင်းမှုများ အားကောင်းလျက်ရှိသော်လည်းငြိမ်းချမ်းရေး အပြည့်အဝမရှိသေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး အားနည်းနေခြင်း၊ ကုန်စည်ဒိုင်ကြီးများ မရှိသေးခြင်း၊ နယ်စပ်မှ တရားမဝင် ကုန်စည် စီးဆင်းမှုများရှိနေသေးခြင်း အစရှိသည့်အားနည်းချက်များရှိနေပါသည်။

## ချင်းပြည်နယ်


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက် ဈေးနှုန်း** များ အရ ကျပ် **၁၆၄,၂၆၀.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၂၆.၀** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ချင်းပြည်နယ်၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၇) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၈) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း**ဖြင့် ကျပ် **၁၅၅,၈၆၉.၀** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၉၄.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၁၈.၆** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာ (လှေခါးထစ်လယ်) ၆၁ ဧက ဖော်ထုတ်ခဲ့ပါသည်။ INGO အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် လှေခါးထစ်လယ် ၆ ဧက နှင့် တောင်သူများမှ ၁၁၂.၈၁ ဧက ဖော်ထုတ်နိုင်ခဲ့ပါသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ လယ်ရေသွယ်မြောင်း ၈ ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှု နောက်ကျခြင်း၊ မိုးနည်းခြင်းတို့ကြောင့် ယခင်နှစ်ထက် သီးနှံစိုက်ပျိုးထွက်ရှိမှု လျော့နည်းပါသည်။

**သားငါးကဏ္ဍ။** ကျွဲနို့၊ နွားနို့နှင့် ကျွဲနွားထွက် ပစ္စည်းများထုတ်လုပ်မှု၊ အသား ထုတ်လုပ်မှုနှင့် ဥထုတ်လုပ်မှုများ တိုးတက်လာပြီး တိရစ္ဆာန်မွေးမြူမှုအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးသို့ ပြောင်းလဲဆောင်ရွက်ရာတွင် နွားနောက် ၄,၉၅၁ ကောင်၊ ဝက် ၈,၀၇၅ ကောင်၊ ဆိတ် ၁,၄၅၄ ကောင်တို့ကို စီးပွားဖြစ် မွေးမြူနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် သဘာဝသစ်တော သယံဇာတ များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုကို ကန့်သတ် ဆောင်ရွက်လျက်ရှိပြီး သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာ ပပျောက် ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုမှပါဝင် စိုက်ပျိုးသည့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စီးပွားဖြစ် ကျွန်းနှင့် ထင်းရှူး စိုက်ခင်းဧက ၂၀၀၊ ပုဂ္ဂလိက သစ်မာ စိုက်ခင်း ၁၇.၅ ဧက၊ ကျွန်း ဧက ၃၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း ၃,၅၂၆.၄ ဧက တည်ထောင်ခွင့်လက်မှတ်ဖြင့် စိုက်ပျိုးပြီး ဖြစ်ပါသည်။ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေး အတွက် သီးနှံသစ်တောရောနှော စိုက်ပျိုးစေခြင်း၊ စိုက်ပျိုးပညာပေးခြင်း၊ ပျိုးပင်များဖြန့်ဝေ ပေးခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက် လျက်ရှိပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ဒုတိယ (၆) လပတ်အတွင်း လမ်းခင်းကျောက် ၅၁,၇၈၀ ကျင်း၊ ကျောက်စရစ် ၄၃,၅၆၀ ကျင်း၊ သဲ ၃၇,၁၉၀ ကျင်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** မှတ်ပုံတင်ထုတ်ပေးပြီးသည့် အသေးစား အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဖြစ်သည့် စပျစ်ဝိုင်လုပ်ငန်း၊ "မြင်းဆို" သစ်တောထွက်ပစ္စည်းလုပ်ငန်း၊ ပရိဘောဂ လုပ်ငန်း၊ သစ်သီးစုံဖျော်ရည်လုပ်ငန်း၊ ဗျူတီလင်းဝိုင်လုပ်ငန်း၊ လန်းဆန်းအောင် သစ်သီးစုံ ဝိုင်နှင့် ဖျော်ရည်လုပ်ငန်း၊ ရွှေမက်မန်းဝိုင်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်းနှင့် မုန့်ဖုတ် လုပ်ငန်းများ မှကုန်ပစ္စည်းများထုတ်လုပ်ခဲ့ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ မှတ်ပုံတင်ထုတ်ပေးသည့်လုပ်ငန်းများ ဖြစ်သည့် ဆန်ကြိတ်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်း၊ သစ်သီးဝိုင်လုပ်ငန်း၊ သောက် ရေသန့်လုပ်ငန်း၊ လောင်စာတုံး မီးသွေးလုပ်ငန်း၊ ဆေးရိုးကြိတ်လုပ်ငန်း၊ ပရိဘောဂ လုပ်ငန်း၊ တွင်ခုံ/သံဂဟေလုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ ကျောက်ခွဲလုပ်ငန်း၊ သံတံခါး လုပ်ငန်းများ မှထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ဒုတိယ(၆)လပတ်အတွင်း ဆန်ကြိတ်လုပ်ငန်း

၂၆ ခု၊ ဆီကြိတ်လုပ်ငန်း ၁ ခု၊ အမှုန့်ကြိတ် လုပ်ငန်း ၃ ခု၊ သံဂဟေ လုပ်ငန်း ၁ ခု၊ မုန့်ဖုတ် လုပ်ငန်း ၁ ခုတို့ကို မှတ်ပုံတင်ခဲ့ ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**။ မီးလင်းသော ကျေးရွာများ တိုးတက်လာရေးကို ဆောင်ရွက်လျက်ရှိရာ ဒုတိယ(၆)လပတ်အတွင်း ကျေးရွာပေါင်း ၉ ရွာကို အသစ်ထပ်မံ မီးလင်းစေနိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ မီးလင်းပြီး ကျေးရွာပေါင်း ၄၈၃ ရွာ ရှိပြီဖြစ်ပါသည်။ ကျေးရွာများ မီးလင်းရေးအတွက် ဒီဇယ်စွမ်းအင်၊ ဆိုလာစွမ်းအင်၊ ဘိုင်အိုဂက်စ်၊ အသေးစားရေအား လျှပ်စစ်စွမ်းအင်စသည့်တို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ**။ ချင်းပြည်နယ်အတွင်း ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကူးသန်းသွားလာရေး တိုးတက်ကောင်းမွန်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ သိုင်းငင်-တီးတိန်-ရိဒ်လမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ ဂန့်ဂေါ-အိုက်ကားလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်းများကိုဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်နယ်ဘတ်ဂျက်ဖြင့် မတူပီ-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ ထန်တလန်-နှာရိန်-ရေရွာ-မတူပီလမ်း၊ ထန်တလန်-လုံလဲလမ်း၊ ဖလမ်း-ရိဒ်လမ်း၊ ကလေး-နတ်ချောင်း-ဖလမ်း လမ်း၊ ဖိုဂိုက်-ထုတ်လိုင်လမ်း၊ ဖလမ်းမြို့ရှောင်ကွင်းလမ်း၊ တီးတိန်မြို့တွင်းလမ်း၊ ဟားခါးမြို့တွင်း (မြို့ပတ်)လမ်း၊ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ မင်းတပ်မြို့တွင်းပတ်လမ်း၊ မတူပီမြို့တွင်းလမ်း၊ ကန်ပက်လက်မြို့တွင်းလမ်းများကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

မြို့ပြ/ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေအရင်းအမြစ်ထွက်ရှိရာ နေရာဒေသများတွင် ရေဖမ်း၊ ရေစုကန်များ တည်ဆောက်၍ ၄င်းကန်များမှ တစ်ဆင့် ရေပိုက်လိုင်းများ သွယ်တန်းကာ ရေမီတာတပ်ဆင်၍ မြို့ပြကျေးလက် ရေပေးဝေမှုများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၅၉ ရွာ၊ စည်ပင်သာယာရေးအဖွဲ့မှ ၄၆ ရွာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၁၁ ရွာ၊ ယူနီဆက်ဖ်မှ ၄ ရွာ ဆောင်ရွက်လျက်ရှိပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်း စီမံကိန်းကို ဆောင်ရွက်လျက် ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးကဏ္ဍတွင် သမဝါယမပိုင်အခန်းမှ ခရီးသည်ပို့ဆောင်မှုတွင် ခရီးသည်မိုင် ထောင်ပေါင်း ၁၁၄ ကိုလည်းကောင်း၊ ကုန်စည်ပို့ဆောင်မှုတွင် မက်ထရစ်တန်မိုင်ထောင်ပေါင်း ၆၆ ကိုလည်းကောင်း အသီးသီး ပို့ဆောင်ပေးနိုင်ခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းမှ ခရီးသည်နှင့်ကုန်စည် ပို့ဆောင်မှုတိုးတက်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် တယ်လီဖုန်းတိုးချဲ့တပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒုတိယ (၆) လပတ်အတွင်း အော်တိုတယ်လီဖုန်း ၁၅ လုံး၊ WCDMA လုံးရေ ၂၆,၃၈၀ တို့ကို တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍမှ ဘဏ်လုပ်ငန်း အနေဖြင့် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်နှင့် ဟားခါးမြို့ရှိ သမဝါယမဘဏ်လီမိတက်တို့မှ ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် အခြေခံပညာအထက်တန်း ကျောင်း ၄ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၁ ကျောင်း၊ အလယ်တန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ၅၆ ကျောင်း၊ မူလတန်းကျောင်း ၂၅ ကျောင်း၊ မူလတန်း ကျောင်းခွဲ ၃၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၆ ကျောင်း၊ စုစုပေါင်း ၁၆၁ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်သူတို့၏ ဆေးဝါးလိုအပ်ချက်နှင့် ဆေးပစ္စည်းကိရိယာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ငွေပဒေသာပင်စိုက်ထူခြင်းကို ဆောင်ရွက်ပေးပြီး မြို့နယ်ဆေးရုံများ၏ ငွေပဒေသာပင် စိုက်ထူထားရှိမှုပမာဏအရင်းမှာ ကျပ် ၁၆၃.၉၉၅ သန်းရှိပြီး မြို့နယ်ခွဲ/ တိုက်နယ် ဆေးရုံများ ၏ ငွေပဒေသာပင်စိုက်ထူထားရှိမှု ပမာဏအရင်းမှာ ကျပ် ၂၃.၅၀၁ သန်းရှိ ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ အနေဖြင့် နိုင်ငံပိုင်အခန်းမှမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ငှားရမ်းခဝင်ငွေတိုးလာခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျူရှင်လုပ်ငန်း၊ ဆေးကုသခြင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်းနှင့် ခရီးသွား လုပ်ငန်းတို့၏ ဝင်ငွေများတိုးတက်လာခြင်းတို့ကြောင့် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများမှ ဒေသတွင်း

ကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ် လျက်ရှိသော်လည်း မိုးရာသီ သွားလာရေး ခက်ခဲသဖြင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှု ကြန့်ကြာပြီးများစွာ ဖွံ့ဖြိုးမှုမရှိကြောင်း တွေ့ရှိရပါသည်။ ထန်တလန်မြို့နယ် ဘုံတလန်ကျေးရွာ အနီးတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၅,၀၅၁,၀၁၃.၁** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၉.၈** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။


**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**


**ပုံ(၆–၉) အကောင်အထည်ဖော်နိုင်မှု**

(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆–၁၀) တိုးတက်မှုနှုန်း**

(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် (ယာယီ)စာရင်းများ အရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၅,၃၃၈, ၈၃၉.၃** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၀၅.၇** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူ ကာလထက် **၁၁.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** တောင်သူ အစီအစဉ်ဖြင့် ပလပ်မြေ မှ ၂၀,၄၃၃ ဧက၊ မြေရိုင်းမှ ၃,၀၈၆ ဧက၊ တောရိုင်းမြေမှ ၁,၇၄၅ ဧက၊ စုစုပေါင်း၂၅,၂၆၄ ဧက ဖော်ထုတ် စိုက်ပျိုး နိုင်ခဲ့သည့်အတွက် လယ်ယာကဏ္ဍအနေဖြင့် ပိုမိုအကောင်အထည်ဖော်နိုင် ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၄,၀၁၅,၂၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ချည်မျှင်ရှည်ဝါ သီးနှံဖြစ်သည့် ငွေချည် ၆ အမျိုးအစားကို စစ်ကိုင်းခရိုင်တွင် ၂၅,၇၃၇ ဧက၊ မုံရွာခရိုင် တွင် ၉,၈၀၄ ဧက၊ ယင်းမာပင်ခရိုင်တွင်၉,၃၅၉ ဧက၊ ရွှေဘိုခရိုင်တွင် ၄,၈၄၃ ဧက၊ စုစုပေါင်း ၄၉,၆၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ငွေချည် ၆

အမျိုးအစား သီးနှံသည် ဈေးကွက်ဝင်ခြင်း၊ တောင်သူများ ပြုစုစောင့်ရှောက်မှုကောင်းပါက အထွက် တိုးခြင်းတို့ကြောင့် ပိုမို စိုက်ပျိုးခြင်း ဖြစ်ပါသည်။ ပဲကြီးသီးနှံသည် ဈေးကွက်ဝင်ခြင်း နှင့် သွင်းအားစုများ ပိုမိုသုံးစွဲခြင်းကြောင့် ယခင်နှစ် အလားတူကာလထက် ၈၄၅ တင်း ပိုမို ထွက်ရှိခဲ့ပါသည်။ စက်မှုလယ်ယာ ဦးစီးဌာနမှ ထွန်ယက်ရေးလုပ်ငန်းအတွက် ဧကလွှာ ၃၈,၈၅၇ ထွန်ယက် ပေးနိုင်ခဲ့ပါ သည်။

မိုးစပါး စိုက်ပျိုးမှုရာသီတွင် သီးနှံဈေးကောင်းသဖြင့် စိုက်ပျိုးမှု ပိုမိုခြင်း၊ အထွက် ကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲ လာခြင်းကြောင့် အထွက်နှုန်း တိုးတက်လာခဲ့ပါသည်။ သီးနှံများ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ရိတ်သိမ်း ခြွေလှေ့စက်များကို တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဝယ်ယူ၍ မြို့နယ်များတွင် ရိတ်သိမ်း ဆောင်ရွက်လျက်ရှိခြင်း၊ အဆင့်မြင့် လယ်ယာဖော်ထုတ်မှု အခြေအနေတွင် ရွှေဘိုမြို့နယ်၊ မင်းကုန်းရွာတွင် ၁၆၃ဧက၊ ရွှေဘိုမြို့နယ်၊ ချီပါရွာတွင် ၁၀၀ ဧက နှင့် မြင်းမူမြို့နယ်၊ ပျော့ရွာတွင် ၇၀ ဧက ဖော်ထုတ်ခြင်းတို့ဖြင့် နှစ်ကုန်တွင် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စိုက်ပျိုးမြေ ၁,၅၀၀ ဧက အကျိုးသက်ရောက်မည့် အရာတော်(၂) လျှပ်စစ် မြစ်ရေတင် စီမံကိန်းဆောင်ရွက်လျက်ရှိရာ ရေပေးမြောင်းပြုပြင်ရေးလုပ်ငန်း ၁၀၀ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်း ၇၀ ရာခိုင်နှုန်း နှင့် လျှပ်စစ် လုပ်ငန်းပိုင်း အနေဖြင့် ၇၅ ရာခိုင်နှုန်း အထိ ဆောင်ရွက် ပြီးစီးခဲ့ ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူသူ များအား အရင်းအနှီးရရှိစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆင်းရဲမှုလျော့ချရေး ရန်ပုံငွေမှ သိုး၊ ဆိတ်၊ ဝက်၊ ကြက် ချေးငွေများ ထုတ်ချေးပံ့ပိုးလျက်ရှိပါသည်။ နို့ထုတ်လုပ်မှု တိုးတက်စေရေးအတွက် နို့စားနွား မွေးမြူရေးဇုန်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကြက်မွေးမြူရေး ဇုန် ၇ ဇုန် နှင့် နွားမွေးမြူရေး ဇုန် ၁ ဇုန်တို့တွင် မွေးမြူရေးကောင်ရေများ တိုးပွား ဆောင်ရွက်လျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်မွေးမြူရေးဇုန် ၇ ဇုန် ရှိသည့်အနက် မုံရွာ စက်မှုဇုန်ရှိ ဥစားကြက်များသာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သဖြင့် အသားထုတ်လုပ်မှု လျော့နည်းခြင်းမရှိပါ။

**သစ်တောကဏ္ဍ**။ သစ်တောဖုံးလွှမ်းဧရိယာ ၁၃,၃၄၃,၈၀၆.၁၁ ဧက ရှိပြီး တိုင်းဒေသကြီး ဧရိယာ၏ ၅၇.၆၃ ရာခိုင်နှုန်းရှိပါသည်။ သစ်တောကြိုးဝိုင်း ဧရိယာ ၅,၉၁၆,၁၅၃.၁၆ ဧက နှင့် ကြိုးပြင် ကာကွယ်တော ၁,၃၈၄,၀၇၆.၀၃ ဧကရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝတော

ထိန်းသိမ်းခြင်း ၁၀,၀၀၀ ဧက၊ ထင်းအစား အခြားလောင်စာသုံးစွဲခြင်း ၅၈၂,၄၆၇ တုံး၊ စိုက်ခင်း တည်ထောင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ပုဂ္ဂလိကပိုင် ရေနံစိမ်း ထုတ်လုပ်မှုများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ခင်အေးမှော်၊ ခနေအောင်၊ ရွှေအုပ်စုကုမ္ပဏီမှ ရေနံတွင်း ၃၂၀ တွင်း၊ ကနီမြို့နယ်၊ ခုံကြီးကျေးရွာ၊ မြောင်းကုန်းမှော် ရွှေကံပွင့်ကုမ္ပဏီမှ ရေနံတွင်း ၁၆၀တွင်း၊ ကျွန်းလှ မြို့နယ်၊ မော်ကယ်မှော်နှင့် နောင်ကောက်မှော် တို့မှ ရေနံတွင်း ၂,၂၄၂ တွင်း၊ ကလေးမြို့နယ်တွင် လုံးဖုံး၊ ကိုင်းချောင်း၊ ကျောက်အုပ်၊ မိုးကောင်း ရေနံမှော်၊ ကလေးဝ မြို့နယ်တို့တွင် ချောင်းကျင်၊ ကျောက်အုံဒေသတို့မှ ရေနံတွင်း ၂၀၆ တွင်း တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိ ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းမှ ကျောက်စိမ်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ကျောက်ပုထိုး၊ အသေးစား ရွှေဖက်စပ် လုပ်ငန်းအနေဖြင့် ကုမ္ပဏီ ၁၀ ခု နှင့် အကျိုးတူဖက်စပ် တူးဖော်လုပ်ကိုင်နေသော အကြီးစား ရွှေဖက်စပ်လုပ်ငန်း ကုမ္ပဏီ ၁ ခုမှ ရွှေ၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ဖယ်ရိုနီကယ်၊ ကျောက်မီးသွေးထုတ်လုပ်မှု ကုမ္ပဏီ အသစ် ၅ ခုမှ ကျောက်မီးသွေးများ ထုတ်လုပ်ခဲ့ပါသည်။ ရွှေသတ္တု အသေးစားလုပ်ကွက်များမှ သက်တမ်းတိုး လုပ်ကိုင်ရန် လျှောက်ထားမှုနှင့် လုပ်ကွက်သစ် လျှောက်ထားမှုများ တိုးတက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စစ်ကိုင်းစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန် နှင့် ကလေးစက်မှုဇုန်တို့အပါအဝင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဌာနတွင် မှတ်ပုံတင် ထားသောလုပ်ငန်းဦးရေစုစုပေါင်း ၄,၁၅၄ ခု၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၅၂,၀၄၂.၀၁၇ သန်းဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ စစ်ကိုင်းစက်မှုဇုန်တွင် သစ်ခွဲသား အမျိုးမျိုးနှင့် သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီများမှ ထုတ်လုပ်မှုများ၊ ဦးမောင်ကို သစ်စက်၊ ဟုန်ပန်း အီလက်ထရောနစ် အင်ဒက်စထရီ ကုမ္ပဏီ၏ လျှပ်စစ် ဝါယာကြိုးခွေအမျိုးမျိုး တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ ကလေးစက်မှုဇုန်တွင် ဦးစိုးစိုးမြင့် သွပ်ပြားထုတ်လုပ်မှု လုပ်ငန်းများ၊ မုံရွာစက်မှုဇုန်တွင် ရှန်တက်ဆန်စက်၊ ဇဝန ပဲခွဲစက်များ၊ စိုး၊ အောင်ဇမ္ဗူဟိန်း၊ မြဝင်း၊ ရွှေစွန်ညို၊ ရွှေခြူး၊ ဦးခင်မောင်ညိုစသည့် လုပ်ငန်းများ၏ စောင်နှင့် အဝတ်စကြိတ် လုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SMIDB ဘဏ်မှ လုပ်ငန်းရှင်ပေါင်း၂၃ ဦးတို့ကို ကျပ်သိန်း ၇,၆၀၀ ထုတ်ချေးခဲ့ပါသည်။

ဆန်စက်၊ သစ်စက်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ လုပ်ငန်းသုံး စက်ကိရိယာများ တိုးချဲ့ ရင်းနှီးမြှုပ်နှံမှုများရှိခြင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် မုံရွာစက်မှုဇုန်မှ ရတနာမိုးမြင့် စက္ကူထုတ်လုပ်ခြင်း၊ သီဟထွန်း သံရည်ကျိုစက်ရုံမှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်း၊ စစ်ကိုင်းစက်မှုဇုန်ဟွန်ဒါမြန်မာကုမ္ပဏီမှ သစ်ပါးလွှာအမျိုးမျိုးထုတ်လုပ်ခြင်း၊ ကလေးစက်မှုဇုန်မှ ရေနံတွင်းတူး ကိရိယာများ ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်စေရေး၊ ဓာတ်အားစနစ်ကောင်းမွန်ရေးအတွက် ဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်း၊ ခွဲရုံတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းမှ ဆွေးမြေ့သစ်သားတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကျေးလက်မီးလင်းရေးအနေဖြင့် လျှပ်စစ် ဓာတ်အားပေးရေးလုပ်ငန်းမှ ဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာပေါင်း ၇၇ရွာ၊ ဆိုလာစနစ်ဖြင့် ၃၄၇ရွာ၊ ရေအား (အသေးစား) စနစ်ဖြင့် ၈ရွာ၊ စုစုပေါင်း ၄၃၂ရွာ မီးလင်းပြီး ဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပြည်ထောင်စုဘတ်ဂျက်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားပြုပြင်ခြင်း၊ သစ်သားတံတားတည်ဆောက်ခြင်း၊ ရေကျော်ပြုပြင်ခြင်း၊ ကွန်ကရစ်ရေကျော်တည်ဆောက်ခြင်း၊ ကွန်ကရစ် ရေထုတ်ပြွန် တည်ဆောက်ခြင်း၊ တံတားယာဉ်သွားလမ်းအကျယ် တိုးချဲ့တည်ဆောက်ခြင်း၊ တံတားပေါ်နှင့် တံတား အဝင်အထွက်များအား ကတ္တရာခင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း စသည့်လုပ်ငန်းများကို ပြုလုပ်ခဲ့ပါသည်။ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ထီးချိုင့်- မြတောင်လမ်း(ဧရာဝတီမြစ်ကူးတံတား) တည်ဆောက်ခြင်း၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ဆဲ ပေ ၁၈၀ နှင့်အထက် တံတားများမှာ လွဲဆိပ်ချောင်းတံတား၊ မူးမြစ်ကူးတံတားနှင့် ချင်းတွင်းတံတား (ကလေးဝ) တို့ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင်ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်ပါသဖြင့် အာဆီယံအဝေးပြေးလမ်းအရှည် ၄၄၈ ကီလိုမီတာကို Class 3 အဆင့်မြင့်တင်မှု တည်ဆောက်ခြင်း၊ တံတား၊ တည်ဆောက်ခြင်း၊ ခရိုင်ချင်းဆက်လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ရုံး၊ ကျောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သာသနိကအဆောက်အဦများ၊ ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတား

လုပ်ငန်းများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ ကျေးရွာ ရေရရှိရေး လုပ်ငန်းများကို တည်ဆောက် အကောင်အထည် ဖော်ခဲ့ပါသည်။

ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ရာဇဂြိုလ် ရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း တစ်ခုလုံး ပြီးစီးမှု ရာခိုင်နှုန်းမှာ တမံ ၈.၈၇ရာခိုင်နှုန်း၊ ရေအားလျှပ်စစ် ၃၂.၀၄ရာခိုင်နှုန်း နှင့် ဆည်ရေသောက် ၇.၁၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

စည်ပင်သာယာရေး အဖွဲ့များမှ ကျေးလက်ဒေသ ကျေးလက် ရေပေးရေးလုပ်ငန်းတွင် တွင်းတိမ် ၂တွင်း၊ တွင်းနက် ၁၄ တွင်း၊ လက်တူးတွင်း ၁ တွင်း နှင့် အခြား ၁၉ တွင်း၊ စုစုပေါင်း ၃၆ တွင်း ဆောင်ရွက် ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မှတ်ပုံတင်ထားသော ယာဉ်စီးရေစာရင်းမှာ ပိုမိုတိုးတက်လာပြီး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ အသင်းအဖွဲ့ပေါင်း ၅၈ သင်း နှင့် ပြေးဆွဲခဲ့ရာမှ ယခုအခါတွင် All Star (မုံရွာ-မန္တလေး-ပြင်ဦးလွင်)၊ ဟိန်းစတား(မုံရွာ-နေပြည်တော်)၊ K Power (မုံရွာ-မန္တလေး-ပြင်ဦးလွင်)၊ ငွေစန္ဒာ (မုံရွာ-နေပြည်တော်) နှင့် ရွှေရင်ခွင် (မုံရွာ-တမူး) စသည့် ယာဉ်လိုင်းများ တိုးချဲ့ လာပါသည်။ ပုဂ္ဂလိကပို့ဆောင်ရေးတွင် လူစီး၂၈စီး၊ ကုန်တင် (ဝန်ပေါ့) ၃၅၉ စီး၊ ကုန်တင် (ဝန်လေး) ၁၇၁ စီး၊ ခရီးသည်တင် ၄၃၇ စီး၊ အခြား ၅၅ စီး၊ သုံးဘီး ၅၀၁ စီးနှင့် ထော်လာဂျီ ၇၀ စီး တို့ဖြင့် တိုးတက်သယ်ယူပို့ဆောင် ပေးလျက်ရှိပါသည်။ မော်တော်ယာဉ်များ အစားထိုးလဲလှယ်မှုများ နှင့် မော်တော်ယာဉ် လိုင်းသစ်များ တိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** WCDMA (Mobile)(၁၅၀၀ ကျပ်)ဖုန်းလုံးရေ ၂၈၂,၂၂၆ လုံး နှင့်အော်တိုတယ်လီဖုန်း ၈၃ လုံး ရောင်းချပေးနိုင်ခဲ့ပြီး နိုင်ငံပိုင် ဆက်သွယ်ရေးလုပ်ငန်းအပြင် ပုဂ္ဂလိကပိုင် ဆက်သွယ်ရေး လုပ်ငန်းများပါ တိုးချဲ့ ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၆ ခု တိုးတက် ဖွင့်လှစ်ခဲ့ပါသည်။ အာမခံကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ထားသော ငွေရေးကြေးရေး ကုမ္ပဏီမှာ ကမ္ဘောဇအာမခံ လုပ်ငန်းဖြစ်ပြီး မုံရွာမြို့၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် ဆောင်းရာသီချေးငွေအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၇ မြို့နယ်၊ ကျေးရွာအုပ်စု ၆၆၆ မှ တောင်သူ ၁၀၈,၉၅၀ဦးအား ဧက ၆၅၈,၉၁၅ အတွက် ချေးငွေ ကျပ် ၂၂,၂၂၆.၇၀ သန်း ထုတ်ချေး ပေးခဲ့ပါသည်။ မိုးကြိုချက်ကြဲ ထုတ်ချေးငွေအတွက် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၉ မြို့နယ်၊ ကျေးရွာအုပ်စု ၈၂ မှ တောင်သူ ၉,၈၇၈ ဦးကို ဧက ၅၇,၂၁၀

အတွက် ချေးငွေ ကျပ် ၅,၇၂၁ သန်း ထုတ်ချေးပေးခဲ့ပါသည်။ ဘဏ်လုပ်ငန်းတွင် ပုဂ္ဂလိက ဘဏ်ခွဲများ တိုးချဲ့ ဖွင့်လှစ်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် မုံရွာစီးပွားရေး တက္ကသိုလ်၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာသင်တန်း (MPA)၊ စီးပွားရေးစီမံခန့်ခွဲမှု မဟာသင်တန်း (MBA) တို့ကို ဖွင့်လှစ် ပို့ချလျက်ရှိပါသည်။ ဒုတိယ(၆)လပတ်တွင် လွှတ်တော်တွင် တင်ပြထားသောကျောင်း ၄၅ ကျောင်း၊ အန္တရာယ်ရှိ ကျောင်းဆောင်များ ဖျက်သိမ်း ဆောက်လုပ်ခြင်း ၈၈ ကျောင်း၊ ကျောင်းသား ဦးရေအရ စာသင်ခန်း လိုအပ်၍ တိုးချဲ့ အသစ် ဆောက်လုပ်ခြင်း ၁၆ ကျောင်း၊ ဥပမိရုပ်မကောင်းသော ကျောင်းဆောင် ၂၃ ဆောင် ဆောက်လုပ်ခြင်း၊ စုစုပေါင်း ၁၇၂ ကျောင်း တို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးတွင် ကျန်းမာရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းသစ် ၁၄၆ ခု၊ ဖြည့်စွက်လုပ်ငန်း ၂၂ ခု၊ ဆောင်ရွက်ဆဲ လုပ်ငန်း ၂၃ ခု စသည့် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

**ဟိုတယ်ခရီးနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကအခန်းမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်သော ဟန်လင်း ပျူမြို့ဟောင်း၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ဖိုလ်ဝင်တောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဇောမိတစ်ထောင်၊ လယ်တီကျောက်စာတိုက် စသည်တို့ကို နိုင်ငံခြားသား ခရီးသွားဧည့်သည် ၇,၈၂၇ ဦးနှင့် ပြည်တွင်း ခရီးသွားဧည့်သည် ၂၀,၆၃၄ဦး တို့ ဝင်ရောက် ခဲ့ခြင်းကြောင့် ဟိုတယ်နှင့် တည်းခိုခန်း လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်စည်ဒိုင်များ တိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုး ထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် စိုက်ပျိုးသူ၊ ရောင်းဝယ်သူများ အကျိုးအမြတ် မျှမျှတတ ရရှိစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်စေရေး၊ အရည်အသွေးနှင့် အချိန်အတွယ်များ မှန်ကန်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးတွင် စိုက်ပျိုး ထုတ်လုပ်သော ဒေသထွက်ကုန်များ စုပေါင်းရောင်းချနိုင်သော ကုန်စည်ဒိုင် ၃ ဒိုင် ကိုဖွင့်လှစ်ပြီး ဖြစ်ပါ သည်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** အစီအရင်ခံသည့်ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၈၆,၃၇၁ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ယခင်နှစ်ကထက် စိုက်ဧက ၁,၂၃၅ ဧက ပိုမိုစိုက်ပျိုးခဲ့ပါသည်။ ဒုတိယ(၆)လပတ်အတွင်း ဖူးစားပြောင်း၊ နေကြာ နှင့် ပန်းနှမ်းတို့ ပိုမို စိုက်ပျိုးခဲ့ခြင်းကြောင့်

ဖြစ်ပါသည်။ ရွှေရင်အေး၊ ရတနာအောင်၊ ရွှေဘို (၁)၊ နေပြည်တော် (၂)၊ ဆင်းဇကရီ (၃) မျိုးတို့ကို မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုး နိုင်ခဲ့ပါသည်။ လယ်ယာမြေတိုးချဲ့ ဖော်ထုတ်မည့် အစီအမံများမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း လေရှီးမြို့နယ်၌ ဧက ၇၀၊ နန်းယွန်းမြို့နယ်တွင် ဧက ၁၃၀၊ စုစုပေါင်း ဧက ၂၀၀ ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးရန် စီမံထားရှိခြင်း၊ ဒေသအတွင်း ဝင်ငွေရသီးနှံ အာလာဂျီ တိုးချဲ့စိုက်ပျိုးခြင်းနှင့် သီးနှံအထွက် စံကွက်ရိတ်သိမ်းခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ခြင်းကြောင့် သီးနှံများ အထွက် တိုးလျက်ရှိပါသည်။

**သားငါးကဏ္ဍ။** လေရှီးမြို့နယ် ပန်ဆပ် ကျေးရွာ တွင် နွားနောက် ၂၀၂ ကောင်၊ ကူကီးကျေးရွာတွင် နွားနောက် ၂၂၄ ကောင်၊ မြို့မ ရပ်ကွက်တွင် နွားနောက် ၁၅၈ ကောင်၊ ဝမ်းဘဲကျေးရွာတွင် နွားနောက် ၁၁၃ ကောင်၊ စုစုပေါင်း ၆၄၇ ကောင်အား ကျေးရွာအုပ်စု ၄ ခုခွဲ၍ မွေးမြူရေးဇုန်အဖြစ် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် တိုင်းရင်းသား လူမျိုးများ ဆင်းရဲမှုလျော့ချရေးအတွက် နိုင်ငံတော်မှ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့ပါသည်။ ရိုးရာဂျပ်ခုတ်လုပ်ငန်းနှင့် စက်ချုပ် သင်တန်းများ ဖွင့်လှစ် သင်ကြားပေးခဲ့ သဖြင့် တိုင်းရင်းသားလူမျိုးများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး စက်မှုလက်မှုကဏ္ဍ တိုးတက်ခဲ့ ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** (၂၄) နာရီ မြို့မီးလင်းရေးဆောင်ရွက်မှုအနေဖြင့် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် လေရှီးမြို့နယ်၊ မတူဂီချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းအား မြန်မာဟိုက်ဒြိုပါဝါ ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး ၇၆ ရာခိုင်နှုန်း ပြီးစီးပြီး ဖြစ်ပါသည်။ လဟယ်မြို့နယ် ကျလွေချောင်း ရေအားလျှပ်စစ်လုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းနှင့် နန်းယွန်းမြို့နယ် တိုင်းခမ်းချောင်း ရေအား လျှပ်စစ်လုပ်ငန်းမှာ ၁၅.၈ ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ပါသည်။

ကျေးလက်မီးလင်းရေးအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆိုလာစနစ်ဖြင့် ကျေးရွာ ၁၁ ရွာ နှင့် နိုင်ငံပိုင် ဓာတ်အားစနစ်မှ တိုးချဲ့ ဓာတ်အားပေးခြင်းဖြင့် မီးလင်းရေး ဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆင်သေ - လဟယ်လမ်း၊ ထမံသီ - လေရှီလမ်း (အထူးပြင်ဆင် ထိန်းသိမ်းခြင်း)၊ နန်းယွန်း- ရှင်ဘွေယန် လမ်းတို့အား တစ်နှစ်ပတ်လုံး မော်တော်ယာဉ်များ သွားလာနိုင်ရန် အတွက် ဆောင်ရွက်လျက် ရှိပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် ပွင့်လင်းရာသီ ရောက်ရှိပြီ ဖြစ်ပါသဖြင့် လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ရုံး၊ ကျောင်း၊ ဝန်ထမ်း အိမ်ရာများ၊ သာသနိက အဆောက်အဦများ၊ ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများဖြစ်သည့် လမ်းတံတားလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ ကျေးရွာရေရရှိရေး လုပ်ငန်းများကို တည်ဆောက် အကောင်အထည် ဖော်မည် ဖြစ်ပါသဖြင့် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီ ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ၇ ရွာ တွင် လက်တူး ၉ တွင်း၊ ရေကန် ၇ ခု၊ စိမ့်စမ်း ၃၂ ခု၊ လုပ်ငန်းပေါင်း ၄၈ ခု နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိမ့်စမ်း ၄၈ ခု၊ ရေကန် ၃ ခု ဆက်လက် ဆောင်ရွက် ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မြို့နယ် ၃ မြို့နယ်တွင် သယ်ယူပို့ဆောင်ရန်အတွက် ကုန်တင် ကားကြီး ၄၀ စီး၊ ကားလေး ၁၅ စီး၊ ဆိုင်ကယ် ၁၆၅ စီး၊ စက်လှေ ၄ စီးတို့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ GSM ဆက်သွယ်ရေး တာဝါတိုင် ၂ တိုင် တိုးချဲ့ ဆောက်လုပ်လျက်ရှိပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင် ဒေသတွင်း GSM တာဝါတိုင်များ တိုးချဲ့တပ်ဆင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိရာ မိုဘိုင်းဖုန်းသုံးစွဲမှုများ တိုးတက်လာပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အောင်သီရိ ရန်ပုံငွေ (နာဂဒေသ) မှ အစုအဖွဲ့များဖွဲ့စည်း၍ ချေးငွေများထုတ်ချေးပေးခြင်း၊ မြစိမ်းရောင် စီမံကိန်းမှ လဟယ်မြို့နယ်တွင် ကျေးရွာ ၂ ရွာ၊ လေရှီးမြို့နယ်တွင် ကျေးရွာ ၁ ရွာ၊ နန်းယွန်း မြို့နယ်တွင် ကျေးရွာ ၂ ရွာ၊ စုစုပေါင်း ၅ ရွာအား တစ်ရွာလျင်ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ထောက်ပံ့ ဆောင်ရွက် ပေးလျက်ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အလက မှ ထခွဲသို့ ၁ ကျောင်း၊ မူလွန် မှ အလလခွဲသို့ ၁ ကျောင်း၊ အမက မှ မူလွန် သို့ ၆ ကျောင်း၊ အမကခွဲ မှ အမက သို့ ၄ ကျောင်း၊ တွဲအမက မှ အမက သို့ ၂ ကျောင်း၊ တွဲအမက မှ အမကခွဲ သို့ ၁၁ ကျောင်း၊ စုစုပေါင်းကျောင်း ၂၉ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျောင်းအဆောက်အဦသစ် ဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် အန္တရာယ်ရှိကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း

၆ ကျောင်း၊ ကျောင်းသားဦးရေအရ စာသင်ခန်း လိုအပ်၍ တိုးချဲ့အသစ် ဆောက်လုပ်ခြင်း ၂ ကျောင်း၊ ဥပဓိရုပ် မကောင်းသော ကျောင်းဆောင်များ ဆောက်လုပ်ခြင်း ၅ ကျောင်း၊ စုစုပေါင်း ၁၃ ကျောင်း ဆက်လက်ဆောက်လုပ်ခဲ့ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းများ ဖွင့်လှစ် ထားရှိမှုမှာ အထက်တန်းကျောင်း ၈ ကျောင်း၊ အလယ်တန်းကျောင်း ၉ ကျောင်း၊ အလယ်တန်းခွဲ ၃ ကျောင်း၊ အမကလွန် ၂၂ကျောင်း၊ အမက ၁၈၁ ကျောင်း၊ အမကခွဲ ၅၂ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာသင်ကျောင်း ၂ ကျောင်း စုစုပေါင်း ၂၇၇ ကျောင်း ဖွင့်လှစ်ထားရှိ ပါသည်။ ယခင်နှစ်ကထက် ၁၈ ကျောင်း တိုးမြှင့် ဖွင့်လှစ်ခဲ့ပါသည်။

ကျန်းမာရေးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျန်းမာရေး လွှမ်းခြုံမှု ရရှိရန် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၅ ကုတင် ဆံ့ ဆေးရုံ ၃ ရုံ၊ တိုက်နယ်ဆေးရုံ ၅ ရုံ၊ ကျန်းမာရေးဌာန ၁၄ ခု၊ ကျန်းမာရေး ဌာနခွဲ ၇၀ ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန ၂ ခု၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာန ၃ ခု၊ စုစုပေါင်း ၉၇ ခု ဖွင့်လှစ်ခဲ့ပါသည်။ ယခင်နှစ် ကထက် ၂ ခု တိုးတက်ခဲ့ပါသည်။ ကျန်းမာရေး ဦးစီးဌာနမှ လဟယ်မြို့နယ် မြို့နယ်ဆေးရုံ မြေထိန်းနံရံနှင့် ရင်ခွဲရုံ ဆောက်လုပ်ခြင်း လုပ်ငန်းသစ် နှင့် ကျေးလက်ကျန်းမာရေးဌာန ၃ ခု တို့ ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။


**ဟိုတယ်နှင့်ခရီးသွားကဏ္ဍ။** နာဂဒေသသည် နှစ်စဉ်ကျင်းပသော နာဂ ရိုးရာ ပွဲတော်များ၊ လေရှီးမြို့နယ် စာရာမေရီတောင်၊ ပန်ဆောင်မြို့ နောင်ယမ်းအင်းတို့သည် နိုင်ငံခြား ခရီးသွားများအား အဓိက ဆွဲဆောင်လျက်ရှိသော နေရာများဖြစ်ပါသည်။ နှစ်စဉ် နာဂရိုးရာပွဲတော်သို့ နိုင်ငံခြားသားများ လာရောက်လည်ပတ်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားသား ၄၈ ဦး လာရောက်လည်ပတ်ခဲ့ပါသည်။ ထို့အပြင် တစ်ဦးချင်း အခါအားလျော်စွာ နာဂရိုးရာ ဓလေ့ထုံးစံများအား လာရောက်လေ့လာလျက်ရှိပါသည်။ သို့ဖြစ်၍ ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသ၏ စီးပွားရေးဝင်ငွေ တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

## တနင်္သာရီတိုင်းဒေသကြီး


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၁,၉၆၅,၆၃၂.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များ အရ **၉.၅** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၁၁) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၁၂) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် (ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် **၁,၈၈၉,၉၇၃.၅** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၉၆.၂** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၇.၈** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ကြက်ပေါင်စေးမှာ အပင်အိုများခုတ်လဲ၍ အပင်ပျိုများဖြင့် အစားထိုး စိုက်ပျိုးထားခြင်းကြောင့် အထွက်နှုန်းတိုးတက်လာခြင်း၊ ရေမြေသဘာဝနှင့် ကိုက်ညီ သည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးထားခြင်း၊ အစေးလှီးဧက ပိုမိုလာခြင်း၊ နည်းပညာ ဖြန့်ဖြူးပေးမှုများကို တောင်သူများမှ လက်ခံကျင့်သုံးလာခြင်း၊ အစေးလှီးနည်း စနစ်မှန်ကန်လာခြင်း၊ ကွမ်းသီး၊ ငှက်ပျော၊ ငရုတ်ကောင်း၊ ပီလောပီနံနှင့် သစ်သီးပင်များ စိုက်ဧကနှင့် ရိတ်ဧက တိုးတက်လာခြင်း၊ ရာသီဥတုကောင်းမွန်လာခြင်းတို့ကြောင့် အထွက်နှုန်းများတိုးတက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** အသားထုတ်လုပ်မှုတွင် တစ်ပိုင်တစ်နိုင် တိရစ္ဆာန်မွေးမြူမှုမှ စီးပွားဖြစ် မွေးမြူလာခြင်း၊ ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် လှေစီးရေတိုးလာခြင်း၊ ပွင့်လင်းရာသီတွင် ငါး၊ ပုစွန် ဖမ်းဆီးရရှိမှုများလာခြင်း၊ အချိန်စောစွာ ဝင်ရောက်လာသည့် ခွင့်ပြုငါးဖမ်းရေယာဉ်များကြောင့် ကုန်ချိန်ပိုမိုရလာခြင်းနှင့် ပုလဲမုတ်ခွံ ထုတ်လုပ်မှုတွင် သားဖောက်မုတ်ကောင်များ ပိုမိုမွေးမြူပြီး ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံမြဲ ရာခိုင်နှုန်း ကောင်းမွန်ခြင်း၊ မုတ်ကောင်သေဆုံးမှုနည်းပါးခြင်း တို့ကြောင့် ပုလဲ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သစ်မာထုတ်လုပ်မှု ၅၄,၁၁၅ ကုဗတန်၊ ကရမက် ပိဿာ ၁,၈၀၀၊ လင်းနို့ချေး ၉,၆၆၂ ပိဿာ၊ ငှက်သိုက် ၄၃၁ ပိဿာနှင့် သစ်ခေါက်ပိဿာ ၇,၃၀၀ ထုတ်လုပ်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ရဲတံခွန် သဘာဝဓာတ်ငွေ့ရေနံမြေမှ ပထမ(၆) လပတ်တွင် ကမ်းလွန်ရေနံစိမ်း ၁,၅၇၁.၁ အမေရိကန်စည်ထောင်ပေါင်းနှင့် ဒုတိယ (၆) လပတ်တွင် ၁,၂၉၈.၈ အမေရိကန်စည် ထောင်ပေါင်းထုတ်လုပ်နိုင်ခဲ့ပါသည်။ ကမ်းလွန်သဘာဝဓာတ်ငွေ့မှာ ပထမ (၆) လပတ်တွင် ၆၆,၇၄၇.၀ ကုဗပေသန်းနှင့် ဒုတိယ (၆)လပတ်တွင် ၆၁,၀၉၉.၀ ကုဗပေသန်း ထုတ်လုပ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ရွှေ ၂၅.၂၀ ထရိုင်အောင်စ၊ ခဲမဖြူသန့်စင် (၆၅ ရာခိုင်နှုန်း) ၂၁၂.၇၁၇၈ မက်ထရစ်တန်၊ ခဲမဖြူ အဖြိုက်နက်ရောရာ ၄၁၃.၇၃၈ မက်ထရစ်တန်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ မဂ္ဂနီးစ်ဒိုင်အောက်ဆိုဒ် ၁,၄၀၀ မက်ထရစ်တန်၊ ဂေါဒန်ကျောက် ၁,၃၈၆ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** အအေးခန်းစက်ရုံများမှ အေးခဲ ရေထွက်ကုန်ပစ္စည်းများ၊ သင်္ဘောကျင်း လုပ်ငန်း၊ ဆီအုန်းနှင့်ရာဘာလုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ (SMEs) ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရှေ့ပြေးစက်မှုဇုန် (Early Industrial Estate)၊ ထီးခီး၊ မောတောင်နှင့် မောင်းမကန်ဒေသ များတွင် စက်မှုဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများကို ပုဂ္ဂလိကပိုင်လွှဲပြောင်းပြီး သန်းဖြိုးသူ၊ ဖိုးသီးချို ဒီဇယ်မီးလင်းရေးလုပ်ငန်းများမှ စုစုပေါင်း မီးပေးစက် ၁၀၈ လုံးဖြင့် ပိုမိုမီးလင်းပေးနိုင်ခြင်းကြောင့် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တိုးတက်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်ထောင်စုလမ်းမကြီး အပါအဝင် ခရိုင်ချင်းဆက်နှင့် ခရိုင်အတွင်းလမ်းများ၊ တံတားများ၊ ကျေးရွာများတွင်

ရွာချင်းဆက်နှင့် ရွာတွင်းလမ်းများ၊ တံတားများ၊ ကျေးလက်အိမ်ရာနှင့် အိမ်သာဆောက်ခြင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လမ်း၊ တံတားများ၊ ဘုန်းကြီးကျောင်းများ တည်ဆောက်ခြင်း၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်တပ်ဆင်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲခြင်း၊ ပုဂ္ဂလိက အဆင့်မြင့်မှန်လုံလိုင်းကားများ တိုးချဲ့ပြေးဆွဲခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ(ထီးခီး၊ မောတောင်) သို့ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ ထားဝယ်၊ မြိတ်၊ ကော့သောင်း ဆိပ်ကမ်းများနှင့် အခြားဒေသဆိပ်ကမ်းများသို့ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** စာပို့တိုက်ဝင်ငွေကျပ် ၃၀.၆၆၈ သန်း၊ တယ်လီဖုန်း ဝင်ငွေကျပ် ၁၀,၀၄၄.၂၈၆ သန်း နှင့် ကြေးနန်းဝင်ငွေ ကျပ် ၂.၆၃၅ သန်း ဖြစ်၍ စုစုပေါင်းဝင်ငွေမှာ ကျပ် ၁၀,၀၇၇.၅၈၉ သန်း ရရှိခဲ့ပါသည်။ တယ်လီဖုန်း တပ်ဆင်ခြင်းလုပ်ငန်းများမှ ကနဦးဝင်ငွေများ၊ ခေါ်ဆိုခများမှ ဝင်ငွေများ လျော့နည်းခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပုဂ္ဂလိကဘဏ်နှင့် ပုဂ္ဂလိကအပေါင်ဆိုင်များမှ ငွေရေးကြေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးအနေဖြင့် ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ကျောင်းဆောင် ၁၉ ကျောင်းနှင့် အန္တရာယ်ရှိ၍ ဖျက်သိမ်းကျောင်းဆောင် ၂၅ ကျောင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ်ဆေးရုံ ၇ ခု၊ ကျန်းမာရေးဌာန ၂ ခု၊ ကျန်းမာရေးဌာနခွဲ ၃ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂ ခုနှင့် ဝန်ထမ်းနေအိမ်များ တိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လုပ်ငန်း၏ ပို့ဆောင်ရေးကိုယ်စားလှယ်လုပ်ငန်းမှ ဝင်ငွေတိုးတက်လာခြင်းနှင့် ပုဂ္ဂလိကပိုင်အခန်းတွင် ပုဂ္ဂလိကကျောင်းများ၊ ဘော်ဒါဆောင်လုပ်ငန်းများ၊ ပုဂ္ဂလိက ဆေးရုံများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖြစ်သော ထားဝယ် မောင်းမကန်ကမ်းခြေနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များရှိခြင်းကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ နှင့်ပြည်တွင်း၊ ပြည်ပမှ ခရီးသည်များ လာရောက်လေ့လာလည်ပတ်မှုများကြောင့် ခရီးသွား

လုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင် လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုတန်ဖိုးသည် ထုတ်လုပ်မှုကဏ္ဍအပေါ် တည်မှီနေပြီး ဒေသထွက် အသီးအနှံများဖြစ်သော ဆီအုန်း၊ ရာဘာနှင့် အခြားစားသုံးကုန်ထုတ်လုပ်ငန်းများ၊ ပင်လယ်ရေထွက်ပစ္စည်းလုပ်ငန်းများ၊ လယ်ယာအခြေခံ စက်မှုကုန်ကြမ်း၊ လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ထပ်ဆင့်တိုး တန်ဖိုးမြှင့် ကုန်စည်များအဖြစ် ထုတ်လုပ်နိုင်ခဲ့၍ ဒေသစားသုံးမှု ဖူလုံသည့်အပြင် အခြားဒေသများသို့ ပို့ဆောင် ကုန်သွယ်နိုင်ခဲ့ပါသည်။ သားငါးကဏ္ဍတွင်ရေလုပ်ငန်း၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အေးခဲရေထွက်ပစ္စည်းများ ထုတ်လုပ်မှုများ တိုးတက်လာခြင်းတို့ကြောင့် ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ တိုးတက်ခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ **ကျပ် ၃,၇၉၈,၁၄၅.၅ သန်း** အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၇.၇ ရာခိုင်နှုန်း** တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

### ပဲခူးတိုင်းဒေသကြီး၏
### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ

**ပုံ(၆-၁၃) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၁၄) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် **၃,၈၆၂,၉၈၅.၅** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၀၁.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ်အလားတူကာလထက် **၇.၃ ရာခိုင်နှုန်း** တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မိုးစပါးစိုက်ဧက ၆၃,၄၁၂ ဧက ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့်အတွက် မိုးစပါး ၄၅,၉၆၉ ဧက အစားထိုးစိုက်ပျိုးခဲ့ပါသည်။ ပုလဲသွယ်စပ်မျိုးစပါး မျိုးကို စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး ၂,၂၈၇,၁၈၂ တင်း၊ နွေစပါး ၂၃,၂၇၉ ဧက၊ ဇီးကုန်းမြို့နယ်၊ ပြည့်ဟိန်းသာ ကုမ္ပဏီမှ မိုးစပါး ၂,၈၀၈ တင်း၊ နွေစပါး ၆၅.၅ ဧက၊ နတ်တလင်းမြို့နယ်၊ မြတ်အိန္ဒြေကုမ္ပဏီမှ မိုးစပါး ၃,၈၀၅ တင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၊ ကြက်တက်ညောင်ပင် ကျေးရွာအုပ်စုမှ နွေစပါးဧက ၂၀ တို့မှ မျိုးစေ့ထုတ်လုပ်နိုင်ခဲ့ပါသည်။

ပဲအမျိုးမျိုးစိုက်ပျိုးမှုတွင်ပဲတီစိမ်း၊ ပဲပုပ်၊ ပဲလွမ်းတို့၏ စိုက်ဧကများ ယခင်နှစ်ထက် တိုးလာသဖြင့် အထွက်တိုးခဲ့ခြင်း၊ ဗိုလ်ကီတ်ရိတ်သိမ်းမှု ယခင်နှစ်ထက် လျော့နည်းခဲ့သော်လည်း အထွက်နှုန်း တိုးတက်ခြင်းကြောင့် အထွက်တိုးလာခြင်း၊ ပဲနောက်စိုက်ဧကလျော့နည်းခဲ့သော်လည်း ရိတ်သိမ်းမှုမှာ ယခင်နှစ်ထက် တိုးတက်ခဲ့သဖြင့် အထွက်များလည်း တိုးတက်ခဲ့ပါသည်။

မြေပဲအထွက်ကောင်းမျိုးများဖြစ်သည့် မကွေး-၁၂၊ မကွေး-၁၅၊ ဆင်းပဒေသာ-၇၊ ဆင်းပဒေသာ-၁၁၊ တွန်တာနီတို့ကို ရွေးချယ်စိုက်ပျိုးခဲ့ခြင်း၊ ဆောင်းနှမ်း၊ ကြက်ပေါင်စေးစိုက်ဧကများ ယခင်နှစ်ထက်တိုးလာခြင်း၊ ဒေသနှင့်ကိုက်ညီသည့် 2000 Series, BPM-24, PB-260, PB-235 တို့ကိုရွေးချယ်စိုက်ပျိုးခဲ့ခြင်းကြောင့် လယ်ယာကဏ္ဍ ထွက်ကုန်များတိုးလာရခြင်းဖြစ်ပါသည်။ မြစ်ရေတင်လုပ်ငန်း(၂၁)ခုမှ နွေစပါး ၃,၂၉၆ ဧကနှင့်နွေသီးနှံများ ကိုစိုက်ပျိုးရေ ပေးဝေနိုင်ခဲ့၍ သီးနှံထွက်ရှိမှု တိုးတက်ခဲ့ ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နွားမျိုးကောင်းမျိုးသန့်များဖြင့် မျိုးမြှင့်သားစပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ပညာပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ အသားစားကြက်၊ ဥစားကြက်များ တိုးချဲ့မွေးမြူရန် ပညာပေးစည်းရုံးခြင်းများကိုဆောင်ရွက်ခဲ့ပါသည်။ ငါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကိုတိုးချဲ့၍ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများထွန်းကားစေခြင်း၊ ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရေးအတွက် အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် မွေးမြူရေးဆိုင်ရာနည်းပညာများ၊ နည်းပညာသစ်များကို သင်တန်း ပို့ချပေးခြင်း၊ ငါးများတွင် ကျရောက်တတ်သော ရောဂါများကြိုတင် ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည့်အတွက် အသားထုတ်လုပ်မှု ၁၂၂,၂၂၂ ပိဿာထောင်ပေါင်း၊ ဥထုတ်လုပ်မှု ၈၁၃,၉၆၆ ဥထောင်ပေါင်း၊ ငါးထုတ်လုပ်မှု ၁၆၁,၅၉၄ ပိဿာထောင်ပေါင်း တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သစ်နှင့် သစ်တောထွက် ပစ္စည်းများဖြစ်သည့် ကျွန်း ၈,၃၀၀ ကုဗတန်၊ သစ်မာ ၁၆၅,၂၃၈ ကုဗတန်၊ ထင်း ၁,၀၇၀,၄၈၆ ကုဗတန်ထောင်ပေါင်း၊ ဝါး ၄၆,၃၂၇ လုံးထောင်ပေါင်း၊ ကြိမ် ၂,၄၂၂ လုံးထောင်ပေါင်းနှင့် ဓနိသက်ငယ် ၅၉,၇၉၉ ပျစ်ထောင်ပေါင်း ထုတ်လုပ်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပြည်ရေနံမြေမှ ရေနံစိမ်းထုတ်လုပ်မှုအနေဖြင့် ၁၅.၂၅၃ အမေရိကန်စည်ထောင်ပေါင်း ထုတ်လုပ်နိုင်ခဲ့ပြီး သဘာဝဓာတ်ငွေ့တွင် ၁၈ ကုဗပေသန်းပေါင်း ထုတ်လုပ်နိုင်ခဲ့ ပါသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူမှုအနေဖြင့် တွင်းအမှတ် ၄၂၊ ၈၃၊ ၁၄၆၊ ၁၄၇၊ ၁၀၅၊ PSC (1) တို့မှာ ထုတ်ယူမှုကာလ ကြာမြင့်ခဲ့ပြီး သဘာဝအလျောက် အထွက်နှုန်းကျဆင်းလာခြင်း၊ မောင်းငြိမ့်စက်ပိုင်းဆိုင်ရာ မကြာခဏပြုပြင် လဲလှယ်ခဲ့ရခြင်း၊ ရေနံမြေပိုင်လျှပ်စစ်ဓာတ်အားပေးစက်မှာလည်း နှစ်ကြာရှည်စွာ အသုံးပြုရသည့်အတွက် ခုတ်မောင်းရာတွင် ခက်ခဲလာခြင်း၊ တူးဖော်နေသောတွင်းသစ်များအား စမ်းသပ်ခဲ့သော်လည်း စီးပွားဖြစ် ထုတ်ယူမှုမရရှိခဲ့ခြင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးရန် ရည်ရွယ်၍ ပြည်ရေနံမြေမှ ကုန်းတွင်းသဘာဝဓာတ်ငွေ့တွင်းအမှတ် PSC (2) အား ဝန်ကြီးဌာနအမိန့်ဖြင့် ၁၄.၉.၂၀၁၀ ရက်နေ့မှ စတင်၍ တွင်းပိတ်ထားခဲ့ပြီး တွင်းသစ်များ ထပ်မံတူးဖော်မှုမရှိခြင်းကြောင့် လျော့နည်းခဲ့ရသော်လည်း ထပ်မံတူးဖော် ရရှိနိုင်မည့် အလားအလာရှိသော တွင်းသစ်များအား ပြည်တွင်းပြည်ပမှ နည်းပညာပူးပေါင်းဆောင်ရွက်မှုများဖြင့် ရှာဖွေဖော်ထုတ်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** နိုင်ငံပိုင်ကဏ္ဍတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျောက်မာထုတ်လုပ်မှုများ မရှိသော်လည်း အကျဉ်းဦးစီးဌာန၊ (၄)မိုင်ကျောက်ထုတ်လုပ်စခန်းမှ ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ သမဝါယမပိုင်ကဏ္ဍတွင် ပဲခူးခရိုင်နှင့်ပြည်ခရိုင်တို့မှသဲထုတ်လုပ်မှု ပိုမိုခဲ့ခြင်းနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီ(၃) ခုမှ လုပ်ကွက်(၄)ကွက်ဖြင့် ရွှေထုတ်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ(၄)ခုမှ လုပ်ကွက်(၄)ကွက်ဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ရွှေဖက်စပ် လုပ်ကိုင် ထုတ်လုပ်ခဲ့ပါသည်။ အခြေခံအဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများထုတ်လုပ်မှုကို ခေတ်မီ စက်ကိရိယာများဖြင့် စီးပွားဖြစ် ပိုမိုထုတ်လုပ်လာခဲ့ခြင်းကြောင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍသည် ပိုမိုတိုးခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ပုဂ္ဂလိကပိုင်ကဏ္ဍတွင် Hung Kiu အထည်ချုပ်စက်ရုံ၏ Ward A,B,C (၃) ရုံ လည်ပတ်နေပြီဖြစ်ခြင်း၊ အင်းတကော်စက်မှုနယ်မြေတွင် မော်တော် ယာဉ်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံမှ City Bus ၄၀ စီး၊ Sight Seeing Bus ၉ စီး၊ Prime Mover ၆ စီး၊ Trailer ၆ စီးထုတ်လုပ်ခဲ့ပါသည်။ ကိုးရီးယားနိုင်ငံ KM Healthcare Co.Ltd မှ ဆေးရုံခွဲခန်းသုံးဝတ်ရုံ၊ ခြုံလွှာဝတ်ရုံ ၃၂၉,၁၂၅ စုံ၊ Delta AIG ကားကူရှင်စွပ်စက်ရုံမှ ကားကူရှင်စွပ် ၃,၇၈၀ ထည်၊ သာယာဝတီခရိုင်အုတ်ဖိုမြို့တွင် JMKS အထည်ချုပ်စက်ရုံမှ အထည် ၉၆,၅၁၅ ထည်တို့ကို ထုတ်လုပ်ခဲ့ပါသည်။ KM Healthcare Co.Ltd တွင် လုပ်သားအင်အား ၂၂၁ ဦးနှင့် Delta AIG ကားကူရှင်စွပ်စက်ရုံတွင် လုပ်သားအင်အား ၄၅ ဦးတို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** စီးပွားရေးနှင့် ခေတ်မီလူနေမှုဘဝအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား အသုံးပြုမှုယူနစ် ၂၇၃,၅၈၀ ကီလိုဝပ်နာရီထောင်ပေါင်း ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အလားတူကာလတွင် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား အသုံးပြုမှု ယူနစ် ၃၁၁,၅၀၈ ကီလိုဝပ်နာရီထောင်ပေါင်း ဖြစ်သဖြင့် ၃၇,၉၂၈ ကီလိုဝပ်နာရီထောင်ပေါင်း ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဓာတ်အားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၈၄၅ ရွာ ရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဓာတ်အားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၁,၀၉၁ ရွာ တိုးတက်ခဲ့ပါသည်။

သောက်ရေခပ်(၂) (၁၂၀)မဂ္ဂါဝပ် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ၃၀.၁၂.၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ဖြူးချောင်း(၄၀) မဂ္ဂါဝပ် ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံကို ၈.၁.၂၀၁၅ ရက်နေ့တွင်လည်းကောင်း စတင်ဖွင့်လှစ် ထုတ်လုပ်ခဲ့ခြင်းကြောင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အသုံးပြုမှုယူနစ် တိုးတက်ခဲ့ပါသည်။

ကျေးလက်မီးလင်းရေးလုပ်ငန်းအနေဖြင့် ဆိုလာ ၂၃,၈၃၅ ခု၊ အသေးစား ရေအား ၅ ခုကို ဆောင်ရွက်ခဲ့ပါသည်။

**ဆောက်လုပ်မှု ကဏ္ဍ။** ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ၂၈ ဖွဲ့မှ တိုင်းဒေသကြီးဘတ်ဂျက် ၄၅၆.၃၅၁ သန်းဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းတံတားများ တည်ဆောက်ခြင်း၊ ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်သည့် ရုံး၊ အိမ်ရာ၊ အဆင့်မြင့်ပညာ၊ အခြေခံပညာ ကျောင်းဆောင်များ ဆောက်လုပ်မွမ်းမံပြုပြင်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လူကူးဂုံးကျော် တံတားတည်ဆောက်ခြင်း၊ လမ်းတံတား နှင့် အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းများတိုးတက်ခြင်း၊ ပုဂ္ဂလိကပိုင် အခန်းတွင် စည်ပင်လမ်းတံတားများ၊ ကိုယ်ထူကိုယ်ထ လမ်းတံတားများ၊ နေအိမ်များ တည်ဆောက် ပြုပြင်ခြင်း၊ စက်ရုံအလုပ်ရုံ အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် Ooredoo၊ Telenor စသည့် ကုမ္ပဏီများ၏ ဆက်သွယ်ရေးတာဝါတိုင် ဆောက်လုပ်ခြင်း၊ ပုဂ္ဂလိကအစီအစဉ်ဖြင့် လမ်းဖောက်လုပ်ခြင်း၊ စက်သုံးဆီဆိုင်များ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီအဆောက်အဦများ၊ စာကြည့်တိုက်များ၊ ဆေးပေးခန်းများ၊ သာသနိက အဆောက်အဦများ တည်ဆောက်ခြင်းစသည့် တည်ဆောက်မှုလုပ်ငန်းများကို ယခင်နှစ်ကထက် တိုးတက်ဆောက်လုပ်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် တိုင်းဒေသကြီး အတွင်းရှိ ကျေးလက်လမ်း ၄၄၅/၂.၈၁ မိုင်၊ ကျေးလက်တံတား ၂၉၃ စင်း ၆,၇၈၆ ပေ ကို ဆောင်ရွက်ခဲ့ပါသည်။ကျေးလက်အိမ်သာ ၃၆ လုံးနှင့် ကျေးလက်အိမ်ရာ ၈၉ လုံးတို့ကို ဆောက်လုပ်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်း အနေဖြင့် တွင်းတိမ် ၁၆ တွင်း၊ တွင်းနက် ၃၂ တွင်း၊ လက်တူးတွင်း ၂ တွင်း၊ မြေသားရေကန် ၄ ကန်၊ အခြား ၇ ခု၊ စုစုပေါင်း ၆၁ ခုကို ကျေးရွာများတွင် တူးဖော်ပေးနိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ရထားပို့ဆောင်ရေးဝန်ကြီးဌာန နိုင်ငံပိုင်အခန်းမှ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရန်ကုန်-ပြည်ရထားလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ ပဲခူး-ထားဝယ် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ခပေါင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းအပြင် မြန်မာ့မီးရထား တိုင်း(၆)မှ ခရီးသည်နှင့်ကုန်စည် ပို့ဆောင်ခြင်း လုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။ သမဝါယမပိုင်အခန်းတွင် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းများ ဝန်ဆောင်မှု ပေးနိုင် ခဲ့ပါသည်။ ပုဂ္ဂလိကပို့ဆောင်ရေးအပိုင်းတွင် မြို့အင်္ဂါရပ်နှင့် အညီ သုံးဘီးဆိုင်ကယ်များကို Light Truck ယာဉ်ငယ်များဖြင့် အစားထိုးပြေးဆွဲခြင်း၊ ပဲခူး-ရန်ကုန်-ညောင်လေးပင် အမှတ်(၅)၊ အမှတ်(၆) Hilux ယာဉ်ငယ်လိုင်းများကို Mini Bus များဖြင့် ပြောင်းလဲပြေးဆွဲခြင်းဖြင့် ခရီးသွား ပြည်သူများကို သွားလာရေး အဆင်ပြေစေရန် ဝန်ဆောင်မှု ပေးခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** စာပို့တိုက်ဝင်ငွေ ကျပ် ၅၄.၄၅၆ သန်း၊ တယ်လီဖုန်းဝင်ငွေ ကျပ် ၃၈,၅၈၈.၄၁၅ သန်း၊ ကြေးနန်းဝင်ငွေ ကျပ် ၃.၇၉၇ သန်း နှင့် ပုဂ္ဂလိက (ကုမ္ပဏီ) ဝင်ငွေ ကျပ် ၂၁,၁၇၁.၅ သန်း ဖြစ်၍ ဝင်ငွေစုစုပေါင်းမှာ ကျပ် ၅၉,၈၁၈.၁၆၈ သန်း ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် MPT Mobile Phone များ ဈေးနှုန်းလျှော့ချ သတ်မှတ် ပေးခြင်း၊ ဆက်သွယ်ရေး ကွန်ယက်များ တိုးချဲ့ တည်ဆောက်လာခြင်းကြောင့် ပုဂ္ဂလိက ကုမ္ပဏီများဖြစ်သည့် Ooredoo နှင့် Telenor ကုမ္ပဏီများ ဝင်ရောက်လာပြီး နိုင်ငံတကာကဲ့သို့ သက်သာသော နှုန်းထားများဖြင့် ဝန်ဆောင်မှုများ ပေးနိုင်သောကြောင့် တယ်လီဖုန်းသုံးစွဲမှု တိုးတက်လာခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်း ဒေသကြီး အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများထုတ်ပေးနိုင်ရန် ပဲခူးခရိုင် အတွင်း၌ ၉၇၄ သင်း အတွက်ငွေကျပ် ၈၇,၂၉၄.၈၉ သိန်း၊ တောင်ငူခရိုင်အတွင်း၌ ၆၂၉ သင်း အတွက် ငွေကျပ် ၄၂,၁၃၂.၄၉ သိန်း၊ ပြည်ခရိုင်အတွင်း၌ ၆၈၅ သင်း အတွက် ငွေကျပ်

၄၃,၃၆၃.၈၂ သိန်း၊ သာယာဝတီခရိုင်အတွင်း၌ ၁,၃၅၃ သင်း အတွက် ငွေကျပ် ၄၁,၀၃၂.၅၄ သိန်း တို့ကို အတိုးနှုန်း သက်သာစွာဖြင့် ပံ့ပိုးထုတ်ချေးပေးနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ် ၄၂ ခုနှင့် သမဝါယမဘဏ် ၆ ခု၊ စုစုပေါင်းဘဏ် ၄၈ ခုထိ တိုးတက် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ငွေကြေးလုပ်ငန်းများတွင် ပြိုင်ဆိုင်မှုကြီးမားလာပြီး ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေကာ အချိန်တိုအတွင်း ဘဏ်လုပ်ငန်းပြီးစီးရေးကို ဆောင်ရွက် နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသေးစား ငွေရေးကြေးရေး ဥပဒေထုတ်ပြန်ထားပြီး ဖြစ်၍ အသေးစားချေးငွေ လုပ်ကိုင်ခွင့်လိုင်စင်များကို ထုတ်ပေးလျက် ရှိရာ သမဝါ ယမ၊ NGO, INGO (၂၁) ဖွဲ့ကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခဲ့ပြီး အဆိုပါအဖွဲ့အစည်းများမှ ချေးငွေပေါင်း ကျပ် ၈,၆၃၁.၁ သန်း ထုတ်ချေးပေးခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် ခရိုင် ကျန်းမာရေးမှုးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရုံး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ စက်မှုဝန်ကြီးဌာန (၅) ခုမှ ဝန်ထမ်းများပြောင်းလာခြင်း၊ စုစုပေါင်း ဝန်ထမ်း ဦးရေ ၇၈၂ ဦး ထပ်မံတိုးလာသောကြောင့် လစာများ ယခင်နှစ်ကထက် တိုးတက်ခဲ့ ပါသည်။

ပညာရေးတွင် တိုးချဲ့တည်ဆောက်ထားသည့် ကျောင်းဦးရေအရ ဆရာများ တိုးချဲ့ ခန့်ထားခြင်းနှင့် ပညာရည်တိုးမြှင့်ရေးအတွက် လစဉ်ပညာရည် ဆွေးနွေးပွဲများ၊ မွမ်းမံ သင်တန်းများကို မြို့နယ်များအလိုက် ပြုလုပ်ခြင်း၊ တိုင်းအဆင့်တွင် တက္ကသိုလ်ဝင်များ အတွက် ပညာဒါန သင်တန်းများကို ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကုတင် ၁၀၀ နှင့် မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက် ကျန်းမာရေး ဌာနခွဲများသို့ ဆေးဝါးဝယ်ယူ ဖြန့်ဖြူးပေးရန်အတွက် ရရှိသည့် ရန်ပုံငွေကို ဆေးကုမ္ပဏီ ၄၇ ခုမှ တင်ဒါဖွင့်ဖောက် ဝယ်ယူခဲ့ပြီး ဆေးအမျိုးအစား ၁၆၀ ခန့်ကို ၂၈ မြို့နယ် သို့ဖြန့်ဖြူးပေးပို့ခဲ့ပါသည်။

**ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပဲခူးတိုင်းဒေသကြီးသည် ရှေးဟောင်း အမွေ အနှစ် နှင့် ယဉ်ကျေးမှုဆိုင်ရာ ဆွဲဆောင်မှုများနှင့် ရေမြေသဘာဝအနေအထား ကောင်းမွန်သော ဒေသတစ်ခုဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ တစ်နှစ်ထက် တစ်နှစ် ပိုမိုဝင်ရောက်ခဲ့သောဒေသတစ်ခုဖြစ်ပါသည်။ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ၊ အင်တာနက်ဂိမ်းဆိုင်များ၊ အလှပြုပြင်ရေးဆိုင်များ တိုးတက်ခဲ့

ပါသည်။ တိုးတက်လာသောလူဦးရေနှင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဝန်ဆောင်မှုလိုအပ်ချက်များအရ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများ၊ စားသောက်ဆိုင် လုပ်ငန်းများ၊ အခြားပုဂ္ဂလိက ဝန်ဆောင်မှု လုပ်ငန်းများ ယခင်နှစ်ထက် တိုးတက်ခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုကဏ္ဍအနေဖြင့် ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်စည် ထုတ်လုပ်မှုများ၊ ပုဂ္ဂလိကစားသုံးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် မူတည်ပါသည်။ လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေရရှိသည့် နည်းလမ်းများ အသုံးပြုခြင်း၊ သမရိုးကျစိုက်နည်းအစား၊ ခေတ်မီစိုက်နည်းများ ပြောင်းလဲ စိုက်ပျိုးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် ပြည်ပမျိုးများ အသုံးပြုခြင်းတို့ကြောင့် လယ်ယာ ထုတ်ကုန်များ တိုးတက်လာပြီး ဒေသစားသုံးမှု ဖူလုံသည့်အပြင် အခြားဒေသများသို့ ပို့ဆောင်ကုန်သွယ်နိုင်ခြင်း၊ သားငါးကဏ္ဍတွင် ပုဂ္ဂလိက အသားထုတ်လုပ်မှုများ တိုးတက် လာခြင်း၊ ငါးမွေးမြူရေးကန်များ တိုးချဲ့မွေးမြူခြင်း၊ ငါးမျိုးစိုက်ထည့်မွေးမြူခြင်း၊ အခြား ကျောက် နှင့် တွင်းထွက်ပစ္စည်းများ စီးပွားဖြစ်ပိုမိုထုတ်လုပ်လာခဲ့ခြင်းနှင့် စက်မှုကဏ္ဍတွင် ပြည်တွင်း/ ပြည်ပ စက်မှုနယ်မြေများ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုများ တိုးတက်လာခြင်း တို့ကြောင့် ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ တိုးတက်ခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး**


၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်၊ မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၃,၇၈၅,၀၄၅.၇** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၈.၆** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆–၁၅) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆–၁၆) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် (ယာယီ)စာရင်းများအရ **နှစ်အလိုက် ဈေးနှုန်း** ဖြင့် ကျပ် **၃,၆၇၅,၆၉၉.၅** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၉၇.၁** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၄.၉** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** မကွေးတိုင်းဒေသကြီး စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP ၏ ၄၃.၄ ရာခိုင်နှုန်းအထိ အများဆုံးပါဝင် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ တိုင်းဒေသကြီး တွင် စုစုပေါင်းမြေ ဧက ၁၁,၀၇၅,၄၀၅ ရှိရာ ၂၆.၇ ရာခိုင်နှုန်းမှာ စိုက်ပျိုးနိုင်သော မြေများ ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်ကုန်ထိ ၂,၂၁၇,၁၄၄ ဧက စိုက်ပျိုးပြီး ဖြစ်ပါသည်။

သီးနှံများ အရည်အသွေးကောင်းမွန်ပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးနှင့် အထွက်ကောင်းမျိုးများဖြင့် ပြောင်းလဲစိုက်ပျိုးလျက်ရှိပါသည်။ မြို့နယ်အလိုက် မျိုးသန့်စံပြရွာများတွင် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ကို ဆက်လက် ထုတ်လုပ်ပွားများခဲ့ပါသည်။

မိုးစပါး မျိုးသန့်မျိုးပွားမျိုးစေ့ တင်း ၆,၄၀၀၊ ကုလားပဲတင်း ၁၅၀၊ ပဲတီစိမ်း တင်း ၃၀၀၊ ပဲစဉ်းငုံ ၃၇၅ တင်း၊ မြေပဲ ၁၈၂၇ တင်း၊ နှမ်း ၅၈၆ တင်း၊ နေကြာ ၄၂.၅ တင်း တို့ကို ဖြန့်ဖြူးခဲ့ပါသည်။ မိုးမြေပဲ နှင့် ဆောင်းမြေပဲကို ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးခဲ့ပြီး ရာသီဥတု မျှတခဲ့ခြင်းကြောင့် အထွက်နှုန်းကောင်းပြီး ပိုမိုထွက်ရှိခဲ့ပါသည်။ ချည်မျှင်ရှည်ဝါမှာ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ခဲ့သောကြောင့် အထွက်ပိုမိုခဲ့ပါသည်။

လယ်ယာသုံးစက်ကိရိယာ ထွန်စက်စခန်း ၈ ခု ဖွင့်လှစ်၍ ထွန်စက် ၁၅၆ စီးဖြင့် ဧက လျှာ ၃၅,၅၆၂ ဧက ထွန်ယက်ပေးပြီး တောင်သူပိုင်ထွန်စက် ၁,၅၈၂ စီးဖြင့် ဧကလျှာ ဧက ၂၆၀,၀၀၀ အထိ ထွန်ယက်ပေးနိုင်ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက် မွေးမြူရေးဖြစ်ထွန်းမှု အလားအလာကောင်းသော မြို့နယ်များတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန် ကာကွယ်ဆေးထိုးခြင်း၊ ပြည်သူလူထုအသိပညာပေးခြင်း၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များဖွံ့ဖြိုးတိုးတက်ရန် အခြေခံမွေးမြူရေးသင်တန်းများပေးခြင်း၊ ကျေးလက်ကျန်းမာရေး လုပ်သားသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်အရင်းအနှီးကို နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိပါက ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်အမျိုးအစားအလိုက် အစုအဖွဲ့များ စုဖွဲ့ထားရှိပြီးဖြစ်ပါသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား/ ခိုင်းနွား မျိုးရည်ခဲချောင်းများဖြင့် မြို့နယ်များတွင် ရပ်ကွက်/ ကျေးရွာများအထိ မေထုံမှဲ့နည်းဖြင့် နွားကောင်ရေ ၁,၄၈၄ ကောင် သားစပ်ပေးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြစိမ်းရောင် အသားကဏ္ဍစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၆၂ ရွာ မှ မွေးမြူသူဦးရေ ၂,၈၈၅ ဦး ကို ဒေသနွားမ ၃၇၃ ကောင်၊ ဒေသဆိတ် ၉,၈၇၆ ကောင်၊ ဒေသဝက် ၃၂၁ ကောင် ဖြန့်ဖြူးပေးခဲ့ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ကျေးရွာ ၂ ရွာ မှမွေးမြူသူဦးရေ ၄၄၂ ဦးကို ဒေသဆိတ် ၈၆၈ ကောင်အား ဖြန့်ဖြူးပေးခဲ့ပါသည်။

**သစ်တောကဏ္ဍ။** မကွေးတိုင်းဒေသကြီး ဧရိယာ၏ ၄၂.၃၇ ရာခိုင်နှုန်းဖြစ်သည့် သစ်တောဖုံးလွှမ်းဧရိယာ ၄,၆၉၂, ၇၆၇ ဧက တွင် သစ်တောကြိုးဝိုင်းဧရိယာ ၂,၂၈၃,၁၁၉ ဧက၊ ကြိုးပြင်ဧရိယာ ၃၂၅,၁၈၆ ဧက၊ သဘာဝတောထိန်း နယ်မြေ ဧရိယာ ၄၀,၆၂၃ ဧက နှင့် အခြားတောရိုင်းမြေ ၂,၀၄၃,၈၃၉ ဧက တို့ပါ ရှိပါသည်။ စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတော ထိန်းသိမ်းခြင်း၊ ရေကန်ငယ်တူးဖော်ခြင်း၊ နံ့တားဆည်တည်ဆောက်ခြင်းနှင့် မြေအောက်ရေ တူးဖော်ခြင်း လုပ်ငန်းများကို ၁၀၀ ရာခိုင်နှုန်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများကို ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ပုဂ္ဂလိကပိုင်ကဏ္ဍမှ ကျွန်း၊ သစ်မာ၊ ကျွန်းနှင့် သစ်မာတိုင်လုံးရေနှင့် ထင်းစသည့် သစ်တောထွက် ပစ္စည်းများကို တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ပုဂ္ဂလိကပိုင် ရေနံစိမ်းနှင့် နိုင်ငံပိုင် သဘာဝဓာတ်ငွေ့များ ပိုမို ထုတ်လုပ်ခဲ့ပါသည်။ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ရေး ကုမ္ပဏီများအနေဖြင့် ပထမ (၆) လပတ်တွင် ရေနံတွင်းပေါင်း ၉,၃၈၄ တွင်းမှ ထုတ်လုပ် ထွက်ရှိပြီး၊ ဒုတိယ (၆) လပတ်အတွင်းတွင် ၇၁၆ တွင်းသစ်မှ ထပ်မံထုတ်လုပ်ခဲ့ပါသည်။ ရေနံ ထုတ်လုပ်နေသော Associated Gas ထွက်ရှိသည့် တွင်းများမှ ဓါတ်ငွေ့ပိုမိုရရှိအောင် ဆောင်ရွက်ပြီး ထွက်ရှိလာသော သဘာဝဓါတ်ငွေ့များကို တိုးတက်အသုံးပြုနိုင်ရေး စီမံ ဆောင်ရွက်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** အဓိကအားဖြင့် ပုဂ္ဂလိကပိုင်အခန်းမှ အခြားကျောက် နှင့် ကျောက်မီးသွေး ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိကပိုင်အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ကျောက်မီးသွေး ထုတ်လုပ်သည့် ကုမ္ပဏီသစ်များတိုးလာခြင်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ ခရိုမီယမ်၊ ကြေးနီနှင့်ရောရာ အမယ်သစ်သတ္တုရိုင်းများ ထုတ်လုပ်ခဲ့ ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက် ရေးအတွက် ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန် (၂) ဇုန် အပါအဝင် စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၂,၈၀၇ ခု၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်းပေါင်း ၁၀,၄၆၁.၇၃၃၊ US$ သန်းပေါင်း ၀.၂၃၂ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် လျှပ်စစ်မီးပြည့်ဝစွာ ရရှိရေးအတွက် ဒေသအတွင်းရှိ မြစ်ချောင်းများ၏ အရင်းအမြစ် အပေါ်အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိရာ System Improvement လုပ်ငန်းများ အနေဖြင့် မကွေးခရိုင် အတွင်း ၃၃/၁၁ကေဗွီ ၅ အမ်ဗွီအေခွဲရုံ ၁ ရုံ၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၉ လုံး၊ ၁၁ ကေဗွီလိုင်း ၁၃,၇၀၀ ပေ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၆,၆၅၂ ပေ တို့ကို ဆောင်ရွက်ခဲ့ ပါသည်။ သစ်သားတိုင် ၃၃၀ တိုင် ကိုကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခြင်းနှင့် ကြိုးလဲလှယ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ပခုက္ကူခရိုင်အတွင်း ၁၁/၀.၄ ကေဗွီ ထရန် စဖော်မာ ၂၇ လုံး၊ ၁၁ကေဗွီလိုင်း ၂၁၃,၃၀၇.၆ ပေ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၁၇,၀၆၄.၄ ပေ တို့ကို ဆောင်ရွက်ခဲ့ပါသည်။ သစ်သားတိုင် ၁၄၈ တိုင်ကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခြင်းနှင့် ကြိုးလဲလှယ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ AVA Capital Trading Ltd. သည် ထိုင်းနိုင်ငံ အခြေစိုက် Green Earth Power ကုမ္ပဏီဖြင့် ပူးပေါင်းပြီး မင်းဘူးမြို့၊ ဧးအိုင်ရွာအနီး၌ Solar System ဖြင့် ဓာတ်အားပေးရေးလုပ်ငန်းကို စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

မင်းဘူးခရိုင်အတွင်း ၁၁/၀.၄ကေဗွီ ထရန်စဖော်မာ ၉လုံး၊ ၁၁ကေဗွီလိုင်း ၁၄,၈၄၂ ပေ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၃,၉၇၆.၄ ပေ၊ သစ်သားတိုင် ၉၀၅ တိုင်ကို ကွန်ကရစ်တိုင်များ ဖြင့်လဲလှယ်ခြင်းနှင့် ကြိုးလဲလှယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ သရက်ခရိုင် အတွင်း ၁၁/၆.၆/၀.၄ကေဗွီ ထရန်စဖော်မာ ၈ လုံး၊ ၆.၆ကေဗွီလိုင်း ၃၀,၅၀၀ ပေ၊ ၄၀၀ဗို့ ဓာတ်အားလိုင်းပေ ၂၀၀၀၊ သစ်သားတိုင် ၉၀၅ တိုင်ကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခြင်းနှင့် ကြိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဂန့်ဂေါခရိုင်အတွင်း ၁၁/၀.၄ကေဗွီ ထရန်စဖော်မာ ၃ လုံး၊ ၁၁ကေဗွီလိုင်း ၄,၇၅၀ ပေ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂,၆၄၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ ။** ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါခရိုင်များတွင် ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ လမ်းပေါက်ဖာထေးခြင်း၊ ကျောက်လမ်းခင်းခြင်း၊ အမာခံလမ်းခင်းခြင်း၊ မြေသားတာဘောင် ဖို့ခြင်းလုပ်ငန်း၊ ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ပေ၂၀ နှင့် ပေ ၅၀(RC) တံတားတည်ဆောက်ခြင်းကို မကွေး ခရိုင်တွင် တံတားအစင်း ၁၅၀ အတွက် ကျပ် ၅၁၇ သန်း၊ ဂန့်ဂေါခရိုင်တွင် တံတား ၁ စင်း အတွက် ကျပ် ၄၅ သန်းဖြင့် လုပ်ငန်းအပိုင်းအခြားအလိုက် ဆောင်ရွက်ခဲ့ပါသည်။ ကွန်ကရစ်

ရေကျော် တည်ဆောက်ခြင်းအတွက် မင်းဘူးခရိုင်တွင် တံတား ၄ စင်း (ကျပ် ၂၁၀ သန်း) သရက်ခရိုင်တွင် တံတား ၃ စင်း( ကျပ် ၄၇ သန်း)၊ ပခုက္ကူခရိုင်တွင် တံတား ၃ စင်း( ကျပ် ၁၃၀ သန်း)၊ ဂန့်ဂေါခရိုင်တွင် တံတား ၁၀၁ စင်း(ကျပ် ၁၁၁၁ သန်း)ကို ဆောင်ရွက်ခဲ့ပါသည်။ မြေကာနံရံတည်ဆောက်ခြင်း ၆၇၆၄ ပေ အတွက် ကျပ်သန်း ၄၉၀၊ ကျောက်စီရေမြောင်း ပြုလုပ်ခြင်း ၁၂၇၅၀ ပေ အတွက် ကျပ် ၈၇ သန်း၊ အထွေထွေလုပ်ငန်းများကိုလည်း လုပ်ငန်း အပိုင်းအခြားအလိုက် ရာခိုင်နှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီ ဖြစ်ပါသည်။

မြန်မာ့မီးရထားမှ ခရီးမိုင် ၃၅၄.၄၁၇ မိုင် နှင့် သံလမ်း ၃၈၀.၂၁၄ မိုင် ဖောက်လုပ်ခဲ့ပါသည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မြို့ပြလမ်း၊ မြို့ပြတံတားများ ဆောက်လုပ်ခြင်း၊ ကျေးလက်လမ်း၊ ကျေးလက်တံတားများ ဆောက်လုပ်ခြင်း တို့ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မြို့ပြလမ်း ကတ္တရာလမ်း ၉/၅.ဝ၅ မိုင်၊ ကျောက်ခင်းလမ်း ၁/၇.၅၉ မိုင်၊ ဂဝံလမ်း ဝ/၂.၁၈ မိုင်၊ မြေသားလမ်း ဝ/၃.၉၃ မိုင် စုစုပေါင်း ၁၂/၂.၇၅ မိုင် ဖြစ်ပြီး ကျပ်သန်းပေါင်း ၆၈၄.၅,၁၃၃ သုံးစွဲပြီးဖြစ်ပါသည်။

ကျေးလက်လမ်းအနေဖြင့် ကတ္တရာလမ်း ၇/၄.၄၄ မိုင်၊ ကျောက်ခင်းလမ်း ၂၂၃/၃.၄၃ မိုင်၊ ဂဝံလမ်း ၇၂/၃ မိုင်၊ မြေလမ်း ၁၇၂/၆.၉၉ မိုင်၊ စုစုပေါင်း ၄၇၆/၁.၈၆ မိုင် ဆောင်ရွက်ခဲ့ပြီး ကျပ်သန်းပေါင်း ၁၂,၃၃၃.၉,ဝ၃၆ သုံးစွဲပြီးဖြစ်ပါသည်။

မြို့ပြတံတားအနေဖြင့် ကွန်ကရစ် ၁ စင်း၊ သစ်သား ၃ စင်း၊ အခြား ၄ စင်း စုစုပေါင်း ၈ စင်းအတွက် ကျပ်သန်းပေါင်း ၁၁၂.၈၈၃ သုံးစွဲပြီးဖြစ်ပါသည်။ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ် ၁၅ စင်း၊ သစ်သား ၁၆ စင်း၊ ရေပြွန် ၁၉ဝ စင်း၊ အခြား ၄၈ စင်း၊ စုစုပေါင်း ၂၆၉ စင်း အတွက် ကျပ်သန်းပေါင်း ၂,၁၇၄.၉,၂၆၄ သုံးစွဲပြီးဖြစ်ပါသည်။

မြို့ရေပေးရေးအနေဖြင့် စက်ရေတွင်း ၃ တွင်း၊ ရေပိုက်သွယ်ခြင်း ၄ ခု၊ Transformer မီးတိုင်သွယ်တန်းခြင်း ၃ ခု၊ ပစ္စည်းဝယ်ယူခြင်း ၈ ခု၊ အခြားလုပ်ငန်း ၂၆ ခု၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၂၈ ခုအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၈၉.၆၉၂ သုံးစွဲပြီးဖြစ်ပါသည်။

ကျေးလက်ရေပေးရေးအနေဖြင့် တွင်းနက် ၁၆၁ တွင်း၊ တွင်းတိမ် ၁၇ တွင်း၊ မြေသားရေကန် ၇၃ ကန်၊ လက်တူးတွင်း ၆ တွင်း၊ အခြား ၁၉ ခု၊ ရေပိုက်သွယ်ခြင်း/ စိမ့်စမ်း ၈ ခု ကိုဆောင်ရွက်ခဲ့ပြီး၊ စုစုပေါင်း ကျပ်သန်းပေါင်း ၃,၃၅၅.၂၇ သုံးစွဲပြီးဖြစ်ပါသည်။

လမ်းတံတားဦးစီးဌာန၊ လမ်းတံတား (အထူး) သတ်မှတ်လုပ်ငန်းအနေဖြင့် မုံရွာ– ပုလဲ– ဂန့်ဂေါလမ်း၊ တံတား (အထူး)စီမံကိန်းများအနေဖြင့် ဆောချောင်းတံတား၊ အမှတ်(၁) ပေါက်

(အုန်းတော)တံတား၊ အမှတ်(၂)ပေါက်(ရေပြာ)တံတားများ ဆောက်လုပ်ခြင်း၊ မြို့ရွာနှင့်အိုးအိမ် ဦးစီးဌာနမှ မကွေးမြို့တန်ဖိုးနည်းအိမ်ရာစီမံကိန်း အဆောက်အဦပန္နက်ရိုက်ခြင်း၊ လမ်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အမှတ်(၃၁) သရက်ဘိလပ်မြေစက်ရုံပြုပြင် မွမ်းမံခြင်း၊ မြိုင် Auto Mobile Mold & Die Manufacturing စက်ရုံပြုပြင်ခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မြန်မာ့မီးရထားမှ ခရီးသည်မိုင် သန်း ၆၈.၆၄ ၊ ကုန်တန်မိုင် သန်း ၄.၆၅၃၊ ခရီးသည်ဦးရေ သန်း ၁.၁၇၄ တို့ကိုပို့ဆောင်ခဲ့ပါသည်။ မော်တော်ယာဉ်များ အစားထိုးလဲလှယ်ခြင်း၊ ယာဉ်အသစ်ဝယ်ယူခြင်းနှင့် ယာဉ်လိုင်းများတိုးချဲ့ပြေးဆွဲခြင်း လုပ်ငန်းများလုပ်ဆောင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** မကွေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် WCDMA ၃၂၂,၆၀၆ လုံးနှင့် Auto တယ်လီဖုန်း ၁၁၃ လုံး တပ်ဆင်မှုတို့မှ နှစ်စဉ်ကြေး နှင့် ခေါ်ဆိုခများပိုမို ရရှိခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ဧရာဝတီဘဏ် (Mini) (မကွေး)၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (Mini) (မကွေး)၊ ကမ္ဘောဇဘဏ် (နတ်မောက်)၊ ဧရာဝတီဘဏ် (ချောက်)၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် (မင်းဘူး) နှင့် အာရှ ရန်ကုန်ဘဏ် (မင်းဘူး) စသည်ဖြင့် စုစုပေါင်း ဘဏ် ၆ ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ IKBZ အာမခံလုပ်ငန်း (မကွေး) ကိုလည်း အသစ်ဖွင့် လှစ်နိုင်ခဲ့ပါသည်။

သမဝါယမပိုင်လုပ်ငန်းအနေဖြင့် သမဝါ ယမဘဏ် (မကွေး) နှင့် သမဝါ ယမဘဏ် (တောင်တွင်းကြီး) တို့ကို အသစ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် အထက ၂၃ ကျောင်း၊ အထကခွဲ ၄၃ ကျောင်း၊ အလက ၁၆ ကျောင်း၊ အလကခွဲ ၃၇၂ ကျောင်း၊ မူလွန် ၁၅၅ ကျောင်း၊ အမက ၄၀ ကျောင်း၊ အမကခွဲ ၅၃ ကျောင်း၊ အမကတွဲ ၆ ကျောင်း စုစုပေါင်း ၇၂၈ ကျောင်းတို့ကို အဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းဖြင့် အထက ၅ ကျောင်း၊ အထက(ခွဲ) ၈ ကျောင်း၊ အလက ၃ ကျောင်း၊ အလက(ခွဲ) ၁၁ ကျောင်း၊ မူလွန် ၂၇ ကျောင်း၊ အမက ၆၂ ကျောင်း၊ အသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းများအတွက် ကျပ် ၅,၁၃၄.၂ သန်း အကုန်အကျခံ ဆောက်လုပ်ပြီးဖြစ်ပါသည်။

ကျန်းမာရေးတွင်တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း၊ ပြည်သူ့ဆေးရုံ လူနာဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲတည်ဆောက်ခြင်း လုပ်ငန်းများအတွက် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျပ်သန်းပေါင်း ၂,၇၇၄.၈ သုံးစွဲခဲ့ပါသည်။

သောက်သုံးရေဖူလုံရေးအတွက် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်တွင် ရာနှုန်းပြည့် ရေရရှိပြီး မြို့သစ်နှင့် စေတုတ္တရာမြို့နယ်တို့ ရေရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ရေပေးရေးအတွက် မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာ၊ ကံမ၊ ပခုက္ကူ၊ ကျောက်ထုမြို့ တို့သည်ရာနှုန်းပြည့် ရေရရှိပြီး မကွေး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ သရက်၊ မင်းတုန်း၊ မင်းလှ၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ၊ ထီးလင်း၊ ဆောမြို့နယ်များမှာ ၉၅ ရာခိုင်နှုန်းကျော်၊ တောင်တွင်းကြီး နှင့် ဂန့်ဂေါမြို့နယ်များ တွင် ၉၀ ရာခိုင်နှုန်း၊ မြို့သစ်၊ အောင်လံ၊ မြိုင် မြို့နယ်များတွင် ၈၅ ရာခိုင်နှုန်းကျော်နှင့် ဆင်ပေါင်ဝဲမြို့နယ် တွင် ၇၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

**ဌားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် မကွေးမြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းကြောင့် ငှားရမ်းခဝင်ငွေများတိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ဟိုတယ်လုပ်ငန်း၊ ကျူရှင်လုပ်ငန်း၊ ဆေးကုသခြင်း၊ စားသောက်ဆိုင်လုပ်ငန်း၊ မန်းရွှေစက်တော်ရာ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ၏ဝင်ငွေများ တိုးတက်လာပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်သည့်အလျှောက် နှမ်းဆီ၊ မြေပဲဆီများကို ပိုမိုတိုးတက် ထုတ်လုပ်၍ မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့နိုင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှု ဖွံ့ဖြိုးရေးနှင့် အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့သည့်အတွက် ဒေသတွင်း ကုန်သွယ်မှုကို တိုးတက်စေခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး**


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ **ကျပ် ၄,၃၃၉,၂၂၁.၇ သန်း** အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၁၁.၅ ရာခိုင်နှုန်း** တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၆-၁၇) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၁၈) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်းဖြင့် ကျပ် ၄,၃၇၄,၆၆၅.၆ သန်း** ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၀၀.၈** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ **၁၁.၁ ရာခိုင်နှုန်း** တိုးတက် ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် စုစုပေါင်းစိုက်ဧက ၅.၆ သန်း ဧက စိုက်ပျိုးရန် ရည်မှန်းထားပြီး ဒုတိယ (၆) လပတ် အတွင်း ဧကထောင်ပေါင်း ၁,၅၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါး၊ ပုလဲသွယ် အထူးအထွက်တိုးမျိုး ကို ၄,၁၈၅ ဧက၊ မနော်သုခ ၂၅၈,၇၀၇ ဧက၊ ရွှေသွယ်ရင် ၄၃,၆၅၆ ဧက၊ ရေဆင်းလုံးသွယ် အထူးအထွက် ကောင်းမျိုးကို ၃,၄၈၃ ဧကနှင့် အခြားမျိုးများအပါအဝင် မိုးစပါး ၅၀၇,၀၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ၅၂၄,၃၁၁ ဧက ဖြစ်ပြီး ၁၇,၂၂၇ ဧက လျော့နည်း စိုက်ပျိုးနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍတွင် ဒေသကြက် မွေးမြူမှုဖွံ့ဖြိုးရေးအနေဖြင့် စံပြ တိုင်းရင်းကြက်မျိုးထိန်းမျိုးပွားခြံကို ညောင်ဦးမြို့နယ်တွင် ထူထောင်၍ တိုင်းရင်းကြက်၊ ဥစားကြက် များအား တိုးချဲ့မွေးမြူနိုင်ခြင်းကြောင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ အမဲသားထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြည်တွင်းရှိ ဒေသနွားမျိုးများမှ ကြီးထွားနှုန်းကောင်းသော အသားစားနွားများအား ရွေးချယ်မွေးမြူစေခြင်း၊ ပြည်တွင်း၌ ရှိပြီးသော နိုင်ငံခြား နို့စားနွားများမှ ပေါက်ဖွားလာသော နွားများကို အသားတိုးနွား အဖြစ် မွေးမြူစေခြင်း၊ ဆိတ်မွေးမြူရေးဖြစ်ထွန်းသည့် ကျေးရွာများတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် နှစ်စဉ်တိုးချဲ့မွေးမြူစေခြင်းတို့ကြောင့် အသားထုတ်လုပ်မှု တိုးတက်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျွဲနို့၊ နွားနို့ နှင့် ကျွဲနွားထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ငါးထုတ်လုပ်မှုများလည်း တိုးတက်လာခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ယခုနှစ်အတွင်း ကျွန်းထုတ်လုပ်မှု ကုဗတန် ၆၃၀ နှင့် သစ်မာ ကုဗတန် ၉၀၀ ထုတ်လုပ်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ရေနံစိမ်း အမေရိကန်စည်ထောင်ပေါင်း **၃.၈၅၈** ထုတ်လုပ်ခဲ့သဖြင့် ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု အမေရိကန်စည် ထောင်ပေါင်း **၅.၆၉၅** ထက် **၁.၈၃၇** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ ရေနံထုတ်လုပ်သည့်သက်တမ်းကာလကြာမြင့်ပြီ ဖြစ်သဖြင့် အထွက်နှုန်းများ တဖြည်းဖြည်း ကျဆင်းလာခြင်း၊ တွင်းသစ်များမှလည်းစီးပွားဖြစ် ထွက်ရှိမှု မရှိခြင်းတို့ကြောင့် ကုန်းတွင်း ရေနံစိမ်း ထုတ်လုပ်မှု လျော့နည်း ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ရွှေ၊ ကျောက်မျက်ရတနာ၊ ခဲသွပ်ရောရာ သတ္တုရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်နှင့် ခနောက်စိမ်းများ ထုတ်လုပ်လျက်ရှိပါသည်။ ကြေးနီ၊ ခနောက်စိမ်း၊ သွပ်၊ သတ္တုများကို အခြား သတ္တုများထက် ဦးစားပေးထုတ်လုပ်ရန် နှင့် သတ္တု သန့်စင်များ ထုတ်လုပ်နိုင်ရေးအတွက် သန့်စင်စက်ရုံများ တည်ထောင်ဆောင်ရွက်စေခြင်း၊ မန္တလေးမြို့တွင် (One Stop Service) ဖွင့်လှစ်၍ အချောထည် တင်ပို့ရောင်းချနေခြင်း၊ ကျောက်စိမ်းကျောက်မျက်များနှင့် အလှဆင်ကျောက်များအား ကုန်ချော (Value Added) အနေဖြင့် ထုတ်လုပ်၍ ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း တိုင်းဒေသကြီး၌ ပုဂ္ဂလိက မှတ်ပုံတင်မှု လုပ်ငန်းများ ၁၄၈ ရုံ ထပ်မံ တိုးတက်လာသဖြင့် မတ်လကုန်အထိ နိုင်ငံပိုင်စက်ရုံ **၈၁** ရုံ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် စက်ရုံ **၈** ရုံ၊ စည်ပင်သာယာရေးကော်မတီများ **၂** ရုံ၊ ပုဂ္ဂလိကမှတ်ပုံတင်မှုလုပ်ငန်းများ **၇,၄၀၁**

ရုံ၊ အခြားစုစုပေါင်း အလုပ်ရုံဦးရေ **၁၂,၄၄၀** ရုံ ဖြင့် စက်မှုလက်မှု ကုန်ပစ္စည်းများ ထုတ်လုပ်မှု တိုးတက်လာပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ကဏ္ဍ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်စေရေး နည်းလမ်း ၃ ခု ဖြင့် လျှပ်စစ်စီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မန္တလေးခရိုင်တွင် ပစိဖိတ်ကုမ္ပဏီ၊ မြန်မာပေါင်းစည်း စွမ်းအား ကုမ္ပဏီနှင့် ပြင်ဦးလွင်ခရိုင်တွင် နယူးအဲဗားလိုက် ကုမ္ပဏီများမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကြောင့် လျှပ်စစ်ကဏ္ဍ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ ကျေးလက်မီးလင်းရေး အစီအစဉ်အနေဖြင့် မန္တလေးတိုင်း ဒေသကြီးအတွင်း ကျေးရွာပေါင်း ၄,၇၈၀ အနက် အကောင်အထည်ဖော်သည့် ဒုတိယ (၆) လပတ် အတွင်း ထပ်မံ၍ ကျေးရွာပေါင်း ၂၇ ရွာ အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ၃,၀၂၃ ရွာ မီးလင်းပြီး ၁,၇၄၈ ရွာ ကျန်ရှိ နေပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဆောက်လုပ်မှုကဏ္ဍအတွက် စီမံကိန်း ရည်မှန်းချက် ကျပ် **၄၂၉,၅၉၈.၁** သန်း ရည်မှန်းထားခဲ့ပြီး ဒုတိယ(၆)လပတ်အတွင်း ကျပ် **၃၃၃,၉၄၈.၉** သန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းရည်မှန်းချက်အပေါ် **၇၇.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ထိုသို့ အကောင်အထည်ဖော်နိုင်ခဲ့ရခြင်းမှာ မြို့တော်စည်ပင်မှ မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ မန္တလေးမြို့တော်စည်ပင် ပြည်ကြီးမင်္ဂလာစီမံကိန်းမှ လူနေအိမ်မဟုတ်သော အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ မြင်းခြံ နည်းပညာတက္ကသိုလ် ဆောက်လုပ်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆောက်အဦးများ ဆောက်လုပ်ခြင်းနှင့် လမ်းနှင့်တံတားဆောက်လုပ်မှုတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနဆောင်ရွက်ခြင်း၊ ဆိပ်ကမ်း၊ ရေကြောင်း၊ ဆည်မြောင်း ဦးစီးဌာနနှင့် စည်ပင်သာယာ တို့မှ ယခင်နှစ်ကထက် ပိုမို ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ကျေးလက်၊ မြို့ပြ ရေရရှိရေးအတွက် မြို့တော်စည်ပင်သာယာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန တို့မှ တည်ဆောက်မှုများ ပိုမို ဆောင်ရွက်နိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။

သောက်သုံးရေဖူလုံရေးအနေဖြင့် မန္တလေးတိုင်းဒေသကြီး အတွင်း ခရိုင်များရှိ မြို့နယ်များတွင် မြို့ပြနှင့်ကျေးလက်ရေပေးဝေမှုတွင် သောက်သုံးရေ လွှမ်းခြုံနိုင်မှု ရာခိုင်နှုန်းမှာ ၈၄ ရာခိုင်နှုန်း မှ ၉၅ ရာခိုင်နှုန်းကြားတွင် ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အတွင်း တိုင်းဒေသကြီးစည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့တော် စည်ပင်သာယာမှ မြို့ပြရေရရှိရေးအတွက် တွင်းပေါင်း ၃၁၇ တွင်း၊ ကျေးလက်ရေရရှိရေး အတွက် ၉ တွင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ရေရရှိရေးအတွက် ၃၆ တွင်း ဆောင်ရွက်ခဲ့ရာ

စုစုပေါင်း ကျေးလက်မြို့ပြရေရရှိရေးအတွက် ၃၆၂ တွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးကဏ္ဍအနေဖြင့် မြန်မာ့လေကြောင်းမှ လုပ်ငန်းလိုအပ်ချက်အရ MPI စင်းလုံးငှားခရီးစဉ်များပြေးဆွဲခြင်း၊ သမဝါယမပိုင် မော်တော်ယာဉ်ရေယာဉ်များမှ ခရီးသည်ပို့ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကပိုင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် အငှားယာဉ်အဝေးပြေးကားလိုင်း၊ လိုင်းပေါင်းစုံဘတ်စ်ကားများ တိုးချဲ့လာခြင်းတို့ကြောင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း အော်တိုတယ်လီဖုန်း ၁၆၆ လုံး နှင့် Mobile တယ်လီဖုန်း ၁,၃၉၆,၉၅၁ လုံး တို့ကို အသစ်တပ်ဆင်ခဲ့ခြင်းကြောင့် သုံးစွဲခ ဝင်ငွေများပိုမိုရရှိလာပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင် နှင့် ပုဂ္ဂလိကပိုင် ဘဏ်များ၏ ဝန်ဆောင်မှုများတိုးတက်လာခြင်း၊ သမဝါယမငွေစုငွေချေးအသင်းများမှ ဝင်ငွေများ ပိုမိုရရှိလာခြင်း၊ ပုဂ္ဂလိကဘဏ်ခွဲအသစ်များ ထပ်မံဖွင့်လှစ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအရ ကျေးလက်နေ ပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် INGO **၄** ဖွဲ့ ၊ NGO **၂** ဖွဲ့၊ သမဝါ ယမ **၃** ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ **၃၄** ဖွဲ့၊ ပြည်ပကုမ္ပဏီ **၃** ခု နှင့် အသေးစား ငွေချေးလုပ်ငန်းများ ပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပညာရေး၊ ကျန်းမာရေး စသည့် လူမှုရေးကဏ္ဍအတွက် အသုံးစရိတ်များ ပိုမိုခွင့်ပြုခဲ့ခြင်း တို့ကြောင့် ပညာရေးကဏ္ဍတွင် တိုးချဲ့ ကျောင်းဆောင် ၁၉၈ ဆောင် နှင့် ကျန်းမာရေး ကဏ္ဍတွင်လည်း ပိုးမွှားမှတဆင့် ကူးစက်တတ်သော ရောဂါများ နှိမ်နှင်းခြင်း၊ သွေးလွန် တုပ်ကွေး၊ ဆင်ခြေထောက်၊ အဆုတ်ရောဂါ နှိမ်နှင်းခြင်းလုပ်ငန်း၊ ကာလသားရောဂါ နှိမ်နှင်းခြင်း၊ ပြည်သူ့ကျန်းမာရေး ဆောင်ရွက်မှုအနေဖြင့် ကျေးလက်/ရပ်ကွက်သို့ ကွင်းဆင်းကုသခြင်း၊ ကျောင်းတွင်းအာဟာရကျွေးခြင်း၊ အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းအနေဖြင့် ၃ နှစ်အောက် ကလေးများ ကြီးထွားမှုနှုန်း လျော့လာခြင်း၊ အိုင်အိုဒင်းချို့တဲ့ လည်ပင်းကြီးရောဂါ လျော့လာခြင်း၊ မွေးကင်းစကိုယ်အလေးချိန် မပြည့်သောကလေး လျော့လာခြင်း၊ နို့တိုက်မိခင်စားသုံးမှု လျော့လာခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အနေဖြင့် ကျန်းမာရေးအိမ်သာ၊ မိသားစုသုံး စံပြအိမ်သာများဆောက်လုပ်ခြင်း စသည်တို့ကို တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဟိုတယ်**

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းမှ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ စည်ပင်သာယာရေးကော်မတီများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့အနေဖြင့် ဝန်ဆောင်မှုများ တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဟိုတယ် ၂၀၁ လုံး၊ အခန်းပေါင်း ၈,၀၅၀ တွင် ဦးရေ ၁၄,၄၅၉ နှင့် တည်းခိုခန်း ၃၈၅ ခု၊ အခန်းပေါင်း ၆,၆၃၄ ခန်းတွင် ဦးရေ ၁၁,၈၂၇ တည်းခိုနိုင်ခဲ့ရာမှ ဒုတိယ(၆)လပတ် အတွင်း ဟိုတယ် ၁၈ လုံး၊ အခန်းပေါင်း ၂၈၃ ၌ ဦးရေ ၃၉၀ နှင့် တည်းခိုခန်း ၁၈ ခန်း၊ အခန်းပေါင်း ၂၁၇ ခန်းတွင် ဦးရေ ၃၈၆ ထပ်မံ တိုးတက်လာသဖြင့် မတ်လ ကုန်အထိ ဟိုတယ် ၂၁၉ လုံး၊ အခန်းပေါင်း ၈,၃၃၃ ၌ ဦးရေ ၁၄,၈၄၉ ဦး နှင့် တည်းခိုခန်း ၄၀၃ ခု၊ အခန်းပေါင်း ၆,၈၅၁ ခန်းတွင် ဦးရေ ၁၂,၂၁၃ ဦး တည်းခို နိုင်ခဲ့ပါသည်။

မန္တလေးမြို့တော်သည် အချက်အချာကျသည့် လမ်းဆုံမြို့တော်ဖြစ်ခြင်း၊ အာဆီယံ လမ်းကြောင်း ဖြတ်ခြင်း၊ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိခြင်း၊ မြန်မာရှေးဟောင်း ယဉ်ကျေးမှု အဆောက်အအုံ၊ နန်းတော်၊ စေတီပုထိုးများ လက်မှုပညာလုပ်ငန်း ၁၀ မျိုး တို့ရှိခြင်း၊ ရေကြောင်း၊ ကုန်းကြောင်းနှင့်လေကြောင်းတို့ဖြင့် ပြည်တွင်းပြည်ပ ဆက်သွယ်သွားလာနိုင်ခြင်း၊ သဘာဝရေမြေနှင့် ရာသီဥတုကောင်းမွန်ခြင်းများကြောင့် နိုင်ငံခြားဧည့်ဝင်ရောက်မှုမှာ ၄၈၁,၉၁၃ ဦး ရှိခဲ့ပြီး နိုင်ငံခြားနှင့်ပြည်တွင်း ဖက်စပ်ဟိုတယ် ၃ ခု ဖြင့် ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းများ၊ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ကုန်ပစ္စည်းထုတ်လုပ်သည့်ကဏ္ဍများဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တု နှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုကဏ္ဍတို့မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် သွင်းကုန်ပစ္စည်းများ၏ ပြည်တွင်းပြည်ပဈေးကွက်သို့ ကုန်သွယ်နိုင်မှုမှာ ယခင်နှစ် အလားတူကာလထက် တိုးတက်ခဲ့ပါသည်။

## မွန်ပြည်နယ်


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ **ကျပ် ၁,၈၇၀,၀၇၆.၆ သန်း** အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၁၁.၅ ရာခိုင်နှုန်း** တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### မွန်ပြည်နယ်၏
### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုအခြေအနေ

**ပုံ(၆-၁၉) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၂၀) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် (ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် **ကျပ် ၁,၇၁၈,၂၇၃.၄ သန်း** ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၉၁.၉ ရာခိုင်နှုန်း** အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၈.၃ ရာခိုင်နှုန်း** တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ** ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း မိုးစပါး စိုက်ဧက ၁၈၀၂၊ ပုလဲသွယ်နှင့် သီးထပ်ရင် မျိုးကောင်းမျိုးသန့် စပါး ၄၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည် ။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် မုန်တိုင်းမိုးရွာသွန်းခဲ့၍ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြက်ပေါင်စေးထွက်ရှိမှု လျော့နည်းခြင်း၊ ကွမ်းသီး၊ ကွမ်းရွက်၊ အုန်းသီး သီးနှံများ ရာသီဥတု

အခြေအနေအရ ရူးဆွတ်မှု လျော့နည်းခြင်းတို့ကြောင့် ရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်မှု မရှိခဲ့ပါ။

စက်မှုကုန်ကြမ်း သီးနှံဖြစ်သည့် ကြက်ပေါင်စေးကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း ၁,၀၀၅ ဧက စိုက်ပျိုးနိုင်ပြီး အစေးလှီးနိုင်သည့် ဧကမှာ ၈,၃၁၇ ဧက ဖြစ်ပါသည် ။ ခါတ်မြေသြဇာ မက်ထရစ်တန် ၁၀,၇၈၁.၈၄ သုံးစွဲခဲ့ပါသည်။ ဆောင်းသီးနှံများဖြစ်သော နှမ်းစပါးနှင့် ပဲအမျိုးမျိုး ၅၁,၂၈၁ ဧက အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၂၄,၁၈၈.၂ သိန်း၊ ချက်ကြံရင့် ၅၇ ဧကအတွက် ကျပ် ၅၇ သိန်း ထုတ်ချေးနိုင်ခဲ့ ပါသည် ။

**သားငါးကဏ္ဍ။** ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် ပိဿာ ထောင်ပေါင်း ၇၇,၁၃၇ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဘီးလင်းမြို့နယ်တွင် ငါးမွေးကန် ၄.၀၅ ဧက တိုးလာခြင်းကြောင့် မွေးမြူရေးငါး ထုတ်လုပ်မှု ပိုမိုခဲ့ပါသည်။ အင်းလုပ်ငန်း၊ ဘုံငါးဖမ်းလုပ်ငန်းတို့တွင် ငါးထွက်ရှိမှု ပိုမိုခဲ့ခြင်း၊ သံဖြူဇရပ်မြို့နယ်ရှိ ကမ်းနီး ကမ်းဝေး ငါးဖမ်းလှေများမှ ရေငန်ပုစွန် ရရှိမှု များခြင်းတို့ကြောင့် ယခင်နှစ်ထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

အသားထုတ်လုပ်မှုတွင် ပိဿာ ထောင်ပေါင်း ၂၇,၆၄၁ ထုတ်လုပ် နိုင်ခဲ့ပါသည်။ ပြည်နယ်အတွင်း မွေးမြူရေးလုပ်ကိုင်ရန် ရေမြေရာသီဥတု သင့်တင့်ခြင်း၊ ဒေသထွက် အစာများ အလွယ်တကူရရှိနိုင်ခြင်း၊ ရေလုံလောက်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု တိုးတက်လာခြင်း၊ မွေးမြူရေးလုပ်ငန်းအပေါ် စိတ်ဝင်စားသူများပြားခြင်း၊ လျှပ်စစ်မီးရရှိမှု တိုးတက်ခြင်း၊ မွေးမြူရေးအတွက် ကျေးလက်ဘဏ်မှ ချေးငွေများ ထုတ်ပေးခြင်း၊ မွေးမြူရေး တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ လှည့်ပတ်ရန်ပုံငွေ ထုတ်ပေး၍ မွေးမြူရေး ကျေးရွာ ထူထောင် ပေးခြင်းများ ဆောင်ရွက်ပေးသဖြင့် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

သို့ရာတွင် ခေတ်မီမွေးမြူရေးနည်းစနစ် လိုက်နာမှု နည်းပါးခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးသာ များပြားပြီး စီးပွားဖြစ် မွေးမြူရန် အလုပ်သမားများ ရှားပါး၍ လုပ်အားခ ဈေးကြီးခြင်းကြောင့် စီးပွားရေးအရ တွက်ခြေမကိုက်ခြင်းနှင့် ယခင်က ရှိပြီးစားကျက်မြေ အများစု လျော့နည်းသွားခြင်း စသည့်အားနည်းချက်များကို တွေ့ရှိရပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံပိုင်အခန်းမှ သစ်မာ ထုတ်လုပ်မှု လျော့နည်းခဲ့ခြင်း၊ ဝါး၊ ဓနိသက်ငယ် ထုတ်လုပ်မှုများတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ လျှောက်ထားမှု လျော့နည်းခဲ့သော်လည်း ပုဂ္ဂလိက သစ်မာထုတ်လုပ်မှု ပိုမိုခြင်း၊ အခြားသစ်တောထွက် ပစ္စည်းများ ဖြစ်သော ထင်း၊ မီးသွေး၊ ကြိမ် ထုတ်လုပ်မှုများ ပိုမိုခဲ့ပါသည်။

**သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ။** ကျိုက်ထိုမြို့နယ်အတွင်း ရွှေသတ္တု တူးဖော်ရေး ကုမ္ပဏီ ၃ ခုမှ ရွှေထုတ်လုပ်ခြင်း၊ သထုံခရိုင်အတွင်းရှိ နိုင်ငံပိုင် စခန်း ၅ ခုမှ ကျောက်ထုတ်

ထုတ်လုပ်ခြင်း၊ ပုဂ္ဂလိကပိုင် ကျောက်မိုင်း ၃၉ ခုမှ လမ်းခင်းကျောက်များ ထုတ်လုပ်ခြင်း၊ ကျိုက်မရောမြို့နယ်တွင် ထုံးကျောက် (အလှဆင်) ထုတ်လုပ်ခြင်း၊ ပြည်နယ် အတွင်းရှိ သဲနှင့် ကျောက်စရစ် ထုတ်လုပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဘီးလင်းရေဒီရယ်တာယာစက်ရုံ၊ ရထားပို့ဆောင်ရေးယာဉ် တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းဖြစ်သော ကွန်ကရစ် အုတ်လုပ်ငန်း၊ သံပန်းသံတံခါးလုပ်ငန်း၊ သစ်သီးယိုစုံ လုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ အထည်ချုပ် လုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်း၊ တွင်ခုံ/သံခုံ လုပ်ငန်းနှင့် ရာဘာအစေးခံခွက် ထုတ်လုပ်ခြင်း လုပ်ငန်းများမှ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည် ။

မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ မော်လမြိုင် - ဇာသပြင် ကားလမ်းဘေးတွင် မော်လမြိုင်စက်မှုဇုန်ကို ဧရိယာ ၁၇၁.၀၄ ဧက တည်ဆောက်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းအုပ်စု ၈ မျိုး၊ လုပ်ငန်းအရေအတွက် ၁၀၄ ခုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**။ ဒုတိယ(၆)လပတ်အတွင်း မဟာဓာတ်အားလိုင်းမှ ရရှိသော လျှပ်စစ်ဓာတ်အားနှင့် ကျေးရွာပေါင်း ၁၈ ရွာကို မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ရန်ကုန်-မြိတ် လမ်းပေါ်ရှိလမ်းပိုင်းများပြင်ဆင်ခြင်း၊ မော်လမြိုင်မြို့ပတ်လမ်း၊ ချောင်းဆုံ-သကြော-မုဒွန်း-ဒေါင်းဥလမ်း၊ မုဒုံ-မြဝတီလမ်း၊ မုဒုံ-အဘစ်-တံခွန်တိုင်လမ်း၊ သံဖြူဇရပ်-ကျိုက္ခမီလမ်း၊ ကျိုက်ထို-ကင်မွန်းစခန်းလမ်း၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်း၊ သိမ်ဆိပ်-ဝီယော်-လေးကေလမ်း တို့ဆောက်လုပ်ခြင်း၊ သံလွင်မြစ်ကူးတံတား (ချောင်းဆုံ) ချဉ်းကပ်လမ်းဆောင်ရွက်ခြင်း၊ မုဒုံ-မြဝတီလမ်းပေါ်ရှိ အတ္တရံ မြစ်ကူးတံတား(ချောင်းနှစ်ခွ) ချဉ်းကပ်လမ်းမြေသားတာဘောင် တည်ဆောက်ခြင်း၊ ရန်ကုန်-မြိတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်နိုင် ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ မော်လမြိုင်မြို့နယ်တွင် ရေလမ်းကြောင်း ကောင်းမွန်ရန်အတွက် သောင်တူးခြင်းလုပ်ငန်း၊ တောင်ရိုးတန်းလမ်းချဲ့ခြင်းနှင့် ကွန်ကရစ်တိုင်အစားထိုးလဲလှယ်ခြင်း၊ ချောင်းဆုံမြို့နယ်တွင် ကလော့ကျေးရွာ ကတ္တရာလမ်းခင်းခြင်း၊ သံဖြူဇရပ်မြို့နယ်တွင် ကမ္ဘောဇဘဏ် ဆောက်လုပ်ခြင်း၊ ကျိုက်ထိုမြို့နယ်တွင် တည်းခိုဆောင် ဆောက်လုပ်ခြင်းနှင့် စိန်ပန်း လမ်းသွယ်ကွန်ကရစ်လမ်းခင်းခြင်း၊ သထုံမြို့နယ်တွင် နောင်ကုလား ရှမ်းရွာ ကွန်ကရစ် လမ်းခင်းခြင်း၊ ပေါင်မြို့နယ်တွင် ဒေးကင်းကျေးရွာမြေသားလမ်း ထပ်မံအဆင့်မြှင့်ပြုပြင်ခြင်း၊ ကျွဲခြံရွာ ကွန်ကရစ်တံတားခင်းခြင်း၊ ကမ္ဘာ့ရတနာဘဏ်နှင့် နေအိမ်အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကားလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမို အားကောင်းလာပြီး ခရီးသည်နှင့် ကုန်စည် တင်ယာဉ်များ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိက ပို့ဆောင်ရေးတွင် ပြည်နယ်အခြေစိုက် ယာဉ်လိုင်းအနေဖြင့် မှန်လုံနှင့် ဟိုင်းလတ် ၂၇ လိုင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်မှအခြေပြု၍ မွန်ပြည်နယ် အတွင်းသို့ ခရီးစဉ် ပြေးဆွဲခွင့် ပြုထားသည့် မှန်လုံနှင့် ဟိုင်းလတ် ၄၁ လိုင်း၊ မြို့တွင်း ၉ လိုင်းတို့ဖြင့် သယ်ယူပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ ။** ဒုတိယ (၆) လပတ်တွင် အော်တိုတယ်လီဖုန်း ၃၄ လုံး၊ WCDMA ၃၁၇,၉၅၆ လုံး အသုံးပြုနိုင်ခဲ့ပါသည် ။

**ငွေရေးကြေးရေးကဏ္ဍ ။** သထုံမြို့နယ်တွင် မြန်မာ့ရှေ့ဆောင်ဘဏ်၊ သံဖြူဇရပ်မြို့နယ်တို့တွင် ကမ္ဘောဇဘဏ်ခွဲ ၁ ခု၊ ရေးမြို့နယ်တွင် ကမ္ဘောဇဘဏ်ခွဲနှင့် မြဝတီဘဏ် ၁ ခုစီ၊ စုစုပေါင်းဘဏ်ခွဲ ၄ ခု ထပ်မံ ဖွင့်လှစ်နိုင်ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ဒုတိယ (၆) လပတ်တွင် မူလတန်းကျောင်း ၈၀၊ အလယ်တန်း ၁၄ ကျောင်း၊ အထက်တန်း ၁၂ ကျောင်း မွမ်းမံပြင်ဆင်ခြင်း၊ မူလတန်း ၅၅ ကျောင်း၊ အလယ်တန်း ၈ ကျောင်း၊ အထက်တန်း ၅ ကျောင်းကို အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွတိုက်နယ်ဆေးရုံ၊ ရေးမြို့နယ်၊ ခေါဇာတိုက်နယ်ဆေးရုံ၊ ပေါင်မြို့နယ်၊ မုတ္တမတိုက်နယ်ဆေးရုံတို့ကို အကြီးစားမွမ်းမံခြင်း၊ သံဖြူဇရပ် မြို့နယ်တိုက်နယ်ဆေးရုံ၊ဘီးလင်းမြို့နယ်၊ အဝင်းကြီးကျေးလက်ကျန်းမာရေးဌာန၊ ကျောက်ရေတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယ(၆)လပတ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များကို မော်လမြိုင်မြို့နယ်တွင် ၂ ခု၊ ကျိုက်မရောမြို့နယ် တွင် ၁ ခု၊ သံဖြူဇရပ်မြို့နယ်တွင် ၁ ခု အသီးသီး ဆောက်လုပ်ခဲ့ပါသည်။

**ဟိုတယ်ခန်းနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံးပါဝင်သော ဟိုတယ်ခန်းနှင့် အခြားဝန်ဆောင်မှု ကဏ္ဍအနေဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် ပုဂ္ဂလိကဆေးရုံ ၁၀ ရုံ၊ ဆေးကုသခန်း ၃၂၈ ခု၊ တိုင်းရင်းဆေးကုသခန်း ၆၃ ခုတို့ဖြင့် ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိကကျောင်း ၄ ကျောင်း၊ ဘော်ဒါဆောင် ၇၉ ခု၊ နေ့ကလေးထိန်း/မူကြို ၁၁၂ ခုတို့ဖြင့် ပညာရေး ဝန်ဆောင်မှုများ ပေးခဲ့ပါသည် ။

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ခြင်း၊ ရာသီဥတု သင့်တင့်မျှတခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်း၍ ရှေးမူမပျက်နေထိုင်သောကျေးရွာများရှိခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း အတွက်လည်း အလားအလာ ကောင်းများရှိခြင်း ဒုတိယ (၆) လပတ်ကာလသည် ပွင့်လင်းရာသီချိန်ဖြစ်ခြင်းတို့ကြောင့် ပြည်နယ်အတွင်းခရီးသွားလာမှု များပြားခဲ့ပါသည် ။

ကျိုက်ထီးရိုးစေတီတော်၊ ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ၊ မုဒုံဝင်းစိန်တောရလျောင်းတော်မူဘုရား၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ မော်လမြိုင်တောင်ရိုးတန်းဘုရားများစသဖြင့် အပန်းဖြေဘုရားဖူးထွက်နိုင်သော နေရာများတွင် တိုးပွားလာသော ခရီးသွားလာမှုများကို ဟိုတယ် ၂၁ လုံး၊ တည်းခိုခန်း ၁၀၉ ခုတို့ဖြင့် ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။ အခြားပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စားသောက်ဆိုင်လုပ်ငန်း၊ အလှပြင်လုပ်ငန်းနှင့် ဆက်စပ်နေသောလုပ်ငန်းများ၊ Internet Cafe ဝန်ဆောင်မှု လုပ်ငန်းများလည်း တိုးတက်ခဲ့ပါသည် ။


**ကုန်သွယ်မှုကဏ္ဍ။** ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတွင် ထုတ်လုပ်မှုကဏ္ဍများဖြစ်သော လယ်ယာကဏ္ဍနှင့် သစ်တောကဏ္ဍတို့တွင် ထုတ်လုပ်မှုများ ရည်မှန်းချက်ပြည့်မီခြင်းမရှိသဖြင့် ကုန်သွယ်နိုင်မှု ပမာဏလျော့ နည်းခဲ့သော်လည်း မော်လမြိုင်မြို့နယ်တွင် ကုန်စည်ဒိုင်တစ်ခု၊ ရတနာထွန်းပွဲရုံ နယ်ပါသည်။မြေတွင် ပွဲရုံ ၇၆ ခု တို့ဖြင့် မြို့နယ်အသီးသီးမှထွက်ရှိသော ကုန်ပစ္စည်းများကို ရောင်းဝယ် ဖြန့်ဖြူးခြင်း၊ သစ်သီးဝလံထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ခရမ့်ရာဘာနှင့် ရေထွက်ပစ္စည်းများကို ကုန်ချောအဖြစ် ထုတ်လုပ်ပြီး နိုင်ငံခြားသို့ တင်ပို့ ရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

## ရခိုင်ပြည်နယ်


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၁,၈၀၁,၆၂၁.၅** သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၃.၅** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ရခိုင်ပြည်နယ်၏
### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

ပုံ(၆-၂၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် **၁,၉၈၀,၆၀၇.၄** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၁၀၉.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၅.၃** ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ထူးကဲဒီရေတက်ခဲ့ပြီး ဆားငံရေ ဝင်ရောက်ခဲ့မှုနှင့် ရမ်းဗြဲမြို့၌ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ရွံ့မီးတောင် ပေါက်ကွဲခဲ့မှု တို့ကြောင့် လယ် ၂၈,၈၂၂ ဧက ရေလွှမ်းခဲ့ပြီး ၁,၇၃၄ ဧက ပျက်စီးခဲ့ပါသည်။ ပျက်စီးသွားသော လယ်အချို့မှာ ပြန်လည်လုပ်ကိုင်နိုင်ခြင်း မရှိသေးသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်အတွင်း စိုက်ဧကများ လျော့နည်းခဲ့ပါသည်။

**သားငါးကဏ္ဍ။** ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန် မှုဖြင့် ရေချို၊ ရေငန် ပုစွန်သားဖောက်လုပ်ငန်းများနှင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရေထွက်ပစ္စည်းများကိုလည်း ပြည်ပသို့ တင်ပို့

နိုင်ခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်တွင်းခွင့်ပြု ငါးဖမ်းရေယာဉ် ( ၂၈၅ ) စီး၊ ကမ်းနီး စက်တပ်ရေယာဉ် (၃,၄၂၆) စီးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ပုစွန်ကန် (၆,၈၄၂) ကန် တွင် မွေးမြူဧက (၁၁၀,၈၉၅) ဧကကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်သည့် သဘာဝတော တန်ဖိုးမြှင့်စိုက်ခင်း (၃၈၅) ဧက၊ ဓမ္မတာမျိုးစပ်ခြင်း ဧက (၃၀၀) နှင့် ဌာနပိုင် စိုက်ခင်းဧက (၆၀၀) အပြင် ပုဂ္ဂလိကပိုင် စိုက်ခင်း (၆၂၀) ဧက နှင့် ကျေးရွာပိုင် စိုက်ခင်းဧက (၈၀)တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင် ၇၀၀,၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း 'ရွှေ' သဘာဝ ဓာတ်ငွေ့စီမံကိန်းမှ ကုဗပေ ၇၈,၅၄၅ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အတွင်း မာဘယ် စကျင်ကျောက် ၁,၅၉၈ ကျင်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ကျောက်မာ၊ ကျောက်စရစ်၊ သဲ ထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက် ယိုယွင်းမှု မရှိစေရေး၊ ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက် ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ပုဂ္ဂလိက လုပ်ငန်းများမှ ငပိ၊ ငါး ခြောက်နှင့် ပုစွန်ခြောက် ထုတ်လုပ်မှုများ ပိုမိုလာကြောင်း တွေ့ရှိရ ပါသည်။ ပုဏ္ဏားကျွန်းစက်မှုဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေး ဇုန်များဖွင့်လှစ်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ရခိုင်ပြည်နယ်အတွင်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးမြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ပေါက်တော၊ ရသေ့တောင် နှင့် မင်းပြားမြို့နယ် များသို့ ဓာတ်အားဖြန့်ဖြူးရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ရွှေပိုက်လိုင်းမှရရှိသော သဘာဝ ဓာတ်ငွေ့ကိုအသုံးပြု၍ ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင် ဒေသများသို့ ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးနိုင်ရန် Parami Energy Service ကုမ္ပဏီမှ (၁) မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့ သုံး အင်ဂျင်စက် (Gas Engine) (၄) လုံး ငှားရမ်း၍ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိခြင်း၊ ကျောက်ဖြူ၊ အမ်း၊ သံတွဲနှင့် တောင်ကုတ် မြို့နယ်များတွင် ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်မီး ရရှိအောင် ဖြန့်ဖြူးပေးလျက်ရှိခြင်း၊ ဒေသတွင်း ကိုယ့်အားကိုယ်ကိုး ပုဂ္ဂလိက ဒီဇယ်၊ ဆိုလာစနစ် လျှပ်စစ်မီး ထုတ်လုပ်မှုများ ပိုမိုလာခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက်ပုဂ္ဂလိကပိုင်

မီးလင်းရေးကို ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ ဖိုးသီးချို မီးလင်းရေး ကုမ္ပဏီမှ ဒီဇယ်ဖြင့် မြောက်ဦး၊ ကျောက်တော်နှင့် ရမ်းဗြဲ မြို့များကို ၂၄ နာရီ မီးရရှိအောင် ဆောင်ရွက်နိုင်ခြင်း တို့ကြောင့် ရခိုင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အား ကဏ္ဍ တိုးတက်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ပြည်နယ် အတွင်းရှိ ဆောင်ရွက်ဆဲ လုပ်ငန်းများ ဖြစ်သော ရန်ကုန်-ကျောက်ဖြူလမ်း၊ တောင်ကုတ်-မအီ-ပဒဲကြော-အမ်းလမ်း၊ ရန်ကုန်-စစ်တွေလမ်း တို့ကိုဆောင်ရွက်လျက်ရှိပါသည်။ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့် လမ်း အမျိုး အစား(၅) မျိုးကိုလည်း ဖောက်လုပ်နိုင်ခဲ့ပါသည်။ ကွန်ကရစ်လမ်း၊ ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်း၊ လမ်းချဲ့ခြင်း တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တည်ဆောက်ဆဲ ပေ (၁၈၀) နှင့်အထက် တံတားကြီးများဖြစ်သော ရွာချောင်းကြီးတံတား၊ ဇင်ချောင်းတံတား၊ စွန်ရဲမြစ်ကူးတံတား၊ ဆင်ခုံတိုင် မြစ်ကူးတံတား၊ စံမတီးချောင်း တံတား၊ ဂယ်လောင်း တံတားနှင့် သဲတန်းတံတား တို့ကိုတည်ဆောက်လျက်ရှိပါသည်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦးနှင့် သံတွဲမြို့နယ် တို့တွင် မြို့ပြ စီမံကိန်းများဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍ မှ နေလသစ္စာ ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်တွေမြို့၌ မန်မိုရီဟိုတယ်၊ ကျောက်ဖြူမြို့၌ ဗာရာဏသီဟိုတယ်၊ NGOs, INGOs အဖွဲ့ အစည်းများမှ စာသင်ကျောင်းများ၊ လယ်သမားတာ(ကာရီ) များ၊ ရေတွင်းများ နှင့် နေအိမ်များ တည်ဆောက် နိုင်ခဲ့ပါသည်။

သောက်သုံးရေ ရရှိရေးအနေဖြင့် ဒုတိယ (၆) လပတ်အတွင်း မြို့ပြရေပေးဝေရေးလုပ်ငန်း (၂၉) ခု၊ ကျေးလက်ရေပေးဝေရေး လုပ်ငန်း(၂၂) ခု၊ တွင်းတိမ် (၄) ခု၊ မြေသားကန် (၂၄) ခု နှင့် အခြား (၃) ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် တွင်းတိမ် (၄) တွင်း၊ လက်တူးတွင်း (၇) တွင်း၊ မြေသားကန် (၂၅) ကန်၊ အခြား (၉) တွင်း တို့ကိုဖော်ထုတ် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လ ပတ်အတွင်း ပို့ဆောင်ရေး လုပ်ငန်းအနေဖြင့် မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိက အမျိုးသား ဖက်စပ်လေကြောင်းလိုင်း၊ အဲပုဂံ၊ အဲ မန္တလေး၊ အဲကမ္ဘောဇ နှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့မှ တိုးချဲ့ပြေးဆွဲလျက် ရှိပါသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တော်သာ-ရေချမ်းပြင်လမ်းအား ပြင်ဆင်၍ပြန်လည် ပြေးဆွဲလျက်ရှိပါသည်။ စစ်တွေမြို့တွင်း ယခင်က သုံးဘီးဆိုင်ကယ်အစား ပြည်နယ်အစိုးရမှ လိုက်ထရပ် မော်တော်ယဉ်များ အစားထိုးလဲလှယ် ပြေးဆွဲပေးခြင်း၊

ရေကြောင်းလိုင်းတွင် ပုဂ္ဂလိက စက်တပ်ရေယာဉ်များဖြင့်ခရီးသည် ပို့ဆောင်ရေး လုပ်ငန်းများတွင်ကျယ်လာသဖြင့် ခရီးသွားလုပ်ငန်းများမှ ဝင်ငွေများ တိုးလာခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဒုတိယ(၆) လပတ် အတွင်း အော်တိုတယ်လီဖုန်း ၁၅၄ လုံး၊ WCDMA ၁၃၄,၂၁၁ လုံး တို့ကို တိုးချဲ့တပ်ဆင် အသုံးပြုနိုင်ခဲ့ပါသည်။ အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်နှုန်းမြင့် ဆက်သွယ်ရေး စနစ် များ အသုံးပြု၍ အင်တာနက် ဖိုင်ဘာလိုင်း၊ MPT Satellite Terminal လိုင်း၊ ADSL လိုင်း၊ နှင့် Mobile Telephone (CDMA 800 MHZ, WCDMA, GSM ) စသည်ဖြင့် ဆက်သွယ်ရေးစနစ် အမျိုးမျိုးကို အသုံးပြု၍ အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်ခဲ့ပါသည်။ ဘူးသီးတောင် မြို့နယ်နှင့် ရမ်းဗြဲမြို့နယ်များ၌ အော်တို တယ်လီဖုန်း လိုင်းများကိုလည်း တိုးချဲ့တပ်ဆင်နိုင်ခဲ့ ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်းမှငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ရုံး (၅) ရုံး ပိတ်သိမ်းခဲ့ခြင်းကြောင့် နိုင်ငံပိုင် ငွေရေးကြေးရေးလုပ်ငန်းများမှ ဝင်ငွေများ လျော့နည်းခဲ့ပါသည်။ သမဝါယမပိုင် အခန်းမှ ကျောက်ဖြူမြို့နယ်တွင် သမဝါယမဘဏ် (၁) ခု နှင့် ပုဂ္ဂလိကပိုင်အခန်းမှ မောင်တောမြို့နယ်တွင် ကမ္ဘောဇဘဏ် (၁) ခု တိုးချဲ့ဖွင့်လှစ်ခြင်း၊ ငွေလွှဲခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အရင်းအနှီး ငွေများ ထုတ်ချေးခြင်း၊ အလိုအလျောက်ငွေထုတ်စက်များ တပ်ဆင်ခြင်းစသည့် ဝန်ဆောင်မှုများ တိုးတက်လုပ်ဆောင်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးအနေဖြင့် စာသင်ကျောင်းများ ပြုပြင်မွမ်းမံခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျန်းမာရေးအနေဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့မှ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဆေးရုံများ အဆင့် မြှင့်တင်ခြင်း၊ တိုက်နယ်ဆေးရုံနှင့် တိုင်းရင်းဆေးရုံများ တိုးချဲ့ဆောက်လုပ်သည့်အပြင် ကျန်းမာရေး ဝန်ထမ်းများ တိုးချဲ့ခန့်ထားဆောင်ရွက်နိုင်ခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ဒုတိယ (၆) လပတ် အတွင်း စားသောက်ဆိုင်လုပ်ငန်းများ၊ အလှပြင်ဆိုင်လုပ်ငန်းများ၊ ကွန်ပျူတာမိတ္တူဆိုင်များ၊ ရွှေဆိုင်များ၊ စတိုးဆိုင်များ၊ ကန်ထရိုက်လုပ်ငန်းနှင့် ကျူရှင်လုပ်ငန်းတို့မှ ဝင်ငွေများတိုးလာခြင်း၊ ပွင့်လင်းရာသီချိန်ဖြစ်၍ ခရီးသွားလာမှုများပြားလာခြင်း၊ ဟိုတယ်လုပ်ငန်းမှ ဝင်ငွေများတိုးလာခြင်းတို့ကြောင့် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်ဟိုတယ်၊ ပြည်တွင်း ပုဂ္ဂလိကပိုင်ဟိုတယ်စုစုပေါင်း ၆၆ ခု၊ တည်းခိုရိပ်သာ ၁၀၈ ခုတို့ဖြင့် ခရီးသွားလုပ်ငန်းများတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ဒုတိယ(၆)လပတ်အတွင်း ရေထွက်ပစ္စည်းများနှင့် အခြားထွက်ကုန်များ တင်ပို့ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၈,၇၀၇,၈၅၅.၀** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၈.၄** ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်း ခဲ့ပါသည်။

### ရန်ကုန်တိုင်းဒေသကြီး၏
### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုအခြေအနေ

ပုံ(၆-၂၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆-၂၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ (၆) လပတ်(ယာယီ)စာရင်းတွင် **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် **၉,၂၂၀,၄၄၂.၀** သန်း ဖြစ်ပေါ် ခဲ့သဖြင့် ရည်မှန်းချက်အပေါ် **၁၀၅.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ **၉.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလတွင် နွေစပါး ၁၈၇,၂၁၈ ဧက၊ ဆောင်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲလွမ်း၊ ပဲဖြူကလေးနှင့် အခြားပဲများကို ၄၂၉,၀၂၅ ဧက၊ ဆီထွက်သီးနှံများ အနေဖြင့် မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို ၁၂,၆၁၈ ဧက အသီးသီး စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ထွန်ယက်ရေးလုပ်ငန်းများ၌ ၂၁,၈၃၆ ဧကလျှာ ထွန်ယက်နိုင်ခဲ့ပြီး စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းတွင် သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာ၌ ၁၀ ဧက ဖော်ထုတ်နိုင်ခဲ့ပါသည်။ သန်လျင်၊ ကော့မှူး၊ ထောက်ကြန့်၊ တိုက်ကြီး မြို့နယ်များရှိ စက်မှုလယ်ယာ ထွန်စက်စခန်း

များတွင် တောင်သူဦးရေ ၁၅၀ အား လယ်ယာ စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ရေပေါ်သောင်၊ ကျွန်းငူ၊ ကြို့ကုန်း၊ ဝွေ့တန်းရှည်၊ တော်လတီ၊ အိုင်ကလောင်၊ တောင်ရပ်ဇီးကုန်း၊ အလဘုတ်၊ သပြေတန်း၊ ကံကလေး၊ မြောင်းတကာ၊ ဘားလား(၁)၊ စမ်းကြီး၀၊ ဘားလား(၂)၊ မလစ်၊ ရေကျော်၊ စစ်ပင်၊ ဆင်ဖုန်၊ ငွေနံ့သာ၊ ငမိုးရိပ်၊ လက်ပံ၊ ရဲမွန်နှင့် ကမာကလူ လျှပ်စစ် မြစ်ရေတင်လုပ်ငန်းများမှ နွေစပါး ၉,၃၄၀ ဧက အား စိုက်ပျိုးရေ ပေးဝေရေးလုပ်ငန်းများ ကိုဆောင်ရွက် နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် ပျဉ်းမပင်ဝက်ခြံ၊ ရွာသာကြီး ဘဲမွေးမြူရေးခြံ ၂ ခု သာထုတ်လုပ်နိုင်ခဲ့ပါသည်။ သမဝါယမပိုင်အခန်းတွင် ငါး၊ပုစွန်ထုတ်လုပ်မှု တိုးတက်ခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းတွင် အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့၏ ကမ်းဝေးငါးဖမ်းလုပ်ငန်းမှ လှေစီးရေ တိုးတက်မှု မရှိသော်လည်း ငါးဖမ်းရက်တိုးမြှင့်သတ်မှတ်၍ ခေါက်ရေ ပိုမိုဖမ်းဆီးခြင်း တို့ကြောင့် ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ကျွန်း ၄၀၂ ကုဗတန်၊ သစ်မာ ၄၃,၉၂၇ ကုဗတန်၊ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်နှင့် ဓနိ-သက်ကယ် ထုတ်လုပ်ခဲ့ခြင်း၊ ဖမ်းဆီးရမိသောသစ်များကို ထုခွဲရောင်းချခြင်း၊ ကြမ်းခင်းဈေးဖြင့်ရောင်းချခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** တိုက်ကြီးမြို့နယ် အဖျောက် ရေနံသဘာဝဓာတ်ငွေ့တွင်းသစ်မှ ဗူးသွင်း ဓာတ်ငွေ့များထွက်ရှိခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** အမှတ်(၃) သံမဏိစက်ရုံမှ Billet (သံမဏိတုံး) နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းများမှ သဲထုတ်လုပ်မှုနှင့် ကျောက်စရစ်ထုတ်လုပ်မှုများ တိုးတက် ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SMEs လုပ်ငန်းများ ဖွံ့ဖြိုးရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပိုင်အခန်း ထုတ်လုပ်မှုမှ ပုဂ္ဂလိကအခန်းထုတ်လုပ်မှုသို့ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ပုဂ္ဂလိက ကဏ္ဍသည် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရေးတွင် အလွန်အရေးပါ ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းစာရင်းမှာ လုပ်ငန်းအကြီး ၂,၂၆၁ ခု၊ လုပ်ငန်း အလတ် ၁,၇၀၁ ခု နှင့် လုပ်ငန်းအငယ်၂,၀၅၁ ခု၊ စုစုပေါင်းလုပ်ငန်းဦးရေ ၆,၀၁၃ ခု မှတ်ပုံတင် ထားရှိ ခဲ့ပြီးဖြစ်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန်ကို မြန်မာ၊ ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက် မှ ဇုန် A အနေဖြင့် ၄၀၀ ဟက်တာ အားစတင် အကောင်အထည်ဖော်ခဲ့ပါသည်။ ၃၅

ဟက်တာမှာ အိမ်ရာအဆောက်အဦများ ဆောက်လုပ်ရန်၊ ၂၁၁ ဟက်တာ တွင် ဂျပန်၊ ထိုင်ဝမ်၊ ထိုင်း၊ စင်္ကာပူ၊ အမေရိကန်၊ တရုတ်၊ ဆွီဒင်၊ ဟောင်ကောင်၊ ဩစတြေးလျ၊ မလေးရှား၊ မြန်မာ ကုမ္ပဏီများနှင့် ၈၃.၄ ရာခိုင်နှုန်း စာချုပ်ထားပြီး ဖြစ်ပါသည်။ ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းလျက်ရှိပြီး ရေဖြန့်ဖြူးရေးနှင့် ရေဆိုးသန့်စင်စက်ရုံတို့ကို တည်ဆောက်နေပြီဖြစ်ပါ သည်။ ဇုန်အတွင်းရှိ ဆက်သွယ်ရေးကို မြန်မာ့ဆက်သွယ်ရေးမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထုတ်ကုန်များအနေဖြင့် ပြည်ပဖြန့်ဖြူးရေးနှင့်ပြည်တွင်းဖြန့်ဖြူးရေး ၂ မျိုးပါဝင်ပြီး အထည်ချုပ်၊ ရှူးဖိနပ်၊ ဝိုးချဲ၊ ဆေးဝါး၊ စက်ပစ္စည်း၊ အမိုးပြား၊ ပလပ်စတစ်ပစ္စည်းများ၊ သံဗူးခွံ၊ ကစားစရာ၊ အစားအစာ၊ သစ်သားနှင့်ပြုလုပ်သော ပစ္စည်းများ၊ အော်တိုမိုဘိုင်း၊ ကားအစိတ်အပိုင်းများ စသည်တို့ ထုတ်လုပ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်များ (Gas Engine )ကို IPP Developer ကုမ္ပဏီများမှလှော်ကား၊ ရွာမနှင့်သာကေတ သဘာဝဓာတ်အားပေး စက်ရုံဝင်းတို့တွင်(၅၀)မဂ္ဂါဝပ်စီ၊ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်းတွင် (၁၂၀) မဂ္ဂါဝပ် တည်ဆောက်တပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးလျက်ရှိပါသည်။ ထိုင်းနိုင်ငံ EGAT ကုမ္ပဏီမှ လွှဲပြောင်းပေးအပ်သော (၁၂၀)မဂ္ဂါဝပ် ဓာတ်ငွေ့တာဘိုင်စက် (၂) လုံးအား အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်အားပေး စက်ရုံဝင်းအတွင်းတွင် တိုးချဲ့တည်ဆောက်ခဲ့ရာ ဓာတ်အားပေးစက်တစ်လုံးမှ ဓာတ်အားစတင်ထုတ်လုပ်ပေး နိုင်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့် ကာလ အထိ ကျေးရွာပေါင်း၅၉၈ ရွာမီးလင်းပြီး ဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ရန်ကုန်တိုင်းဒေသကြီးတွင် မြေနီကုန်းခုံးကျော်တံတား၊ ကမ္ဘာအေးလူကူးခုံးကျော်တံတား၊ ဘုရင့်နောင်တံတားအမှတ်(၂)၊ ပန်းဆိုးတန်းလူကူးခုံးကျော် တံတား၊ အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့ ခုံးကျော်တံတားတည်ဆောက် ခဲ့ပါသည်။ နယ်စပ်ရေးရာဌာန သိုလှောင်ရုံဆောက်လုပ်ခြင်း၊ ဆေးတက္ကသိုလ်(၂)အကြီးစား ပြုပြင်ခြင်း၊ ကူးစက်ဆေးရုံ၊ စိတ်ကျန်းမာရေးဆေးရုံတည်ဆောက်ခြင်း၊ SHANGRILA ဟိုတယ်၊ မိုးကုတ်အင်းဟိုတယ်၊ ဗိုလ်ဗိုလ်မင်းဟိုတယ်၊ ဂရင်းမီးရထားဟိုတယ်၊ FMI ဟိုတယ်၊ ဗီယက်နမ်ဟိုတယ်တည်ဆောက်ခြင်း၊ ကွန်တိန်နာရပ်နားစခန်းဆောက်လုပ်ခြင်းများ ဆောင်ရွက် ခဲ့ပါသည်။ Crown Roffing (Space) အိမ်ရာစီမံကိန်း၊ ရွှေမိုးကောင်းကွန်ဒို၊ ရန်ရှင်းကွန်ဒိုမီနီယံ၂ ထပ်၊ Golden City Sedona ၂၉ ထပ်၊ Myint & Associate Business Tower ၁၇ ထပ်၊ 555 Merchant Business Center ၊ ကုန်သွယ်လယ်ယာဟောင်း Business Tower၊ Center Point Business Tower ၂၂ ထပ် ဆောက်လုပ်ခြင်း၊ တိုယိုတာ ဂျပန်ကား

ကုမ္ပဏီမှ မော်တော်ကားအလုပ်ရုံနှင့် ပိုကာအချိုရည်စက်ရုံတည်ဆောက်နိုင်ခဲ့ပါသည်။ ဒဂုံမြို့သစ် (မြောက်ပိုင်း) မိုလ်ဗထူးနှင့် မိုလ်မင်းရောင်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) ဇေရာဝဏ် အိမ်ရာစီမံကိန်း၊ ဒဂုံဆိပ်ကမ်း၌ ရွှေလီစီးပွားရေးဇုန်စီမံကိန်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မ စီးပွားရေးဇုန်စသည့် စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပြီး လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်း အိမ်ရာစီမံကိန်းအတွက် ဝယ်ယူလိုသူပြည်သူများကို လျှောက်လွှာရောင်းချ ခဲ့ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ Box Culvert ပြုလုပ်ခြင်းနှင့် တံတားများ၊ ပလက်ဖောင်း နှင့် ကတ်တုံးများပြုလုပ်ခဲ့ပါသည်။

မြို့ပြရေပေးရေးနှင့် ကျေးလက်ရေရရှိရေးတို့ အတွက် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့နယ်များရေဖူလုံရေးအတွက် ရေပိုက်များ တိုးချဲ့ တပ်ဆင်ပေးခြင်း၊ ရေပေးဝေရေးအတွက် ငမိုးရိပ်-လှော်ကားရေပေးရေး ၄၄ ခု၊ လဂွန်းပြင် ရေပေးဝေရေး(မစို) လုပ်ငန်း ၁၁ ခု၊ မြို့သစ် ရေပေးရေး လုပ်ငန်း ၃၄ ခု၊ ရေလှောင်ကန် ကြီးများနှင့် အဝီစိတွင်းရေပေးရေးလုပ်ငန်း ၂၄ ခု၊ လှော်ကား-ရန်ကုန်(အောင်တံခွန်) ရေပေး ဝေရေးလုပ်ငန်း ၁ ခု၊ ကုက္ကိုဝမြစ် ရေပေးရေးလုပ်ငန်း ၁ ခု၊ မြို့တွင်းရေဖူလုံရေးလုပ်ငန်း ၄၇ ခု၊ မြို့တော်အဆင့်မြှင့်ရေသန့်လုပ်ငန်း ၂၈ ခု၊ ရေဆိုးသန့်စင် စက်ရုံလုပ်ငန်း ၂ ခု စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ စည်ပင်သာယာပြင်ပမြို့နယ်များတွင် ရေကန်တူးဖော်ခြင်း၊ တွင်းနက်များ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက် ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မြန်မာ့မီးရထား ခရီးသည်မိုင် ၂၆၄,၈၉၄ မိုင်၊ ကုန်တန်မိုင် ၆၂,၉၁၈ မိုင် ပို့ဆောင်နိုင်ခဲ့ပါသည်။ မြန်မာ့မီးရထားတွင် ခရီးသည်ဦးရေနှင့် ဝင်ငွေမှာ ယခင်နှစ်ကထက်ပိုမိုရရှိခဲ့ပါသည်။ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင်ခရီးသည်များ တိုးတက် ပို့ဆောင်နိုင်ခဲ့ပါသည်။ ရေကြောင်းပို့ဆောင်ရေးတွင် စီးပွားရေးအရတွက်ခြေကိုက် သည့်ကုန်ပစ္စည်းများတင်ပို့ရခြင်း၊ အထူးစီမံကိန်းဝင် တံတားစီမံကိန်းများတည်ဆောက်မှုတွင် ရေယာဉ်များ ငှားရမ်းပေးနိုင်ခြင်း၊ ရန်ကုန်မြစ်အတွင်း ခေါက်တိုငှားရမ်း လုပ်ကိုင်ခြင်း လုပ်ငန်းများတိုးတက်ဆောင်ရွက်နိုင်ခဲ့ ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ရန်ကုန်တိုင်းဒေသကြီးအတွင်း တယ်လီဖုန်း ခေါ်ဆိုခ၊ တယ်လီဖုန်း တပ်ဆင်ခ (ငှားရမ်းခ) များ၊ e-telegram ကြေးနန်းလုပ်ငန်း၊ ဖက်စ်အမြန် ကြေးနန်းလုပ်ငန်း၊ PAC လုပ်ငန်း၊ စာပို့တံဆိပ်ခေါင်း ရောင်းချခြင်းလုပ်ငန်း၊ အမြန်ချောပို့ လုပ်ငန်း၊ ငွေပို့လွှာ လုပ်ငန်း (ရိုးရိုး၊ အမြန်) တို့မှ အဓိကဝင်ငွေရရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အမှတ်(၃)အခြေခံပညာဦးစီးဌာနအနေဖြင့် အန္တရာယ်ရှိကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန် လိုအပ်သည့်ကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများ၊ သိပ္ပံဆောင်များ၊ မြို့နယ်ရုံးများ၊ ခရိုင်ရုံးများ ဆောက်လုပ်ပြင်ဆင်လျက်ရှိရာ စုစုပေါင်း ၄၂၂ ကျောင်းပြင်ဆင်ဆောက်လုပ်ခဲ့ပါသည်။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ဆေးရုံ ၉ ရုံ၊ ကျေးလက် ကျန်းမာရေးဌာန ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၃ ခု ဆောက်လုပ်နိုင်ခဲ့ပါသည်။ မြို့နယ်ဆေးရုံ ၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ ခု၊ ဒေသန္တရဆေးပေးခန်း ၂ ခုအား အကြီးစား မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံတွင် အတွင်းလူနာ ၉၈၆ ဦး၊ ပြင်ပလူနာ ၁၁၄,၂၄၁ ဦး ကုသ ပေးနိုင်ခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ဟိုတယ်လုပ်ငန်းများ၊ ပို့ဆောင်ရေး ကိုယ်စားလှယ် လုပ်ငန်းများမှ ဝင်ငွေများ၊ စည်ပင်သာယာရေးကော်မတီမှ ငှားရမ်းခရငွေများ၊ တည်းခိုခန်း လိုင်စင်ခွန်၊ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်၊ မော်တော်ယာဉ်ဖြင့် လှည့်လည် ရောင်းချခွင့်လိုင်စင်၊ ကိုယ်ပိုင် ဈေးလိုင်စင်နှင့် ကိုယ်စားလှယ်လုပ်ငန်းတို့မှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်စည်ထုတ်လုပ်မှုများ၊ ရင်းနှီး မြှုပ်နှံမှုများအပေါ် မူတည်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်း နိုင်သော ရေကြောင်း၊ လေကြောင်းနှင့် ကုန်းကြောင်းတို့မှ ဝင်ထွက်နိုင်သော Gate Way ဒေသကြီးဖြစ်သဖြင့် ပို့ကုန်သွင်းကုန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လျက်ရှိပါသည်။

## ရှမ်းပြည်နယ်


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်စျေးနှုန်း** များအရ ကျပ် **၂,၆၉၅,၄၁၃.၄** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်စျေးနှုန်း**များ အရ **၃.၅** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### ရှမ်းပြည်နယ်၏
### ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ ( ၆ ) လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

**ပုံ(၆–၂၅) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်စျေးနှုန်း)




**ပုံ(၆–၂၆) တိုးတက်မှုနှုန်း**
(ပုံမှန်စျေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် (ယာယီ) စာရင်းများအရ **နှစ်အလိုက်စျေးနှုန်း**ဖြင့် ကျပ် **၂,၆၆၅,၁၉၁.၃** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၉၈.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်စျေးနှုန်း**များအရ ယခင်နှစ်အလားတူ ကာလထက် **၅.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ရှမ်းပြည်နယ်၏ စုစုပေါင်းသီးနှံစိုက်ဧက ၇၂၂,၆၀၂ ဧက ဖြစ်ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉,၅၇၈ ဧက လျော့နည်းခဲ့ပါသည်။ ထိုသို့လျော့နည်းရခြင်းမှာ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ ဂျုံ၊ အစေ့ထုတ်ပြောင်းစသည့် သီးနှံများ၏ စိုက်ဧကများ လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**သားငါးကဏ္ဍ။** စီးပွားဖြစ် မွေးမြူရေးဇုန်များဖြစ်သော ညောင်ရွှေမြို့နယ် ရှမ်းရိုးမ မွေးမြူရေးဇုန်၊ ကျောက်မဲမြို့နယ် ကျောက်မဲမွေးမြူရေးဇုန်များ တိုးချဲ့နိုင်ခဲ့ခြင်း၊ ရှမ်းပြည်နယ်

(အရှေ့ပိုင်း)တွင် တိရစ္ဆာန်မွေးမြူသူ အစုအဖွဲ့ပေါင်း ၅၁ ဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ကျိုင်းတုံမြို့နယ်တွင် မွေးမြူသူ အစုအဖွဲ့ပေါင်း ၅ ဖွဲ့ကို မြို့နယ်သမဝါယမအသင်းမှ ချေးငွေ ကျပ် ၁၇၂.၅ သန်း ပံ့ပိုး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်မှ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် မွေးမြူရေးလုပ်ငန်း ချေးငွေအဖြစ် တစ်မြို့နယ်လျှင် ကျပ်သိန်း ၃၀၀ ဖြင့် ၃၉ မြို့နယ်အတွက် ကျပ်သိန်း ၁၁,၇၀၀ ထုတ်ချေးပြီး ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောကဏ္ဍ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေအရ တန်ဖိုးဝင်ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှုကို အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်မှုအဖြစ် သဘာဝသစ်တောများ ထိန်းသိမ်းခြင်းနှင့် သစ်တောပြုန်းတီးမှု ကာကွယ်ခြင်းလုပ်ငန်း ၁၇၆ ခု ဆောင်ရွက်နိုင်ခဲ့ပြီး သဘာဝစိုက်ခင်း ထူထောင်ဧက ၄၅၀၊ ဓမ္မတာမျိုးဆက်ခြင်း စိုက်ခင်းဧက ၂၆၀၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း ၁၅၆.၁၅ ဧက ထူထောင်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ခဲသတ္တုသန့်စင်၊ မဂ္ဂနီးစ်ဒိုင်အောက်ဆိုဒ်နှင့်ကျောက်မီးသွေးထုတ်လုပ်မှုတို့သည် အလားတူ ကာလထက် လျော့နည်းသော်လည်း ပုဂ္ဂလိကပိုင်အကျိုးတူကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုးတက်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ရှမ်းပြည်နယ် (တောင်ပိုင်း) ၏ စက်မှုဇုန်ပြင်ပရှိ ပုဂ္ဂလိကထုတ်လုပ်မှုများဖြစ်သော ရေသန့်လုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ သကြားစက်၊ ပရဆေးလုပ်ငန်း၊ အုတ်ဘလောက်လုပ်ငန်းနှင့် သီးနှံအခြောက်ခံလုပ်ငန်းများကို ဈေးကွက် လိုအပ်ချက်အရ ပိုမိုထုတ်လုပ်လာခဲ့ခြင်း၊ ပင်လောင်းမြို့နယ် (တီကျစ်) နဂါးဘိလပ်မြေ စက်ရုံမှ တစ်ရက်လျှင် ကလင်ကာတန် ၃၀၀ ကျ ၂ လိုင်းဖြင့် လုပ်ငန်းလည်ပတ်နိုင်ခဲ့ခြင်းကြောင့် ဘိလပ်မြေ တစ်ရက်လျှင် ပျမ်းမျှတန် ၆၀၀ ထုတ်လုပ်နိုင်ခဲ့ခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ဘိလပ်မြေစက်ရုံနှင့် သကြားစက်ရုံများ လုပ်ငန်းစတင်လည်ပတ်နိုင်ခြင်း၊ တိုးချဲ့ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အုတ်နှင့်အုတ်ဘလောက် ထုတ်လုပ်မှုများတိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ပြည်နယ်ဖွံ့ဖြိုးရေး အစီအစဉ်များအရ ကျေးရွာပေါင်း ၃,၂၁၁ ရွာ မီးလင်းစေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများမီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာန အစီအစဉ်နှင့် ပြည်နယ်ဘတ်ဂျက်များမှ ကျခံဆောင်ရွက်နိုင်ရန် ဦးစားပေး အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့ပေါ် ရပ်ကွက်

များတွင် ပုဂ္ဂလိကကုမ္ပဏီအသင်းအဖွဲ့များမှ ရေအားလျှပ်စစ် ကီလိုဝပ်နာရီ ထောင်ပေါင်း ၆၀,၀၉၉ ထုတ်လုပ် ပေးလျက် ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းမှ ရှမ်းပြည်နယ်အတွင်း ဆည်မြောင်းဦးစီးဌာနမှ ပြင်ထိန်းလုပ်ငန်းများ၊ သဲနုန်းတူးဖော် ချောင်းချဲ့ခြင်းလုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ လမ်းများဖောက်လုပ် ပြုပြင်ခြင်းနှင့် ပုဂ္ဂလိကအခန်းတွင် လူနေအိမ်များ အသစ်ဆောက်လုပ်ခြင်း များကို ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတားတည်ဆောက်ခြင်း၊ ဆင်းရဲမှုလျော့ကျစေရေး လုပ်ငန်းများအတွက် ရန်ပုံငွေများခွဲဝေ ဆောင်ရွက်ခဲ့ခြင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ တစ်မြို့နယ်လျှင် ကျပ်သိန်း ၁,၀၀၀ ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ခဲ့ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် တောင်ကြီးဆေးတက္ကသိုလ်တည်ဆောက်ခြင်း၊ အားကစားသိပ္ပံတည်ဆောက် ခြင်း၊ ရုံးများ၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ ညောင်ရွှေမြို့၌ ဟိုတယ်ဇုန်ဆောက်လုပ်ခြင်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင် ဆောက်လုပ်မှုတွင် (Taunggyi shopping center)၊ တောင်ကြီး (Hotel convention)၊ အင်းလေးဟိုတယ်ဇုန်စီမံကိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဌာနဆိုင်ရာ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ၊ လားရှိုးမန်ဆူဟိုတယ်နှင့် မန်ဆူဈေး၊ မူဆယ် ဗဟိုစီးပွားရေးဇုန်၊ မူဆယ် ဟိုမွန်ရပ်ကွက် အဝေးပြေး ယာဉ်ရပ်နားစခန်းတို့ကို တည်ဆောက်ခဲ့ပါသည်။၊ လားရှိုး တက္ကသိုလ် အဆောက်အအုံများတိုးချဲ့ခြင်း၊ လားရှိုး မြို့ရှောင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း တို့ကိုဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လေယာဉ်ကွင်း အထူးအဖွဲ့ ၄ ၊ တံတားအထူးအဖွဲ့ ၉ နှင့် အထူးစီမံကိန်း ၃ များမှ ဖောက်လုပ် ပြုပြင်ထိန်းသိမ်းခြင်း၊ လာအိုချစ်ကြည်ရေးတံတား တည်ဆောက်ခြင်းနှင့် ကျိုင်းတုံတက္ကသိုလ်တွင် အဆောက်အအုံများတိုးချဲ့တည်ဆောက်ခြင်း၊ တာချီလိတ်မြို့တွင် ပါဆတ်ကားလေးကွင်း၊ ဝမ်ကောင်းမြို့မဈေး၊ အဝေးပြေးယာဉ်ရပ်နား စခန်းနှင့် မီနီမားကက် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းသစ်များဖြစ်သော ရွှေမြန်မာနှင့် မန်းရတနာပုံ လေကြောင်းအသစ် တိုးချဲ့ပျံသန်းခြင်း၊ ကျန်လေကြောင်းခရီးစဉ်များကို တာချီလိတ်မြို့နှင့် ကျိုင်းတုံမြို့တို့တွင် တိုးချဲ့ပြေးဆွဲနိုင်ခဲ့ခြင်း၊ တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းတွင် မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ထော်လာဂျီများ သုံးစွဲလာခြင်းတို့ကြောင့် ခရီးသည်နှင့် ကုန်တန်ချိန်များ တိုးတက်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** အော်တိုတယ်လီဖုန်း ၁၉၄ လုံး နှင့် WCDMA ၄၇၅,၂၈၀ လုံး၊ စုစုပေါင်း တယ်လီဖုန်း ၄၇၅,၄၇၄ လုံး တို့ကို တပ်ဆင် အသုံးပြုလျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် မြန်မာ့အာမခံလုပ်ငန်း၏ ဝန်ဆောင်မှုများ တိုးလာခြင်း၊ ပုဂ္ဂလိကပိုင် ဘဏ်များဖြစ်သော ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ အင်းဝဘဏ်နှင့် မြဝတီဘဏ်များအပြင် မြန်မာ့ရှေ့ဆောင်ဘဏ်၊ KBZ မီနီဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ် နိုင်ခြင်းကြောင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်လာခြင်း ဖြစ်ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** တောင်ကြီးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ လားရှိုး တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ (အေးသာယာ၊ ကျိုင်းတုံ) နည်းပညာတက္ကသိုလ်များ၊ (ဟိုပုံး၊ ကျိုင်းတုံ၊ လားရှိုး) ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်း ကျောင်းများ ဖွင့်လှစ်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ လွှတ်တော်မှ တင်ပြသောအသစ်ဆောက်လုပ်သည့် ကျောင်းများမှာ မူလတန်း ၉ ကျောင်း၊ အလယ်တန်း ၄ ကျောင်း၊ အထက်တန်း ၄ ကျောင်း၊ စုစုပေါင်း ၁၇ ကျောင်း ဆောက်လုပ်နိုင်ခဲ့ပါသည်။ အန္တရာယ်ရှိကျောင်းများဖျက်သိမ်း၍ အသစ်ဆောက်လုပ်သည့်ကျောင်းများမှာ မူလတန်း ၅၆ ကျောင်း၊ အလယ်တန်း ၃ ကျောင်း၊ အထက်တန်း ၆ ကျောင်း၊ စုစုပေါင်း ၆၅ ကျောင်း ဆောက်လုပ်နိုင်ခဲ့ပါသည်။ ကျောင်းသားဦးရေအရ စာသင်ခန်းလိုအပ်၍ တိုးချဲ့ဆောက်လုပ်သည့် ကျောင်းများမှာ မူလတန်း ၁၃ ကျောင်း၊ အလယ်တန်း ၁၄ ကျောင်း၊ အထက်တန်း ၁၄ ကျောင်း၊ စုစု ပေါင်း ၄၁ ကျောင်း ဆောက်လုပ်နိုင်ခဲ့ပါသည်။ ဥပဓိရုပ် မကောင်းသည့် မူလတန်းကျောင်း ၅၆ ကျောင်းကိုလည်းအသစ် ဆောက်လုပ်ခဲ့ပါသည်။

**ဟာရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကပိုင်ကဏ္ဍမှ ခရီးသွားအေဂျင်စီ လုပ်ငန်းအတွက် ပုဂ္ဂလိကဟိုတယ် အလုံး ၄၀ နှင့် တည်းခိုခန်း ၂၂ လုံး ဖြင့် ဝန်ဆောင်လျက် ရှိပါသည်။ ပုဂ္ဂလိက ယာဉ်လိုင်းများ ညအိပ်ရပ်နားရာ စခန်းများတွင် စားသောက်မှုနှင့် ညအိပ်နိုင်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ခရီးသွားလာမှု ပိုမို များပြား လာခြင်း၊ ဟိုတယ်နှင့် တည်းခိုခန်းများမှလည်း နိုင်ငံခြားသားများ တည်းခိုနိုင်ရန် ဝန်ဆောင်မှု ပေးလျက်ရှိခြင်း၊ ပုဂ္ဂလိကပိုင်ကျောင်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ကြော်ငြာ လုပ်ငန်းများ၊ ကုန်တင်ကုန်ချလုပ်ငန်းများမှလည်း ဝင်ငွေများ တိုးတက်လာခြင်းတို့ကြောင့် ဟာရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ တိုးတက်လာခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** မူဆယ် ၁၀၅ မိုင် နယ်စပ်စခန်း၊ တာချီလိတ်နယ်စပ်စခန်းနှင့် ချင်းရွှေဟော်နယ်စပ်စခန်းများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းခြင်း၊

ပြည်တွင်းမှ ထွက်ကုန်များကို ပြည်ပသို့တင်ပို့ခြင်းတို့ကြောင့် ကုန်သွယ်ရေးကဏ္ဍ တိုးတက်ခဲ့ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွက်နှုန်းကောင်းသည့် လယ်စပါး မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးခြင်း၊ အစေ့ထုတ်ပြောင်း ဧက ၃,၆၁၀ ကို ဖော်ထုတ်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသီးနှံများနှင့် ပဲအမျိုးမျိုးကို ဒေသခံတောင်သူများ ပိုမိုစိတ်ဝင်စား၍ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးဆောင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ခိုင်းကျွဲ/နွား ကောင်ရေ တိုးတက်ထုတ်လုပ်နိုင်ရန်၊ အသားထုတ်လုပ်မှု တိုးတက်စေရန်၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ နို့စားနွားနှင့် ဒေသနွား မျိုးကောင်းမျိုးသန့်များကို မေထုံမဲ့သားစပ်ခြင်းဖြင့် မျိုးမြှင့်တင်ဆောင်ရွက်ပေးခဲ့ပါသည်။ ကျေးရွာအလိုက် ကွင်းဆင်းစည်းရုံးလျက် အခမဲ့သားစပ်ခြင်းဖြင့် မျိုးမြှင့်တင် ဆောင်ရွက်ပေးခြင်း၊ ကူးစက်ရောဂါကာကွယ်ရေး အသိပညာပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ဒေသတွင်း သဘာဝသစ်တောများ ထိန်းသိမ်းခြင်းအနေဖြင့် ဇော်ဂျီကြိုးဝိုင်း ၇,၅၀၈ ဧက၊ ပေါနကြိုးပြင် ကာကွယ်တောအဖြစ် ၂၀၁ ဧက၊ ရွာငံမြို့နယ်တွင် ဇော်ဂျီကြိုးဝိုင်း ၂၉၁,၈၂၉ ဧက၊ ထိုးကြီးတောင်ကြိုးဝိုင်း ၈၀၀ ဧက၊ ပြဒါးလင်းဂူကြိုးဝိုင်း ၁၀,၁၈၈ ဧက၊ သံဖိုချောင်း ကြိုးပြင်ကာကွယ်တော ၃၄,၅၆၀ ဧက၊ ထီးလှိုင်ကြိုးပြင်ကာကွယ်တော ၂,၂၄၀ ဧက နှင့် ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၈၂,၄၈၃ ဧက တို့အား ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပင်းတယမြို့နယ် ပွေးလှကျေးရွာတွင် NGO အဖွဲ့မှ သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ မြစ်ချောင်း၊ ရေကန်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒေသတွင်း အတိုးနှုန်းသက်သာသော ချေးငွေရရှိမှုဖြင့် အထည်ချုပ်လုပ်ငန်း၊ အုတ်ရိုက်လုပ်ငန်း၊ လက်ဖက်စို/ခြောက်လုပ်ငန်း၊ ယက္ကန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကလုပ်ငန်း အလတ်စား ၄ ခု၊ အသေးစား ၂၆၁ ခု ဖြင့် စီးပွားဖြစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဒေသအလိုက် ထွက်ရှိသော သစ်သီးဝလံနှင့်

ဟင်းသီးဟင်းရွက်များကို ရေရှည်ထားရှိနိုင်ရန် သီးနှံ အခြောက်ခံစက်ရုံ တည်ဆောက်နိုင်ရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပင်းတယမြို့နယ် အတွင်းရှိ ကျေးရွာ ၁၁ ရွာ ကို လျှပ်စစ်ဓာတ်အား သွယ်တန်းပေးခြင်း၊ အချို့ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ရွာငံမြို့နယ်တွင် ကျေးရွာပေါင်း ၄၆ ရွာ ကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဒေသ၏ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရန်အတွက် အောင်ပန်း - ပင်းတယ - ရပ်စောက်လမ်းပိုင်း၊ ပင်းတယ - ဘော်ဆိုင်း - ဟဲဟိုးလမ်းပိုင်း၊ ပင်းတယ-ရွာငံမြို့ချင်းဆက်လမ်း၊ အောင်ပန်း-ရွာငံ-ဟန်မြင့်မိုရ်-မန္တလေးလမ်းစသည့် အဓိက ကျသော လမ်းမကြီးများကို လမ်းဧရိယာတိုးချဲ့ခြင်း၊ လမ်းမျက်နှာပြင် ချောမွေ့အောင် ဆောင်ရွက်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းပခုံးတိုးချဲ့ခြင်း၊ မြေတားနံရံ တည်ဆောက် ခြင်း၊ လမ်းပိုင်းအလိုက်တည်ရှိသည့် တံတားများကို ပြင်ဆင်မွမ်းမံ တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်အိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းကို ပင်းတယမြို့နယ်တွင် ကျေးရွာ ၅ ရွာနှင့် ရွာငံ မြို့နယ်တွင် ကျေးရွာ ၉ ရွာ တည်ဆောက်ပေးနိုင်ခဲ့ပြီး ကျေးလက်အိမ်သာ ဆောက်လုပ်ခြင်းလုပ်ငန်းကို ပင်းတယမြို့နယ် တွင် ကျေးရွာ ၉ ရွာ၊ ရွာငံမြို့နယ်တွင် ကျေးရွာ ၅ ရွာတို့တွင် တည်ဆောက်ပေး နိုင်ခဲ့ပါသည်။

ပင်းတယနှင့် ရွာငံမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများအနေဖြင့် ပင်းတယမြို့နယ်တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျေးရွာပေါင်း ၄၉ ရွာတွင် တွင်းနက် တူးဖော်ခြင်းလုပ်ငန်း ၃ ခု၊ တွင်းတိမ်တူးဖော်ခြင်း လုပ်ငန်း ၁၅ ခု၊ မြေသားနှင့် အုတ် မိုးရေလှောင်ကန် ၁၅ ခု၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၂၂ ခု၊ ရွာငံမြို့နယ်တွင် ကျေးရွာပေါင်း ၁၁ ရွာအတွက် ပေ ၃၀၀ စက်ရေတွင်း ၄ တွင်း၊ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း ၇ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးအဆင့်အတန်း မြင့်တင်ရာတွင် အခြေခံ ပညာအဆင့်၌ ကျောင်းသားနှင့် စာသင်ခန်း မျှတစေရေးအတွက် အဆောက်အဦသစ်များ တိုးချဲ့ ဆောက်လုပ်ခြင်းလုပ်ငန်းကို ပင်းတယမြို့နယ်တွင် ၁၁ ကျောင်း၊ ရွာငံမြို့နယ်တွင် ၅ ကျောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာ၊ အင်းငယ်ကျေးရွာ၊ သပြေကုန်းကျေးရွာ၊ မိုင်းလီကျေးရွာ၊ ညောင်ကောက်ကျေးရွာနှင့် တောင်ရွှေပုထိုးကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦများ တည်ဆောက်ခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ဆောင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊ ရွာငံမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ခြင်းနှင့် မြို့ကြီးတိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဟိုတယ်ခရီးသွားလုပ်ငန်းကဏ္ဍ။** ရှမ်းပြည်နယ်(တောင်ပိုင်း) သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ဘုရားဖူးဧည့်သည်များ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် ပင်းတယမြို့နယ်တွင် ရွှေဥမင် သဘာဝလိုဏ်ဂူဘုရားသို့ လာရောက်လည်ပတ်ကြခြင်းဖြင့် အလှူငွေနှင့် နိုင်ငံခြားသုံးငွေများ ရရှိနေပါသည်။ အဆိုပါ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားတောင်တွင် ဘုရားဖူးဧည့်သည်များ အလွယ်တကူ တက်နိုင်ဆင်းနိုင်ရန်အတွက် ယခင်တပ်ဆင်ထားသည့် ၉ ယောက်စီး ဓာတ်လှေကားအပြင် ၂၀၁၃ ခုနှစ်မှ စ၍ အဆင့်မြှင့် ဓာတ်လှေကားတစ်စင်းကို တည်ဆောက်ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ရှေးဟောင်း ယဉ်ကျေးမှုထိန်းသိမ်းနယ်မြေဖြစ်သော ပြဒါးလင်းဂူသို့ ကျောက်ချောလမ်း ဖောက်လုပ်လျက် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

**လယ်ယာကဏ္ဍ။** မိုးစပါး ၁၀၇,၇၂၂ ဧက၊ နွေစပါး ၃,၅၉၁ ဧက၊ အစေ့ထုတ်ပြောင်း ၂၄,၅၂၄ ဧက၊ မြေပဲ ၁၃,၁၀၇ ဧက၊ လက်ဖက် ၁၇,၁၂၈ ဧက နှင့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကြံ၊ ဖရဲ၊ သခွားမွေး၊ စတော်ဘယ်ရီစသည့် ရာသီ သီးနှံများနှင့် အဓိက နှစ်ရှည်သီးနှံဖြစ်သော စိန်တလုံးသရက်များ စိုက်ပျိုးခဲ့ပါသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ အုပ်စုတွင် ကုန်းမြင့်လယ်ယာ ဖော်ထုတ်၍ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ တို့ဖြင့် ဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** အဓိကအားဖြင့် မိသားစု တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ဥစားကြက်နှင့် အသားစားကြက် မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုထုတ်လုပ်ရေး ကုမ္ပဏီများမှ ခနောက်စိမ်း သတ္တုရိုင်း၊ သွပ်ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် လမ်းခင်းကျောက်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ပင်မဓာတ်အားလိုင်း နယ်နိမိတ်ဘောင်အတွင်းမှ ရရှိပြီး ဟိုပုံးမြို့နယ်၏ ၃၃/၁၁ ဓာတ်အားခွဲရုံနှင့် ဆီဆိုင်မြို့နယ်၏ ၃၃/၁၁ ဓာတ်အားခွဲရုံ တည်ဆောက်မှုတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပင်လောင်းမြို့နယ်တွင် ပင်မ ဓာတ်အားလိုင်းနှင့် နီးသည့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ဟိုပုံးမြို့နယ်၊ ကျောက်တန်းကျေးရွာအုပ်စုတွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှ လျှပ်စစ်မီးလင်းရေးအတွက် ၄၀၅.၄၈ သန်းနှင့် ဆိုလာစနစ်မီးလင်းရေးအတွက် ကျပ် ၄၅၉.၉၅ သန်း ဆောင်ရွက်ပေးခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပြည်ထောင်စုရန်ပုံငွေဖြင့် ဆီဆိုင်မြို့နယ် တရားရုံး ဆောက်လုပ်ခြင်း၊ ကဒူးကြီးဒေသ ဆက်သွယ်သည့်လမ်း ၆ မိုင် ကျောက်ခင်းခြင်း၊ ဟိုပုံးမြို့ ကျေးရွာချင်းဆက်လမ်းများ၊ ၁၉/၂ မိုင် ဖောက်လုပ်ခြင်း၊ ဆီဆိုင်မြို့နယ် ထမ့်စမ်း ကျေးလက်ကျန်းမာရေးဌာန၊ ပင်လောင်းမြို့နယ် ပေါင်းလောင်း ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ဆောင်းဖြောင်း ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့ကို ဆောက်လုပ်ခြင်း၊ ဟိုပုံးမြို့နယ် ကျောက်တန်း ကျေးရွာ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းအိမ်ရာနှင့် ဓါတ်မှန်ဆောင် ဆောက်လုပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်း၊ တံတားများ တည်ဆောက်ပြုပြင်ခြင်း၊ ကျေးလက်မီးလင်းရေး လုပ်ငန်းများ၊ ကျေးလက်အိမ်ရာ၊ ကျေးလက်အများသုံးနှင့် မိသားစုသုံး ယင်လုံ အိမ်သာများ၊ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော် လမ်းပေါ်ရှိ ကားလမ်းနှင့် တံတားများ ပြင်ဆင်ပြုပြင် ဆောင်ရွက်ခြင်း၊ ပညာရေးကဏ္ဍတွင် အန္တရာယ်ရှိသော ကျောင်း ၇ ကျောင်းကို ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းသားဦးရေနှင့် စာသင်ခန်း လိုအပ်ချက်အရ စာသင်ဆောင် ၄ ခု တိုးချဲ့ ဆောက်လုပ်ခြင်း၊ ဉပဓိရုပ် မကောင်းသည့် ကျောင်း ၃ ကျောင်းမှ စာသင်ဆောင်များအား အသစ်ဆောက်လုပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

ပြည်နယ်ရန်ပုံငွေဖြင့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ လမ်း၊ ရေရရှိရေး၊ လျှပ်စစ်မီးနှင့် ဝန်ထမ်းနေအိမ်များ၊ ပင်လောင်းမြို့နယ်ဉပဒေရုံး၊ ဆီဆိုင်မြို့နယ် ဆိုက်ခေါင် အားကစားကွင်းတို့ကို ဆောက်လုပ်ခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆီဆိုင်-စကားလမ်း၊ ဘန်းယဉ်-ဟိုခို-လွယ်ဆောက်လမ်း၊ ကျွန်းတောင်-ကျောက်တလုံး-နောင်ယာဆိုင်း-

ဆိုက်ခေါင်လမ်း၊ ဟိုပုံး-ဖာလိုင်-မိုင်းလင်း-တုံဟောလမ်း၊ နမ့်ခုတ်-စံဖူး-ရွာသစ်လမ်း၊ စငေါ-ဒုံလိုကောင်လမ်း၊ နောင်တရား-နောင်ပိန်လမ်းများ တည်ဆောက်ခြင်း၊ သမဝါယမဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း စသည့်ရုံးများ၏ နောက်ဆက်တွဲ တည်ဆောက်ရန် ကျန်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံကိန်းဦးစီးရုံး ဆောက်လုပ်ခြင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်း၊ တံတားလုပ်ငန်း၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေ ရရှိရေးနှင့် လျှပ်စစ်မီး ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနအစီအစဉ်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေတို့ဖြင့် သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်လုပ်ငန်း၊ မြေအောက်ရေရရှိရေး လုပ်ငန်းများ ဆောက်ရွက်နိုင်ခဲ့ပါသည်။ ဟိုပုံးမြို့နယ်အနေဖြင့် ဂျပန်နိုင်ငံ သံရုံး၏ ကူညီထောက်ပံ့မှုဖြင့် လွယ်အွန့် ရေထွက်မှ ဟိုပုံးမြို့ မြို့ရေပေးရေးအတွက် စိမ့်စမ်းရေ သွယ်လုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော်လမ်းအား အဆင့်မြင့် ဆောင်ရွက်ပေးခဲ့သဖြင့် ဟိုပုံး၊ ဆီဆိုင် တောင်ကြီးခရီးစဉ်များ တိုးချဲ့ပြေးဆွဲလျက် ရှိပါသည်။ ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်လာသဖြင့် ကျေးလက်မြို့ပြ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန် ခဲ့ပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် အဝေးပြေးလမ်းမပေါ်တွင်ရှိသဖြင့် ကျေးလက်ဒေသများ၏ ဒေသထွက်ကုန်များအား ဈေးကွက်သို့ လွယ်ကူစွာဖြင့် အချိန်တို ကာလအတွင်း ပို့ဆောင်ပေးနိုင် ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးကဏ္ဍအနေဖြင့် လစဉ်တန်ဖိုးနည်း မိုဘိုင်းဖုန်းများ ဖြန့်ဝေပေးလျက်ရှိသဖြင့် ကျေးလက်ဒေသများထိ ဆက်သွယ်ရေး ကောင်းမွန်လျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ထုတ်ချေးထားသည့် ချေးငွေများ၊ သမဝါယမအသင်း အစီအစဉ်ဖြင့် ထုတ်ချေးထားသော ချေးငွေများကို ပြန်လည်ကောက်ခံလျက် ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အထက်တန်း ၂၀ ကျောင်း၊ အလယ်တန်း ၂၈ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၆ ကျောင်း၊ မူလတန်းလွန် ၄၅ ကျောင်း၊ မူလတန်း ၅၄၅ ကျောင်း၊ မူလတန်းကျောင်းခွဲ ၁၃ ကျောင်း၊ မူလတန်းကြို ၁၂၈ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေး ၂

ကျောင်း တို့ဖြင့် ပညာသင်ကြားလျက်ရှိပါသည်။ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ အထက်တန်းကျောင်းနှင့် ဆီဆိုင်မြို့နယ် ထီတယမ်း မူလတန်းကျောင်းတို့အား ဂျပန်နိုင်ငံ၊ နီပွန်ဖောင်ဒေးရှင်းတို့မှ လှူဒါန်းဆောက်လုပ်ပေးခဲ့ပါသည်။

မြို့နယ်ဆေးရုံ ၃ ရုံ၊ တိုက်နယ်ဆေးရုံ ၇ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၄ ခု တို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ၊ ပြည်သူ့လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် မြို့နယ်ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာနများပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင် ခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအထောက်အကူပြုရန် ကျေးလက် အရန်သားဖွား ဆရာများအား သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

**ဟိုတယ်ခရီးသွားလုပ်ငန်းကဏ္ဍ။** ဟိုပုံးမြို့နယ် ထမ့်စမ်းသဘာဝလှိုဏ်ဂူသည် ခရီးသွားများ စိတ်ဝင်စားရာ ဒေသတစ်ခုဖြစ်ပြီး ခရီးစဉ်များတွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက် သဖြင့် နေ့စဉ် ခရီးသွားများ လာရောက်လျက်ရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲစဉ်းငုံ၊ အစေ့ထုတ် ပြောင်းများ ရောင်းဝယ်လျက်ရှိပါသည်။ ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လောင်းမြို့နယ်တွင် ပင်လောင်းကုန်စည်ဒိုင် တည်ဆောက်ရေးလုပ်ငန်းအား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ဖြင့် တည်ဆောက်လျက်ရှိရာ ၅၅ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

**လယ်ယာကဏ္ဍ။** စုစုပေါင်းသီးနှံစိုက်ဧက ၅၈,၇၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဓိက လက်ဖက် ၁,၀၇၆,၂၀၀ ပိဿာ ထွက်ရှိခဲ့ပါသည်။

**သားငါးကဏ္ဍ။** တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် ရေသယံဇာတ နည်းပါးပြီး ရေထွက်ပစ္စည်း မွေးမြူရေးလုပ်ငန်းလည်း မရှိသလောက် နည်းပါးပါသည်။ ဒေသနေ ပြည်သူများမှ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါ သည်။ ထို့အပြင် နမ့်ဆန်မြို့နယ်၊ လီလုချောင်းအနီး၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငါးသားဖောက်စခန်း တည်ဆောက်ရန် လေ့လာဆောင်ရွက်လျက် ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်အနေဖြင့်(တပ်မတော်အချိုချောက်စက်ရုံ) လက်ဖက်ခြောက်ထုတ်လုပ်လျက်ရှိပါသည်။ ပုဂ္ဂလိကပိုင် အချို၊ အခါးခြောက်စက်ရုံ ၆၅ ရုံ ရှိပြီး ရာသီချိန်တွင် ထုတ်လုပ်ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ရွှေလီလျှပ်စစ်ဓာတ်အားလိုင်းနှင့် တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်/ဆိုလာစနစ်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲလျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဒေသအတွင်း မြို့နယ် ၂ မြို့နယ်ရှိ ကျေးရွာ ၂၇၆ ရွာ အနက် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ကျေးရွာ ၁၃၆ ရွာ တို့တွင် ရေဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာ ၁၄၀ ဆောင်ရွက်ရန်ကျန် ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် နမ့်ဆန်မြို့နယ် သီပေါ-ပန်လုံ-နမ့်ဆန်လမ်း အထူးပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မန်တုံမြို့နယ်တွင် နမ္မတူ-ဘော်တွင်း-မန်တုံလမ်းများ ဖောက်လုပ်ခြင်း ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် အစီရင်ခံသည့်ကာလအတွင်း အခြေခံပညာ အဆင့်အထက်တန်း ၄ ကျောင်းနှင့် အထက်တန်း ကျောင်းခွဲ ၃ ကျောင်း၊ အလယ်တန်းကျောင်းနှင့် အလယ်တန်း ကျောင်းခွဲပေါင်း ၂၀ ကျောင်း၊ မူလတန်း ၁၄၅ ကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ လေ့ကျင့်ပညာဦးစီးဌာနမှ လူငယ်သင်တန်း ကျောင်း ၁ ကျောင်း ဖွင့်လှစ်ထား ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံတိုးတက် ကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသကျန်းမာဖွံ့ဖြိုးတိုးတက်ရေးအတွက် ခုတင် ၅၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ ၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၈ ခု နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၁ ခု တို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

**လယ်ယာကဏ္ဍ။** နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လောက်ကိုင်မြို့နယ် နမ့်ခုံးဟော်ကျေးရွာနှင့် ကုန်းကြမ်းမြို့နယ် ရှင်ပင်ကိုင်းကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်း ၂ ခု ကို ကျပ် ၁၂ သန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့၏ ရန်ပုံငွေဖြင့် seed industry ဖော်ထုတ်မှုအား လောက်ကိုင်မြို့နယ်တွင် ၃ ဧက နှင့် ကုန်းကြမ်းမြို့နယ်တွင် ၂ ဧက တို့ကို ရင်းနှီးမြှုပ်နှံမှု ကျပ် ၇.၅ သန်း၊ ကုန်းကြမ်းမြို့နယ် ချင်စိုက်ထန်ကျေးရွာတွင် ပုဂ္ဂလိကအစီအစဉ်ဖြင့် စိုက်ပျိုးမြေဧရိယာ ဧက ၂၀၀ ဖော်ထုတ်ခြင်းကို ကျပ်သန်း

၂၀ အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် CARE myanmar အဖွဲ့မှ လောက်ကိုင်မြို့နယ် အတွင်းရှိ တာရွှေထန်းကျေးရွာအုပ်စု၊ ကျေးရွာ ၁၇ ရွာ တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေးနှင့် ဈေးကွက်ရှာဖွေရေး စီမံကိန်းကို ကျပ် ၁၇၁.၆ သန်း ဖြင့် တောင်သူများအား ကူညီထောက်ပံ့ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့၏ ရန်ပုံငွေဖြင့် ရေဝေရေလဲ ဧရိယာ ဧက ၈၇၀ ကို ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် ကျပ် ၆၉.၆ သန်း ဖြင့် ပြုစုပျိုးထောင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ကျေးလက်မီးလင်းရေး လုပ်ငန်းများအဖြစ် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆိုလာပါဝါ ၇၅၆ ယူနစ်နှင့် အသေးစား ရေအားစနစ် လုပ်ငန်းများကို ကျပ် ၂၄၈.၉၆၅ သန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ဆိုလာပါဝါ ၁,၆၀၀ ယူနစ်ကို ကျပ်သန်း ၄၅၀၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေး လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ကျပ် ၁၅ သန်း အသီးသီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** သန့်ရှင်းသောသောက်သုံးရေ ရရှိလာစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၂ ခု အတွက် ကျပ် ၄၅ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၅၃ ခု အတွက် ကျပ်သန်း ၇၅၀၊ ပြည်ထောင်စု လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သောက်သုံးရေ ရရှိရေးလုပ်ငန်း ၂၉ ခု အတွက် ကျပ် ၁၃၅.၇ သန်း အသီးသီးအကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒုတိယ (၆) လပတ်အတွင်း နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သာသနာရေး အဆောက်အဦလုပ်ငန်း တစ်ခုကို ကျပ်သန်း ၁၀၀၊ ရုပ်သံထပ်ဆင့်လွှင့်လုပ်ငန်း ၂ ခုကို ကျပ်သန်း ၈၀ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ကျေးရွာချင်းဆက်လမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လောက်ကိုင်မြို့တွင် ကျေးလက်တံတား ၁၂ ခု၊ ကုန်းကြမ်းမြို့နယ်တွင် ကျေးလက်တံတား ၄၆ ခု နှင့် မြို့ပြချင်းဆက် လမ်းများနှင့်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊

စည်ပင်သာယာရေးအဖွဲ့တို့မှ လောက်ကိုင်မြို့နယ်တွင် လုပ်ငန်း ၈ ခု နှင့် ကုန်းကြမ်းမြို့နယ်တွင် လုပ်ငန်း ၂ ခု တို့ကို ဆောင်ရွက်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပညာရေးတွင် ပြည်ထောင်စုဘတ်ဂျတ်ဖြင့် ကျောင်းဆောင် သစ် ၃ ကျောင်းကို ကျပ် ၉၇.၂ သန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေးရန်ပုံငွေဖြင့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းခြင်းလုပ်ငန်းကို ကျပ် ၅ သန်းအသီးသီး အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးစေရန် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် အာရှဆရာဝန်များအသင်း (AMDA) ၏ အကူအညီအထောက်အပံ့ဖြင့် ကုန်းကြမ်းမြို့နယ် ဆုံကန်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦကို ကျပ်သန်း ၁၀၀၊ အခြားသော နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာရှဒေသဆိုင်ရာ ဘေးဖြစ်စေတတ်သော ဆေးဝါးများအန္တရာယ် လျော့ပါးရေးကွန်ယက် (AHRN)၊ အာရှဆရာဝန်များအသင်း၊ နယ်စည်းမခြား ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (HPA) တို့မှ ကိုးကန့်ဒေသအတွင်း ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်မားလာစေရေး အတွက် အကူအညီအထောက်အပံ့များ ဆောင်ရွက် ခဲ့ပါသည်။

## “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

**လယ်ယာကဏ္ဍ။** စိုက်ပျိုးမြေများ တိုးချဲ့ရန်ခက်ခဲသဖြင့် ဈေးကွက်တွက်ခြေ ကိုက်သည့် ရာဘာ၊ ကြံနှင့် ပြောင်းများကိုသာ ဦးစားပေး၍ စိုက်ပျိုးရာ ဒုတိယ (၆) လပတ် အတွင်း ရာဘာ ၃၈,၇၇၆ ဧက၊ ကြံ ဧက ၂,၃၇၀ နှင့် ပြောင်း ဧက ၁၀,၅၇၀ စိုက်ပျိုး ဆောင်ရွက်လျက်ရှိပါသည်။ ရာဘာမှ ထွက်ရှိလာသည့် ကြက်ပေါင်စေးများကို ခရမ့်ရာဘာ ပြုလုပ်၍ တရုတ်နိုင်ငံသို့ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ကြံမှထွက်ရှိသည့် ကြံတန်ချိန်ပေါင်း များစွာကို အပင်လိုက် ကုန်ကြမ်းအဖြစ်သာ ရောင်းချကြပါသည်။ ကုန်ချောထုတ်လုပ်နိုင်မည် ဆိုပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည့်အပြင် ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သဖြင့် ၎င်းစက်ရုံများ တည်ဆောက်ရေးအတွက် လုပ်ငန်းရှင်များကို ဖိတ်ခေါ်စည်းရုံးရေး ဆောင်ရွက်လျက် ရှိပါသည်။

**သစ်တောကဏ္ဍ။** သဘာဝဘေးအန္တရာယ်နှင့် လမ်းဘေးဝဲယာ အရိပ်ရပြီး စိမ်းလန်း စိုပြေရေးအတွက် ကြီးထွားမြန်သစ်ပင်များဖြစ်သည့် ဒေသနှင့် ကိုက်ညီသော မယ်ဇလီ၊ ရေသင်းဝင်နှင့် ယူကလစ်အပင်များကို စိုက်ပျိုးနိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**။ တိုးတက်ဆောက်လုပ်လာသည့် လုပ်ငန်းလိုအပ်ချက်အရ သဲ၊ ဗြုန်း၊ ကျောက်မာများကို ပုဂ္ဂလိကလုပ်ငန်းရှင် ၉ ဦးမှ ထုတ်လုပ်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**။ ဟိုပန်မြို့နယ်တွင် ၂၅၀ ကီလိုဝပ် ဓာတ်အားကို ခလရ ၁၄၃၊ ၁၄၅၊ ကျေးရွာအုပ်စု ၃ အုပ်စုနှင့် ကျေးရွာ ၅ ရွာ၊ ပုဂ္ဂလိက ရေအားလျှပ်စစ်ကို နမ့်တစ်မြို့နယ်ခွဲအတွင်းမှ တစ်ယူနစ်လျှင် ၁ ယွမ် ၁၇၀ ကျပ်နှုန်းဖြင့် ဟိုပန်မြို့နှင့် ကျေးရွာပေါင်း ၂၂ ရွာအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ**။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျပ် ၆,၇၈၁.၂၇ သန်းဖြင့် လမ်းများကို ကတ္တရာခင်းခြင်း၊ အဆင့်မြှင့် တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ရေအရင်းအမြစ် ၄ ခု မှ ဟိုပန်မြို့သို့ ရေပေးဝေလျက်ရှိပါသည်။ ဟိုပန်မြို့နယ်တွင် သောက်သုံးရေဖူလုံမှုမရှိသော ကောင်းတပ်ကျေးရွာ၊ ဟွေပုံကျေးရွာ၊ လုပ်စေ့ကျေးရွာ၊ လျံကိန်းကျေးရွာ၊ ဖာလင်ကျေးရွာ၊ ရောင်စဋကျေးရွာ၊ မတ်ဝမ်းကျေးရွာ၊ စင်ကျိုင်းကျေးရွာ၊ ချိန်ဟုန်ကျိုင်းကျေးရွာ၊ မက်မန်းမြို့နယ်တွင် ကောင်းလင်းကျေးရွာ၊ ၄က်ယောင်း ကျေးရွာ၊ ရောင်ခွန်ကျေးရွာ၊ မိန်ပိန်း ကျေးရွာများသို့ ကျေးလက်ဦးစီးမှရေရရှိရေး ဆောင်ရွက်ခဲ့ပါသည်။


**ပို့ဆောင်ရေးကဏ္ဍ**။ သံလွင်၊ "ဝ"တောင်တန်း၊ စွမ်းရည်၊ လားရှိုး-မန်း စသည့် ပို့ဆောင်ရေးယာဉ်လိုင်းများမှ ကုန်စည်နှင့် ခရီးသည် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆) လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် **၅,၆၄၈,၆၆၇.၂** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း**များအရ **၄.၉** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် စီမံကိန်းရည်မှန်းချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းခြေအနေ**

**ပုံ(၆-၂၇) အကောင်အထည်ဖော်နိုင်မှု**
(နှစ်အလိုက်ဈေးနှုန်း)




**ပုံ(၆-၂၈) တိုးတက်မှုနှုန်း**
(ပုံမှန်ဈေးနှုန်း)




၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် (ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**ဖြင့် ကျပ် **၅,၃၆၆,၅၂၆.၈** သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၉၅.၀** ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၇.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** အစီရင်ခံသည့်ကာလတွင် ယခင်နှစ် အလားတူကာလထက် မိုးစပါး အထွက် ၁၁,၉၆၉ တင်းထောင်ပေါင်း နှင့် နွေစပါးစိုက်ဧက ၂၅,၅၂၄၊ အထွက် ၈,၅၈၄ တင်းထောင်ပေါင်း ပိုမိုစိုက်ပျိုး ထွက်ရှိခဲ့ပါသည်။ အလားတူ မတ်ပဲစိုက်ဧက ၁၃,၂၁၀ ပိုမို စိုက်ပျိုးနိုင်ခဲ့ပြီး အထွက် ၄၉၆ တင်းထောင်ပေါင်း ပိုမိုထွက်ရှိခဲ့ပါသည်။ ထို့ပြင် ပဲတီစိမ်း ဧက ၁၅,၅၁၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက် တင်းထောင်ပေါင်း ၂၂၉ ပိုမို ထွက်ရှိခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နွေစပါးရာသီတွင်သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်၁၄ချက်ဖြင့် တစ်ဧက အထွက်နှုန်း တိုးတက်ရေး

အတွက် ကျေးရွာအုပ်စု ၂,၄၉၃ အုပ်စုတွင် တောင်သူ ၆,၅၄၃ ဦးဖြင့် ဧကပေါင်း ၂၀,၅၂၁ လျာထားဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ဒုတိယ(၆)လပတ်တွင် အသားထုတ်လုပ်မှု ၈၇,၆၇၆ ပိဿာ ထောင်ပေါင်း၊ ကြက်ဥလုံးရေ ၃၇၃,၁၆၀ ထောင်ပေါင်း ၊ ဘဲဥ ၈၄,၁၁၁ လုံးရေထောင်ပေါင်း၊ ငါး၊ ပုစွန် ထုတ်လုပ်မှုတွင် ၆၀၈,၈၃၈ ပိဿာ ထောင်ပေါင်း ထုတ်လုပ် နိုင်ခဲ့ပါသည်။ စီးပွားဖြစ် မွေးမြူရေးခြံလုပ်ငန်းရှင် ၂၈၃ ဦးမှ နို့စားနွား ၃၂၉ ကောင်၊ ဝက်ကောင်ရေ ၅၂၀၊ ဥစားကြက် ကောင်ရေ ၂၆၅,၇၀၀၊ အသားစားကြက်ကောင်ရေ ၃၀၁,၅၀၀၊ ဘဲကောင်ရေ ၈၅,၀၀၀၊ ငုံးကောင်ရေ ၆၀,၀၀၀ ကို မွေးမြူလုပ်ကိုင်လျက် ရှိပါသည်။ ကျွဲနွား ၄၄,၉၁၄ ကောင်၊ ဝက် ၅၉,၉၈၈ ကောင်၊ ကြက်နှင့် အခြား ၉၅,၁၂၆ ကောင်တို့ကို ရောဂါများ ကုသပေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ကျွန်း ၁၀ ကုဗတန်နှင့်သစ်မာ ၈၆,၅၃၂ ကုဗတန် ၊ ထင်း၂,၃၅၀,၇၉၅ ကုဗတန်၊ မီးသွေး၄၇,၆၃၀ ကုဗတန်၊ သစ်ခေါက် ၂၃၉,၅၈၈ ပိဿာ၊ ဓနိသက်ကယ် ပျစ်ထောင်ပေါင်း ၉၀,၇၆၄ ထုတ်လုပ် နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ ။** ဒုတိယ(၆) လပတ်တွင် ရေနံစိမ်း ထုတ်လုပ်မှုတွင် အမေရိကန်စည် ထောင်ပေါင်း ၇၅.၇၉၉ နှင့်ဘူးသွင်းသဘာဝဓာတ်ငွေ့ ၂,၂၆၇ ကုဗပေသန်း ထုတ်လုပ်ခဲ့ပါသည်။ သဘာဝဓာတ်ငွေ့တွင် ကုန်းတွင်း၌ ၂,၉၅၆ ကုဗပေသန်း နှင့် ကမ်းလွန်၌ ၂၀၀,၈၀၁ ကုဗပေသန်း ထုတ်လုပ် နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ထုတ်လုပ်မှုတွင် ထုံးကျောက်တန် ၁၂၀,၃၆၀၊ သံကျောက်တန်၅,၀၀၀ နှင့် ရွံ့စေးတန်၁,၅၀၀ ထုတ်လုပ်ခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းမှ အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများ၏ ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၁၁,၇၄၃.၉ သန်းဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒုတိယ(၆)လပတ် ပုဂ္ဂလိကပိုင်အခန်း ဆန်ကြိတ်ခွဲမှုတွင် ၁၁၇,၄၅၇ မက်ထရစ်တန်နှင့် ဆီကြိတ်ခွဲမှုတွင် ၁,၂၅၂.၆ မက်ထရစ်တန် တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်၊ စက်မှုဇုန်လုပ်ငန်းများအနေဖြင့် D.I.G Co.Ltd အထည်ချုပ်စက်ရုံ၊ Hakers Enterprise Myanmar Co.Ltd အထည်ချုပ်စက်ရုံ၊ DONG LONG အထည်ချုပ်စက်ရုံများတွင် ဝန်ထမ်းဦးရေ ၄,၀၀၀ ခန့်ဖြင့် လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ကီလိုဝပ်နာရီထောင်ပေါင်း ၆၃၄,၁၂၈ ရှိခဲ့ပြီး၊ ကီလိုဝပ်နာရီထောင်ပေါင်း ၃၂,၉၆၇ ပိုမိုသုံးစွဲခဲ့ပါသည်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ အသုတ်-ပုသိမ် ၂၃၀ ကေဗွီဓာတ်အားလိုင်း မိုင် ၄၀ ၊ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ ဆောက်လုပ်မှု ၁၀၀ ရာခိုင်နှုန်း၊ ခွဲရုံသုံး Main Transformers များနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်မှုတွင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တာဝါတိုင်များ၏ ဖောင်ဒေးရှင်းဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။ ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် မြောင်းမြခရိုင်၊ ဝါးခယ်မ ခွဲရုံတွင် ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံကို တည်ဆောက်၍ Control Room ပစ္စည်းများတပ်ဆင်မှု ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆွေးမြေ့သစ်သားတိုင်များကို ကွန်ကရစ်တိုင်ဖြင့် အစားထိုး လဲလှယ်ခြင်းကို ကျပ် ၂၇၇.၄၈ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များအတွင်း ကျေးရွာများတွင် ကျေးလက်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၁,၉၃၅ ရွာရှိသည့်အနက် မီးလင်းပြီးရွာ ၆,၄၀၄ ရွာရှိပြီး၊ မီးလင်းရန် ကျန်ရှိသည့် ကျေးရွာမှာ ၅,၅၃၁ ရွာ ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင်ကျေးရွာ ၁၆၆ ရွာအား မီးလင်းရန် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မီးရရှိမှုအခြေအနေမှာ ဓာတ်အားစနစ်ဖြင့် ၅၆ ရွာ၊ အသေးစားရေအားဖြင့် ၇ ရွာ၊ ဇီဝသုံး စွမ်းအင်ဖြင့် ၁၃ ရွာ၊ ဒီဇယ် အင်ဂျင်စက်ဖြင့် ၅၇ ရွာ၊ နေရောင်ခြည်ဖြင့် ၃၃ ရွာ စုစုပေါင်း ၁၆၆ ရွာ မီးလင်းပြီးဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးမှတာဝန်ယူ ဆောင်ရွက်သော လမ်း ၆၄ လမ်း (၁,၀၅၀ မိုင် ၀.၂၇ ဖာလုံ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသည့် လမ်း ၁၄ လမ်း ( ၄၈၃ မိုင် ၄ ဖာလုံ) ဖောက်လုပ်ခဲ့ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၇၅ လမ်း ရှိရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၈၁ လမ်း ရှိလာရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လက်ရှိတာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်း ၇၈ လမ်းရှိပြီး၊ B.O.T စနစ်ဖြင့် ဆောင်ရွက်သောလမ်း ၃ လမ်း၊ စုစုပေါင်း လမ်းအရှည် ၁,၆၇၉ မိုင် ၇ ဖာလုံဖောက်လုပ်ပြီး ဖြစ်ပါသည်။

တိုင်းဒေသကြီးအတွင်း ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်များ တည်ဆောက်ခြင်း၊ ယူနိုက်တက် ဧရာဝတီကုမ္ပဏီမှ ပုဂ္ဂလိကဆေးရုံနှင့် Shopping Mall တည်ဆောက်ခြင်း၊

ညောင်တုန်းမြို့တွင် Good Brother Co.Ltd မှ ဆန်စက်တည်ဆောက်ခြင်း၊ North Shore Co.Ltd၊ Snow White Co.Ltd ၊ KIDO၊ Blossom Wealth Enterprise Co.Ltd၊ SaKura Garment Co.Ltd၊ S.G.I Co.Ltd စသည့်အထည်ချုပ်စက်ရုံများ၊ Tile Factory ကြွေပြားကျောက်ပြားသဘာဝကျောက်စက်ရုံ၊Steel Structure စက်ရုံ၊ Telenor ဆက်သွယ်ရေးလုပ်ငန်း နှင့် ၂၃ ခန်းတွဲ Shop House များ၏တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း စည်ပင်သာယာရေးအဖွဲ့မှ တွင်းနက် ၁၂ တွင်း၊ တွင်းတိမ် ၄၁ တွင်း၊လက်တူးတွင်း ၁၇ တွင်း၊ မြေသားမိုးရေ လှောင်ကန် ၁၆ ကန်နှင့်အခြားလုပ်ငန်း ၃၇၊ စုစုပေါင်း လုပ်ငန်းဦးရေ ၁၂၃ အတွက် ငွေကျပ် ၁၂၂.၃၇ သန်းဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှလည်း တွင်းနက် ၃၀၉ တွင်း၊ တွင်းတိမ် ၂၉ တွင်း၊လက်တူးတွင်း ၂၂ တွင်း၊ မြေသားရေ လှောင်ကန် ၃၁၀ ကန်နှင့် အခြားလုပ်ငန်း ၁ ခု၊ စုစုပေါင်း လုပ်ငန်းဦးရေ ၆၇၁ ခု အတွက် ငွေကျပ် ၄,၆၇၂.၆၈ သန်းဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် နိုင်ငံပိုင်အခန်း၊ မြန်မာ့မီးရထားနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းမှ ပို့ဆောင်ပေးမှု လျော့နည်း သော်လည်း ပုဂ္ဂလိကပိုင်အခန်းတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများ အချိန်တို အတွင်း ပို့ဆောင်ပေးနိုင်သဖြင့် ခရီးသွားလာမှု ပိုမိုတွင်ကျယ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** တိုင်းဒေသကြီးအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လက်လှည့် တယ်လီဖုန်းအိတ်ချိန်း ၅၂ ရုံး၊ အော်တိုတယ်လီဖုန်းအိတ်ချိန်း ၃၉ ရုံး၊ GSM/ WCDMA မိုဘိုင်းရေဒီယိုစခန်းရုံး ၁၀၃ ခု၊ CDMA Mobile ရေဒီယိုစခန်း ၄၂ ရုံး၊ မိုက်ကရိုဝေ့ဖ်စခန်း ၃၈ ခု၊ ဖိုင်ဘာစခန်း ၁၅ ရုံး၊ ရေအောက်ကေဘယ်စခန်း ၃ ရုံး၊ မြန်နှုန်းမြင့် အင်တာနက် (ADSL စနစ်) ဝန်ဆောင်မှုပေးနိုင်သည့် အိတ်ချိန်း ၁၀ ခု တို့ဖြင့် ဆက်သွယ်ရေး လုပ်ငန်းများအား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် အော်တိုတယ်လီဖုန်း ၁၁၅ လုံး၊ WCDMA Mobile (၁၅၀၀ ကျပ်) ၃၃၅,၉၅၉ လုံးကို တိုးချဲ့ တပ်ဆင်ပြီးဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝင်ငွေပိုမိုတိုးတက်ခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့ အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း၏ ဝင်ငွေ လျော့နည်းခဲ့ ပါသည်။

သမဝါယမငွေစုငွေချေးအသင်းများမှ ချေးငွေပိုမိုထုတ်ချေးခဲ့သဖြင့် အတိုးရငွေ ပိုမိုတိုးတက်လာခဲ့ပါသည်။ ဒုတိယ (၆) လပတ်အထိ ဧရာဝတီတိုင်းအတွင်း ကမ္ဘောဇဘဏ် ၂၊ ဧရာဝတီဘဏ်၊ ပုဂ္ဂလိက အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်နှင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီဘဏ်တို့မှ ATM စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ကမ္ဘောဇဘဏ် ၁ ၌ အာမခံကုမ္ပဏီ လုပ်ငန်းကို ဖွင့်လှစ် ဆောင်ရွက်ပေးလျက် ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အထက်တန်းကျောင်း ၁၃ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၆ ကျောင်း၊ အလယ်တန်းကျောင်း ၄ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၈ ကျောင်း၊ မူလတန်းကျောင်း ၁၄၃ ကျောင်း၊ မူလတန်းခွဲ ၄ ကျောင်း၊ စုစုပေါင်း ၂၂၃ ကျောင်း အသစ်တိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။

ကျန်းမာရေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဟင်္သာတမြို့နယ်တွင် ကြွက်ကျွန်း၊ မြန်အောင်မြို့နယ်တွင် အင်ပင်၊ မော်လမြိုင်ကျွန်းမြို့နယ်၌ လှိုင်းဘုန်း၊ ရေကြည်မြို့နယ်ကမ်းနီ၊ ငပုတောမြို့နယ်၌ ကျောက်ကလပ် တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် အင်္ဂပူမြို့နယ်၌ ထန်းပင်ကုန်း၊ ပန်းတနော်မြို့နယ်၌ တောကျောင်း၊ အိမ်မဲမြို့နယ်၌ ကြို့ကုန်း ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

ယင်းကျေးလက်ကျန်းမာရေး ဌာနတစ်ခုစီတွင် ကျန်းမာရေးဌာနခွဲ ၄ ခုစီနှင့်စုစုပေါင်း ၁၂ခု ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၌ရေကျော်၊ ဘုတ်ပင်ဆိပ်၊ ဂန်ချောင်း၊ ငါးပြေမ၊ ကုလားချောင်း၊ ကညင်ငူနှင့် မော်လမြိုင်ကျွန်းမြို့နယ်၌ ဝဲဒေါင့်၊ မအူပင်မြို့နယ်၌ စစ်ကုန်း၊ ကျုံတနော်၊ ဝက်ကျွန်း၊ ပလောင်ကြီး၊ ဆိပ်ကြီးစု၊ ပေါက်ကုန်း၊ ဘုရားသုံးဆူတို့၌ ကျေးလက်ကျန်းမာရေးဌာနခွဲများ ၁၄ ခု တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၁၆ ကုတင်ဆံ့ ဆေးရုံဆောက်လုပ်ခြင်းနှင့် တိုင်းအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ခဲ့ပါသည်။

**ဟိုတယ်ခရီးသွားနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်းသည် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်နေပြီး၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဝန်ဆောင်မှု လိုအပ်ချက်များအရ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အင်တာနက်ဆိုင်၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Toll Gate တို့မှဝင်ငွေများ တိုးတက်လာပါသည်။

တိုင်းဒေသကြီးအတွင်း ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့သည် ပြည်တွင်း ပြည်ပခရီးသွားများ အကြိုက်တွေ့သည့် အပန်းဖြေရန် အကောင်းဆုံးနှင့် သွားလာရန် လွယ်ကူခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းများ၏ ဝင်ငွေများတိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းတွင် ပုသိမ်မြို့နယ်ရှိ ပုသိမ်ဟိုတယ်ကို တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ငှားရမ်းဆောင်ရွက်ပြီး ချောင်းသာရှိ လိုင်လိုင်းဟိုတယ်နှင့် နယူး ချောင်းသာဟိုတယ်တို့ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်၍ ကျန်ဟိုတယ်အားလုံးကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ပြတ်ငှားရမ်း ဆောင်ရွက်လျက် ရှိပါသည်။ ချောင်းသာကမ်းခြေ ဟိုတယ်ဇုန်ဒေသတွင် ဝန်ကြီးဌာန လိုင်စင်ဖြင့် ဟိုတယ် ၂၀ လုံး ခွင့်ပြုထားပြီး ခရီးသည် တည်းခိုရေး ဝန်ဆောင်မှုပေးလျက် ရှိပါသည်။ ငွေဆောင် ဒေသတွင် ဟိုတယ် ၂၂ လုံးကို လုပ်ငန်းလိုင်စင် ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ပြည်ပဧည့်သည် တည်းခိုမှု ၃၇,၁၇၁ ဦးနှင့် ပြည်တွင်း ဧည့်သည်တည်းခိုမှု ၁၄၅,၈၇၂ ဦးတို့မှ ခရီးသွားလုပ်ငန်းဝင်ငွေ ကျပ် ၂,၆၉၂.၈၇ သန်းနှင့် ဒေါ်လာ ၁,၈၈၈,၈၄၁ ရရှိပါသည်။

ဒေသတွင်းဟိုတယ်များတွင် တည်းခိုမှုတိုးတက်လာခြင်းကြောင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ တိုးတက်ရရှိပါသည်။ ဒေသအတွင်းနေထိုင်လည်ပတ်မှုအပေါ်မူတည်၍လုံခြုံရေး၊သဘာဝ အလှတရား မပျောက်ပျက်ရေးတို့အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ သတိပေး နှိုးဆော်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။


**ကုန်သွယ်မှုကဏ္ဍ။** စိုက်ပျိုးထွက်ရှိသော လယ်ယာထွက်ကုန် ပစ္စည်းများအပေါ် စိုက်ပျိုးသူ၊ ရောင်းဝယ်သူများ အကျိုးအမြတ် မျှမျှတတရရှိစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်စွာစီးဆင်းစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေး၊ အရည်အသွေးနှင့် အချိန်အတွယ်များ မှန်ကန်စေရေးတို့အတွက် ရှေ့ရှု၍ မြို့နယ် ၉ မြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်သော ဒေသထွက် ကုန်များ တစ်စုတစ်စည်းတည်း စုပေါင်းရောင်းချနိုင်သော ကုန်စည်ဒိုင်များကို ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် မတ်လအတွင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆန်စပါး ကုန်စည်ဒိုင်နှင့် အိမ်မဲမြို့နယ်တွင် ပဲမျိုးစုံကုန်စည်ဒိုင်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆန်စပါးနှင့် ပဲမျိုးစုံထွက်ရှိမှု များပြီး လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော မြောင်းမြခရိုင်ရှိ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် လပွတ္တာခရိုင်ရှိ လပွတ္တာမြို့နယ်တို့တွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်နိုင်ရေး ဒေသခံ လုပ်ငန်းရှင် များနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ


၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဒုတိယ(၆)လပတ်တွင် **နှစ်အလိုက်ဈေးနှုန်း**များ အရ ကျပ် **၉၄၂,၆၂၆.၄** ကျပ်သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်းများ**အရ **၃၂.၉** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

### နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၆–၂၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၆–၃၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်(ယာယီ)စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် **၉၃၁,၈၃၇.၆** ကျပ်သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ **၉၈.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် **၅.၅** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

**လယ်ယာကဏ္ဍ။** သီးနှံစိုက်ဧကစုစုပေါင်း ၂၀၄,၃၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆောင်းသီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ သီးနှံများ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်များ ပိုမိုထွက်ရှိခဲ့ပါသည်။ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ပုလဲသွယ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ အဆင့်မြင့် လယ်ယာ ၃၂၄.၅၃ ဧက ဖော်ထုတ်နိုင်ခဲ့ပါသည်။ စပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိနိုင်ရန် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်ဖြင့် လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ဇမ္ဗူသီရိ မြို့နယ်တွင်နယူးဧရာကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ် စပ်မျိုးစပါး (F1) ကို

တဲကြီးကုန်းကျေးရွာတွင် ဧက ၁၀၀၊ အလျှင်လိုကျေးရွာတွင် ၃၄၄ ဧက နှင့် နွေစပါး စိုက်ခင်းများကို စိုက်ပျိုးခဲ့ပါသည်။ ပုဗ္ဗသီရိမြို့နယ် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးခြံမှ အရည်အသွေးမီ သီးနှံများ ရောင်းချလျက်ရှိပါသည်။

**သားငါးကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေ၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထားဆောင်ရွက်ခဲ့ရာ မွေးမြူရေးလုပ်ငန်းရှင်များ၏ အရင်းအနှီးလိုအပ်ချက်များ ကို ငွေထုတ်ချေးခြင်း၊ သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ အစုအဖွဲ့များဖွဲ့၍ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါသည်။ ခိုင်းနွား ၂၈၄ ကောင်၊ နို့စားနွား ၂၉၄ ကောင်၊ အသားတိုးနွား ၃၅၆ ကောင်၊ စုစုပေါင်း ၉၃၄ ကောင် မျိုးမြှင့်သားစပ် လုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။ ငါးမွေးကန် ၆.၇၃ ဧကတွင် ကောင်ရေ ၄၄,၀၈၀ တိုးတက်မွေးမြူ ခဲ့ပါသည်။ ယခုအခါ ငါးမွေးကန် ဧက စုစုပေါင်း ၄၆၇.၆၄၆ ဧက တိုးချဲ့လုပ်ကိုင်နိုင်ခဲ့ပါသည်။ အင်းလုပ်ငန်းမှ ငါး ၂၆၆ ပိဿာထောင်၊ ငါးမွေးကန်မှ ငါး ၂၀၃ ပိဿာထောင်၊ ဘုံငါးဖမ်း လုပ်ငန်းမှ ငါး ၁,၁၂၈ ပိဿာထောင် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံပိုင်သစ်စက် ၅ စက်၊ ပုဂ္ဂလိကပိုင်အငှားသစ်စက် ၁ စက်တို့ဖြင့် ဇလီဖားများ၊ ခွဲသားများ ခွဲစိတ်ထုတ်လုပ်လျက်ရှိပါသည်။ သဘာဝတောတန်ဖိုးမြှင့် သစ်တော စိုက်ခင်းများကိုလည်း ထူထောင်လျက်ရှိရာ တစ်အိမ်ထောင်လျှင် ယူကလစ် ၂၀ ပင် နှင့် ကျေးရွာပိုင် တစ်ဧက (ကျွန်း၊ သစ်မာ) စိုက်ခင်းများ စိုက်ပျိုးလျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် စက်မှုဇုန် အတွက် မြေဧက ၅၆၂.၄၆ ဧက တွင်နေရာချထားရန် စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဒက္ခိဏသီရိမြို့နယ်တွင် အလတ်စား စက်မှုဇုန်ထူထောင်ရန် ဒက္ခိဏသီရိ စက်မှုဇုန်အတွက် မြေကွက်ပေါင်း ၁၀၁ ကွက်၊ အကျယ် ၃၈၅ ဧကကို ဖော်ထုတ်ခဲ့ပြီးဖြစ်ပါသည်။ လူသုံးကုန် ပစ္စည်းစက်ရုံ၊ ဆောက်လုပ်ရေး အလှဆင်စက်ရုံ၊ သံနန်းဆွဲစက်ရုံ၊ ပရိဘောဂလုပ်ငန်း၊ ဆီစက်၊ အောက်စီဂျင်စက်ရုံ၊ ဆေးပစ္စည်းလုပ်ငန်း၊ ပိုက်နှင့်ပိုက်ဆက်ပစ္စည်း၊ စတီးအမိုးပြား၊ အထည်ချုပ် စက်ရုံ စသည့် စက်ရုံ ၁၄ ရုံ အမြန် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

နေပြည်တော်ကောင်စီနယ်မြေ စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်မြန်မာ့သစ်လုပ်ငန်းမှ သစ်စက် ၅ စက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှရေသန့်စက်ရုံ၊ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှဘိလပ်မြေစက်ရုံ၊ အုတ်စက်ရုံ ၂ ရုံ၊ မက်စ်မြန်မာ ကုမ္ပဏီမှ ဘိလပ်မြေစက်ရုံ၊ ယုဇနကုမ္ပဏီလီမိတက်မှ သကြားစက်ရုံ၊ International Gate Way Company မှ သကြားစက်ရုံ ၂ ရုံ နှင့် အခြားစက်မှုလက်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်အစီ အစဉ်ဖြင့် ၄၁ ရွာ၊ ဒီဇယ်ဆီဖြင့် ၁ ရွာ၊ စပါးခွံသုံး စက်ဖြင့် ၁ ရွာ စုစုပေါင်း ၄၃ ရွာ မီးလင်းအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးငန်းမှ မွန်းတည့်ခွင် - ကျည်တောင် - ခေါ်မ - နေပြည်တော်ပတ်လမ်း ၂၂ မိုင်၊ ပျဉ်းမနား- တောင်ညို- ချောင်းနက် - တောင်တွင်းကြီးလမ်း ၃၂ မိုင် ၂ ဖာလုံ၊ စမတောင်အဝင်လမ်း ၄ မိုင် ၂ ဖာလုံ၊ နေပြည်တော်-ကင်းသာ-ကိုးကွေ့-ပင်လောင်းလမ်း ၂၀ မိုင် ၄ ဖာလုံ၊ ကမ်းပါးနီ-သဲဖြူလမ်း၊ နေပြည်တော်-တောင်ညိုမြို့သစ်-ကံပြား-မကွေးလမ်း၊ ကုန်ထုတ် ဆက်သွယ်ရေးလမ်း၊ ရန်ကုန် - မန္တလေးအမြန်လမ်း ၅၇ မိုင်စသည့် လမ်းတိုးချဲ့ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ လမ်းများပြုပြင်ထိမ်းသိမ်းခြင်း၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)၊ မွေး/ဆေးတက္ကသိုလ် (ရေဆင်း)၊ သစ်တောတက္ကသိုလ် (ရေဆင်း) များတွင် ကျောင်းဆောင်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဒက္ခိဏသီရိမြို့နယ်တွင် ဟိုတယ်အသစ် ၃ လုံး စတင်ဆောက်လုပ်လျက်ရှိ ပါသည်။

ဆည်မြောင်းဦးစီးဌာနမှ ပေါင်းလောင်း ရေလှောင်တမံစီမံကိန်း၊ ချောင်းမငယ် ရေလှောင်တမံစီမံကိန်း၊ မဒန်းရေလှောင်တမံစီမံကိန်း၊ ဖောင်းလောင် ရေလှောင်တမံစီမံကိန်း၊ နေပြည်တော်စိမ်းလန်းစိုပြေရေးအတွက် ရေကန်တိုးချဲ့ တူးဖော်ခြင်းစီမံကိန်းများကို ဆောင်ရွက် ခဲ့ပါသည်။ ငလိုက်တူးမြောင်းများ၊ ရေဆင်းတူးမြောင်းများ ကျောက်လိုင်နင်စီခြင်းနှင့် ဆင်သေ တူးမြောင်းများ ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။နေပြည်တော်ကောင်စီ နယ်မြေ အထူးဖွံ့ဖြိုးရေးစီမံကိန်းမှလမ်း၊ တံတားတည်ဆောက်မှုများ၊ အဆောက်အဦ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကကိုယ်ထူကိုယ်ထ လမ်းတံတားတည်ဆောက်ခြင်း၊ သာသနိကအဆောက်အဦ ဆောက်လုပ်ခြင်းများကို တိုးချဲ့လုပ်ဆောင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာပြီး နေပြည်တော် အခြေပြု ယာဉ်လိုင်းအသင်း ၁၉ သင်း၊ အခြားဒေသအခြေစိုက် ယာဉ်လိုင်းအသင်း ၅၁ သင်း တို့မှ တိုင်းဒေသကြီး/ ပြည်နယ် ၃၅ မြို့သို့ ကွန်ယက်သဖွယ် ပြေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။ ယာဉ်လိုင်းအသင်း ၃ သင်း၊ အခြားဒေသအခြေစိုက် ယာဉ်လိုင်းအသင်း ၅ သင်း တိုးတက် ခဲ့ပါသည်။ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးမှ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်- မန္တလေး၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်- မြင်းခြံ ခရီးစဉ်များဖြင့် နေ့စဉ် အစုန်အဆန် ပြေးဆွဲလျက် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေး စီမံဆောင်ရွက် ပေးလျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** WCDMA (Mobile) (၁၅၀၀ကျပ်) ဖုန်းလုံးရေ ၆၃၆,၁၇၈ လုံး နှင့်အော်တိုတယ်လီဖုန်း ၆၇၅ လုံး ကို ရောင်းချပေးနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ပုဂ္ဂလိကဘဏ်များဖြစ်သော ရိုးမဘဏ်ခွဲ ၁ ခု၊ ကမ္ဘောဇ ဘဏ်ခွဲ ၄ ခု၊ မြဝတီဘဏ်ခွဲ ၂ ခု၊ အသေးစားနှင့်အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေး ဘဏ်ခွဲ ၁ ခု၊ ပထမပုဂ္ဂလိက ဘဏ်ခွဲ ၁ ခု၊ ထွန်းဖောင်ဒေးရှင်းဘဏ်ခွဲ ၁ ခု၊ ဧရာဝတီဘဏ်ခွဲ ၂ ခု၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်ခွဲ ၁ ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ ၂ ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ ၁ ခု၊ မြန်မာနိုင်ငံသားများဘဏ်ခွဲ ၁ ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်ခွဲ ၁ ခု၊ ကမ္ဘာ့ရတနာ ဘဏ်ခွဲ ၂ ခု၊ အာရှ-ရန်ကုန်ဘဏ်ခွဲ ၁ ခုနှင့် စည်ပင်သာယာရေးဘဏ်ခွဲ ၁ ခု စုစုပေါင်းဘဏ်ခွဲ ၂၂ ခု မှ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ပျဉ်းမနားမြို့နယ် မူလတန်းကျောင်း ၂၀ တွင် RCC တစ်ထပ် ကျောင်းဆောင်သစ် ၂၀၊ တပ်ကုန်းမြို့နယ်တွင် မူလတန်း ကျောင်း ၅ ကျောင်း အတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၅ ဆောင်၊ လယ်ဝေးမြို့နယ်တွင် မူလတန်းကျောင်း ၁၄ ကျောင်း အတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၁၄ ဆောင်၊ အလယ်တန်းကျောင်း ၅ ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၅ ဆောင်၊ အထက်တန်းကျောင်း ၃ ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၃ ဆောင်၊ ဇေယျာသီရိမြို့နယ် မူလတန်းကျောင်း ၄ ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၄ ဆောင်၊ ဇမ္ဗူသီရိမြို့နယ်တွင် အထက်တန်းကျောင်းခွဲအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၁ ဆောင်၊ ပုဗ္ဗသီရိမြို့နယ်တွင် မူလတန်း ကျောင်း ၄ ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၄ ဆောင်၊ အထက်တန်းကျောင်း ၁ ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၁ ဆောင်၊ ဥတ္တရသီရိမြို့နယ်တွင် မူလတန်းကျောင်း ၁ ကျောင်းအတွက် RCC တစ်ထပ်ကျောင်းဆောင်သစ် ၁ ဆောင်၊ အထက်တန်း ကျောင်းခွဲ ၁ ကျောင်း အတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၁ ဆောင်၊ ခရိုင် ပညာရေးမှူးရုံး အတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၁ ဆောင်၊ ဒက္ခိဏသီရိမြို့နယ်တွင် မူလတန်းကျောင်း ၃ ကျောင်းအတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၁ ဆောင်၊ အ.လ.ကခွဲ တစ်ကျောင်း အတွက် RCC တစ်ထပ် ကျောင်းဆောင်သစ် ၁ ဆောင် တည်ဆောက်ခဲ့ပါသည်။

နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံ ဝန်ထမ်းအိမ်ရာနှင့် အခြားဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နေပြည်တော် နိုင်ငံ့ဝန်ထမ်းများဆေးရုံတွင် ဝန်ထမ်းအိမ်ရာနှင့် အကြီးစား မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ လယ်ဝေးမြို့နယ် သစ်ပုတ်ပင် ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် အခြားမြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန ၁၄ ခု၊ တပ်ကုန်း

ရွှေမြို့၊ လယ်ဝေး၊ သာဝတ္တိ၊ တောင်ညိုတို့တွင် ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁ ရုံစီ အသစ်တည်ဆောက်ခြင်း၊ပျဉ်းမနား ကုတင်၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**ဟိုတယ်၊ တည်းခိုခန်းနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကပိုင်အခန်းတွင် ပွင့်လင်းရာသီဖြစ်သဖြင့် ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိ စေတီတော်၊ ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိုင်းရင်းသားကျေးရွာများသို့ ကမ္ဘာလှည့်ခရီးသည်နှင့် ပြည်တွင်းခရီးသွားများ ပိုမိုဝင်ရောက်လာသဖြင့် ဟိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားလုပ်ငန်းများ၏ ဝင်ငွေများ၊ Toll Gate လုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်ထားသော ဈေးများ၊ ပွဲရုံများမှတဆင့် လူသုံးကုန်ပစ္စည်းနှင့် စပါး၊ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံသီးနှံများအား ဖြန့်ဖြူးရောင်းချ လျက်ရှိပါသည်။ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးတွင် ကုန်စိမ်း လက်ကားဒိုင် ၇ ခုဖြင့် ရှမ်းပြည်နယ်အောင်ပန်းနှင့် တပ်ကုန်းမြို့တို့မှ ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများ တင်သွင်းရောင်းချလျက်ရှိပါသည်။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့မှ ဆန်တင်သွင်းမှုရှိပြီး ပြောင်းနှင့် မတ်ပဲကို အခြားဒေသများသို့ တင်ပို့ပါသည်။

**အခန်း(၇)**

## ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်အကောင်အထည်ဖော်ရာတွင်ပုဂ္ဂလိက ကဏ္ဍ မြှင့်တင်မှုဆောင်ရွက်ခြင်းသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း (Privatization) နှင့် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်း(Deregulation) များအပြင် အစိုးရနှင့် ပုဂ္ဂလိကတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Private Public Partnership PPP ) ပုံစံဖြင့် ဆောင်ရွက်ခြင်းများ ရှိပါသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု ကို လှိုင်းသုံးလှိုင်းဖြင့် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာ တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း ၏ မူဘောင်များကို အရှိန်အဟုန်မြှင့် ဆက်လက် အကောင်အထည်ဖော်လျက်ရှိပြီး ပုဂ္ဂလိက ကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကိုလည်း အလေးထားဆောင်ရွက်လျက် ရှိပါ သည်။

နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍတွင် တစ်ခုအပါအဝင် ဖြစ်သော ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့် ၁၉၁၄ ကုမ္ပဏီများအက်ဥပဒေတို့အရ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိက လုပ်ငန်း ရှင်များမှ တိုးချဲ့ရင်းနှီး မြှုပ်နှံနိုင်ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂၀၁၂) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှစ်ရပ်အား ဥပဒေတစ်ရပ်တည်းဖြစ်သည့် ရင်းနှီး မြှုပ်နှံမှုဥပဒေပေါ်ထွက်လာစေရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(International Finance Corporation-IFC) နှင့် ပူးပေါင်း၍ ရေးဆွဲလျက်ရှိရာ ဒုတိယ(မူကြမ်း)အား ဌာန၏ Website နှင့် ပြည်သူပိုင်သတင်းစာတို့တွင် ဖော်ပြပြီး ပြည်သူလူထု၏ သဘောထားအမြင်များကို တောင်းခံလျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အား အာရှ ဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီဖြင့် အသစ်ပြန်လည်ရေးဆွဲခဲ့ရာ အခန်း(၁) မှ အခန်း (၈)အထိအား ဌာန၏ Website နှင့် ပြည်သူပိုင်သတင်းစာတို့တွင် ဖော်ပြပြီး ပြည်သူလူထု၏ သဘောထားအမြင်များကို တောင်းခံလျက်ရှိပါသည်။

### ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား များစွာဖြေလျှော့ပေးမှုကြောင့် အမေရိကန် စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့ပေးခဲ့သည့်နောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သိသာစွာ

တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုသင်တန်းများ၊ ဆွေးနွေးပွဲများအား ကွင်းဆင်း ဆွေးနွေး လျက်ရှိပါသည်။ ကုမ္ပဏီပိုင်းဆိုင်ရာများကိုလည်း ဖြေလျော့ပေးလျက်ရှိရာ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရာတွင် ယခင်လုပ်ငန်းအဆင့်(၁၁)ဆင့်မှ ယခုလုပ်ငန်းအဆင့်(၄)ဆင့်သို့ လျှော့ချခဲ့ပြီးဖြစ်၍ ကြာမြင့်ချိန်အနေဖြင့် ယခင်(၇)ရက်မှ ယခု(၃)ရက်သို့ လျှော့ချပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ရင်းနှီးမြှုပ်နှံသူဖက်မှ တင်ပြလာသော အချက်အလက်များ ပြည့်စုံပါက ချက်ချင်းဆောင်ရွက်ပေးပါသည်။

၄။ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာကိစ္စ၊ အလုပ်သမား မှတ်ပုံတင်ဆိုင်ရာကိစ္စများ ဆောင်ရွက်ပေးခြင်း နှင့် ရင်းနှီးမြှုပ်နှံမှုသတင်း အချက်များပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လို၍ လာရောက်စုံစမ်းသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့များကို ဖြေကြားပေးခြင်းများ ပြုနိုင်ရန် အတွက် ဌာနပေါင်း (၁၃) ခုမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာရှိများ ပါဝင်လျက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ (OSS) ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်အား ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး နေပြည်တော်ရုံးခွဲအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး ရုံးခွဲအား ၂၀၁၄ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်ရုံးခွဲကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် လည်းကောင်း၊ မော်လမြိုင်ရုံးခွဲကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ်ဆောင်ရွက် ပေးလျက်ရှိပါသည်။ ထို့အပြင် ဖွင့်လှစ်ရန် ကျန်ရှိနေသော တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲ များအားဆက်လက်၍ ဖွင့်လှစ်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**ဥပဒေဆိုင်ရာ ကိစ္စရပ်များ**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ဥပဒေနှင့် ဆက်စပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) စီးပွားရေးလုပ်ငန်းအမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာ အမှတ် ၄၉/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ခဲ့ပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် ရယူရန်လိုအပ်သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ စာရင်းကို သီးခြားအမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ (ည) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေပုဒ်မ ၁၁ (ဠ) တို့ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ပေးရန် မလိုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာ အမှတ် ၅၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ဩဂုတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာ ခဲ့ပါသည်။

**ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းဖြေလျော့မှုများ**

နိုင်ငံတော်၏ စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူ မြန်ဆန်စေရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီပိုင်းဆိုင်ရာ ဖြေလျော့မှု များကို အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | ယခင်ဆောင်ရွက်ပေးမှု | ယခု ဆောင်ရွက်ပေးမှု |
|---|---|---|
| (က) | ကုမ္ပဏီ ဖွဲ့စည်း မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းများကို ရုံးချုပ်အနေဖြင့် နေပြည်တော်တစ်ရုံးတည်းတွင်သာ ဆောင်ရွက် ပေး ခဲ့ပါသည်။ | ၂၀၁၂ ခုနှစ် ဇွန်လတွင် ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)၊ ၂၀၁၄ခုနှစ် ဧပြီလတွင် မန္တလေးတိုင်းဒေသကြီး (ရုံးခွဲ)၊ ၂၀၁၄ခုနှစ် ဩဂုတ်လတွင် ရှမ်းပြည်နယ်(ရုံးခွဲ)နှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် မွန်ပြည်နယ်(ရုံးခွဲ) များအဖြစ် ကုမ္ပဏီ ဖွဲ့စည်း မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းများကို ပြည်နယ်/တိုင်းဒေသကြီး ရုံးခွဲ (၄) ရုံး ဖွင့်လှစ် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ |

| စဉ် | ယခင်ဆောင်ရွက်ပေးမှု | ယခု ဆောင်ရွက်ပေးမှု |
|---|---|---|
| (ခ) | ၂၀၁၄ခုနှစ် ဇူလိုင်လတွင် နေပြည်တော် ရုံးချုပ်အား စီးပွားရေးလုပ်ငန်းရှင်များ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ခြင်း နှင့် သက်တမ်း တိုးခြင်းများကို လွယ်ကူ လျင်မြန် ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အတွက် ရန်ကုန်တိုင်းဒေသကြီး တွင် ရုံးချုပ်အဖြစ် ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါ သည်။ | ၂၀၁၄ခုနှစ် ဇူလိုင်လတွင် နေပြည်တော် ရုံးချုပ် အား နေပြည်တော်( ရုံးခွဲ) အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါသည်။ |
| (ဂ) | မြန်မာ ကုမ္ပဏီများ ဖွဲ့စည်း မှတ်ပုံတင် ရာတွင်တံဆိပ်ခေါင်းခွန်ကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးရုံးများတွင်သွားရောက် ပေးဆောင် ရပါသည်။ | ၂၀၁၅ခုနှစ် ဇန်နဝါရီလမှစ၍ ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ရှိ ပြည်တွင်းအခွန် များ ဦးစီးဌာနတွင် တံဆိပ်ခေါင်းခွန်များ ပေးဆောင်ရသဖြင့် တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်၍ အချိန်ကြာမြင့်မှုကို လျှော့ချ နိုင်ခဲ့ပါသည်။ |
| (ဃ) | မြန်မာကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ရာ တွင် အစုရှင် / ဒါရိုက်တာ များမှ တင်ပြ ရမည့် အထောက်အထား များတွင် သန်းခေါင်စာရင်းမိတ္တူတင်ပြရ ပါသည်။ | ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ အစုရှင် / ဒါရိုက်တာများမှတင်ပြရမည့် အထောက် အထားများတွင် သန်းခေါင် စာရင်းမိတ္တူ တင်ပြရန်အချက်အားလျှော့ချခဲ့ပါသည်။ |
| (င) | - | မြန်မာ ကုမ္ပဏီ ဖွဲ့စည်းခွင့် တင်ပြရန် အတွက် လုပ်ငန်းစဉ်များ နှင့် အမည်စစ် ပုံစံများ ကို DICA (Website) တွင် တင်ပြ ထားပါသည်။ |

**e-Government ဆိုင်ရာကိစ္စရပ်များ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များကို လွယ်ကူမှုရှိစေရန်နှင့် Ease of Doing Business ပြည့်မီရန် အောက်ပါအတိုင်း e-Government ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခဲ့ပါသည်-

(က) နေ့စဉ်ခွင့်ပြုပေးသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏများကို DICA Website ၌ နာရီ (၄၀) အတွင်း ပွင့်လင်းမြင်သာစွာ လွှင့်တင်ခဲ့ပါသည်။

(ခ) ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို Online Registration System ဖြင့် ဝန်ဆောင်မှုပေးရာတွင် မှတ်ပုံတင်ပုံစံအား ဌာန၏ Website တွင် ပေးထားခဲ့ပြီး နောင်တွင် ကုမ္ပဏီမှတ်ပုံတင်ခြင်း ကိစ္စရပ်များအား Online မှ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) စာရွက်စာတမ်းများအား လျှော့ချနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးအား Paperless စနစ်ဖြစ်စေရေးအတွက် MIC e-Meeting System အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ် ရုံးခွဲများနှင့်လည်း E1 Line စနစ်အသုံးပြု၍ ကုမ္ပဏီမှတ်ပုံတင်ခြင်းကိစ္စရပ်များကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးခဲ့ပါသည်။

(င) ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်မြန်ဆန်နိုင်ရန် Database များတည်ဆောက်သွားမည်ဖြစ်ပါသည်။

(စ) ဌာန၏ Website အား Static Website မှ Dynamic Website သို့ ပြောင်းလဲသွားမည် ဖြစ်ပါသည်။

(ဆ) ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို Online မှ တင်ပြနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များ တင်ပြရာတွင် တည်ရှိမှုလမ်းကြောင်းအား Online မှ သိရှိနိုင်ရန်အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာများ တင်ပြလာမှုအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ဇယား(၇-၁) ကဏ္ဍအလိုက် ခွင့်ပြုထားသော မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အခြေအနေ**

**ကျပ်သန်း**

| **စဉ်** | **လုပ်ငန်းကဏ္ဍ** | **၁၉၉၄- ၉၅ မှ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အထိ** | **အစီရင်ခံသည့် ကာလ (၁-၁၀-၂၀၁၄ ) မှ (၃၁-၃-၂၀၁၅)ထိ** | **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု** |
|---|---|---|---|---|
| (က) | ဆောက်လုပ်ရေး ကဏ္ဍ | ၈၇၅၀၆၁.၀၃ | ၈၇၂၀၂.၅၇ | ၁၄၁၇၄၇.၀၃ |
| ( ခ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၄၅၅၃၈၃.၇၆ | - | - |
| ( ဂ) | စက်မှုကဏ္ဍ | ၁၃၃၅၆၅၈.၃၄ | ၆၂၁၈၃.၃၉ | ၉၀၄၀၈.၇၇ |
| (ဃ) | အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၆၁၇၁၃၁.၄၃ | - | ၄၆၈၃၄၉.၄၇ |
| ( င) | သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၅၆၀၈၇၄.၇၂ | ၁၆၁၇၂၃.၅၄ | ၁၆၁၇၂၃.၅၄ |
| ( စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၃၀၆၆၃.၇၇ | ၂၆၀၀.၀၀ | ၃၁၈၈.၃၁ |
| (ဆ) | သတ္တုကဏ္ဍ | ၁၃၈၅၇.၉၂ | ၈၅၀.၀၀ | ၈၅၀.၀၀ |
| ( ဇ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၈၄၈၃၉၅.၇၀ | ၁၈၁၃၇၅.၆၆ | ၂၀၂၃၇၅.၆၆ |
| ( ဈ) | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | ၃၁၄၉၆၁.၀၄ | - | ၁၄၂၄၈.၂၅ |
| (ည) | လယ်ယာကဏ္ဍ | ၄၉၃၂၄.၃၉ | ၄၈၇၇၆.၄၉ | ၄၈၇၇၆.၄၉ |
| ( ဋ) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၅၉၅၉၈၅.၂၁ | ၇၄၉၄၀.၇၀ | ၇၅၂၅၄.၄၅ |
| | **စုစုပေါင်း** | **၅၆၉၇၂၉၇.၃၁** | **၆၁၉၆၅၂.၃၅** | **၁၂၀၆၉၂၁.၉၇** |

## ဇယား(၇-၂) တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ရှိဆောင်ရွက်နေသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

ကျပ်သန်း

| စဉ် | လုပ်ငန်းကဏ္ဍ | ၁၉၉၄- ၉၅ မှ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အထိ | အစီရင်ခံသည့်ကာလ (၁-၁၀-၂၀၁၄ ) မှ (၃၁-၃-၂၀၁၅)ထိ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု |
|---|---|---|---|---|
| (က) | ရန်ကုန်တိုင်းဒေသကြီး | ၂၄၅၉၉၅၀.၃၄ | ၁၆၈၃၆၉.၄၇ | ၆၄၉၉၆၅.၂၂ |
| ( ခ) | မန္တလေးတိုင်းဒေသကြီး | ၇၃၄၈၇၂.၂၆ | ၉၂၉၄.၇၄ | ၃၂၉၅၄.၆၈ |
| ( ဂ) | နေပြည်တော် | ၃၈၂၆၇၆.၅၃ | ၂၃၆၆၂၂.၇၇ | ၂၃၆၆၂၂.၇၇ |
| (ဃ) | တနင်္သာရီတိုင်းဒေသကြီး | ၃၂၈၉၁၈.၁၁ | ၆၂၈၆၄.၄၉ | ၉၅၆၄၈.၃၀ |
| ( င) | ရှမ်းပြည်နယ် | ၂၉၆၃၀၉.၆၄ | ၅၆၇၉၇.၇၂ | ၉၄၁၄၅.၉၇ |
| ( စ) | ပဲခူးတိုင်းဒေသကြီး | ၂၉၅၂၈၄.၇၀ | ၁၇၅၂၄.၁၀ | ၁၇၅၂၄.၁၀ |
| (ဆ) | မွန်ပြည်နယ် | ၂၁၁၉၀၆.၆၈ | ၁၀၀၀၀.၀၀ | ၁၀၀၀၀.၀၀ |
| ( ဇ) | ကယားပြည်နယ် | ၁၇၇၀၁၆.၃၃ | - | - |
| ( ဈ) | ဧရာဝတီတိုင်းဒေသကြီး | ၁၃၂၄၃၇.၀၃ | ၅၃၅၁.၇၈ | ၁၃၇၅၁.၇၈ |
| (ည) | ကချင်ပြည်နယ် | ၁၀၂၂၇၂.၉၅ | - | - |
| ( ဋ) | စစ်ကိုင်းတိုင်းဒေသကြီး | ၅၃၂၈၆.၇၅ | ၁၄၂၃၆.၇၄ | ၁၇၇၁၈.၆၁ |
| (ဌ) | ရခိုင်ပြည်နယ် | ၄၉၆၈၀.၃၆ | ၁၈၂၈၅.၇၇ | ၁၈၂၈၅.၇၇ |
| (ဍ) | မကွေးတိုင်းဒေသကြီး | ၁၁၀၃၉၁.၁၇ | ၁၉၃၀၄.၇၇ | ၁၉၃၀၄.၇၇ |
| (ဎ) | ကရင်ပြည်နယ် | ၁၀၀၃၂.၉၁ | ၁၀၀၀.၀၀ | ၁၀၀၀.၀၀ |
| | **စုစုပေါင်း** | **၅၃၄၅၀၄၅.၇၆** | **၆၁၉၆၅၂.၃၅** | **၁၂၀၆၉၂၁.၉၇** |

## ဇယား(၇-၃) အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု

(ဦးရေ)

| စဉ် | ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | |
|---|---|---|---|---|---|
| | | FIL | MCIL | FIL | MCIL |
| ၁ | စက်မှုကဏ္ဍ | ၃၃၂၈၀၃ | ၁၉၄၅၆၄ | ၁၀၅၈၄၁ | ၆၇၉၂ |
| ၂ | ဆောက်လုပ်ရေးကဏ္ဍ | ၈၅၅ | ၂၃၆၃၅ | | ၉၄၈ |
| ၃ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂၀၅၃၉ | ၁၃၅၈၂ | ၂၆၀၉ | ၁၉၆ |
| ၄ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁၅၆၃၁ | ၉၄၉၄ | ၇၇၉ | ၃၀၃၁ |
| ၅ | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း | ၁၂၆၀၃ | ၈၇၅၇ | ၂၂၈၆ | ၂၅၉ |
| ၆ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁၃၇၈၁ | ၄၅၇၆ | ၂၇၇၃ | ၅၁၀ |
| ၇ | သတ္တုတွင်းကဏ္ဍ | ၁၁၇၅၃ | ၃၅၀၀ | ၁၂၃ | ၃၈ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၂၅၈၀၇ | ၃၃၅၈ | ၂၉ | - |
| ၉ | စိုက်ပျိုးရေးကဏ္ဍ | ၁၂၆၁၁ | ၈၄၉ | ၂၁၈၁ | ၁၅၈ |
| ၁၀ | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁၄၅၅ | ၄၂၇ | - | ၁၁၂ |
| ၁၁ | ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ | ၂၀၃၁ | - | ၅၄ | - |
| ၁၂ | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၄၀၄ | ၅၈၀၀ | ၁၄၁၂ | ၇၁၆ |
| | **စုစုပေါင်း** | **၄၅၄၂၉၃** | **၂၆၈၅၄၂** | **၁၁၈၀၈၇** | **၁၂၇၆၀** |

## နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အနေဖြင့် ကုမ္ပဏီထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျှော့မှုများ စနစ်တကျ ဆောင်ရွက်ပေးခဲ့နိုင်ခြင်းကြောင့် ကုမ္ပဏီထူထောင် ဆောင်ရွက်နိုင်မှု တိုးတက်လာသည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်

## ဇယား(၇-၄) နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

(အရေအတွက်)

| စဉ် | ကုမ္ပဏီအမျိုးအစား | ၁၉၈၈- ၈၉ မှ ၂၀၁၄ -၂၀၁၅ ထိ | အစီရင်ခံသည့် ကာလ (၁-၁၀-၂၀၁၄ ) မှ (၃၁-၃-၂၀၁၅) ထိ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| (က) | ပုဂ္ဂလိကကုမ္ပဏီ | ၄၃၂၂၆ | ၂၉၄၁ | ၆၂၆၈ |
| (ခ) | အများနှင့်သက်ဆိုင်သော ကုမ္ပဏီ | ၁၉၂ | ၂၆ | ၅၂ |

**အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း**

၁၀။ ပုဂ္ဂလိကကဏ္ဍ စနစ်တကျ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အသင်းအဖွဲ့ပေါင်း ၉၅ သင်းနှင့် ဖက်စပ်ကုမ္ပဏီ ၇၆ ခု တို့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ အသင်းပေါင်း ၄ သင်းနှင့် ဖက်စပ်ကုမ္ပဏီ ၂ ခုတို့ ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း အသင်းပေါင်း ၁၂ သင်း နှင့် ဖက်စပ်ကုမ္ပဏီ ၄ ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၁၁။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍမှ ဖြေလျော့မှုများ၊ ပွင့်လင်းမြင်သာမှုများစွာ ပြုလုပ်ပေးသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း များစွာဖန်တီးပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးသည် မိမိတို့၏ ပြည်တွင်းစီးပွားရေးဆိုင်ရာ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်(Corporate Social Responsibility CSR) တို့အား ဖွံ့ဖြိုးမှုအတွက် ရှေးရှုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## အခန်း (၈)

## အထူးစီးပွားရေးဇုန်များ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

### ထားဝယ်အထူးစီးပွားရေးဇုန် ၏ ဆောင်ရွက်နေမှုအခြေအနေများ

**(က) Project Management Officer (PMO) ရွေးချယ်ခြင်း။**

ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦး စီမံကိန်းများအတွက် Project Management Officer (PMO) အဖြစ် ဆောင်ရွက်ရန် Roland Berger Strategy Consultant ကုမ္ပဏီအား ရွေးချယ်ခဲ့ပါသည်။ ယင်းကနဦး စီမံကိန်းလုပ်ငန်းများအတွက် ITD ကုမ္ပဏီ နှင့် ဂျပန်အဖွဲ့တို့အား Selective Bidding (Limited Tender) ခေါ်ယူသွားမည် ဖြစ်ပါ သည်။ တင်ဒါအောင်မြင်သူကို ပွင့်လင်းရာသီဖြစ်သည့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် စတင်လုပ်ကိုင်နိုင်စေရန် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**(ခ) အစည်းအဝေးများကျင်းပမှု**

(၁) ထားဝယ်အထူး စီးပွားရေး ဇုန်နှင့် ဆက်စပ်စီမံကိန်းများ၏ ကနဦးစီမံကိန်း လုပ်ငန်းတွင် ပါဝင်သည့် 2-Lane Road Project ကိစ္စ၊ ဂျပန်နိုင်ငံပါဝင်မည့် ကိစ္စများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၂) ကနဦး စီမံကိန်းလုပ်ငန်းများအတွက် Concession Agreement များအား လက်မှတ်ရေးထိုးခြင်းမပြုမီ အီတာလျံ-ထိုင်း ကုမ္ပဏီမှ မြို့ပြအိမ်ယာ၊ ၂-လမ်းသွား ကားလမ်းနှင့် ကနဦးစက်မှုနယ်မြေတို့တွင် ကြိုတင်လုပ်ငန်းများ ဆောင်ရွက်မည့် ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၃) မြန်မာ-ထိုင်း ဆက်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် မဲဆောက်နှင့် မြဝတီလမ်း ပိုင်းအတွက် ထိုင်းဘတ် (၁) ဘီလီယံ ထောက်ပံ့ငွေ နှင့် ထားဝယ်အထူးစီးပွားရေး ဇုန်နှင့် မြန်မာ-ထိုင်း နယ်စပ် ကမ်ချနဘူရီ (ဖူနမ်ရွမ်) လမ်းပိုင်းအတွက် ထိုင်းဘတ် (၄) ဘီလီယံ ချေးငွေဖြင့် တည်ဆောက်မည့် လုပ်ငန်းများဆိုင်ရာ အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပ ခဲ့ပါသည်။

(၄) Diplomatic Tour 2015 ခရီးစဉ် အတွင်း ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ အခြေအနေနှင့်ပတ်သက်၍ ထားဝယ်မြို့၊ နဘူးလည် ဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် လာရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။

**(ဂ) နိုင်ငံခြားသားများတာဝန်ထမ်းဆောင်မှု**

ထားဝယ်အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားသား ကျား (၄၃၈)ဦး နှင့် မ (၉၂) ဦး စုစုပေါင်း (၅၃၀) ဦး ရောက်ရှိ တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

**၂၀၁၄ ခုနှစ်တွင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အောက်ပါ သုတေသန လုပ်ငန်း စီမံချက် ၃ ခုကို ဆောင်ရွက်ခဲ့ပါသည်-**

(က) **မြန်မာနိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ တောင်ဖက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးမှုတိုးတက်စေရေး သုတေသန။** မြန်မာနိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်း၊ အဓိက စက်မှုလုပ်ငန်းများ၏ ဖြစ်နိုင်စွမ်းရှိသည့် ဈေးကွက်၊ အထူးစီးပွားရေးဇုန် အားလုံးနှင့် စက်မှုနယ်ပယ်အတွက် အခန်းကဏ္ဍများ၊ မဲခေါင်-အိန္ဒိယတောင်ဖက် စီးပွားရေး စင်္ကြံ ဖွံ့ဖြိုးမှု တိုးမြှင့် စေရေးနှင့် တရားဝင်ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ခြင်းတို့ကို အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသန ဌာန (Economic Research Institute for ASEAN and East Asia -ERIA)၊ Daiwa သုတေသန အဖွဲ့အစည်းများ၊ အခြားကျွမ်းကျင်သူများနှင့် ပူးပေါင်းလျက် ERIA မှ JAIF အထောက်အပံ့ အမေရိကန် ဒေါ်လာ ၃၀၀,၀၀၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ခ) **ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ လေ့လာသုံးသပ်ရေး သုတေသန။** ပတ်ဝန်းကျင်လေ့လာသုံးသပ်မှုအကောင်အထည် ဖော်ရေး သုတေသန၊ အိမ်ရာ ပြန်လည် နေရာချထားခြင်း၊ smart community စတင်ခြင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် တရားဝင်စနစ် တိုးတက်စေရေး၊ အထူးစီးပွားရေးဇုန်ရှိ အခြေခံစက်မှုလုပ်ငန်းများစတင်ခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုကို စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာန (Ministry of Economy, Trade and Industry -METI) (Pacific Consultants Co., Ltd. နှင့် အခြားကျွမ်းကျင်သူများ ပူးပေါင်းလျက် METI အထောက်အပံ့ အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုအတွက် ပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍ အကြား ငွေရေးကြေးရေး ပူးပေါင်း ဆောင်ရွက်ရေး သုတေသန။** ထားဝယ်အထူးစီးပွားရေးဇုန်ရှိ စက်မှုလုပ်ငန်းနှင့် အခြေခံ အဆောက်အအုံအတွက် ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ အကြား ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်ရေး သုတေသန၊ မြန်မာနိုင်ငံ အများပိုင်ရန်ပုံငွေ၊ တရားဝင် ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ခြင်း ကို အာဆီယံ နှင့် အရှေ့အာရှ စီးပွားရေး သုတေသနဌာန (Economic Research Institute for ASEAN and East Asia -ERIA) နှင့် Japan Research Institute နှင့် အခြား ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ERIA မှ JAIF အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၀၀,၀၀၀ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**သီလဝါ အထူးစီးပွားရေးဇုန်**

**(က) တွေ့ဆုံဆွေးနွေးမှုများ**

(၁) သီလဝါ အထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများ စတင် လုပ်ကိုင်နိုင်ရန် အတွက် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် မြန်မာ အထူးစီးပွားရေးဇုန်ဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ(က)နှင့်အညီ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၈၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

(၂) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် ပတ်သက်သော ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၃) One Stop Services Center ဌာနဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်စေရေး ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့၊ ဖေဖော်ဝါရီ ၃ ရက်နေ့ တို့တွင် ဆွေးနွေးခဲ့ပါသည်။

(၄) သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံအဆောက်အဦးများ ဆောက်လုပ်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ၊ Construction Approval နှင့် Single license for contractor ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၅) သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းမှ ပြောင်းရွှေ့ခဲ့သည့် အိမ်ထောင်စုများ၏ ဝင်ငွေမူလ အခြေအနေသို့ ရောက်ရှိရေးအစီအစဉ် (Income Restoration Program) ဆိုင်ရာ ကိစ္စရပ်များနှင့် ကုမ္ပဏီ ဖွဲ့စည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၆) သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ဧရိယာ ၄၀၀ ဟက်တာမှ ပြောင်းရွှေ့ခဲ့သည့် အိမ်ထောင်စုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ တွင် ဆွေးနွေးခဲ့ပါသည်။

(၇) ရင်းနှီးတည်ဆောက်သူ ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ရင်းနှီးမြှုပ်နှံခွင့် ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် အခွန်ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၈) ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် သီလဝါ အထူးစီးပွားရေးဇုန် အခြေခံ အဆောက်အအုံဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၉) သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ကုမ္ပဏီဖွဲ့စည်းခြင်းကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆,၂၇,၂၉ ရက်နေ့ တို့တွင် ဆွေးနွေးခဲ့ပါ သည်။

(၁၀) Application Procedure ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၁) သီလဝါအထူးစီးပွားရေးဇုန် Approval and License Procedures ၊ သီလဝါအထူးစီးပွားရေးဇုန် Commercial Tax and Withholding Tax နှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀, ၂၂ ရက်နေ့ တို့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၂) သီလဝါ အထူး စီးပွားရေး ဇုန် ပထမအဆင့် ဧရိယာ ၄၀၀ ဟတ်တာ၏ Resettlement Work Plan နှင့် Income Restoration Program ဆောင်ရွက်ခဲ့မှုကို ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၃) ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်

(၁၄) Logistics လုပ်ငန်းကို မြန်မာနိုင်ငံသားနှင့် ဖက်စပ်ဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၅) ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် သီလဝါအထူးစီးပွားရေးဇုန် ဧရိယာအတွင်းရှိ အိမ်ထောင်စုများ၏ လူမှုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဆွေးနွေး ခဲ့ပါသည်။

(၁၆) သီလဝါအထူးစီးပွားရေးဇုန်ရှိ စီမံကိန်းများ၏ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၇) ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် Form 6 တင်ပြရန် ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၈) Building Permit လျှောက်ထားခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့နှင့် ၁၁ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၁၉) Transaction Business လုပ်ငန်းဆောင်ရွက်ရန်ကိစ္စကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၂၀) ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာအပေါ် စိစစ်ခြင်း၊ သုံးသပ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၃,၁၄ ရက်နေ့ တို့တွင် ဆွေးနွေးခဲ့ပါသည်။

(၂၁) Construction Permit ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ရက်နေ့၊ ၁၇ ရက်နေ့နှင့် ၂၅ရက်များတွင် ဆွေးနွေးခဲ့ပါသည်။

(၂၂) သီလဝါ အထူးစီးပွားရေးဇုန် ဒုတိယအဆင့် စီမံကိန်းဧရိယာ ၂၀၀၀ ဟက်တာရှိ အိမ်ထောင်စုများ၏လူမှုစီးပွားအခြေအနေစစ်တမ်းဒုတိယအကြိမ် ကောက်ယူခြင်း ကိစ္စ နှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၂၃) ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ Contractor မှတ်ပုံတင် စာရင်းသွင်းခြင်း ကိစ္စ နှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၂၄) သီလဝါအထူးစီးပွားရေးဇုန် အတွေ့အကြုံများ ရှင်းလင်းခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဆွေးနွေးခဲ့ ပါသည်။

(၂၅) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိပြီးသည့် မော်တော်ကား ထုတ်လုပ်ခြင်းလုပ်ငန်းကို သီလဝါအထူးစီးပွားရေးဇုန်တွင် ပြောင်းလဲ ဆောင်ရွက်

လိုခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၂၆) Developer Licence ကိစ္စများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့ တွင် ဆွေးနွေးခဲ့ပါသည်။

(၂၇) Investment Permit နှင့် Proposal စိစစ်ခြင်းကိစ္စ များနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဆွေးနွေး ခဲ့ပါသည်။

(၂၈) သီလဝါအထူးစီးပွားရေးဇုန် ဒုတိယအဆင့် စီမံကိန်းဧရိယာ ၂၀၀၀ ဟက်တာကိစ္စ၊ EIA ကိစ္စ၊ Master Plan Modification ကိစ္စများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၂၉) Logestic ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နှင့် ဖေဖော်ဝါရီ ၁၆ ရက်နေ့ တို့တွင်ဆွေးနွေး ခဲ့ပါသည်။

(၃၀) သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းဧရိယာ ၄၀၀ ဟက်တာ အကောင်အထည်ဖော်မှု Progress ကိစ္စ၊IRP ကိစ္စများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာ လ ၂၆ ရက်နေ့ တွင် ဆွေးနွေးခဲ့ပါသည်။

(၃၁) သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်း အပေါ် Approval Permit ထုတ်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၃၂) သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်း ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၊ ၂၊ ၅ ရက်နေ့ တို့တွင် ဆွေးနွေးခဲ့ပါသည်။

(၃၃) သီလဝါ အထူးစီးပွားရေးဇုန် တွင် အကောက်ခွန်ဦးစီး ဌာန၏လုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၃၄) Factory Construction ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဆွေးနွေး ခဲ့ပါသည်။

(၃၅) သီလဝါအထူးစီးပွားရေးဇုန်တွင် ဆောင်ရွက်မည့် ၃၃ KVA Line ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဆွေးနွေးခဲ့ပါ သည်။

(၃၆) သီလဝါ အထူးစီးပွားရေးဇုန်တွင် အသက်မွေးဝမ်းကြောင်း ပြန်လည် ထူထောင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၃၇) နိုင်ငံတကာတွင် လျော်ကြေးပေးသည့် ကိစ္စများကို သင်တန်း လာရောက်ပို့ချရန်ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဆွေးနွေးခဲ့ ပါသည်။

(၃၈) Construction Permit ကိစ္စ နှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၃၉) သီလဝါ အထူးစီးပွားရေးဇုန် တိုးတက်မှုအခြေအနေ နှင့် စပ်လျဉ်း၍ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၄၀) သီလဝါအထူးစီးပွားရေးဇုန် ၂၀၀၀ ဟက်တာ ပြန်လည် နေရာချထားရေးကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၅ ရက် နေ့၊ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တို့တွင် ဆွေးနွေး ခဲ့ပါသည်။

(၄၁) သီလဝါ အထူး စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အဆိုပြုချက် တင်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊၂၆ ရက် ဖေဖော်ဝါရီလ ၁၀ ရက်နေ့များတွင် ဆွေးနွေးခဲ့ပါသည်။

(၄၂) သီလဝါ အထူးစီးပွားရေးဇုန်တွင် Factory ဆောက်လုပ်ရန်နှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ တွင် ဆွေးနွေးခဲ့ပါသည်။

(၄၃) ပြည်ပမှ စက်ပစ္စည်း Spare Parts များ တင်သွင်းခွင့်ပြုပါရန်ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ တွင် ဆွေးနွေး ခဲ့ပါသည်။

(၄၄) သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်မည့် လုပ်ငန်းများ အခြေအနေနှင့် Trading လုပ်ငန်းများ ဆောင် ရွက်ခွင့်ပြုရန် ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၊ ၉၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၁၉၊ ၂၀၊ ၂၆။ ၂၇ ရက် ဖေဖော်ဝါရီလ ၂၊ ၄၊ ၆၊ ၁၈ ရက် မတ်လ ၉၊ ၁၆၊ ၂၅ ရက် နေ့များတွင် ဆွေးနွေးခဲ့ပါသည်။

(၄၅) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း အဆိုပြုချက် တင်ပြခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များ ဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅၊ ၇၊ ၁၅ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၄၆) သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းတိုးချဲ့ရန် ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ တွင် ဆွေးနွေးခဲ့ပါသည်။

(၄၇) သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရေနှင့်လျှပ်စစ်မီးရရှိရေးကိစ္စနှင့် စပ်လျဥ်းသည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။

(၄၈) သီလဝါအထူးစီးပွားရေးဇုန်အတွက် Streategic Envivonmental Assessment Draft ဆောင်ရွက်ထားရှိမှု တင်ပြခြင်းကိစ္စနှင့် စပ်လျဥ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် နေ့တွင် ဆွေးနွေးခဲ့ပါ သည်။

(၄၉) သီလဝါ အထူးစီးပွားရေးဇုန်အတွင်း IPC Building Design ကိစ္စနှင့်စပ်လျဥ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဆွေးနွေး ခဲ့ပါသည်။

(၅၀) သီလဝါအထူးစီးပွားရေးဇုန် အတွင်း စက်ရုံအတွက်လိုအပ်သည့် တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းများ တင်သွင်းရန် ကိစ္စနှင့် စပ်လျဥ်း၍ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

(၅၁) သီလဝါအထူးစီးပွားရေးဇုန်အတွင်း Steel Product လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စနှင့်စပ်လျဥ်း၍ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ တွင် ဆွေးနွေးခဲ့ပါသည်။

(၅၂) သီလဝါအထူး စီးပွားရေးဇုန်အတွင်း ကုမ္ပဏီအစုရှယ်ယာ လွှဲပြောင်းရေးကိစ္စနှင့် စပ်လျဥ်း၍ ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့ တွင် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

**(ခ) အစည်းအဝေးများ ကျင်းပခြင်း**

(၁) အထူးစီးပွားရေးဇုန်အတွင်း One Stop Service လုပ်ငန်းများ လွယ်ကူလျင်မြန် စေရန် ကိစ္စနှင့်စပ်လျဥ်းသည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၈၊ ၂၆ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။

(၂) အထူးစီးပွားရေးဇုန် အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကိစ္စနှင့်စပ်လျဥ်း သည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၃) သီလဝါအထူးစီးပွားရေးဇုန်အတွင်း Investment Permit ထုတ်ပေးရန်ကိစ္စ၊ Trading နှင့် Logestic လုပ်ငန်း ဆောင်ရွက်နေခြင်း ကိစ္စနှင့် စပ်လျဥ်း၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉, ၂၁ ရက်နေ့များတွင် အစည်းအဝေး ကျင်းပခဲ့ပါသည်။

(၄) သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ (၈) ကြိမ်မြောက် သီလဝါ အထူးစီးပွားရေးဇုန် လုပ်ငန်းညှိနှိုင်းရေး အစည်းအဝေးကို ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။

(၅) သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် Investment Permit ထုတ်ပေးရန်ကိစ္စ၊ သီလဝါအထူး

စီးပွားရေးဇုန်အတွင်း Trading နှင့် Logestic လုပ်ငန်းများဆောင်ရွက်ရန်ကိစ္စ နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

(ဂ) **အခြေခံအဆောက်အဦ တည်ဆောက်နေမှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ ။** MJTD Co., Ltd. (Developer) မှ ၂၀၁၅ ခုနှစ် မတ်လအထိ ပထမအဆင့် အေဟက်တာ (၄၀၀)တွင် ဆောက်လုပ်ရေးလုပ်ငန်း၌ ၈၀ရာခိုင်နှုန်း တည်ဆောက်ပြီး ဖြစ်ပါသည်။

(ဃ) **ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအခြေအနေ။** သီလဝါအထူးစီးပွားရေးဇုန်၌ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုမ္ပဏီအမည် | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှုပမာဏ (US$ / သန်း) | နိုင်ငံ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | RK Yangon Steel Co., Ltd. | Manufacturing | 3.00 | Japan | |
| ၂ | Acecook Myanmar Co., Ltd. | Manufacturing | 20.00 | Japan | |
| ၃ | ABBA Aluminium Thilawa Ltd. | Manufacturing | 3.50 | Hong Kong | |
| ၄ | Myanmar Century SteelStructure Ltd. | Manufacturing | 12.00 | Hong Kong | |
| ၅ | Marketech Integrated Manufacturing Co., Ltd. | Manufacturing | 2.00 | Taiwan | |
| ၆ | Thilawa Global Logistic Co., Ltd. | Services | 8.52 | Japan and Hong Kong | |
| ၇ | Thilawa Property Derverlopment Ltd. | Services | - | Myanmar | |
| ၈ | Myanmar Wacoal Co., Ltd. | Manufacturing | 3.00 | Japan | |
| ၉ | Velbon Myanmar Co., Ltd. | Manufacturing | 3.00 | Japan | |
| ၁၀ | Seiji (Myanmar) Co., Ltd. | Manufacturing | 0.75 | Hong Kong | |

(င) **ပစ္စည်းတင်သွင်းမှု အခြေအနေ။ သီလဝါအထူးစီးပွားရေးဇုန်**တွင် အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့် စက်ပစ္စည်းများအား အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည်-

| စဉ် | ကုမ္ပဏီ အမည် | ပစ္စည်း အမျိုးအစား | တန်ဖိုး (US $) | တင်သွင်းခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|
| က | Thilawa Cement & Building Materials Co., Ltd. | - | ၁၁၁၇၈.၀၀ | ၂၃-၁-၂၀၁၅ | |
| ခ | Golden Dowa Eco-System Myanmar Co., Ltd. | - | ၄၁၉၁၀၃.၂၉ | ၂၆-၁-၂၀၁၅ | |
| ဂ | Myanmar Japan Thilawa Development Ltd. | - | ၁၂၀၀.၀၀ | ၂၇-၁-၂၀၁၅ | |
| ဃ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၁၀၀၀.၀၀ | ၁၃-၂-၂၀၁၅ | |
| င | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၅၅၉၈၄၂.၀၀ | ၁၃-၂-၂၀၁၅ | |
| စ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၉၈၄၄၅.၁၂ | ၁၃-၂-၂၀၁၅ | |
| ဆ | Thilawa Cement & Building Materials Co., Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၄၆၇၃.၀၀ | ၁၆-၂-၂၀၁၅ | |
| ဇ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၃၇၀၁၄.၀၀ | ၂၅-၂-၂၀၁၅ | |
| ဈ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၂၉၁၆၈၀.၀၀ | ၂၅-၂-၂၀၁၅ | |
| ည | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၁၄၆၃၂.၇၉ | ၂၅-၂-၂၀၁၅ | |
| ဋ | Lu Thai(Myanmar) Co., Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၃၀၁၈၅၈.၆၃ | ၆-၃-၂၀၁၅ | |
| ဌ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၅၈၄၅၇.၀၀ | ၁၁-၃-၂၀၁၅ | |
| ဍ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၂၆၁၈၉.၀၀ | ၁၆-၃-၂၀၁၅ | |

| စဉ် | ကုမ္ပဏီ အမည် | ပစ္စည်း အမျိုးအစား | တန်ဖိုး (US $) | တင်သွင်း ခဲ့သည့် ရက်စွဲ | မှတ် ချက် |
|---|---|---|---|---|---|
| ဃ | Millcon Engineering Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၂၃၉၁၂၉.၅၃ | ၁၇-၃-၂၀၁၅ | |
| ဏ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၆၆၀၅၉၂.၀၀ | ၁၉-၃-၂၀၁၅ | |
| တ | Foster Electric (Thilawa) Co., Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ | ၃၀၁၃၀၆.၁၇ | ၂၃-၃-၂၀၁၅ | |
| ထ | Thilawa Cement & Building Materials Ltd. | ဘိလပ်မြေကုန်ကြမ်း ပစ္စည်း | ၆၀၀၆၀၀၀.၀၀ | ၂၃-၃-၂၀၁၅ | |
| ဒ | Thilawa Cement & Building Materials Ltd. | ဘိလပ်မြေအိတ်ခွံ အလွတ် | ၅၆၂၅၁.၆၅ | ၂၃-၃-၂၀၁၅ | |
| ဓ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်း | ၂၂၁၀၄၀.၀၀ | ၂၃-၃-၂၀၁၅ | |
| န | Thilawa Cement & Building Materials Ltd. | စက်ပစ္စည်းSpare parts | ၈၈၀၀.၅၉ | ၂၆-၃-၂၀၁၅ | |
| ပ | Myanmar Japan Thilawa Development Ltd. | တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်း | ၃၆၄၅၈၇.၀၀ | ၃၀-၃-၂၀၁၅ | |

**ကျောက်ဖြူအထူးစီးပွားရေးဇုန်**

**(က) တွေ့ဆုံဆွေးနွေးမှု**

(၁) တာမိုးညဲချမ်းသာကုမ္ပဏီ၊ Myanmar Golden Crown နှင့် UMFCCI မှ အဖွဲ့ဝင်တို့သည် အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီ (BEAC) အဖွဲ့နှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက် နေ့တွင် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၂) Energize Myanmar မှ လျှပ်စစ်ဓာတ်အား ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ကျောက်ဖြူအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီ (BEAC)အဖွဲ့ဝင်များနှင့် လာရောက် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

**(ခ) အစည်းအဝေးများ ကျင်းပခြင်း**

(၁) ၂၀၁၄ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပသည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်အတွင်း ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ အစည်းအဝေးကျင်းပခဲ့ ကြပါသည်။

(၂) ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၂ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အစည်းအဝေး ကျင်းပခဲ့ ကြပါ သည်။

(၃) Master Plan အတည်ပြုရေးဆွဲခြင်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အစည်းအဝေး ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ ပါသည်။

(၄) ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းများ ဖွင့်လှစ်နိုင်ရေး ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ၊ GIZ, UN Habitat ၊ SwissContact နှင့် (Centre for Vocational Training-CVT) တို့သည် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

(၅) ကျောက်ဖြူအထူးစီးပွားရေးဇုန်အတည်ပြုရေးနှင့် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေး ကော်ပိုရေးရှင်း များဖွဲ့စည်းရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၆) ကျောက်ဖြူ အထူး စီးပွားရေးဇုန် ပင်မစီမံချက် တင်ပြသည့် အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျင်းပခဲ့ ပါသည်။

(၇) ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းခြင်းအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

(၈) အလားအလာရှိသော ရင်းနှီး တည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါ စာရွက်စာတမ်းများအား အကြိုစိစစ် အကဲဖြတ်ခြင်းကိစ္စအား၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(၉) အလားအလာရှိသော ရင်းနှီးတည်ဆောက်သူများမှ တင်သွင်းသည့် တင်ဒါ အဆိုပြုလွှာများ စိစစ်တွေ့ရှိချက်များအား Creative Professional Group- CPG အကြံပေး ကုမ္ပဏီ အုပ်စုမှ လာရောက် တင်ပြခဲ့ပါသည်။

(၁၀) ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် အခြေအနေနှင့် ဒေသတွင်း ပင်မစီမံချက် (Regional Master Plan) ရေးဆွဲခြင်း

နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအား၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့ ခဲ့ပါသည်။

(၁၁) တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့သည် ကျောက်ဖြူ အထူးစီးပွားရေးဇုန် တင်ဒါစိစစ်အကြိုအကဲဖြတ်မှု လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃, ၁၄ ရက်နေ့တွင် ကျင်းပခဲ့ ပါသည်။

(၁၂) အသေးစိတ်အဆိုပြုလွှာ (Detailed Proposal) များ တင်သွင်းလာသည့် အလားအလာရှိသော ရင်းနှီးတည်ဆောက်သူများအား ပထမအကြိမ် လူတွေ့ မေးမြန်းခြင်းအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့မှ ၇ ရက်နေ့ အထိ ကျင်းပခဲ့ပါသည်။

(၁၃) ဒုတိယအကြိမ် လူတွေ့ မေးမြန်းခြင်းအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့ အထိကျင်းပခဲ့ပါသည်။

(၁၄) မြန်မာအထူး စီးပွားရေးဇုန် နည်းဥပဒေဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ရက်၊ ၂၁ရက်နေ့ နှင့် ၂၄ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ ပါသည်။

(၁၅) တင်ဒါ လုပ်ငန်းစဉ် ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက် နေ့ နှင့် ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(၁၆) Local Developer ၏ အခန်းကဏ္ဍဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်၊ ၂၄ ရက်နှင့် ၃၀ ရက်နေ့များတွင် ပြုလုပ်ခဲ့ပါသည်။

(၁၇) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စက်ကြီးမောင်း သင်တန်းဖွင့်လှစ်ခဲ့ရာ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ Caterpillar နှင့် ကျောက်ဖြူ ဒေသခံများ တက်ရောက် ခဲ့ပါသည်။

(၁၈) ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီသည် တင်ဒါခေါ်ယူရေး နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ (BEAC) နှင့် Preferred Bidder အဖွဲ့ဝင်တို့သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ မှ ၆ ရက်နေ့ အထိ ဆွေးနွေးခဲ့ ကြပါသည်။

(၁၉) အထူးစီးပွားရေးဇုန်များတွင် Landlord Port နှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်သည့် အစီအမံများ ညှိနှိုင်းအစည်းအဝေးအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ , မတ်လ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

**(ဂ) သင်တန်းများပေးမှု အခြေအနေ**

(၁) ကျောက်ဖြူအထူးစီးပွားရေးဇုန် အတွင်း စိုက်ပျိုးရေး/မွေးမြူရေး ကျွမ်းကျင်မှု ဆင့်ပွား သင်တန်းကို မဒဲကျွန်းတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှ

အောက်တိုဘာလ ၄ ရက်နေ့အထိ သင်တန်းသားဦးရေ ၄၄ ဦး တက်ရောက် သင်ယူလျက် ရှိပါသည်။

(၂) ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ (GIZ)၏ ငွေကြေးထောက်ပံ့မှု၊ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ ပါဝင်ကူညီမှု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ၏ စီမံကြီးကြပ်မှုတို့ဖြင့် ကျောက်ဖြူဒေသခံ အမျိုးသမီးသင်တန်းသူ (၅၀) ဦးအား ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း၏ သင်တန်း ခန်းမတွင် အထည်ချုပ်သင်တန်း (၁/၂၀၁၄) အား ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ တစ်လကြာ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

(၃) ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတွင် သင်တန်းများပေးမှု အခြေအနေမှာ ရခိုင်ပြည်နယ်အစိုးရ၊ မြန်ရွှေပြည်ကုမ္ပဏီ၏ Caterpillar တို့ ပူးပေါင်း၍ သင်တန်းသား (၄၄) ဦး ဖြင့် ကျောက်ဖြူမြို့တွင်စက်ကြီးမောင်း သင်တန်းအား ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ တစ်လကြာ ဖွင့်လှစ်ခဲ့ပါသည်။

## အခန်း(၉)

## ပြည်ပအကူအညီအထောက်အပံ့ရရှိမှု

၂၀၁၁ ခုနှစ်၊ မတ်လမှစ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် နိုင်ငံတကာမှပံ့ပိုးကူညီနိုင်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်ရည်ရွယ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအဆင့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ်မှ စတင်၍ ၂၀၁၅ ခုနှစ် အထိ (၃) ကြိမ် ကျင်းပ ပြုလုပ်ပြီးဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နှင့် (၂၀) ရက်နေ့တွင် ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီ ဖော်ဆောင်ရေး နှင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် "Partnership for Actions, Implementation and Success" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပါသည်။ ပထမအကြိမ်ဖိုရမ်တွင် ပဲရစ် ကြေညာချက်၊ ဘူဆန် စည်းမျဉ်းစည်းကမ်းများ စသည့် နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များကဲ့သို့ မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဆောင်ရွက်သွားရမည့် နှစ်ဘက် ကတိကဝတ်များ ပါရှိသော **"နေပြည်တော် သဘောတူညီချက်" (Nay Pyi Taw Accord)** ကို အတည်ပြုချမှတ် ထုတ်ပြန်နိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၂၇) ရက်နှင့် (၂၈) ရက်နေ့တွင် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် နိုင်ငံတကာအကူအညီ အထောက်အပံ့များနှင့် အကောင်အထည်ဖော် ဆောင်ရွက်သော စီမံကိန်းများ၊ အစီအစဉ်များကို ပိုမိုအရှိန်တိုးမြှင့် အကောင်အထည် ဖော်သွားရန်၊ အားလုံးပါဝင်သည့် ပေါင်းစည်းညှိနှိုင်းမှုနှင့်အောင်မြင်မှုများ တိုးမြှင့် ရရှိစေရန် ရည်ရွယ်ချက်ဖြင့် "Accelerating Actions for Progress Towards Enhancing Inclusive Coordination" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှု အတွက် မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား အတူတကွ နီးကပ်စွာ ပူးပေါင်းလက်တွဲ လုပ်ဆောင်သွားမည့် ကတိကဝတ်ကို ထပ်လောင်း အတည်ပြုသည့် ပူးတွဲ ကြေညာချက်ကို ထုတ်ပြန် နိုင်ခဲ့ပါသည်။

ဆက်လက်၍ တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အား **"အခြေခံအုတ်မြစ်များ တည်ဆောက်လို့ - အားလုံးအကျုံးဝင်သည့် အနာဂါတ်ဖွံ့ဖြိုးမှုဆီသို့"** ခေါင်းစဉ်ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် အောင်မြင်စွာ ကျင်းပခဲ့

ပါသည်။ နေပြည်တော် သဘောတူညီချက် လုပ်ငန်းအစီအစဉ် (၂၀၁၄) နှင့်အညီ အကူအညီ အလိုအပ်ဆုံး နေရာများသို့ ပိုမို ထောက်ပံ့ပေးနိုင်ရန်၊ အကူအညီ အထောက်အပံ့များ ထိရောက်မှု ရှိ-မရှိ နှင့် ထပ်မံအလေးထားရမည့် နယ်ပယ်များ လုပ်ဆောင်ချက်များကို စဉ်းစားသတ်မှတ်နိုင်ရေးတွင် အထောက်အကူပြုစေရန်၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏လုပ်ဆောင်မှုများနှင့် အောင်မြင်ရရှိမှုများကို အသေးစိတ်ဖော်ပြသွားရန်၊ "ထိရောက်မှုရှိသော ဖွံ့ဖြိုးမှုပူးပေါင်းရေးအတွက် နေပြည်တော်သဘောတူညီချက်"ပါ ကတိကဝတ်များနှင့် အညီ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို အမှန်တကယ် ဖြစ်လာစေရန်အတွက် ပွင့်လင်း၍ အားလုံးအကျုံးဝင်ပြီး တီထွင်ဆန်းသစ်သည့် မိတ်ဖက်ပြုမှုပုံစံဖြင့် မြန်မာနိုင်ငံနှင့် ဆက်လက်လုပ်ဆောင်သွားရန် ထပ်လောင်း ကတိကဝတ်ပြုကြပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ တစ်ခုတည်း အပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့ရာမှ ယခုအခါ အခြားသော ငွေကြေး ဇာစ်မြစ်များ အဖြစ် နိုင်ငံတကာ အကူအညီ အထောက်အပံ့၊ ချေးငွေ တို့ကို ရယူအသုံးပြုပြီး ကဏ္ဍ အလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ ဒုတိယ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့ (Grant) စုစုပေါင်း အမေရိကန် ဒေါ်လာ ၃၁၇.၇၀ သန်း ရရှိရေးအတွက် ဝန်ကြီးဌာနများမှ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ ဒုတိယ(၆)လပတ်အတွင်း နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုကို အောက်ပါအတိုင်း အမျိုးအစား (၃) မျိုး ခွဲ၍ တင်ပြပါသည်-

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု

(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု

(ဂ) ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု

**(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ရရှိမှု**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံချက် ၉၉ ခု အတွက် နိုင်ငံခြားအကူအညီ (Grant) အမေရိကန်ဒေါ်လာ ၃၁၇.၇၀ သန်း ရရှိပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား(၉-၁)**

**ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ**

**(၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်)**

| စဉ် | ဝန်ကြီးဌာန | စီမံချက် | ငွေပမာဏ (USS သန်း) |
|---|---|---|---|
| ၁ | ပြည်ထဲရေး | ၃ | ၄.၁၆ |
| ၂ | နယ်စပ်ရေးရာ | ၁ | ၁.၀၀ |
| ၃ | ပြန်ကြားရေး | ၁ | ၀.၅၈ |
| ၄ | နိုင်ငံခြားရေး | ၃ | ၂.၇၅ |
| ၅ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၁၀ | ၄၁.၉၂ |
| ၆ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း | ၁၇ | ၅၆.၈၆ |
| ၇ | ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့်နည်းပညာ | ၂ | ၁.၅၆ |
| ၈ | ပို့ဆောင်ရေး | ၁ | ၃၈.၄၈ |
| ၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၁၄ | ၂၀.၈၃ |
| ၁၀ | လျှပ်စစ်စွမ်းအား | ၂ | ၂.၈၅ |
| ၁၁ | စက်မှု | ၄ | ၅.၅၅ |
| ၁၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂ | ၂.၀၅ |
| ၁၃ | ပညာရေး | ၁ | ၂၀.၀၀ |
| ၁၄ | သတ္တုတွင်း | ၂ | ၀.၈၅ |
| ၁၅ | ယဉ်ကျေးမှု | ၆ | ၅.၄၈ |
| ၁၆ | ဘဏ္ဍာရေး | ၁ | ၁.၅၀ |
| ၁၇ | သမ္မတရုံး(၅)/စီမံ-စီးပွား | ၁ | ၂၀.၀၀ |
| ၁၈ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၁ | ၀.၅၃ |
| ၁၉ | ဆောက်လုပ်ရေး | ၂ | ၉.၀၀ |
| ၂၀ | အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၁ | ၀.၀၃ |
| ၂၁ | ရထားပို့ဆောင်ရေး | ၁ | ၄၀.၀၀ |
| ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၈ | ၃၂.၈၀ |
| ၂၃ | သိပ္ပံနှင့်နည်းပညာ | ၇ | ၄.၄၆ |
| ၂၄ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၁ | ၀.၈၈ |

| စဉ် | ဝန်ကြီးဌာန | စီမံချက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၂၅ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂ | ၀.၃၁ |
| ၂၆ | ပြည်ထောင်စုရာထူးဝန် | ၁ | ၀.၀၂ |
| ၂၇ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ၁ | ၁.၂၀ |
| ၂၈ | မန္တလေးမြို့တော်စည်ပင် | ၃ | ၂.၀၅ |
| | စုစုပေါင်း | ၉၉ | ၃၁၇.၇၀ |


ဇာစ်မြစ်။ ဝန်ကြီးဌာန/အဖွဲ့အစည်းများ

**ပုံ(၉-၁)**

**ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ**

**(၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်)**

(US$ သန်း)




ဇာစ်မြစ်။ ဝန်ကြီးဌာန/အဖွဲ့အစည်းများ

**(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု။**

အကူအညီရရှိမှု အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ ဒုတိယ (၆) လပတ် အတွင်း နိုင်ငံ အချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ၊ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့ များ (Grant) များ ပေးအပ်လျက်ရှိရာ -

- ဩစတြေးလျနိုင်ငံ အကူအညီဖြင့် ကျောင်းများသို့ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ် ကိုင်မှု လျှော့ချ၍ ငွေကြေး ထောက်ပံ့သည့် စီမံချက်ကို လည်းကောင်း၊
- ဘရာဇီးနိုင်ငံမှ ရိတ်သိမ်းချိန်လွန် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံချက်ကို လည်းကောင်း၊
- တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအာဆီယံ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက် ရာတွင် ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေး၊ အင်တာနက်လိုင်းများ အဆင့်မြှင့်တင်ရန်၊ မိသားစုသုံး ဇီဝဓာတ်ငွေ့ကန် အကူအညီ ပေးရေးနှင့် 7 ASEAN Para GAMES ၏ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပရေး အတွက် အကူအညီ စီမံချက်များကိုလည်းကောင်း၊
- ဖင်လန်နိုင်ငံမှ မြန်မာနိုင်ငံ သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊
- ပြင်သစ်နိုင်ငံမှ မြစ်ရေတင်စီမံကိန်းများ ပြန်လည်အဆင့်မြှင့်တင်ခြင်းနှင့် ရေသန့်စင်မှု စနစ်နှင့် ရေပြုန်းတီးမှုလျှော့ချရေး၊ စွန့်ပစ်အမှိုက်များ ပြန်လည်အသုံးချရေး၊ စွမ်းအင် လျှော့ချရေး စီမံချက်ကိုလည်းကောင်း၊
- ဂျာမနီနိုင်ငံမှ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မျိုးစိတ်ခွဲခြားခြင်း၊ သုတေသနနှင့်ပညာပေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး၊ SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ ကျွမ်းကျင်မှုအကဲဖြတ် စစ်ဆေးရေး ရှေ့ပြေးစီမံချက် (ပထမအဆင့်)နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်း ခြင်းတို့ကိုလည်းကောင်း၊
- အိန္ဒိယနိုင်ငံမှ ရခိုင်ပြည်နယ်တွင် စာသင်ကျောင်း ဆောက်လုပ်ရေး၊ အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာပေးရေးဌာန တည်ထောင်ရေး၊ နေပြည်တော် ခေတ်မီ စံပြ စက်မှုလယ်ယာစိုက်ကွင်းတွင် စပါးဇီဝဥယျာဉ် ထူထောင်ရေးနှင့် ပခုက္ကူ စက်မှု သင်တန်းပြုပြင်ရေး စီမံချက်များကိုလည်းကောင်း၊

- အီတလီနိုင်ငံမှ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးစီမံချက်နှင့် မြန်မာနိုင်ငံတွင် တာဝန်သိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အပြုသဘော အားပေးတိုက်တွန်းမှု ဖွံ့ဖြိုးစေခြင်း တို့ကိုလည်းကောင်း၊
- ဂျပန်နိုင်ငံမှ တောင်သူလယ်သမားများအတွက် စားနပ်ရိက္ခာဖူလုံစေရေး၊ စံပြစက်မှု လယ်ယာမြေ ရွှေ့ပြောင်းလေ့လာရေး၊ မြန်မာနိုင်ငံအပူပိုင်းဇုံဒေသရှိ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တစ်ပိုင်တစ်နိုင် ရေနေသတ္တဝါ မွေးမြူရေးဆိုင်ရာ လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်ရေး၊ သဘာဝဘေး အန္တရာယ်ရာသီဥတု စောင့်ကြည့်လေ့လာရေးလုပ်ငန်းများ၊ ပုဂံဒေသပြုပြင်ထိန်းသိမ်း ရေး၊ ရခိုင်ဒေသလမ်းများ ပြုပြင်ရေး၊ မြန်မာ့မီးရထား ကွန်ယက်အတွင်း ရထား ပြေးဆွဲမှုကို ဗဟိုမှထိန်းချုပ်သည့်စနစ်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိရိယာများတပ်ဆင်ရေး၊ လူ့စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေတွန်းစက်ရုံတွင် ရေပိုးသတ်စနစ်နှင့် ရေထွက်ကောင်းအောင် ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံမှ ဆေးမားအွန်ဒေါင်း စံပြကျေးရွာများ တည်ထောင်ခြင်း၊ ရိတ်သိမ်း ချိန်လွန် နည်းပညာ သုတေသန တည်ထောင်ခြင်း၊ မြန်မာနိုင်ငံတွင် ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် စေရေး၊ အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေး၊ သစ်တောသယံဇာတများ ဆန်းစစ်လေ့လာခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များ လျော့ပါး သက်သာစေရန် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ သတ္တုတွင်းများ ဘေးအန္တရာယ် ကျရောက်ခြင်းအား စီမံခန့်ခွဲခြင်းနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ရေးတို့ကိုလည်းကောင်း၊
- နယ်သာလန်နိုင်ငံမှ ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေပေး ဝေရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အမှတ်(၈)ရေတွန်းစက်ရုံအဆင့်မြှင့်တင်ခြင်း၊ ရေအလေအလွင့် ပြန်းတီးမှု လျော့ချရေးစီမံချက် တို့ကိုလည်းကောင်း၊
- နယူးဇီလန်နိုင်ငံမှ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍအတွက် အကူအညီပေးရေး လုပ်ငန်းကိုလည်းကောင်း၊
- စင်္ကာပူနိုင်ငံမှ အိုင်စီတီဆိုင်ရာ အကြံဉာဏ်ပေးခြင်းနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းကိုလည်းကောင်း၊

- ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့အမွေအနှစ်မူဘောင်ဖြင့် ပုဂံမြို့ဟောင်းအား စီမံခန့်ခွဲနေသော အဖွဲ့အစည်း၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်စေရန် တည်ဆောက်ခြင်းလုပ်ငန်းနှင့် Pilot National Resource Efficient and Cleaner Production(RECP)နှင့် စပ်လျဉ်း၍ လည်းကောင်း၊
- ဗြိတိန်နိုင်ငံမှ ဆင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊
- အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံတွင် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါကူးစက် ပျံ့နှံ့မှု ကြိုတင်ကာကွယ်တားဆီးရေးအတွက် ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ် ပညာပေး လုပ်ငန်းစီမံချက်များရရှိ ဆောင်ရွက်နိုင်ခဲ့ပါသည်။
- အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများမှ ဆောင်ရွက်ခဲ့သည့် စီမံချက်များမှာ -
    - အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေ မြှင့်တင်ရေး၊ e-Government Master Plan ရေးဆွဲရေး၊ Enhancing the Power Sector's Legal Regulatory Framework၊ Support for Public Private Partnership (PPP) Framework Development၊ ပြည်သူ့ကြွေးမြီ ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်အားဖြည့် ဆောင်ရွက်ရန် စာရင်းအင်းလုပ်ငန်းများ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရန်၊ Transformation of Urban Management Design of e-Governance Master Plan and Review of Information and Communication Technology Capacity in Academic Institutions၊ ငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ နည်းပညာအကူအညီ စီမံချက်များနှင့် ကမ္ဘာ့ဘဏ်မှအကူအညီဖြင့် ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုလုပ်ငန်းတို့ ဖြစ်ပါသည်။
- ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် -
    - ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ မြန်မာနိုင်ငံ၏ စပ်မျိုးစပါး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး၊ မွေးမြူရေးထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်စေရန် တိရစ္ဆာန်အစာဆိုင်ရာ မဟာဗျူဟာများအတွက် ပံ့ပိုးကူညီ ပေးရေး၊ အမျိုးသားသစ်တော သယံဇာတထိန်းသိမ်းကြီးကြပ်ရေးနှင့် မြေယာ အသုံးချမှုဆန်းစစ်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်မြှင့်တင် ရေးတို့ကိုလည်းကောင်း၊

- ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP/GEF) က မြန်မာနိုင်ငံအပူပိုင်းဒေသအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေးအပေါ် ထိခိုက်နိုင်မှုများကိုဖြေရှင်းနိုင်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်းဆိုင်ရာ ပဉ္စမအကြိမ်မြောက် အစီရင်ခံစာပြုစုရေးနှင့် နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ပြင်ဆင်ရေးဆွဲရေးနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒုတိယအကြိမ် အမျိုးသား အစီရင်ခံစာ ရေးဆွဲပြုစုရေး လုပ်ငန်းများကို လည်းကောင်း၊
- ကုလသမဂ္ဂ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UN-HABITAT) မှ ပြည်သူ့လုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းရင်းသားများ နေထိုင်သည့်ဒေသများနှင့် ဆင်းရဲနွမ်းပါးသည့်ဒေသများမှ ရပ်ရွာလူထုအတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို လည်းကောင်း၊
- ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO) မှ Improvement of Industrial Energy Efficiency နှင့် စပ်လျဉ်း၍လည်းကောင်း၊ UNODC တရားမဝင်ဘိန်းစိုက်ပျိုးမှု မေပြင်စာရင်း တိုင်းတာခြင်းလုပ်ငန်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ EIF အစီအစဉ်တို့ကို လည်းကောင်းဆောင်ရွက်ခဲ့ပါသည်။

- နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (၂၇) ဖွဲ့မှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှာ-
    - ရခိုင်ပြည်နယ်အတွင်း အစားအစာ ဘေးကင်းလုံခြုံရေးနှင့် ဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး၊ ကျေးလက်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်းရေး၊ မြိုင်ဟေဝန်ဆင်စခန်းအား ပြုပြင်၍ပြင်ဆင်ထိန်းသိမ်းရေး၊ အပြည်ပြည်ဆိုင်ရာလေဆိပ် လူဝင်/ ထွက်မှု စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ လူသားချင်းကူညီစောင့်ရှောက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရေရရှိရေးနှင့်သန့်ရှင်းရေး၊ သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျော့ချရေးနှင့် ကလေး/သူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ မိုင်းအသိပညာပေး၊ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်လူမှုအဖွဲ့အစည်းအတွက် ပူးပေါင်းဆောင်ရွက်ရေး၊

- မြန်မာနိုင်ငံအပူပိုင်းဇုန် ကျေးလက်ဒေသများ၏ ဆင်းရဲမှုလျော့ချရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးများအတွက် စာအုပ်ထုတ်လုပ်ရန်နှင့် စာဖတ်စွမ်းရည်တိုးတက်ရန်၊ စာတတ်မြောက်စေရန် နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်ရေး၊ မန္တလေးမြို့ ရှေးကျောင်း ပြုပြင်ထိန်းသိမ်းရေး၊ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ မသန်စွမ်း သူများနှင့် အခွင့်အလမ်းနည်းပါးသော ကလေးသူငယ်၊ လူငယ်လူရွယ်များ အားရပ်ရွာအခြေပြု ပြန်လည်ပြုစုပျိုးထောင်ရေး၊ မသန်စွမ်းသူများ ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊
- အာဆီယံအမွေအနှစ် ဥယျာဉ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက် မည့် အသေးစားရန်ပုံငွေထောက်ပံ့မှုအစီအစဉ် ရပ်ရွာလူမှုအသိုင်းအဝိုင်းများ ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရေး အမျိုးသမီးနှင့် လူငယ်တို့၏ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့ဖြစ်ပါသည်။

**ဇယား(၉-၂)**

**နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများအလိုက် အကူအညီအထောက်အပံ့ရရှိမှု (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ(၆) လပတ်)**

| စဉ် | နိုင်ငံအချင်းချင်း/ အဖွဲ့အစည်း | လုပ်ငန်း စီမံချက် | ငွေပမာဏ(US$ သန်း) |
|---|---|---|---|
| ၁ | ဩစတြေးလျ | ၁ | ၂၀.၀၀ |
| ၂ | ဘရာဇီး | ၁ | ၀.၁၁ |
| ၃ | တရုတ် | ၄ | ၆.၀၁ |
| ၄ | ဖင်လန် | ၁ | ၀.၈၀ |
| ၅ | ပြင်သစ် | ၂ | ၅.၃၇ |
| ၆ | ဂျာမနီ | ၄ | ၁.၃၇ |
| ၇ | အိန္ဒိယ | ၅ | ၁၀.၁၉ |
| ၈ | အီတလီ | ၂ | ၂.၂၃ |
| ၉ | ဂျပန် | ၁၃ | ၉၁.၇၉ |
| ၁၀ | ကိုရီးယား | ၈ | ၅၂.၁၉ |
| ၁၁ | နယ်သာလန် | ၂ | ၂.၀၅ |
| ၁၂ | နယူးဇီလန် | ၁ | ၄.၈၀ |
| ၁၃ | စင်ကာပူ | ၁ | ၀.၀၆ |
| ၁၄ | ဆွစ်ဇာလန် | ၁ | ၀.၁၁ |
| ၁၅ | ဗြိတိန် | ၁ | ၀.၁၅ |
| ၁၆ | အမေရိကန် | ၁ | ၀.၃၀ |
| | **နိုင်ငံအချင်းချင်းပေါင်း** | | ၁၉၇.၅၃ |
| ၁၇ | အာရှဖွံ့ဖြိုးရေးဘဏ် | ၁၁ | ၂၄.၂၀ |
| ၁၈ | ကမ္ဘာ့ဘဏ် | ၁ | ၁.၂၀ |
| | **ADB+WB ပေါင်း** | | ၂၅.၄၀ |
| ၁၉ | ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ | ၄ | ၂.၃၂ |
| ၂၀ | ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် | ၃ | ၈.၆၂ |
| ၂၁ | ကုလသမဂ္ဂမြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | ၁ | ၁၂.၁၆ |
| ၂၂ | ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | ၂ | ၃.၆၇ |
| ၂၃ | ကုလသမဂ္ဂမူးယစ်ဆေးဝါး | ၁ | ၃.၂၃ |

| စဉ် | နိုင်ငံအချင်းချင်း/ အဖွဲ့အစည်း | လုပ်ငန်း စီမံချက် | ငွေပမာဏ(US$ သန်း) |
|---|---|---|---|
| ၂၄ | ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ | ၁ | ၀.၁၅ |
| | UN+WTO ပေါင်း | | ၃၀.၁၅ |
| ၂၅ | နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ | ၂၇ | ၆၄.၆၂ |
| | **စုစုပေါင်းစာရင်းချုပ်** | **၉၉** | **၃၁၇.၇၀** |

ဇာစ်မြစ်။ ဝန်ကြီးဌာန/အဖွဲ့အစည်းများ


**ပုံ(၉-၂)**

**နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအလိုက်**

**အကူအညီ အထောက်အပံ့ ရရှိမှု**

**(၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ်)**

**(US$ သန်း)**




ဇာစ်မြစ်။ ဝန်ကြီးဌာန/အဖွဲ့အစည်းများ

**(ဂ) ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ ရရှိမှု။**


၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အတွင်း ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှုမှာ သဘာဝဘေးအန္တရာယ်ကဏ္ဍတွင် ၁၇ ရာခိုင်နှုန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍတွင် ၁၆ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ၁၃ ရာခိုင်နှုန်း၊ စားနပ်ရိက္ခာ

ကဏ္ဍတွင် ၁၀ ရာခိုင်နှုန်း၊ ပညာရေးကဏ္ဍတွင် ၁၀ ရာခိုင်နှုန်း၊ နည်းပညာအကူအညီ ၈ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ၇ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် ၄ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၃ ရာခိုင်နှုန်း၊ ရေရရှိရေးနှင့်သန့်ရှင်းရေး၊ စက်မှုနှင့်လူမှုရေးကဏ္ဍတွင် ၂ ရာခိုင်နှုန်းနှင့်၊ ဆက်သွယ်ရေး၊ သတ္တုနှင့် လျှပ်စစ်ကဏ္ဍတွင် ၁ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။

**ပုံ(၉-၃)**

**ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု**

**(၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယ (၆)လပတ်)**




ဇာစ်မြစ်။ ဝန်ကြီးဌာန/အဖွဲ့အစည်းများ

၂၀၁၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စ၍ နိုင်ငံအချင်းချင်းအစီအစဉ် (Bilateral) အရ အကူအညီများ အထောက်အပံ့များ ပေးအပ်နေသည့် နိုင်ငံများမှာ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယား၊ အိန္ဒိယ၊ ဗြိတိန်၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျ၊ ဂျာမဏီ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ အီတလီ၊ အီးယူ နှင့် ကူဝိတ် တို့ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (International Institutions) များမှာ World Bank, ADB, IFAD နှင့် WTO တို့ဖြစ်ပြီး အလှူရှင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှာ UNDP, UNICEF, UNFPA, FAO, UNODC, WHO, UNEP, UNHCR, UNOCHA, UN-HABITAT တို့ ဖြစ်ပါသည်။

# အခန်း(၁၀)

# ပြည်ပ စီးပွားရေး ဆက်ဆံမှုများနှင့်မြန်မာနိုင်ငံ

နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီများကို ရယူအသုံးပြုရာတွင် ထိရောက်မှုရှိရေး (Aid Effectiveness)နှင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် စနစ်တကျ အသုံးပြုနိုင်ရေးတို့အတွက် "နိုင်ငံခြား အကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီ" ကို နိုင်ငံတော်သမ္မတကြီး ဦးဆောင်၍ ဖွဲ့စည်းထားပြီး၊ အဆိုပါ ဗဟိုကော်မတီအောက်တွင် နိုင်ငံခြားအကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီနှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ တို့ကို ဖွဲ့စည်းထားရှိပါသည်။

နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် မူဝါဒများ ချမှတ်လမ်းညွှန်ပြီး ချမှတ်ထားသည့် မူဘောင်များနှင့်အညီ ဦးစားပေးလုပ်ငန်း၊ စီမံချက် ကဏ္ဍများနှင့် ဦးစားပေးစီမံချက်များကို ရွေးချယ်သတ်မှတ်ပြီး ပြည်သူ့လိုအပ်ချက်များကို ရှာဖွေ ဖော်ထုတ်၍ အလှူရှင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

အကူအညီ အထောက်အပံ့များကို ပိုမိုရရှိနိုင်စေရန် **ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေး ဖိုရမ် (1st Myanmar Development Cooperation Forum-1st MDCF)**ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဖိုရမ်တွင် နိုင်ငံတကာအထောက်အပံ့များကို အကျိုးရှိရှိနှင့် စွမ်းဆောင်ရည် ပြည့်ပြည့်ဝဝ အသုံးချနိုင်စေမည့် နိုင်ငံတကာအထောက်အပံ့ စီမံခန့်ခွဲရေး မူဝါဒများနှင့် စနစ်များ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် မြန်မာအစိုးရအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် အရှိန်အဟုန်မပြတ် ဆက်လက် တိုးတက်ဆောင်ရွက်နိုင်ရန် ပြန်လှန် ဆွေးနွေးချက်များ ပုံမှန်ပြုလုပ်နိုင်မည့် အစီအမံ များကို အကောင်အထည်ဖော်ရန် သဘောတူခဲ့ကြပါသည်။ **"ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေး တွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်" (Nay Pyi Taw Accord)** ကို အတည်ပြုခြင်းဖြင့် ဖိုရမ်ကို အောင် မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါ သည်။

အဆိုပါ Nay Pyi Taw Accord အရ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (၁၆)ဖွဲ့ကို ဖွဲ့စည်းထားပါသည်။ အဆိုပါ အဖွဲ့များ မှာ-

(၁) ပညာရေး လုပ်ငန်းအဖွဲ့

(၂) ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့

(၃) လယ်ယာ စိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းအဖွဲ့

(၄) ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့

(၅) အလုပ်အကိုင် အခွင့် အလမ်းဆိုင်ရာ လုပ်ငန်းအဖွဲ့

(၆) လျှပ်စစ် စွမ်းအားလုပ်ငန်းအဖွဲ့

(၇) ကျန်းမာရေးနှင့် ရေရရှိရေးလုပ်ငန်းအဖွဲ့

(၈) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ လုပ်ငန်း အဖွဲ့၊

(၉) ပို့ဆောင်ရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့

(၁၀) လူမှုအကာအကွယ်ပေးရေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့

(၁၁) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင် ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းအဖွဲ့

(၁၁.၁) ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအဖွဲ့

(၁၂) ကျား/မ တန်းတူ အခွင့်အရေးနှင့် အလုပ်အကိုင်ရရှိရေး

(၁၃) မီဒီယာလုပ်ငန်းအဖွဲ့

(၁၄) ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းအဖွဲ့

(၁၅) စာရင်းအင်းဆိုင်ရာ အရည်အသွေး ဖွံ့ဖြိုး တိုးတက် ရေး လုပ်ငန်းအဖွဲ့

(၁၆) ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအဖွဲ့တို့ဖြစ်ပြီး အဆိုပါ လုပ်ငန်းအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများတွင် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

**ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် (2nd Myanmar Development Cooperation Forum-2nd MDCF)** ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ တွင်ကျင်းပခဲ့ပါသည်။ အဆိုပါဖိုရမ်တွင် နိုင်ငံတကာအကူအညီ အထောက်အပံ့များနှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် စီမံကိန်းများ၊ အစီအစဉ်များကို ပိုမိုအရှိန်တိုးမြှင့် အကောင်အထည်ဖော်သွားရန် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံအစိုးရနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား အတူတကွနီးကပ်စွာ ပူးပေါင်းလက်တွဲလုပ်ဆောင်သွားမည့် ကတိကဝတ်ကို ထပ်လောင်း အတည်ပြုသည့် **ပူးတွဲ ကြေညာချက် (Joint Statement)** ကို ထုတ်ပြန် နိုင်ခဲ့ပါသည်။

**တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို** ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ မြန်မာ အပြည်ပြည်ဆိုင်ရာ

ကွန်ဗင်းရှင်း ဗဟိုဌာန- ၂ တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဖိုရမ်တွင် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်မှ ထုတ်ပြန်ခဲ့သော နေပြည်တော် သဘောတူညီချက်ကို ထပ်လောင်းထောက်ခံသည့် သဘောတူညီချက်များ ရရှိကာ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးစားပေး၊ လိုအပ်ချက်များနှင့် အညီ ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ နိုင်ငံတော်အစိုးရမှ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ စီမံကိန်းများနှင့် အစီအစဉ်များ ပိုမိုများပြား လာသည်နှင့်အမျှ ၎င်းတို့ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အကူအညီ အထောက်အပံ့ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ် (AIMS) အား ပူးပေါင်း ဆောင်ရွက် သွားမည် ဖြစ်ကြောင်း **ပူးတွဲ ကြေညာချက် (Joint Statement)** ကို ထုတ်ပြန် နိုင်ခဲ့ပါသည်။

မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား **မြန်မာ-ဖွံ့ဖြိုးမှု မိတ်ဖက်များ ညှိနှိုင်းရေးအဖွဲ့** (GoM - DP Overall Coordination Group) ကို ဖွဲ့စည်းထားပြီး တစ်နှစ်လျှင် တစ်ကြိမ် ကာလဝက် အစည်းအဝေး(Mid Term Review Meeting) ကျင်းပ ပြုလုပ်၍ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ပံ့ပိုးထားသည့် အကူအညီများ ဟန်ချက်ညီညီနှင့် ထိထိ ရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အခြား အရေးကြီး ကိစ္စရပ်များအတွက်လည်း လေ့လာသုံးသပ်မှုများ ပြုလုပ်ပေးလျက် ရှိပါသည်။ မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်သော နှစ်ဝက် (Mid Term Review MTR) အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ပထမအကြိမ်နှင့် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း ဒုတိယအကြိမ် ကာလဝက်(Mid Term Review-MTR) ကို ကျင်းပ ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန- ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်သော လုပ်ငန်းအဖွဲ့ (FERD-DPWC) ၏ အစည်းအဝေးများကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာအစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းစီမံချက်များတွင် ဖွံ့ဖြိုးမှု မိတ်ဖက်များမှ ပိုမို ပူးပေါင်းပါဝင်လာနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ-အီးယူ (Myanmar-EU Task Force Meeting) လုပ်ငန်းအဖွဲ့အစည်း အဝေးကို ၁၅-၁၁-၂၀၁၃ ခုနှစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(MICC) တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ မြန်မာ-အီးယူ လုပ်ငန်းအဖွဲ့ ပူးတွဲကြေညာချက် အား ထုတ်ပြန်နိုင်ခဲ့ပါသည်။ အဆိုပါ ပူးတွဲကြေညာချက်အရ အီးယူသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးရေး လုပ်ငန်းများဖော်ဆောင်ရန် ငွေကြေးထောက်ပံ့မှု အစီအစဉ်၏ ဆုံးဖြတ်ချက်များ အရ အီးယူ၏ ဘတ်ဂျက်မှ နှစ်စဉ် ယူရို ၇၅ သန်း မှ သန်း ၉၀ အတွင်း ထောက်ပံ့သွားရန် ရှိပါသည်။ ထို့ပြင်၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဥရောပသမဂ္ဂမှ ထုတ်ပြန်

သည့် သတင်း ထုတ်ပြန်ချက်အရ ဥရောပကော်မရှင်သည် မြန်မာနိုင်ငံရှိ အကြမ်းဖက်မှုများ နှင့် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ဒုက္ခသည်များအားကူညီရန် လူသားချင်းစာနာ ထောက်ထားမှု အကူအညီအဖြစ် နောက်ထပ် ယူရိုငွေ (၃) သန်းအား ခွဲဝေထားပြီး ဖြစ်ပါကြောင်း ဖော်ပြ ထားပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Keqiang ၏ အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် လာရောက်သည့် ခရီးစဉ်အတွင်း ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၄) ရက်နေ့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာနှင့် သဘောတူ စာချုပ် (၁၆) ခု ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါ သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံအသီးသီးက ပေးအပ်သည့် အကူအညီအထောက်အပံ့များနှင့် ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်း စီမံကိန်းများ ထိရောက်မှုရှိရေးအတွက် ယင်းလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် သည့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၊ ဝန်ကြီးဌာနများ နှင့် အကူအညီ ပေးအပ်သည့် နိုင်ငံ/အဖွဲ့အစည်းများ ပူးပေါင်း၍ လုပ်ငန်းစီမံချက်များကို ကြီးကြပ် ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း (Monitoring and Evaluation) တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

**နိဂုံး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာကဏ္ဍတွင် စိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ရည်ရွယ်၍ တောင်သူလယ်သမားများ ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို သီးနှံအလိုက် တိုးမြှင့် ထုတ်ချေးပေးခဲ့ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်စေရန်အတွက် စက်မှုကဏ္ဍမှာ အဓိကမောင်းနှင်အား ဖြစ်သကဲ့သို့၊ စက်မှုကဏ္ဍကြီးတွင်ပါဝင်သည့် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ သတ္တုနှင့်တွင်းထွက် ပစ္စည်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့ပါ သည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်း မြင့်မားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးတို့ကိုလည်း အကောင် အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအဖြစ် လျှပ်စစ်ဓာတ်အား တိုးတက် ရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေဖူလုံရေး၊ အလုပ်အကိုင်တိုးတက်ရရှိရေး၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ကဏ္ဍ အလိုက် သိသာစွာတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို နိုင်ငံတော်မှ ဦးစားပေးကဏ္ဍများ အဖြစ် သတ်မှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ထိုကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကပိုင်ကဏ္ဍဖွံ့ဖြိုးရေး ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ ဦးစားပေးကဏ္ဍများနှင့် ဦးစားပေးအစီအစဉ်များ ချမှတ် ဆောင်ရွက်ခဲ့သည့်အတွက် ဒုတိယ(၆)လပတ်အတွင်း အောက်ပါ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCR) တို့သည် ငြိမ်းချမ်းရေးတံခါးကိုပွင့်စေမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် မူကြမ်းကို ၃၁-၃-၂၀၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်း၊

(ခ) ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ခဲ့ပြီး ရာသီဥတု ပြောင်းခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်း၊

(ဂ) မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခြင်း၊

(ဃ) Open Government Partership (OGP) အဖွဲ့ဝင်ဖြစ်ရေးအတွက် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီကို အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့ခြင်း၊

(င) ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ ထုံးဘိုမြို့တွင် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း ဖွင့်လှစ်ခြင်း၊

(စ) မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက် တို့ပူးပေါင်း၍ ရန်ကုန်စတော့အိပ်ချိန်း ဖက်စပ်ကုမ္ပဏီ လီမိတက် ထူထောင်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း၊

(ဆ) ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ကြေညာချက်များကို ကြော်ငြာစာအမှတ် (၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့ခြင်း၊

(ဇ) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အကူအညီဖြင့် လုပ်သားအင်အားစစ်တမ်း ကောက်ယူခဲ့ခြင်း၊

(ဈ) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း E-visa စနစ်ဖြင့် ကမ္ဘာ့နိုင်ငံပေါင်း (၃၂) နိုင်ငံကို ထပ်မံခွင့်ပြုခဲ့သဖြင့် နိုင်ငံပေါင်း (၁၀၀) မှ ခရီးသွားများမြန်မာနိုင်ငံသို့ E-visa စနစ်ဖြင့် လာရောက်နိုင်ခဲ့ခြင်း၊

(ည) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းများ၏ လစာနှုန်းများ တိုးမြှင့်ပေးရန် အမိန့်ကြော်ငြာစာအမှတ် ၈၇၂/၂၀၁၅ ကို ထုတ်ပြန်ခဲ့ခြင်း။

ထို့အပြင် နိုင်ငံတကာစာနယ်ဇင်း အဖွဲ့အစည်း (IPL) ၏ (၆၅) ကြိမ်မြောက် ကမ္ဘာ့ညီလာခံကို ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်

Solar Impluse-2 သည် အရှေ့တောင်အာရှဒေသတွင် မြန်မာတစ်နိုင်ငံတည်း ဆင်းသက်ခဲ့ခြင်း တို့မှာလည်း နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများ၏ အကျိုး ရလဒ်များ ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားရေးမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် အစဉ်တစိုက် ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံ (Multi-Dimentional Aspect) နှင့် ရှုမြင်ပြီး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) အထိ ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လူထု၊ လူတန်းစားများအကြား ဆင်းရဲ၊ ချမ်းသာ ကွာဟမှု နည်းပါးပြီး လူတိုင်း ဖွံ့ဖြိုးမှု၏ အသီးအပွင့်ခံစားနိုင်မည့် နိုင်ငံတစ်ခုအတွက် အရည်အသွေး ရှိသည့်ဖွံ့ဖြိုးမှု (Quality Development of a Nation) ကို ဖြစ်ပေါ်စေရန် ရည်မှန်း ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင်လည်း လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် အချိုးကျမျှတစေရန် ကဏ္ဍတာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဒေသ တာဝန်ခံ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။